ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

စစ်ကိုင်းမြို့ မဟာသုဗောဓာရုံသာသနဝံသ ဂဏာဓိပတိ မဟာနာယက

ဗုဒ္ဓတက္ကသိုလ်ကြီးသုံးရပ်တို့၏ ပါမောက္ခချုပ်

အဂ္ဂမဟာပဏ္ဍိတ

## အရှင်နန္ဒမာလာဘိဝံသ (Ph.D)

၏

# ဓမ္မစာပေအထွေထွေ

ဆရာတော်ဘုရား၏ ၇၅-နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ်

တပည့်ကြီးများ စုစည်းပူဇော်သည်။

သာသနာ - ၂၅၅၈ ကောဇာ - ၁၃၇၆ ခရစ် - ၂၀၁၅

တပေါင်းလပြည့်

ဓမ္မစာပေအထွေထွေ

အရှင်နန္ဒမာလာဘိဝံသ (Ph.D)

## မျက်စိနှင့် ဉာဏ်

- မျက်စိရှိမှ မြင်နိုင်တယ်၊
ဉာဏ်ရှိမှ သိနိုင်တယ်၊
မျက်စိက မြင်ရုံမြင်နိုင်တယ်၊
မသိဘူး၊
ဉာဏ်က မြင်လဲမြင်၊
သိလဲသိတယ်။

အရှင်နန္ဒမာလာဘိဝံသ (Ph.D)

Graphic: NaungLinSweToad

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

စစ်ကိုင်းမြို့ မဟာသုဗောဓာရုံသာသနဝံသ ဂဏာဓိပတိ မဟာနာယက

ဗုဒ္ဓတက္ကသိုလ်ကြီးသုံးရပ်တို့၏ ပါမောက္ခချုပ်

အဂ္ဂမဟာပဏ္ဍိတ

## အရှင်နန္ဒမာလာဘိဝံသ (Ph.D)

၏

# ဓမ္မစာပေအထွေထွေ

ဆရာတော်ဘုရား၏ ၇၅-နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ်
တပည့်ကြီးများ စုစည်းပူဇော်သည်။

သာသနာ - ၂၅၅၉　　ကောဇာ - ၁၃၇၆ တပေါင်းလပြည့်　　ခရစ် - ၂၀၁၅

## ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| ထုတ်ဝေသည့်အကြိမ် | • ပထမအကြိမ်<br>၂၀၁၅ ခုနှစ်၊ မတ်လ |
| အုပ်ရေ | • ၃၀၀၀ အုပ် |
| မျက်နှာဖုံးဒီဇိုင်း | • နိုင်လင်း (စွယ်တော်) |
| ထုတ်ဝေသူ | • ဦးတင်အောင်ကျော်<br>မဇ္ဈိမပဋိပဒါစာပေ (မြဲ-၀၀၅၁၈)<br>အမှတ် - ၁၄၇၊ ၅၁ လမ်း (အထက်)၊<br>ပုဇွန်တောင်မြို့နယ်။ |
| ပုံနှိပ်သူ | • စွယ်တော်ပုံနှိပ်တိုက် (မြဲ-၀၀၄၁၁)<br>အမှတ် - ၁၄၇၊ ၅၁ လမ်း (အထက်)၊<br>ပုဇွန်တောင်မြို့နယ်။ |

ထုတ်ဝေသည့်စာအုပ် ကတ်သလောက်အညွှန်း (CIP)

၂၉၄.၃

အရှင်နန္ဒမာလာဘိဝံသ

ဓမ္မစာပေ အထွေထွေ/အရှင်နန္ဒမာလာဘိဝံသ/ရန်ကုန်။ မဇ္ဈိမပဋိပဒါစာပေ၊ ၂၀၁၅။

၅၆၉-စာ၊ ၁၅.၂ စင်တီ × ၂၁.၆ စင်တီ

(၁) ဓမ္မစာပေ အထွေထွေ

# မာတိကာ

နိဒါန်း စကားဦး
ကျေးဇူးစကား
အရှင်နန္ဒမာလာဘိဝံသ၏ ဘဝရက်စွဲများ

## ဓမ္မဗျူဟာ ဆောင်းပါးများ


- အချစ်နည်းနည်း လျှော့ ၃
- မုန်းတဲ့ကို မြေ ၉
- ဘဝစက်ဝန်း ချာချာလည် ၁၅
- အနတ္တဖိန ၂၀
- ဆေးကြောပြီးသော လက်ရှိသူ ၂၇
- ဝါကျွတ်ပွဲ၏ ရှုခင်းတစ်ခု ၃၃
- လက်တွေ့ကျသည့် အမြေ ၃၉
- မိုက်ပြစ်မိုက်ဒဏ် ၄၅
- ကြည်ညိုစိတ်၏ တန်ဖိုး ၅၁

## စာတမ်းများ


- သီတဂူ ရေအလှူတော်စာတမ်း ၅၉
- ရွှေကျင်ဆရာတော်ဘုရားကြီး၏ သီဟိုဠ်သာသနာပြုခရီး စာတမ်း ၆၉
- မြန်မာနိုင်ငံ၏ ပရိယတ္တိပညာရေးသုံးသပ်ချက် ၈၉
- BUDDHISM AND VEGETARIANISM ၉၇


## ကျမ်းဦးမိတ်ဆက်များ


- လယ်တီဂန္ထဝင်ကျော်များ သမိုင်း မိတ်ဆက် ၁၁၉
- စံကင်းဆရာတော်ဘုရားကြီး၏ ဩဝါဒတရားများ နိဒါန်း ၁၂၇
- နိဗ္ဗာနပဝေသနီကျမ်း မိတ်ဆက် ၁၃၅
- စံကင်းဂုရုပ္ပတ္တိကထာ ကျမ်းဦးအဖွင့် ၁၄၇
- သာသနာလင်္ကာရ စာမေးပွဲ အဖွဲ့အမည်နှင့် တံဆိပ်ရည်ညွှန်းချက် ၁၅၃
- ဒေါ်မာလာရီ၏ နှစ်(၉၀)ကျော်ဘဝခရီး ကျေးဇူးစကားနှင့် စာဖတ်သူသို့ ၁၅၇
- ဘဝအတွေ့ ဘဝအမြင် အမှာစကား ၁၆၃
- သုဓောဓကေသဒ္ဒါ စာသင်သားများသို့ ၁၆၇
- ဝိပဿနာဝိနည်းပြန်ဌာန နှစ် ၅၀ ပြည့် အထိမ်းအမှတ်စာစောင် အမှာစကား ၁၇၁
- ရွှေဟင်္သာ ဘဝစာပေ အထွေထွေ စာဖတ်သူသို့ ၁၇၅
- နမက္ကာရ ကျမ်းဦးအဖွင့် ၁၇၉
- သီလရှင်ကျင့်ဝတ်အမှာစာ ၁၈၃
- သုဓောဓကေ ဩဝါဒမဉ္ဇရီ နိဒါန်း ၁၈၇
- ဗုဒ္ဓဝါဒနှင့် သက်သတ်လွတ်ဝါဒ စာဖတ်သူများသို့ ၁၈၉
- ဓာတုဒီပိကာ နိဒါနကထာနှင့် နိဂမန ၁၉၃
- ပကိဏ္ဏကဓမ္မရာသိကျမ်း အမှာစာ ၁၉၇

- ဘဝသာသနာပုံရိပ်လွှာ အမှာစကား ၂၀၁
- လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိနိဒါန်း ၂၀၃


## သဝဏ်လွှာ ဩဝါဒ စာလွှာများ


- နှစ် ၃၀ ပြည့်ကျောင်းတိုက်နေ့ ဓမ္မသန္ဓေသ ကထာ ၂၀၉
- ဓမ္မလမ်းကြောင်းအတိုင်းလျှောက် ၂၁၃
- ကမ္ဘာ့ ဗုဒ္ဓဘာသာ ညီလာခံ သဝဏ်လွှာ ၂၁၅
- သကျဓီတရောဝါဒကထာ ၂၁၉
- သီလပညာ နှစ်တစ်ရာ ၂၂၃
- ဓမ္မကထိကများ ဩဝါဒ (မှော်ဘီ) ၂၂၇
- သာသနာတော်ဆိုင်ရာ ဩဝါဒခံယူပွဲနှင့် ညီနှိုင်းပွဲ အကြံပြုလွှာ ၂၂၉
- အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြု ၂၃၃


## အသံဖမ်း ဩဝါဒများ


- ဓမ္မသည်သာ သင်တို့ဆရာ ၂၄၃
- စစ်ကိုင်း သီတဂူကျောင်းသားသစ် ကြိုဆိုနှုတ်ခွန်းဆက် ဩဝါဒစကား ၂၅၇
- မန္တလေး သီတဂူကျောင်းဖွင့်ပွဲနှင့် ကျောင်းသားသစ်ကြိုဆိုပွဲ ဩဝါဒစကား ၂၆၃
- သာသနာတော်ဆိုင်ရာ ဩဝါဒခံယူပွဲနှင့် ညီနှိုင်းပွဲ ဩဝါဒစကား ၂၇၀
- လူငယ်များသို့ ဩဝါဒ ၂၇၉
- နှစ်သစ်ကူးဩဝါဒ ၂၉၉


## အထွေထွေ ဆောင်းပါးများ


- ကမ္ဘာတွင်စံပြ တကက္ကာဖွင့်ပြီ ၃၀၃
- ငွေတောင်မှ ရွှေရောင်ဖြာသည် ၃၀၇

- မန်ကျည်းပင်ကြီးမှ အမှတ်တရ ၃၁၁
- ရွှေဟင်္သာဆရာတော်၏ အံ့ဖွယ်ဂုဏ်ရည်များ ၃၁၅
- ဝိနည်း၏ အသက် ၃၂၃
- ကဆုန်လနှင့် မြတ်ဗုဒ္ဓ ၃၂၇
- သီတင်းကျွတ်လနှင့် နေ့မြတ်မဟာ ၃၃၁
- သာသနာတော်ကို ရှိုးမြောက်ခြင်း ၃၃၅
- ပညာရောင်လွှမ်းသည့် နမ့်မောင်းမြစ်ဝှမ်း ၃၃၉
- သာသနာပြုလိုလျှင် ဘာသာစကားမျိုးစုံသင် ၃၄၃
- နှစ်(၁၀၀)ပြည့် သမိုင်းကြောင်း တစ်ခေတ်တစ်ခေါင်း ၃၅၁
- သဒ္ဓါမှန် အနက်မှန် ၃၅၅
- တောရရွှေဟင်္သာ နှစ် (၁၀၀) ၃၅၉
- စည်းလုံးညီညွတ်ရေးအတွက် ဓမ္မအရည်အသွေးများ ၃၆၅
- ဓမ္မတက္ကသိုလ်များ၏ သင်ရိုးညွှန်းတမ်း ၃၆၉
- နှစ် (၅၀) ပြည့် ရွှေရတု ဝေဇယန္တာ ၃၇၅
- ဗုဒ္ဓတက္ကသိုလ်များ၏ ပညာရေး ဦးတည်ချက် ၃၇၉
- နလုံးသားတွင် စွဲထင်သည့် ပုံရိပ်များ ၃၈၃
- နိကာယ်စာမေးပွဲများ၏ အကျိုးကျေးဇူး ၃၈၉
- ရွှေကျင်နိကာယ ၃၉၃
- မင်းကွန်းတောင်ယံမှ ပဲတင်သံများ ၄၀၁
- လူငယ်များ၏ ဆရာတော် ၄၀၅
- ရွှေကျင်ဂိုဏ်းနှင့် ဝိနည်းစာတော်ပြန်ပွဲအကြောင်း
  သိကောင်းစရာများ ၄၀၉
- အကောင်းဆုံးဆုလာဘ်နှင့် အမြတ်ဆုံး ကုသိုလ် ၄၁၇
- အနန္တသူရိယဆရာတော်၏ အဋ္ဌုပတ္တိကထာ ၄၂၁
- ဥက္ကံဆရာတော်ကြီး၏ အဋ္ဌုပ္ပတ္တိကထာ ၄၂၉
- **Mettā** ၄၃၅
- **ROHITASSA SUTTA By Rector Sayadaw** ၄၃၉


## ကျောက်စာမော်ကွန်းများ


- ဥမင်ကိုးဆယ်ဘုရား ကျောက်စာ ၄၅၃
- ဒက္ခိဏာရုံ သိမ်မော်ကွန်း ၄၆၃
- အာရာမသမုဋ္ဌိတ ဝိညာပနီ ၄၆၅
- သုဇာတဓာတ္တတေရတု ကျောက်စာ(ပါဠိ - မြန်မာ) ၄၆၇
- မဟာသုဇာတာ၏ နှစ်(၅၀)ပြည့် ရွှေရတုမော်ကွန်း (မြန်မာ) ၄၇၅
- သုဇာတဓာတ္တ ရွှေရတု ကျောက်စာ (အင်္ဂလိပ်) ၄၇၇
- ပြည် ဇာရာဏသီ ကျောက်စာ (ပါဠိ) ၄၈၅
- သပြေကန်ဆရာတော်အဋ္ဌုပ္ပတ္တိ ကျောက်စာ (ပါဠိ) ၄၉၉
- မဟာသမယကျောင်းတော်ကြီး ဆောက်လုပ်ပြီးစီးခြင်း
  မှတ်တမ်းမော်ကွန်း ၅၀၇
- သိရီဝိဇယငွေရတုစေတီတော် ကမ္ပည်းမော်ကွန်း ၅၀၉
- သိရီဝိဇယငွေရတုစေတီတော် ပြန်လည်ပြုပြင်ခြင်း
  ပဋိသင်္ခရဏမင်္ဂလာ ကမ္ပည်းမော်ကွန်း ၅၁၀
- ရွှေစေတီ ကျောက်စာ (အင်္ဂလိပ်) ၅၁၁
- မဟာသုဇာတာရာမိက ရဋ္ဌဂုရုဗိမာန် မော်ကွန်း ၅၁၅
- မဟာသုဇာတာရာမိက ရဋ္ဌဂုရုဗိမာန် ဆောက်လုပ်မှု မှတ်တမ်း ၅၁၆


## ဓမ္မသာကစ္ဆာ အင်တာဗျူး


- ဘီဘီစီ ဦးနေဝင်း အင်တာဗျူး မေးမြန်းလျှောက်ထားခြင်း ၅၁၉

- (The Voice ဂျာနယ်က ၂၀၁၄ ခုနှစ်တွင်
  ထူးခြားထင်ရှားပုဂ္ဂိုလ်များကို ရွေးချယ်ခြင်း) ၅၄၃
- အလှူရှင်စာရင်း ၅၄၇




# အရှင်နန္ဒမာလာဘိဝံသ (Ph.D)

အဂ္ဂမဟာပဏ္ဍိတ

စစ်ကိုင်းမြို့ မဟာသုဗောဓာရုံသာသနဝံသ ဂဏာဓိပတိ မဟာနာယက

ဗုဒ္ဓတက္ကသိုလ်ကြီးသုံးရပ်တို့၏ ပါမောက္ခချုပ်

# နိဒါန်း စကားဦး

လောကနှင့် ဘာသာသာသနာအတွက် ကောင်းသောလာခြင်းရှိသည့် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကား သက်တော် ၇၅ နှစ် ပြည့်မြောက်ပေတော့မည်။ ဆရာတော်ဘုရားသည် မြန်မာသက္ကရာဇ် ၁၃၀၁ ခု၊ တပေါင်းလပြည့် ( 22. 3.1940 ) (No hour ဟုဆိုနိုင်သည့် နံနက် 00 . 20 Am) တွင် လူ့ပြည်စခန်းသို့ ကြွမြန်းလာတော်မူခဲ့ခြင်းဖြစ်သည်။ အရွယ်စုံ ဆိုဒ်စုံ တန်ဘိုးရှိရှိ ဘဝမှတ်တိုင် ၇၅ တိုင်ကို စိုက်ထူတော်မူသည့် ဆရာတော်ဘုရားအား ဝိဇာတအခါကာလ သမယဝယ် တပည့်များက မည်သို့ကော်ရော် ပူဇော်ကြမည်နည်း? မတ္တရာမြို့၊ **သာသနဇောတာရုံ ဆရာတော်ဘုရား** အမှူးရှိသော တပည့်များက အချိန်ယူစဉ်းစားခဲ့ကြပါသည်။

T.V/ F.M လေလှိုင်း၊ ရုပ်သံလှိုင်းများမှ ဓမ္မလွှင့်ပျံ့သံနှင့်အတူ ပြည်ပပြည်တွင်း သတင်းခြိမ့်အုံး မိုးသို့ချုံး၍ လွှမ်းဖုံးပျံ့ကျော်နေသည့် ဆရာတော်ဘုရားအား အာမိသပူဇာဖြင့် ထိုက်ထိုက်တန်တန် ဂုဏ်နှင့်ဒြပ်

ပုံနှင့်ဟပ်အောင် ပူဇော်နိုင်ရန်ကား မလွယ်ကူလှပါချေ။ ဆရာတော်ဘုရား၏ ကောင်းဂုဏ်သတင်းမှာ **"အာကုမာရေဟိ ယသော မဟာထေရဿ အာကုမာရံ"** ဟု ဆိုရလောက်အောင်ပင် သာသနာ့ထိပ်ခေါင်တင် ပညာရှင့်ထိပ်သီး ဆရာတော်ကြီးများမှအစ ရှင်ငယ်လူငယ်များသို့တိုင် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ နှုတ်ဖျားဝယ် အံ့၍မပြီး ချီးလို့မကုန်နိုင်လောက်အောင်ပင် ကောင်းသတင်းဖြင့် ပျံ့သင်းကျော်ကြား ကစားပျော်မြူး အထူးထင်ရှားတော်မူလျက် ရှိပေသည်။

ထို့ကြောင့် ဆရာတော်ဘုရား၏ ကြုံတောင့်ကြုံခဲ ၇၅ နှစ်ပြည့် သက်တော်ရှည်ပွဲဝယ် အာမိသပူဇာထက် မြင့်မြတ်သည့် ဓမ္မပူဇာဖြင့် ပူဇော်ကြရန် စီစဉ်ဆုံးဖြတ်ကြပါသည်။ ဆရာတော်ဘုရား ရေးသားခဲ့သမျှ စာပေများကို ရနိုင်သမျှ စုစည်းခြင်းဖြင့် ဓမ္မပူဇာမှု ပြုကြရန် ဖြစ်ပါသည်။ ဉာဏ်မီးလင်းစ နုပျိုလှသည့် အရွယ်မှစ၍ ယနေ့တိုင် အခါအားလျော်စွာ ဆရာတော်ဘုရားရေးသားခဲ့သည့် ဓမ္မစာပေများမှာ အလွန်တရာ များပြားလှပါသည်။

ဆရာတော်ဘုရား၏ မေတ္တာစေတနာရေအေးတို့ဖြင့် ပက်ဖျန်းပေးမှုကြောင့် ကလောင်သွားပင်စည်မှ ထူးထူးတင့်တင့် မြူးမြူးစွင့်စွင့် ဖူးပွင့်လာကြသည့် ဓမ္မပန်းပွင့်လေးများမှာ အရောင်စုံ အသွေးစုံ ရှိလှတုံဘိသည်။ ဆိုဒ်ဆုံ ရနံ့စုံ ရှိလှတုံဘိသည်။ လူမှုရေးဆိုင်ရာ, ဘာသာရေးဆိုင်ရာ, ဓမ္မရေးဆိုင်ရာ, ဘဝကြီးပွားရေးဆိုင်ရာ, ဘဝထွက်မြောက်ရေးဆိုင်ရာ, သမိုင်းရေးဆိုင်ရာ, မျက်မှောက်ခေတ်ရေးဆိုင်ရာ, သဒ္ဒါရေးဆိုင်ရာ, အဘိဓမ္မာရေးဆိုင်ရာ ဒေသန္တရရေးဆိုင်ရာ, စသည်စသည် များစွာများစွာ ပါဝင်လေသည်။

ရနံ့ထုံမွှေး အရောင်အသွေး စုံလင်လှပ၍ တန်ဘိုးကြီးမားလှသော အနှိုပန်းပွင့်ကလေးများမှာ စနစ်တကျ ပန်းသီကြိုးဖြင့် တစုတစည်းတည်း သီကုံးမထားလေပဲ ဟိုတစ်ပွင့် သည်တစ်ပွင့် လွင့်၍ပြန့်ကျဲနေပေရာ အချိန်မီမှ သီကုံးမထားလျှင် ကာလကြာရှည်သည်နှင့်အမျှ လွင့်ပါးပျောက်ကွယ်သွားနိုင်စရာရှိပေသည်။ ၎င်းတို့ကို စုစည်းသီကုံးထိန်းသိမ်းထားရန်အတွက်

တန်ဘိုးထားတတ်သူနှင့် တာဝန်သိသူများမှာ တာဝန်ရှိလာလေသည်။ ထို့ကြောင့် မတ္တရာမြို့ **သာသနဇောတာရုံဆရာတော်ဘုရား** အမှူးရှိသော တပည့်များက စုစည်းသီကုံး၍ ဓမ္မပူဇာမှုပြုရန် စီစဉ်တော်မူကြခြင်း ဖြစ်ပါသည်။

စီစဉ်ရာ၌ စာစောင်အသီးသီးတွင် ပြန့်ကျဲနေသော ဓမ္မစာပန်းပွင့်ကလေးများကို အများအကူအညီဖြင့် စုဆောင်းရပါသည်။ ရသမျှကို ဂီတိဂါထာကဗျာလင်္ကာဆိုင်ရာ တစ်ပိုင်း, စုဏ္ဏိယစကားပြေဆိုင်ရာ တစ်ပိုင်းဟူ၍ နှစ်ပိုင်းခွဲခြားရပါသည်။ ဂီတိဂါထာ ကဗျာလင်္ကာများကို ပညာရှင်ရဟန်းတော်များသာ အသုံးပြုလေ့လာ ကျက်စားနိုင်သည့်အတွက် **"ဓမ္မဂီတိကာ"** ဟူသော အမည်ဖြင့် တစ်အုပ်သီးသန့်၊ စုဏ္ဏိယစကားပြေပိုင်းဆိုင်ရာကို ဓမ္မစာပေ လိုက်စားသူအားလုံး လေ့လာ ကျက်စားနိုင်သည့်အတွက် **"ဓမ္မစာပေ အထွေထွေ"** အမည်ဖြင့် တစ်အုပ်သီးသန့် ရိုက်နှိပ်ရန် ဆုံးဖြတ်ကြပါသည်။ "ဓမ္မစာပေ အထွေထွေ" တွင် ဓမ္မဗျူဟာ ဆောင်းပါးများ၊ စာတမ်းများ၊ ကျမ်းဦးနိဒါန်းမိတ်ဆက်များ၊ သဝဏ်လွှာ ဩဝါဒစာလွှာများ၊ ဓမ္မဆောင်းပါးများ၊ ကျောက်စာများ၊ အမေး အဖြေဟူ၍ အသွေးတူရာ အရောင်တူရာ အသန့်အသန့် အကန့်အကန့် ခွဲခြားရပါသည်။

တဖန် ဆိုင်ရာကဏ္ဍတစ်ခုအတွင်းရှိ စာတမ်းပန်းပွင့်များကို ဆရာတော်ဘုရား ဖူးပွင့်စေသည့် နှစ်စဉ်အလိုက် ဖြစ်နိုင်သမျှ ရှေ့နောက် စဉ်တန်းပါသည်။ လူတို့ သဘာဝအရ အရွယ်အလိုက်, ခေတ်အလိုက်, နှစ်အလိုက် အတွေးအခေါ် အရေးအသား ပြောင်းလဲတတ်သော သဘာဝကို ပေါ်လွင်စေလို၍ ဖြစ်ပါသည်။ သတ်ပုံနှင့်အသုံးအနှုန်းများကိုလည်း ဖြစ်နိုင်သမျှ မူရင်းအတိုင်း စီစဉ်တင်ပြပါသည်။ ဥပမာ - "ယခု စစ်ကိုင်းတိုင်းဒေသကြီး = ရှေးက-စစ်ကိုင်းတိုင်း၊ ယခု - မဟာသုဗောဓာရုံကျောင်းတိုက် = ရှေးက - မဟာသုဗောဓာရုံတိုက်၊ ယခု နှစ်တစ်ရာ = ရှေးက နှစ်တရာ၊ ယခု- လည်းကောင်း=ရှေးက-ၚင်း" စသည်စသည် ဖြစ်ပါသည်။

ဓမ္မဗျူဟာဆောင်းပါးများကဏ္ဍတွင် ဆရာတော်ဘုရား နုပျိုစဉ်က ဓမ္မဗျူဟာစာစောင်တွင် ရေးသားခဲ့သည့် ဆောင်းပါး ၉ ပုဒ်ကို တစုတစည်း

တည်း စုစည်းထားပါသည်။ ထိုကဏ္ဍတွင် လှပနွဲ့နှောင်း သွဲ့ပျောင်းနုယဉ်သော စကားလုံးများဖြင့် စာဖတ်သူကို ဆွဲဆောင်ထားပြီး ဓမ္မအသိဉာဏ်ကို သိမ်သိမ်မွေ့မွေ့ ဖြင့် ပေးထားသည်ကို တွေ့ရပါလိမ့်မည်။

ထို့နောက် စာတမ်းလေးစောင်ကို စုစည်းထားပါသည်။ ဤကဏ္ဍတွင် စစ်ကိုင်းတောင်ရိုး၌ သီတဂူရေအလှူတော် စတင်ဖြစ်ပေါ်လာပုံပြ **"သီတဂူရေအလှူတော်စာတမ်း"**၊ ၁၆-ကြိမ်မြောက် ရွှေကျင်ဂိုဏ်းလုံးကျွတ် အစည်းအဝေးကြီး၌ တင်သွင်းဖတ်ကြားခဲ့သော **"ရွှေကျင်ဆရာတော်ဘုရားကြီး၏ သိဟိုဠ်သာသနာပြုခရီးစာတမ်း"**၊ M.A မဟာဝိဇ္ဇာဘွဲ့အတွက် သီရိလင်္ကာကေလဏီယတက္ကသိုလ်၌ တင်သွင်းခဲ့သော **"ဗုဒ္ဓဝါဒနှင့် သက်သတ်လွတ်ဝါဒစာတမ်း(အင်္ဂလိပ်)"**တို့ကို တင်ပြထားပါသည်။ ထို့ပြင် ယနေ့မြန်မာပြည် ပရိယတ္တိပညာရေးတွင် အင်္ဂလိပ်စာ ပြဋ္ဌာန်းသင့်-မပြဋ္ဌာန်းသင့် အသံကျယ်လောင်လျက်ရှိပေရာ ဘာသန္တရဆေက ဆရာတော်ဘုရား၏ သဘာဝကျကျသုံးသပ်မှုကို ဖော်ပြထားသည့် **"မြန်မာနိုင်ငံ ပရိယတ္တိပညာရေး သုံးသပ်ချက်စာတမ်း"**ကိုလည်း တင်ပြထားပါသည်။

ကျမ်းဦးနိဒါန်းမိတ်ဆက်များကဏ္ဍတွင် ကျမ်းစာအုပ်အသီးသီး၌ ဆရာတော်ဘုရားရေးသားခဲ့သည့် နိဒါန်းမိတ်ဆက်စကားများကို စုစည်းထားပါသည်။ ဤကဏ္ဍတွင် သုတေသနဆန်ဆန် ပညာရှင်ဆန်ဆန် အရေးအသားများကို ဖတ်ရှုမှတ်သားရပါလိမ့်မည်။

သဝဏ်လွှာ ဩဝါဒစာလွှာများကဏ္ဍတွင် ညီလာခံများသို့ ပေးပို့သော ဩဝါဒများ၊ စာစောင်များတွင် ရေးပို့သော ဩဝါဒများ၊ အသံသွင်း ဩဝါဒများကို စုစည်းထားပါသည်။ လူကြီး၊ လူလတ်၊ လူငယ် အရွယ်စုံ အလွှာစုံအတွက် ဘဝလမ်းညွှန်များ ဖြစ်ပါသည်။

အထွေထွေဆောင်းပါးများကဏ္ဍတွင် ငွေရတုစာစောင်၊ ရွှေရတုစာစောင် စသည်ဖြင့် များစွာသောအထိမ်းအမှတ်စာစောင်များ၌ ဆရာတော်ဘုရား ရေးသားခဲ့သော စာမူများကို စုစည်းတင်ပြထားပါသည်။ ရသစုံဖြစ်ပါသည်။

ထို့နောက် ဆရာတော်ဘုရားရေးသားခဲ့သော ကျောက်စာများကို စုစည်းထားပါသည်။ သမိုင်းများ မပျောက်ပျက်စေရန်နှင့် ကျောက်စာရေးလိုသူတို့ နည်းယူရန် ဖြစ်ပါသည်။

ထို့နောက် BBC ဦးနေဝင်း၏ အမေး၊ အဖြေကို တင်ပြထားပါသည်။ ဤအမေးအဖြေ၌ ဆရာတော်ဘုရား၏ အတ္ထုပ္ပတ္တိပိုင်းဆိုင်ရာ, အဘိဓမ္မာပိုင်းဆိုင်ရာ အမေးအဖြေများကို စိတ်ဝင်စားဖွယ် ဖတ်ရှုကြည်ညို မှတ်သားရပါလိမ့်မည်။

အဆုံးတွင်မူ ဆရာတော်ဘုရားကို ၂၀၀၄ ၏ ထူးခြားထင်ရှားပုဂ္ဂိုလ်ကျော်အဖြစ် ရွေးချယ်ထားသော The Voice ဂျာနယ်၏ ဝေဖန်သုံးသပ်ချက်ဖြင့် နိဂုံးချုပ်ထားပါသည်။

ဆရာတော်ဘုရား၏ ကလောင်ဖျားပင်စည်မှ ဖူးပွင့်လာသော ဓမ္မစာပန်းပွင့်လေးများမှာ ဤမျှမကပါ။ ဤစာရေးသူတို့ လက်လှမ်းမမီ၍ ကျန်ရှိနေသေးသော ဓမ္မစာပန်းပွင့်လေးများ များပြားစွာ ရှိပါလိမ့်ဦးမည်။ တွေ့ရှိသော ဓမ္မမိတ်ဆွေများက စုဆောင်းပေးပို့ကြပါရန် မေတ္တာရပ်ခံပါသည်။ နောင်အလျဉ်းသင့်၍ အသစ်တဖန် စုစည်းရိုက်နှိပ်ရာတွင် ပါဝင်နိုင်ပါလိမ့်မည်။

ဆရာတော်ဘုရား၏ ၇၅ နှစ်ပြည့် မွေးနေ့ ဓမ္မပူဇာအဖြစ် တင်ဆက်စုစည်းထားသော **"ဓမ္မစာပေ အထွေထွေ"** သည် ယခုအခါ စာရှုသူ၏ လက်တွင်းသို့ ရောက်ရှိနေပါပြီ။ ဤ **"ဓမ္မစာပေ အထွေ ထွေ"** သည် စာရှုသူအဖို့ ရှေ့နောက်ဝဲယာ ဘယ်မှာကြည့်ကြည့် ကြည့်သမျှလှပ၍ အရောင်စုံ အသွေးစုံ ဆိုဒ်စုံ ရနံ့စုံ ပန်းရဂုံပန်းမြိုင်ကြီးအတွင်းသို့ ရောက်ရှိနေသကဲ့သို့ ဖြစ်ပါချိမ့်မည်။ လိုအပ်သလို အလေးတမူ အရေးယူ၍ မွေးကြူ ပန်ဆင်တော်မူရန်ကား ဓမ္မပန်းရဂုံ ပန်းမြိုင်ကြီးအတွင်း သက်ဆင်းရောက်ရှိနေပြီဖြစ်သော စာရှုသူ၏ တာဝန်သာ ဖြစ်ပါတော့သည်။

**အရှင်အဘိဓာတာဘိဝံသ**

**၇၆ ခု၊ တွဲကျော် ၁၀၊ (၁၃. ၂. ၂၀၁၅)**

# ကျေးဇူးစကား ...

ဆရာတော်ဘုရားကြီး၏ ဓမ္မစာတမ်းများကို ဖိုင်တစ်ခုတည်း၌သာ တစုတစည်းတည်း စုစည်းထိန်းသိမ်းထားခဲ့သည် မဟုတ်ပါ။ ထိုထိုစာစောင် စာတမ်းများမှ စုဆောင်းယူရပါသည်။ ထိုသို့စုဆောင်းရာ၌ ဓမ္မဗျူဟာဆောင်း ပါးများကို ဓမ္မဗျူဟာ ဒေါ်ခင်လှတင်(မဟာသဒ္ဓမ္မဇောတိက)က စုဆောင်း ရှာဖွေပေးပါသည်။ မဟာသုဓောဓာရုံနွယ်ဝင် အရှင်မြတ်များကလည်း လက်လှမ်းမီသမျှ ဝမ်းမြောက်ဝမ်းသာ စုဆောင်းပေးပို့ကြပါသည်။

ဤ "ဓမ္မစာပေ အထွေထွေ" နှင့် စပ်လျဉ်း၍ ထိုကဲ့သို့ စာမူများ စုဆောင်းပေးကြသော အရှင်မြတ်များနှင့် ဓမ္မမိတ်ဆွေများ၊ ထုတ်ဝေပူဇော် နိုင်ရန်အတွက် အဓိကတာဝန်ယူဆောင်ရွက်ပေးသော **အရှင်အဘိဇာတာ ဘိဝံသ(ဒွါဒသမတိပိဋကဓရ)**၊ စာအုပ်ရိုက်နှိပ်ရာတွင် အနီးကပ် ကြည့်ကြပ် စီစဉ်ပေးသော **အရှင်ခေမိဿရာဘိဝံသ (ဓမ္မဝိဇ္ဇာလယသုဓောဓာရုံ၊ သန်လျင်)**၊ ကွန်ပျူတာစာစီပေးကြသော ဦးဣန္ဒာစာရ (ရွှေစေတီ)၊ ဦးစန္ဒာဝရ (မုံရွာ – သဒ္ဓမ္မဇောတက)၊ ဦးပညာ သေဋ္ဌာလင်္ကာရ၊ ဦးသုမန၊ ဦးဝိဇနာလင်္ကာရ၊ ဦးဝိနယာစာရ၊ ဦးပညာဝံသ၊ ဦးစန္ဒာဝရ (အောင်လံ)၊ ဦးမဏိသာရာလင်္ကာရ၊ ဦးအာစိဏ္ဏာလင်္ကာရတို့ အားလည်းကောင်း၊ စွယ်တော်ပုံနှိပ်တိုက်ဝန်ထမ်းများ၊ စာပေမိသားစုများ၊ ဓမ္မဒါနကုသိုလ်ရှင်များ အခြားလိုအပ်ရာရာ ကူညီဆောင်ရွက်ပေးကြသော ပုဂ္ဂိုလ်များအား အထူးကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း မှတ်တမ်းတင် အပ်ပါသည်။

၇၅ နှစ်ပြည့် စိန်ရတုဝိဇာတဂုရုပူဇာ
ကျင်းပရေးကော်မတီ

စစ်ကိုင်းမြို့ မဟာသုဓောဓာရုံသာသနဝံသ ဂဏာဓိပတိ မဟာနာယက၊
ဗုဒ္ဓတက္ကသိုလ်ကြီး သုံးရပ်တို့၏ ပါမောက္ခချုပ်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ

**အရှင်နန္ဒမာလာဘိဝံသ** (Ph .D) ၏

# ဘဝရက်စွဲများ

၁၃၀၁ ခုနှစ်၊ တပေါင်းလပြည့်၊ 22nd March.1940 စနေနေ့တွင် မန္တလေးတိုင်း၊ စဉ့်ကူးမြို့နယ်၊ ညောင်ပင်ရွာ၊ ခမည်းတော် ဦးစံလှ + မယ်တော် ဒေါ်ခင် တို့မှ ဖွားမြင်သည်။

၁၃၀၅ 1944 ခုနှစ်၊ အသက် ၅ နှစ်သားအရွယ် စဉ့်ကူးမြို့နယ်၊ ညောင်ပင်ရွာ၊ ပေါ်တော်မူကျောင်းဆရာတော် ဦးကေလာသ (ဦးလေးဘုန်းကြီး) ထံတွင် မြန်မာစာနှင့် ဗုဒ္ဓစာပေများကို စတင်သင်ကြားခဲ့သည်။

၁၃၁၁ 1949 ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်၊ အသက် ၁၀ နှစ်အရွယ်တွင် စစ်ကိုင်းတောင်ရိုး၊ ဝိပဿနာဂန္ဓာရုံချောင်၌ အဘိဓဇမဟာရဋ္ဌဂုရု၊ နဝမရွှေကျင်သာသနာပိုင် စံကင်းဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြုလျက် ရှင်သာမဏေပြုခဲ့သည်။

၁၃၁၄ 1953 ခုနှစ်၊ အသက် ၁၃ နှစ်တွင် အဘိဓမ္မာစာမေးပွဲ ၃ ဆင့် စတင်အောင်မြင်ခဲ့သည်။

၁၃၁၇ 1956 ခုနှစ်၊ အသက် ၁၆ နှစ်တွင် အစိုးရဓမ္မာစရိယတန်းကို ဂုဏ်ထူး ၂ ကျမ်းနှင့်တကွ အောင်မြင်၍ 'သာသနဓဇသိရိပဝရဓမ္မာစရိယ' ဘွဲ့ကိုရရှိခဲ့သည်။

၁၃၁၉ 1957 ခုနှစ်တွင် သာသနာလင်္ကာရ သာမဏေကျော်ဘွဲ့ကို ရရှိခဲ့သည်။

၁၃၂၀ 1958 ခုနှစ်တွင် စစ်ကိုင်းမြို့၊ မဟာသုဗောဓာရုံကျောင်းတိုက်ကို နောင်တော်များနှင့်အတူ တည်ထောင်သည်။ (နောင်တွင် ပဓာနစာချ၊ တိုက်ကြပ်၊ တိုက်အုပ် အဆင့်ဆင့် တာဝန်များ ထမ်းဆောင်ခဲ့ သည်။)

၁၃၂၁ 1960 ခုနှစ်တွင် နဝမရွှေကျင်သာသနာပိုင် စံကင်းဆရာတော် ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝသို့ ရောက်ရှိခဲ့သည်။

၁၃၂၄ 1963 ခုနှစ်တွင် ရန်ကုန် 'စေတိယင်္ဂဏအဘိဝံသဘွဲ့'ကို ရရှိခဲ့ သည်။

၁၃၂၅ 1964 ခုနှစ်တွင် 'သာသနဓဇဓမ္မာစရိယ ဝိနယပါဠိပါရဂူ'ဘွဲ့ကို ရရှိခဲ့သည်။

၁၃၂၅ 1964 ခုနှစ်တွင် မန္တလေး 'သကျသီဟ အဘိဝံသ'ဘွဲ့ကို ရရှိခဲ့ သည်။

၁၃၂၈ 1967 ခုနှစ်တွင် ရန်ကုန်မြို့ ဇမ္ဗူဒီပကျောင်းဆောင်၌ တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းပြုအဖြစ် ဆောင်ရွက်နေစဉ် ချမ်းမြေ့ရိပ်သာ ဆရာတော် ဘဒ္ဒန္တဇနကာဘိဝံသထံတွင် အင်္ဂလိပ်ဘာသာကို စတင် သင်ယူခဲ့သည်။

၁၃၃၂ 1970 ခုနှစ်မှစတင်၍ ကျမ်းစာများရေးသားပြုစုခဲ့သည်။ (အင်္ဂလိပ် မြန်မာ နှစ်ဘာသာဖြင့် ကျမ်းစာများ ထုတ်ဝေခဲ့ပြီး ဖြစ်သည်။)

၁၃၄၂ 1980 ခုနှစ်တွင် ပထမအကြိမ် သံဃာ့အဖွဲ့အစည်း အဆင့်အဆင့် အတွက် စစ်ကိုင်းမြို့နယ် သံဃနာယကအဖွဲ့(ရွှေကျင်)အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ဓမ္မာစရိယ စာမေးပွဲအကျိုးဆောင်အဖြစ်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်(ရွှေကျင်)အဖြစ်၊ ပဋ္ဌမပြန်စာမေးပွဲ ပြဋ္ဌာန်းကျမ်းစာ ပြင်ဆင်ရေးအဖွဲ့ အဖွဲ့ဝင်အဖြစ်၊ နိကာယ် စာမေးပွဲ စည်းမျဉ်းစည်းကမ်းရေးဆွဲရေးအဖွဲ့ဝင်အဖြစ်၊ နိုင်ငံတော်သီးခြားဝိနည်း ဓိုရ်အဖွဲ့ အမှတ်(၁/၉၈) ၏ ဝိနည်းဓိုရ်အဖြစ်၊ ပဋ္ဌမပြန်စာမေးပွဲကျင်းပ ရေးအဖွဲ့များ (စစ်ကိုင်း)၏ ပုစ္ဆကအဖွဲ့ ဥက္ကဋ္ဌအဖြစ် သာသနာရေးဆိုင်ရာ တာဝန်ထမ်းဆောင်ခဲ့သည်။

၁၃၄၇ 1986 ခုနှစ်တွင် အိန္ဒိယနိုင်ငံ အာသံနှင့် အရုဏာပရာဒေ့ရှ် ရဟန်းသာမဏေ ကျောင်းသားငယ်တို့အား မြန်မာစာနှင့် အဘိဓမ္မာတို့ကို ပို့ချပေးခဲ့သည်။

၁၃၄၈ 1987 ခုနှစ်တွင် သီရိလင်္ကာနိုင်ငံ၊ ဘော်ရဲလာမြို့ Y.M.B.A အသင်းသားများအား အဘိဓမ္မာကို အင်္ဂလိပ်ဘာသာဖြင့် ပို့ချပေးခဲ့သည်။

၁၃၅၀ 1989 ခုနှစ်တွင် University of Kelaniya မှ M.A (Buddhist Studies) ဘွဲ့ကို ရရှိခဲ့သည်။

၁၃၅၅ 1994 ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၊ မေရီလင်းပြည်နယ်၊ ဆီလ်ဗားစပရင်းမြို့ မင်္ဂလာရာမကျောင်း၌ မြန်မာဗုဒ္ဓဘာသာဝင်တို့အား အဘိဓမ္မာဘာသာရပ်ကို ပို့ချပေးခဲ့သည်။

၁၃၅၇ 1996 ခုနှစ်တွင် နိုင်ငံတော်မှ 'အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့'ကို ဆက်ကပ်ခဲ့သည်။ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ ပါမောက္ခချုပ်အဖြစ် ဆောင်ရွက်ကာ Department of Language Studies ၌ English Diploma တန်းနှင့် B.A တန်းများ၌ ဆိုင်ရာဘာသာရပ်များကိုလည်းကောင်း၊ အမေရိက, ကိုးရီးယား, မက္ကဆီကို, ဂျာမနီ, ပြင်သစ်စသောနိုင်ငံများမှ ကျောင်းသား ကျောင်းသူများအား ပါဠိဘာသာ အဘိဓမ္မာဘာသာရပ်များကိုလည်းကောင်း သင်ကြားပို့ချပေးခဲ့သည်။

၁၃၅၈ 1997 ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ဘော်လီမိုးမြို့ ကေလာသဝိဟာရကျောင်း၌ မြန်မာဗုဒ္ဓဘာသာဝင်တို့အား အဘိဓမ္မာသင်တန်း ပို့ချပေးခဲ့သည်။

၁၃၆၀ 1999 ခုနှစ်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ဩဝါဒါစရိယ ဧည့်ပါမောက္ခအဖြစ် ပြည်တွင်းပြည်ပကျောင်းသားများအား စာပေပို့ချပေးခဲ့သည်။

၁၃၆၁ 2000 ခုနှစ်တွင် နိုင်ငံတော်မှ ဆက်ကပ်သော 'အဂ္ဂမဟာပဏ္ဍိတဘွဲ့'ကို ရရှိခဲ့သည်။

၁၃၆၄ 2003 ခုနှစ်တွင် အိန္ဒိယနိုင်ငံ မဂဓတက္ကသိုလ်မှ Ph.D ဒေါက်တာဘွဲ့ကိုရရှိခဲ့သည်။

ထိုနှစ်မှစ၍ ဂျာမနီ၊ နယ်သာလန်၊ ဩစတြေးလျ၊ အင်္ဂလန်၊ စင်ကာပူ၊ မလေးရှားနိုင်ငံများသို့ နှစ်စဉ်မပြတ် ကြွရောက်၍ အဆိုပါနိုင်ငံ သားများအား အဘိဓမ္မာသင်တန်းများ သင်ကြားပို့ချပေးလျက်ရှိသည်။

၁၃၆၇ 2005 ခုနှစ်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ သာသနာပြု တက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် စတင်၍ တာဝန်ထမ်းဆောင်သည်။ ယနေ့တိုင်ဖြစ်သည်။


၁၃၇၁ 2009 ခုနှစ် ဝါဆိုလတွင် စစ်ကိုင်းမြို့ မဟာသုဗောဓာရုံသာသနဝံသ သမုဒ္ဒာပကဆရာတော်ကြီး လွန်တော်မူ၍ မဟာသုဗောဓာရုံသာသန ဝံသ ဂဏာဓိပတိ မဟာနာယကအဖြစ် ဆောင်ရွက်တော်မူရသည်။ ထိုနှစ်တွင် (၁) သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်၊ မြတ်လေးလမ်း၌ ဓမ္မဝိဇ္ဇာလယသုဗောဓာရုံကျောင်းတိုက်ကိုနှင့် (၂) မုံရွာမြို့၊ နန္ဒဝန်ရပ်၌ သဒ္ဓမ္မဇောတကသုဗောဓာရုံကျောင်းတိုက်ကို တည်ထောင်ဖွင့်လှစ်ပေးတော်မူသည်။

၁၃၇၃ 2012 တွင် ပြင်ဦးလွင်မြို့၊ အောင်ချမ်းသာရွာ၌ ဓမ္မသဟာယသာသန စင်တာကို ဖွင့်လှစ်တော်မူသည်။

၁၃၇၅ 2014 တွင် ဇာတိဒေသ နယ်သူနယ်သားများ ကျန်းမာရေးနှင့် ပညာရေးတိုးတက်ရန် ရည်မှန်း၍ ဒယာနန္ဒဖောင်ဒေးရှင်းကို တည်ထောင်တော်မူသည်။

ယခုအခါ ပြင်ဦးလွင်မြို့၊ အောင်ချမ်းသာရွာ၊ ဓမ္မသဟာယ သာသနစင်တာ၌ ဓမ္မသင်တန်းများ ပို့ချတော်မူခြင်း၊ ဓမ္မဒေသနာများ ဟောကြား တော်မူခြင်း၊ အနယ်နယ် အရပ်ရပ်မှ မေးမြန်းလာသော ဓမ္မပုစ္ဆာများကို ဖြေကြားတော်မူခြင်းတို့ဖြင့် ကျန်းမာချမ်းသာစွာ သာသနာပြု သီတင်းသုံးတော်မူလျက်ရှိသည်။

■



# ဓမ္မဗျူဟာ ဆောင်းပါးများ



# အချစ်နည်းနည်း လျှော့

□ **ကိုမာလာ**

ဤ၌ အချစ်ဆိုသည်မှာ တဏှာချစ်သာတည်း၊ လောကမှာ တဏှာ မကင်းကြသေးသူတိုင်း အချစ်မကင်းကြသေးပေ၊ လူကို ချစ်၍ ပစ္စည်းကို စုံမက်နေကြသည်၊ အမိ,အဖ မောင်နှမမို့ ချစ်မဝနိုင် ရှိကြသည်၊ ဇနီးမယားနှင့် သမီးသားမို့ ချစ်အားတွေ ပိုကြပြန်သည်၊ ချစ်မိသည့် လူနှင့် ပတ်ဝန်းကျင်ကို မခွဲနိုင် မခွါရက် ရှိနေကြသည်၊ နေ့ရှိသရွေ့ အချစ်ကဗျာတွေ သီလျက် အချစ်လောကသို့ ချီတက်နေကြသည်။

သို့ပင် အချစ်သည်းနေကြသော်လည်း အချစ်၏ နိဂုံးကိုကား ဆွဲကြည့်မိကြပုံမရပေ၊ အကယ်သာ အချစ်၏ နိဂုံးကို ဆွဲကြည့်မိမည်ဆိုပါက အချစ်နိဒါန်း ပျိုးဖို့ လက်တွန့်မိကောင်း တွန့်မိကြပေမည်၊ အဘယ့်ကြောင့်ဆိုသော် အချစ်၏ နိဂုံးကား **“အပြုံး”**မဟုတ်၊ **“အငိုအရှိုက်”**သာ ဖြစ်နေသောကြောင့်တည်း။

မြတ်ဗုဒ္ဓက **“ပိယဇာတိကာ သောကပရိဒေဝဒုက္ခ ဒေါမနဿုပါယာသာ ပိယပ္ပဘဝိကာပူဆွေးရ၊ ငိုကြွေးရ၊ ဒုက္ခဖြစ်ရ၊ စိတ်ညစ်ရ၊ အသည်းကျွမ်း ရတယ်ဆိုတာ ချစ်ခြင်းကြောင့် ဖြစ်ရတာ၊ ချစ်ခြင်းမှ အစပျိုးလာတာ”**ဟု

ဟောတော်မူခဲ့သည်၊ သို့ရာတွင် **"အချစ်ကြောင့် ငိုရသည်"**ဆိုသော မြတ်ဗုဒ္ဓ၏ စကားကို လက်မခံပဲ **"အချစ်ကြောင့် ပျော်ရွှင်ရသည်"**ဟုသာ အချစ်ဆရာကြီးများက ဆိုချင်ကြ၏၊ အချစ်၏ နိဂုံးမှာ အပြုံးသာဟု ထင်မှတ်လျက်ရှိနေကြသည်။

မြတ်ဗုဒ္ဓ၏ **"အချစ်ကြောင့် ငိုရသည်"**ဆိုသော ဟောမိန့်ချက်နှင့်စပ်၍ သဘောမကျ ကန့်ကွက်ခဲ့ကြသဖြင့် ရှင်းလင်းချေပခဲ့ရပုံ ဇာတ်လမ်းကလေးတခုမှာ စိတ်ဝင်စားဖွယ် ကောင်းလှသည်။

ဗုဒ္ဓသည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းမှာ သီတင်းသုံးလျက်ရှိ၏၊ ဗုဒ္ဓထံ သာဝတ္ထိမြို့မှ ဒကာတစ်ယောက် ရောက်လာသည်၊ ရှိခိုးဝပ်ချ၍ ခပ်မှိုင်မှိုင်ထိုင်နေသည်။

"ဘယ့်နှယ်လဲ ဒကာ၊ မျက်နှာ မသာမယာနဲ့ စိတ်ညစ်စရာ တွေ့နေသလား?"ဟု ဗုဒ္ဓက မေးတော်မူရာ. . .

"ချစ်မဝတဲ့ သားလှကလေးတယောက် သေဆုံးသွားသဖြင့် ဝမ်းနည်းပူဆွေး ငိုကြွေးရပါကြောင်း" လျှောက်ထားလေသည်။

"အင်း၊ ဒီလိုပဲ ဖြစ်ရမယ်၊ **သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသ** ဆိုတာ ချစ်ခြင်းကြောင့် ဖြစ်ရတာပဲ၊ ချစ်ခြင်းမှ အစပျိုးခဲ့တာပဲ"၊ ဗုဒ္ဓက တရားလမ်းကြောင်းဖြင့် မိန့်သည်။

"ဘယ့်နှယ် အရှင်ဘုရား၊ သောကပရိဒေဝဟာ ချစ်ခြင်းကြောင့် ဖြစ်တယ်ဆိုတာ မဟုတ်နိုင်ပါ၊ တပည့်တော် ဒီစကား လက်မခံနိုင်ပါ၊ ချစ်ခြင်းကြောင့် ပျော်ရ ရွှင်ရခြင်းသာ ဖြစ်နိုင်ပါသည်။"

ထိုဒကာသည် ဗုဒ္ဓ၏ စကားကို ကန့်ကွက်၍ ထပြန်သွားလေ၏၊ ထိုစဉ်က ဗုဒ္ဓနှင့် မလှမ်းမကမ်း သစ်ပင်ရိပ်အောက်မှာ ကစားသမားအချို့သည် ကြွေပစ်ကစားနေကြသည်၊ ထိုဒကာသည် ကစားဝိုင်းသို့သွားပြီး 'ရဟန်းဂေါတမက အချစ်ကြောင့် သောကပရိဒေဝ ဖြစ်တယ်၊ အချစ်ကြောင့် ငိုရတယ်'လို့ အမိန့်ရှိပုံ၊ သူက မဖြစ်နိုင်ဟု ကန့်ကွက်ပြီး အချစ်ကြောင့် ဝမ်းသာပျော်ရွှင်မှုသာ ဖြစ်နိုင်

ကြောင်း ပြန်ပြီး လျှောက်ခဲ့ပုံတို့ကို ပြောပြရာ ကစားသမားများက သူ့ဘက်မှ ထောက်ခံကြသည်။

ဤသတင်းသည် သာဝတ္ထိမြို့တွင်း ပျံ့နှံ့သွားသည်၊ နန်းတွင်းသို့ပင် ရောက်ရှိသွားသည်၊ ထိုအခါ ပသေနဒီကောသလဘုရင်ကြီးက မလ္လိကာ မိဖုရားကိုခေါ်ပြီး "ငိုရတာဟာ ချစ်ခင်ခြင်းကြောင့် ဖြစ်တယ်လို့ မင်းရဟန်း ဂေါတမက ဟော ဆိုပါလား"ဟု ပြောသည်၊ "မြတ်စွာဘုရားက ဟောတယ် ဆိုရင် မမှားပါဘူး၊ ဒီတိုင်းဖြစ်ရမှာပဲ"ဟု မလ္လိကာက အေးအေးဆေးဆေး ပြန်ပြောသည်။

"အင်း၊ မလ္လိကာကတော့ ဆရာပြောသမျှ "မှန်ပါတယ်၊ မှန်ပါတယ် ဆရာဆိုတဲ့ တပည့်ကျနေတာပဲ၊ ရဟန်းဂေါတမ ဟောသမျှ အမှန်ချည်းပဲ၊ သွား သွား သွား၊ အလွန်မုန်းစရာကောင်းတဲ့ မလ္လိကာ"၊ ဘုရင်ကြီးက စိတ်ဆိုးဆိုးနဲ့ အော်ငေါက်လွှတ်လိုက်သည်။

ထိုအခါ မလ္လိကာသည် အပြုံးမပျက် ပြန်လာခဲ့ပြီး နာဠိဇင်္ဃပုဏ္ဏားကို အပါးခေါ်ကာ "ဗုဒ္ဓဆီ သွားစမ်းပါ ပြာဟ္မဏ၊ ကျွန်ုပ်စကားနဲ့ မလ္လိကာက မြတ်ဘုရားအား ရှိခိုးလိုက်ပါကြောင်း၊ ကျန်းမာရေး မေးလျှောက်လိုက်ပါ ကြောင်း လျှောက်ထားပါ၊ ပြီးတော့ ပူဆွေးရ ငိုကြွေးရတယ်ဆိုတာ ချစ်ခြင်း ကြောင့် ဖြစ်တယ်လို့ မြတ်ဘုရားဟောပါသလား?လို့လဲ လျှောက်ပါလေ၊ အဲသည်အခါမှာ မြတ်ဘုရား အမိန့်ရှိတာကို သေသေချာချာ မှတ်ခဲ့၊ ဘုရားဆိုတာ ဘယ်တော့မှ အမှားမဟောဘူး"ဟု မှာကြားလွှတ်လိုက်သည်။

နာဠိဇင်္ဃပုဏ္ဏားသည် ဗုဒ္ဓထံရောက်၍ မလ္လိကာ မှာလိုက်သမျှတို့ကို လျှောက်ထားသည်၊ ထိုအခါ ဗုဒ္ဓက "ပူဆွေးရ ငိုကြွေးရတာဟာ ချစ်ခြင်း ကြောင့် ဖြစ်တယ်ဆိုတာ မှန်တယ်၊ ဒါကို နားလည်အောင် ရှင်းပြမယ်၊ ရှေးက ဒီ သာဝတ္ထိမြို့မှာပဲ မိခင်သေဆုံးသွားတဲ့ အမျိုးသမီးတဦးဟာ ပူဆွေးသောက ရောက်ပြီး ကျွန်မအမေ မမြင်ဘူးလားရှင်၊ ကျွန်မအမေများ မမြင်ဘူးလားရှင်' ဟု လူတကာ လျှောက်မေးပြီး အရူးမကလေး ဖြစ်သွားဖူးတယ်၊ ဒီလို ပူဆွေး ငိုကြွေးရတာဟာ မိခင်အပေါ် ချစ်ခြင်းကြောင့် ဖြစ်တာပဲမဟုတ်လား?။"

"ဒီ သာဝတ္ထိမြို့ကပဲ အမျိုးသမီးတစ်ဦးဟာ သူ့အိမ်သားနဲ့အတူ မိဘ ဆွေမျိုးများထံ သွားလည်တယ်၊ သူ့မိဘတွေက ဒီလူနဲ့ သဘောမတူဘူး၊ ဒီတော့ အတင်းခွဲပြီး သူတို့သဘောတူတဲ့ နောက်လူတစ်ယောက်နဲ့ နေရာချထားဖို့ စီမံကြတယ်၊ အမျိုးသမီးက ဒီအကြောင်း သူ့ယောကျ်ားကို ဖွင့်ပြောလိုက်တယ်၊ ယောကျ်ားလုပ်သူမှာ ပူဆွေးသောကရောက်ပြီး နောက်ဘဝမှာ ဆုံကြစို့ဟု ဆိုကာ သေကြောင်း ကြံလိုက်တယ်၊ ဒီအဖြစ်အပျက်က သောကပရိဒေဝဟာ ချစ်ခြင်းကြောင့် ဖြစ်တယ်ဆိုတာ ထောက်ခံနေတယ်"၊ ဗုဒ္ဓက ဤသို့ ရှင်းလင်း မိန့်ကြားတော်မူလေသည်။

နာဠိဇင်္ဃသည် ဗုဒ္ဓ၏ မိန့်ဆိုရှင်းလင်းချက်ကို မလ္လိကာအား ပြောကြားသည်၊ မလ္လိကာသည် လိမ္မာဖျတ်လတ်ပါးနပ်သည့် မိဖုရားပီပီ ဘုရင်ကြီးထံ ပြုံးရွှင်စွာ ချဉ်းကပ်၍ ဤသို့ စကားစသည်။

"ဘယ့်နှယ်လဲ အရှင်မင်းတရား၊ ဝဇီရီမင်းသမီးကို ချစ်တယ် မဟုတ်လား"

"ချစ်တာပေါ့ မလ္လိကာ"

"ဒါဖြင့် မပြောကောင်း ပြောကောင်း ခုနေများ ဝဇီရီမင်းသမီး နတ်ရွာစံသွားမယ်ဆိုရင် ပူဆွေး ငိုကြွေးရမှာပေါ့နော်"

"ပူဆွေးရ ငိုကြွေးရရုံ ဘယ်ကမလဲ၊ ငါ့အသက်တောင် ထိခိုက်သွားနိုင်တယ်"

"ခုလို မင်းတရား ပူဆွေး ငိုကြွေးရတယ်ဆိုတာ ဝဇီရီမင်းသမီးကို ချစ်လို့ပဲ မဟုတ်လား၊ ဒါကို ရည်ရွယ်ပြီး မြတ်စွာဘုရားက သောကပရိဒေဝဟာ ချစ်ခြင်းကြောင့် ဖြစ်တာလို့ ဟောခြင်းဖြစ်ပါတယ် အရှင်မင်းတရား"

မလ္လိကာက ခုလိုမေးပြီး လက်တွေ့ ရှင်းပြသောအခါ ကောသလဘုရင်ကြီးသည် သဘောကျကာ ကျေနပ်အားရလှသဖြင့် "အံ့စရာပဲ မလ္လိကာ၊ အံ့စရာပဲ၊ ဗုဒ္ဓဟာ အလွန် ထိုးထွင်းမြင်တတ်ပါပေတယ်၊ ကဲ. . . နှုတ်ကျင်းဖို့ ရေတခွက်ပေးစမ်း"ဟု ပြောဆို နှုတ်ကျင်းပြီးနောက် ဗုဒ္ဓရှိရာ တရိုတသေ

လက်အုပ်ချီလျက် **“နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ”** ဟု ဝမ်းသာရွှင်မြူး ဥဒါန်းကျူးလိုက်၏။

စာဖတ်သူသည် အချစ်၏နိဂုံးမှာ အပြုံးမဟုတ်၊ အငိုအရှိုက်သာ ဖြစ်ကြောင်း သဘောပေါက်ပြီးဖြစ်ရာ စိုးရိမ် ပူဆွေးရ၊ ငိုကြွေးရ၊ ဒုက္ခဖြစ်ရ၊ စိတ်ညစ်ရ၊ အသည်းကျွမ်းရဆိုသည့် ဒုက္ခအဝဝမှ သက်သာရာ ရလိုပါလျှင် အချစ် နည်းနည်းလျှော့ဖို့ လိုပါသတည်း။ ။

မေဃဗျူဟာစာစောင်၊ အတွဲ(၁၁)၊ အမှတ်(၉)
၁၃၃၄-ခုနှစ်၊ နတ်တော်လပြည့်၊ ဗုဒ္ဓဟူးနေ့



# မုန်းတံ့ကို ဖြေ

□ ကိုမာလာ

လူ့စိတ်တွင် မှီတွယ်ဖြစ်ပေါ်လာတတ်သော တဏှာပေမဖြင့် ချစ်ခြင်း၊ ဒေါသ အာဃာတဖြင့် မုန်းခြင်း၊ နှစ်မျိုးလုံး ဘယ်အရာမှ မကောင်းပေ၊ အချစ်အမုန်း နှစ်မျိုးလုံးသည် လက်ခံထားမိသူကို လှလှကြီး ဒုက္ခပေးတတ်ကြသည်။

ထိုတွင် ချစ်ခြင်းသည် အဆိပ်ခပ်ထားသော အဖျော်ယမကာနှင့် တူသည်၊ သောက်စတွင် ချိုမြမြမို့ အရသာရှိလှသော်လည်း အဆိပ်ဒဏ်ခံရသည့်အခါတွင်မူ သက်ပြတ်ကြွေမျှ ဒုက္ခရောက်ရလေသည်၊ ချစ်စ ခင်စ ပြုံးရယ်ရသော်လည်း မလွဲသာ၍ ခွဲခွာရသည့် အဆုံး၌မူ မပြုံးနိုင် မရွှင်အားသည်းကြားလှိုက်ဖို ရှိုက်ကြီးငိုရတော့သည်၊ *“ချစ်ခြင်းကြောင့် သောက ဖြစ်ရသည်၊ ချစ်ခြင်းကြောင့် ဘေးတွေ့ရသည်၊ ချစ်ခြင်းမှ လွတ်မြောက်ပြီးသူမှာ သောက မရှိနိုင်၊ ဘယ်မှာ ဘေးရှိနိုင်အံ့နည်း”*ဟု ဗုဒ္ဓက လက်တွေ့ သုံးသပ်ပြတော်မူခဲ့ပေသည်၊ ချစ်ခြင်းသည် ဒုက္ခအမျိုးမျိုး ပေးတတ်သောကြောင့် ဒုက္ခပေါ့လိုလျှင် အချစ်လျှော့ပါမှ ဖြစ်မည်။

အချစ်လျှော့သော်လည်း အမုန်းကိုတော့ လက်မခံသင့်ပေ၊ "ပေါ့စေ လို၍ ကြောင်ရုပ်ထိုး ဆေးအတွက်လေး" မဖြစ်စေသင့်၊ မုန်းခြင်းသည် အဆိပ် ခပ်ထားသော ဘူးခါးရည်နှင့် တူသည်၊ သောက်စတွင်လည်း ပျို့အန်ထွက်မျှ ခါးလှ နံလှသည်၊ အဆိပ်သင့်သောအခါလည်း သက်ပြတ်ကြွေမျှ ဒုက္ခနှင့် ရင်ဆိုင်ရလေသည်။

မုန်းခြင်းသည် ချစ်ခြင်းထက်ပင် ဆိုးသေးသည်၊ ချစ်ခြင်းမှာ အစတွင် ပျော်မဆုံးအောင် သာယာဖွယ်ရှိသော်လည်း မုန်းခြင်းမှာမူ သာယာဖွယ်ဟူက မြူတစ်မျှ မရှိချေ၊ "စစချင်း ဆောက်နဲ့ထွင်း" ဆိုတာမျိုး ဖြစ်သည်၊ မီးသည် တောက်လျှင်တောက်ချင်း ပူလောင်တတ်ပြီး ကြာလေ ပူလောင်လေ ဖြစ်သည်၊ မုန်းခြင်းသည် မီးနှင့်တူ၏၊ မုန်းစ မုန်းဆုံး တဟုန်းဟုန်း ပူလောင်တတ်သည်။

မုန်းခြင်းကို အဘိဓမ္မာဝေါဟာရဖြင့် 'ဒေါသ'ဟု ခေါ်သည်၊ ဒေါသ ဆိုသည်မှာ စိတ်၌ မှီတွယ်ဖြစ်တတ်သော စေတသိက်မျိုး ဖြစ်သည်၊ ဒေါသကို လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ဖြင့် အဋ္ဌကထာဆရာမြတ်တို့က ဤသို့ သရုပ်ဖော်ကြသည်။

*"ဒေါသသည် ရိုက်ပုတ်အပ်သော မြွေဆိုးပမာ ကြမ်းတမ်း ခက်ထန်သော လက္ခဏာရှိသည်၊ အဆိပ်မိထားသူအလား တုန်လှုပ်ချောက်ချားခြင်း ကိစ္စ ရှိသည်၊ တနည်းမှာ တောမီးပမာ မှီရာပုဂ္ဂိုလ်ကို လောင်တတ်သော ကိစ္စ ရှိသည်၊ အခွင့်သာသည်နှင့်တပြိုင်နက် ဒုက္ခပေးတတ်သော ရန်သူအလား ပြစ်မှားတတ်သောတရားဟု ယောဂီဉာဏ်အမြင်မှာ ထင်လာသည်၊ အာဃာတ ဝတ္ထုဟူသည့် နီးကပ်သော အကြောင်းရှိသည်၊ အဆိပ်ခပ်ထားသော နွား ကျင်ငယ်နှင့် တူလေသည်။"*

မုန်းခြင်းသည် အကြောင်းကင်းလျက် ဖြစ်လာနိုင်သော တရားမျိုး မဟုတ်၊ ဆိုင်ရာအကြောင်းတို့က စုပေါင်းဖန်တီးပေးလိုက်သော အကျိုးတရား မျိုးသာ ဖြစ်သည်၊ ယမ်းဖို ယမ်းမ၊ ပွတ်ခြစ်ပေးမှု လုံ့လ၊ ဤအကြောင်းသုံးမျိုးက စုပေါင်းဖန်တီးလိုက်သောကြောင့် မီးခြစ်ဆံမှာ မီးတောက်ကလေး ဖြစ်ပေါ် လာရသည်၊ အနိဋ္ဌာရုံနှင့် တွေ့ဆုံရခြင်း၊ နှလုံးသွင်းမှားခြင်းဟူသော အကြောင်း

နှစ်ရပ် ပေါင်းစပ်မိသောအခါ မုန်းခြင်းဒေါသ ပေါ်လာရပေသည်၊ “ဒင်းဟာ ငါနဲ့ ငါ့ချစ်ခင်သူရဲ့ အကျိုးမဲ့ကို အရင်ကလည်း လုပ်ခဲ့တယ်၊ ခုလည်း လုပ်တုန်းပဲ၊ နောင်လည်း လုပ်ဦးမှာပဲ၊ ငါနဲ့ မတဲ့သူရဲ့ အကျိုးကို အရင်ကလည်း လုပ်ခဲ့တယ်၊ ခုလည်း လုပ်တုန်းပဲ၊ နောင်လည်း လုပ်ဦးမှာပဲ”ဟု မကျေနိုင် မချမ်းနိုင် ဖြစ်ခြင်းဖြင့် အမုန်းတရား တိုးပွားလာနိုင်သည်။

မုန်းခြင်းသည် ဆိုးကျိုး ဆိုးမွေကို အပ်နှင်းတတ်သည်၊ မုန်းစိတ် ဝင်လာပြီဆိုကတည်းက မုန်းစိတ်ရှင်သည် ဦးစွာ ခံရလေသည်၊ မျက်ထောင့် နီလာသည်၊ အံကြိတ်ရသည်၊ တောက်ခေါက်မိသည်၊ တကိုယ်လုံး ဆတ်ဆတ် တုန်ကာ နေမချိ ထိုင်မထိ ဖြစ်ရသည်၊ မုန်းစိတ် ဆင်ရိုင်းကို အချိန်မီ ချွန်းမအုပ်နိုင်ပါလျှင် ကြောက်မက်ဖွယ် ကြေကွဲဖွယ်များနှင့် ရင်ဆိုင်ရတော့ သည်။

ဒေါသသည် အကျိုးလည်း မသိ၊ အကြောင်းလည်း မမြင်၊ ဒေါသနှိပ်စက် ခံနေရစဉ် ထိုသူအဖို့ မှောင်အတိကျလျက် ရှိသည်၊ မုန်းခြင်း၏ အပြစ်တို့ကား များလှစွာ၏၊ မုန်းခြင်းကြောင့် မိမိကိုယ်ကို ဆင်းရဲအောင်လည်း လုပ်သည်၊ သူတပါး ဆင်းရဲအောင်လည်း လုပ်သည်၊ သို့မဟုတ် နှစ်ဦးလုံး ဆင်းရဲအောင် လည်း လုပ်မိတတ်သည်၊ ကိုယ့်အကျိုးမှန်းလည်း မသိနိုင်၊ သူတပါးအကျိုး မှန်းလည်း မသိနိုင်၊ နှစ်ဦးလုံး၏ အကျိုးမှန်းပင် မသိနိုင်၊ ဒုစရိုက်ကိုလည်း မရှောင် နိုင်တော့ချေ။

မုန်းတုံ့မဖြေနိုင်ခဲ့လျှင် ကလဲ့စားချေခြင်းဖြင့် သံသရာ လည်ကြရမည်၊ ကြောင်နှင့် ကြွက်တို့သည်လည်းကောင်း၊ မြွေနှင့် မြွေပါတို့သည်လည်းကောင်း မုန်းတုံ့မပြေ ကမ္ဘာ့ရန်ဘက်ကြီးများ ဖြစ်လျက် နေကြသည်၊ ရှေးက ကြို့ပင်စောင့် နတ်နှင့် ဝက်ဝံတို့သည် မုန်းတုံ့မပြေ အချင်းချင်း ပျက်စီးစေခဲ့ကြလေသည်၊ လူမျိုးအချင်းချင်းလည်းကောင်း၊ နိုင်ငံအချင်းချင်းလည်းကောင်း၊ မုန်းစိတ် ပွားနေကြပါလျှင် အဆုံးမသတ်နိုင်သော စစ်ပွဲကြီးများကို ဆင်နွှဲနေကြလေ ဦးမည်၊ ဗုံးသံ၊ အမြောက်သံ တကမ္ဘာလုံး ညံလျက် နေပေဦးမည်၊ ယမ်းငွေ့ ယမ်းနံ့တို့သည် ကမ္ဘာအနှံ့ လှိုင်ပျံ့နေပေဦးမည်။

မုန်းခြင်း၏ အပြစ်တို့ကို နစ်နစ်နောနော စောကြောဆင်ခြင်ကာ မုန်းစိတ်ကို ပယ်ခွာရမည်၊ မုန်းစိတ်ဆင်ရိုင်းကို ချွန်းအုပ် နှိမ်နင်းရမည်၊ မုန်းစိတ်မီးပွား မကြီးထွားမီက ဆီးတား ငြိမ်းသတ်ကြရမည်၊ မုန်းစရာတွေ့သော်လည်း မုန်း၍မနေ မုန်းတုံ့ကို ဖြေရမည်၊ မုန်းတုံ့ကို မည်သို့ ဖြေမည်နည်း?၊ မစင်အညစ်အကြေး လူးပေနေသောနေရာကို မစင်ဖြင့် ဆေးကြော၍ မရ၊ အမုန်းကို အမုန်းဖြင့် တုံ့ပြန်နေ၍ အမုန်းမပြေနိုင်၊ ခန္တီ,မေတ္တာဖြင့် တုံ့ပြန်မှသာ ပြေနိုင်ပေသည်။

"ဒင်း ငါ့ကို ဆဲဖူးတယ်၊ ငါ့ကို ရိုက်နှက်ဖူးတယ်၊ ငါ့ကို အနိုင်ယူဖူးတယ်၊ ငါ့ပစ္စည်း မတရားယူဖူးတယ်" စသည်ဖြင့် မုန်းစိတ်နှောင်ကြိုး အမျိုးမျိုး အထပ်ထပ် ရစ်ပတ်နေသူမှာ ရန်မငြိမ်းနိုင်၊ မုန်းတုံ့မပြန် သည်းခံ မျက်ဖြေသူများမှာသာ ရန်ငြိမ်းနိုင်ပေသည်၊ ပုဂံခေတ်က အနန္တသူရိယသည် "သူတည်းတယောက်၊ ကောင်းဖို့ရောက်မူ၊ သူတယောက်မှာ၊ ဖျက်လင့်ကာသာ၊ ဓမ္မတာတည်း"ဖြင့် မုန်းတုံ့ကို ဖြေခဲ့သည်။

မြတ်ဗုဒ္ဓက မုန်းတုံ့ဖြေနည်းကို ဤသို့ သွန်သင်ပြသ ဆုံးမတော်မူခဲ့သည်၊ "မိမိ မုန်းမိသည့်ပုဂ္ဂိုလ်အပေါ် မေတ္တာပွားခြင်း၊ ကရုဏာထားခြင်း၊ ဥပေက္ခာပြုခြင်း၊ မေ့ပျောက်ပစ်ခြင်း၊ ကံပိုင်ရှင်သဘောကို အခိုင်အမာ စွဲကိုင်ထားခြင်းဖြင့် ဖြစ်ပေါ်လာသော မုန်းစိတ်ကို အကြွင်းမဲ့ ပယ်ဖျောက်ပစ်ရမည်"ဟူ၏။

အကြောင်းတခုခုကြောင့် တစုံတယောက်သောသူကို မုန်းမိပြီဆိုပါက ထိုပုဂ္ဂိုလ်ကို မေတ္တာပို့ရမည်၊ မုန်းနေသူကို မေတ္တာပို့ရသည်မှာ လူတိုင်းအဖို့ လွယ်လှမည် မဟုတ်ပေ၊ သို့ရာတွင် ထိုသူ၏ မုန်းစရာအကွက်များကို ပယ်လှန်၊ ခင်မင်စရာ အကွက်များကိုသာ ရှာကြံပြီး ထိုအကွက်ကို ဆုပ်ကိုင်ကာ မေတ္တာပွားရမည်၊ ရေငတ်လာသော နွေခရီးသည်သည် ညွန်မှော်ဖုံးနေသော ရေအိုင်ကြီးမှ ညွန်မှော်တို့ကို အသာဖယ်ပြီး ရေကိုသာ သောက်သကဲ့သို့တည်း။

မေတ္တာပို့၍မှ မုန်းစိတ် မပြေလျှင် ထိုသူ၏ ပျော့ကွက် ညံ့ကွက်သနားစရာအကွက်တို့ကို ရှာကြံပြီး ကရုဏာ ပွားရမည်၊ သို့မှ မုန်းစိတ် မပြေသေး

လျှင် ချစ်စိတ် မဝင်သလို မုန်းစိတ်လည်း မဝင်စေပဲ အလယ်အလတ် သဘောတွင် ခိုင်မာစွာ ရပ်တည်သည့် ဥပေက္ခာတရားကို လက်ကိုင်ထားပြီး မုန်းတုံ့ဖြေရမည်၊ သို့မှ မုန်းစိတ်မပြေသေးဘူးဆိုလျှင် ထိုပုဂ္ဂိုလ်ကို မေ့ပစ်လိုက်ရမည်၊ သူ့အကြောင်းကို စိတ်ကူးပင် မထည့်ပဲ နေရမည်၊ သို့တိုင် မုန်းစိတ် မပြေသေးဘူးဆိုလျှင် ကံပိုင်ရှင်သဘောကို အခိုင်အမာ စွဲကိုင်ခြင်းဖြင့် မပြေပြေအောင် မုန်းတုံ့ကို ဖြေရမည်၊ "သူ့ကံနဲ့သူ ဖြစ်မည့်လူကို ငါက မုန်းနေတော့ကော ဘာလုပ်ဦးမှာလဲ"ဟု ဆင်ခြင်သုံးသပ်ခြင်းဖြင့် အမုန်း ဇာတ်သိမ်းအောင် လုပ်ရမည်၊ မုန်းတုံ့ကိုဖယ် မေတ္တာတုံ့လှယ်ကြရမည်။

လူတိုင်းလူတိုင်း ဤသို့ မုန်းတုံ့ကိုဖယ် မေတ္တာတုံ့လှယ်ကြမှသာလျှင် သာယာပျော်ရွှင်ဖွယ်ကောင်းသော ဘဝကို ကြုံတွေ့နိုင်ပေသည်၊ လူအချင်းချင်းလည်းကောင်း၊ လူမျိုးအချင်းချင်းလည်းကောင်း၊ နိုင်ငံအချင်းချင်း လည်းကောင်း မုန်းတုံ့ပယ်လှန် မေတ္တာတုံ့ပြန်မှသာလျှင် ကမ္ဘာကြီး ထာဝရ ငြိမ်းချမ်းသာယာနိုင်ပေမည်၊ လူမျိုးအချင်းချင်း မုန်းစိတ်ပွားကာ အတော မသတ် အရက်စက်ဆုံး အကြမ်းကြုတ်ဆုံး ဆင်နွှဲနေကြသော လူသတ်စစ်ပွဲ ကြီးများလည်း အကန့်အသတ် မရှိ ရပ်နားသွားကြပေလိမ့်မည်၊ အမြောက်သံ ဗုံးသံတိတ်၍ မေတ္တာပို့သံတွေ တကမ္ဘာလုံး ညံလာပေလိမ့်မည်၊ ယမ်းခိုး ယမ်းနံ့ တွေ ကင်းရှင်း၍ မေတ္တာရနံ့တွေ ကြိုင်သင်းလာပေလိမ့်မည်၊ သို့ကြောင့်မို့ ရရှိလာသည့် ဘဝလေး တန်ဖိုးရှိလေအောင် ကမ္ဘာကြီး ငြိမ်းချမ်းသာယာ လေအောင် **"မေတ္တာတုံ့ဝေ မုန်းတုံ့ဖြေကြပါ"**ဟု အထပ်ထပ် ပြောချင်ပါ သတည်း။ ။

**မေ့ဗျူဟာစာစောင်၊ အတွဲ(၁၁)၊ အမှတ်(၁၁)**
**၁၃၃၄-ခုနှစ်၊ တပို့တွဲလပြည့်၊ စနေနေ့**



# ဘဝစက်ဝန်း ချာချာလည်

□ **ကိုမာလာ**

အဝိဇ္ဇာက ဘဝ၏အပြစ်ကို မမြင်ရအောင် အမှောင်ချ ကွယ်ကာထားသည်၊ တဏှာက ဘဝကို မက်မောသာယာ တွယ်တာသည်၊ ကံတရားက ထိုထိုဘဝသို့ ပစ်ချလိုက်သည်၊ ကံပစ်ချရာဌာနမှာ ပဋိသန္ဓေဝိညာဏ် တည်နေသည်၊ ဤတွင် ဘဝတခု အစပြုသည်။

တဖန် ရရှိထားသောဘဝမှာ အဝိဇ္ဇာက ကွယ်ကာပြန်သည်၊ တဏှာက တွယ်တာပြန်သည်၊ ထိုအခါ ကိုယ်ဖြင့်လုပ်၊ နှုတ်ဖြင့်ပြော၊ မနောက ကြံစည် အလီလီသော ကံတရားများကို ပြုမိလေ၏၊ ထိုကံတွေက ဘဝအတန်တန်ကို ဖန်တီးကြပြန်သည်၊ ရှည်ဝေးခဲ့ရသည်၊ ဘဝစက်ဝန်းကြီး ချာချာလည်ခဲ့ရသည်။

အဝိဇ္ဇာနှင့် တဏှာသည် ဘဝစက်ဝန်း၏ **'ပုံတောင်း'**ဖြစ်သည်၊ ကံတွေက**'အကန့်'**၊ ဇရာ မရဏကား **'အကွပ်'**ဖြစ်သည်၊ ပုံတောင်း၊ အကန့်၊ အကွပ် ဤသုံးရပ် ပေါင်းစပ်ထားသော ဘဝစက်ဝန်းသည် အစမထင် သံသရာမှာ အစဉ်မပြတ် လည်ပတ်လာခဲ့သည်၊ ဘဝစက်ဝန်း ချာချာလည်နေသမျှ မရေ

တွက်နိုင် မဆုံးနိုင်သော ဒုက္ခအမျိုးမျိုးကို တွေ့ကြုံ ခံစားကြရသည်၊ ဘဝစက်ဝန်း အလည်ရပ်မှသာဒုက္ခတွေ အဆုံးသတ်သွားပေလိမ့်မည်။

ဘဝစက်ဝန်းကြီး မလည်နိုင်အောင် မည်သို့ ပြုလုပ်ရမည်နည်း?၊ မြတ်ဘုရား ဟောကြားခဲ့သော မဇ္ဈိမပဋိပဒါလမ်းစဉ်ကို ကျင့်သုံးပြီး အရဟတ္တမဂ်ဉာဏ် ပုဆိန်ကို အရယူကာ ဘဝစက်ဝန်းကြီးကို ထုခွဲ ဖြိုဖျက်ပစ်ခြင်းဖြင့် မလည်နိုင်အောင် ပြုလုပ်ရပေမည်၊ အရဟတ္တမဂ်ဉာဏ် ပုဆိန်ဖြင့် အဝိဇ္ဇာ တဏှာ ပုံတောင်းကို ထောင်းထောင်းကြေအောင် ထုခွဲပစ်ရမည်၊ ပုံတောင်း ကြေသွားလျှင် ကံတည်းဟူသော အကန့်တို့လည်း ဖရိုဖရဲ ပြိုကွဲလဲကျသွားပေလိမ့်မည်၊ ဇရာမရဏ အကွပ်လည်း ရပ်တည်ခွင့် မရတော့ချေ၊ ဤမျှဖြင့် ဘဝစက်ဝန်းကြီးသည် ပြိုကွဲလဲကျ အဆုံးသတ်သွားရတော့သည်၊ ဤနှယ် ဘဝစက်ဝန်းကြီး ပြိုကွဲလဲကျ အဆုံးသတ်သွားရခြင်းသည်ပင် ဘဝချုပ်ငြိမ်းရာ နိဗ္ဗာန်ဖြစ်သည်။

ဘဝချုပ်ငြိမ်းရာ နိဗ္ဗာန်ကား ဒုက္ခခပ်သိမ်း အေးငြိမ်းရာဖြစ်သည်၊ ဘဝအပြစ်ကို နစ်နစ်နာနာ သိမြင်သည့် ပုဂ္ဂိုလ်မွန်တို့၏ စံပျော်ရာဖြစ်သည်၊ ဘေးကင်းရန်ကွာ အေးချမ်းရာ ဖြစ်သည်၊ ဘဝဒုက္ခ ကြောက်လှသူတို့၏ ခိုလှုံရာ ဖြစ်သည်၊ သို့ရာတွင် ဘဝ၏အပြစ်ကို မမြင်၊ ဘဝကို ခင်မင်နေကြသူ ပုထုဇဉ်တို့က နိဗ္ဗာန်ဆိုသည်မှာ မျှော်လင့်ချက် ကင်းမဲ့ရာဌာန ဖြစ်သည်ဟု မြင်နေကြသည်၊ အသူတရာ နက်လှသည့် ချောက်ကမ်းပါးကြီးအလား ကြောက်စရာဟု ထင်မှတ်မှားနေကြသည်၊ ရဲရဲညီးသည့် မီးတောက်ကြီးအသွင် တွေးထင်ကြောက်ရွံ့ မကပ်ဝံ့ ရှိနေကြသည်၊ သို့ဖြစ်ရသည်မှာ အဝိဇ္ဇာ တဏှာတည်းဟူသော အကွယ်အကာနှင့် အတွယ်အတာ မကင်းကြသေးသဖြင့် ဘဝအပြစ်ကို မမြင်နိုင်ကြသေးသောကြောင့် ဖြစ်ပေသည်၊ ဘဝအပြစ်ကို မမြင်သေးသမျှ ဘဝချုပ်ရာ နိဗ္ဗာန်ကို မြတ်နိုးတတ်ဦးမည် မဟုတ်ပေ။

ဘဝအပြစ်မြင်အောင် မဇ္ဈိမပဋိပဒါလမ်းစဉ်ကို ကျင့်သုံးပြီး အကွယ်အကာကို လှပ်ရမည်၊ အတွယ်အတာကို ဖြတ်ရမည်၊ အကွယ်အကာရှင်း၍ အတွယ်အတာ ကင်းသွားလျှင် ဘဝအပြစ်ကို ထင်းထင်းကြီး မြင်လာပေ

လိမ့်မည်၊ ဘ၀အပြစ် မြင်လေလေ ဘ၀ချုပ်ရာ နိဗ္ဗာန်ကို မြတ်နိုးတတ်လေလေ ဖြစ်လာမည်၊ ထိုအခါ ဘ၀ကို တော်လှန်၍ နိဗ္ဗာန်နှင့် လျော်ကန်သောအကျင့်ကို အရိုးကြေကြေ အရေခန်းခန်း မသွေတမ်း ကြိုးပမ်းတော့သည်။

ဤတွင် ဘ၀အပြစ်ကို ကိုယ်တွေ့ သိမြင်ကာ သံဝေဂကြီးစွာဖြင့် ဘ၀ချုပ်ရာ နိဗ္ဗာန်သို့ အရောက်လှမ်းခဲ့ကြသည့် ဘ၀ခရီးသည် သုံးဦး၏ ကြေကွဲဖွယ် အတ္ထုပ္ပတ်ကို သာဓကတရပ်အဖြစ် တင်ပြလိုပေသည်။

သာဝတ္ထိပြည်မှ အမျိုးသမီးလေးတဦးသည် ကုန်သည်လေးတဦးနှင့် အကြောင်းပါသည်၊ ကုန်သည်လေးသည် ရခါစ ဇနီးငယ်ကို မိဘထံ အပ်နှံ၍ ရာဇဂြိုဟ်ပြည်ဘက်သို့ ကုန်ရောင်း ကုန်ဝယ် ထွက်လာခဲ့သည်၊ တလ၊ နှစ်လ၊ သုံးလ၊ လေးငါးခြောက်လ ကြာသောအခါ အမျိုးသမီးငယ်မှာ ကိုယ်ဝန် ထင်ရှားလာသည်၊ ထိုအခါ ယောက္ခမများက သူတို့သား မရှိခိုက် ယောက်ျား တပါးနှင့် ဖောက်ပြားသည်ဟု စွပ်စွဲကာ အိမ်မှ နှင်ချလိုက်ကြသည်၊ အမျိုး သမီးလေးသည် အမျိုးမျိုး တောင်းပန် ရှင်းပြ၍ မရသည့်အဆုံး မျက်နှာငယ်ငယ် နှင့် အိမ်ပေါ်မှ ဆင်းခဲ့ရသည်။

မိမိအိမ်သား ကုန်ရောင်းသွားရာ ရာဇဂြိုဟ်သို့ လိုက်ခဲ့သည်၊ ရှာရ ဖွေရ နှစ်လကျော် သုံးလကြာမှ ရာဇဂြိုဟ် အနီးသို့ ရောက်လာခဲ့သည်၊ ရက်တွေ ကလည်း ကျွမ်း၊ ခရီးကလည်း ပန်း၊ စိတ်ကလည်း နွမ်းနှင့် မလှမ်းချင်အောင် ဖြစ်လာသည်၊ ခရီးတထောက်နားရန် ရာဇဂြိုဟ်အနီး ဇရပ်တခုသို့ ဝင်သည်၊ သည်တွင် ကလေးမျက်နှာ မြင်လေသည်၊ ကူညီမည့်သူ မလာ၊ ကိုယ်တိုင် သာ လက်သည် လုပ်ရရှာပေသည်၊ ကလေးသိပ်ကာ ရေရှာထွက်ရ ပြန်သည်၊ ပြန်လာသောအခါ ကလေး ပျောက်နေတော့၏။

ဤတွင် ပဋာစာရီ အရူးတပိုင်း ဖြစ်ရှာရပြန်သည်၊ ငိုခဲ့ရ ရှိုက်ခဲ့ ရပေါင်း များလှပြီဖြစ်၍ သည်တခါ မငိုနိုင် မရှိုက်အား မျက်ရည်များလည်း ခန်းလှလေပြီ၊ တပူပေါ် တပူဆင့်ကာ ကံဆိုးမသွားရာ မိုးလိုက်လို့ ရွာခဲ့သည်၊ ဘယ်ဝယ်စခန်း ဘယ်သို့ လှမ်းရမည်မသိ၊ ခြေဦးတည့်ရာ ထွက်လာမိသည်၊ အန္တရာယ်မကင်းသည့် တောလမ်းခရီးကို လျှောက်နေမိသည်၊ “တောတွင်းမှာ

စောရဗိုလ်တဦးနှင့် တွေ့ဆုံသည်၊ စောရဗိုလ်သည် မြင်မြင်ချင်း ကရုဏာသက်လာသည်၊ ညှိုးရော်နွမ်းလျနေသော ပန်းကိုမှ မြတ်နိုး ကြင်နာပြန်သည်၊ စောရဗိုလ်နောက် လိုက်ခဲ့ရပြန်သည်။

စောရဗိုလ်နှင့် သမီးကလေးတယောက် ရသည်၊ တနေ့တွင် အခန့်မသင့်၍ လင်မယား စကားများကြရာ စိတ်ကြီးလှသော အမျိုးသမီးသည် ရင်သွေးငယ်ကို ကုတင်ပေါ် ပစ်ချလိုက်၏၊ ရင်သွေးငယ်ခမျာ ကြားက ခေါင်းကွဲရရှာသည်၊ သည်တွင် လင်သားကြောက်၍ မနေဝံ့သဖြင့် ရာဇဂြိုဟ်သို့ ထွက်ပြေးခဲ့သည်၊ သည်နောက် ရာဇဂြိုဟ်မှာ ဖြစ်သလို နေထိုင်စားသောက်ကာ ဘဝကို ရင်ဆိုင်ရသည်။

မကြာလှပေ၊ ရာဇဂြိုဟ်မှ လူငယ်တစ်ဦးနှင့် အကြောင်းပါပြန်သည်၊ ထိုလူငယ်သည် နောက်တွင် အမျိုးသမီးတဦးနှင့် လက်ထပ်ပြန်၍ မယားနှစ်ယောက် အတူထားကာ လုပ်ကိုင် ကျွေးမွေးနေသည်၊ သူတို့အိမ်ထောင်သည် ညီညွတ်၏၊ သာယာ၏၊ တဦးနှင့်တဦး ကြင်နာကြ၏၊ သူတို့ သုံးဦးသည် ကိုယ့်အကြောင်း ကိုယ်မသိကြ၊ သို့သော် သွေးက သူတို့အကြောင်းကို ပြောပြနေသည်၊ မရိပ်မိကြသေး။

တနေ့သောအခါ မယားကြီးလုပ်သူက မယားငယ်ကို သန်းရှာပေးသည်၊ သန်းရှာရင်း ခေါင်းမှ အမာရွတ်ကလေးကို အမှတ်မထင် မြင်လိုက်သည်၊ ထိုအခါ မယားကြီးသည် တစုံတခု သတိရဟန် တွေသွားသည်၊ ငိုင်နေသည်၊ မျက်လုံးအိမ်မှ မျက်ရည်တွေ ပြည့်လျှံလာကာ မိုးနှယ် ရွာချသည်၊ မိမိအိမ်သား၏ အငယ်အနှောင်းဖြစ်သူကို တင်းကြပ်စွာ ဖက်ထားပြီး ရှိုက်သံကြားမှ ပေါ် ထွက်လာသော အသံကား "သမီး သမီး၊ ငါ့သမီးမှ ငါ့သမီး"၊ အံ့အားသင့်ပြီး ကြောင်ကြည့်နေရှာသော မယားငယ်ကို မယားကြီးက ရှိုက်ကာ ရှိုက်ကာ ဇာတ်ကြောင်းပြန်သည်၊ သည်တွင် မနေနိုင်တော့ပဲ အမေ့ရင်ခွင်ကြား တိုးဝင်ကာ ခေါင်းဖြင့်ခွေ့ပြီး ငိုတော့သည်၊ စောရဗိုလ်နှင့် ရခဲ့သည့် သမီး၊ ယောကျ်ားတဦး၏ မယားကြီး မယားငယ်အဖြစ် ပြန်လည် ဆုံတွေ့ရသည့် အမေနှင့် သမီး။

ထိုအခိုက် မယားနှစ်ဦး၏ အဖြစ်ထူးကို သိရ၍ ကြောင်ကြည့်နေသော လင်ယောကျ်ားသည် မယားကြီး၏ ပြောစကားကို နားစိုက်နေမိသည်၊ ဇရပ်ပေါ်မှာ မွေးကာစ ပျောက်သွားသော သားကလေးအကြောင်း ပြောနေသည်၊ ယောကျ်ား လုပ်သူသည် ထိုအကြောင်းကြားသောအခါ တွေသွားသည်၊ ငိုင်နေသည်၊ မျက်လုံးအစုံမှ မျက်ရည်တွေ လျှံကျကာ "ဘာတဲ့-ဘာတဲ့၊ ဇရပ်ပေါ်မှာ ပျောက်သွားတဲ့သူဟာ သား ဟုတ်လား၊ အဲဒါ အဲဒါ ကျွန်တော်ပဲ၊ ကုန်သည် တယောက်က ကျွန်တော်ကို ခေါ်သွားပြီး မွေးစားတာ၊ ဒီအကြောင်း သူတို့လည်း ပြောဖူးတယ်၊ ခင်ဗျားဟာ ကျွန်တော့အမေပေါ့"၊ ပြောပြောဆိုဆို လဲကျသွားသည်၊ အတန်ကြာအောင် ရှိုက်သံ ငိုသံ တအိမ်လုံး ညံနေသည်။

သူတို့သုံးဦးသည် ကြေကွဲဖွယ် ဇာတ်လမ်းတပုဒ် ကပြခဲ့ကြရပြီး သားအမိသုံးဦးမှ လင်မယားသုံးဦးအဖြစ် တကယ်ကရတော့ ဇာတ်နာလွန်းသည်၊ ဘဝ၏ ကျီစားမှုကို တရားလွန် ခံရကြသဖြင့် ဘဝကို အလွန့်အလွန် နာကြည်းကြသည်၊ ဘဝကို အရွံမုန်းတကာ့ အရွံမုန်းဆုံး ဖြစ်သူများတွင် သူတို့သုံးဦးက ပိုသည်၊ သားအမိဖြစ်လျက် လင်မယား ဖြစ်ရသည်ကိုတော့ ခွင့်မလွှတ်နိုင်အောင် နာကြည်းမိကြသည်။

သားအမိ မောင်နှမမှန်း သိရသောအခါ အချစ်တဏှာညစ်မှ မေတ္တာစစ် ဝင်လာသည်၊ အမေဖြစ်သူကို မောင်နှစ်မ နှစ်ဦးက ဝဲယာတွဲယှက် ဖက်ထားကြသည်၊ ထိုအခါ အမိမေတ္တာစစ်ဖြင့် သားနှင့်သမီးကို ယုယစွာ ပွတ်သပ်ပြီး ရှိုက်သံကြားမှ အကြင်နာထားကာ ခေါ်လိုက်သည်။

"သား"

"သမီး"

"မေမေ"

သူတို့သည် ဘဝ၏ဒဏ်ကို လှလှကြီး ခံခဲ့ကြရသဖြင့် ဘဝကို အကြောက်ကြီး ကြောက်သွားကြလေပြီ၊ မှောင်အတိ ကျလျက်ရှိသော ဘဝခရီးကြမ်းကြီးကို ဖြတ်သန်းခဲ့ကြရသဖြင့် အလင်းသို့ ရောက်လိုသောဆန္ဒ ပြင်းပြလျက်ရှိကြသည်၊ ဤတွင် သူတို့စိတ်မှာ အသိဉာဏ်ရောင် ဝင်းလက်လာပြီး

တစုံတခုကို လမ်းညွှန်ပြလိုက်သည်၊ ဆိုးအို ညှိုးလျနေသော သူတို့၏ မျက်နှာသည် အတန်ငယ် လန်းဆန်းရောင် သမ်းလာသည်၊ သူတို့သည် ဤသို့ သဘောတူဆုံးဖြတ်လိုက်ကြ၏။

"ဂေါတမမြတ်ဘုရားထံ ရှင်ရဟန်း ပြုကြစို့"

အမေနှင့် သမီးတို့သည် ဘိက္ခုနီလုပ်၍ ရဟန္တာမ အဖြစ်သို့ ရောက်ကြလေသည်၊ သားလည်း ရဟန်းပြု၍ ရဟန္တာအဖြစ်သို့ ရောက်ကာ ဂဂ်ီတိရိယထေရ်ဟု ထင်ရှား၏၊ သူတို့သည် ဘဝအပြစ်ကို နဖူးတွေ့ ဒူးတွေ့ သိမြင်ကြ၍ ဘဝကို ရွံမုန်း ငြီးငွေ့ကာ ဘဝချုပ်ရာ နိဗ္ဗာန်သို့ အရောက်လှမ်းခဲ့ကြလေပြီ။

ဘဝဆိုသည်မှာ မရေတွက်နိုင်သော ဒုက္ခတို့၏ စုဝေးရာဌာနကြီးဖြစ်သည်၊ တောနက် သီခေါင် အမှောင်ကြီး မှောင်ရာဌာန ဖြစ်သည်၊ အန္တရာယ်ပေါသည့် ပင်လယ်ကြောကြီး ဖြစ်သည်၊ အလွန်မနီးသည့် ကန္တာရခရီးကြီးဖြစ်သည်၊ ''*မစင်သည် အနည်းငယ်ဖြစ်စေ မကောင်းသော အနံ့ရှိ၏၊ ဘဝဆိုသည်မှာလည်း လက်ဖျစ်တစ်တီး အချိန်လောက်ပင်ဖြစ်စေ ချီးကျူးဖွယ်မရှိချေ*"ဟု မြတ်ဘုရား ဟောကြားခဲ့ပေသည်။

ပဋိသန္ဓေနေရသည့် ဒုက္ခ၊ အိုရသည့် ဒုက္ခ၊ နာရသည့် ဒုက္ခ၊ သေရသည့် ဒုက္ခ၊ ချစ်ခင်မြတ်နိုးသည့် ပစ္စည်းဥစ္စာ ပုဂ္ဂိုလ်သတ္တဝါတို့နှင့် ကွဲရသည့် ဒုက္ခ၊ မမြင်လို မတွေ့လိုသည့် အနိဋ္ဌာရုံတို့နှင့် တွေ့ကြုံ ဆုံဆည်းရသည့် ဒုက္ခ၊ လိုချင်တိုင်း မရသည့် ဒုက္ခ အဝဝကား ဘဝမှာသာ တွေ့ရကြုံရသည့် ဒုက္ခများ ဖြစ်ပေသည်၊ ဘဝဟူက ထိုဘဝ ဤဘဝ ဘယ်ဘဝမှ မကောင်းပေ၊ ဤသို့ ရှုမြင်သုံးသပ် အထပ်ထပ် စဉ်းစားပါလျှင် ဘဝအပြစ်ကို မြင်လာနိုင်ပေသည်၊ ဘဝအပြစ်ကို မြင်မှ ဘဝချုပ်ရာ နိဗ္ဗာန်ကို မြတ်နိုးတတ်မည်၊ ဘဝချုပ်ရာ နိဗ္ဗာန်ကို မြတ်နိုးတတ်မှ ဘဝမှ လွတ်မြောက်အောင် ကြိုးစားပေမည်၊ ထိုသို့ ကြိုးစားမှ ချာချာလည်နေသော ဘဝစက်ဝန်းကြီး ပြိုကွဲတန့်ရပ် အဆုံးသပ်သွားမည် ဖြစ်ပါသတည်း။

**မွေ့ဗျူဟာစာစောင်၊ အတွဲ(၁၂)၊ အမှတ်(၁)**

**၁၃၃၅-ခုနှစ်၊ တန်ခူးလပြည့်၊ အင်္ဂါနေ့**



# အနန္တဓိန

**□ အသျှင်နန္ဒမာလာဘိဝံသ**

“ငါ့ရှင်! သင့်ဣန္ဒြေကား ကြည်လင်တောက်ပြောင်လှသည်၊ အရေအဆင်းကလည်း သန့်ရှင်းဝင်းလက်နေသည်၊ ငါ့ရှင်သည် အဘယ်သူ့ကို ရည်စူးဦးတည်ပြီး ရဟန်းပြုခဲ့ပါသနည်း?၊ ငါ့ရှင်၏ ဆရာကား အဘယ်သူနည်း?၊ အဘယ်သူ၏ တရားကို ငါ့ရှင် နှစ်သက်ပါသနည်း?။”

ဝါဆိုလပြည့်နေ့ နံနက်ခင်းသည် သာသာယာယာရှိသည်၊ ပြာလဲ့လဲ့ကောင်းကင်ပြင်မှာ ဂွမ်းပုံကြီးအလား ဆွတ်ဆွတ်ဖြူနေသော တိမ်လွှာကြီးများ တရွေ့ရွေ့ သွားနေသည်ကို မြင်ရသည်၊ မြိုင်ယံခင်တန်းမှ တောပန်းတောင်ပန်းတို့သည် မြင်သူ ခူးချင်အောင် ဖူးပွင့် ကြိုင်လှိုင်နေကြသည်၊ ဖြိုးဖြိုးဖျတ်ဖျတ် တောင်လေတိုက်ခတ်တိုင်း ယိမ်းနွဲ့လှုပ်ရှားနေသော သစ်ပင်တို့ကို ကြည့်ရသည်မှာ အကပြိုင်နေကြသလို ရှိသည်၊ လေဖိတိုင်း ပြိုအိလှုပ်ရှားနေသော ကောက်ပင်စိမ်းစိမ်းတို့ကလည်း မြစ်တွင်းမှာ လှိုင်းပြေပြေ ထနေသည်နှင့် တူလှသည်။

သည်အခြေမျိုးမှာ သုံးဂါဝုတ်ခန့် ကွာလှမ်းသော ဗောဓိနှင့် ဂယာအကြားရှိ လမ်းကျဉ်းကလေးပေါ်တွင် ခရီးသည်တဦး ရောက်ရှိနေသည်၊ သူကား အာဇီဝကတစ်ဦး ဖြစ်သည်၊ ဟောင်းနွမ်းညစ်ပေနေသော အဝတ်တထည်ကို အပေါ်တွင် သိုင်းခြုံထားသည်မှအပ အောက်ပိုင်းတွင် ဗလာကျင်းထားသည်၊ တရော်ကင်ပွန်းနှင့် ကင်းသည့်ပြင် ဆီမသွင်း ဘီးမဖြီးပဲ ထား၍ ရှုပ်ထွေးနေသော ဆံကျစ်၊ ထူလပျစ် ပေါက်နေသော မုတ်ဆိတ် ကျင်စွယ်များအကြားမှ အိုမင်းရင့်ရော်နေသော မျက်နှာကို မြင်ရသည်၊ အသက်အရွယ်ကြီးရင့်ခြင်း၊ ခြိုးခြံသော အကျင့်ဖြင့် ဆင်းဆင်းရဲရဲ နေခဲ့ရခြင်းကြောင့် မွဲခြောက်တွန့်လိမ်နေသော အသားအရေရှိသည်။

"အင်း . . . မနက်ဖြန်ဆို မိုးတွင်းရောက်တော့မယ်၊ ဝက်ဟာရဇနပုဒ်က လုဒ္ဒကရွာကို စောစောရောက်အောင် သွားမှပဲ၊ ငါ့ဒကာ မုဆိုးကြီးလည်း ဒီကနေ့ မျှော်နေရောပေါ့"၊ ခရီးစဉ်ကို တွေးတောရင်း နှုတ်မှ ဖွင့်ထုတ်ရေရွတ်ကာ မုတ်ဆိတ်မွေးကို လက်တဖက်ဖြင့် ဆွဲသပ်၍ အတန်ငယ် ခေါင်းမော့ပြီး ရှေ့ခရီးကို မျှော်ကြည့်လိုက်သည်၊ ထိုအခါ သူ၏ မျက်လုံးအစုံသည် ပြူးကျယ်လာပြီး ခပ်သွက်သွက်လှမ်းလာသော ခြေလှမ်းသည် တုံ့ရပ်သွားသည်။

မလှမ်းမကမ်းမှ ရင်ဆိုင်လာနေသော သမဏတစ်ဦးကို မြင်ရသည်၊ ထိုသမဏသည် အရောင်ရင့်ရင့် ဆိုးထားသော သင်းပိုင်ကို ဝတ်၍ ဧကသီကို နှစ်စညီပြုပြီး ရုံထားသည်၊ ပုခုံးတဖက်တွင် သပိတ်လွယ်လျက် ရှိသည်၊ ထိုသမဏ၏ အသွင်အပြင်သည် ကြည်ညိုဖွယ်ရှိ၏၊ သွားလာပုံမှာ ခြင်္သေ့မင်းကဲ့သို့ ရဲရင့်၍ ဆင်ပြောင်ကြီးကဲ့သို့ ခံ့ညားတည်ငြိမ်သည်၊ အနီးကပ် ကြည့်ရလျှင် ထူးခြားသပ္ပါယ် လှမျိုးကြွယ်သော ရုပ်ရည်သည် ပီပြင်လာသည်၊ ပြည့်ဖြိုးလုံးဝန်းသော ဦးခေါင်းမှာ လက်နှစ်သစ်ခန့်ရှည်သော ပိတုန်းရောင် ဆံကေသာသည် ဦးထိပ်အလယ် လက်ယာရစ်၍ စေတီငယ်သဏ္ဍာန် စုစုချွန်ချွန် ဖြစ်လျက်ရှိသည်၊ နဖူးပြင်မှာ ရွှေပြားခတ်၍ တပ်ဆင်ထားသကဲ့သို့ လှပသော သင်းကျစ်တော် ပါသည်၊ သိကြားမင်း၏ လေးသက်တင်ရေးကဲ့သို့ ညွတ်ကွေးသော မျက်ခုံး၊ နက်မှောင်ကျော့ကျော့ ကော့ရရော့မျက်တောင်၊ တောက်ပြောင်သော မျက်လုံး၊

ရွှေချွန်းအလား ထင်ရှားသော နှာတံ၊ ဟသ်ာပြဒါးရည် ချင်းချင်းနီ၍ ထိညီစေ့စပ်သော နှုတ်ခမ်း၊ ခန့်ညားပြည့်ဖြိုးသော မေးတို့ဖြင့် ရှုမဝအောင် လှပသော မျက်နှာရှိသည်။

ထိုသမဏကလေးသည် အသက်အရွယ် နုနယ်လှသေးသော်လည်း တည်ငြိမ်မှုနှင့် အသိဉာဏ်ကား ရင့်ကျက်နေသည်၊ အထက်တန်းကျသော အမျိုးအနွယ်မှဖြစ်ပြီး အံ့သြလောက်အောင် ထူးခြားသောသူ ဖြစ်ကြောင်း မြင်ရုံဖြင့် သိနိုင်သည်၊ အာဇီဝကကြီးသည် ဤမျှ ထူးခြားသော ရုပ်ရည်၊ မကြုံဘူးသော တည်ကြည်မှုတို့ကြောင့် ထိုသမဏကလေး၏ အကြောင်းကို သိချင်လှ၍ ဤသို့ မေးမြန်းသည်။

"ငါ့ရှင် . . . ၊ သင့်ဣန္ဒြေကား ကြည်လင် တောက်ပြောင်လှသည်၊ အရေအဆင်းကလည်း သန့်ရှင်း ဝင်းလက်နေသည်၊ ငါ့ရှင်သည် အဘယ်သူ့ကို ရည်စူး ဦးတည်ပြီး ရဟန်းပြုခဲ့ပါသနည်း?၊ ငါ့ရှင်၏ ဆရာကား အဘယ်သူနည်း?၊ အဘယ်သူ၏ တရားကို ငါ့ရှင် နှစ်သက်ပါသနည်း?။"

အာဇီဝကကြီးသည် ထိုသမဏကလေး၏ ရုပ်ရည်ကို တအံ့တသြ ချီးကျူးပြီး မိမိသိလိုသော အဖြေကိုစောင့်ရင်း ထိုသမဏလေး၏ မျက်နှာကို အကဲခတ် ကြည့်ရှုလျက် နေသည်၊ ရဲရင့်သော အဖြေလွှာသည် ထိုသမဏလေးထံမှ တည်ငြိမ်ခံ့ညားစွာ ပေါ်ထွက်လာ၏။

"ငါသည် အားလုံးကို အနိုင်ယူ လွှမ်းမိုး၍ အလုံးစုံကို သိပြီးသူ ဖြစ်သည်၊ အားလုံးသော တရားတို့အပေါ် လိမ်းကျံ ငြိကပ်ခြင်း အလျှင်းမရှိသည့်ပြင် အားလုံးကို စွန့်လွှတ်ပြီးဖြစ်၏၊ အတွယ်အတာ ကုန်ခန်းရာ နိဗ္ဗာန်ကို အာရုံပြု၍ လွတ်မြောက်ပြီး ဖြစ်သည်၊ ကိုယ်တိုင် ထူးခြားသောဉာဏ်ဖြင့် သိခဲ့သောကြောင့် အဘယ်သူ့ကို ဆရာပါဟု ညွှန်ပြရအံ့နည်း?"။

အာဇီဝကကြီးသည် အဖြေစကား၏ အနှစ်သာရကို မသိသော်လည်း ရဲရင့်စွာ ဖြေဆိုခြင်းကိုကား ထူးခြားသည်ဟု မှတ်ယူမိသည်၊ 'ကိုယ်တိုင်သိလို့ ဘယ်သူ့ကို ဆရာလို့ ညွှန်ပြရမလဲ'ဟူသော စကားကို အနည်းငယ် မကျေနပ်၊ လောကမှာ ဆရာကင်းပြီး ဘာမျှ မသိနိုင်ဟု ခံယူချက် အစွဲသန်နေသည်၊

သို့အတွက် 'ဒါဖြင့်၊ ငါ့ရှင်မှာ ဆရာမရှိဘူးပေါ့'ဟု သံသယမျက်လုံးဖြင့် ပြုံးတုံ့တုံ့ မေးလိုက်ပြန်သည်။

"ဟုတ်ပေသည်၊ ငါ့မှာ ဆရာမရှိ၊ ဆရာမဆိုထားဘိ၊ ငါနှင့်တူသူပင် မရှိ၊ နတ်နှင့်တကွသော လောကမှာ ငါနှင့်အတူ စံပြုလောက်သူလည်း မရှိ"။

ဤအဖြေစကားကို ကြားရသောအခါ တင့်တယ် ရဲရင့်ပါကလားဟု အာဇီဝကကြီးက တွေးသည်၊ ထိုအခါ မိမိမှာ သာမန် သမဏတဦး မဟုတ်ကြောင်း မပြမသိ၊ ပြမှသိမည်ဟု ထိုသမဏကလေးက ဤသို့ ဆက်လက် ပြောဆိုသည်။

"လောကမှာ ငါသာလျှင် အရဟန္တာအစစ်ဖြစ်သည်၊ ငါသာ အတုမဲ့ ဆရာဖြစ်သည်၊ ငါသာ တဆူတည်းသော သမ္မာသမ္ဗုဒ္ဓဘုရားအစစ် ဖြစ်သည်၊ အပူခပ်သိမ်း ငြိမ်းအေးပြီးသူ၊ ချုပ်ငြိမ်းပြီးသူ ဖြစ်သည်"။

အာဇီဝကကြီးသည် "ငါသာ တဆူတည်းသော သမ္မာသမ္ဗုဒ္ဓဘုရား အစစ်"ဟူသော ဝန်ခံချက်ကို ကြားရ၍ သမ္မာသမ္ဗုဒ္ဓဟု ဝန်ခံကြွေးကြော်နေကြသည့် ပူရဏကဿပစသော သူတို့နှင့် နှိုင်းယှဉ်မိသည်၊ "အင်း- ဒီသမဏသာ သမ္မာသမ္ဗုဒ္ဓအစစ် ဖြစ်နိုင်လောက်တယ်"ဟု စဉ်းစား၏၊ သမဏကလေးသည် မိမိ၏ ခရီးစဉ်နှင့် လုပ်ငန်းရပ်ကိုပါ အာဇီဝကကြီးအား ဆက်လက် ပြောပြလိုက်သည်။

"ဓမ္မစက်ကြီး လည်စေရန် ကာသိတိုင်း၏ မြို့တော်သို့ ငါသွားမည်၊ အမှန်တရားနှင့်စပ်၍ မမြင်စမ်းစမ်း မျက်ကန်းပမာ ဖြစ်နေသော လောကသား တို့ထံမှာ အမြိုက်စည်ကြီးကို ရိုက်တီးပေတော့မည်။"

ထိုအခါ အာဇီဝကကြီးက ရဲရင့်သောစကား ပြတ်သားသော ဝန်ခံချက် တို့ကို ကြားရ၍ "ငါ့ရှင်၏ ဝန်ခံချက်အတိုင်း ငါ့ရှင်သည် အနန္တဇိန (မဆုံးနိုင်သော ဉာဏ်ဖြင့် ကိလေသာကို အောင်နိုင်သူ)ဘွဲ့ထူးကို ခံထိုက်ပါသလော" ဟု မေးရာ. . .

"အာသဝေါကုန်ခြင်းသို့ ရောက်ရှိပြီးသူ ငါကဲ့သို့သော ပုဂ္ဂိုလ်တို့သည် ဇိနဖြစ်ကြလေသည်၊ ငါသည် ယုတ်မာညစ်ကျူ မကောင်းမှုတို့ကို အောင်နိုင်ပြီး

သူ ဖြစ်သောကြောင့် ငါသည် ဇိနအစစ်ဖြစ်ပေသည် ဥပက”ဟု မိန့်ဆိုဖြေကြားသည်။

ထိုအခါ ဥပကမည်သော အာဇီဝကကြီးသည် “ဤမျှ ရုပ်ရည်ချောမောသန့်ပြန့်သူမှာ ဤလို အသိဉာဏ်မျိုး ရှိလောက်ပါပေသည်”ဟု တွေးတောအားရမှတ်ချက်ချပြီးလျှင် “ငါ့ရှင်ပြောသည့်အတိုင်း ဟုတ်ပေရာ၏”ဟု ခေါင်းတဆတ်ဆတ်ငြိမ့်ကာ လမ်းဖယ်ပြီး ခရီးဆက်လေတော့၏။

ဓမ္မဗျူဟာစာစောင်၊ အတွဲ(၁၂)၊ အမှတ်(၄)
၁၃၃၅-ခုနှစ်၊ ဝါဆိုလပြည့်စနေနေ့ (၁၄. ၇. ၇၃)
သာသနာနှစ် (၂၅၁၇)



# ဆေးကြောပြီးသော လက်ရှိသူ

❑ **ကိုမာလာ**

သဒ္ဓါတရားကောင်းသူ အပေးအကမ်း ရက်ရောသူကို **“ပယတပါဏိ- ဆေးကြောပြီးသော လက်ရှိသူ”**ဟု မြတ်စွာဗုဒ္ဓ ဟောပြတော်မူခဲ့ပေသည်၊ သဒ္ဓါတရား ကောင်းသူမှာ မစ္ဆရိယအညစ်အကြေး ကင်းစင်သန့်ရှင်းနေသဖြင့် သူ၏ လက်သည် ပေးကမ်းဖြန့်ဝေရန် အသင့်ဖြစ်နေ၏၊ နှမြောတွန့်တိုခြင်း အလျှင်း မရှိ၊ ပေးရ ကမ်းရလျှင် ပျော်ရွှင်နေတတ်၏၊ တောင်းရ ရမ်းရ အလွန်လွယ်၏၊ ပေးချင် ကမ်းချင်သည်၊ လှူချင် တန်းချင်သည်၊ အနည်းဆုံး မိမိစားနေသည့် မုန့်တရုပ် ငှက်ပျောသီးတလုံးကိုပင် ‘ရော့၊ အင့်’ဟု တဖဲ့တချိုး ခွဲဝေပေးတတ် ကျွေးမွေးတတ်သည်၊ ပေးရ ကျွေးရမှုလည်း ကျေနပ်တတ်လေသည်။

အများစု၏ လက်သည် သူတပါး၏ ပစ္စည်းကို ယူရာ၌ သွက်သလောက် ကိုယ့်ပစ္စည်းကို သူတပါးအား ပေးရာ၌မူ တွန့်နေတတ်ကြသည်၊ ထိုသို့ ဖြစ်ခြင်းမှာ ထိုသူ့သန္တာန်၌ မစ္ဆရိယအညစ်အကြေးများ စွန်းငြိ ပေရေ ညစ်ထေး နေသောကြောင့်တည်း၊ မှန်၏၊ မစ္ဆရိယအညစ်အကြေး ညစ်ထေးစွန်းပေနေ သောသူ၏ လက်သည် အပေး မရှိ၊ အယူသာ ရှိ၏၊ ထိုသူမျိုးသည် မိမိပစ္စည်း

ကို ကျစ်ကျစ်ပါအောင် ထုပ်ပိုးထားတတ်ပြီး သူတပါး၏ပစ္စည်းကိုမူ မရအရ နှိုက်ယူတတ်လေသည်။

မစ္ဆရိယသည် စိတ်ကို စွဲမှီ ဖြစ်ပေါ်လာတတ်သော စေတသိက်တရားမျိုး ဖြစ်သည်၊ ရရှိပြီးနှင့် ရရှိမည့် မိမိဥစ္စာကို လျှို့ဝှက်ထားခြင်း လက္ခဏာ ရှိ၏၊ မိမိပစ္စည်း သူတပါးနှင့် ဆက်ဆံရမည်ကို မခံနိုင်ခြင်းကိစ္စ ရှိ၏၊ မစ္ဆရိယသမားသည် ကိုယ့်ပစ္စည်းကို သူများပေးဖို့ နေနေသာသာ၊ ကိုင်ကြည့်သည်ကိုပင် မကြိုက်နိုင် ဖြစ်တတ်သည်၊ မိမိပစ္စည်း သူတပါးအား ပေးကမ်းရန် မလွှဲသာ၍ ကြုံလာပြန်လျှင်လည်း မပေးစွန့်လို တွန့်တိုနေတတ်သော သဘောဟု ယောဂီပုဂ္ဂိုလ်တို့ ဉာဏ်အမြင်မှာ ထင်ဟပ်လာသည်၊ မစ္ဆရိယတရား ဖြစ်ပွားလာခြင်း၏ အနီးကပ်ဆုံး အကြောင်းမှာ မိမိ စည်းစိမ်ဥစ္စာပင် ဖြစ်သည်၊ မိမိ၏ စည်းစိမ်ဥစ္စာကို အာရုံပြု၍ မစ္ဆရိယတရား ဖြစ်ပွားညစ်ထေးလာခြင်းဖြစ်သည်။

မစ္ဆရိယသမား၏ လက်သည် "ညစ်ပေနေသော လက်" ဖြစ်သည်၊ မစ္ဆရိယအညစ်အကြေး အနည်းငယ် စွန်းငြိညစ်ပေနေလျှင် ကိုယ့်ပစ္စည်းကို ဆုပ်ကိုင်ထားလိုက်၏၊ များများ ညစ်ပေလာလျှင်ကား သူများ ပေးကမ်းလှူဒါန်းနေသည်ကို အချောင်နှမြောကာ ဝင်ရောက် ဟန့်တားမိတတ်သည်၊ ကဲ့ရဲ့ ပြစ်တင်မိတတ်သည်၊ ကာဠအမတ်ကြီးသည် ပသေနဒီကောသလဘုရင်၏ အသဒိသဒါနပွဲကို ပြစ်တင်ဝေဖန်မိ၍ အပြစ်ကြီးစွာ ရဖူးလေသည်။

မစ္ဆရိယသည် မိမိကိုလည်း အကျိုးမပြု၊ သူတပါးကိုလည်း အကျိုးမပြုမည်သူ့ကိုမှ အကျိုးမပြုချေ၊ သို့အတွက် မစ္ဆရိယအညစ်အကြေးကို သဒ္ဓါရေစင်ဖြင့် ပြောင်စင်အောင် ဆေးကြောပစ်သင့်ပေသည်၊ မစ္ဆရိယအညစ်အကြေး ကင်းဝေးသန့်စင်နေသောသူကို **"ဆေးကြောပြီးသော လက်ရှိသူ"**ဟု ဆိုရသည်၊ ဆေးကြောပြီးသော လက်ရှိသူသည် မိမိပစ္စည်းကို ပေးကမ်း ဖြန့်ဝေရန် အသင့်ဖြစ်နေတတ်သည်၊ ယူရမည်ထက် ပေးရမည်ဆိုလျှင် ပိုသွက်တတ်သည်၊ ဝေဖန်ခွဲခြမ်း ပေးကမ်းလှူဒါန်းမှုတွင် မွေ့လျော် ပျော်ရွှင်တတ်သည်၊ တောင်းရ ရမ်းရ အလွန်လွယ်သည်၊ မိမိအတွက် ပဓာနမထား၊ တောင်းခံလာသူအား ကြည်ဖြူ ရက်ရောစွာ ပေးတတ် ကမ်းတတ်လေသည်။

သိဝိမင်းသည် မိမိမျက်လုံးကိုပင် နှမြောမဖက် ရက်ရောစွာ ထုတ်ယူလှူဒါန်းဖူးသည်၊ ဝေဿန္တရာမင်းသည် မယ်တော်ဝမ်းမှ ဖွားမြင်စမှာပင် "မေမေ! လှူချင်တယ်၊ ဘာရှိလဲ"ဟု လက်ဖြန့်တောင်းသည်၊ မယ်တော်ကလည်း ဝမ်းသာအားရပင် "ရော့၊ ငါ့သား၊ ကြိုက်သလို လှူ"ဟု ဆိုကာ ငွေတထောင်ထုပ်ကို လက်ထဲထည့်ပေးသည်၊ လေးနှစ်သားအရွယ်တွင် တသိန်းတန် မင်းသားဝတ်တန်ဆာများကို ကိုးကြိမ်တိုင်တိုင် အထိန်းတော်များအား ချွတ်ပေးဖူးသည်၊ ပေးရ ကမ်းရ လှူဒါန်းရလျှင် ကျေနပ်ပျော်ရွှင်နေသည်၊ ပေးချင် ကမ်းချင် လှူချင်တန်းချင်စိတ်သည် ထာဝရ ထက်သန်နေသည်၊ ရှစ်နှစ်သား အရွယ်တွင် "အကယ်၍များ တောင်းခံလာသူရှိလျှင် ငါ့အသည်းနှလုံးပင် ဖြစ်စေ လှူဒါန်းမည်"ဟု ကြံစည်သုံးသပ် ဆုံးဖြတ်လိုက်ရာ မြေကြီးပင် သိမ့်သိမ့်ခါအောင် တုန်လှုပ်သွားဖူးသည်။

ဆေးကြောပြီးသော လက်ရှိသူများသည် မည်သည့်အရာကိုမဆို ပေးကမ်းလှူဒါန်းရန် ဝန်မလေးကြပေ၊ အသိဉာဏ်ရှိသော လူသားကို မဆိုထားဘိ၊ အလောင်းတော် ယုန်ကလေးသည်ပင် ဆေးကြောပြီးသော လက်ရှိသူဖြစ်ခဲ့၍၊ မီးပုံတွင်း ခုန်ဆင်းပြီး မိမိအသားကိုပင် ရဲဝံ့စွာ လှူဒါန်းသဖြင့် လဗိမာန်တွင် ယုန်တံဆိပ် ခတ်နှိပ်ကာ ဂုဏ်ပြုခံခဲ့ရပေသည်။

**"ပုခက်လွှဲသော လက်သည် ကမ္ဘာကို စိုးမိုး၏"**ဟု **ဆိုသည်ထက် "ဆေးကြောပြီးသော လက်သည် ကမ္ဘာကို စိုးမိုး၏"** ဆိုခြင်းက ပို၍ အမှန်နှင့် နီးစပ်နိုင်ရာသည်၊ အမှန်ပင် အပေးအကမ်း ရက်ရောဆေးကြောပြီးသော လက်ရှိသူတို့၏ ဂုဏ်သတင်းသည် ကမ္ဘာချဉ်းအောင် တည်ရှိပေသည်၊ ဘုရားတန်ဆောင်း ဂူကျောင်း ရေကန်တို့၌ ထိုသူတို့၏ အမည်များသည် ကျက်သရေရှိစွာ ပေါ်လွင်ထင်ရှားလျက် ရှိကြပေသည်။

မြန်မာပြည်သူတို့သည် ဗုဒ္ဓဘာသာတရားတော်၏ သွန်သင်ချက်ကြောင့် မစ္ဆရိယအညစ်အကြေး နည်းပါး၍ အပေးအကမ်း ရက်ရောကြသည်၊ မရှိနွမ်းပါးသူများကို သနားတတ်ကြသည်၊ ထောက်ပံ့ပေးကမ်း ကူညီတတ်ကြသည်၊ မိတ်ဆွေ သူငယ်ချင်းများတွေ့လျှင် အတင်းဖိတ်ခေါ်၍ ကျွေးမွေးတတ်ကြ

သည်၊ မိသားစုထမင်းဝိုင်းမှ ထမင်းသုံးဆောင်လှည့်ပါ ဦးဇင်း၊ ထမင်းသုံးဆောင်လှည့်ပါဦးရှင်ဟု အတင်း မရမက ဖိတ်ခေါ်တတ်ကြသည်။

မြန်မာပြည်သူတို့သည် ဧည့်သည်လာလျှင် ကျွေးမွေးဧည့်ခံရမှ ကျေနပ်တတ်ကြသည်၊ ဘယ်အိမ်တက်တက် အနည်းဆုံး ကွမ်းဆေးလက်ဖက်ဖြင့် ဧည့်ခံလေ့ရှိကြသည်ပင်၊ ထမင်းတနပ် ကျွေးရန် မည်သူမျှ ဝန်မလေးတတ်ကြ၊ မြန်မာပြည်သူတို့သည် ဆေးကြောပြီးသော လက်ရှိသူများ ဖြစ်ကြသည်၊ မြန်မာပြည်၌ ၁၂-ရာသီလုံးလုံး ဒါနပွဲများဖြင့် စည်ကားလျက် ရှိ၏၊ ဘုရားပွဲ ကျောင်းပွဲ ရှင်ပြုရဟန်းခံ ဆိတ်သုဉ်းသွားသည်ပင် မရှိ၊ အလှူမင်္ဂလာပွဲအတွက် ထမင်းအိုး ဟင်းအိုးများမှာ အခိုးအငွေ့များ တလူလူ တက်လျက် ရှိသည်၊ အကျွေးအမွေး ပေါသည်၊ အလှူအတန်းများသည်၊ လှူဒါန်းပေးကမ်းခြင်းသည် မင်္ဂလာတပါး ဖြစ်သည်၊ ကမ္မဿကတာအမြင်ဖြင့် ကြည့်လျှင် ကျေနပ်အားရဖွယ် ဖြစ်သည်၊ လှူဒါန်းပေးကမ်းသဖြင့် လူတဦးတည်း၏ လက်၌ ငွေကြေးပမာဏ မြောက်မြားစွာ စုပုံမနေတော့ရာ ဘောဂဗေဒအရလည်း ကျေနပ်စရာပင် ဖြစ်သည်။

မိမိပစ္စည်းကို လှူဒါန်း ပေးကမ်းရာ၌ နယ်နိမိတ် ကန့်သတ်ဘောင်ခတ်ထားခြင်းမရှိ၊ မိမိ စိတ်ကြည်လင်ရာ လှူဒါန်းပေးကမ်းနိုင်သည်၊ အလှူ၏အကျိုးကိုလည်း ထိုက်တန်သလောက် ရရှိနိုင်သည်ပင်။

*“အို ဝစ္ဆဂေါတ္တ လူအား လှူဒါန်းပေးကမ်းသည်ကို မဆိုထားဘိ၊ ရေပိုးရေမွှားကလေးတွေ စားကြပါစေ ဆိုတဲ့ စေတနာဖြင့် အိုးဆေးရေ ခွက်ဆေးရေကို ရေမြောင်း ရေအိုင်တွင် သွန်ပစ်တာတောင်မှ ကောင်းကျိုးသုခ ရနိုင်ပေသည်”*ဟု မြတ်စွာဗုဒ္ဓ ဟောတော်မူခဲ့ပေသည်။

သို့ရာတွင် လယ်သမားထုံးကိုကား နှလုံးမူရာသည်၊ သီးနှံဖြစ်ထွန်း၍ အမြတ်များများ ရလိုသော လယ်သမားသည် မြေကောင်းရွေး၍ စိုက်ပျိုးသကဲ့သို့ ကောင်းကျိုးသုခ များများရလိုသော သူသည်လည်း အကျင့်ကောင်းသူ မြင့်မြတ်သူကို ရွေးချယ် လှူဒါန်းရသည်၊ ထို့ပြင် မိမိ၏ စေတနာအင်အားကလည်း ကောင်းကျိုးသုခ များစွာရရေး မရရေးတွင် အဆုံးအဖြတ် ပေးနိုင်၏၊

စေတနာထက်သန်လျှင် ထက်သန်သလောက် ကောင်းကျိုးသုခ ဖြစ်ထွန်း ပေါ်ပေါက်နိုင်ပေသည်။

စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းသည် မိမိလည်း အကျိုးရှိ သူတပါးလည်း အကျိုးရှိ နှစ်ဦးနှစ်ဝလုံးပင် အကျိုးရှိပေသည်၊ နှမြောတွန့်တိုခြင်းကား မည်သူမျှ အကျိုးမရှိချေ၊ "မစ္ဆရိယသမား၏ လက်ထဲရှိ ပစ္စည်းဥစ္စာများသည် ရက္ခိုသ်စောင့်သော ရေကန်ကြီးသဖွယ် မည်သူ့ကိုမျှ အကျိုးမပြု"ဟု မြတ်စွာဗုဒ္ဓ ဟောပြတော်မူခဲ့သည်၊ သို့အတွက် မစ္ဆရိယရက္ခိုသ်ကို ထုတ်နှင်ဖယ်ရှား၍ အများသုံး ရေကန်ကြီးဖြစ်အောင် လုပ်သင့်၏။

ကျွန်ုပ်တို့သည် မစ္ဆရိယ အညစ်အကြေးကို ပြောင်စင်အောင် ဆေးကြော သုတ်သင်ကြပါစို့၊ ကျွန်ုပ်တို့၌ရှိသော ပစ္စည်းတို့ကို အများနှင့်အတူ ကြည်ဖြူစွာ ခွဲဝေ သုံးစွဲကြပါစို့၊ အများအား ပေးကမ်းဖြန့်ဝေရန် **"ဆေးကြောပြီးသော လက်ရှိသူ"**တွေ ဖြစ်ကြပါစို့။

**မွေ့ဗျူဟာစာစောင်၊ အတွဲ(၁၂)၊ အမှတ်(၈)**
**၁၃၃၅-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်၊ သောကြာနေ့**
**(သာသနာနှစ်-၂၅၁၇) (၉-၁၁-၇၂)**



# ဝါကျွတ်ပွဲ၏ ရှုခင်းတစ်ခု

**□ အသျှင်နန္ဒမာလာဘိဝံသ**

လွန်ခဲ့သော ၂၅၅၆-နှစ်မှ ဝါကျွတ်ပွဲ၏ ရှုခင်းတခု. . . ၊

ထိုနှစ် ထိုနေ့ မွန်းတိမ်းစအချိန်မှာ သင်္ကဿမြို့အနီးတွင် လူထုပရိသတ်ကြီးသည် ကြိတ်ကြိတ်တိုး စည်ကားလျက် ရှိသည်၊ အရှင်သာရိပုတ္တရာ ခေါင်းဆောင်သော သံဃာတော်ထုကြီးကလည်း လူထုရှေ့ ရောက်ရှိနေသည်၊ ပရိသတ်အားလုံးသည် အားတက်သရော စောင့်မျှော်နေကြသည်၊ လူတိုင်း၏ မျက်လုံးအစုံသည် ပြာလဲ့လဲ့ကောင်းကင်ကြီးကို ကြည့်၍ တစုံတခုကို ရှာနေသကဲ့သို့ ရှိသည်။

လူထုပရိသတ်ကြီးသည် တိုင်ပင်မထားပဲ 'ဟယ်'ဟု တပြိုင်နက် အော်လိုက်မိသည်၊ ပြာလဲ့လဲ့ ကောင်းကင်ပြင်ကြီးကို ထိုးဖောက်၍ ဖြူနီဝါရောင်ခြည်တန်းကြီး သုံးသွယ်သည် ရုတ်တရက် ပေါ်လာသည်၊ သင်္ကဿမြို့တံခါးဆီသို့ ထိုးစိုက်ကျရောက်လာသည်၊ ငွေစောင်းတန်း၊ ရွှေစောင်းတန်း၊ ပတ္တမြားစောင်းတန်း စောင်းတန်းကြီး သုံးသွယ်အဖြစ် ထင်ရှားလာသည်။

မကြာမီပင် သာယာငြိမ့်ညောင်းလှသည့် နတ်စည်၊ နတ်စောင်းသံများနှင့်အတူ အလယ်ဗဟို ပတ္တမြားစောင်းတန်းမှ တလှမ်းချင်း ကြွဆင်းလာသော မြတ်ဗုဒ္ဓကို ထင်ရှားစွာ ဖူးမြင်ကြရသည်၊ ရွှေစောင်းတန်းမှ နတ်များ၊ ငွေစောင်းတန်းမှ ဗြဟ္မာများ ခြံရံလိုက်ပို့ကြသည်၊ နတ်အဆိုကျော် **ပဥ္စသိခ** သည် ဗေလုဝနတ်စောင်းကို သာယာငြိမ့်ညောင်းစွာ တီးလျက်၊ **သုယာမနတ်မင်းကြီး**သည် စာမရီသားမြီးယပ် ကိုင်လျက်၊ **သန္တုသိတနတ်မင်းကြီး**က ပတ္တမြားယပ် တလွဲလွဲ ခတ်လျက်၊ **သိကြားမင်းကြီး**က ဝိဇယုတ္တရ ခရုသင်းကို သာယာချိုအေးစွာ မှုတ်လျက်၊ ဗြဟ္မာများက ထီးဖြူတွေ မိုးလျက် လိုက်ပါကြသည်။

စောင်းတန်းဦး ရောက်သည်နှင့် တပြိုင်နက် သံဃာ့ခေါင်းဆောင်ဖြစ်သူ **အရှင်သာရိပုတ္တရာ**သည် မြတ်ဗုဒ္ဓကို ဦးစွာ ကြိုဆိုဦးတိုက် နှုတ်ဆက်သည်၊ ဘိက္ခုနီများမှ **ဥပ္ပလဝဏ္ဏာထေရီ**က ဒုတိယ၊ ပရိသတ်များက တတိယရှိခိုး နှုတ်ဆက်ကြသည်၊ အရှင်သာရိပုတ္တရာက ဤသို့ လျှောက်ထားသည်။

"အို မြတ်စွာဘုရား . . .၊ ယနေ့မြတ်စွာဘုရားကို လူနတ်အားလုံးတို့က ချစ်ခင် ကြည်ညိုကြောင်း ပြသလျက် ရှိကြပါပြီ၊ မြတ်ဘုရား၏ ဘဝမျိုးကို လိုလားတောင့်တလျက် ရှိကြပါပြီ"

ထိုအခါ မြတ်ဗုဒ္ဓက "ပိုင်နိုင်စွာ ရှုမှတ်၍ လွတ်လပ်ငြိမ်းချမ်းသော တရား၌ နှစ်ခြိုက်ပျော်ပိုက်လျက် အစဉ်သတိရှိသော ပညာရှိပုဂ္ဂိုလ်များကို နတ်လူတွေက ချစ်ခင်တောင့်တကြတာ ထုံးစံပဲ"ဟု မိန့်တော်မူသည်၊ ထို့နောက် အရှင်သာရိပုတ္တရာ၏ ဂုဏ်ရည်များ ပေါ်လွင်စေရန် ပြဿနာများမေး၍ အရှင်သာရိပုတ္တရာက ဖြေဆိုရာ အရှင်သာရိပုတ္တရာ၏ ပညာစွမ်းကို အံ့သြချီးမွမ်းကြရသည်၊ အရှင်သာရိပုတ္တရာသည် အောက်ပါပြဿနာများကို မေးလျှောက်သည်။

"ဒီနေ့လောက် တင့်တယ်သည့် မြတ်ဘုရား၏ အသရေတော်ကို ရှေးကမြင်လည်း မမြင်ဖူး၊ သူများပြောသံလည်း မကြားဖူးပါ၊ မြတ်ဘုရား၏ စွမ်းရည်ကို လူနတ်တွေအားလုံး ယနေ့ လက်တွေ့ သိမြင်ကြရပါပြီ၊ လွတ်လပ်သော၊ တည်ကြည်မြင့်မြတ်သော၊ ရိုးသားသော လောကထွတ်ထား မြတ်ဘုရားကို အများအတွက် ပြဿနာ မေးလျှောက်လိုပါသည်။"

"ဖြစ်, အို, နာ, သေ ဒုက္ခတွေကို ရှုမုန်းလှ၍ လူသံတိတ်ဆိတ် တောမြိုင်ရိပ်သို့ ခိုဝင်ကပ်နား အမှတ်တရားဖြင့်နေသော ရဟန်းအဖို့ ကြောက်စရာကောင်းသော်လည်း မကြောက်သင့်သောအာရုံ မည်မျှရှိပါသနည်း?။"

"တောစခန်းမှ ဘဝလွတ်မြောက်ရေး ကြိုးပမ်းနေသော ရဟန်းက အနိုင်တိုက်ရမည့် ဘေးရန်တွေ မည်မျှရှိပါသနည်း?။"

"ထိုရဟန်းအနေနဲ့ ဘယ်စကား ပြောသင့်၊ ဘယ်နေရာ သွားလာသင့်၊ ဘယ်အလုပ် လုပ်သင့်ပါသနည်း?။"

"ထိုရဟန်းသည် အဘယ်သိက္ခာကို ခံယူကျင့်သုံးပြီး ရင့်ကျက်သော ဉာဏ်ရည်၊ တည်ကြည်သော နှလုံး၊ အစဉ်သုံးသော သတိဖြင့် ငွေစင်အောင် လုပ်သော ပန်းထိမ်သည်ပမာ ကိုယ့်ကိုယ်ကိုယ် သန့်စင်အောင် လုပ်ရပါမည်နည်း?"။

မြတ်ဗုဒ္ဓ၏ အဖြေလွှာမှာ ဤသို့တည်း။

"ထက်မြက်သော ပညာ၊ ထင်စွာသော သတိဖြင့် ရဟန်းကျင့်ဝတ်၌ တည်၍ မှက် ခြင် ယင်ရိုင်းဘေး၊ မြွေကင်းဘေး၊ လူဆိုးသူဆိုးဘေး၊ သားရဲတိရစ္ဆာန်ဘေး၊ အယူဝါဒမတူသော သူတို့၏ဘေး ဤဘေးငါးမျိုးနှင့် ရင်ဆိုင်တွေ့သော်လည်း ရဟန်းသည် ကြောက်ရွံ့မနေသင့်။"

"အပြစ်ကင်းသော ကျင့်စဉ်ကို ရှာဖွေစူးစမ်းနေသော ရဟန်းသည် အနာရောဂါ၊ ဆာလောင်မွတ်သိပ်မှု၊ အပူဒဏ် အအေးဒဏ်တို့ကို ခံနိုင်ရမည်။"

"မခံနိုင်၍ အကုသိုလ်မှ သက်သာရာ မရှာသင့်၊ ဇွဲသန်သန် အားထုတ်သင့်၏။"

"ရဟန်းသည် ခိုးဝှက်လုယူခြင်း မပြုသင့်၊ မုသားစကား မပြောသင့်၊ သတ္တဝါတွေအပေါ် မေတ္တာထားရမည်၊ စိတ်ဆိုးစိတ်ညစ်များပေါ်လာက မကောင်းကျိုးပေးမည့် တရားတွေပဲဟု ပယ်ပစ်လိုက်ရမည်။"

"ရဟန်းသည် ဒေါသတကြီး စိတ်လိုက်မာန်ပါ မလုပ်သင့်၊ မာနမကြီးသင့်၊ ဒေါသမာနတို့ကို အမြစ်ပါမကျန် တူးဖြိုပစ်ရမည်၊ ချစ်ခြင်းမုန်းခြင်း

နှစ်မျိုးကို အနိုင်တိုက်ရမည်၊ ကောင်းမြတ်သော ပီတိကို အရယူ၍ ပညာရှေ့ထား ဘေးရန်များကို တော်လှန်ပစ်ရမည်။"

"ဆိတ်ငြိမ်ရာဌာနနှင့် အလုပ်စခန်းဝယ် မပျော်ပိုက်ခြင်းကို အနိုင်တိုက်ရမည်၊ စားဝတ်နေရေးကို တွေးမိလျှင် ပစ္စည်းမဲ့ရဟန်းအဖို့ ငိုမိတတ်သည်၊ ထိုအတွေးများကို ဖျောက်ပစ်ရမည်။"

"အချိန်တန်၍ ဆွမ်းသင်္ကန်း ရလာသောအခါ ရောင့်ရဲမှုဂုဏ် မပျက်စေရန် ဒကာ့ပမာဏ ကိုယ့်ပမာဏ သိရမည်၊ မြို့တွင်း ရွာတွင်းသို့ ရောက်သောအခါ ဣန္ဒြေထိန်းချုပ်၍ သွားရမည်၊ လူတွေက စော်စော်ကားကား ပြောလာပြန်လည်း ကြမ်းတမ်းသော စကားမျိုးဖြင့် ပြန်မပြောရ။"

"မျက်လွှာချ၍ သွားရမည်၊ ထိုထို ဤဤ လျှောက်မသွားရ၊ ရှုမှတ်မှုတရား အားထုတ်ရမည်၊ နိုးနိုးကြားကြား နေရမည်၊ ဥပေက္ခာရှိသော တည်ကြည်မှုမျိုးရအောင် အားထုတ်ရမည်၊ မကောင်းသော အတွေးအတောများ၊ နောင်တများကို ဖြတ်ပစ်ရမည်။"

"ဆရာသမားများက သတိပေး ဆုံးမသောအခါ နှစ်သက်စွာ လက်ခံရမည်၊ သီတင်းသုံးဖော်များအပေါ် ထိပါးပုတ်ခတ်ချင်စိတ်ဟူသော ငြောင့်ကို နုတ်ဖယ်ပစ်ရမည်၊ အပြစ်ကင်းသော စကားကိုသာ အချိန်နဲ့အချိန် ပြောရမည်၊ လူကဲ့ရဲ့ခံရမည့် အလုပ်မျိုးကို စိတ်ကူးပင် မထည့်ရ။"

"အာရုံငါးပါးမှာ စွဲကပ်တတ်သော တဏှာမြူကို ဖယ်ရှားနိုင်အောင် ကျင့်ရမည်၊ သို့မှသာ အာရုံ၏ အတိုက်အခိုက်ကို ခံနိုင်မည်။"

"ငါးပါးအာရုံ ကာမဂုဏ်၌ ခင်တွယ်သော ဆန္ဒကို ဖယ်ရှား၍ အစဉ်ကပ်သော သတိ၊ လွတ်လပ်သော စိတ်ရှိလျက် သင်္ခတတရားတို့၌ စူးစိုက်လေ့လာခြင်းဖြင့် မသိခြင်း အမှောင်ထုကို ဖြိုခွင်းရာသတည်း။"

မြတ်ဗုဒ္ဓသည် ကြည်လင်ပြတ်သားသောအသံဖြင့် ဟောကြား၍ တရားတော်ကို အဆုံးသတ်လိုက်သည်၊ ပရိသတ်ကြီးထံမှ တောင်ပြိုမြေအက်ဝက်ဝက်ကွဲမျှ သာဓုသံကြီး ပေါ်ထွက်လာသည်၊ ဤကား လွန်ခဲ့သော ၂၅၅၆-နှစ်မှ ဝါကျွတ်ပွဲ၏ ရှုခင်းတခု ဖြစ်သည်။

"ဘေးရန်တွေနဲ့ ရင်ဆိုင်နေရပေမယ့် မကြောက်နဲ့၊ ကိုယ့်အလုပ်ကို ရဲရဲလုပ်၊ ရိုးရိုးနေ၊ စိတ်ကောင်းမွေး၊ အများကောင်းကျိုး ဆောင်ရွက်၊ ဒေါသ မာန မကြီးနဲ့၊ အာဏာမပြနဲ့၊ အကျိုးပြုသော ဝေဖန်ချက်မျိုးကို လက်ခံ၊ ငါ့အလုပ် အောင်မှ အောင်ပါ့မလားဆိုသည့် ပျော့ညံ့သော စိတ်မျိုးကို ဖယ်ရှားပစ်၊ ကိုယ့်လမ်းစဉ်နှင့် ဆန့်ကျင်သော အလုပ်မျိုးကို စိတ်ကူးပင် မထည့်ရ"စသော သွန်သင်ချက်များသည် လွန်ခဲ့သော နှစ်ပေါင်း ၂၅၅၆-နှစ်မှ ယနေ့တိုင်အောင် လူတိုင်းအတွက် ဘဝလမ်းညွှန်များအဖြစ် တည်တွန်းလျက် ရှိပေသတည်း။

**မှော်ဗျူဟာစာစောင်၊ အတွဲ(၁၂)၊ အမှတ်(၇)**
**၁၃၃၅-ခုနှစ်၊ သီတင်းကျွတ်လပြည့်၊**
**ကြာသပတေးနေ့ (၁၁. ၁၀. ၇၃)၊ သာသနာနှစ် (၂၅၁၇)**



# လက်တွေ့ကျသည့်အဖြေ

□ **ကိုမာလာ**

တချိန်က မဂဓသည် နယ်မြေဒေသ ကျယ်ဝန်းသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်ခဲ့၏၊ သယံဇာတ ကြွယ်ဝ၍ ရွှေတွင်း ငွေတွင်းတို့ဖြင့် ဝင်းဝင်းလဲ့နေသည်၊ ဇောတိက၊ ဇဋိလ၊ မေဏ္ဍက၊ ကာကောဏ္ဍ၊ ကာကဝလိယတို့သည် မဂဓရတနာ သူဌေးကြီးများ ဖြစ်ကြသည်၊ မဂဓသည် ဆန်စပါး များစွာထွက်၍ စားနပ်ရိက္ခာ ကြွယ်ဝ၏၊ မဂဓနယ်မြေ တဝက်ခန့်ကို စပါးကွင်းများက နေရာယူထားကြ၏၊ ရွှေရောင်ဝင်း၍ စပါးနံ့ သင်းနေသည်၊ မဂဓသားတို့သည် လယ်ယာလုပ်ငန်းတွင် ကျွမ်းကျင်ကြသည်၊ မဂဓလယ်ကွက်များသည် အလွန်လှပ၍ စနစ်တကျရှိ၏၊ လေးထောင့်ကွက်ဖွဲ့ပုံ, ကွက်စဉ်ဖော်ပုံ, အကန့်သွင်းပုံ, ကန်သင်းဆည်ပုံမှာ အလွန်ခေတ်မီ၏၊ တရပ်တကျေးမှ ရောက်လာသူတွေ တအံ့တသြ ငေးမောကြည့်မိကြ၏၊ မဂဓသည် ကြွယ်ဝချမ်းသာသော နယ်မြေဒေသကြီးတခု ဖြစ်သည်။

နာဠန္ဒသည် မဂဓ၏ မြို့ကလေးတစ်မြို့ ဖြစ်သည်၊ ရာဇဂြိုဟ်မြို့တော်နှင့် ရှစ်မိုင်ခန့်သာ ကွာဝေး၏၊ အပေါ်ရုံထည်များ ဆာရီများ ရောင်းချရာ

ပင်ရင်းဌာနကြီးတခု ဖြစ်သည်၊ နာဠန္ဒဆရာရှိများသည် နာမည်ကြီး၏၊ လှပခိုင်ခံ့ လူကြိုက်များသည်၊ မဂဓပျိုဖြူများသည် နာဠန္ဒဆရာရှိကို စုံမက်မြတ်နိုးကြ၏၊ တကူးတက မှာယူဝတ်ဆင်ကြသည်၊ နာဠန္ဒမှ ဆာရီကုန်သည် သူဌေးကြီးသည် ဗုဒ္ဓအရှင်မြတ်၏ ဥပါသကာတဦး ဖြစ်၏၊ သူ၏ သရက်ဥယျာဉ်ကြီး၌ ကျောင်းဆောက်၍ ဗုဒ္ဓအရှင်မြတ်အား လှူဒါန်းထားသည်၊ ဗုဒ္ဓအရှင်မြတ်သည် နာဠန္ဒရောက်လာတိုင်း သရက်ဥယျာဉ်ကျောင်း၌ သီတင်းသုံးတော်မူလေ့ရှိသည်။

ဗုဒ္ဓအရှင်မြတ်သည် မဂဓနယ်မြေတွင် ခရီးလှည့်ရင်း နာဠန္ဒသို့ ရောက်တော်မူလာ၏၊ သရက်ဥယျာဉ်ကျောင်းမှ သရက်ပင်ပျိုတို့သည် ဗုဒ္ဓအရှင်မြတ်ကို ကြိုဆိုနေကြ၏၊ ဗုဒ္ဓအရှင်မြတ် ကြွရောက်လာသည့်အခါ သရက်ဥယျာဉ်သည် တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်၊ သရက်ပင်ပျိုများတွင် ကျက်စားနေကြသည့် ကျေးငှက်ကလေးများသည် တစာစာမမြည်၊ တေးမသီဘဲ ကိုယ်စီ ငြိမ်သက်နေကြ၏၊ တတက်တက်နှင့် စိတ်ပျက်လောက်အောင် ဆူညံလေ့ရှိသော ရှဉ့်နက်ကလေးများပင် နှုတ်ပိတ်ငြိမ်သက် အိပ်စက်နေရော့ သလား ထင်မှားလောက်ဖွယ် ပုန်းကွယ် ငြိမ်သက်နေကြ၏၊ မှန်၏၊ ဗုဒ္ဓအရှင်မြတ်သည် တိတ်ဆိတ် ငြိမ်သက်မှုကို မြတ်နိုးတော်မူ၏၊ ဗုဒ္ဓအရှင်မြတ် သီတင်းသုံးရာ ဌာနတိုင်းသည် တိတ်ဆိတ် ငြိမ်သက်နေစမြဲပင်၊ စွမ်းအင်ရှိသော ဓာတ်သဘောတို့မည်သည် ပတ်ဝန်းကျင်ကို ကူးစက်ပျံ့နှံ့တတ်ရာ ဗုဒ္ဓအရှင်မြတ်၏ ဓာတ်သဘော ကူးစက်သဖြင့် သရက်ဥယျာဉ်တခုလုံး ငြိမ်သက်သွားခြင်း ဖြစ်သည်။

ဤမျှ ငြိမ်သက်သွားသော်လည်း အိပ်စက်ရာမှ နိုးလာဘိသည့် အလား မကြာမီ လှုပ်ရှားလာ၏၊ ဗုဒ္ဓအရှင်မြတ် ကြွလာကြောင်း သတင်းရလျှင်ရချင်း နာဠန္ဒလူထုသည် သရက်ဥယျာဉ်သို့ အလုအယက် ရောက်လာကြ၏၊ ဗုဒ္ဓအရှင်မြတ်ကို နှုတ်ဆက်ကြ ကန်တော့ကြ၏၊ ဗုဒ္ဓအရှင်မြတ်၏ တရားဓမ္မကို နာယူကြ၏၊ ပုစ္ဆာပြဿနာများကို မေးလျှောက်ကြ၏၊ ထိုစဉ် ပရိသတ်တွင်

ပါဝင်သော နာဋ္ဌနွှဲခေါင်းဆောင်ဖြစ်သူ **အသိဗန္ဓကပုတ္တ**သည် ဗုဒ္ဓအရှင်မြတ်ကို ခွင့်ပန်ကာ အောက်ပါ ပြဿနာတစ်ရပ်ကို မေးမြန်း လျှောက်ထားလေ၏။

"အရှင်ဘုရား! အနောက်ဘက်တွင် ဗြာဟ္မဏတွေက မီးကိုးကွယ်တဲ့ အဂ္ဂိကဘာသာဝင်တွေပါ။ သူတို့ဟာ ကိလေသာ သန့်စင်အောင်ဆိုပြီး ညတိုင်း မနက်တိုင်း ရေချိုးကြပါတယ်၊ ဘယ်သွားသွား ရေကရားကို အမြဲယူဆောင်ပြီး မှော်ပန်းတွေ ပန်ထားကြပါတယ်၊ ဒါကတော့ သူတို့ဟာ ရေဖြင့် ကိလေသာ ဆေးကြောသူများဟု အများသိအောင်ပါ။ သူတို့မှာ ယုံကြည်ချက် ဓလေ့ ထုံးစံတခု ရှိပါတယ်၊ သူတို့ ဘာသာဝင်တယောက် သေဆုံးရင် အလောင်းကို ဝိုင်းရံပြီး "အို အချင်း! ဗြဟ္မာလောကသို့ အရောက်သွားလော့၊ အို အချင်း ! ဗြဟ္မာလောကသို့ အရောက်သွားလော့"ဟု တိုက်တွန်းကြ ဆုတောင်းကြပါတယ်၊ ဤနည်းနဲ့ သေဆုံးသူရဲ့ ဝိညာဉ်က ဗြဟ္မာလောကသို့ ရောက်သွားတယ်လို့ ယုံကြည်ကြပါတယ်၊ အရဟံ သမ္မာသမ္ဗုဒ္ဓ ဖြစ်တော်မူတဲ့ အရှင်ဘုရားကော တလောကလုံးကို သေဆုံးပြီးတဲ့နောက် ကောင်းရာသုဂတိ ရောက်အောင် ဆုတောင်း ပို့ဆောင်ပေးနိုင်ပါသလား?"

ထိုအခါ ဗုဒ္ဓအရှင်မြတ်သည် **အသိဗန္ဓကပုတ္တ**ကို ကရုဏာလွှမ်းခြုံနေသော မျက်လုံးတော်အစုံဖြင့် ကြည့်တော်မူလိုက်ပြီး သာယာနူးညံ့သော အသံတော်ဖြင့် "ဒီမေးခွန်းကို ဖြေဆိုရန်အတွက် သင့်ကိုပဲ မေးခွန်းတခု ပြန်ပေးမယ်၊ ကြိုက်သလို ဖြေနိုင်တယ်"ဟု မိန့်တော်မူပြီး ဤသို့ မေးခွန်းထုတ်တော်မူသည်။

"ရေအိုင်တအိုင်ထဲ ကျောက်တုံးကြီးတတုံး ပစ်ချလိုက်ပြီး အို ကျောက်တုံးကြီး ! ပေါ်ခဲ့ပါ၊ ကုန်းပေါ် ပြန်တက်ခဲ့ပါဟု ဝိုင်းရံ ဟစ်အော်လိုက်ရင်၊ ဝိုင်းဝန်း ဆုတောင်းလိုက်ရင် ဒီကျောက်တုံးကြီးဟာ ပေါ်လာသလား?၊ ကုန်းပေါ် တက်လာသလား?"

"ပေါ်မလာနိုင်ပါ၊ ကုန်းပေါ်လည်း တက်မလာနိုင်ပါ"

"ဘယ်လိုထင်သလဲ?၊ လူတယောက်ဟာ ရက်စက်စွာ သတ်ဖြတ်မှု၊ ခိုးယူလုယက်မှု၊ သူတပါးသားမယား စော်ကားမှု၊ လိမ်ညာလှည့်စားမှု၊ ကုန်းတိုက်မှု၊ ကြမ်းတမ်းရိုင်းပျစွာ ပြောဆိုမှု၊ အကျိုးစီးပွား ချမ်းသာသုခကို

ပျက်စေနိုင်တဲ့ စကားတွေကို ပြောဆိုမှု၊ သူတပါးပစ္စည်း မတရားကြံစည်မှု၊ သူတပါးကို လုပ်ကြံသတ်ဖြတ်ရန် အကျိုးမဲ့ဖြစ်ရန် ကြံစည်မှု၊ အမြင်မှားမှု ဆိုတဲ့ ဒုစရိုက်မှုတွေကို တွင်တွင် လုပ်နေတယ်၊ ဒီလို ဆိုးမိုက်နေတဲ့လူကို ဒီလူသေရင် ကောင်းရာ သုဂတိရောက်ပါစေလို့ ဝိုင်းပြီး ဆုတောင်းပေးကြမယ်၊ အို . . . အချင်း ! ကောင်းရာသုဂတိသို့ အရောက်သွားလော့ဟု ဝိုင်းဝန်းတိုက်တွန်းကြမယ်ဆိုရင် အဲဒီလူ သေတဲ့အခါမှာ ဆုတောင်းပေးလို့ တိုက်တွန်းကြလို့ ကောင်းရာသုဂတိ ရောက်သွားသလား?"

"ခုနက ဆုတောင်းရုံနဲ့ ကျောက်တုံးကြီး ပေါ်မလာသလို ဒီ ဒုစရိုက်သမားဟာလည်း ဆုတောင်းရုံနဲ့တော့ ကောင်းရာသုဂတိ ရောက်သွားဖို့ မရှိဘူး၊ တဖန် ကြည့်ဦး ထောပတ်အိုး ဆီအိုးကြီးကို ရေနက်နက်ထဲမှာ မြှုပ်ပြီး ခွဲလိုက်ရင် အိုးကွဲ အစအနတွေဟာ ရေထဲမြုပ်ပြီး ထောပတ်တွေ ဆီတွေက ရေပေါ် ပေါ်လာမယ်၊ ဒီအခါမှာ "အို ထောပတ် ! အို ဆီ ! ရေထဲမြုပ်သွားပါ၊ ပေါ်မလာပါနဲ့"ဟု ဝိုင်းပြီး တိုက်တွန်းတာနဲ့ ထောပတ်တွေ ဆီတွေဟာ ရေထဲ မြုပ်သွားကြသလား?"

"မြုပ်မသွားပါ အရှင်ဘုရား"

"ဒုစရိုက်ကို ရှောင်ကြဉ်လို့ သုစရိုက်မှုကိုသာ ပြုလုပ်နေတဲ့သူကို "အို . . . အချင်း ! အပါယ်ဘုံသွားလော့ဟု တိုက်တွန်းရုံနဲ့ အပါယ်ကျသွားရသလား?"

"ထောပတ်တွေ ဆီတွေဟာ ဝိုင်းဝန်း တိုက်တွန်းရုံနဲ့ ရေထဲ မြုပ်မသွားသလို သုစရိုက်မှု ပြုလုပ်သူဟာလည်း တိုက်တွန်းရုံနဲ့တော့ အပါယ်ဘုံ ကျမသွားပါဘူး"

"အင်း . . . သင်မေးတဲ့ မေးခွန်းဟာ သင်ကိုယ်တိုင် ဖြေဆိုခြင်းဖြင့် ပြေသွားပေပြီ" ဟု မိန့်တော်မူကာ တရားတော်ကို အဆုံးသတ်တော်မူလိုက်၏၊ ပရိသတ်ထုကြီးမှ သာဓုသံများသည် လွှမ်းတက်သွား၏၊ **အသိဗန္ဓကပုတ္တ**သည် ဗုဒ္ဓအရှင်မြတ်ကို ဒူးထောက် ဦးညွှတ်လျက် . . .

"နှစ်သက်ဖွယ် ကောင်းလိုက်တဲ့အဖြေပါ အရှင်ဘုရား၊ နှစ်သက်ဖွယ် ကောင်းလိုက်တဲ့အဖြေပါ အရှင်ဘုရား၊ မှောက်ထားသည်ကို ဆွဲယူ လှန်ပေးလိုက်သလို၊ ဖုံးထားသည်ကို ဖွင့်လှစ်ပေးလိုက်သလို၊ မျက်စိလည် လမ်းမှားနေသူကို လမ်းမှန်ပြလိုက်သလို၊ အမှောင်တွင် မီးရှူးတန်ဆောင်ကြီး ထွန်းညှိလိုက်သလို ဗုဒ္ဓအရှင်မြတ်၏ အဖြေလွှာကား ရှင်းလင်း ပြတ်သားလှပါပေသည်၊ ယနေ့မှစ၍ တပည့်တော်ကို ဥပါသကာတယောက်အဖြစ် အသိအမှတ် ပြုတော်မူပါ"ဟု လျှောက်ကြားလေ၏။

မဂ္ဂဇူယာစာစောင်၊ အတွဲ(၁၃)၊ အမှတ်(၂)
၁၃၃၆-ခုနှစ်၊ ကဆုန်လပြည့်၊ တနင်္ဂနွေနေ့ (၅. ၅. ၇၄)
သာသနာနှစ် (၂၅၁၇)



# မိုက်ပြစ် မိုက်ဒဏ်

□ **ကိုတုလ**

တဝါဖြင့် ကျွတ်ခဲ့ပြန်လေပြီ။

ဝါကျွတ်လေတိုင်း ဗုဒ္ဓအသျှင်မြတ်ထံ အာဂန္တုရဟန်းတွေ လာရောက်ကန်တော့ကြစမြဲ ဖြစ်၏။ ယခုလည်း ဗုဒ္ဓရှင်တော်မြတ် သီတင်းသုံးရာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်သို့ အာဂန္တုရဟန်းများ ရောက်လာမစဲ တဖွဲဖွဲ ရှိ၏။

အချိန်ကား နေဝင်ရီတရော၊ နေမင်းကြီးသည် တိမ်မြူကလေးများကို ကြက်သွေးရောင်ဖြင့် ပက်ဖြန်းကျီစယ်ခဲ့၍ မိုးကုတ်စက်ဝိုင်းသို့ ငုပ်လျှိုးပြေးဝင်သွားရိုး ဖြစ်၏။ ယနေ့မှ တိမ်မဲကြီးက အနိုင်ကျင့်လိုက်သဖြင့် မချင့်မရဲဝင်သွားရ၏။ ရှစ်ခွင်ဒိသာမှ မိုးသားတိမ်လိပ်တွေ တရိပ်ရိပ် တက်လာကြ၏။ မျက်စဉ်းညိုရောင် တိမ်တောင်ထက်မှ လျှပ်စစ်နွယ်များသည် ယှက်လိမ်မြူးကွန့်လူးလွန့်လျက် ရှိကြ၏။ မိုးသားတိမ်လိပ်များက ည၏ ကောင်းကင်အားလုံးကို အုပ်ဖုံးလိုက်သည်။ ဂျိုးဂျိုးဂျိမ့်ဂျိမ့် မိုးချုံးသံ တညံညံ၊ မိုးရွာသံက မစဲ၊ သဲသဲမဲမဲ ရွာချလျက် ညကို စိုးမိုးထား၏။

အရုဏ်တက်ပြီ၊ မိုးလည်း စင်စင်လင်းလေပြီ၊ မိုးသားတိမ်ရိပ်တွေလည်း ကင်းလေပြီ၊ နံနက်ခင်းအလှသည် အေးမြတည်ငြိမ်လျက် ရှိသည်၊ သာယာကြည်နူးဖွယ်အတိဖြစ်သည်။ ထိုစဉ် အာဂန္တုများသည် ဇေတဝန်ကျောင်းတွင်း လှည့်ပတ်ကြည့်ရှုကြပြီး ဗုဒ္ဓအသျှင်မြတ်ထံ ဝင်ရောက်လာကြ၏။

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား! **ဦးပါလ**သည် စင်္ကြံလျှောက်ရင်း ပိုးကောင်တွေ နင်းသတ်ထားပါတယ်ဘုရား"

အာဂန္တုရဟန်းများသည် မိမိတို့ မြင်တွေ့ခဲ့သော ဇေတဝန်ကျောင်းမှ ပြစ်ချက်တခုကို ဗုဒ္ဓအသျှင်မြတ်အား တိုင်ကြားလျှောက်ထားကြ၏။

"စင်္ကြံလျှောက်ရင်း ဦးပါလ ပိုးကောင်တွေ နင်းသတ်နေတာကို သင်တို့ကိုယ်တိုင် မြင်ခဲ့ကြသလား"

"ဒီလိုတော့ မမြင်ခဲ့ပါဘုရား၊ ဦးပါလ စင်္ကြံလျှောက်တဲ့နေရာမှာ ပိုးကောင်သေတွေ မြင်ခဲ့ရ၍ လျှောက်ခြင်းဖြစ်ပါတယ်ဘုရား"

"နင်းသတ်နေတာ သင်တို့ကိုယ်တိုင် မမြင်ခဲ့သလို ဦးပါလဟာ ဒီပိုးကောင်တွေကို မြင်ရှာတာ မဟုတ်ဘူး၊ သူမှာ ရဟန္တာပုဂ္ဂိုလ်ကြီး ဖြစ်နေပေမယ့် မျက်စိနှစ်ကွင်း အလင်းမရရှာတော့ဘူး"

ထိုအခါ အာဂန္တုများသည် "ရဟန္တာကို တို့ အပြစ်တင်မိပြီ"ဟု ထိတ်လန့်တုန်လှုပ်သွားကြ၏။ ဦးပါလဟာ ရဟန္တာဖြစ်လောက်အောင် ကုသိုလ်ကောင်းပါလျက် အဘယ့်ကြောင့် မျက်စိနှစ်ကွင်း အလင်းမရဘဲရှိသည်ကိုလည်း သိချင်ကြ၏။

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ! ဦးပါလဟာ ရဟန္တာဖြစ်လောက်အောင် ကုသိုလ်ကံတွေ ရှိပါလျက် အဘယ့်ကြောင့် မျက်စိကွယ်ရရှာပါသလဲဘုရား?"

"ရဟန်းတို့. . . **"ကမ္မဿကာ သတ္တာ"**လို့ သင်တို့ကို ငါ မကြာခဏ သွန်သင်ခဲ့တယ်မဟုတ်လား၊ ရှေးဘဝက သူလုပ်ခဲ့တဲ့ ကံဆိုးရဲ့ အကျိုးအမွေပဲပေါ့၊ အတိတ်က မိုက်ပြစ်မိုက်ဒဏ်တွေကို ခုထိ ခံနေရတယ်ပေါ့လေ . . ."

ဗုဒ္ဓအသျှင်မြတ်သည် ဤမျှဖြင့် စကားကို ရပ်တန့်ထားလိုက်၏။ အာဂန္တု ရဟန်းများသည် "ဦးပါလ၏ ရှေးဘဝဇာတ်လမ်းကို နာလိုကြပါကြောင်း" လျှောက်ထားကြ၏။

"ဒါဖြင့် ကောင်းပြီ၊ သေချာစွာ နားထောင်ကြ"ဟု မိန့်၍ ဦးပါလ၏ အတိတ်ဘဝဇာတ်လမ်းကို ဟောကြားတော်မူသည်။

ကျေးရွာတရွာမှ ဆေးဆရာတဦးသည် အခဖြင့် ဆေးကု၍ အသက် မွေးသည်၊ သမုဒ္ဒရာဝမ်းတထွာကို ကျောင်းသည်၊ ဇနီးမယားနှင့် သမီးသား တို့ကို ကျွေးသည်၊ မိသားစု ဝမ်းဝရေး ခါးလှရေး မနည်း ရုန်းကန်ရ၏။ ခက်သည် မှာ မကျန်းမာသူရှိမှ ဆေးကုရသည်။ ထိုခေတ်က လူတွေကလည်း ကျန်းမာရေး ကောင်းကြ၏။ ကိုယ့်ရွာတွင် ကိုယ်ကုပ်နေ၍ ဝမ်းလည်း မဝ၊ ခါးလည်း လှမည် မဟုတ်၊ နယ်စုံလှည့်၍ ဆေးကုဖို့ အကြံထုတ်ရ၏။

ရွာတရွာရောက်၍ လူနာတယောက်တော့ တွေ့ပြီ။ မျက်စိဝေဒနာ ရှင် အမျိုးသမီးတစ်ဦးတည်း။ ဝေဒနာရှင်နှင့် တွေ့ဆုံ၍ ရောဂါကို စမ်းသပ်ကြည့် သည်။ ဆေးတွေ့လျှင် ပျောက်နိုင်သည်ဟု သိ၏။ "ပျောက်အောင် ကုနိုင်ပါ တယ်"ဟု အာမခံ၍ ဆေးဖိုးဝါးခအတွက် စကားပြောကြည့်သည်။

"ကုသာ ကုပါ ဆရာရယ်၊ ကျွန်မမျက်စိသာ အကောင်းပကတိ ဖြစ်ရင် ရှိပစ္စည်း ပုံအပ်ပြီး လူပါ ကျွန်ခံပါ့မယ်"

ဆေးဆရာသည် ဆေးဖိုးဝါးခ စိတ်ကြိုက်ရမည်ဟု ယူဆ၍ အစွမ်း ထက်သော မျက်စဉ်းကို ပေးခဲ့၏။ တပတ်အတွင်း ပျောက်မည်ဟု အာမခံ၍ ပြန်လာခဲ့သည်။ တပတ်ပြည့်ပြီး ဆေးဆရာသည် လူနာရှင်ထံ ဆေးဖိုးဝါးခ တောင်းရန်အိမ်မှ ထွက်လာခဲ့သည်။ မျက်စိရောဂါရှင်လည်း မျက်စိအကောင်း ပကတိ ဖြစ်နေလေပြီ။ သို့သော် ဆေးဆရာအကြိုက်တွင် ဝေဒနာရှင် မျက်ဖြူဆိုက်လေပြီ။

"အင်း ... ငါ့တော့ ခက်ပြီ၊ ဒီဆရာကလည်း ငွေသိပ်မက်ပုံရ တယ်၊ တကယ်တော့ ငါ အပြောလွန်သွားတာပဲ၊ နှုတ်လွန် ကျွန်ဖြစ်ကိန်း ဆိုက်နေမလား၊ တတ်နိုင်ပါဘူးလေ၊ မီးစင်ကြည့် ကရမှာပဲ"

"ဟော ဆရာ လာပြီ၊ ဆရာ လာပြီ"

"မျက်စိ ဘယ့်နှယ့်နေသေးလဲ ဟေ့၊ ပျောက်ပြီမဟုတ်လား! "

"ဆရာရယ် ဆရာ့မျက်စဉ်းခတ်တာ အစကတော့ သက်သာသလိုလို ပါပဲ၊ နောက်တော့ မနေနိုင်လောက်အောင် ကျိန်းစပ်လာတယ်ဆရာ၊ ဒါနဲ့ ဆက်ပြီး မခတ်ဝံ့တော့ဘူး"

ဝေဒနာရှင်အမျိုးသမီးသည် သဏ္ဌာန်လုပ် သရုပ်တူစေပြီး အခန်းတွင်း ဝင်၍ အိပ်ယာတွင် လှဲနေလိုက်၏။ "အမလေး၊ ကျွတ် ကျွတ် ကျွတ်"

ဆေးဆရာကလည်း အပါးပင်၊ ဆေးဖိုးဝါးခ မပေးချင်လို့ တပတ် ရိုက်မှန်း နားလည်လိုက်၏၊ မြန်းကနဲ ယမ်းပုံမီးကျ ဒေါသမီးလောင်သည်၊ သို့ရာတွင် ဒေါသဆင်ရိုင်းကို ချွန်းအုပ်လိုက်ပြီး ပညာရှိနှိပ်စက်နည်းသို့ ဗျူဟာပြောင်းလိုက်၏။

"သည်လိုဆို ငါ့နှမ ဘာမှမပူပါနဲ့၊ တစ်ဆေးမပျောက် တစ်ဆေးပေါ့၊ မျက်စဉ်းတမျိုးပြောင်းပေးမယ်၊ ဆေးဖိုးဝါးခက အရေးမဟုတ်ပါဘူး"

ဆေးဆရာသည် ကိုယ့်အကြံနှင့် ကိုယ် ပြုံးမိ၏။ ဝေဒနာရှင်ကလည်း "ပိုင်လိုက်လေ ငါ့နှယ်"ဟု ကြိတ်၍ ရယ်သည်။ ထိုအပြုံးနှင့် အရယ် ဘယ် ဟာက ရက်စက်သနည်း၊ စောင့်ကြည့်ရမည်၊ အိမ်ရောက်၍ မယားကို တီးတိုး ပြောသည်၊ မယားက ကန့်ကွက်စကား ဆို၏။

"အိုရှင့် . . . မတော်တာ၊ မရက်စက်ပါနဲ့ လူတယောက်ကို ဒါလောက်"

"ဒီလိုကောင်မမျိုး ဒါမှ မှတ်မှာကွ"

ပြောပြောဆိုဆို နေရာမှ ထ၍ ဆေးအိတ်ကို ယူပြီး အိမ်မှ ထွက်ခဲ့သည်၊ ဝေဒနာရှင်တို့ အိမ်သို့ ရောက်ပြီ၊ ဆေးဆရာသည် ရယ်ရယ်မောမော ပြောသည်။

"ငါ့နှမ၊ တဆေးမကောင်း တဆေးပေါ့၊ မပျောက်မှာ မပူနဲ့၊ ဆရာက အာမခံနဲ့ ကုတဲ့ဥစ္စာ၊ ငါ့နှမထက် ဆိုးတာတွေတောင် ပျောက်တာတွေ ဒုနဲ့ဒေး၊ ရော့ . . . ငါ့နှမ၊ ဒီမျက်စဉ်းလေး ခတ်လိုက်"

မျက်စဉ်းကို ခတ်လိုက်ပြီ၊ "ကဲ . . . ဆရာပြန်ဦးမယ်၊ ကိစ္စလေး ရှိသေးတယ်"ဟု ပြောပြောဆိုဆို ရယ်ရယ်မောမော ထွက်လာခဲ့၏၊ ဝေဒနာရှင် ကား တပတ်ရိုက်ခံရလေပြီ၊ မျက်စဉ်းခတ်ပြီး မကြာခင်ပင် မျက်စိနှစ်ဖက်လုံး ကျိန်းစပ်လာသည်၊ နီရဲယောင်အမ်းလာသည်၊ နှစ်ရက်လောက် အကြာတွင် မျက်စိအခြေအနေ ပိုဆိုးလာသည်။

မျက်လုံးမှ သွေးများ စီးကျလာ၏၊ မျက်လုံးအိမ်ကြီးသည် တဖြည်း ဖြည်းရှုံ့ပြီး ချိုင့်ဝင်သွားလေပြီ၊ မျက်စိနှစ်ကွင်း အလင်းမရတော့ပြီ။

"ရဟန်းတို့! ဦးပါလသည် ယခုလို ဆေးဆရာဘဝက အသပြာဆရာပိုပိ ဆေးဖိုးဝါးခအတွက် ဤမျှ မိုက်မဲခဲ့၏၊ ရက်စက်ခဲ့၏၊ ဒီမိုက်ပြစ်မိုက်ဒဏ်တွေ ဘဝအတန်တန် ခံခဲ့ရလေပြီ၊ ယခုဘဝမူကား နောက်ဆုံးမိုက်ကြွေးဆပ်ရခြင်း ဖြစ်သည်။ ရဟန်းတို့၊ စိတ်ဆိုးစိတ်မိုက်ဖြင့် လုပ်သမျှဟာ ဤသို့ ဒုက္ခနှင့် ရင်ဆိုင်ရသည်သာ ဖြစ်သည်။ ထို့ကြောင့် သင်တို့သည် ဘဝသင်ခန်းစာယူပြီး ဤနီတိဂါထာကို ကျက်မှတ်ကျင့်သုံးကြရမည်"

**မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။**

**မနသာ စေ ပဒုဋ္ဌေန၊ ဘာသတိ ဝါ ကရောတိ ဝါ။**

**တတော နံ ဒုက္ခ'မန္ဝေတိ၊ စက္က'ံဝ ဝဟတော ပဒံ။**

*''ခံစားမှု မှတ်သိမှုသဘောတွေကို စိတ်က ရှေ့ဆောင်နေ၏၊ စိတ်က ကြီးမှူးနေ၏၊ စိတ်က ဖန်တီးနေ၏၊ အကယ်၍ ဆိုးမိုက်သည့် စိတ်မျိုးဖြင့် ပြောလိုက်မိ လုပ်လိုက်မိမည်ဆိုပါက သည့်အတွက် ဆင်းရဲဒုက္ခသည် သူ့နောက်က လိုက်နေပေမည်၊ လှည်းကထားသည့် နွားကြီးနောက် လှည်းဘီးကြီး လိမ့်လိုက်နေသလိုပင်တည်း"။*

**ဓမ္မဗျူဟာစာစောင်၊ အတွဲ ၁၄၊ အမှတ် ၁**

**၁၃၃၆ ခုနှစ်၊ တပေါင်းလပြည့်၊ ဗုဒ္ဓဟူးနေ့ (၂၆. ၃. ၇၅)**

**သာသနာနှစ် ၂၅၁၈**



# ကြည်ညိုစိတ်၏ တန်ဖိုး

**▫ ကိုတုလ(စစ်ကိုင်း)**

(၁)

ယနေ့ကား လူတိုင်း အံ့ဩရသောနေ့ ဖြစ်၏၊ ထူးဆန်းသောသတင်းကို ကြားရသည်၊ သာဝတ္ထိမြို့ ရပ်ကွက်တစ်ခုမှ လူတွေ စုပြောနေကြသည်၊ သတင်းထူးကို ပြောကြသည်၊ ဝေဖန်ကြသည်၊ ထင်မြင်ချက်တွေနှင့် ဖွင့်ကြသည်။

"မယုံရေးချ မယုံဗျာ၊ ဒီလောက် နှမြောတဲ့ လူကပ်စေးနှဲကြီးက ဘုရားအမှူးရှိတဲ့ သံဃာတွေကို ဆွမ်းစားပင့်သတဲ့၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

"အရမ်း မပြောကြနဲ့ဦးဗျ၊ သူ့အိမ်မှာ ဆွမ်းတွေ ဟင်းတွေ ချက်ပြုတ်နေတာတော့ တကယ်ပဲ"

"ဟော့ ဟော့ ! ဟိုမှာ မြင်ရဲ့လား၊ ဘုရားကြွသွားတယ်၊ သံဃာတော်တွေနဲ့"

မျက်စိလျှင်သူက သံဃာများ စီတန်းလျက် **အဒိန္နပုဗ္ဗက**၏ အိမ်ဘက်သို့ ဆွမ်းစားကြွသွားသည်ကို ကြည့်ပြီး ပြောလိုက်သည်၊ လူတိုင်း၏ မျက်လုံး

အစုံသည် တနေရာတည်းသို့ စုပြုံရောက်သွားကြသည်၊ ဗုဒ္ဓအသျှင်မြတ်သည် သံဃာတော်များနှင့်အတူ **အဒိန္နပုဗ္ဗက**အိမ်မှာ ဆွမ်းဘုဉ်းပေးလျက် ရှိ၏၊ ပစ္စည်းကို အလွန်နှမြော၍ မည်သူ့ကို ဘာတစ်ခုမှ 'ရော့ အင့်'ဟု မပေးဘူးသော လူ့ကပ်စေးနှဲကြီး၏ ဆွမ်းကျွေးပွဲသို့ တအံ့တသြ လာကြည့်ကြသည်၊ အကဲခတ်ကြ လေ့လာကြသည်၊ သတင်းထူး၍ လာကြည့်သူတွေ တစတစ များလာကြသည်၊ **အဒိန္နပုဗ္ဗက**အိမ်မှာ မဖိတ်ဘဲ ဧည့်ပရိသတ်တွေ ရောက်နေကြပြီး အလှူမင်္ဂလာပွဲကြီးတခုအလား စည်ကားလျက် ရှိ၏။

ဗုဒ္ဓအသျှင်မြတ်နှင့် သံဃာတော်များ ဆွမ်းဘုဉ်းပေး၍ ပြီးကြပြီ၊ သို့တိုင် မြို့လူထုသည် မပြန်ကြသေး၊ ဗုဒ္ဓအသျှင်မြတ်၏ တရားတော်ကို နာလိုကြ၏၊ **အဒိန္နပုဗ္ဗက**၏ အခြေအနေကို စောင့်ကြည့်လိုကြ၏၊ သံဃာတော်များသည် သပိတ်ရော လက်ပါ စင်ကြယ်စွာ ဆေးကြော၍ ဗုဒ္ဓအသျှင်မြတ်ကို အရိုအသေပေးကာ တိတ်ဆိတ်စွာ ထိုင်နေကြသည်၊ **အဒိန္နပုဗ္ဗက**သည် ဗုဒ္ဓအသျှင်မြတ်၏ အနီးသို့ ချဉ်းကပ်၍ -

"အသျှင်ဂေါတမ! ခွင့်ပြုရင် ပြဿနာတခု မေးချင်ပါတယ်"ဟု ခွင့်တောင်း စကားဆိုသည်။

"မေးချင်တာ မေးနိုင်ပါတယ်"

"အသျှင်ဂေါတမ! ကိုယ်တော်တို့ကို မလှူဒါန်းပဲ မပူဇော်ပဲ ကိုယ်တော်တို့ တရားကို မကြားနာပဲ ဥပုသ်မစောင့်ပဲ စိတ်ထဲက ကိုယ်တော်တို့ကို ကြည်ညိုရုံ့ သက်သက်နဲ့ နတ်ပြည်ရောက်တဲ့သူ ရှိနိုင်ပါသလား?"

"ဘာဖြစ်လို့ တို့ကို မေးပြန်သလဲ၊ သင့်သားကိုယ်တိုင်က ပြောပြလိုက်တယ် မဟုတ်လား ?"

"ဘယ်တုန်းကလဲ အသျှင်ဂေါတမ"

"စောစောက သုသာန်နားမှာ ဒီအကြောင်းတွေ ပြောပြီး သင့်သားရဲ့ တိုက်တွန်းချက်အရ တို့ကို ပင့်တာ မဟုတ်လား ?"

ဗုဒ္ဓအသျှင်မြတ်သည် **အဒိန္နပုဗ္ဗက**၏ လျှို့ဝှက်ချက်များက ခရေစေ့တွင်းကျ ဖွင့်ဟမိန့်တော်မူသည်။

(၂)

"လူကလေးရေ လူကလေးရေ့ - ဘယ်များ နေရှာပါလိမ့် လူကလေး ရယ် အီး အီး"

အရုဏ်တက်၍ လင်းကြက်တွန်လေပြီ၊ သာဝတ္ထိမြို့ သုသာန်မြေကား သစ်ချုံ အုပ်ဆိုင်း၍ မှိုင်းညို့ညို့ ရှိ၏၊ လူသူကွင်းရှောင်၍ ခေါင်လှ၏၊ မသိုးမသန့် ထိတ်လန့်ဖွယ်ရာ ဖြစ်သည်၊ သာယာသော နံနက်ခင်းပင် ဖြစ်စေ၊ သုသာန်မြေကား ထာဝရကျက်သရေ ကင်းမဲ့နေသည်၊ ဘာသာဟစ်ကြွေး ကျေးငှက်တို့ တွန်သော တေးသည်ပင် သာယာဖွယ် မရှိ၊ လင်းကြက်ဆော်သည် နှင့်အတူ အဒိန္နပုဗ္ဗက၏ ငိုကြွေးသံကား ပေါ်လာစမြဲ ဖြစ်သည်၊ တဦးတည်း သော သားကလေးအတွက် ရတက်မဆုံးနိုင်သော ကြေကွဲမှုဖြင့် နေ့စဉ် ငိုပွဲဆင် လာသည်။

**အဒိန္နပုဗ္ဗက**သည် သွားလေသူ သားကလေး၏ မြေပုံအနီးဝယ် အားရအောင်ငိုပြီး သုသာန်ပြင်ဘက်သို့ တလှမ်းချင်း ထွက်လာခဲ့သည်၊ သုသာန်အပြင်သို့ ထွက်မိလျှင် ထွက်မိချင်း ကြားရသောအသံနှင့် မြင်တွေ့ရ သော မြင်ကွင်းတို့က သူ့ခြေလှမ်းကို တုံ့ရပ်သွားစေသည်၊ ဝတ်ကောင်းစားလှ နှင့် လုလင်လေးတယောက်သည် အလွန်နာကြည်းစွာ ရှိုက်ကြီးတငင် ငိုကြွေးနေလေ၏။

"ဆန်းလိုက်ပါဘိ ဒီသူငယ်၊ ဘာလို့များ ငိုနေပါလိမ့်"

သိချင်စိတ်က နှိုးဆော်သဖြင့် ငိုကြွေးနေသော လုလင်လေးအနီးသို့ သွားသည်၊ ကိုယ်ချင်းစာကာ သူ့ဒုက္ခကို မေးကြည့်မိ၏၊ အပူသည်ချင်း အဖော်ညို ကြည့်၏။

"ကျွန်တော့ဒုက္ခက တခြားမဟုတ်ပါဘူး ဘဘရဲ့၊ ကျွန်တော့်မှာ အလွန် လှပတဲ့ ရွှေလှည်းအိမ်ကြီး ရထားပါတယ်၊ ဒါပေမယ့် အဲဒီလှည်းအိမ်နဲ့ တော်တဲ့ လှည်းဘီးက မရှိဘူးဗျ၊ လှည်းဘီးမရရင် ကျွန်တော်တော့ သေရမှာပါပဲဗျာ"

**အဒိန္နပုဗ္ဗက**သည် သူများအလှည့်တွင် သူက တရားချသည်၊ ဖျောင်းဖျသည်၊ ကြင်နာဆပ္ပား အားပေးစကား ဆိုသည်။

"ဩော်- ဒါကြောင့်လား ဒါအတွက်တော့ မပူနဲ့၊ ဘဘက မင်းကို လှည်းဘီးကြီး လုပ်ပေးမယ်၊ ရွှေလှည်းဘီး ကြိုက်သလား၊ ငွေလှည်းဘီး ကြိုက်သလား၊ လိုချင်တာသာ ပြော၊ ဘဘမှာ ရွှေတွေ ငွေတွေ ပေါတယ်၊ ဘဘမှာ အခု အမွေခံ သားသမီးရှိတော့တာ မဟုတ်ဘူး၊ မောင်ရင့်ကြည့်ရတာလည်း ငါ့ရဲ့ သွားရှာသူ သားလေးနဲ့ တူလိုက်တာကွယ်"

"ဘဘပြောတဲ့ ရွှေလှည်းဘီးလည်း မလိုချင်ပါဘူး၊ ငွေလှည်းဘီးလည်း မလိုချင်ပါဘူး၊ ကျွန်တော်လိုချင်တဲ့ လှည်းဘီးက ကောင်းကင်က လနဲ့ နေပဲ၊ လနဲ့ နေကို လှည်းဘီးလုပ် တပ်ရမှ ကျွန်တော့ လှည်းအိမ်ကြီး လှမှာ"

"ဟာ . . . မင်းဟာ တယ်မိုက်တဲ့ ကောင်လေးပဲ၊ မဟုတ်တာ သွားတမ်းတလို့ ရမလား၊ လနဲ့နေကိုတော့ မင်းသေတောင် မရဘူး"

"ဘဘရယ်! ဘဘပဲ စဉ်းစားကြည့်ပါ၊ ကျွန်တော်လိုချင်လို့ ငိုပြီး တမ်းတနေတဲ့ လနေဟာ အထင်အရှား မြင်နေရတာပါ၊ ကျွန်တော်က မြင်နေရတဲ့ လနဲ့နေကို လိုချင်လို့ ငိုတယ်၊ ဘဘကတော့ သေသွားတဲ့သားကို မမြင်ရပဲ ဘယ်နေမှန်းလဲ မသိ၊ ရမ်းငိုနေတယ်၊ ဒီတော့ ကျွန်တော်နဲ့ ဘဘ ဘယ်သူက ပိုမိုက်ရာကျလဲဗျာ"

"ဟေ "

**အဒိန္နပုဗ္ဗက**၏ နှုတ်မှ အာမေဍိတ်သံ ထွက်လာသည်၊ လုလင်လေး၏ စကားက သူ့ကို အလေးအနက် စဉ်းစားစေ၏၊ ဖြောင့်ဆိုဝန်ခံစေ၏။

"ဟုတ်တယ်၊ ဟုတ်တယ်၊ ဘဘက ပိုမိုက်ရာ ကျပါတယ်၊ ဒီနေ့ကစပြီး ဘဘ မငိုတော့ဘူး၊ ဘဘ နားလည်ပြီ နားလည်ပြီ"

**အဒိန္နပုဗ္ဗက**သည် လုလင်လေးအား ကျေးဇူးစကားကို အားရပါးရ ဆိုနေသည်၊ လုလင်လေး၏ အမည်နာမနှင့် နေရပ်တို့ကို မေးမြန်းနေသည်၊ လုလင်လေးသည် မေးသမျှဖြေ၍ တစုံတခု ပြောပြပြီးလျှင် ထွက်ခွာသွားလေ

သည်၊ **အဒိန္နပုဗ္ဗက**သည် ကျောပေးထွက်ခွာသွားသော လုလင်လေးကို မျက်စိတဆုံးကြည့်၍ တဦးတည်း ရပ်နေရစ်သည်။

**အဒိန္နပုဗ္ဗက**သည် သူ့မျက်စိကိုလည်း သူမယုံတော့၊ သူ့နားကိုလည်း သူ အားမထားတော့၊ ကိုယ်တိုင်တွေ့ရသည့် ကိုယ်တွေ့အဖြစ်အပျက် ဖြစ်ပါလျက် အိပ်မက်လေလားဟု စဉ်းစားနေမိ၏၊ သို့သော် လုလင်လေး၏ ရုပ်သည် သူ့မျက်စိထဲက မထွက်၊ ပြောသွားသော အသံကိုလည်း နားက ကြား လျက် . . .

"ကျွန်တော်ဟာ ဘဘရဲ့သား **ကုဏ္ဍလီလေ**၊ ကျွန်တော် အသည်းအသန် ဖြစ်နေတုန်း ဘုရားဂေါတမဟာ ကျွန်တော်တို့ အိမ်နားက ဖြတ်ပြီး ကြွသွား တယ်၊ ဘုရားဂေါတမကို မြင်လိုက်ရတော့ 'ဩော် . . . တယ်ထူးမြတ်တဲ့ ပုဂ္ဂိုလ် ပါလား'ဟု ကြည်ညိုစိတ် ဖြစ်သွားမိတယ်၊ ရောဂါကို ခေတ္တမေ့ပြီး ကျွန်တော့ စိတ်တွေဟာ ဘုရားဂေါတမကို အာရုံပြုပြီး အတော်ကြာအောင် ကြည်နူးနေမိ တယ်၊ ဒီနောက်တော့ ကျွန်တော် ဘာမှမသိတော့ဘဲ ခုဘဝ ရောက်လာရော၊ လောကမှာ ဘုရားဂေါတမသာ ဘုရားစစ်ဘုရားမှန် ဖြစ်တယ်၊ မယုံ မရှိပါနဲ့၊ ယနေ့ပဲ ဘုရားဂေါတမကို သွားရောက်ဆည်းကပ်ပါ"

(၃)

ဗုဒ္ဓအသျှင်မြတ်က ဖြစ်ကြောင်းကုန်စင်ကို လှစ်ဟတော်မူလိုက်သည်၊ **အဒိန္နပုဗ္ဗက**သည် ဟုတ်မှန်ကြောင်း ဝန်ခံ၏၊ "ဘုရားကြည်ညိုစိတ်၏ တန်ဖိုးဟာ အနည်းဆုံး နတ်ပြည်ရောက်နိုင်တယ်၊ ဘာဝနာလမ်းဖြင့် ဆက်လှမ်းပါမူ မဂ်ဖိုလ် နိဗ္ဗာန်တိုင် ရောက်နိုင်တယ်"ဟု မိန့်ကြားပြီး နိတိဂါထာကို သင်ကြားတော် မူလိုက်၏။

**မနော ပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။**
**မနသာ စေ ပသန္နေန၊ ဘာသတိ ဝါ ကရောတိ ဝါ။**
**တတော နံ သုခမန္ဝေတိ၊ ဆာယာဝ အနပါယိနီ။**

*"ခံစားမှု မှတ်သိမှု စေ့ဆော်မှုသဘောတွေကို စိတ်က ရှေ့ဆောင် - စိတ်ကကြီးမှူး - စိတ်က ဖန်တီး၏၊ အကယ်၍ ကြည်လင်သော စိတ်ဖြင့် ပြောလိုက်မိ- လုပ်လိုက်မိပါမူ သည့်အတွက် ချမ်းသာသုခသည် ထိုသူ့နောက်က မစွန့်မခွာ အရိပ်ပမာ လိုက်နေမည်သာတည်း။"*

ဓမ္မဗျူဟာစာစောင်၊ အတွဲ(၁၄)၊ အမှတ်(၂)
၁၃၃၇-ခုနှစ်၊ တန်ခူးလပြည့်၊ သောကြာနေ့ (၂၅-၄-၇၅)
သာသနာနှစ် (၂၅၁၈)



# စာတမ်းများ



# သီတဂူ ရေအလှူတော်စာတမ်း

## ၁။ ရေ အရေးကြီးပုံ

ရေသည် လူသားတို့အတွက် အသက်ပင် ဖြစ်၏။ ရေမရှိလျှင် လူသားတို့ အသက်ရှင်နေနိုင်ကြမည် မဟုတ်။

ကျန်းမာသော လူသားတယောက်သည် အစာမစားပဲ ရက်သတ္တ ၅ ပတ်ခန့် အသက်ရှင်နေနိုင်သော်လည်း ရေမသောက်ရလျှင် ၅ ရက်ထက်ပို၍ အသက်မရှင်နိုင်ဟု သိပ္ပံပညာရှင်တို့က ဆိုကြ၏။

လူသားတို့သာ ရေကိုမှီ၍ အသက်ရှင်ကြရသည် မဟုတ်။ ရေနှင့်မကင်းနိုင်သော သတ္တဝါမှန်သမျှ ရေကိုမှီ၍ အသက်ရှင်ကြရ၏။ သို့ဖြစ်၍ ရေသည် သတ္တဝါများ အသက်ရှင်ရေးအတွက် လွန်စွာ အရေးကြီးလှပေသည်။

ရေသည် လူသားများအတွက် များစွာအသုံးဝင်၏။ ကျန်းမာသက်ရှည်ရေးအတွက် ရေကို သောက်သုံးကြရ၏။ ရေသည် ကိုယ်စိတ်လန်းဆန်း အားအင်ကို ဖြည့်စွမ်းပေးနိုင်၏။ အပူကို ငြိမ်းစေ၏။ လူခန္ဓာကိုယ်နှင့် ပတ်ဝန်းကျင်ကို ရေဖြင့် သန့်စင်ပေးရ၏။

ရေသည် နွယ်မြက်သစ်ပင်များကိုလည်း ရှင်သန်ကြီးထွားစေ၏။ ရေရှိသောကြောင့်သာ သတ္တဝါတွေ စားသုံးရန် သီးနှံမျိုးစုံကို ရရှိကြ၏။ ရာသီဥတုအပူဒဏ်ကိုလည်း ရေကပင် ခုခံကာကွယ်ပေး၏။

အချုပ်ဆိုရသော် လူသားတို့ အသက်ရှင်ရေးအတွက် လေကလွဲလျှင် ရေသည်သာ အဓိကကျဆုံး ဖြစ်ပေသည်။ ရေမရှိလျှင် လူမရှိနိုင်။ မည်သည့် သတ္တဝါ မည်သည့်သစ်ပင်မှလည်း မရှိနိုင်ချေ။

## ၂။ စစ်ကိုင်းတောင်ရိုးနှင့် ရေပြဿနာ

စစ်ကိုင်းတောင်ရိုးသည် ဧရာဝတီမြစ်ကြီးကို မေးတင်လျက်ရှိသော်လည်း တောင်ရိုးရှိ ရဟန်းရှင်လူ သူတော်စင်များမှာ ရေအတွက် ပင်ပန်းဆင်းရဲနေကြရ၏။ လှိုဏ်မြောင်ချောက်ကြား တောင်ထိပ်များ၌ တူးဖော်ထားသော မိုးရေကန်များကိုသာ မှီခိုအားထားနေကြရသည်။

တောင်ရိုးရှိ မိုးရေကန်များသည် မိုးတွင်းရာသီ၌ ရေပြည့်လျှံနေတတ်သော်လည်း ဆောင်းမကုန်မီ ရေပြတ်သွားလေ့ရှိ၏။ ပူအိုက်သော နွေရာသီတွင် တောင်ရိုးရှိ ရဟန်းရှင်လူ သူတော်စင်များသည် ရေရှားပါးသည့် ဒဏ်ကို အလူးအလှိမ့် ခံနေကြရသည်။

စစ်ကိုင်းတောင်ရိုးသည် မိုးနည်းပါးပြီး ပူအိုက်သော ဒေသ ဖြစ်သည်။ ဧရာဝတီမြစ်ကို ဖြတ်ကျော် တိုက်ခတ်လာသော လေနုအေးကလေးကြောင့်သာ အနည်းငယ်မျှ အပူဒဏ်မှ သက်သာမှု ရရှိကြ၏။

စစ်ကိုင်းတောင်ရိုး၌ တောင်ထွဋ်ပေါင်း ၅၀ ကျော် ရှိ၏။ အချို့တောင်ထွဋ်များမှာ ပေ ၇၀၀ ကျော်မှ ၁၃၇၃ ပေထိ မြင့်မားကြ၏။

အရှည်ဝါသီ တောရမှီလျက် ကိုယ်စိတ်ရား ကြိုးစားနေကြသော ရဟန်းသာမဏေ သီလရှင်သူတော်စင်များ သီတင်းသုံးနေထိုင်ရာ ဂူလိုဏ်များ၊ ကျောင်းတိုက်များ၊ ချောင်များသည် တောင်ထွဋ်များနှင့် လှိုဏ်မြောင်ချောက်ကြားများတွင် တည်ရှိပေသည်။

မိုးရာသီတွင် ရေကန်များ၌ မရအရ မိုးရေများကို သွယ်ယူသိုလှောင်ထားကြရ၏။ မိုးတွင်းပင်ဖြစ်စေကာမူ ရေကန်ရှိ ရေများကို ခြိုးခြံချွေတာ မျှတစွာ အသုံးပြုကြရသည်။

သပိတ်ဆေးရေ ပန်းကန်ခွက်ယောက် ဆေးကြောရေများကို သစ်ပင်ငယ်များရှိရာ သွန်းလောင်းကြရသည်။ အောက်ထစ်ဆုံး သောက်ရေကျန်ကလေးပင်ဖြစ်စေ အလဟဿ မစွန့်ပစ်ရက်။ သစ်ပင်ငယ် ပန်းပင်ငယ်များ၌သာ လောင်းထည့်ကြရသည်။

ရေကို မည်မျှခြိုးခြံချွေတာ၍ အသုံးပြုစေကာမူ ဆောင်းမကုန်မီ မိုးရေကန်များ၌ ရေပြတ်သွားတတ်လေသည်။ ထိုအခါ မြင့်မားသော တောင်ထွဋ်များမှပင် ဧရာဝတီမြစ်အတွင်းသို့ ရေချိုးရေခပ်ဆင်းကြရ၏။

မြစ်ကမ်းနှင့် ဝေးလံသည့် ချောင်များမှ ရဟန်းသာမဏေသီလရှင်များသည် နေ့စဉ် ရေချိုးရေခပ် ဆင်းကြရသဖြင့် အချိန်ကုန်လူပန်း ဖြစ်ရှာကြရ၏။ စာအံခြင်း, စာကျက်ခြင်း, တရားမေ့နှလုံးသွင်းခြင်း ပရိယတ္တိ ပဋိပတ္တိ အလုပ်တွေ များစွာ လစ်ဟင်းကြရ၏။ ရေဆင်းရမှုကြောင့် အဖိုးတန်အချိန်များ လက်လွတ်ဆုံးရှုံးကြရ၏။

နွေရာသီ ပူအိုက်လွန်းလှ၍ ရေချိုးဆင်းရသော်လည်း နေရာဌာနမရောက်မီ ချွေးပြိုက်ပြိုက်ကျ၍ ပူအိုက်မြဲ ပူအိုက်နေကြရပြန်ပေသည်။

## ၃။ ကောင်းမြတ်သည့် အကြံအစည်

**သဲကုန်းဆရာတော် အရှင်ဉာဏိဿရ**သည် ၁၃၂၉ ခုနှစ်တွင် စစ်ကိုင်းတောင်ရိုးသို့ ကြွရောက်လာသည်။ ဟံသာဂီရိချောင်၌ သီတင်းသုံးနေထိုင်ကာ စာပေပို့ချယင်း နိုင်ငံကျော်မွေ့ကထိက အနီးစခန်းဆရာတော်ထံ ဝိသုဒ္ဓိမဂ်အဋ္ဌကထာကို ပါဠိအင်္ဂလိပ် နှစ်ဘာသာဖြင့် သင်ယူခဲ့သည်။ တရားဟောပြောနည်းကိုလည်း စံနစ်တကျ လေ့လာခဲ့သည်။

အရှင်ဉာဏိဿရသည် ထိုစဉ်က စစ်ကိုင်းတောင်ရိုး၌ ၅ နှစ်ကြာမျှ သီတင်းသုံးနေထိုင်ခဲ့၏။ စစ်ကိုင်းတောင်ရိုး၏ သောက်ရေချိုးရေ ပင်ပန်း

ဆင်းရဲမှုကို ကိုယ်တွေ့မျက်မြင် သိရှိခဲ့ရသည်။ 'ရေအတွက် ပင်ပန်းဆင်းရဲရှာကြသည့် ရဟန်းသာမဏေသီလရှင်သူတော်စင်တို့အား ရေအလုံအလောက် ပို့တင်လှူဒါန်းရလျှင် ကောင်းလေစွ'ဟု စိတ်ကူးကြံစည်မိခဲ့လေသည်။

အရှင်ဉာဏိဿရသည် ၁၃၃၃ ခုနှစ်တွင် သထုံမြို့နယ် သပိတ်အိုင်တောရသို့ကြွရောက်သီတင်းသုံးကာ တောရဆောက်တည်ခဲ့သည်။ ၁၃၃၇ ခုနှစ်တွင် စစ်ကိုင်းတောင်ရိုးသို့ တဖန်ပြန်ကြွလာပြီး မစိုးရိမ် ၇ တိုက်အပါအဝင် လျှော်ဖြူချောင်ကို အသစ်တဖန်တည်ထောင်၍ သီတင်းသုံးနေထိုင်သည်။ **'လျှော်ဖြူချောင်'**ကိုလည်း **"သဒ္ဓမ္မသီတဂူချောင်"**ဟု ပြင်ဆင်မှည့်ခေါ်စေခဲ့သည်။

အရှင်ဉာဏိဿရသည် သဒ္ဓမ္မသီတဂူချောင်၌ သီတင်းသုံးနေထိုင်ယင်း တရားဓမ္မဟောပြောရာ တစတစ လူကြိုက်များလာပြီး နာမည်ကျော်ကြားလာသည်။ ရဟန်းရှင်လူ ပြည်သူများက အရှင်ဉာဏိဿရတရားကို လွန်စွာမြတ်နိုးလာကြ၏။

အမြို့မြို့အနယ်နယ်၌ အရှင်ဉာဏိဿရ၏ တရားပွဲများကို ခြိမ့်ခြိမ့်သဲမျှ ကျင်းပကြသည်။ အရှင်ဉာဏိဿရသည် နေ့စဉ်ရက်ဆက် အားရက်မရှိ နယ်လှည့် ဟောပြောတော်မူရ၏။ အရှင်ဉာဏိဿရ၏ စွမ်းရည်သည်လည်းကောင်း, မေတ္တာကရုဏာသည်လည်းကောင်း, ကျန်းမာရေးသည်လည်းကောင်း အံ့ဖွယ်ကောင်းလှ၏။

စစ်ကိုင်း မင်းဝံ မင်းကွန်းတောင်ရိုးတခွင်ရှိ ရဟန်းသာမဏေ သူတော်သီလရှင်တို့အား တနှစ်သုံးကြိမ် ဆွမ်းဆန်တော် လှူဒါန်းထောက်ပံ့လျက်ရှိသော မလွန်ဆန်လှူအသင်းကြီးအတွက် အရှင်ဉာဏိဿရဦးဆောင်၍ ဆွမ်းဆန်တော် အနုမောဒနာတရား လှည့်လည်ဟောကြားရာ များစွာ အောင်မြင်လျက် ရှိသည်။

အရှင်ဉာဏိဿရသည် ယနေ့ခေတ်တွင် သူမတူအောင် စွမ်းဆောင်နိုင်သော နိုင်ငံကျော် ဓမ္မကထိက ဆရာတော် ဖြစ်လျက်ရှိသည်။ ခန့်ညားသောအသံ, တိကျပြတ်သားသော ဟောကွက်, မှန်ကန်လေးနက်သော အယူအဆ

တို့ကြောင့် အရှင်ဉာဏိဿရတရားကို လူရောရှင်ပါ ခုံမင်နှစ်သက် လေးစားလျက်ရှိနေကြပေပြီ။

အရှင်ဉာဏိဿရသည် စိတ်ကောင်းရှိသူပီပီ မိမိ၏ကျော်ကြားမှုကို မှန်ကန်သည့်နေရာတွင် အသုံးချရန် ကြံရွယ်သည်။ ရေအတွက် ခက်ခဲပင်ပန်းလျက်ရှိသော စစ်ကိုင်းတောင်ရိုးရှိ သူတော်စင်အပေါင်းတို့အား သောက်ရေသုံးရေအလုံအလောက် လှူဒါန်းရန် ယခင်က အကြံအစည်သည် ပြန်ပေါ်လာခဲ့ပေသည်။

သို့ဖြစ်၍ တိုင်ပင်သင့်သူတို့နှင့် တိုင်ပင်ပြီး စစ်ကိုင်းတောင်ရိုး၌ ရေလှူဒါန်းနိုင်ရေးအတွက် ၁၃၄၂ ခုနှစ် နွေရာသီတွင် စတင်ဆောင်ရွက်ခဲ့လေသည်။

## ၄။ သီတဂူရေအလှူတော်

သဲကုန်းဆရာတော် အရှင်ဉာဏိဿရသည် စစ်ကိုင်းတောင်ရိုးရှိ သူတော်စင်အပေါင်းတို့အား သောက်ရေသုံးရေ လှူဒါန်းနိုင်ရန် **"သီတဂူရေအလှူတော်"**ဟူသော အမည်ဖြင့် ရဟန်းရှင်လူ ပြည်သူအများတို့အား တရားပလ္လင်တော်မှ တိုက်တွန်းနှိုးဆော်ခဲ့လေသည်။

**ဇေယျမှိ ဝသတံ ကေန၊ ဝိကလာနံ သုခေတဝေ။**
**ဒကဒါနံ ဒဒန္တေဟိ၊ ကရောန္တု ပုညမင်္ဂလံ။**

**ဇေယျမှိ** = တောင်စဉ်မလပ်၊ ချောင်စဉ်ထပ်၍၊ ရစ်ပတ်ဝေဆာ၊ သေလာခေါင်ထီး၊ ဇေယျာတောင်တော်ကြီး၌။ **ဝသတံ** = ပရိယတ် ပဋိပတ်၊ မြင့်မြတ်အလုပ်၊ အားထုတ်ရွှင်ပျော်၊ နေထိုင်တော်မူကြကုန်သော။ **ကေန** = စင်ကြယ်သန့်ရှင်း၊ မွတ်သိပ်ကင်းလျက်၊ ကိုယ်တွင်းအေးစေ၊ သောက်သုံးရေဖြင့်။ **ဝိကလာနံ** = မပြည့်မစုံ၊ ချို့တဲ့ကုန်သည့်၊ ကျင့်ဂုဏ်မြင့်မား၊ သူတော်စင်အများတို့အား။ **သုခေတဝေ** = သောက်ရေသုံးရေ၊ ဆေးကြောရေဖြင့်၊ မသွေလန်းဖြာ၊ ချမ်းသာပါစေခြင်းအကျိုးငှာ။ **ဒကဒါနံ** = အကျိုးတရား၊ တဆယ့်ငါးကို၊ ရပြားစေတတ်၊ ထူးမြတ်ထင်ပေါ်၊ ရေအလှူတော်ကို။ **ဒဒန္တေဟိ** = သဒ္ဓါဖွေးဖြူ

အလေးမူလျက်၊ ပေးလှူပူဇော်ခြင်းတို့ဖြင့်။ **ပုညမင်္ဂလံ** = ကိလေသာမြူ ဖြူစင်စေတတ်၊ မင်္ဂလာကုသိုလ်မြတ်ကို။ **ကရောန္တု (ကရောန္တု)** = အခွင့်သာခိုက်၊ လှံ့လစိုက်၍၊ နှစ်ခြိုက်ရွှင်ပျော်၊ ပြုလုပ်တော်မူနိုင်ကြပါစေကုန်သတည်း။-ဟူသော ဂါထာဖြင့်လည်းကောင်း။

**"ကန္တာတောင်ဖျား၊ ရေမရှား၊ ကြိုးစားရေလှူပါ"**

စသော ကဗျာများဖြင့်လည်းကောင်း နှိုးဆော်ဟောကြားလိုက်ရာ ရဟန်းရှင်လူ ပြည်သူများ၏ သဒ္ဓါတရားသည် တဟုန်ထိုး နိုးကြားလာခဲ့ပေသည်။ စေတနာသဒ္ဓါတရား တဖွားဖွား ဖြစ်ပေါ်လာကာ တနှစ်အတွင်းမှာပင် သီတဂူရေအလှူတော်ငွေ သုံးသိန်းကျော်မျှ အလှူခံရရှိလေသည်။

## ၅။ ရည်ရွယ်ချက်

စစ်ကိုင်းတောင်ရိုး သီတဂူရေအလှူတော်ကို အောက်ပါရည်ရွယ်ချက်များနှင့် အကောင်အထည်ဖော်ကာ စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(က) စစ်ကိုင်းတောင်ရိုးသည် ဓာတ်တော် မွေတော် စေတီတော်များ ကိန်းဝပ်ရာဖြစ်ခြင်း၊ ရဟန်းသာမဏေ သူတော်သီလရှင်များ အရညဝါသီ တောရမှီလျက် နှစ်လီစုရ သာသနာ့အလုပ် အားထုတ်ရွှင်ပြုံး သီတင်းသုံးနေထိုင်ရာဖြစ်ခြင်းကြောင့် သစ်ပင်ပန်းမာလ်တို့ဖြင့် စိမ်းလန်းစိုပြေကာ ဝေဝေဆာဆာ ရှိနေစေရန်။

(ခ) ရေအတွက် ပင်ပန်းခက်ခဲလျက်ရှိသော သူတော်စင်များ ကိုယ်၏ကျန်းမာခြင်း, စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံလျက် ဂန္ထဓုရ ဝိပဿနာဓုရ သာသနာ့အလုပ် တွင်တွင်ကြီး အားထုတ်ခွင့်ရရှိလေအောင် သောက်ရေသုံးရေတို့ကို အလုံအလောက် လှူဒါန်းသွားရန်။

(ဂ) တောင်တက်တောင်ဆင်း ပင်ပန်းခဲယဉ်းလှစွာ ရေချိုးရေခပ်ဆင်းခြင်းဒုက္ခ၊ တောင်ခြေဆိပ်ကမ်း၌ ဝတ်ကြောင်လူတို့နှင့် ရောပြွမ်းကာ ရေချိုးရခြင်းဒုက္ခစသော ဆင်းရဲဒုက္ခများ ပပျောက်၍ မိမိသီတင်းသုံးရာ ကျောင်းသင်္ခမ်းများ ချောင်များ၌သာ သက်သာအေးမြ ရေချိုးနိုင်ကြစေရန်။

(ဃ) ဘုရားပုထိုး တည်ထားကိုးကွယ်ရာ၌ဖြစ်စေ၊ အသစ်ပြင်ဆင်မွမ်းမံရာ၌ ဖြစ်စေ၊ ကျောင်းသစ်ကန်သစ် ဆောက်လုပ်ရာ၌ ဖြစ်စေ သောက်ရေသုံးရေအတွက် အခက်အခဲ မရှိစေရန်။

(င) စစ်ကိုင်းတောင်ရိုး၌ ကျောင်းကန်တိုက်တာများ သီလရှင်ချောင်များ ယခင်ကထက် တိုးတက်များပြားလာရာ လက်ရှိရေစက်များဖြင့် မလုံလောက်နေသည့် အခက်အခဲများကို ပြေလည်သွားစေရန်။

(စ) အလှူငွေထည့်ဝင်မှု ရေလှူသည့် စံနစ်မျိုးကို မကျင့်သုံးပဲ သီတဂူ ရေအလှူတော်မှ စေတနာသန့်သန့်ဖြင့်သာ ဘဏ္ဍာအင်အားအလျောက် ရေလှူဒါန်းသွားရန် ရည်ရွယ်ပါသည်။

## ၆။ အခြေအနေ

သီတဂူရေအလှူတော် စီမံကိန်း အောင်မြင်ရေးအတွက် အောက်ပါအခြေအနေကောင်းများနှင့် ကြုံတွေ့နေပါသည်။

(က) ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် သမ္မတကြီးနှင့်တကွ နိုင်ငံတော် အစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်း အသီးသီးသည် ပြည်သူလူထုတရပ်လုံး၏ လူနေမှုအဆင့်အတန်း တိုးတက်ဖွံ့ဖြိုးရေးအတွက် အလေးပေး ဆောင်ရွက်လျက်ရှိနေခြင်း။

(ခ) ပြည်သူလူထု တရပ်လုံးကလည်း အသိစိတ်ဓာတ်ပြည့်ဝစွာ စုပေါင်းညီညာ မိမိတို့၏ လူနေမှုစံနစ်တိုးတက်ဖွံ့ဖြိုးရေးအတွက် ကိုယ်ထူကိုယ်ထ ဆောင်ရွက်လိုသော ဆန္ဒရှိနေကြခြင်း။

(ဂ) နိုင်ငံတော်အစိုးရ၏ အကူအညီဖြင့် သာသနာဉီးစီးဆရာတော်ကြီးများကိုယ်တိုင် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ကျင်းပလျက် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ကိစ္စများကို ဆောင်ရွက်နေသော အချိန်အခါနှင့် တိုက်ဆိုင်လျက် ရှိခြင်း။

(ဃ) သဲကုန်းဆရာတော် အရှင်ဉာဏိဿရ ဉီးဆောင်သည့် မဗ္ဗကထိကအဖွဲ့ဝင် ဆရာတော်များသည် မလွန်ဆန်လှူအသင်းကြီးများ

အတွက် မြန်မာပြည်အနှံ့ နယ်လှည့်ဟောပြောယင်း ခရီးသွားဟန်လွဲသဘော မျိုးဖြင့် သီတဂူရေအလှူတော်အတွက် ပူးတွဲဆောင်ရွက်ပေးနိုင်သည့် အခြေ အနေရှိခြင်း။

(င) နိုင်ငံတော်အစိုးရ၏ ဘာသာရေးတွင် မှန်ကန်သော ဦးဆောင်မှု ကြောင့် ယခုအခါ ဗုဒ္ဓဘာသာ ဝင်များသည် သာသနာတော်ကို ဆထက်တပိုး ကြည်ညိုလေးစား အရေးထားလျက်ရှိကြရာ သီတဂူရေအလှူတော်မှ စစ်ကိုင်း တောင်ရိုးကြီးအား အစဉ်ထာဝရ ရေလှူသွားရန် မခက်ခဲမည့် အခြေအနေရှိခြင်း စသော အခြေအနေကောင်းများနှင့် ကြုံတွေ့နေပါသည်။

## ၇။ အင်အား

မှန်ကန်သော လမ်းစဉ်နှင့် ဖြောင့်မတ်သော ဆောင်ရွက်ချက်သည် သီတဂူရေအလှူတော်၏ အင်အားအစစ် ဖြစ်ပါသည်။

စစ်ကိုင်းတောင်ရိုး၏ ခြောက်သွေ့ပူပြင်းသော ရာသီဥတုနှင့် ရေရှားပါး မှု အခက်အခဲကို နိုင်ငံနှင့်အဝှမ်း သိရှိကြပြီး ဖြစ်ပါသည်။ သီတဂူရေအလှူတော် ၏ အကျိုးကျေးဇူးကို ခံစားကြရမည့် ပုဂ္ဂိုလ်များမှာ သာမန်ပုဂ္ဂိုလ်များ မဟုတ်ကြ ပါ။ ဂန္ထဓုရ ဝိပဿနာဓုရဟုဆိုအပ်သော သာသနာ့တာဝန်နှစ်ရပ်ကို လေးလေး မြတ်မြတ် ထမ်းဆောင်နေကြရသည့် သာသနာ့ဝန်ထမ်း ရဟန်းသာမဏေ သူတော်စင်သီလရှင်များသာ ဖြစ်ကြပါသည်။ သို့ဖြစ်၍ သီတဂူရေအလှူ တော်လုပ်ငန်းသည် တကယ့်သာသနာပြုကုသိုလ် လုပ်ငန်းကြီးဖြစ်ကြောင်း ဗုဒ္ဓဘာသာဝင်တိုင်း သဘောပေါက်နားလည်ပြီး ဖြစ်ပါသည်။

ဖော်ပြပါ အဖွဲ့အစည်းများ လူပုဂ္ဂိုလ်များသည် သီတဂူရေအလှူတော် တည်းဟူသော သာသနာပြု ကုသိုလ်လုပ်ငန်းကြီး အောင်မြင်တည်တံ့ အရှည်ခံ ရေးအတွက် မိမိတို့တတ်နိုင်သည့်ဖက်မှ ပါဝင်ဆောင်ရွက်ခြင်းဖြင့် သာသနာပြု ဝေယျာဝစ္စ ကုသိုလ်ထူးကြီးကို ဆည်းပူးအားထုတ်ကြလိမ့်မည်ဟု ယုံကြည်ရင်း ရှိသည့်အတိုင်း သီတဂူရေအလှူတော်၏ အင်အားစုများဟု သတ်မှတ်ထားပါ သည်။

(က) နိုင်ငံတော်အစိုးရနှင့် ဌာနအသီးသီးမှ အာဏာပိုင်အဖွဲ့အစည်းများ။

(ခ) အထူးသဖြင့် စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ်၊ ရပ်ကွက်ကျေးရွာ ပါတီကောင်စီနှင့် ဌာနဆိုင်ရာ ပုဂ္ဂိုလ်များ။

(ဂ) စစ်ကိုင်းတောင်ရိုးရှိ ရဟန်းရှင်လူသူတော်စင်များ

(ဃ) သီတဂူရေအလှူတော်လုပ်ငန်းအတွက် အဖက်ဖက်မှ အကြံကောင်း ဉာဏ်ကောင်းနှင့် အကူအညီအမျိုးမျိုးပေးနိုင်သော ကျွမ်းကျင်သူ အသိပညာရှင် အတတ်ပညာရှင်များ။

(င) လုပ်ငန်းကျွမ်းကျင်သည့် စေတနာရှင်လုပ်သားကြီးများနှင့် စေတနာရှင် လုပ်အားပေးများ။

(စ) ပြည်တွင်းပြည်ပမှ ဗုဒ္ဓဘာသာဝင် သူတော်စင်များ။

(ဆ) လူမှုရေး ယုံကြည်ချက်သက်သက်ဖြင့် ရေအလှူတော် ပေးလိုသည့် လူမျိုးမရွေး ဘာသာမရွေး ပြည်တွင်းပြည်ပမှ စေတနာရှင်များ။

(ဇ) ရေအလှူတော်လုပ်ငန်း၌ စိတ်ဝင်စားသူများ။

## ၈။ ဆောင်ရွက်ရမည့် နည်းလမ်းများ

စစ်ကိုင်းတောင်ရိုး သီတဂူရေအလှူတော်လုပ်ငန်းကို ဖော်ပြပါ နည်းလမ်းများကို အခြေခံလျက် ဆောင်ရွက်ပါမည်။

(၁) သီတဂူရေအလှူတော် ဦးစီးဆရာတော်များအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းထားပါသည်။

(က) သံကုန်းဆရာတော် အရှင်ဉာဏိဿရ - သဒ္ဓမ္မသီတဂူ
(ခ) အရှင်နန္ဒမာလာဘိဝံသ - သုဗောဓာရုံ
(ဂ) အရှင်မဟောသဓပဏ္ဍိတ - ဝေဇယန္တာ
(ဃ) အရှင်လက္ခဏ - မြစကြာ

(၂) သီတဂူရေအလှူတော် ဦးစီးဆရာတော်များသည် မလွန်ဆန်လှူ အသင်းကြီးအတွက် အနယ်နယ် အရပ်ရပ်သို့ကြွရောက်၍ တရားမင်္ဂလာဟောကြား ချီးမြှင့်နေသည့် ဆရာတော်များဖြစ်ရာ -

(က) မလွန်ဆန်လှူအတွက် တရားဟောထွက်ယင်း သီတဂူရေအလှူတော်အတွက် အလှူဝတ္ထုများ ရရှိအောင် ဆောင်ရွက်ကြမည်။

(ခ) သီတဂူရေအလှူတော်လုပ်ငန်းအရပ်ရပ်ကို ဦးဆောင်ညွှန်ကြားမည်။

(ဂ) သီတဂူရေအလှူတော် ဝေယျာဝစ္စအဖွဲ့ ဖွဲ့စည်းပေးပြီး ဆောင်ရွက်လုပ်ကိုင်သွားစေမည်။

(ဃ) ဝေယျာဝစ္စအဖွဲ့က အလှူတော်ငွေများကို စံနစ်တကျ စာရင်းပြုစုထိန်းသိမ်းမည်။

(င) သီတဂူရေအလှူတော်လုပ်ငန်း အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် ဥပဒေရေးဆွဲ၍ အဖွဲ့အစည်း များ ဖွဲ့စည်းကာ လိုအပ်သလို ဆောင်ရွက်သွားမည်။

(စ) သီတဂူရေအလှူတော် အရှည်တည်တံ့ခိုင်ခံ့စေရန် စေတနာရှင်တို့၏ ငွေပဒေသာပင်များ ထူထောင်ပြီး ငွေပင်ငွေရင်း မြှုပ်နှံထားမည်။

**အရှင်နန္ဒမာလာဘိဝံသ**
**အရှင်မဟောသဓပဏ္ဍိတ**

**(၁၃၄၂ - ခု၊ သီတဂူရေအလှူတော် စစ်ကိုင်းတောင်ရိုး၊ ရေပေးရေး စီမံကိန်းစာစောင်မှ)**



# ရွှေကျင်ဆရာတော်ဘုရားကြီး၏ သိဟိုဠ်သာသနာပြု စာတမ်းရှင် အရှင်နန္ဒမာလာဘိဝံသ၏ အတ္ထုပ္ပတ္တိအကျဉ်း

အရှင်နန္ဒမာလာဘိဝံသသည် မြန်မာနိုင်ငံတော် မန္တလေးတိုင်း၊ စဉ့်ကူးမြို့နယ်၊ ညောင်ပင်ရွာတွင် **အဘ ဦးစံလှ+အမိ ဒေါ်ခင်** တို့၏ နဝမ မြောက်သား ဖြစ်သည်။ ၁၉၄၀ ပြည့်နှစ် မတ်လ ၂၂ ရက် စနေနေ့ (မြန်မာနှစ် ၁၃၀၁ ခု၊ တပေါင်းလဆန်း ၁၅ ရက်) တွင် ဖွားမြင်ခဲ့သည်။

၁၉၄၆ ခု၊ (၆)နှစ် အရွယ်တွင် ဘုန်းကြီးကျောင်း၌ စတင်ပညာသင်ပြီး၊ ၁၉၅၀ ပြည့်နှစ်၊ (၁၀) နှစ်အရွယ်တွင် စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုး၊ မဟာဂန္ဓာရုံဝိပဿနာကမ္မဋ္ဌာန်းတိုက်၌ စံကင်းဆရာတော် **ဘဒ္ဒန္တ စန္ဒာဘိဝံသ** အထံ ရှင်သာမဏေပြုလုပ်၍ နောင်တော်ဖြစ်သူ **ဘဒ္ဒန္တနာရဒ** အထံ၌ ပညာသင်ယူခဲ့သည်။

၁၉၅၆ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ကျင်းပသော ဓမ္မာစရိယ စာမေးပွဲ၌ ဂုဏ်ထူး ၂ ကျမ်းနှင့်အတူ အောင်မြင်သဖြင့် **သာသနဓဇသိရိ ပဝရဓမ္မာစရိယ** ဘွဲ့ကို ရရှိခဲ့သည်။

၁၉၅၉ ခုနှစ်တွင် မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းက ကျင်းပပြုလုပ်သော သာမဏေ စာလျှောက်မေးခမ်း စာမေးပွဲ၌ သုံးဆင့်လုံးတွင် နံပါတ်(၁)မှချည်း အောင်မြင်သဖြင့် **"သာသနာလင်္ကာရ သာမဏေကျော်"** ဘွဲ့ကိုရရှိခဲ့ပါသည်။

၁၉၆၀ ပြည့်နှစ်တွင် စစ်ကိုင်းမြို့ မဟာသုဗောဓာရုံမ ကျောင်းတိုက်၌ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု **စံကင်းဆရာတော် ဘဒ္ဒန္တစန္ဒာဘိဝံသ** ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

၁၉၆၀ ပြည့်နှစ် ရဟန်း (၁)ဝါအရတွင် ရန်ကုန်မြို့ စေတိယင်္ဂဏ ပရိယတ္တိအသင်းက ကျင်းပသော စာသင်တန်းစာမေးပွဲအောင်မြင်သဖြင့် **"အဘိဝံသ"**ဘွဲ့ကိုလည်းကောင်း၊ ၁၉၆၃ ခုနှစ်တွင် စာချတန်း အောင်မြင်သဖြင့် **"စေတိယင်္ဂဏပရိယတ္တိဓမ္မာစရိယဂဏဝါစက"** ဘွဲ့ကိုလည်းကောင်း၊ နိုင်ငံတော် အစိုးရ ဓမ္မာစရိယ ပါဠိဂုဏ်ထူးတန်း အောင်မြင်သဖြင့် **"သာသနဓဇဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ"** ဘွဲ့ကိုလည်းကောင်း၊ ၁၉၆၅ ခုနှစ်တွင် မန္တလေးမြို့ ပရိယတ္တိ သာသနဟိတ အသင်းက ကျင်းပသော စာသင်တန်း, စာချတန်းအောင်မြင်သဖြင့် **"အဘိဝံသပရိယတ္တိသာသနဟိတဓမ္မာစရိယ"** ဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။

၁၉၆၅ ခုနှစ်တွင် နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့ တိပိဋကပါဠိ မြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့၌ စာပြုအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။

၁၉၇၀ ပြည့်နှစ်တွင် ဂုရုဝဏ္ဏနာကျမ်း၊ ၁၉၇၂ ခုနှစ်တွင် ဂုရုပဋ္ဌတ္တိ ကထာကျမ်း၊ ၁၉၇၅ ခုနှစ်တွင် ဒေါ်မာလာရီ နှစ်ကိုးဆယ်ကျော် ဘဝခရီးကျမ်း၊ ၁၉၇၉ ခုနှစ်တွင် ရွှေဟင်္သာဆရာတော် ဘဝနှင့်စာပေအထွေထွေကျမ်းတို့ ကို ရေးသားပြုစုခဲ့သည်။

ယခုအခါ စစ်ကိုင်းမြို့ မဟာသုဗောဓာရုံကျောင်းတိုက်၌ ပဓာနစာချ အဖြစ် သာသနာ့တာဝန်ကို ထမ်းဆောင်လျက် ရှိသည်။

# ရွှေကျင်ဆရာတော်ဘုရားကြီး၏
# သီဟိုဠ်သာသနာပြုခရီး စာတမ်း

□ **အရှင်နန္ဒမာလာဘိဝံသ**

**ဖတ်ကြားတင်သွင်းသည်။**

## သမိုင်းမတင်မီ ခေတ်

**“တိက္ခတ္တုံ ပတ္တလင်္ကော ယော၊ ပတိဋ္ဌာပေသိ သာသနံ”**ဟူသော သခ်ေပဝဏ္ဏနာဋီကာစကားနှင့်အညီ ရှင်တော်မြတ်ဘုရားသည် **လင်္ကာဒီပခေါ် သီဟိုဠ်ကျွန်း**သို့ သုံးကြိမ်တိုင်တိုင် ကြွရောက်တော်မူခဲ့ကြောင်း သိရသည်။ သမန္တပါသာဒိကာ ဝိနယအဋ္ဌကထာနှင့် သာရတ္ထဒီပနီဋီကာလာ မှတ်တမ်းများအရ ဘုရားဖြစ်တော်မူပြီးနောက် ကိုးလမြောက်ဖြစ်သော ပြာသိုလပြည့်နေ့၌ ရှင်တော်မြတ်ဘုရားသည် ကိုယ်တော်မြတ်တစ်ပါးတည်း လင်္ကာဒီပသို့ ပဌမဆုံးအကြိမ် ကြွရောက်တော်မူခဲ့သည်၊ လင်္ကာဒီပရှိ ကျွန်းနေဘီလူးများကို ဆုံးမ၍ နတ်ဒေဝါအများတို့အား တရားရေအေး တိုက်ကျွေးတော်မူသည်၊ ဘုရားဖြစ်တော်မူပြီးနောက် ငါးနှစ်မြောက်ကာလ၌ လင်္ကာဒီပသို့ ဒုတိယအကြိမ်

ကြွတော်မူသည်။ လင်္ကာဒီပရှိ **နာဂဒီပ၌ စူဠောဒရ မဟောဒရ**ခေါ် တူဝရီး နာဂရာဇာနှစ်ဦးတို့ ပတ္တမြားပလ္လင်အငြင်းပွားလျက်ရှိသော စစ်ပွဲကြီးကို ပြေငြိမ်းစေရန် ငြိမ်းချမ်းရေးတရား ဟောတော်မူခဲ့သည်။

ဘုရားဖြစ်တော်မူပြီးနောက် ရှစ်နှစ်မြောက် ကဆုန်လပြည့်နေ့၌ **မဏိအက္ခိ**ကနဂါးမင်း၏ ပင့်လျှောက်ချက်အရ ရဟန်းငါးရာနှင့်အတူ တတိယအကြိမ် ကြွရောက်တော်မူခဲ့သည်။ ကလျာဏီအရပ်ရှိ မဏိအက္ခိက နဂါးမင်း၏ ဘုံဗိမာန်၌ တရားချီးမြှင့်တော်မူသည်။ ထို့နောက် သုမနတောင်ထွဋ်၌ ခြေတော်ရာချပြီးလျှင် လင်္ကာဒီပ ခုနစ်ဌာနတို့၌ နိရောဓသမာပတ်ဝင်စားတော်မူသည်။ နိရောဓသမာပတ်ဝင်စားတော်မူရာ ခုနစ်ဌာနမှာ. . . မဟာစေတိယဌာန၊ ထူပါရာမစေတိယဌာန၊ မဟာဗောဓိဌာန၊ မဟိယင်္ဂဏစေတိယဌာန၊ မုတိယင်္ဂဏစေတိယဌာန၊ ဒီဃဝါပိစေတိယဌာနနှင့် ကလျာဏိယစေတိယဌာနတို့ ဖြစ်သည်။

လင်္ကာဒီပခေါ် သီဟိုဠ်ကျွန်းသည် ရှင်တော်ဘုရား သုံးကြိမ်တိုင်တိုင် ကြွရောက်သာသနာပြုတော်မူခဲ့သဖြင့် ထူးခြားသောဒေသတစ်ခု ဖြစ်သည်။ သို့ရာတွင် ရှင်တော်ဘုရားကြွတော်မူစဉ်က ထိုကျွန်းဒေသသည် ယဉ်ကျေးသည့် လူသားများနေထိုင်ရာဒေသ မဖြစ်သေး။ ယက္ခနှင့် နာဂလူရိုင်းတို့ ကြီးစိုးနေထိုင်ရာဒေသသာ ဖြစ်ခဲ့သည်။ လင်္ကာဒီပသည် ဘဒ္ဒကမ္ဘာအစ ခေတ်ဦးကာလကပင် ပေါ်ထွန်းခဲ့သော ကျွန်းတစ်ကျွန်းဖြစ်သည်။

ကမ္ဘာ့သမိုင်းတွင် မပါဝင်သော်လည်း သာသနာ့သမိုင်းဝင်အဖြစ် သမန္တပါသာဒိကာ ဝိနယအဋ္ဌကထာ၌ ဤသို့ ဖော်ပြထားသည်။

"ကကုသန္ဓမြတ်စွာဘုရားလက်ထက်တော်အခါက ဤလင်္ကာဒီပကျွန်းကို **ဩဇဒီပ**ဟု ခေါ်သည်။ ကကုသန္ဓမြတ်စွာဘုရားသည် ရဟန်းသံဃာလေးသောင်းလိုက်ပါလျက် **ဩဇာဒီပ**သို့ ကြွရောက်တော်မူသည်။ ကကုသန္ဓမြတ်စွာဘုရား၏ တပည့်သာဝက **အရှင်မဟာဒေဝ**သည် ရဟန်းတစ်ထောင်နှင့်အတူ ဩဇာဒီပကျွန်း၌ သီတင်းသုံးနေထိုင်ကာ သာသနာပြုတော်မူခဲ့သည်။

ကောဏာဂမနမြတ်စွာဘုရား လက်ထက်တော်အခါ၌ ဤလင်္ကာဒီပ ကျွန်းကို **ဝရဒီပ**ဟု ခေါ်သည်၊ ကောဏာဂမနမြတ်စွာဘုရားသည် ရဟန်း သုံးသောင်းလိုက်ပါလျက် **ဝရဒီပ**သို့ ကြွတော်မူသည်။ ကောဏာဂမန မြတ်စွာ ဘုရား၏ တပည့်သာဝက **အရှင်မဟာသုမန**သည် ရဟန်းတစ်ထောင်ကို ခေါင်းဆောင်လျက် ဝရဒီပ၌ သီတင်းသုံးနေထိုင်ကာ သာသနာပြုတော်မူခဲ့ သည်။

ကဿပမြတ်စွာဘုရားလက်ထက်တော်အခါက ဤလင်္ကာဒီပကျွန်းကို **မဏ္ဍဒီပ**ဟု ခေါ်သည်။ ကဿပမြတ်စွာဘုရားသည် ရဟန်းနှစ်သောင်းလိုက်ပါ လျက် မဏ္ဍဒီပသို့ ကြွတော်မူခဲ့သည်။ ကဿပမြတ်စွာဘုရား၏ တပည့်သာဝက **အရှင်သဗ္ဗနန္ဒ**သည် ရဟန်းတစ်ထောင်ကို ဦးဆောင်၍ မဏ္ဍဒီပ၌ သီတင်းသုံး နေထိုင်ကာ သာသနာပြုတော်မူခဲ့သည်။"

ဤကဲ့သို့ သာသနာဝင်မှတ်တမ်းများအရ သမိုင်းအစဉ်အလာကြီးမား သော **လင်္ကာဒီပ**ကျွန်းသည် ဂေါတမမြတ်စွာဘုရားလက်ထက်တော်အခါ၌ **လင်္ကာဒီပ**ဟုလည်းကောင်း၊ **တမ္ဗပဏ္ဏိဒီပ**ဟု လည်းကောင်း ထင်ရှားလျက် ရှိသည်။ ဂေါတမမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကာလ၌ လင်္ကာဒီပ သည် ယက္ခနှင့် နာဂတို့၏ နေရာဌာနသာဖြစ်သည်။

## သမိုင်းတင်ပြီး ခေတ်

ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည့်နေ့၌ လင်္ကာဒီပ မင်းဆက်ကို စတင်တည်ထောင်သူ **ဝိဇယမင်းသား**သည် လင်္ကာဒီပသို့ ရောက်ရှိ သည်။ **"သီဟကုမာရဿ ပုတ္တော တမ္ဗပဏ္ဏိဒီပဿ အာဒိရာဇာ ဝိဇယကုမာ ရော ဣမံ ဒီပမာဂန္တွာ မနုဿာဝါသံ အကာသိ"**ဟူသော သမန္တပါသာဒိ ကာဝိနယအဋ္ဌကထာ နိဒါန်းစကားအရ ရှေးယခင်ကျွန်းနေ လူရိုင်းများဖြစ်ကြ သည့် ယက္ခနှင့် နာဂတို့၏ ဒေသကို ယဉ်ကျေးသူလူသားများ၏ ကျွန်းဒေသ ဖြစ်အောင် ဝိဇယမင်းသားက မြို့ပြတည်ထောင်ခဲ့လေသည်။

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူသည့်နေ့မှာပင် လင်္ကာဒီပကျွန်းသို့ ရောက်ရှိပြီး **ဝိဇယကုမာရ**သည် လင်္ကာဒီပမင်းဆက် စတင်တည်ထောင်ခဲ့သည်။ လင်္ကာဒီပမင်းဆက် ခြောက်ဆက်မြောက် (**ပဏ္ဍုကာဘယ** သူပုန်မင်း အပါအဝင်) ပရိနိဗ္ဗာနနှစ် ၂၃၆-နှစ်မြောက် နယုန်လပြည့်နေ့၌ အရှင်မဟိန္ဒသည် လင်္ကာဒီပသို့ သာသနာပြု ကြွရောက်တော်မူသည်။ ထိုစဉ်က ရှင်မဟိန္ဒနှင့်အတူ **အရှင်ဣဋ္ဋိယ၊ အရှင်ဥတ္တိယ၊ အရှင်ဘဒ္ဒသာလ၊ အရှင်သမ္ဗလ၊ သာမဏေရှင်သုမန၊ ဥပါသကာ ဘဏ္ဍုက**တို့ လိုက်ပါခဲ့ကြ၏။

လင်္ကာဒီပမင်းဆက် တည်ထောင်ပြီးနောက် အရှင်မဟိန္ဒမထေရ် သာသနာပြုမကြွမီ နှစ်ပေါင်း ၂၃၅ နှစ်တိုင်တိုင် လင်္ကာဒီပသို့ ဗုဒ္ဓသာသနာ ရောက်ရှိကြောင်း မှတ်တမ်းမရှိပေ။ အရှင်မဟိန္ဒတို့ လင်္ကာဒီပသာသနာပြုအဖွဲ့သည် ယနေ့ခေတ်တွင် **"မဟိန်တလေ"**ခေါ်တွင်သည့် **"အမ္ဗတ္ထလကူန်းမြေ"**၌ လင်္ကာဒီပဘုရင် ဒေဝါနံပိယတိဿနှင့် တွေ့ဆုံသည်။ နောက်ပါခြံရံများစွာဖြင့် တောကစားထွက်လာသော **ဒေဝါနံပိယတိဿ**မင်းကို **"တိဿ တိဿ ဣတော ဧဟိ"**ဟု အရှင်မဟိန္ဒက လှမ်းခေါ်လိုက်သည်။ အသံကြားရာသို့ လှမ်းကြည့်ရာ ဖန်ရည်ဆိုးအဝတ်ကို ဝတ်ထားသူတစ်ဦးကို မြင်ရသဖြင့် ဒေဝါနံပိယတိဿမင်းသည် အလွန်အံ့ဩသွား၏။ "ဒီကျွန်းမှာ ငါ့ကို 'တိဿ' လို့ ခေါ်နိုင်သူ တစ်ယောက်မှ မရှိဘူး။ အပိုင်းပိုင်းဖြတ်ထားသော ဖန်ရည်ဆိုးအဝတ်ကို ချုပ်စပ်ဝတ်ထားတဲ့ ဒီလူဟာ ငါ့ကို အမည်တပ်ခေါ်နေတယ်။ ဘယ်သူများပါလိမ့်၊ လူလား နတ်လား?" ဟေးမောစဉ်းစားလျက် နေ၏။

ထိုစဉ် အရှင်မဟိန္ဒမထေရ်က. . .

**"သမဏာ မယံ မဟာရာဇ၊ ဓမ္မရာဇဿ သာဝကာ။**

**တဝေဝ အနုကမ္ပာယ၊ ဇမ္ဗုဒီပါ ဣဓာဂတာ"။**

"အို . . . မင်းတရားကြီး! ဒို့ဟာ ဓမ္မရာဇာမြတ်ဘုရားရဲ့ တပည့်သား သမဏတွေပါ၊ သင့်ကို စောင့်ရှောက်ဖို့ ဇမ္ဗုဒီပမှ ဒီကို လာခဲ့ကြတာ ဖြစ်တယ်"ဟု မိန့်တော်မူလိုက်၏။

**ဒေဝါနံပိယတိဿမင်း**သည် ရှေးက သမဏကို မမြင်ဘူးသော်လည်း **အသောကဘုရင်ကြီး**နှင့် အဆက်အသွယ်ရှိ၍ သမဏအကြောင်း ကြားဘူး နား၀ရှိနေ၏။ ချက်ချင်းပင် ကိုင်ဆောင်ထားသော လက်နက်ကို ချလိုက်ပြီး သင့်လျော်ရာအနီးအပါးမှာထိုင်၍ ယဉ်ကျေးဖွယ်ရာ နှုတ်ဆက်စကား လျှောက်ကြားသည်။ ထိုအချိန်မှစ၍ လင်္ကာဒီပ၌ သာသနာ့မျိုးစေ့ကျကာ ရှင်သန်ကြီးထွားလာခဲ့သည်။ ဗုဒ္ဓ၏ ပရိနိဗ္ဗာန်နှစ်ကို အစပြုခဲ့သော သာသနာ တော်နှစ် ၂၃၆ နှစ်မှ စ၍ သာသနာတော်နှစ် ၂၀၀၀ ကျော်အထိ ဆက်လက် တည်ရှိပြီးနောက် လင်္ကာဒီပသည် တိုင်းတစ်ပါးသား လူမျိုးခြားများ၏ အုပ်စိုးမှု အောက်သို့ တစတစ ကျရောက်ခဲ့သည်။

ဗုဒ္ဓသာသနာတော်နှစ် နှစ်ထောင်ကျော်ကာလ ၁၆ ရာစုခေတ်၌ လင်္ကာ ဒီပဒေသအချို့ကို ပေါ်တူဂီများ ကျူးကျော်သိမ်းပိုက်လိုက်ကြ၏။ လင်္ကာဒီပ သားများကို မားမိုးကာ ဘာသာကူးပြောင်းစေခဲ့ကြ၏။ သာသနာတော်နှစ် ၂၂၂၅ ခုနှစ်တွင် နန်းတက်လာသော လင်္ကာဒီပဘုရင် **ဒုတိယရာဇသီဟမင်း** သည် ဒပ်(ချ်)လူမျိုး (Dutch) တို့နှင့် ပူးပေါင်းကာ ပေါ်တူဂီတို့ကို တိုက်ထုတ် ရန် ကြိုးစား၏။ သို့ရာတွင် ရရှိခဲ့သောအကျိုးမှာ လင်္ကာဒီပသည် ပေါ်တူဂီကိုလိုနီ အဖြစ်မှ ဒပ်(ချ်)ကိုလိုနီအဖြစ်သို့ ရောက်ရှိသွားခြင်းမျှသာ ဖြစ်လေသည်။ ပေါ်တူဂီတို့သည် လင်္ကာဒီပကျွန်းကို **စီလုံ** **(Cilao)**ဟု ခေါ်ကြ၏။ ၁၉ ရာစုနှစ် (ဒုတိယ-၂၅နှစ်)ခန့်မှ စ၍ လင်္ကာဒီပ၌ ရိုမန်ကက်သလစ်ဘာသာဝင် ၉၀ ရာခိုင်နှုန်းအထိ တိုးတက်များပြားလာခဲ့ပြီး ပေါ်တူဂီနှင့် ဒပ်ချ်ယဉ်ကျေးမှုသည် လင်္ကာဒီပကို လွှမ်းမိုးခဲ့၏။

ခရစ်နှစ် ၁၈၀၃ ခုနှစ်တွင် ဗြိတိသျှတို့သည် လင်္ကာဒီပမှ ဒပ်ချ်တို့ကို မောင်းထုတ်ရန် ကြိုးစားခဲ့ပြန်သည်။ လင်္ကာဒီပကျွန်းသားတို့သည် တစတစ ဗြိတိသျှကိုလိုနီဘ၀သို့ ကျရောက်ခဲ့လေသည်။

# မြန်မာ လင်္ကာဒီပ သာသနာဆက်သွယ်ရေး

သာသနာတော်နှစ် ၂၃၆ ခုနှစ်မှစ၍ ထွန်းကားခဲ့သော လင်္ကာဒီပ သာသနာသည် သာသနာတော်နှစ် နှစ်ထောင်ကျော်အထိ တည်တံ့ခဲ့ပေသည်။ လင်္ကာဒီပသာသနာ အရှိန်အဝါကြီးစဉ်ကာလမှစ၍ မြန်မာနှင့် လင်္ကာဒီပ သာသနာရေးရာ ဆက်သွယ်မှုခိုင်မာခဲ့သည်။

မြန်မာဘုရင်**အနော်ရထာ**သည် လင်္ကာဒီပဘုရင် **သီရိသိင်္ဃဗောဓိမင်း** ထံမှ ပိဋကတ်တော်နှင့် ဗုဒ္ဓစွယ်တော်တို့ကို ပင့်ဆောင်ပူဇော်ခဲ့သည်။ မြန်မာဘုရင် **အလောင်းစည်သူ**သည် လင်္ကာဒီပသို့ ရေကြောင်းခရီးဖြင့် သွားရောက်လည်ပတ်ခဲ့သည်။ မြန်မာဘုရင် **နရပတိစည်သူ**သည် လင်္ကာဒီပဘုရင် ပရက္ကမဗာဟု၏ တောင်းဆိုချက်အရ သာသနာတော်နှစ် ၁၇၀၀ ကျော် ကာလ၌ သာသနာရေးသာသနာမှု ကူညီဆောင်ရွက်ပေးခဲ့၏။ မြန်မာနိုင်ငံ၌ **မိုးညှင်းမင်း**အုပ်စိုး၍ လင်္ကာဒီပ၌ **သီရိပရက္ကမဗာဟုမင်း** အုပ်စိုးစဉ် လင်္ကာဒီပမှ **'သီရိသဒ္ဓမ္မာလင်္ကာရထေရ်'**နှင့် **သီရိသီဟဠမဟာသာမိထေရ်** နှစ်ပါးတို့ ဗုဒ္ဓဓာတ်တော်ငါးဆူ ပင့်ဆောင်ကာ မြန်မာနိုင်ငံသို့ ကြွရောက်ခဲ့ကြ၏။ လင်္ကာဒီပမှ ပင့်လာသည့် ဓာတ်တော်ငါးဆူကို ဌာပနာ၍ စစ်ကိုင်းမြို့၊ **'ရတနာစေတီဆင်များရှင်ဘုရား'**ကို တည်ထားခဲ့သည်။ သာသနာတော်နှစ် ၂၀၁၉ ခုနှစ်တွင် နန်းတက်သော မြန်မာဘုရင် **ဓမ္မစေတီမင်း**သည် လင်္ကာဒီပဘုရင် **ဘုဝနေကဗာဟုမင်း**လက်ထက် မြန်မာနိုင်ငံမှ ရဟန်းများကို လင်္ကာဒီပသို့ စေလွှတ်၍ သိက္ခာအသစ် ခံယူစေသည်။ သာသနာတော်နှစ် ၂၁၂၀ ကျော် ကာလ၌ လင်္ကာဒီပကို ဘုရင်လေးဦး နယ်သီးခြားခွဲ၍ အုပ်စိုးခဲ့ကြ၏။ ဘုရင်လေးဦးမှာ. . . **ဓမ္မပါလဘုရင်၊ ကန္ဒီဘုရင်၊ ကောတ္တိဘုရင်၊ သီတာဝက ဘုရင်**တို့ဖြစ်သည်။ ဓမ္မပါလဘုရင်တစ်ဦးသာ ဗုဒ္ဓဘာသာဝင်ဖြစ်၍ ကျန်ဘုရင်သုံးဦးမှာ ဘာသာဝါဒခြားများ ဖြစ်၏။ ထိုစဉ်က ပေါ်တူဂီနှင့် ဒပ်ချ်တို့ လင်္ကာဒီပတစ်စိတ်တစ်ဒေသကို စိုးမိုးချယ်လှယ်နေကြ၏။ ထိုစဉ် မြန်မာဘုရင် **ဘုရင့်နောင်**သည် လင်္ကာဒီပဘုရင် **ဓမ္မပါလ**၏ တောင်းဆိုချက်အရ စစ်တပ်

စေလွှတ်၍ **ဓမ္မပါလမင်း**ကို အားပေးကူညီကာ ဗုဒ္ဓသာသနာ တည်တံ့ခိုင်မြဲစေ၏။

သာသနာတော်နှစ် ၂၃၄၄ နှစ်တွင် မြန်မာဘုရင် **အမရပူရဘိုးတော်မင်းတရားကြီး**လက်ထက် လင်္ကာဒီပမှ **ဉာဏဝိမလတိဿထေရ်** ဦးဆောင်သော ရှင်သာမဏေငါးပါးနှင့် ဥပါသကာတစ်ဦးတို့သည် အမရပူရသို့ ရောက်လာကြ၏၊ အမရပူရမြို့ ဆင်ကြိုးရွှေဂူသိမ်တော်၌ သိက္ခာအသစ်တင်ယူပြီး လင်္ကာဒီပသို့ ပြန်သွားပြီးလျှင် **'အမရပူရနိကာယဂိုဏ်း'**အသစ်တည်ထောင်ကာ သာသနာပြုခဲ့သည်။ လင်္ကာဒီပ၌ ရှိရင်းစွဲ ဇာတ်ဝါဒကို ကိုင်စွဲသော **'ရှမ်းဂိုဏ်း'**ကို မနှစ်မြို့သဖြင့် **'အမရပူရမြန်မာဂိုဏ်း'**ကို တည်ထောင်ခြင်းဖြစ်သည်။

သာသနာတော်နှစ် ၂၃၅၉ ခုနှစ်တွင် လင်္ကာဒီပသည် ဗြိတိသျှအုပ်စိုးမှုအောက်သို့ ကျရောက်ကာ လင်္ကာဒီပမင်းဆက် ပြတ်ခဲ့လေသည်။ သာသနာတော်နှစ် ၂၄၀၅ ခုနှစ် မြန်မာဘုရင် **မင်းတုန်းမင်း**လက်ထက်တွင် လင်္ကာဒီပမှ **သိရိသရဏင်္ကရထေရ**သည် မြန်မာနိုင်ငံသို့ လာရောက်၍ ပဲခူးမြို့ ကလျာဏီသိမ်၌ သိက္ခာအသစ်ခံယူကာ လင်္ကာဒီပ၌ **'ရာမညနိကာယဂိုဏ်း'**ကို တည်ထောင်ခဲ့လေသည်။ ထိုအခါမှ စ၍ လင်္ကာဒီပ၌ **သျှာမနိကာယ၊ အမရပူရနိကာယ၊ ရာမညနိကာယ**ဟု ပဓာနဂိုဏ်းကြီးသုံးဂိုဏ်း ထင်ရှားဖြစ်ပေါ်ခဲ့သည်။ မြန်မာနှင့် လင်္ကာဒီပတို့သည် သာသနာရေးဆိုင်ရာ စာပေနှင့် ယဉ်ကျေးမှု အပြန်အလှန်ကျေးဇူးပြုကြကာ ချစ်ခင်ရင်းနှီးမှု ခိုင်မာလျက်ရှိကြ၏။ တိုင်းတစ်ပါးသားအယူဝါဒခြား ကျူးကျော်သူများကြောင့် မှေးမှိန်လာသော လင်္ကာဒီပသာသနာသည် မြန်မာနိုင်ငံ၏ အားပေးကူညီမှု၊ လင်္ကာဒီပသား ရဟန်းရှင်လူ ဗုဒ္ဓဘာသာဝင်တို့၏ နိုးကြားတက်ကြွ အမျိုးသာသနာအတွက် မကွယ်ပျောက်အောင် ကာကွယ်စောင့်ရှောက်မှုတို့ကြောင့် ရပ်တည်ရှင်သန်လျက် ရှိပေသည်။

မြန်မာနိုင်ငံ မန္တလေးခေတ် မင်းတုန်းမင်းလက်ထက် ၁၂၄၀ ပြည့်နှစ် လင်္ကာဒီပသို့ သာသနာပြု ကြွရောက်တော်မူလာသော ဆရာတော်မှာ

**ရွှေကျင်ဆရာတော်ကြီး**ဖြစ်၏။ ရွှေကျင်ဆရာတော်ကြီး လင်္ကာဒီပသို့ မကြွမီ ကာလများ၌ လင်္ကာဒီပသံဃာများအတွင်း ဥဒကုက္ခေပသိမ်နှင့် ဂါမသိမ် **"ရောယှက်သည်၊ မရောယှက် သည်"**ဟူ၍ ဝါဒကွဲပြား အငြင်းပွါးလျက် ရှိသည်။ ရွှေကျင်ဆရာတော်ဘုရားကြီးသည် ထိုသီမာဝိဝါဒပြေငြိမ်းစေရေးအတွက် ကြိုးပမ်းဆောင်ရွက်တော်မူခဲ့သည်။ သို့ရာတွင် ထိုဝိဝါဒါဓိကရုဏ်းသည် ကျေနပ်လောက်အောင် ပြေငြိမ်းခြင်းသို့ မရောက်ပဲ ရှိနေသည်။

## ရွှေကျင်ဆရာတော်ကြီး၏ သီဟိုဠ်သာသနာပြုခရီး

**ရွှေကျင်ဆရာတော်ကြီး**သည် လင်္ကာဒီပသို့ ကိုယ်တိုင်ကြွရောက်၍ သီမာဝိဝါဒငြိမ်းအောင် ဆောင်ရွက်လိုခြင်း၊ ဗုဒ္ဓမြတ်စွယ်တော်ကို ပူဇော်ကန်တော့လိုခြင်းကြောင့် လင်္ကာဒီပသို့ ကြွလိုကြောင်း **မင်းတုန်းမင်းတရားကြီး**အား မိန့်ကြားရာ မင်းတရားကြီးက မကြွရန် စိုးရိမ်တကြီး တောင်းပန်သည်။ **ရွှေကျင်ဆရာတော်ကြီး**သည် မိမိ၏ သီဟိုဠ်သာသနာပြုခရီးအကြောင်းကို လင်္ကာဒီပသံဃာများထံ ပေးပို့သော **'လင်္ကာသာသနဝိသုဒ္ဓိကထာ'**လာ သခေ်ပသန္ဒေသကထာ၌ ပါဠိဘာသာဖြင့် ရေးသားဖော်ပြထားသည်။ ထိုသခေ်ပ သန္ဒေသကထာ၌ ဆရာတော်ကြီးသည် မြန်မာနိုင်ငံကို **ဇမ္ဗူဒီပ**ဟု ရေးသားဖော်ပြခဲ့သည်။ မြန်မာနိုင်ငံ ဆိုလိုချက်အပြည့်အစုံမှာ ဤသို့ ဖြစ်ပါသည်။

> "ဇမ္ဗူဒိပ်ကျွန်း(မြန်မာပြည်)၌ **ရွှေကျင်ဆရာတော်**ဟူ၍ မွေးရပ်နာမည်ဖြင့် ကျော်ဇောထင်ရှားပြီး **"ဇာဂရ"**ဟူ၍ ဆရာမြတ်တို့ မှည့်ခေါ်အပ်သော အမည်ရှိသည့် ဘုရားတပည့်တော်သည် ရှေးအခါက မြန်မာနိုင်ငံ ရတနာပုံနေပြည်တော်အနီး မန္တလေးတောင်၌ တောင်ဂူအတွင်း မင်းဆရာဖြစ်၍ တပည့်တပန်းများစွာတို့အား တရားဓမ္မ ဟောပြဆုံးမပြီး အစွမ်းရှိသမျှ ဂိုဏ်းသံဃာအားစာပေပို့ချကာ နေထိုင်ခဲ့ပါသည်။
>
> ထိုသို့ နေပြီးနောက် ရတနာပုံနေပြည်တော်၌ မြို့ရွာနေ ဂါမဝါသီအဖြစ်ကို ငြီးငွေ့ရွံရှာ ရှက်နိုးလှပါ၍ ဂါမဝါသီအဖြစ်ကို စွန့်ပယ်ကာ မင်းနေပြည်တော်မှ အလွန်မဝေးသော တစ်ယူဇနာ

နှစ်ယူဇနာရှိသော တောအရပ်၌ တောနေအရညဝါသီအဖြစ်ဖြင့် နှစ်နှစ်မျှ အချိန်ကို ကုန်လွန်စေခဲ့ပါသည်။ ယခုအခါ ရတနာပုံမင်းနေပြည်တော်မှ ၁၇ ယူဇနာဝေးကွာသည့် အရပ်ဒေသဝယ် **"မင်းလှ"** အမည်ရှိ ဆွမ်းခံရွာ(ဂေါစရဂါမ်)အနီး **"နွားလုံ့တောင်" "မဥ္ဇူသက"** ကျောင်းဝယ် နှစ်ပါး သုံးပါး၊ ရံခါ ထိုထက်များသော တပည့်တို့နှင့် အတူနေထိုင်လျက် နှစ်နှစ်တာမျှ အချိန်ကုန်စေခဲ့ပါသည်။

ရတနာပုံနေပြည်တော်၌ ဂါမဝါသီအဖြစ်ကို စွန့်ပယ်၍ အရညဝါသီအဖြစ်ဖြင့် နေထိုင်ခဲ့သည်မှစပြီး ဤလင်္ကာဒီပရှိ ဘုရားရှင်စွယ်တော်မြတ်ကို ပူဇော်ရန်တောင့်တလျက် အဖန်ဖန်ကြံစည်စဉ်းစားကာ ဤလင်္ကာဒီပသို့လာရန် ကြိုးစားအားထုတ်ပါသည်။ သို့ပါသော်လည်း အကြောင်းချို့ငဲ့ရှိ၍ အလိုဆန္ဒမပြည့်ဝပဲ လေးနှစ်တာမျှ လွန်မြောက်ခဲ့ရပါသည်။ ဤသို့ စွယ်တော်မြတ်ကိုပူဇော်ရန် အကြောင်းရှာကြံပါသော်လည်း ခွင့်မရနိုင်၍ စွယ်တော်မြတ်ကို အဖန်ဖန်အောက်မေ့(မှန်းဆ)တမ်းတလျက် တရံတခါ မျက်ရည်များပင်ကျခဲ့ပါသည်။ ဤသို့ စွယ်တော်မြတ်ကို အလွန်ကြည်ညိုသော ဘုရားတပည့်တော်သည် "အဘယ်အခါ ဘုရားရှင်၏ စွယ်တော်မြတ်ကို ကိုယ်တိုင် ဖူးမြင်ရပါမည်နည်း"ဟု ကြံစည်စဉ်းစားလျက် အကြောင်းရှာကာ တရံတခါမျှ (မသွားတော့ပါဘူးဟု) ဝန်မချပဲ အကြောင်းချို့တဲ့မှုကြောင့်သာ ဤမျှလောက် ရှည်ကြာလေးမြင့် အချိန်ဖင့်ခဲ့ရခြင်းဖြစ်ပါသည်။

ယခုအခါ တပည့်တော်သည် အထူးအားကောင်းသော လုံ့လဖြင့် စွယ်တော်မြတ်ကို ပူဇော်ရန် အားထုတ်လျက် မဆုတ်မနစ်ကြံစည်စိတ်ကူးပြီး မင်းတရားကြီးထံ အဖန်ဖန် ပြောကြားပါသော်လည်း ဤလင်္ကာဒီပသို့ မသွားစေလို၍ စိုးရိမ်ကြောင့်ကြဖြစ်နေသည့် မင်းတရားကြီးကို နောက်ထပ် မပြောကြားတော့ပါ။ တပည့်တော် ဤလင်္ကာဒီပသို့ လာခြင်းကြောင့် အထူးစိုးရိမ်ကြောင့်ကြရှိ၍ မျက်ရည်

စက်လက်ထွက်ကာ အဖန်ဖန် တားမြစ်ကြသော ဆွေမျိုးသားချင်း အလုပ်အကျွေးဒါယကာတို့နှင့် များစွာသော တပည့်တပန်း ရဟန်းငယ်, ထေရ်ငယ်, ထေရ်ကြီးတို့ကို အသိမပေးပဲ ညဉ့်အချိန်မှာပင် ထိုတောကျောင်းမှ ထွက်လာပြီး လမ်းခရီးအကြား ဟံသာဝတီ(ရန်ကုန်)မြို့၌ ၁၅ ရက်မျှ နားနေပါသည်။ သွားရန်ကိစ္စအတွက် ထိုဟံသာဝတီမြို့မှ ဖိတ်မန်ကြသော ပဝါရိတ,ကပ္ပိယကာရကတို့ကို စီမံစေ၍ အလိုရှိအပ်သော အရာများကို ပြည့်စုံစေလျက် မီးသင်္ဘောကို တက်စီးပြီး မိမိကိုယ်၌ အမြဲနာကျင်နေသည့် (လေနာ)ရောဂါကို မရေတွက်မူ၍ ကိုယ်နှင့်အသက် မငဲ့ကွက်ပဲ ကြမ်းတမ်းသော ငါး, မိချောင်းစသည့်ဘေးတို့ဖြင့် ရောပြွမ်းနေသော လှိုင်းကြီးဝဲကြီးများရှိ၍ ကြောက်မက်ဖွယ်ကောင်းသည့် သမုဒ္ဒရာ(ပင်လယ်)ကြီးကို ဖြတ်ကူးခဲ့ပါသည်။ ယင်းသို့ ကူးနေစဉ် မိစ္ဆာဒိဋ္ဌိလူမျိုးစသော များစွာသော သင်္ဘောသားခရီးသွားတို့ဖြင့် အလွန်ကျဉ်းကြပ်မှု ဆင်းရဲဒုက္ခနှိပ်စက်ခံရ၍ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ အမြဲဖြစ်ကာ သမုဒ္ဒရာအလယ်၌ တစ်ဖက်ကမ်းကို မမြင်ရပဲ ရက်ပေါင်း ၂၀ ပတ်လုံး နေ့စဉ်မပျက် ကူးခပ်နေပါသည်။ သင်္ဘောပေါ်သို့ တက်ချိန်မှ စ၍ ၂၅ ရက်မြောက်သောနေ့ကျမှ နောက်ပါရဟန်းလေးပါး၊ ကပ္ပိယကာရက ငါးယောက်တို့နှင့်အတူ အရှင်ဘုရားတို့ လင်္ကာဒီပကျွန်း **'ဂါလုမြို့'**သို့ ဆိုက်ရောက်ခဲ့ပါသည်။ ဆိုက်ရောက်ပြီးနောက် ထိုဂါလုမြို့ တစ်ခုသောဥယျာဉ်ခြံ၌ ခုနစ်ရက်မျှနားနေ၍ ခရီးပန်းမှုကြောင့်ဖြစ်သည့် ဆင်းရဲပင်ပန်းမှုနှင့် (လေနာ)ရောဂါကို အတန်ငယ် (ငြိမ်းအေး)သက်သာစေခဲ့ပါသည်။

ထို့နောက် အရှင်ဘုရားတို့၏ **သေခဏ္ဍသေလမြို့**၌ ကောင်းစွာ ပူဇော်ထားအပ်သော စွယ်တော်မြတ်ကို ပူဇော်ရန် လျှင်မြန်စွာ လာလိုပါသော်လည်း လမ်းခရီးအကြား ထိုထိုမြို့ရွာတို့၌ နေထိုင်ကြသည့် လင်္ကာဒီပ ကျွန်းသားတရားနာလို ဩဝါဒခံလိုသော ရဟန်းရှင်လူတို့က အဖန်ဖန် တောင်းပန်ကြ၍ ထိုပုဂ္ဂိုလ်တို့အား သနား

ကြင်နာမှုကြောင့်လည်းကောင်း၊ သာသနာတော် ထွန်းလင်းစေလိုသောကြောင့်လည်းကောင်း အစွမ်းသတ္တိရှိသမျှ တရားဓမ္မ ဟောပြောဆုံးမပြီး ဖြေးဖြေးသက်သာလာ၍ ကောလမ္ဗ(ကိုလမ္ဗို)မြို့သို့ ဆိုက်ရောက်ခဲ့ပါသည်။

အရှင်ဘုရားတို့၏ **သေခဏ္ဍသေလမြို့**၌ အရှင်ဘုရားတို့စောင့်ရှောက် ကိုးကွယ်ထားသော ဘုရားရှင်စွယ်တော်မြတ်ကို ပူဇော်ရန်ဆန်းကြယ်၍ အဖိုးများစွာထိုက်တန်သည့် အမျိုးမျိုးသော ထီး, တံခွန်, ကုက္ကားအစရှိသည့်များစွာသော ပူဇော်ဖွယ်ဝတ္ထုတို့ကို ဖိတ်မန်ထားသူ ပဝါရိတ-ဒါယကာတို့အား စီမံဆောင်ရွက်စေ၍ ထိုကောလမ္ဗမြို့မှာပင် တစ်ယောက်သော ဥပါသကာအမတ်၏ ဆိတ်ငြိမ်၍ မွေ့လျော်ဖွယ်ကောင်းသည့် ဥယျာဉ်ခြံ၌ လာလာသမျှ လူအများတို့အား သနားကြင်နာမှုကို အစွဲပြု၍ တရားဓမ္မ ဟောပြောဆုံးမကာ ခုနစ်ရက်, ရှစ်ရက်မျှ ကြာခဲ့ပါသည်။ ထိုကောလမ္ဗမြို့မှ ထွက်၍ မီးရထားဖြင့်လာခဲ့ရာ ယခု အရှင်ဘုရားတို့ သီတင်းသုံးနေထိုင်ရာ **သေခဏ္ဍသေလမြို့**သို့ ရောက်ခဲ့ပါသည်"။

ရွှေကျင်ဆရာတော်ကြီး သီဟိုဠ်သာသနာပြု ခရီးအကြောင်းနှင့် စပ်၍ လက်ာဒီပသား **'မုဒါလိယ ကေ- ဒဗလျူ-ဝိဂျေဆိံဟ'**-က သူ၏ "Rajaguru Jagara Mahathero of Burma and His Sojourn in Ceylon" စာအုပ်၌ အင်္ဂလိပ်ဘာသာဖြင့် ဤသို့ ရေးသားထားသည်ကို ဖတ်ရှုရသည့် မြန်မာပြန်ဆိုချက် အပြည့်အစုံမှာ ဤသို့ ဖြစ်ပါသည်။

"လွန်ခဲ့သော ၇၅ နှစ်၊ ၁၈၇၈-ခုနှစ်၊ ဧပြီလ ၆ရက်နေ့ ဘာသာတရားကို လေးစားမှု၊ စာပေကျွမ်းကျင်မှုနှင့် ဝိနည်းကို လေးစားမှုတို့အတွက် ကျော်ကြားထင်ရှားလှသည့် မြန်မာနိုင်ငံမှ ထူးခြားသော ဗုဒ္ဓဘာသာရဟန်းတော်တစ်ပါး သီဟိုဠ်သို့ ရောက်ရှိလာခဲ့သည်။ သူကား အခြားသူမဟုတ်၊ **အရှင်ဇာဂရမထေရ်** ဖြစ်ပါသည်။ ပိဋကတ်သုံးရပ်ကိုလည်း တဖက်ကမ်းခပ် တတ်မြောက်ကျွမ်းကျင်တော်

မှုသည်။ မြန်မာ့တောတောင်များအလယ် ကျောက်ဂူများစွာ၌ ဝိပဿနာတရားကို အချိန်များစွာယူ၍ အားထုတ်တော်မူလေ့ရှိပါသည်။ မြင့်မားသည့် တရားအဆင့်ကိုလည်း ရရှိတော်မူခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ဆရာတော်သည် ပုန်ကန်မှုကို ငြိမ်းစေခြင်း၊ ပြည်တွင်းစစ်ကို တားမြစ်ခြင်းဖြင့် ငြိမ်းချမ်းရေး ဗိသုကာအဖြစ် သူမတူသည့် ကျော်စောမှုကို ခိုင်ခိုင်မာမာ တည်ဆောက်ထားနိုင်ခဲ့ပါသည်။ မြန်မာဘုရင့်သားတော်တစ်ပါးက အဖေကိုသတ်၍ နန်းရပ်ထီးဖြူကို လုယူရန် ရည်ရွယ်ချက်ဖြင့် တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေသော သူ့ဖခမည်းတော်ကို ထောင်ထားခြားနားသည့် ပုန်ကန်မှုတစ်ခု ဖြစ်ပေါ်ခဲ့ကြောင်း မှတ်တမ်းတစ်ခု ရရှိခဲ့ပါသည်။ သူပုန်များနှင့် ဘုရင့်တပ်မတော်တို့ တွေ့ဆုံတိုက်ပွဲ ဖြစ်ပွားခဲ့ပါသည်။ နောက်ဆုံးတွင် ထိုအရေးအခင်းသည် ပြည်တွင်းစစ် ဖြစ်ပွားလုနီးပါး ဖြစ်ခဲ့ရပါသည်။ ဆရာတော်သည် လက်နက်ကိုင် တပ်ဖွဲ့နှစ်ခုကြား၌ သတ္တိရှိရှိရပ်၍ အချက်အလက်ကျသည့်အပြင် ထိရောက်မှုလည်းရှိသည့်တရားကို ဟောကြားခဲ့သည်။ အံ့ဩစရာကောင်းလောက်အောင် ငြိမ်းချမ်းရေးကို ချက်ခြင်း ပြန်လည်ထိမ်းသိမ်းနိုင်ခဲ့သည်။ သွေးမြေတစ်စက်မကျစေပဲ ကယ်ဆယ်လိုက်သည့်အတွက် သူတော်စင်ဆရာတော်ကြီးအား ကျေးဇူးတင်ကြောင်း ကြွေးကြော်ကြပြီး နှစ်ဖက်တပ်များ ပြန်လည်ဆုတ်ခွါသွားကြပါသည်။ ဤအဖြစ်အပျက်က ဆရာတော်ကြီးအတွက် တိုင်းသူပြည်သားများ၏ အမြင့်ဆုံးသော ကြည်ညိုမှုနှင့် လေးစားမှုကို ရရှိစေခဲ့ပါသည်။ ဆရာတော်ကြီးသည် ဤသို့ အရှည်တည်တံ့သော ကျော်စောသတင်းနှင့်အတူ သီဟိုဠ်သို့ ကြွရောက်လာခြင်းဖြစ်ပါသည်။

ဆရာတော်ကြီးသည် နောက်ပါ ရဟန်းတော်လေးပါးဖြစ်သည့် **အရှင်ပညာဝံသ၊ အရှင်ဝီရိယ၊ အရှင်နေမိန္ဒရ၊ အရှင်သြဘာသနှင့်** ဘာသာတရားကို အလွန်လေးစားသည့် ဒကာလေးယောက်တို့ကို

အဖော်ပြု၍ **ဂါလေ**(ဂေါဟုလည်းခေါ်သည့်) ဒေသသို့ ဆိုက်ရောက်ခဲ့သည်။ ဤဘုရားဖူးအဖွဲ့ကို ဂါလေမြို့အနီးရှိ ရွာသူရွာသားများက ကြိုဆိုလက်ခံခဲ့ပါသည်။ ထိုဒေသ၌ရှိသော ဗုဒ္ဓဘာသာဝင်များက ဆရာတော်ကြီးနှင့်အဖွဲ့အား ဒဒလ္လအရပ်၌ သင့်လျော်လျောက်ပတ်သည့် နေရာထိုင်ခင်းများ ပေးခဲ့ပါသည်။ ဆရာတော်ကြီး သီဟိုဠ်ရောက်ချိန်က နိုင်ငံသည် မတိုးတက်မဖွံ့ဖြိုးသော အခြေအနေမှာ ရှိနေပါသေးသည်။

အနောက်ပိုင်းနှင့် တောင်ပိုင်းနယ်များတွင် စိုက်ပျိုးရေးများ မဖြစ်ထွန်းသေးပါ။ ထူးထူးကဲကဲ ချမ်းသာသည့် လူများလည်း များများစားစား မရှိသေးပါ။ ကျွန်း၏ လူဦးရေသည်လည်း သုံးသန်းပင် မပြည့်သေးပါ။ ကမ်းခြေသွား ရထားလမ်းလည်း **'ပါနဒူရထိ'**သာ ရောက်ပါသေးသည်။ ကိုလံဘိုနှင့် ဂါလေတို့၌ ကြေးနန်းအဆက်အသွယ်ကား တည်ဆောက်ပြီးစ ဖြစ်ပါသည်။

ထိုအခါ ဦးဆောင်ပြီး ကူညီထောက်ပံ့သူများကတော့ **ချားလ်စ် ဒီဆိုဆ(ဒီဆူဆာ) J.P.**နှင့် **'ဆင်ပ်ဆင် ရာဇပတ်ကရုဂဒေမုဒါလိယ'** တို့ ဖြစ်ပါသည်။ ရှေးပုဂ္ဂိုလ်မှာ **"မောရတုဝ"**မှ ခရစ်ယာန်ဘာသာဝင် စေတနာရှင်ဖြစ်ပြီး နောက်ပုဂ္ဂိုလ်မှာ **"ဝေလိတြ"**မှ စံပြသီဟိုဠ် ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်ပါသည်။

ဆရာတော်ကြီး ကြွရောက်ပြီးနောက် ရက်အနည်းငယ်အကြာမှာ **'မုဒါလိယဆင်ပ်ဆင်ရာဇပတ်ကရု'**သည် ထိုသတင်းကို ရရှိသွားခဲ့ပါသည်။ ထုနှင့်ထည်နှင့် ပြုလုပ်ရမည့် ဘာသာရေးနှင့်ပတ်သက်သော ကုသိုလ်ရေး လုပ်ငန်းများကို အခွင့်ရေးရတိုင်း လက်လွှတ်မခံပဲ အမြဲတန်း စောင့်ကြည့်နေလေ့ရှိသည့် ဗုဒ္ဓဘာသာကောင်း တစ်ယောက်အနေနှင့် သူတော်စင်ဆရာတော်ကြီးကို ကောင်းမှုမျိုးစေ့ စိုက်ပျိုးရေးအတွက် လယ်ယာမြေကောင်း တစ်ခုအဖြစ် အသိအမှတ် ပြုခဲ့ပါသည်။ သီဟိုဠ်မှာ ဆရာတော်ကြီးတို့အဖွဲ့ သီတင်းသုံးစဉ်အတွင်း

အားလုံးသက်တောင့်သက်သာဖြစ်စေရန် ဆောင်ရွက်ပေးလျက် ဆရာတော်ကြီးတို့အဖွဲ့ကို **ဝေလီတြ**သို့ ကြွတော်မူရန် ကြည်ညို လေးစားစွာ ပင့်ဖိတ်ခဲ့ပါသည်။ ဆရာတော်ကြီးနှင့် အဖွဲ့ကို ဒဒလ္လမှ ဝေလိတြသို့ အခမ်းအနားဖြင့် ပင့်ဆောင်၍ မုဒါလိယ၏ ဘိုးဘွားပိုင် တောင်ပိုင်းနေအိမ်ဖြစ်သည့် **'မဟာကပ္ပိနဝါလောဝ'**၌ သီတင်းသုံးစေခဲ့သည်။

အမရပူရဂိုဏ်းဝင် ဗုဒ္ဓဘာသာရဟန်းများ၏ စွမ်းအား ကြီးမားလှသည့် ဩဇာလွှမ်းမိုးမှုအောက်တွင် ဤဒေသရှိ သီဟိုဠ်ဗုဒ္ဓ ဘာသာဝင်များသည် ဘာသာသွတ်သွင်းရေးလုပ်ငန်းကို သူတို့ ကိုယ်တိုင်ပင် စိတ်ပါလက်ပါ ဆောင်ရွက်ကြပါသည်။ ထို့ကြောင့် သီဟိုဠ် ဗုဒ္ဓဘာသာဝင်တို့သည် **'ဆင်ပ်ဆင်ရာဇပတ်ကရှမုဒါလိယ'**၏ အနီးတွင် စုဝေးကြပြီး သူတော်စင်ဆရာတော်ကြီးနှင့် သူ့အဖွဲ့ သက်သက်သာသာ သီတင်းသုံးနေနိုင်ရေးအတွက် လိုအပ်သမျှ ပြုစု ဆောင်ရွက်ပေးကြပါသည်။ ထို့ကြောင့် သူတို့ကိုယ်တိုင် လည်း ကုသိုလ်အများအပြား ရကြပါသည်။ သီဟိုဠ်တစ်နိုင်ငံ လုံးမှ လူအများသည် ဆရာတော်ကြီးကို ဖူးမြော်ရန် ရောက်ရှိလာကြပြီး တရားဓမ္မကို စိတ်အားထက်သန်စွာ နာယူကြပါသည်။ ယခုထက် ပို၍ ကောင်းမွန်စွာ ကျင့်သုံးလိုက်နာကြပါသည်။ ဆရာတော်ကြီး တရားဟောသွားလေရာ နေရာတိုင်းတွင် အကြီးအကျယ် ကြည်ညို လေးစားသည့် ပရိသတ်ရှိနေပါသည်။

ရွှေကျင်ဆရာတော်ဘုရားကြီးသည် လက်ာဒီပရောက်ရှိ ပြီးနောက် ဂေါ်မြို့မှ **'သေခဏ္ဍသေလ'**ခေါ် **ကန္ဒီ**မြို့သို့ ကြွတော်မူသည်။ **သေခဏ္ဍသေလ** မြို့သို့ ရောက်သောအခါ စွယ်တော်တိုက်ကို ထိမ်းသိမ်း စောင့်ရှောက်သော ဆရာတော်ကြီးနှစ်ပါးနှင့် ပဓာနစွယ်တော်ထိန်း အမတ်ကြီးတို့ထံ သွားရောက်၍ စွယ်တော်မြတ်ကို ဖူးခွင့်ရရန် ခွင့်ပန်တော်မူသည်။ စွယ်တော်ဂေါပကအဖွဲ့သည် တိုင်ပင်ညှိနှိုင်းကာ

ရွှေကျင်ဆရာတော်ဘုရားကြီး၏ ခွင့်ပန်ချက်ကို ဝမ်းမြောက်ဝမ်းသာ လက်ခံခွင့်ပြုကြ၏။

ထိုစဉ်က စွယ်တော်မြတ်ကို **'ကဋ္ဌကစေတီ'**ခေါ် ရွှေကြုတ်ကြီးခုနစ်ထပ်တို့ဖြင့် ဖုံးအုပ်ပူဇော်ထားသည်။ စဉ်းငယ်နီသော အဆင်း၊ ဖြူသော အဆင်း၊ ရွှေအဆင်းဟူ၍ အဆင်းသုံးမျိုးတို့ဖြင့် တင့်တယ်သပ္ပါယ်လှသော ဗုဒ္ဓစွယ်တော်မြတ်ကို ရွှေကျင်ဆရာတော်ဘုရားကြီးသည် သဒ္ဓါဗလဝ အားပါးတရ ဖူးမြော်ပူဇော်ခဲ့သည်။ ထီးဖြူတော်ကြီးရှစ်လက်၊ မျက်နှာကျက်တော်ကြီး ခြောက်ခု၊ တံခွန်ကုက္ကားများစွာတို့ဖြင့် တန်ဆာဆင်၍ ဆန်ဆယ်တင်းချက် ခဲဘွယ်ဘောဇဉ်မျိုးစုံပါသော ဆွမ်းတော်ကြီးပွဲကို ပြင်ဆင်လှူဒါန်းခဲ့လေသည်။ အရာမက များစွာသော ဆီမီး, ပန်း, ရေချမ်းတို့ဖြင့် မြတ်နိုးကော်ရော်ပူဇော်ခဲ့လေသည်။ ရွှေကျင်ဆရာတော်ဘုရားကြီး စွယ်တော်မြတ်ကို ခမ်းနားကြီးကျယ်စွာ ရှိခိုးပူဇော်ပြီးနောက် **သေခဏ္ဍသေလမြို့**မှ **ဂေါမြို့**သို့ ပြန်လည်ကြွရောက်တော်မူခဲ့သည်။ မြို့ရွာဒေသအသီးသီးတို့မှ လာလာသမျှ ရဟန်းရှင်လူပရိသတ်တို့အား တရားဓမ္မဟောပြောဆုံးမတော်မူသည်။ ခရီးစဉ်အတိုင်း ဖြေးဖြေးသက်သာ ကြွတော်မူရာ **'ဝါလုကတိတ္ထရွာ'**သို့ ရောက်တော်မူသည်။ ထိုရွာအနီး စိမ်းညိုအေးမြသာယာလှသော အုန်းခြံဥယျာဉ်ကြီးအတွင်း၌ **'ရာဇကပက္ခအမတ်'** ဆောက်လုပ်ထားသော ကျောင်း၌ ဝါကပ်တော်မူသည်။ ဝါတွင်းကာလ၌ လာရောက်သမျှ ရဟန်းရှင်လူများအား တရားဓမ္မဟောပြောဆုံးမခြင်း နောက်ပါတပည့်များနှင့် လင်္ကာဒီပသား ရဟန်းတော်များအား ကျမ်းဂန်စာပေများ ပို့ချပေးခြင်းဖြင့် သာသနာပြုတော်မူသည်။

အထူးအားဖြင့် လင်္ကာဒီပသံဃာများအတွင်း ဖြစ်ပွားလျက်ရှိသော သီမာဝိဝါဒါဓိကရုဏ်း ပြေငြိမ်းစေရန် အစွမ်းကုန် ကြိုးပမ်းတော်မူသည်။ ထိုစဉ် ရွှေကျင်ဆရာတော်ဘုရားကြီး စွဲကပ်လျက်ရှိသော

လေနာရောဂါဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ရသည်။ ထိုလေနာရောဂါသည် ဝါကျွတ်ကာနီး၌ အနည်းငယ် သက်သာလာခဲ့၍ သီမာဝိဝါဒါမိကရုဏ်းတွင် ပါဝင်ကြသော နှစ်ပက္ခသံဃာများကို **ဝါလုကတိတ္ထရွာ** အုန်းခြံဥယျာဉ်ကျောင်းသို့ ပင့်ခေါ်စည်းဝေးစေပြီး အဓိကရုဏ်းပြေငြိမ်းရေးကို ဆောင်ရွက်တော်မူသည်။

လင်္ကာဒီပ အမရပူရနိကာယဂိုဏ်းဝင် သီမာဝိဝါဒ နှစ်ပက္ခဝင်ထေရ်အရှင်တို့သည် **ဝါလုကတိတ္ထရှိ** ရွှေကျင်ဆရာတော်ဘုရားကြီးထံသို့ ရောက်ရှိစုဝေးကြပြီး ဆရာတော်ဘုရားကြီး၏ **"သာသနဝိသုဒ္ဓိ"**ကျမ်းကို ဖတ်ရှုနာယူကာ ဝိဝါဒကို ပြေငြိမ်းစေကြ၏။

ထိုဝိဝါဒ ပြေငြိမ်းသောနေ့၌ နှစ်ပက္ခသံဃာများ စုပေါင်း၍ တစ်ခုတည်းသော သမဂ္ဂသံဃနိကာယကြီးအဖြစ် စည်းဝေးကာ ဥဒကုက္ခေပသိမ်အတွင်း သာမဂ္ဂီဥပုသ်ပြုတော်မူကြသည်။ ထိုနိကာယဝင် ထေရ်အရှင်တို့၏ တပည့်များဖြစ်ကြသော ရဟန်းလောင်းရှင်သာမဏေအပါး ၃၀ တို့ကို ထိုဥဒကုက္ခေပသိမ်မှာပင် ရွှေကျင်ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြုစေ၍ မြန်မာနှင့်လင်္ကာဒီပမထေရ် ၁၅ ပါးတို့က ရဟန်းခံပေးကြ၏။ ရွှေကျင်ဆရာတော်ဘုရားကြီး၏ လင်္ကာဒီပသား သဒ္ဓိဝိဟာရိကတပည့်အပါး ၃၀ တို့သည် ရဟန်းခံပြီးနောက် ဥပသမ္ပဒကံဆောင် ဆရာတော်တို့မျက်မှောက်၌ ဝိနည်းကျင့်ဝတ် သိက္ခာပုဒ်ဆိုင်ရာ ၁၈ချက်တို့ကို နှုတ်ဖြင့် ဝန်ခံကတိပြုကြ၏။ ထို့နောက် လင်္ကာဒီပကျွန်းသား ကံဆောင်မထေရ် ဆယ်ပါးတို့သည် ရွှေကျင်ဆရာတော်ဘုရားကြီး၏ မျက်မှောက်၌ ဤသို့ဝန်ခံကတိပြုကြသည်။

"အရှင်မြတ်တို့ဘုရား! ယခု ပဉ္စင်းလောင်းများ အရှင်ဘုရားတို့ထံ ဝန်ခံကြသည့်အတိုင်း လိုက်နာပြုကျင့်ရန် တပည့်တော်တို့အစဉ်စောင့်ရှောက်ကြပါမည်။ အဆုံးအမပေးကြပါမည်။ မိမိတို့ဝန်ခံချက်အတိုင်း မလိုက်နာသောအခါ မိမိတို့ ဝန်ခံချက်ကို ကျူးလွန်

သောအခါ အပြောဆိုခက်သူများဖြစ်ပြီး နောင်အခါ စောင့်စည်းမှု၌ မတည်ကြသောအခါ ဤအခါမျိုးတို့၌ ထိုပဋ္ဌင်းလောင်းတို့၏ ဖောက်ပြန်မှုကို စာရေးသား၍ ဥပသမ္ပဒကံ ဆောင်ရွက်ကြသော ဇမ္ဗူဒိပ်ကျွန်းသား အရှင်ဘုရားတို့ထံ သတင်းစာလွှာ "သန္ဒေသကထာ"ဖြင့် အကြောင်းကြား လျှောက်ထားကြပါမည်ဘုရား"။

ရွှေကျင်ဆရာတော်ဘုရားကြီးသည် လင်္ကာဒီပရဟန်းတော်များ၏ သီမာဝိဝါဒနှင့် ပတ်သက်၍ ပက္ခကွဲပြား မလိုမုန်းထား မဖြစ်ပွားစေရန် ဥပါသကာ ဥပါသိကာအပေါင်းတို့အားလည်း ဆုံးမဩဝါဒ ပေးတော်မူသည်။ ရွှေကျင်ဆရာတော်ဘုရားကြီးသည် လင်္ကာဒီပ၌ ခုနစ်လကြာမျှ သီတင်းသုံးနေထိုင်ကာ သာသနာပြုတော်မူခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ကြွရောက်တော်မူခဲ့သည်။ ဤသို့လျှင် ရွှေကျင်ဆရာတော်ဘုရားကြီး၏ သီဟိုဠ်သာသနာပြုခရီးသည် ပြည့်စုံအောင်မြင်သော ခရီးအဖြစ် မှတ်တမ်းတင်ရမည် ဖြစ်ပါသတည်း။ ။

ဘဒ္ဒန္တနန္ဒမာလာဘိဝံသ
မဟာသုဗောဓာရုံတိုက်၊ စစ်ကိုင်းမြို့။

၁၃၆၄ - ခုနှစ်၊ တပို့တွဲလတွင် ရှမ်းပြည်တောင်ပိုင်း၊ ညောင်ရွှေမြို့၊ ကန်ကြီးပရိယတ္တိစာသင်တိုက်၌ ကျင်းပသော သောဠသမအကြိမ် သာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီး၌ ဖတ်ကြားတင်သွင်းသောစာတမ်းဖြစ်ပါသည်။



# မြန်မာနိုင်ငံ၏ ပရိယတ္တိပညာရေး သုံးသပ်ချက်

▢ အရှင်နန္ဒမာလာဘိဝံသ

## မြန်မာနိုင်ငံ၏ ပရိယတ္တိပညာရေး

ဗုဒ္ဓသာသနာသည် ဗုဒ္ဓမြတ်စွာ လက်ထက်အခါကပင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ဟန် ရှိသည်။ ပုဂံခေတ်သို့ ရောက်သောအခါမှ ဗုဒ္ဓသာသနာ၏ အရှိန်အဝါသည် လွန်စွာ တောက်ထွန်းလာခဲ့၏။ ပုဂံဘုရင် အနော်ရထာသည် ပိဋကတ်စာပေများကို သီဟိုဠ်ကျွန်းမှရင်း, သထုံပြည်မှရင်း ရယူစုဆောင်းခဲ့သည်၊ ပုဂံခေတ် မြန်မာသံဃာသည် ပိဋကတ်ကို အရေးတယူ သင်ယူလေ့လာခဲ့ကြ၏။ ပုဂံခေတ် မြန်မ ာသံဃာများ၏ ပရိယတ္တိပညာအရည်အချင်းသည် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့သည်ဟု ဆိုနိုင်၏၊ ပုဂံခေတ်၌ ပေါ်ထွက်ခဲ့သော သဒ္ဒနီတိ၊ သဒ္ဒတ္ထဘေဒစိန္တာ၊ သခေ်ပဝဏ္ဏနာ စသော ပါဠိဘာသာဖြင့် ပြုစုရေးသားထားသော ကျမ်းစာများက ထိုခေတ် မြန်မာသံဃာများ၏ ပရိယတ္တိပညာအရည်အချင်းကို ထုတ်ဖော်ပြသလျက် ရှိပေသည်။

မြန်မာနိုင်ငံ၏ ဗုဒ္ဓသာသနာသည် ခေတ်အမျိုးမျိုးကို ဖြတ်ကျော်ရှင်သန်ခဲ့၏၊ လင်းချီတချိန် မှိန်ချီတလှည့် ရှိခဲ့ရ၏၊ မြန်မာသံဃာများ၏

ပရိယတ္တိပညာအရည်အသွေးသည်လည်း ခေတ်အခြေအနေအလိုက် မြင့်တုံနိမ့်တုံ ရှိခဲ့သည်၊ မြန်မာသက္ကရာဇ် တထောင်ပြည့်နှစ် သာလွန်မင်းလက်ထက်တွင် ပရိယတ္တိပညာရေးကို အားသစ်လောင်းသည့်အနေဖြင့် ပထမပြန်စာမေးပွဲကို စတင်ကျင်းပပေးခဲ့၏၊ စာမေးပွဲကို စတင်ကျင်းပပေးခဲ့၏၊ စာမေးပွဲစနစ်ဖြင့် ပရိယတ္တိပညာကို ထိန်းပေးခဲ့သည်၊ ပထမပြန်စာမေးပွဲသည် ကုန်းဘောင်ခေတ်, အထူးအားဖြင့် မန္တလေး ရတနာပုံခေတ်တွင် အထွဋ်အထိပ်သို့ ရောက်သည်ဟု ဆိုနိုင်၏။

အချိန်အခါသည် ရပ်တည်၍ မနေ၊ အစဉ်ပြောင်းလဲနေ၏၊ ပြောင်းလဲသော်လည်း အဆင်တူ အသွင်တူသည့် ကာလအပိုင်းအခြား, အချိန်အပိုင်းအခြားတခုကို "ခေတ်"ဟုခေါ်၏၊ ခေတ်ပြောင်းလျှင် ဆောင်ရွက်လုပ်ကိုင်ပုံနည်းစနစ်ပါ ပြောင်းသွားတတ်၏၊ မြန်မာနိုင်ငံ ပရိယတ္တိပညာရေးသည်လည်း ခေတ်ပြောင်း စနစ်ပြောင်းနှင့် များစွာ ကြုံတွေ့ခဲ့ရ၏၊ ကြုံတွေ့ရဆဲလည်းဖြစ်၏၊ ကြုံတွေ့ရလိမ့်မည်လည်း ဖြစ်သည်။

ကိုလိုနီခေတ်၌ စာသင်နည်း စနစ်နှစ်မျိုးက ပရိယတ္တိပညာအရည်အသွေးကို ဆက်လက်ရှင်သန်စေခဲ့၏၊ စာသင်နည်းစနစ်နှစ်မျိုးမှာ မန္တလေးစာသင်နည်းနှင့် ပခုက္ကူစာသင်နည်းတို့ ဖြစ်၏။

**မန္တလေးစာသင်နည်း**မှာ ပုဒ်တစ်ပုဒ်, ဝါကျတစ်ဝါကျကို ရှုထောင့်စုံမှ လေ့လာသင်ပြသောနည်း ဖြစ်သည်။ သမ္ဗန္ဓ၊ ပဒ၊ ပဒတ္ထ၊ ပဒဝိဂ္ဂဟ၊ စောဒနာ၊ ပရိဟာရဟူသည့် သံဝဏ္ဏနာ ၆ ပါး နည်းစနစ်ကို အခြေခံထားသည်၊ ပင်းယခေတ် စစ်ကိုင်းတောင်ရိုး ရေငုံချောင်ဆရာတော်က ပင်းယရဟန်းတော် **အရှင်အရိယဝံသ**အား အဘိဓမ္မတ္ထဝိဘာဝိနီဋီကာကျမ်းကို ပို့ချပေးရာ၌ အသုံးပြုသော နည်းစနစ် ဖြစ်သည်၊ ဝိသုဒ္ဓါရုံဆရာတော်၏ 'သံဝဏ္ဏနာဆက္ကကျမ်း'နှင့် ရှေးဆရာတော်ကြီးများ၏ 'သဗ္ဗာသဝသုတ် စုဒ်စောဒနာ' စသော ကျမ်းတို့သည် မန္တလေးစာသင်နည်းကို မှတ်တမ်းတင်ထားသောကျမ်းများ ဖြစ်သည်၊ မန္တလေးစာသင်နည်း၌ သဒ္ဒါကျမ်းရှုထောင့်မှသာမက အဘိဓမ္မာရှုထောင့်မှလည်း လေ့လာသင်ယူရ၏၊ ပုဒ်တစ်ပုဒ်ကို အဘိဓမ္မာရှုထောင့်မှ သုံးသပ်နည်းကို

**'ဉာသ်ကောက်'**ဟု ခေါ်တွင်၏၊ ရှာသခေါ် ဉာသ်ကျမ်းက ပဏ္ဏာမဂါထာကို အဘိဓမ္မာရှုထောင့်မှ တရားကိုယ် ကောက်ယူသုံးသပ်ပြသည်ကို အစွဲပြု၍ **"ဉာသ်ကောက်"** ဟု ခေါ်ကြခြင်း ဖြစ်သည်။ အချုပ်အားဖြင့် မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းက ကျင်းပသော သကျသီဟစာသင်တန်း, စာချတန်း ပြဋ္ဌာန်းချက်များသည် မန္တလေးစာသင်နည်းကို အခြေခံထားခြင်း ဖြစ်သည်။

မြန်မာလွတ်လပ်ရေးခေတ် အစိုးရဓမ္မာစရိယတန်း ပြဋ္ဌာန်းချက်များသည် မန္တလေး သကျသီဟ စာချတန်းကို စံနမူ ယူထားသော ပြဋ္ဌာန်းချက်များ ဖြစ်သည်၊ မန္တလေးစာသင်နည်း စနစ်အတိုင်း လေ့လာသင်ယူ တတ်မြောက်ကြသော ရဟန်းတော်များ၏ ပရိယတ္တိပညာသည် မြင့်မား၏၊ ပါဠိမှား ပါဠိမှန် ခွဲခြားဝေဘန်နိုင်၏၊ ပါဠိ, အဋ္ဌကထာ, ဋီကာများကို သုတ်သင်ပြင်ဆင်နိုင်၏၊ ကျမ်းတစ်ကျမ်းနှင့် တစ်ကျမ်း အဆိုအမိန့် မတူရာ၌ ကျမ်းချင်းညှိကာ ဝိနိစ္ဆယ ချနိုင်၏၊ သာသနာ ၂၅၀၀ ပြည့် ဆဋ္ဌသံဂါယနာပွဲကြီးကို အောင်မြင်စွာ ဦးဆောင်နိုင်ခဲ့ကြ၏။

**ပခုက္ကူစာသင်နည်း**မှာ ကျမ်းကြီးဖေါက်စာသင်နည်း ဖြစ်၏၊ ပါဠိတော်ကို အဋ္ဌကထာဖွင့်ကြည့်၍ လည်းကောင်း၊ အဋ္ဌကထာကို ဋီကာဖွင့်ကြည့်၍ လည်းကောင်း အနက်ဆိုရသည့်အပြင် **"ပါဠ်ရ နက်ထင် အချက်မြင်"**အောင် လေ့လာသင်ယူရသော နည်းစနစ် ဖြစ်သည်၊ သံဝဏ္ဏနာ ၆-ပါးအတွင်း သွင်းထားရှုံမျှမက ကျမ်းစုံသိသဖြင့် ကျမ်းညှိရာ၌ များစွာ အထောက်အကူ ပြုသော နည်းစနစ်ဟု ဆိုနိုင်၏၊ မန္တလေးစာသင်နည်းအတိုင်း သင်ယူထားသော ရဟန်းတော်များသည် ပခုက္ကူသွားမှ ပညာစုံသည်ဟု ယုံကြည်ခဲ့ကြ၏။

မန္တလေးစာသင်နည်း ပခုက္ကူစာသင်နည်း နှစ်မျိုးလုံး ပေါင်းစပ်ထားခြင်းက မြန်မာနိုင်ငံ၏ ပရိယတ္တိပညာအရည်အချင်းကို အမြင့်ဆုံးအဆင့်သို့ ပို့ပေးလျက် ရှိ၏၊ ယနေ့ခေတ် ပဋ္ဌမပြန်, ဓမ္မာစရိယစာမေးပွဲများသည် မန္တလေး စာသင်နည်းစနစ်ကို ကျင့်သုံးလျက်ရှိပြီး နိကာယ်စာမေးပွဲ, တိပိဋကရွေးချယ် စာမေးပွဲများသည် ပခုက္ကူစာသင်နည်းစနစ်ကို ရှင်သန်စေခြင်း ဖြစ်၏။ မန္တလေး သကျသီဟသာမဏေ စာလျှောက်မေးခမ်း စာမေးပွဲ, အလားတူ သာမဏေကျော်

စာမေးပွဲများသည် မန္တလေးစာသင်နည်း ပခုက္ကူစာသင်နည်း ၂-မျိုးလုံးကို ပေါင်းစပ်ထားသော စာမေးပွဲများ ဖြစ်သည်။

မြန်မာနိုင်ငံ၌ စာသင်နည်း ၂-မျိုးကို အခြေပြုထားသော စာမေးပွဲများ ရှိနေခြင်းကြောင့် ပရိယတ္တိ စာသင်တိုက်များ စာချပုဂ္ဂိုလ်များ၊ စာသင်သားများ ယနေ့အထိ တိုးပွါးရှင်သန်နေဆဲ ဖြစ်သည်၊ အခြားထေရဝါဒနိုင်ငံများ၏ ပရိယတ္တိပညာအရည်အချင်းထက် မြန်မာနိုင်ငံ၏ ပရိယတ္တိအရည်အချင်းက များစွာ မြင့်မား၏။

## ပညာရေးသုံးသပ်ချက်

"မြန်မာနိုင်ငံ၏ ပရိယတ္တိပညာရေးစနစ်ကို လက်ရှိအတိုင်း ဆက်လက်ကျင့်သုံးသင့်/မသင့်" ဤမေးခွန်းမှာ အဖြေအမျိုးမျိုး ထွက်စရာ ရှိသည်၊ မြန်မာနိုင်ငံ၏ ပရိယတ္တိပညာရေးစနစ်ဟူရာ၌ ပဋ္ဌမပြန်စာမေးပွဲနှင့် ဓမ္မာစရိယ စာမေးပွဲ နည်းစနစ်ကိုသာ အဓိက ရည်ညွှန်း ပြောဆိုကြခြင်း ဖြစ်သည်။

ခေတ်အမြင်ရှိသူတို့က ပဋ္ဌမပြန်စာမေးပွဲ ပြဋ္ဌာန်းကျမ်းစာများနှင့် သင်ရိုးညွှန်းတန်းများကို ခေတ်မီအောင် ပြင်ဆင်ခဲ့ကြ၏။ ယခင်က သီးသန့်မပါသော မြန်မာစာဘာသာရပ်ကို ထည့်သွင်းခဲ့ကြ၏။ သို့ရာတွင် ထိုစနစ်သစ်သည် အကြောင်းအမျိုးမျိုးကြောင့် ကြာရှည်စွာမတည်ဘဲ စနစ်ဟောင်းဆီသို့ ပြန်လည်ဦးတည် သွား၏။ လမ်းဖုံနေပြီဖြစ်သော စနစ်ဟောင်းလမ်းကြောင်းအတိုင်းသာ စာသင်သားတို့ ပြန်လည်လျှောက်လှမ်းကြ၏။

အချို့က လက်ရှိကျင့်သုံးနေသည့် ပရိယတ္တိပညာရေးစနစ်ကို ပြင်သင့်သည်ဟု အဆိုပြုကြ၏၊ လက်ရှိ စနစ်ဖြင့် သွားလျှင် စာမတတ်ဟု အကြောင်းပြကြ၏။ လက်ရှိပညာရေးစနစ်ကို ပြင်သင့်သည်ဟု ဆိုခြင်းမှာ မှန်ပါ၏။ သို့ရာတွင် လက်ရှိစနစ်ကြောင့် စာမတတ်ဟု ဆိုခြင်းကား မမှန်ပါ။ ကိုလိုနီခေတ်, လွတ်လပ်ရေးခေတ်တွင် ကျင့်သုံးခဲ့သော ပရိယတ္တိပညာရေးစနစ်ဖြင့် စာတတ်ပုဂ္ဂိုလ် အမြောက်အမြား ပေါ်ထွက်ခဲ့ပြီး ဆဋ္ဌသံဂါယနာကို ထိုပုဂ္ဂိုလ်များက ကြီးကြပ်ဦးဆောင်နိုင်ခဲ့ကြ၏၊ စာသင်တိုက်ကြီးများစွာကို တည်ထောင်

ကာ စာပေပို့ချကာ ပရိယတ္တိပညာကို ယနေ့တိုင် ထွန်းပြောင်စေခဲ့ကြ၏။ အိန္ဒိယ, သီဟိုဠ် ထိုထိုတက္ကသိုလ်ကြီးများမှ ပါမောက္ခဆရာကြီးများက စနစ်ကောင်းဖြင့် ဓမ္မာစရိယအောင်ပြီး ရဟန်းတော်များကို လေးစားကြသည်ကို ကိုယ်တိုင်ပင် ကြုံတွေ့ရဘူး၏၊ မြန်မာရဟန်းတော်များကို ပါဠိတတ်သည်၊ အဘိဓမ္မာ ကျွမ်းကျင်သည်၊ ကမ္မဋ္ဌာန်းတရား ဟောကြားတတ်သည်ဟု ယုံကြည်လေးစား ကြ၏၊ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလက ရန်ကုန်မြို့ ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူ တော်ကြီး၌ ကျင်းပခဲ့သည့် ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံကြီးသို့ တက်ရောက်ခဲ့သူ အိန္ဒိယနိုင်ငံ ဒေလီတက္ကသိုလ် ဗုဒ္ဓဘာသာလေ့လာရေးဌာန ပါမောက္ခဌာနမှူး က ဓမ္မာစရိယအရည်အချင်းဟာ သူ့အရည်အချင်းထက်သာကြောင်း ဖွင့်ဟ ပြောဆိုခဲ့ဘူး၏။

လက်ရှိစနစ်ဟောင်းဖြင့် စာမတတ်သူ အရည်အချင်းမရှိသူများ ရှိ၏။ ထိုသို့ ဖြစ်ခြင်းမှာ စနစ်၏ အပြစ်မဟုတ်၊ ပုဂ္ဂိုလ်၏ အပြစ်သာ ဖြစ်၏။ ပုဂ္ဂိုလ်က မကြိုးစားလျှင် စနစ်မည်မျှကောင်းကောင်း စာတတ်မည် မဟုတ်၊ စနစ် မကောင်းသဖြင့် စာမတတ်ဟု ဆိုလျှင် ထိုတစ်ခေတ်လုံး ထိုစနစ်သုံး ပုဂ္ဂိုလ် မှန်သမျှ အရည်အချင်း ရှိကြမည်မဟုတ်။

## ပဌမပြန် စာမေးပွဲ ပြဋ္ဌာန်းကျမ်းစာ

ပဌမပြန်စာမေးပွဲ ပြဋ္ဌာန်းကျမ်းစာများမှာ ပိဋကတ် အခြေခံအတွက် သင့်လျော်ပါသည်။ သင်ရိုးညွှန်းတမ်းကိုမူ ပြင်သင့်သည်။ အထူးသဖြင့် ကစ္စည်း သဒ္ဒါဘာသာရပ်အတွက် ပြောရလျှင် သုတ်ပြီး ရုပ်ပြီးကိုသာ ဦးစားပေးသင့်၏။ ပါဠိဘာသာ ကျွမ်းကျင်ရေးကိုသာ ရှေ့ရှုသင့်၏။ အဘယ့်ကြောင့် ကွစိသဒ္ဒါ, ဝါသဒ္ဒါ ဆိုရသနည်း?။ သုတ်၌ ပါသည့် အဘယ်ပုဒ်သည် အဘယ်အကျိုး ရှိသနည်း ? စသည်ဖြင့် သဒ္ဒါကျမ်းရင်းကို စေ့ငုသေချာ လေ့လာနေခြင်းမှာ ပါဠိ ဘာသာ တတ်မြောက်ရေးအတွက် အထောက်အကူ မဖြစ်ရုံမျှမက အဘိုးတန် အချိန်များကို အလဟဿ ကုန်ဆုံးစေ၏။ ရုပ်တွက်ရာ၌ မူလပုဒ်မှ မည်သည့် သုတ် (ဥပဒေ)အရ ပြောင်းလဲလာပုံ သိသာရုံမျှ တွက်သင့်၏။ မလိုအပ်သည့်

သုတ် (ဥပဒေ) အချို့ကို ထောက်ပြစရာ မလိုပါ၊ ကစ္စည်းသဒ္ဒါကြီး သုတ်စဉ်နှင့် သုတ်နက်ကိုသာ အာဂုံကျက်စေသင့်၏။ သုတ်၏ အဓိပ္ပါယ်ကို ကြေညက်အောင် နားလည်အောင် လေ့လာသင့်၏၊ ဝုတ္တိနှင့် ပြယုဂ်များကိုမူ ကြည့်စာအဖြစ် ထားသင့်၏။ သုတ်နှင့်ဆိုင်ရာ ပြယုဂ်များကို ကစ္စည်း ဝုတ္တိ၊ ရူပသိဒ္ဓိနှင့် ပါဠိ အဋ္ဌကထာ ဋီကာတို့မှ ထုတ်နုတ် သင်ကြားပေးသင့်၏၊ နာမ်ဂိုဏ်း အာချာတ်ဂိုဏ်း ကြေညက်အောင် ကျက်စေသင့်၏။ ပါဠိ အဋ္ဌကထာ ဋီကာတို့ ပုဒ်အချို့က ဂိုဏ်းစဉ်တတ်အောင်၊ လိင်, ဂိုဏ်း, ကာရန်ကွဲအောင်၊ ဓာတ်ပစ္စည်း ခွဲတတ်အောင် သင်ယူစေသင့်၏၊ သန္ဓိရုပ်နှင့် နာမ်ရုပ် ကိတ်ရုပ်တို့ကို အဓိကထားရုပ်တွက်စေရမည်။ ကာရက ရုပ်တွက်ရန် မလို၊ ပါဠိ စီကုန်းနည်းကို ကာရကပိုင်းဖြင့် လေ့ကျင့်ပေးသင့်၏။ ပုဒ် ၂-ပုဒ် တွဲစပ်ပုံကို သမာသ်ပိုင်းဖြင့် ရှင်းပြသင့်သည်၊ ပုဒ်နှင့်ပစ္စည်း တွဲစပ်၍ ပါဠိစကားလုံးသစ် ဖြစ်ပေါ်လာပုံကို တဒ္ဓိတ်ပိုင်းဖြင့် ရှင်းပြသင့်သည်။

ပါဠိဝေါဟာရအတွက် အသုံးမဝင်သော သဒ္ဒါကျမ်းက အဓိပ္ပါယ်အချို့ကို လုံးဝ မေးခွန်း မထုတ်သင့်ပါ။ ဥပမာ - အဘယ်ကြောင့် အဘယ်သုတ်ကို ထပ်ဆိုရပါသနည်း ? စသော မေးခွန်းမျိုးတည်း။ ဤသည်မှာ နမူနာမျှသာ တင်ပြခြင်း ဖြစ်ပါသည်။ အချုပ်အားဖြင့် သဒ္ဒါကျမ်းကို သင်ယူခြင်းမှာ သဒ္ဒါကျမ်းကို နားရည်လည်ရန်အတွက် မဟုတ်၊ ပါဠိ အဋ္ဌကထာ ဋီကာတို့ကို နားရည်လည်ရန်သာ ဖြစ်ရပါမည်။

**ဝိနည်းဘာသာရပ်။** ။ ပါဠိအာဂုံ, အနက်, အဓိပ္ပါယ် လက်ရှိအတိုင်း သင်ယူ၍ ကင်္ခါအဋ္ဌကထာက အဓိပ္ပါယ်များလည်း လေ့လာစေသင့်၏။ အထူးအားဖြင့် လက်တွေ့ ကျင့်သုံးမှုအပေါ် ဦးစားပေး မေးခွန်းထုတ်သင့်၏။

**အဘိဓမ္မာဘာသာရပ်။** ။ အဘိဓမ္မတ္ထသင်္ဂဟကျမ်း ပါဠိအာဂုံနှင့် အနက်အဓိပ္ပါယ် လက်ရှိအတိုင်း သင်ယူ၍ ဋီကာကျော် အဖွင့်များကို လေ့လာစေ

သင့်၏၊ အထူးအားဖြင့် သရုပ်ထက် သဘာဝအဓိပ္ပါယ်ကို ဦးစားပေး မေးခွန်း ထုတ်သင့်၏။

**ညဝါဘာသာရပ်။** ။ အရကောက် သဘောအဓိပ္ပါယ်ကို လက်ရှိ အတိုင်း လေ့လာသင်ယူ၍ အဘိဓမ္မာကျမ်းကြီးများနှင့် ဆက်စပ်မိအောင် ရှင်းပြ သင်ယူစေသင့်၏။

**အဘိဓာန်။** ။ အပိုင်းလိုက် သတ်မှတ်ပြဋ္ဌာန်းသင့်၏၊ ပါဠိ ဝေါဟာရကြွယ်ဝမှု အထွေထွေဗဟုသုတ ဥပမာ-ဝီရိယ အင်္ဂါ ၄-ခု၊ မင်းမြှောက် တန်ဆာ ငါးပါးစသည့် အချက်များကို ဦးစားပေး သင်ယူစေသင့်၏။

**အလင်္ကာ ။** ။ ကျက်သင့်သော ပါဠိအာဂုံကို ကျက်စေ၍ ကျမ်းရင်း ဆိုလိုချက်များကို သိရှိနားလည်စေပြီး လက်တွေ့ အသုံးချတတ်အောင် ဦးတည်သင်ကြားစေသင့်၏။

**ဆန်း ။** ။ ကျမ်းရင်းကို နားလည်အောင် သင်ယူစေပြီး လက်တွေ့ ဂါထာစီကုံးနိုင်အောင် ဦးတည်သင်ယူစေသင့်၏။

**ဘာသာပြန် ။** ။ပါဠိကို မြန်မာဘာသာ ပြန်ဆိုရာ၌ တိုက်ရိုက်ပြန် နည်း အကျဉ်းချုံးပြန်နည်း ၂-မျိုးလုံး သင်ကြားပေးသင့်၏။ မြန်မာကို ပါဠိ ပြန်ဆိုရာ၌ ကျမ်းရင်းမှ မထုတ်ယူဘဲ မြန်မာစာအုပ်များမှ ဝါကျတို့များကိုသာ ပါဠိလို ပြန်ဆိုစေသင့်၏။

**အင်္ဂလိပ်ဘာသာ ။** ။အင်္ဂလိပ်စာ ဘာသာရပ်ကို ပဋ္ဌမပြန် စာမေး ပွဲများ၌ ဘာသာရပ်တစ်ခုအဖြစ် မပြဋ္ဌာန်းသင့်ပါ။ နွေရာသီစာဝါမရှိသည့် အချိန်များ၌သာ ရက်တိုသင်တန်းများ ဖွင့်၍ သင်ယူလေ့လာစေသင့်၏။

ပဋ္ဌမပြန် စာမေးပွဲများ၌ ပိဋကတ်အခြေခံကျမ်းစာများကိုသာ ပြဋ္ဌာန်းသတ်မှတ်ကာ လေ့လာသင်ယူစေသင့်၏။ ပိဋကတ်ပညာ ရရှိရေးသာ အဓိကဖြစ်၏။ ပိဋကတ်ပညာ မတတ်လျှင် အင်္ဂလိပ်စာ တတ်သော်လည်း သာသနာပြုကိစ္စများ၌ အသုံးဝင်လှမည် မဟုတ်။ အင်္ဂလိပ်စာကို အပိုဘာသာအဖြစ်သာ သင်ယူစေသင့်၏။ ပိဋကတ်ကို သာသနာ့ဝန်ထမ်း ရှင်ရဟန်းတိုင်း တတ်သိနားလည်အောင် လေ့လာသင့်သော်လည်း အင်္ဂလိပ်စာကိုမူ နိုင်ငံခြားသာသနာပြုလိုသူ ပုဂ္ဂိုလ်များအတွက်သာ လိုအပ်သည်။ အမှန်မှာ အင်္ဂလိပ်စာသာ မဟုတ်၊ ဘာသာမျိုးစုံတတ်လျှင် နိုင်ငံခြားတိုင်းပြည်များ၌ သာသနာပြုရန် အလွန်ထိရောက်ပါသည်။ ဗုဒ္ဓဓမ္မကို ဘာသာမျိုးစုံဖြင့် ဟောကြား ဖြန့်ဖြူးနိုင်ပါမည်။

အချုပ်အားဖြင့် သာသနာ့ဝန်ထမ်း ရှင်ရဟန်းများအနေဖြင့် ဗုဒ္ဓဓမ္မ၌ ကျွမ်းကျင်လိမ္မာအောင် အချိန်ယူ၍ သင်သင့်၏။ မိမိတတ်သိပြီး ဗုဒ္ဓဓမ္မကို မိမိနှင့်ဘာသာစကား မတူသူများအား ရှင်းလင်းဟောကြားနိုင်ရန် အင်္ဂလိပ်ဘာသာဖြစ်စေ၊ အခြားဘာသာ စကားဖြစ်စေ သင်ယူသင့်၏။

ကမ္ဘာ့အနှံ့ သာသနာပြန့်အောင် ဆောင်ရွက်နိုင်ကြပါစေ။

**အရှင်နန္ဒမာလာဘိဝံသ**

# BUDDHISM
## AND
# VEGETARIANISM
## To the readers

This article was formerly prepared as a dissertation paper to be submitted in fulfillment of the requirements for the Degree of Master in Reserach to the University of Kelaniya in Srilanka. Highlighted here is the Buddhist Perspective on Vegetarianism with reference to Pali Texts.

Nowadays, all over the world, there appear many people who follow the practice of Vegetarianism yet found out to hold different views. Some become vegetarian an account of their health situations whereas for most people, such practice is based on their religious belief.

In this context, there may be different ideas how they follow this practice. How people make a decision of comsuming food as regards the life of the animals? Basically, vegetarians can be classified into different categories. As a vegetarian, some consume egg but not milk whereas some avoid eating egg but drink milk. Still some people abstain from partaking any by-products of animals such as milk, egg, etc. But love to use materials made of animal skin, etc. In case of some, they refrain from either consuming or using any products of animals.

According to Theravada Buddhism, its adherents are neither encouraged nor insisted to be a vegetarian. Since not a compulsory practice, neither vegetations are praised nor are non-vegetarians to be blamed. The purpose of consuming food in Buddhism is to sustain one's life and body while partaking any kind of food which should be blameless and to remove craving on food.

As Buddhism throws light on Majjhimapatipada (Middle Way) as its one and only practice to attain final liberation, it wisely advises its adherents to avoid extremes (anta).

The Omniscient Buddha expounded His followers to avoid any food which is unholesome; the food which is wholesome but blameworthy; to refrain from ordering in killing animals as he accumulates demerit and finally

to remove wrong views that is blameworthy to be a non-vegetarian, etc.

This article attempts to convey the orginal essence of Buddha's teachings as regards Vegetarian-ism. May the readers realize the true perspective of being a good Vegetarian.

## Buddhism And Vegetarianism

Buddhism neither condemns nor praises the pratice of vegetarianism. It never says practising vegetarianism is right or wrong. It only says that you should have moderation in food, vegetable or meat (bhojane mattannuta).

Food is necessary for all living beings to live long. Without food, beings are unable to survive. The Buddha says, "All beings sustain through nutriment or cause (sabbe satta a~ha ratthitika)". To eat is to live long.

Before the emergence of Buddhism there were some Brahmanas and recluses who believed in purity of mental defilements throught the practice of austerity in food. They ate only rice or vegetables, very small in quantity. They would stay without food very often. They believed that throught this way, which was a sort of selfmortification, purification could be achieved.

The Buddha says: "O Sariputta, there are some Samanas and Brahmanas who hold such an assertion and view of purity through nutriment (Aharena suddhi). They say thus: "We live on mugga bean (green gram). We live on sesame. We live on rice" (Mahasihanada Sutta:MN). The Buddha rejects the concept of purification through nutriment.

Some religious thinkers assumed vegetarianism as a sort of asceticism. They strictly practise vegetarianism, and abstian from eating fish and meat throughout all their lives. The Buddha says they are the persons who torture themselves and practise selftortured actions, (attantapo, attapantapana nuyogamanuyutto).

The Buddha does not assume vegetarianism as a morality. The practice of vegetarianism is not even a part of morality (sila) which is a factor of the Eightfold Noble Path.

The Buddha ecourages His disciples to practice Dhutarigas which are not compulsory but optional. Dhutariga literally means a factor of destruction of mental impurities. The practice of vegetarianism is not a sort of Dhutangas. It is not an important factor for cessation of suffering as well. Therefore the Buddha did not exhort his disciples to practise vegetarianism. But he adivised them to have moderation in eating.

During the Buddha's life time the foods people ate can be traced throught pali Canons. There were five kinds of foods mentioned in Pacittiya Pali of Vinaya Pitaka.

"Five kinds of food (Pafica bhojana~ni) are rice (odana), baked rice powder (sattu), boiled flour (kummasa), fish (maccha) and meat (mamsa)."

These five kinds of food were commonly used by the people as their daily food and also offered them to monks during the time of the Buddha.

In the 39th rule of the Pacittya, nine kinds of delicious food are mentioned thus: there are delicious foods, namely, foods mixed with ghee or butter (sappi), fresh butter (navanitam), oil (telam), honey (madhu), molasses (phanitam), fish (maccho), meat (mamsam), milk (khiram) and curd (dadhi).

These nine kinds of foods could be found in the rich family's dining room and they offered these to monks. Buddhist monks were allowed to accept them if lay people offered according to their wish, but they were guilty if they asked lay people for them without having special reason, that is during illness. In a poor family's kitchen broken rice together with sour gruel (kanajakambalanga dutiyam) can be found. This food may be the poorest food during the Buddha's lifetime.

This food was generally given to servants and workers in the house of rich people. King Sodhodana, the father of the Buddha, was rich and generous. He gave rice mixed with meat (sali mamsodana) to his servants and workers as their daily food.

The Buddha says: "O monks, in the other people house broken rice together with sour gruel is given to servants and workers. However in my father's house rice mixed with meat is given to them (Sukhumala sutta:AN)"

Therefore, we have to know that fish and meat were commonly used by the people during the lifetime of the Buddha. The Buddha and his followers had to depend upon the alms-giving. The Buddha himself ate meat and allowed his disciples to do so if the meat was not specially for them at the source.

We can find some kinds of meat in the Buddha's bowl. We have some evidences to prove it through Pali Canons.

"On one occasion a lay disciple of the Buddha, Ugga by name, who lived in Vesali, offered alms-giving to the Buddha and the Samgha in his house. Rice and curry and various esculents (khadaiya) were specially arranged. Ugga said: "Lord, this pork curry cook with jujube fruit is so delicious. Do accept it with compasion for me!" The Buddha accept it (Manapadayi sutta of Anguttara nika ya).

On one occasion, a group of robbers killed a cow for meat in the forest of blinds (Andhavana) near Jetavana. In the forest an Arahant Bhikkhuni, Uppalvanna by name, stayed under a tree experienceing the bliss of Phala Samapatti. The leader of the robbers saw her sitting under a tree and commanded his followers to go by the other way. He hung a package of beef out on a branch of a tree dedicating it to this Bhikkhuni and went away after saying himself that he offered it to any person who found it. Theri Uppalavanna took the package of beef and offered it to the Buddha. (Nisaggiypacittiya Pali of VinayaPitaka).

On one occasion the Buddha was on His way' to Kusinara on His last day. Cunda, the goldsmith of Pava, offered the Buddha the last meal including Sukaramaddava. Sukaramaddava means the flesh of a pig aged one year on sale, not so young, not so old. This kind of pork is soft and rich in nutritive essence. Although this term Sukaramaddava, was given several interpretations, the only meaning above mentioned was accepted by Ven. Buddhaghosa. (Mahaparinibbana Sutta of Digha nikaya).

Ven. Buddhaghosa mentioned other teacher's interpretation of Sukaramaddava in his book. Some teachers said that Sukaramaddava is a drink of rice, milk, or milky rice pudding. The other said that it is a sort of tonic. (The Commentary on Mahaparinibba na sutta). Some scholars

today who believe in vegetarianism say Sukaramaddava is a sort of mushroom.

We found the meat in the bowl of the Buddha and His followers, but the Buddha did not grant ten kinds of meat to be eaten.

There are ten kinds of meat, namely human flesh (manussa-mamsa), elephant flesh (hatthi-mamsa), horse flesh (assa-mamsa), dog flesh (sunakha-mamsa), snake flesh (ahi-mamsa), lion flesh (siha-mamsa), tiger flesh (byagga-mamsa), leopard flesh (dipa-mamsa), bear flesh (accha-mamsa) and hyena or wolf flesh (taracha-mamsa). (Mahavasga Pali of Vinaya Pitaka).

Buddhist monks must abstain from taking these ten kinds of meat on account of the special reasons. The reasons are given in brief in the Commentary on Vinaya (samanta pasadika) thus: Human flesh should not be eaten because of being one own species. Elephant flesh and horse should not be eaten being the property of a king. Dog flesh and snake flesh should not be eaten being disgusting. Lion flesh, tiger flesh, etc., should not be eaten being harmful.

Regarding the ten kinds of meat, interesting stories are mentioned in the Mahavagga Pali of Vinaya pitaka.

# Human Flesh

On one occasion the Buddha stayed at Isipatana near Varanasi. Apious Buddhist lay woman, Suppiya by name, promised a sick monk to offer a kind of meat soup. Unfortunately it was impossible to cook meat soup as that day was not kill-day (maghata samaya). Any flesh on sale could not be bought in the market.

Then Suppiya thought herself, "I have promised a sick monk to offer a kind of meat soup. But I cannot get any meat in the market today. If I do not send any meat soup, that monk may die or his disease may become worse. In any way, I must offer the meat soup to the monk."

After that, she entered her bedroom and cut a piece of flesh out from her thigh with a knife. Her husband exclaimed, "How wonderful! What great confidence she has! There will not be any other thing which she cannot give, if she is able to offer even her own flesh."

The next day the Buddha went to her home at the invitation of her husband. The Buddha inquired where Suppiya was. After having reported of that event, the Buddha called her to His presence. She was carried immediately. As soon as she saw the Buddha, her wound in the thigh was cured and as good as before, this caused her much surprise

and happiness, and she paid homage to the Buddha in great reverence.

The sick monk was blamed owing to taking to human-flesh soup without making an inquiry. Regarding this event the Buddha admonished his disciples and promulgated a Vinaya rule.

"O monks, there are some lay devotees who have great confidence. They dare to offer even their own flesh. O monks, human flesh should not be eaten. A monk who eats human flesh must be guilty of Thullaccaya (great offence).

Then the Buddha advised his disciples not to eat any meat without making inquiry before hand.

## Elephant flesh and horse flesh

Once upon a time a kingdom suffered from famine. The king's elephants and horses died and people ate their meat. They offered those meat to the monk as an alms-giving and monks also ate it. Some people condemned the monks for taking the meat of elephant and horse. They said elephants and horses were the property of the king. If the king knew that monks ate the meat, he would be displeased with monks. The Buddha says: "O monks, elephant flesh and horse flesh should not be eaten. Any monk who eats it must be guilty of dukkata (the offence of wrong-action)."

## Dog Flesh

While the condition of famine arose some people ate dog flesh and offered monks in alms-giving. Some people condemned monks for taking that meat. They said that dog flesh was disgusting. The Buddha says, "O monks, dog flesh should not be eaten. Any monks who eat it must be guilty of Dukkata."

## Snake Flesh

On one occasion of famine some people ate snake flesh and offered monks. Some people condemned monks as before. The Buddha says: "O monks, snake flesh should not be eaten. Any monks who eat it must be guilty of Dukkata."

## Lion Flesh, etc

During the time of famine some people ate the flesh of lion, tiger, leopard, bear and offered it to the monks .

After taking the meat, the monk went to forest to practise meditation. On account of the smell of the meat they ate., lion, tiger, etc, chased the monks. That event was reported to the Buddha and the Buddha says: "O monks lion flesh, etc; should not be eaten. Any monks who eat it must be guilty of Dukkata."

Although the Buddha granted his followers all kinds of meat except the ten sorts of meat, he imposed three

restrictions regarding meat. If any monk either saw or heard or even suspected that an animal had been killed specially for him, then the monk should not be accepted. The Buddha together with his followers did not abstain from meat. So, he was condemned by the other religious thinkers very often.

Once upon a time a chief commander of Vajji, Siha by name was converted to Buddhism. He invited the Buddha and his disciples and offered an alms-giving. He prepared rice and curry including meat which was bought from market. Jainist monks heard that Siha offered the Buddha rice with meat. They condemned both the Buddha and Siha. They falsely accused: Siha, the Chief Commander, has killed a large animal to offer meat to Samana Gotama meat and knowing truly that event samana Gotama has taken the meat 1. (Siha-Sihasenapati sutta of Anguttara nikaya).

According to Jainism eating meat is also guilty. They say one who eats meat inherits a half in demerit of the person who commits the killing of an animal. The killer kills animal because the eater eats meat. Siha was lay devotee of Mahavira before conversion to Buddhism.

On one occasion a physician, Jivaka by name, approached the Buddha and reported the news he had heard.

Lord, it was said that animals were killed to offer meat to Samana Gotama. Samana Gotama accepted it knowing

that the animal was killed specially for him! Then Jivaka added: "Lord let me know whether they said are truly or not."

The Buddha denied the statement and explained: "O Jivaka, I declare that any meat should not be eaten by monks owing to three reasons: seen personally, heard and suspected that the preparation of meat is for him." "O Jivaka, whoever attempts to slaughter an animal to offer meat for me and my disciples, he accumulated much evil through five reasons:

(1) Having the purpose of offering alms-giving, one orders to bring an animal to be slaughtered/killed?

(2) The animal suffers pain and grief while it is pulled by force; on account of that second reason much evil occurs within him.

(3) The order to slaughter that animal; on account of that third reason much evil occurs within him.

(4) The animal suffers pain and grief while it is killed; on account of that fourth reason much evil occurs within him.

(5) He makes trouble for me and my disciples by offering an unsuitable food to us; on account of that fifth reason much evil occurs within him. (Jivaka Sutta of Majjhima Nikaya)

The Buddha allowed meat-eating if it is free from three reasons, because to eat meat is not an unwholesome deed, as is the killing of living beings. However, some alien religious thinkers (a fmatitthiya) believed that one who eats meat comes into inheritance of demerit. The Buddha rejeded their statement.

On one occasion Ven.Devadatta, who opposed the Buddha, requested: "Lord, let monks not eat fish and meat throughout their lives; if one commits to eating it, he must be guilty." The Buddha totally denied his request (Culavagga Pali of Vinaya Pitaka).

Regarding taking meat Amagandha Sutta is very important. This Sutta is mentioned in Sutta Nipata of Khuddaka Nikaya. It was preached firstly by the Lord Buddha named Kassapa and retold by our Lord Buddha.

Once upon a time, a hermit who practised vegetarianism approached the Buddha. He inquired whether the Buddha ate Amagandha or not. The Buddha asked him: "What is the Amagandha?" "The Amagandha is meat," he replied.

"Amagandha" literally means "odour of flesh." It has the connotation of putridity and repugnant sense of uncleaned. Therefore this hermit used the term "Amagandha" for the word "meat".

Then the Buddha explained that the meat was not true Amagandha but all mental defilements and all unwholesome deeds were really Amagandha.

The Buddha says:

(1) Taking life, beating, cutting, binding, stealing, lying, fraud deceiving, pretended knowledge, adultery – this is Amagandha and not eating flesh.

(2) When men are unrestrained in sensual pleasures, are greedy in tastes, are associated with impure, actions, are of nihilistic view, crooked, obscurantist – this is Amagandha and not eating flesh.

(3) When men are rough and harsh, backbiting, treacherous, without compassion, haughty, ungenerous and do not give anything to anyone: that is Amagandha and not eating flesh.

(4) Anger, pride obstinacy, antagonism, hypocrisy, envy, ostentation, pride of opinion, intercourse with unrighteous – this is Amagandha and not eating flesh.

(5) When men are of bad morals, refuse to pay debts, slanderers, deceitful in their dealings, pretenders, when the vilest of men commit fould deeds – this is Amagadha and not eating flesh.

According to Buddhism, purification of all mental defilements is very important to attain Nibbana.

One must attempt to purify one's mind. The purification of mind can be achieved only through cultivation of good within him. To achieve purification you must establish Sila, Samadhi and Panna within you. Only through morality, concentration and wisdom you are able to achieve the purification of your mind. You can neither be defiled nor purified throught eating meat or vegetables.

The Buddha did not exhort his followers to become vegetarians or non-vegetarians, but he admonished them to have moderation in food (bhojana mattannuta). Whatever good you eat vegetables or meat, you must control thirst for taste (rasatanha).

The thirst for taste can be eradicated through developing the perception on repulsiveness dealing with nutriment (a~h. Frapatikulasafma) or through consideration of the necessity of food (paccavekkhana). A monk should take food not for the purpose of joyful playing, not for taking pride in strength, not for the growth of the paits of the body to have charm, not for beautifying but for support and maintenance of the body, for keeping it unharmed, for enabling the practice of moral life (Apannaka Sutta of Anguttara Nikaya)

In putta-mamsupama sutta of Samyutta nikaya, the Buddha compared kabalikarahara to one own son's flesh. Here all ordinay material food, vegetable or meat, is known as kabalikara.

The Buddha says, "Suppose, a married couple who has only one baby boy went to a distant place, crossing the road of kantara. On the way their provision unfortunately ran out. They could not continue their journey without food. They were about to starve to death when a wicked idea occupied their mind. They killed the beloved son, ate the flesh, and crossed over the journey with great sorrow for having killed the beloved son.

The Buddha explained the meaning through question and answer. "O monks, what is your opinion?" Do they eat flesh of the own son for the purpose of playing (davaya) or for taking pride in strength (madaya) or for the growth of parts of the body (mandanaya) or Ashin Nandamalabhivamsa -zi- for beautifying (vibhusanaya)? "No, O lord. They will not eat it for the purpose of these," Monks replied. "Do they eat only for the purpose of crossing over the journey?"

" Yes , O lord."

According to Puttamamsupama Sutta, you must contemplate on your food as just they contemplate their own

son's flesh. By this way you are able to eradicate the thirst for the taste (rasatanha) of nutriment.

Let us consider the nutriment from the point of view of the Four Noble Truths. According to Buddhism, nutriment is a material thing and it pertains to the Aggregate of Matter (Rupakkhandha). The Aggregate of Matter is a sort of suffering. Therefore the nutriment is subject to suffering (Dukkha). It is one that should be discerned correctly (parinneyya). It is not a phenomenon that is to be eradicated (napahatabba). The thirst for taste of nutriment (rasatanha) is the cause of suffering (dukkhasamudaya). It should be eradicated (pahatabba). The cessation of the thirst for taste of nutriment is the cessasition of suffering (Dukkha nirodha). It should be attained (Sacchika tabba). The contemplating nutriment correctly for the perception of repulsiveness in nutriment is the way leading to the cessation of suffering (Dukkhanirodha gamini patipada). It is one that should be developed (Bhavetabba).

According to Buddhism the cessation of suffering is of the most important. It can be attained only through the eradication of the Thirst (Tanha). Therefore you must attempt to uproot the Thirst for taste of Nutriment to attain the cessation of suffering. It is Nibbana which is the goal of the Noble Practice. You may be a vegetarian or non-vegetarian, according to your wish. The only attempt you

must make is to remove the Thirst for Taste of Nutriment, what you take every day.

[**Buddhism and Vegetarianism** ဗုဒ္ဓဝါဒနှင့် သတ်သတ်လွတ် ဝါဒစာတမ်းကို ကျေးဇူးရှင် မဟာသုဗောဓာရုံတိုက်အုပ် ဆရာတော် ဘဒ္ဒန္တနန္ဒမာလာဘိဝံသ သီရိလင်္ကာနိုင်ငံ ကေလဏိယတက္ကသိုလ်၌ သွားရောက်ပညာဆည်းပူးစဉ် မဟာဝိဇ္ဇာဘွဲ့ **M.A.** အတွက် ၁၉၈၉-ခုနှစ်တွင် တင်သွင်းရန် ရေးသားခဲ့သော သုတေသနစာတမ်းတစ်စောင် ဖြစ်ပါသည်။ သုတေသီပညာရှင်များ လေ့လာဖတ်ရှုနိုင်ရန် စာစောင်ဖြစ်မြောက်ရေးအဖွဲ့မှ ပြန်လည်ဖော်ပြအပ်ပါသည်။]

# ကျမ်းဦးမိတ်ဆက်များ





# “လယ်တီဂန္ထဝင်ကျော်များသမိုင်း”
# မိတ်ဆက်

□ **အရှင်နန္ဒမာလာဘိဝံသ**

## သမိုင်း

မြစ်ကမ်းခြေတခုသို့ ရောက်ရှိနေသောသူသည် အသွင်အမျိုးမျိုးဖြင့် စီးဆင်းနေသော ရေယဉ်ကြောကို ရှုမောရပေမည်၊ လောကဖြစ်စဉ်များသည် တကယ့်ရေယဉ်ကြောအသွင်ကို ယူထားပေရာ ရေယဉ်ကြောအသွင် အစဉ်ပြောင်းလွဲနေသော လောကဖြစ်ရပ်များသည်ပင် **‘သမိုင်း’** မည်ပေသည်။

## တွင်ကျယ်နေသော စကားလုံး

**‘သမိုင်း’**ဟူသော ဝေါဟာရမှာ စတင်ပြောလာကြစဉ်က မည်သည့် အသွင်ရှိခဲ့သည်ကို အတိအကျ မပြောနိုင်သော်လည်း မျက်မှောက်ခေတ် အမြင်အားဖြင့် အထက်ပါအတိုင်း အဓိပ္ပါယ်ဖွင့်ကာ ပြောကြားနိုင်ပါသည်။ ဝေါဟာရဟူသည် လောကသင်္ကေတအတိုင်း ဖြစ်ပွားကြီးထွားခဲ့ရသော

အရာ ဖြစ်၏။ ဝေါဟာရသည် ခေတ်ပြောင်းတိုင်းလိုလို အသွင်သစ်ကို ဆောင်တတ်ပေသည်။ ရံခါ အသံမပြင်ဘဲ အသွင်ပြောင်းသွားတတ်သည်။ ရံခါ အသံပါ ပြင်သွားတတ်သည်။ ဤနေရာ၌ ဗုဒ္ဓမိန့်ကြားချက်ကို ကိုးကားရန် ကျွန်ုပ် သတိရနေပေသည်။

"ဝါသေဋ္ဌ! ဒီလူတွေ ခုတော့ မကြံကြ (ဈာန်မဝင်စားကြ)တော့ဘဲကိုး" ဟူ၍ လူအများ ပြောစကားအရ အဇ္ဈာယကတွေ, အဇ္ဈာယကတွေ-လို့ပင် တတိယဝေါဟာရတစ်မျိုး ပေါ်ပေါက်လာခဲ့၏။ ထိုခေတ်က အဇ္ဈာယက ဟူသော ဝေါဟာရသည် ပြစ်တင်ရှုတ်ချသော စကားလုံး ဖြစ်၏။ ယခုခေတ်၌ကား ချီးကျူးသည့် ဝေါဟာရအသွင် ဆောင်လျက်ရှိ၏။

ဤကိုးကားချက်၌ '**အဇ္ဈာယက**'ဟူသော ဝေါဟာရသည် စတင်ပြောလာကြစဉ်အခါက '**မကြံနိုင်သူ-ဈာန်မဝင်စားသူ**'ဟု ကဲ့ရဲ့သည့် အဓိပ္ပါယ်ရှိခဲ့သော်လည်း အသစ်အသစ်ဆောင်း၍ အခေတ်အခေတ် ပြောင်းလာသော အခါ၌ကား 'ဗေဒကို ရွတ်ဖတ်သူ, ဗေဒတတ်ကျွမ်းသူ'ဟူသော အသွင်သစ်ဖြင့် ဧရာမဂုဏ်ပုဒ်ကြီးတစ်ခု ဖြစ်လာပေသည်။ ဤနေရာ၌ ကျွန်ုပ်တို့ ပြောဆိုလိုရင်းမှာ ယခုခေတ်ဝယ် တွင်ကျယ်နေသော စကားလုံးဖြစ်သည့် '**သမိုင်း**' ဟူသည့် ဝေါဟာရ၏ ဖြစ်ဖွားခံရာအသွင်ကို ပင်ရင်းကျကျ မသိရသော်လည်း မျက်မှောက်ခေတ်မှာ '**လောကဖြစ်ရပ်များ**'ဟူသော အသွင်ရှိကြောင်းပင် ဖြစ်သည်။

## သမိုင်းနှင့် လူသား

လူသားသည် သမိုင်းကို တည်ဆောက်၏။ သမိုင်းသည် လူသားကို ဦးဆောင်၏။ သမိုင်းနှင့် လူသားတို့သည် အပြန်အလှန် မွန်းမံချယ်လှယ်ကြပေသည်။ သမိုင်းခေတ်တခုသည် သမိုင်းခေတ်တခုအား ဥပနိဿယပစ္စည်းတပ်၏။

## သမိုင်းမှတ်တမ်း ကြိုးပမ်းသင့်သည်

အတိတ်သမိုင်းဖြစ်ရပ်များသည် ပစ္စုပ္ပန်သမိုင်းအား အဆုံးအဖြတ်ပေးတတ်သည့်နည်းတူ ပစ္စုပ္ပန်ဖြစ်ရပ်များသည်လည်း အနာဂတ်ဘောင်ကို ဦးဆောင်နေကြောင်း တွေ့ရသဖြင့် သမိုင်းမှတ်တမ်းသည် လူမျိုးတိုင်း ကြိုးပမ်းသင့်သော ကိစ္စဖြစ်သည်။

လူမျိုးတစ်မျိုး၏ လွတ်လပ်ရေးသည် သမိုင်း၏ အသီးအပွင့် ဖြစ်သလို အမျိုးသားစိတ်, တော်လှန်ရေးစိတ်တို့သည်လည်း သမိုင်းအခြေခံ၍ ပေါက်ဖွားလာသော နောက်သားများပင် ဖြစ်ကြသည် မဟုတ်ပါလော?

## လယ်တီဂန္ထဝင်ကျော်များ သမိုင်း

လောကဖြစ်ရပ်များတွင် အကျုံးဝင်သော ဗုဒ္ဓဝင်, ရာဇဝင်စသော **'ဝင်'** များနှင့် အပါဒါန, ဇာတကများ၊ အတ္ထုပ္ပတ္တိများ၊ မှတ်တမ်းများသည် သမိုင်းများပင် ဖြစ်၏။ သို့သော်လည်း ၎င်းတို့မှာ သီးခြားအမည်ရပြီးဖြစ်၍ ခေါ်ဝေါ်ရန်အတွက် **'သမိုင်း'**ဟု အမည်တပ်ရန် မလိုအပ်တော့ပါ။

သာသနာ့သမိုင်းသည် မိုင်တိုင်ပေါင်း ၂၅၀၀ တိုင်တိုင် ဖြတ်ကျော်လာခဲ့ပေပြီ။ ကျွန်ုပ်တို့ မြန်မာနိုင်ငံသို့ အစဆုံးရောက်ရှိစိုက်ထူသော မိုင်တိုင်မှာ ၂၃၅ ခုမြောက် မိုင်တိုင်ဟု သိရပေသည်။ သို့ဖြစ်၍ သာသနာ့သမိုင်းနှင့် မြန်မာ့သမိုင်း ပူးပေါင်းချီတက်လာသော ခရီးစဉ်မှာ ၂၂၆၅ မိုင်မျှ ရှိပြီဟု ဆိုနိုင်ပါသည်။

ထူးခြားသောဖြစ်ရပ်များသည် သမိုင်းတွင် ပေါ်ပေါက်လာတတ်ပေရာ **'လယ်တီနိကာယ'**သည် သာသနာ့သမိုင်း, မြန်မာ့သမိုင်းတွင် စိတ်ဝင်စားဖွယ်ကောင်းလောက်အောင် ထူးခြားသောအခန်းမှ ပါဝင်ခဲ့ပေသည်။ သို့ဖြစ်သောကြောင့်ပင် သမိုင်းတစောင်တဖွဲ့ အားထုတ်ကြိုးပမ်းရခြင်း ဖြစ်ပေသည်။

စာရှုသူ၏ လက်ဝယ်ရှိသော **'လယ်တီဂန္ထဝင်ကျော်များသမိုင်း'**ကို ပြုစုသူမှာ စစ်ကိုင်းမြို့ သာသနာရေးအရာရှိဖြစ်သူ (လယ်တီ-ဦးလှပိုင်)တည်း။ **လယ်တီ-ဦးလှပိုင်**မှာ ထင်ရှားကျော်ကြား လူသိများသော ပုဂ္ဂိုလ်တစ်ဦး

ဖြစ်ရကား စာကြည့်ပရိသတ်နှင့် မိတ်ဆက်ရေးမှာ ကျွန်ုပ်အဖို့ လောကွတ်လုပ်ရမည်ကဲ့သို့ ရှိနေပေသည်။ သို့သော် ရင်းနှီးပြီးပရိသတ်ကို ချန်လှပ်၍ စာပေစခန်း ခြေလှမ်းစ တက်လူလေးများကိုသာ လက်ယပ်ဖိတ်ခေါ် အသင့်လျော်ဆုံး မိတ်ဆက်ပါရစေ။

ဤသမိုင်းတွင် ပါဝင်ထိုက်သူ **'လယ်တီ-ဦးလှပိုင်'**သည် ဤသမိုင်းတွင် ပဓာနဇာတ်ဆောင်များအဖြစ် ပါဝင်ကြသည့် **ဒုတိယလယ်တီဆရာတော်၊ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၊ ပထမကျော် လယ်တီဦးကောဝိဒ၊ ပထမကျော် လယ်တီဦးဝါယမ**စသော ပုဂ္ဂိုလ်ကြီးများ၏ ပညာလက်ဝေခံ တပည့်ရင်းတစ်ဦး ဖြစ်၏။ ထူးခြားသော ဖြစ်ရပ်သည် မမေ့ထိုက်၍ မမေ့နိုင်သောအရာတစ်မျိုး ဖြစ်၏။ သမိုင်း၏မြစ်ဖျားခံရာ လယ်တီတိုက်ကြီးတွင် တချိန်က ၃-ဝါသာ ရသေးသည့် စေတိယင်္ဂဏအသင်းက ဆက်ကပ်သော အဘိဝံသ မမွာစရိယဘွဲ့ထူး၊ ပါဠိပထမကျော်၊ သာသနဓဇသိရီပဝရမမွာ စရိယနှင့် တိုက်ကခန့်အပ်သော 'ဂဏဝါစကစာချ'ဘွဲ့ထူးတို့ဖြင့် တင့်ထူး ဝါထယ် သံဃာ့အလယ်တွင် စာချနေသော ရဟန်းတော်ကလေး **ဦးမဟိန္ဒာဘိဝံသ (ခေါ်) လယ်တီမောင်ပိုပါကရှာဘိဝံသ**ကို ထိုခေတ်က ပစ္စက္ခပုဂ္ဂိုလ်များ အနေနဲ့ မေ့ကြလိမ့်ဦးမည် မဟုတ်ပါ။ ထိုရဟန်းတော် **ဦးမဟိန္ဒာဘိဝံသ**ကား- ဤသမိုင်းကျမ်းကြီးကို ကြိုးပမ်းသူ **'လယ်တီ-ဦးလှပိုင်'**ပင် ဖြစ်ပါပေသည်။ လယ်တီ-ဦးလှပိုင်သည် **'နိဗ္ဗာန်တံခွန်'၊ 'အခြေပြုဗုဒ္ဓဘာသာ'**စသော ကျမ်းပေါင်း ၃ဝ-နီးပါး ပြုစုရေးသားခဲ့သည့် လယ်တီဂန္ထဝင်ကျော်တစ်ဦး ဖြစ်သဖြင့် ဤသမိုင်းတွင် တကဏ္ဍပါဝင်ထိုက်သူ ဖြစ်ပါသည်။

ကျွန်ုပ်တို့အနေနဲ့ ဆိုရသော် 'လယ်တီဂန္ထဝင်ကျော်များသမိုင်း'တွင် သမိုင်းပြုဆရာ **'လယ်တီ-ဦးလှပိုင်'** မပါလျှင် ပြည့်စုံသောသမိုင်းမဟုတ်-ဟု ဆိုရပါမည်။ သို့သော် သမိုင်းပြုစုသူအနေဖြင့် ဤသည့်သမိုင်းတွင် တနည်းတလမ်းအားဖြင့် ပါဝင်ထမ်းဆောင်နေရကား ပြည့်စုံသောသမိုင်းပင် ဖြစ်ပါသည်။

သမိုင်းဆရာ လယ်တီ-ဦးလှပိုင်သည် ဤ **'လယ်တီဂန္ထဝင်ကျော်များ သမိုင်းအပြင် ဘုရားသမိုင်း, ဘုတလင်မြို့သမိုင်း, အလုံရာဇဝင်နှင့် ဘိုးတော်ကြီး သမိုင်း**စသော သမိုင်းမှတ်တမ်း ကျမ်းများကို ပြုစုပြီး ဖြစ်လေသည်။အခြား သမိုင်းများကိုလည်း ဆက်လက်ပြုစုနေဆဲဟု သိရသဖြင့် လယ်တီ-ဦးလှပိုင်၏ သမိုင်းဆရာတဦးအဖြစ်မှာ ထင်ရှားနေပါသည်။

## ဝတ္ထုဆရာ

စစ်ကြိုခေတ်က ခေတ်ဝတ္ထုအများအပြား ထွက်ပေါ်ခဲ့ရာ**'ခင်'**ဆိုတဲ့ အမည်ဖြင့် ဝတ္ထုကောင်းတစ်ပုဒ် ထွက်ခဲ့ဘူး၏။ လူကြိုက်များ၍ ရေပန်းစားခဲ့သော ထိုဝတ္ထုမှာ **'လယ်တီ-ဦးလှပိုင်'**၏ လက်ရာပင်တည်း။ ရာဇဝင်ကို အခြေခံမှီငြမ်း၍ တခေတ်ဆန်းခဲ့သော ရာဇဝင်ဝတ္ထုများမှာ ထူးခြားသည့် ခံစားချက်ကို စာဖတ်ပရိသတ်အား ပေးဆက်တတ်ပါသည်။**'ရွှေပြည်ဝင်'**ခေါ် ရာဇဝင်ကျော် ဝတ္ထုကျော်တစ်အုပ်သည် လယ်တီဦးလှပိုင်၏ ကလောင်ပင်မမှ ကြီးပွားခဲ့ရသော အသီးအပွင့်ပင် ဖြစ်သည်။ သို့ဖြစ်၍ လယ်တီဦးလှပိုင်ကို ဝတ္ထုဆရာတစ်ဦး အဖြစ်ဖြင့်လည်း မြင်ရပေသည်။

## ပြည်သူ့အကျိုးပြု စာပေသွား

စာပေသွားများသည် ကမ္ဘာ့မီးရှူးတန်ဆောင်များ ဖြစ်ကြပါသည်။ အပတ်တကုတ် ကြိုးစားသဖြင့်ရရှိခဲ့သော အတွေးအခေါ် အမြော်အမြင် ဆင်ခြင်တိုင်းထွာ အသိပညာများကို ကလောင်ဖျားဖြင့် လူတို့၏ နှလုံးသား၌ ကြိုးဝါးစေတတ်ကြပေသည်။ လူတို့ နေ့စဉ် မတွေ့ချင်သော် မရ ! တွေ့ကြုံနေရသည့် ပြဿနာအထွေထွေ ဆယ်ကုဋေကိုပင် တနည်းတလမ်းအားဖြင့် ဝင်ရောက်ဖြေရှင်း ပေးနေကြပေသေးသည်။ **'လယ်တီ-ဦးလှပိုင်'**သည် သူ၏ကလောင်စွမ်းဖြင့် **'အိမ်ထောင်ရေးပြဿနာ'**စာအုပ်ကို ထုတ်ဝေခဲ့ဘူးလေ၏။ **'ဝိမ္ဘူရကောက်နုတ်ချက်'** စာအုပ်ဖြင့် ကျောင်းသားတို့ပညာရေးကို ကူညီခဲ့သည့်အပြင် သတင်းစာမှနေ၍ ဒေသန္တရ ဆောင်းပါးများ, ကျောင်း

သဒ်ဏ်းစာ ဆောင်းပါးများဖြင့် ပြည်သူအတွင်း အသိဉာဏ် ဗဟုသုတအများအပြား ဆက်သွင်းခဲ့ရကား ပြည်သူ့အကျိုးပြု စာပေသမားတယောက်အဖြစ် ဖြင့်လည်း ဂုဏ်တင့်သင့်သူ ဖြစ်ပါသည်။

## စာပေဥယျာဉ်

ရတု၊ ကဗျာ၊ လင်္ကာ ဩဘာစာ၊ ပါဠိဂါထာ စသည်တို့၌ ကျွမ်းကျင်ကြောင်းမှာ အများအသိပင်ဖြစ်၍ ကျွန်ုပ်တို့အနေနှင့် ပြောခွင့်ပင် မရှိတော့ပါ။ လယ်တီ-ဦးလှပိုင်သည် ဩဘာစာပေါင်း (၃၀၀)ကျော်နှင့် ရတုပိုဒ်စုံပေါင်း (၃၀၀၀)ကျော် ရေးသားခဲ့ပြီးဖြစ်သည်ဟု သိရ၏။ ရဟန်းခံရှင်ပြုနားသ, ဝိဝါဟမင်္ဂလာ အစဖြာသည့် အရာခပ်သိမ်းမှာပင် **'ဦးလှပိုင်'**၏ ရတုဩဘာစာတို့သည် သက်ဝင်လှုပ်ရှား ပျံ့လွှားနေကြပေသည်။

**'လယ်တီ-ဦးလှပိုင်'**က သူပြုစုရေးသားခဲ့သမျှသော ရတု၊ ကဗျာ၊ လင်္ကာ၊ ဩဘာစာတို့ကို စုဆောင်း၍ ရတုပေါင်းချုပ်၊ ကဗျာ လင်္ကာ ဩဘာစာ ပေါင်းချုပ်ဟု ဆိုနိုင်သည့် စာအုပ်ကို **'စာပေဥယျာဉ်'**ဟူသော အမည်ဖြင့် စာပေပညာရှင်တို့လက်သို့ တင်ဆက်လိမ့်မည်ဟု သိရပေသည်။

**'လယ်တီ-ဦးလှပိုင်'** မွေးရာဌာန ချက်မြှုပ်ဒေသမှာ **'မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ ရွှေကျောင်းလယ်ရွာ'**ပင် ဖြစ်ပေတော့သည်။ မိဘနှစ်ပါးမှာ **ဦးစံပွင့်+ဒေါ်ခေတ်**တို့ဖြစ်၍ မွေးချင်းပေါက်ဖော် သုံးဦးရှိလေသည်။ ၎င်းတို့သုံးဦးအနက် **'လယ်တီ-ဦးလှပိုင်'**မှာ အငယ်ဆုံးဖြစ်ကြောင်း သိရ၏။

ဤမျှဖြင့် ကျွန်ုပ်တို့ မိတ်ဆက်စာ ရထားကြီးသည် နိဂုမ်းဘူတာအနားသို့ ရောက်ရှိလာပေပြီ၊ စာရှုသူမိတ်ဆွေများအနေနှင့် **'လယ်တီ-ဦးလှပိုင်'**သည် လယ်တီဂန္ထဝင်ကျော်တစ်ဦး ဖြစ်ကြောင်း သိကြပါလျှင် မိတ်ဆက်စာရထားကြီးသည် ခရီးဆုံးဘူတာသို့ ဆိုက်ကပ်ခြင်းပင် ဖြစ်တော့သည်။

**'လယ်တီဂန္ထဝင်ကျော်များသမိုင်း'**နှင့် ပတ်သက်၍ အချက်အလက်တို့ကို စာပေပရိသတ်တို့အား တင်ပြဖို့ လိုမည်မထင်ပါ။ ကိုယ်တိုင်ကိုင်၍ မြည်းကြည့်ခြင်းက ပို၍ အရသာသိပါလိမ့်မည်။ သို့သော် . . . ထူးခြားနေသည်

မှာ ဤ **'လယ်တီဂန္ထဝင်ကျော်များသမိုင်း'**သည် လယ်တီဂန္ထဝင်ကျော်တစ်ဦး၏ လက်ရာဖြစ်နေခြင်းပင်တည်း။

သို့အတွက် ကေဝလပရိပုဏ္ဏာ လုံးဝပြည့်စုံသည့်ပြင် ထောက်ပြဖြစ်တင် စောဒနာစရာပင် ရှိအံ့မထင်။ ကျွန်ုပ်တို့အမြင်မှာ **'နေကွံ ဇမ္ဗောနဒဿေဝ၊ ကော တံ နိန္ဒိတု'**မရဟတိ' ဆိုရိုးရှိသည့်အတိုင်း စစ်ဆေးလျှင် ညစ်ကြေးစင်သည်ဟု ဆိုချင်ပါသတည်း။

**'ဇမ္ဗောနဒံ သိင်္ဂီနိက်၊ ကြည်ဖိတ်ရောင်မော။**
**ဖြစ်အလုံးစင်၊ ညစ်တုံးမတင်သမို့. . . .**
**ဂန္ထဝင် ဤစာတမ်းကို ချီးမွမ်းသင့်သော. . .'**

အရှင်နန္ဒမာလာဘိဝံသ
အစိုးရ စေတီယင်္ဂဏ၊ သကျသီဟမဏ္ဍာစရိယပါဠိပါရဂူ။
၁၃၂၉-ခု ကဆုန်လပြည့်

(လယ်တီ-ဦးလှပိုင်ရေး 'လယ်တီဂန္ထဝင်ကျော်များသမိုင်း'စာအုပ် နိဒါန်းမှ)



# "စံကင်းဆရာတော်ဘုရားကြီး ဩဝါဒတရားများ"
## နိဒါန်း

□ **အရှင်နန္ဒမာလာဘိဝံသ**

**နိဒါန်းဟူသည်။** ‖ **နိဒ္ဒါတိ ဒေသနံ ဒေသကာလာဒိဝသေန အဝိဒိတံ ဝိဒိတံ ကတွာ နိဒဿေတီတိ နိဒါနံ။ (ဋီကာများ)**

ဟောပြောရာဒေသအရပ်, ဟောပြောသည့်အချိန်အခါ စသည်တို့၏ အစွမ်းဖြင့် ဒေသနာတော်ကို မထင်ရှား ထင်ရှားလေအောင် ထုတ်ဆောင် ညွှန်ပြတတ်သောကြောင့် **'နိဒါန်း'**ဟု ခေါ်ရလေသည်။ သို့ဖြစ်၍ နိဒါန်း၏ တာဝန်မှာ ဒေသနာ၏ (ကျမ်းစာ၏) ဒေသ, ကာလစသည်ကို ပေါ်လွင်အောင် ထုတ်ဖော်တင်ပြခြင်းတည်း။

**အရှင်ဥပါလိနှင့် အရှင်အာနန္ဒာ။** ‖ ဗုဒ္ဓမြတ်ဘုရား၏ စကားတော်ဖြစ်သည့် မဇ္ဈိမဝိနယ နှစ်မျိုးအနက် ဝိနယနိဒါန်းကို **'အရှင်ဥပါလိက'**

ဟောကြားခဲ့၍ ဓမ္မနိဒါန်းကို **'အရှင်အာနန္ဒာ'**က တာဝန်ယူခဲ့ရလေသည်၊ **အရှင်ဥပါလိ**က သူ၏နိဒါန်းကို **'တေန သမယေန'** ဖြင့် စချီခဲ့ပြီး၊ **အရှင်အာနန္ဒာ**က **'ဧဝံ မေ သုတံ ဧကံ သမယံ'** ဖြင့် စတင်ခဲ့လေသည်။

**ဧကံ သမယံ။** ။ ဤနိဒါန်းကိုကား မိမိအနေနဲ့ **'ဧဝံ မေ သုတံ'**ဖြင့် မစနိုင်သော်လည်း **'ဧကံ သမယံ'**နှင့်တော့ စနိုင်ပါသည်၊ အခါတပါး ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် စစ်ကိုင်းတောင် မဟာဂန္ဓာရုံဝိပဿနာချောင်၌ ကမ္မဋ္ဌာနာစရိယအဖြစ်ဖြင့် သီတင်းသုံးနေထိုင်တော်မူခဲ့ပါသည်။

ချဲ့ဦးအံ့၊ ဒုတိယကမ္ဘာစစ်မီးလျှံကြီး ပြင်းထန်လာသည်နှင့်အမျှ ကမ္ဘာတစ်ဝှမ်းလုံးရှိ လူသားများသည် အိမ်ပစ်ယာစွန့်၊ ကြောက်ရွံ့ရင်ခုန် တောချို တောင်ကြား ရှောင်ရှားပြေးသွားနေရသည့်အချိန် ၁၃၀၄ခုနှစ်၌ ဆရာတော်ဘုရားကြီးသည် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်မှ စစ်ကိုင်းတောင်ရိုးသို့ ရောက်ရှိနေတော်မူခိုက်. . .

တပည့်အသွင် ခင်မင်ရင်းနှီးလှသည့် ဝိပဿနာဆရာတော်ဘုရားသည် ၁၃၀၄ ခုနှစ်၊ ပြာသိုလဆုတ် ၁၀ ရက်နေ့မှာ ရုတ်တရက် ပျံလွန်တော်မူလေရာ ဝိပဿနာဆိုင်ရာ နာယကဆရာတော်များက ဝိပဿနာချောင်ကြီးကို အုပ်စီး ထိန်းသိမ်းပါရန် ဆရာတော်ဘုရားကြီးအား တောင်းပန်လျှောက်ထား ခဲ့ကြပါသည်။

ထိုအခါ ဆရာတော်ဘုရားကြီးက အပြီးအပိုင် သက်ဆုံးတိုင်လက်ခံရန် ငြင်းဆန်တော်မူပြီး အားလုံးအား သနားငဲ့ညှာ 'အာဂန္တုအဖြစ်ဖြင့်သာ' သီတင်းသုံးတော်မူခဲ့ပါသည်။

ထိုအချိန်ကား ဝိပဿနာဆိုင်ရာ တပည့်ဒကာ,ဒကာမအပေါင်းတို့သည် အမြောက်စိန်ပုံးတို့အကြား တုန်လှုပ်ချောက်ချားနေရသည့်အပြင် မိမိတို့၏ ကျေးဇူးရှင်ဆရာတော်ဘုရားက ရုတ်တရက် စွန့်ပစ်သွားသဖြင့် 'နေမင်းကွယ်ပျောက် အကြောက်ကြီးမား ကမ္ဘာဦးလူသားများပမာ' ဖြစ်နေကြလေရာ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးတည်းဟူသော သီတဂူလစန်းကြောင့်သာ အကြောက်ပြေ လန်းဆန်းနိုင်ခဲ့ကြလေသည်။

ဆရာတော်ဘုရားကြီးသည် ၁၃၀၄ ခုနှစ်မှစ၍ ၁၃၁၅ ခုနှစ်အထိ ၁၁ နှစ်ပတ်လုံး စစ်ကိုင်းတောင် ဝိပဿနာချောင်၌ ဩဝါဒအမြိုက်ဆေး တိုက်ကျွေးတော်မူကာ သီတင်းသုံးနေထိုင်တော်မူခဲ့ပါသည်။

အထူးအားဖြင့် ဝိပဿနာချောင်၌ ဓမ္မာရုံတိုက်ကြီးအတွင်း ဝါတွင်းသုံးလ စုပေါင်းတရားထိုင်လေ့ရှိကြရာ တရားထိုင်အပြီး ဆရာတော်ဘုရားကြီးက ၁၅ မိနစ်ခန့် တရားဓမ္မ ဟောပြတော်မူ၍ ကမ္မဋ္ဌာနယောဂီအားလုံးက ရှိသေစွာ နာယူကြပါသည်။

**မှတ်တမ်းပြုသူ။** ။ ထိုစဉ်က တရားနာပရိသတ်တွင် ပါဝင်သူ ဆရာလေး **'ဒေါ်ဘဒ္ဒဝါသီ'**က ဆရာတော်ဘုရားကြီး ဟောသမျှကို ရသမျှ ရေးမှတ်ထားလေသည်။ သို့ဖြစ်ရာ ဆရာလေး **ဒေါ်ဘဒ္ဒဝါသီ**မှာ ဤဩဝါဒ တရားမှတ်တမ်းနှင့် **'စဝံ မေ သုတံ'** ဆိုနိုင်သည့် အဓိက ပတ်သက်နေသူ ဖြစ်သဖြင့် ထိုဆရာလေး အကြောင်းကို ရေးသားဖော်ပြရန်မှာ နိဒါန်းရေးသူ၏ မရှောင်သင့်သော တာဝန် ဖြစ်လာပေပြီ။

**ဆရာလေး ဒေါ်ဘဒ္ဒဝါသီ။** ။ မှတ်တမ်းပြုစုသူ **'ဆရာလေး ဒေါ်ဘဒ္ဒဝါသီ'**မှာ သာမညမဟုတ်ပါ။ စာတတ်ပေတော် အာဇာနည် အမျိုးသမီး ကျော်တစ်ဦးဖြစ်ရာ ဗုဒ္ဓလက်ထက်တော်က ဗဟုသုတ တေဒဂ်ရှင် (ခုဇ္ဇုတ္တရာ ဝိသေသန ရှေ့ဝယ်ပြသည့်) စံပြအမျိုးသမီးကြီး **'ဒေါ်ဥတ္တရာ'**အသွင် ဆောင်နေပေသည်၊ **'ဒေါ်ဥတ္တရာ'**သည် ဗုဒ္ဓဝစန **'ဣတိဝုတ်ပါဠိတော်ကြီး'**ကို မှတ်တမ်းတင်ခဲ့သူဖြစ်၍ **'ဆရာလေး ဒေါ်ဘဒ္ဒဝါသီ'**က ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ ဩဝါဒကို မှတ်တမ်းတင်ခဲ့ပါသည်။

**'ဆရာလေး ဒေါ်ဘဒ္ဒဝါသီ'**မှာ **တောင်ငူခရိုင်၊ ဖျပ်ကလေး**ရွာသူ ဖြစ်သည်၊ ရှစ်နှစ်သမီးအရွယ်တွင် စစ်ကိုင်းတောင်ရိုး၊ ဝိပဿနာချောင်သို့ အမသီလရှင်များ **(ဒေါ်ပညာစာရီ၊ ဒေါ်ဝဏ္ဏစာရီ၊ ဒေါ်မေ့ထေရီ)**တို့နှင့်အတူ ပါလာလေ့ရှိသည်။ မိဘနှစ်ပါးမှာ. . . **ဦးဘိုးကြံနှင့် ဒေါ်နွယ်**ဖြစ်၍ ဘခင်ကြီး **ဦးဘိုးကြံ**မှာ သမီးများကို သူတော်စင် သီလရှင်အဖြစ်ဖြင့် အလွန်မြင်လိုသူ ဖြစ်သည်။ မွေးချင်းပေါက်ဖော် ရှစ်ယောက်အနက် ဆရာလေးက အငယ်ဆုံး

ဖြစ်သည်။ ဆရာလေး၏ ပါရမီမျိုးစေ့က အနှစ်ပြည့်လျက်ရှိရာ ဝိပဿနာ ချောင်တည်းဟူသော မြေကောင်း၌ ဖခင်ကြီး၏ ဆန္ဒ, အမသီလရှင်များနှင့် ဆရာတော်ဘုရား၏ ဩဝါဒတည်းဟူသော ရေလောင်းမှုကြောင့် သီလရှင်ဘဝ အပင်သည် ၁၃ နှစ်အရွယ်၌ပင် ရှင်သန်ပေါက်ဖွားခဲ့ရပေသည်။

သီလရှင်ဖြစ်လာသည်မှစ၍ ဝိပဿနာဆရာတော်ဘုရား၏ နည်းနာနိဿယဖြစ်သည့် 'ကမ္မဋ္ဌာန်းပွားနည်းများ, သင်္ဂြိုဟ်သရုပ်အဓိပ္ပါယ်, ယမိုက်, ပဋ္ဌာန်း အထက်တန်း အဘိဓမ္မာကျမ်းကြီးများကို သဘောမိ သရုပ်မြင် နှုတ်တွင် ရအောင် ဆောင်နိုင်ခဲ့သည့်ပြင် , သဒ္ဒါအခြေခံအတွက် ဝိသုဒ္ဓါရုံသုတ်နက်ကို သင်ကြားတတ်မြောက်ခဲ့ပြီး ၁၆ နှစ်အရွယ်မှာပင် စာသင်ပြသည့် စာချ ဆရာလေးတစ်ဦး ဖြစ်ခဲ့သည်။

ထို့နောက် ကစ္စာယနသံခိပ်, သဒ္ဒါကြီး, ရူပသိဒ္ဓိတို့ကို သင်ယူတတ်မြောက်ခဲ့၍ ဝိပဿနာဆရာတော်ထံမှာ အဋ္ဌသာလိနီ, သမ္မောဟဝိနောဒနီ အဋ္ဌကထာတို့ကို သုံးခေါက်၊ ဝိသုဒ္ဓိမဂ်ကို ၇ ခေါက် သင်ယူခဲ့ရသည်၊ **'များများလဲ သင်, မြန်မြန်လဲ နှင်, နှုတ်တွင်လဲ ဆောင်, ဆောင်သမျှလဲ မမေ့'**ဟူသည့် ဉာဏ်ဝီရိယ ပြည့်ဝသူတို့ ထုံးစံအတိုင်း ထိုစဉ်က ဆရာလေးသည် ဝိသုဒ္ဓိမဂ်အဋ္ဌကထာကို စာအုပ်လွှတ်ရသလောက် ဖြစ်နေသည်ဟု သိရသည်၊ **ဆရာလေး ဒေါ်ဘဒ္ဒဝါသီ**၏ ဉာဏ်ဝီရိယကား ထက်မြက်ကြွခိုင်လှပါပေသည်။

ထို့ပြင် ဆရာလေးသည် အသက် ၃၂-နှစ် အတွင်းမှာပင် ယခု သက်တော်ရှည် ဆရာတော်ဘုရားကြီးနှင့် ဝိပဿနာဆရာတော်ဘုရားထံမှ ဝိနည်းပါဠိအဋ္ဌကထာများမှတပါး ကျန်နိကာယ် ၅-ရပ် ပိဋကတ် ၂-ဖြာ ပါဠိအဋ္ဌကထာကျမ်းကြီးများကို နှစ်ခေါက်ပေါက် သင်ယူခဲ့ဘူးလေသည်။

စစ်အတွင်းက ဆရာတော်ဘုရားကြီးနှင့်အတူ **အဘယာရာမဆရာတော်ဘုရား**လည်း ဝိပဿနာချောင်၌ ခေတ္တသီတင်းသုံးတော်မူခဲ့ရာ ဆရာလေးသည် မောဂ္ဂလ္လာန်သဒ္ဒါကျမ်းကြီးကို အဘယာရာမဆရာတော်ဘုရားထံမှ နှစ်ခေါက်၊ နိဗ္ဗာန်ကိုယ်တော်ကြီးဟု ထင်ရှားသော ဇလွန်ဘုန်းတော်ကြီး **ဦးအရိယဝံသ**ထံမှ သုံးခေါက် သင်ယူခဲ့ဘူးလေသည်။

ဆရာလေး၏ ပရိယတ္တိဉာဏ်ရောင်ကား သူမတူအောင် တောက်ပြောင်လှပါပေသည်။ ဤမျှ စာပေတော်သော်လည်း ဆရာလေးသည် စာမေးပွဲဂုဏ်ထူးများကို မရယူခဲ့ပါ၊ အကယ်၍သာ စာမေးပွဲဝင်ရောက်ဖြေဆိုခဲ့သော် ဆရာလေးသည် ထိပ်တန်းမှ အောင်ပန်းရမည်မှာ ယုံမှားဖွယ်ရာမရှိပါ။

စာပေတော်၍ ကျော်ကြားသည့် ဆရာလေး **ဒေါ်ဘဒ္ဒဝါသီ**၏ တပည့်ဆရာလေးများမှာ-

- သရုပ်ပြ သင်္ကြိုဟ်ကျမ်းပြု **ဒေါ်ဝိဇ္ဇေသီ** (ပဋ္ဌမကျော်, ဘီအေ) စစ်ကိုင်းတောင်၊ သာသနာ့ဗိမာန်။
- တောင်ငူ ဇေယျာသီရိ သီလရှင်စာသင်တိုက်နှင့် မန္တလေးမြို့ မိဘမဲ့အမျိုးသမီးကျောင်း တည်ထောင်သူ **ဒေါ်နန္ဒထေရီ** (ဓမ္မာစရိယ)။
- ဓမ္မာစရိယတန်းဝင် **မသီလစာရီ** (ပဋ္ဌမလတ် စကောလားရှစ်- **မကုဏ္ဍလကေသီ, မမိတ္တာထေရီ**) စသည်တို့ ဖြစ်သည်။

ဆရာလေး **ဒေါ်ဘဒ္ဒဝါသီ**မှာ ပရိယတ္တိဘက်ကပင် ပြည့်ဝသည် မဟုတ်ပါ၊ ပဋိပတ္တိဘက်ကလည်း ကျေနပ်လောက်သည့် စိတ်ဓာတ်ခိုင်မာမှုကို ရရှိနေဟန် တူပေသည်၊ ဆရာလေးသည် သီလရှင်ဝတ်သည့်နေ့မှစ၍ ရာသက်ပန် သားငါးရှောင်ရှား 'သက်သတ်လွတ် စားသူ' ဖြစ်လေသည်၊ သီလရှင်ဖြစ်သည်မှာ အနှစ် ၄၀-ရှိ၍ အသက် ၅၃-နှစ် ရှိပေပြီ၊ ယခုအခါမှာ စစ်ကိုင်းတောင် ဝိပဿနာချောင်၌ပင် ကမ္မဋ္ဌာန်းတရားပွားများအားထုတ်၍ ဓမ္မာစရိယတန်းဝင် တပည့်သီလရှင်လေးများအား ပါဠိအဋ္ဌကထာ ကျမ်းစာဝါများ ပို့ချလျက် သာသနာ့တာဝန်ကို ထမ်းဆောင်လျက် ရှိသည်။

**ဤမှတ်တမ်း။** ။ စာရှုသူများအတွက် ဤမှတ်တမ်းနှင့် ပတ်သက်၍ အထူးသတိချပ်ရန်မှာ ဆရာတော်ဗရားကြီး ဟောကြားနေစဉ် မှီသမျှ လိုက်ရေးထားပါသည်ဟု ဆရာလေးက ဆိုရာ ဆရာတော်ဗရားကြီး ဟောစဉ်ကလို အပြည့်အစုံ မဟုတ်ပါ၊ သို့သော် လိုရင်းအနှစ်သာရကို ခြုံမိ ငုံမိသော မှတ်တမ်းဖြစ်ကြောင်းကား ယုံမှားဖွယ်မရှိပါ၊ တနည်းအားဖြင့် ဤစာအုပ်ကို

နှစ်သက်ဖွယ် လိုရင်းချုပ်ထားသည့် 'ဩဝါဒတရားပုဒ်'ကလေးသဖွယ် လက်ဝယ်ဆောင်ထား ကြည့်ရှုကျက်မှတ်ကာ ကျင့်သုံးသွားနိုင်ပါသည်၊ ဂါထာအချို့နှင့် စုဏ္ဏိယပါဠိတို့ကို ဆရာတော်ဘုရားကြီးအမိန့်အရ နိဒါန်းရေးသူကတာဝန်ယူ၍ အနက်မြန်မာ ပြန်ဆိုထားပါသည်၊ ဆရာလေး၏ မှတ်တမ်းများအနက် ဤမှတ်တမ်းမှာ '၁၃၁၁ ခုနှစ်အတွင်း၌ ဟောကြားသည့် ဩဝါဒတရားမှတ်တမ်းမျှသာ ဖြစ်သည်။

ထို့ပြင် မန္တလေး ဝိသုဒ္ဓါရုံ ဓမ္မကထိက, ဓမ္မာစရိယ, ဇယမေဒနီ ဆရာတော်ဘုရားများ စုဆောင်းထားသည့် ဩဝါဒတရားမှတ်တမ်းများကိုလည်း မကြာမီပုံနှိပ်ထုတ်ဝေလိမ့်ဦးမည်ဖြစ်ကြောင်း သိရပါသည်။

**တိုက်တွန်းချက်။** ။ ဤမှတ်တမ်း၌ မဟာသတိပဋ္ဌာနသုတ် (ပဋိကူလမနသိကာရပဗ္ဗအထိ)နှင့် စူဠသီဟနာဒသုတ်တို့ ပါဝင်လေရာ ဖတ်ရှုကြည့်ညှိသူများအနက် ဆရာတော်ဘုရားကြီး ဟောကြားစဉ်က ကိုယ်တိုင်နာယူခဲ့ရသူများအဘို့ ပျောက်ဆုံးနေသည့် ရတနာထုပ်ကြီး ပြန်လည်ရရှိသည့်ပမာ ဝမ်းသာရွှင်ပျ ဓမ္မအရသာ ခံစားကြရမည်ဖြစ်ပြီး, ကိုယ်တိုင် မနာယူခဲ့ရသူများအဘို့ကား မမြော်လင့်ဘဲ ရွှေငွေရတနာ အမွေအနှစ်တွေ ရလာသည့်ပမာဝမ်းသာအားရ ဖြစ်ကြပါလိမ့်မည်။

သို့ဖြစ်၍ စိတ်ထားဖြူစင် သူတော်စင်အပေါင်းတို့သည် လောဘဒေါသစသည်ထိန်ညီး အပူမီးတွေ ငြိမ်းစေရန် ဤဩဝါဒဓမ္မတည်းဟူသော ဂေါသီတစန္ဒကူးကို အမြဲအစဉ် နှားသောတ မြကျောက်ပြင်ထက် ဉာဏ်တည်းဟူသော လက်နှစ်ဖက်ဖြင့် ကိုင်လျက် ကြိတ်သွေး မွှေးရနံ့သင်းထုံ အစဉ်ထာဝရ လိမ်းကျံကြပါလေကုန်။

"ကြောင့်ကြပူသည်၊ မီးပူခပ်သိမ်း၊ ငြိမ်းစိမ့်သောင့်ါ၊
သူတော်စွာတို့၊ ဤစာ သာရ၊ ဂေါ်သီတကို၊ နား၀နှစ်ဖက်၊
မြကျောက်ထက်၌၊ ဉာဏ်လက်ကိုင်ထေး၊ ဖြည်းဖြည်းသွေး၍၊
နံ့မွှေးတသုန်၊ လိမ်းလင့်ကုန်"။ ။ (ဘူရိဒတ်ဇာတ်ပေါင်းပျို့)

အရှင်နန္ဒမာလာဘိဝံသ
မဟာသုဗောဓာရုံတိုက်၊ စစ်ကိုင်းမြို့။
၁၃၃၀-ပြည့် နတ်တော်လဆန်း ၉-ရက်၊

( ဆရာလေး ဒေါ်ဘဒ္ဒဝါသီရေး "စံကင်းဆရာတော်ဘုရားကြီး၏
ဩဝါဒတရားတော်များ စာအုပ်မှ)



# နိဗ္ဗာနပဋိသံယုတ္တကထာ
# နိဗ္ဗာနပဝေသနီကျမ်း
## မိတ်ဆက်

ဤ **'နိဗ္ဗာနပဝေသနီ (နိဗ္ဗာန်စံဝင် ကျမ်းလမ်းစဉ်) ကျမ်း'**ကို ရေးသားပြုစုခဲ့သူမှာ မြို့ချောင် ဆရာကြီး **ဒေါ်ကုမ္မာရီ** ဖြစ်သည်။ **ဒေါ်ကုမ္မာရီ**သည် ပရိယတ်ဘက်ကရော, ပဋိပတ်ဘက်ကပါ ကျေနပ်ဖွယ် ကောင်းလှပေသည်။ မော်လမြိုင်, သန်လျင်, ရန်ကုန်မြို့များ၌ နေထိုင်၍ ဆရာနည်းစုံစွာ ပရိယတ်စာပေကို လေ့လာခဲ့၍ စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးထံ၌ ပဋိပတ်လုပ်ငန်းကို နည်းယူကြိုးပမ်းခဲ့ပေသည်။

မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏ ညွှန်ပြတော်မူချက်အရ **'သီလရှင် ဥပဒေကျမ်း'**ကိုလည်း ရေးသားပြုစုခဲ့ပြီး မိမိကိုယ်တိုင် သီလရှင်ဥပဒေကို လေးစားစွာ ကျင့်သုံးခဲ့၍ မိမိ၏ တပည့်များကိုလည်း လိုက်နာကျင့်သုံးအောင် ဆောင်ရွက်ခဲ့ပေသည်။

ဆရာကြီး **ဒေါ်ကုမ္မာရီ**သည် စာပေအရေးအသား ကောင်းသလို အဟောအပြောလည်း ကောင်းလှသည် ဆို၏။ နက်နဲလှသည့် ဝိပဿနာသဘောများကိုပင် ပေါ်လွင်ထင်ရှားအောင် ရေးသားဟောပြောနိုင်သဖြင့် လေးစားကြည်ညိုသူ များပြားလှကြောင်း သိရပေသည်။

သို့ဖြစ်၍ မြို့မိခင် သီလရှင် ဆရာကြီး **ဒေါ်ကုမ္မာရီ**ကို ဗုဒ္ဓသမီးတော် **ခေမာထေရီ**နှင့် နှိုင်းယှဉ်၍ ချီးကျူးထိုက်သကဲ့သို့ **ဥပ္ပလဝဏ်ထေရီမ**နှင့် တူပေသည်ဟုလည်း စံပြုမှတ်ယူထိုက်ပါပေသတည်း။

**မြို့မာတာ သီလဝတီ၊ ခေမာထေရိ၀ သံသိနီ။**
**ဥပ္ပလာ ဗုဒ္ဓဓီတာဝ၊ မညီတာ ပညာကာရိနီ။**

## မော်လမြိုင်သူ

**ဒေါ်ကုမ္မာရီ**သည် မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်း ထန်းကုန်းရပ်၊ **ဦးထွန်းပေါ်+ဒေါ်နှင်းအေး**တို့၏ သမီးထွေးဖြစ်၍ ၁၂၃၄-ခု၊ တန်ဆောင်မုန်း လဆန်း (၁၁)ရက် တနင်္လာနေ့တွင် ဖွားမြင်ခဲ့သူ ဖြစ်သည်။ **ဦးထွန်းပေါ်+ဒေါ်နှင်းအေး**တို့သည် ဗုဒ္ဓဘာသာ မွန်မိသားစုဖြစ်၍ သားသမီးငါးယောက် ထွန်းကားခဲ့သည်။ **ဒေါ်ကုမ္မာရီ**သည် ပါရမီဓာတ်ခံ ရင့်သူဖြစ်ရာ ငယ်စဉ်ကပင် စိတ်ကောင်းနှလုံးကောင်းရှိ၍ ဖြောင့်မတ်တည်ကြည်၏။ လူကြီးမိဘစကားကို ရွှေငွေတမျှ လက်ခံလေးစား၍ ဘုရားတရားဘက်၌ စိတ်ပါဝင်စားသည်။ ဘုရားသွား ကျောင်းတက်ရင်း သီလရှင်ဆရာလေးများကို မြင်တွေ့ရလေ့ရှိရာ သီလရှင်ဘဝကို မျှော်လင့်တောင့်တခဲ့၏။ သို့သော် မိဘများက ခွင့်မပြုသဖြင့် အရွယ်ရောက်သည်တိုင် သီလရှင် မဝတ်ခဲ့ရပေ။

## သီလရှင်ဝတ်ခြင်း

**ဒေါ်ကုမ္မာရီ**သည် မိဘနှစ်ပါး ဆုံးသွားပြီးနောက် အသက်(၂၂)နှစ် အရွယ်တွင် သန်လျင်မြို့၊ ကျိုက်ခေါက်ဘုရားကြီးအနီး သီလရှင်ကျောင်းဆရာကြီး (အမရပူရမြို့၊ အောင်မြေရွှေဘုံကျောင်း သီလရှင်ဆရာကြီး-ဟု ထင်ရှားသူ)ထံ၌ ၁၂၅၆ ခုနှစ်၊ ဝါဆိုလဆန်း(၁၃)ရက်နေ့ဝယ် ဆံကေသာ ဖြတ်ပယ်ကာ သီလမယ် လုပ်ခဲ့လေသည်။

ထိုစဉ်က **ဒေါ်ကုမ္မာရီ**၏ အစ်မများ, အစ်ကိုများက အဖော်ရစေရန် မိမိတို့၏ သမီးငယ် နှစ်ဦးကိုပါ သီလရှင် ဝတ်ပေးကြသဖြင့် **ဒေါ်ကုမ္မာရီ**သည် တူမငယ်နှစ်ဦးနှင့်အတူ သီလရှင်ဖြစ်ခဲ့သည်။ နောက်ထပ်တစ်ဖန် အစ်မကြီးက ညီမနှင့် အဖော်ရစေရန် တူမငယ်တစ်ဦးကို သာသနာ့ဘောင်သို့ သွတ်သွင်းခဲ့ပြန်ပါသည်။ ယင်းတူမမှာ ယနေ့တိုင် အသက်ထင်ရှားရှိနေသူ ဧသီတာချောင် ဆရာကြီး **ဒေါ်နန္ဒသီ**ပင် ဖြစ်ပေသည်။

## ပညာသင်ခြင်း

ဆရာလေး **မကုမ္မာရီ**သည် မိမိအနှစ်သက်ဆုံးဖြစ်သည့် သီလရှင်ဘဝကို အသက်(၂၂)နှစ်ရှိမှ ရခဲ့ပေသည်။ သို့သော် သီလရှင်ဖြစ်ရုံမျှဖြင့် ကျေနပ်မည့်သူမဟုတ်ရာ ဆရာကောင်းများထံ ချဉ်းကပ်၍ ပညာသင်ယူခဲ့လေသည်။

မော်လမြိုင်မြို့ တောင်ဝိုင်းဆရာတော် **ဦးပဒုမထံ**၌ သဒ္ဒါ, သင်္ဂြိုဟ်, အဘိဓာန်, အခြေခံကျမ်းများမှ စ၍ ဝိနည်းပါဠိတော်, သုတ်သီလက္ခန်, သုတ်မဟာဝါပါဠိတော်များ၊ မာတိကာ, ဓာတုကထာ, ယမိုက်အရကောက်ကျမ်းများနှင့် အဋ္ဌသာလိနီ, ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့ကို သင်ယူခဲ့လေသည်။

သန်လျင်မြို့ ကျိုက်ခေါက်ဘုရားကြီးအနီး **ထန်းဦးကျောင်းဆရာတော်**၏ မြေးတော်စပ်သူ ဘုန်းတော်ကြီးထံ ဆန်းနှင့် ပဥ္စပကရဏအဋ္ဌကထာ၊ တွံတေးမြို့ **မဏ္ဍလာရာဆရာတော်** လူပြန်တော်ဆရာကြီးထံ သမ္ဘန်(၆)ပါး လှည့်နည်းနှင့် မူလဋီကာ, ဝိသုဒ္ဓိမဂ်, ယမိုက်, ပဌာန်း၊ ရန်ကုန်မြို့ ကြားတောရ ရွှေကျင်တိုက် ကံ့ကော်ကျောင်း ဆရာတော် **ဦးဇောတိက**နှင့် မိုင်းလုံတိုက် ဆရာတော် **ဦးဂုဏာဝါ**၏ ခမည်းတော်ဖြစ်သူ လူပြန်တော်ဆရာကြီး **ဦးပုထံ**၌ ယမိုက်, ပဌာန်းကျမ်းတို့ကို သင်ယူခဲ့လေသည်။ သင်ယူခဲ့သည့် ကျမ်းဂန်များကို ကြည့်၍ ဆရာလေး မကုမ္မာရီ၏ စာပေပညာအရည်အချင်းကို အကဲဖြတ်နိုင်ပေပြီ။

# ပဋိပတ်လုပ်ငန်း ကြိုးပမ်းခြင်း

ဗုဒ္ဓသာသနာမှာ လုပ်ငန်းနှစ်မျိုး ရှိသည်။ ပရိယတ္တိစာပေများကို သင်ယူပို့ချခြင်းနှင့် ပဋိပတ်လုပ်ငန်း ကြိုးပမ်းအားထုတ်ခြင်း ဖြစ်သည်။

ဆရာလေး **မကုမ္ဘာရီ**သည် ပရိယတ်ကျွမ်းကျင်သူဖြစ်၍ ထိုလုပ်ငန်းနှစ်မျိုးအကြောင်း နားလည်ပြီး ဖြစ်သည့်အတိုင်း ပရိယတ်သင်ပြီးနောက် ပဋိပတ်လုပ်ငန်း အားသန်လျက် ရှိသည်။ စစ်ကိုင်းတောင် **'မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး'**၏ ဂုဏ်သတင်းတို့ကို ကြားရ၍ စစ်ကိုင်းတောင်သို့ ဦးလှည့်ခဲ့သည်။

ဆရာလေး **မကုမ္ဘာရီ**သည် ၁၂၆၇ ခုနှစ်၌ ရန်ကုန်မှ စစ်ကိုင်းတောင် မဟာဂန္ဓာရုံဆရာတော်ထံ ရောက်၍ ပဋိပတ်လုပ်ငန်းကို နည်းယူကာ ကြိုးပမ်းအားထုတ်ရင်း မဟာဂန္ဓာရုံချောင်မှာ (၆)လကြာမျှ နေထိုင်ခဲ့သည်။

ထိုစဉ်က မကုမ္ဘာရီနှင့်အတူ ပီတိသုခချောင် ဆရာကြီး **ဒေါ်ဝွမ်းယုံ (ခေါ်) ဒေါ်မမ္မစာရီ**၊ မော်လမြိုင် တောင်ဝိုင်းကြီး သီလရှင်ဆရာ **ဒေါ်လုံမယ်**၊ ရန်ကုန်ချောင် ဆရာတော်ကြီး၏ မယ်တော်ကြီး **ဒေါ်မမ္မာရီ**၊ စစ်ကိုင်း ဂူတလုံးချောင် ဆရာကြီး **ဒေါ်ဝိမလ**တို့လည်း မဟာဂန္ဓာရုံဆရာတော်ကြီးထံ ကမ္မဋ္ဌာန်းယူ၍ တရားအားထုတ်ခဲ့လေသည်။

၁၂၆၈ ခုနှစ်၌ ဒုတိယတဖန်လာ၍ တရားအားထုတ်လျက် (၈) လကြာမျှ သစ်စိမ့်ချောင် ပထမဆရာကြီးထံ ခေတ္တပြောင်းရွှေ့နေထိုင်ရင်း သီလရှင်ကလေးများအား စာပေပို့ချပေးခဲ့လေသည်။ ယခု သစ်စိမ့်ချောင် ဆရာကြီး **ဒေါ်မာလာရီ**သည် ထိုစဉ်က ဒေါ်ကုမ္ဘာရီထံ စာတက်ဖူးသည် ဆို၏။

# မြို့ချောင်

မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးသည် **ဒေါ်ကုမ္ဘာရီ**၏ အရည်အချင်းကို သိရှိတော်မူသဖြင့် ဆရာတော်ကြီးကိုယ်တိုင် ချောင်နေရာ ရှာဖွေရွေးချယ်၍ ချောင်တည်စေပြီးလျှင် **'မြို့ချောင်'**ဟု သမုတ်တော်မူသည်။

မြို့ချောင် တည်ထောင်သည့်နှစ်ကား ၁၂၇၀ ပြည့်နှစ် ဖြစ်သည်။ ဒေါ်ကုမ္မာရီကို ကြည်ညိုလေးစားကြသည့် စစ်ကိုင်းမြို့မှ အရေးပိုင်နှင့် ဝန်ထောက်, မြို့အုပ်, စာရေးများ ပါဝင်တော့ရှင်းကြပြီးလျှင် ဇရပ်တဆောင် ဆောက်လုပ်လှူဒါန်းကြသည်။

မြို့ချောင်သည် ရှင်ပင်နံ့ကိုင်းတောင်၏ မြောက်ဘက် နံပါးတွင် တည်ရှိ၍ ပြန့်ပြူးသာယာသော ကုန်းမြေတွင် ရှိသည်။ ကုန်းမြေသည် ကြေးမုံပြင် ကဲ့သို့ မညီသော်လည်း ကျောက်စုန့်ငေါ်ငေါ်ကား မရှိ။ ပေ, သန်း, ဒဟတ်, တမာ, မန်ကျည်းစသော သစ်ပင်ပျိုတို့က မြထီးဆောင်းမိုးထားသည့်နှယ် အုပ်ဆိုင်း ကာရံထားသဖြင့် အေးမြလျက် ရှိသည်။ မိုးကျပြီဆိုမှဖြင့် ကြိတ်ကြိတ်တိုး ဖူးကြ ပွင့်ကြသည့် မောက္ခတော, တောင်ဇလပ်, ခံပန်းချုံကလေးများမှ သင်းပျံ့သော ရနံ့တွေကလည်း ကြိုင်နေပေသည်။

သယံဇာတ သဘာဝကုန်းမြေလေးက သာယာသလို ရှင်ပင်နံ့ကိုင်း စေတီတော်မှ ဆည်းလည်းသံ, သစ်ပင်ထက်ဖျားမှ ချိုးကလေးတို့၏ ကူသံ, ရှဉ့်ကလေးတို့၏ တက်တက်မည်သံတို့က မြို့ချောင်၏ ရမဏီယဂုဏ်ကို တိုးတက်စေခဲ့တော့သည်။

**ဒေါ်ကုမ္မာရီ**သည် မြို့ချောင်ကို တည်ထောင်၍ ကမ္မဋ္ဌာန်းအားထုတ် ခြင်း, စာပေပို့ချခြင်းဖြင့် သာသနာပြုခဲ့သည်။

## မြို့ချောင် အုပ်ချုပ်ရေး

မြို့ချောင်အုပ်ချုပ်ရေးကား သီလရှင်ဥပဒေနှင့်အညီ အုပ်ချုပ်ခြင်း ဖြစ်သည်။ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးသည် သီလရှင်များ စနစ်တကျ ဖြစ်စေရန် ရည်သန်ညွှန်ပြတော်မူ၍ **'သီလရှင်ဥပဒေ'**ကို ဒေါ်ကုမ္မာရီအား ရေးသားဖြန့်ဖြူးစေခဲ့သည်။ မြို့ချောင်သည် သီလရှင်ဥပဒေကို လက်တွေ့ လိုက်နာခဲ့သည့် ချောင်တစ်ချောင်အဖြစ် ထင်ရှားသည်။

မြို့ချောင်သို့ သီလရှင်အသစ် ရောက်ရှိလာပါက သီလရှင်ဥပဒေကို ဦးစွာ သင်ယူစေပြီးမှ အခြားစာပေများကို သင်ယူစေသည်။ ချောင်တွင်း၌

တနှစ်နှစ်ကြိမ် သီလရှင်ဥပဒေဖတ်ပွဲ ကျင်းပ၍ သီလရှင်ဥပဒေ လေးစားရန် ဆောင်ရွက်လေ့ရှိသည်။ မြို့ချောင်၌ ညစဉ် ဘုရားကျောင်းမှာ စုပေါင်း၍ ဘုရားဝတ်တက်ကြပြီးလျှင် နံနက်တိုင်း ဆွမ်းတော်, ပန်းတော်, ရေချမ်းတော် ကပ်လှူကြသည်။ လစဉ် သီတင်းနေ့တိုင်း ချောင်ဆရာ **ဒေါ်ကုမ္မာရီက** ဩဝါဒ ပေးသည်။ မြို့ချောင်သည် အလွန်စည်းကမ်းကြီးသော ချောင်ဖြစ်လေ သည်။

## သီတာနှင့် မြေ

မြို့ချောင်သည် စနစ်တကျ အုပ်ချုပ်ရေးကြောင့် (၁၀)နှစ် ခရီးမှာပင် များစွာ တိုးတက်လာပေသည်။ သီလရှင် ဦးရေ (၉၀)ခန့် လာရောက် ပညာ သင်ကြ၍ ပရိယတ်,ပဋိပတ် နှစ်ဖက်စုံ အရည်အချင်းရှိသည့် သီလရှင်များ ထွက်ပေါ်လာခဲ့သည်။

၁၂၈၁-ခုနှစ်၌ မြို့ချောင်ဆရာကြီး **ဒေါ်ကုမ္မာရီ**သည် ပိုမိုကျယ်ပြန့်စွာ သာသနာပြုနိုင်ရန်အတွက် **သီတာချောင်**နှင့် **မြေချောင်**တို့ကို တည်ထောင်၍ သီလရှင်စာသင်တိုက် ဖွင့်လှစ်ခဲ့သည်။

မိမိ၏ တူမလည်းဖြစ် တပည့်ကြီးလည်းဖြစ်သူ **ဒေါ်နန္ဒသီ**ကို သီတာ ချောင်၌၊ တပည့်ကြီးတစ်ဦးဖြစ်သူ **ဒေါ်သီရိ**ကို မြေချောင်၌ ချောင်ဆရာအဖြစ် ခန့်အပ်အုပ်ချုပ်စေသည်။

## ကျမ်းစာရေးသားခြင်း

မြို့ချောင်ဆရာကြီး **ဒေါ်ကုမ္မာရီ**သည် အသက်အရွယ် ကြီးလာသည် နှင့်အမျှ ပဋိပတ်ဘက်ကို ပို၍ အလေးပေးလာခဲ့သည်။ ကိုယ်တိုင်လည်း စွမ်းစွမ်းတမံ အားထုတ်၍ တပည့်ဒကာ, ဒကာမတို့ကိုလည်း နည်းညွှန်လမ်းပြ ပြုလုပ်ခဲ့ပေသည်။ ဆရာကြီးသည် ရုပ်ရည်ချောမောလှပ၍ သိမ်မွေ့တည်ငြိမ် ၏။ ဗဟုသုတကြွယ်ဝ၍ အပြောအပြော ကောင်းလှပေသည်။ ဒကာများပင် ဆရာကြီးနှင့်တွေ့က ကြည်ညိုစိတ်ပြင်းပြကာ ဦးချကြသည်ဆို၏။

ဆရာကြီးသည် **'သီလရှင်ဥပဒေ'၊ 'မြို့ချောင် ဝတ်တက်စဉ်ကျမ်း'** တို့ကို ရေးသားပြုစုခဲ့သည်။

ဆရာကြီးသည် စစ်ကိုင်းတောင်၌ အနေများသော်လည်း နွေရာသီ၌မူ မော်လမြိုင် တောင်ဝိုင်းကြီး ပုပ္ဖါရုံကျောင်းမှာ နွေခိုလေ့ရှိသည်။ မော်လမြိုင်မှာ နေစဉ် တပည့် ဒကာ, ဒကာမတို့အား ဝိပဿနာလုပ်ငန်းကို ဟောပြောပြသပေးရာ အားလုံးက ကျေနပ်နှစ်ခြိုက်ကြ၍ ဝိပဿနာနည်းပြစာအုပ် ရေးသားပါရန် တောင်းပန်ကြသဖြင့် **'နိဗ္ဗာနပဝေသနီကျမ်း'**ကို ရေးသားခဲ့လေသည်။ ၎င်းကျမ်းသည် ဝိပဿနာသဘောကို အပေါ်လွင်ဆုံး ရေးသားထားသဖြင့် ဝိပဿနာလုပ်ငန်း ကြိုးပမ်းသူတိုင်း လက်မလွှတ်သင့်သော ကျမ်းတစ်စောင် ဖြစ်သည်။

## ဆရာကြီး၏ သဘောထား

ဆရာကြီးသည် ပါရမီဓာတ်ခံ ရင့်သန်အောင် အားထုတ်ခဲ့သူ ဖြစ်ဟန်ရှိသည်။ ဆရာကြီးသည် ရိုးသားဖြောင့်မတ်၍ သဘောထား နူးညံ့သိမ်မွေ့၏။ တဖက်သား၏ စီးပွားချမ်းသာကို လိုလား၍ သနားကြင်နာတတ်သည်။ ဆရာကြီးသည် သီလရှင်ကလေးတဦး အပြစ်ရှိနေသည်ဆိုပါက လူလယ်ခေါင်မှာ ဆိုမြည်ခြင်းမပြုပဲ ဆိတ်ကွယ်ရာ တဦးတည်း ခေါ်၍ ဖျောင်းဖျဆုံးမလေ့ရှိသည်။ ဆရာကြီးသည် အရွယ်ကြီးလာသည်နှင့်အမျှ ပဋိပတ်လုပ်ငန်းဖြင့်သာ အချိန်ကုန်လွန်စေခဲ့သည်။

ဆရာကြီးသည် (၁၀)ပါးသီလ အမြဲစောင့်ထိန်း၍ မီးဖိုဆောင်မထားပဲ ဘုန်းကြီးတပါးကဲ့သို့ နေထိုင်ပြီး တပည့်များက တလှည့်စီ တလလျှင် တဦးကျ ဆွမ်းအုပ်ပို့၍ ပြုစုကြရသည်။

ရံဖန်ရံခါ ဆရာကြီးသည် ချောင်ကိစ္စ အဝဝတို့ကို တပည့်ကြီးများအား လွှဲအပ်၍ (၁၅)ရက်၊ တလ၊ နှစ်လဆိုသလို အဓိဋ္ဌာန်၍ နှုတ်ပိတ်ကမ္မဋ္ဌာန်း ဝင်လေ့ရှိသည်။

ဆရာကြီးသည် မည်သည့်ကိစ္စမဆို အလွန်တိကျစွာ ပြုလုပ်လေ့ရှိသည်။ ဆွမ်းစားချိန်ပင် နောက်ကျပါက မစားပဲ နေတတ်သဖြင့် ဆွမ်းပို့သည့် တပည့်များက အချိန်ကို လေးစားကြရပေသည်။

၁၃၁၀ ခုနှစ်သို့ ရောက်သောအခါ ဆရာကြီးသည် သက်ရွယ်ရင့်ညောင်း၍ ပရိယတ်လုပ်ငန်းကို ကိုယ်တိုင် မထမ်းဆောင်နိုင်တော့သဖြင့် သာ-သီ-မ သုဝဏ္ဏဘူမိ ပိဋကတ္တယပါရဂူ (တူ) ဘုန်းတော်ကြီး **ဦးသုဝဏ္ဏဇောတိ** ကိုပင့်၍ တပည့်ငယ်များအား ကိုယ်တိုင်ကြပ်မတ် စောင့်ရှောက်လျက် (၆) နှစ်တိုင်တိုင် စာပေကျမ်းဂန် အတန်တန်တို့ကို ပို့ချစေခဲ့လေသည်။

ယင်း (တူ) ဘုန်းတော်ကြီးသည် ယခုအခါ သထုံမြို့ မေယဝန် ကျောင်းတိုက်၌ သာသနာပြုလျက် ရှိပေသည်။

## မြို့မှ ဘုရားဘခြင်း

ဆရာကြီးသည် အနှစ်(၄၀)ကျော်တိုင်တိုင် မြို့ချောင်၌ နေထိုင်ခဲ့သည်။ တပည့်များသည် ဆရာကြီးအပေါ် လွန်စွာ လေးစားရိုသေကြ၍ "ဆရာဘုရား"ဟု ခေါ်ဝေါ်ပြောဆိုကြသည်။

ဆရာကြီးသည် မြို့၏ **'မီးရှူးတစ်ဆောင်ကြီး'**ဖြစ်၍ မြို့အား အသိပညာရောင်တွေ ထိန်ဝေစေခဲ့သည်။

မြို့၏ **'သစ်ပင်ကြီး'**ဖြစ်၍ မိမိအရိပ်ဖြင့် မြို့ကို အေးချမ်းစေခဲ့သည်။ မြို့၏ **'မိခင်ကြီး'**ဖြစ်၍ မြို့ကို ယုယပိုက်ထွေး ပညာနို့ရည် တိုက်ကျွေးခဲ့သည်။

ဆရာကြီးသည် အသက်(၈၂)နှစ်ရှိပြီဖြစ်ရာ ရုပ်ခန္ဓာမှာ ညှိုးနွမ်းရင့်ရော်လာခဲ့၏။ ငယ်စဉ်က အလှသည် ဇရာ၏ ချေမှုန်းတိုက်ခိုက်မှုအောက်တွင် ကြေမွပျက်စီးခဲ့လေပြီ။

၁၃၁၆ ခုနှစ်၊ တန်ခူးလဆုတ် (၁)ရက်နေ့ ညဝယ် ဗျာဓိတပ်မ၏ ဝိုင်းဝန်းတိုက်ခိုက်ခြင်းကို ခံရ၍ မရဏမင်း၏ ခေါ်ဆောင်ရာသို့ လိုက်ပါရမည့်ဆဲဆဲတွင် ဝိုင်းဝန်းပြုစုနေကြသည့် တပည့်များအား "အင်း . . . ရုပ်နာမ် အနိစ္စ၊

ရုပ်နာမ် ဒုက္ခ၊ ရုပ်နာမ် အနတ္တ သတိရရစ်ကြပါ"ဟု အသံသဲ့သဲ့ဖြင့် မှာကြား ပြောဆိုပြီး ဧမြို့မှ ထွက်ခွာသွားခဲ့လေပြီ။

**"သဗ္ဗေဟိ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါ အညထာဘာဝေါ၊ တံ ကုတေတ္ထ လဗ္ဘာ၊ ယံ တံ ဇာတံ ဘူတံ သင်္ခတံ ပလောကဓမ္မံ၊ တံ ဝတ မာ ပလုဇ္ဇီ'တိ နေတံ ဌာနံ ဝိဇ္ဇတိ။**

ချစ်ခင်မြတ်နိုးအပ်သည့် အရာခပ်သိမ်းတို့နှင့် သေကွဲကွဲရခြင်း၊ ရှင်ကွဲကွဲရခြင်း၊ ဘဝကာတား ဖြစ်ပေါ်ထင်ရှား ပြုပြင်ထားရသည့် ပျက်စီးခြင်း သဘောရှိသော တရားကို မပျက်စီးပါစေနှင့်' ဟု တောင့်တလို့ ဘယ်မှာ ရမည်နည်း၊ ထိုဖြစ်နိုင်စရာ အကြောင်းမျိုး မရှိချေ"။

## ဧမြို့ချောင် ဆရာကြီး၏ တပည့်များ

ချောင်သီးခြား တည်ထောင်၍ သာသနာပြုနေကြသော ဧမြို့ချောင် ဆရာကြီး၏ တပည့်များမှာ -

၁။ ဧသီတာချောင်ဆရာကြီး **ဒေါ်နန္ဒသီ** (ဧမြို့ဆရာကြီး၏ တူမအရင်းဖြစ်၍ ယနေ့တွင် အသက်(၇၉) နှစ်ရှိပေပြီ။)
၂။ ကျိုက်လတ်ချောင်ဆရာကြီး **ဒေါ်သီလဝတီ**၊
၃။ ဗျာဒိတ်ပေးချောင်ဆရာကြီး **ဒေါ်ဝဏ္ဏဝတီ**၊
၄။ ကောလင်းချောင်ဆရာကြီး **ဒေါ်စာရီနှင့် ဒေါ်ဉာဏစာရီ**၊
၅။ ဧမြချောင်ဆရာကြီး **ဒေါ်သိရီ**၊
၆။ သန္တိသုခချောင် အောင်မင်္ဂလာတိုက် **ဒေါ်ပုညာသီ** (ဓမ္မာစရိယ) တို့ ဖြစ်သည်။

ဤဆရာကြီးများသည် ပရိယတ် ပဋိပတ် စွယ်စုံသင်ပြ၍ ယနေ့တိုင် သာသနာပြုလျက် ရှိကြပေသည်။

## ယနေ့ မြို့ချောင်

ယနေ့ မြို့ချောင်သည် ဆရာကြီး ရှိစဉ်ကကဲ့သို့ပင် သီလရှင်ဥပဒေကို လေးစားလိုက်နာလျက်ရှိသည့်ပြင် စာပေဘက်က တိုးတက်လျက် ရှိသည်။

မြို့ချောင်၌ သီလရှင် (၆၀)ကျော်ထက် ဘယ်ခါမျှ မလျော့ပေ။ ဆရာကြီး မရှိသည့်နောက်တွင် နာယကလူကြီးများ ဖြစ်ကြသော **ဒေါ်သုန္ဒရဝံသီ၊ ဒေါ်ကေလာသီ၊ ဒေါ်ဉာဏစာရီ ဒေါ်ကုန္တဝတီ၊ ဒေါ်စန္ဒဝတီ၊ ဒေါ်ဝိစာရီ**တို့က ဝိုင်းဝန်းကူညီစောင့်ရှောက် ချီးမြှောက်ကြလျက် သာသနဓဇသီရိပဝရဓမ္မာစရိယဘွဲ့ရ **ဒေါ်ကဥ္စနဝတီ**က အုပ်ထိန်းကြပ်မတ်၍ ပရိယတ္တိစာပေများကို သင်ကြားပို့ချခဲ့ရာ ပထမကျော် သီလရှင် (၂)ပါး၊ ဓမ္မာစရိယ (၁၃)ပါး၊ ပါဠိပါရဂူ (၁)ပါး ထူးခြားစွာ ပေါ်ထွက်လာခဲ့ပေသည်။

ပထမကျော် ပါဠိပါရဂူဘွဲ့ရသူမှာ ဒေါ်ကဥ္စနဝတီ၏ တူမ **ဒေါ်ကုန္တသီရိ** ဖြစ်သည်။

**ဒေါ်ကဥ္စနဝတီ**သည် ၁၂၈၂ ခုနှစ်၌ မွေးဖွား၍ ၉-နှစ်သမီးအရွယ် မြို့ချောင်ဆရာကြီးထံ သီလရှင်ဖြစ်ခဲ့သည်။ **ဒေါ်ကဥ္စနဝတီ**သည် ထက်မြက်၍ ဖွဲ့လုံ့လရှိသူဖြစ်၏။ မြို့ချောင်၏ တိုးတက်ရေးကို များစွာ လိုလားသူဖြစ်သည်။ မြို့ချောင်သည် ဆရာကြီး၏ ခြေရာလက်ရာမပျက် ဆက်လက်စောင့်ကြပ်လာသဖြင့် စည်းကမ်းကြီးလှသည်။

ရေချိုးသွားရာမှာပင် အချိန်နှင့် တစုတည်း သွားကြရသည်။ ချောင်တွင်းမှာ ဓာတ်စက်၊ ရေဒီယို၊ သီဆိုကခုန် တီးမှုတ်ခြင်း ခွင့်မပြုပေ။

မြို့သည် ပရိယတ်ပဋိပတ် စွယ်စုံပြုလုပ်သော ချောင်ဖြစ်၍ ပဋိပတ်လုပ်ငန်း ကြိုးပမ်းကြသူများလည်း မနည်းပေ။ ယခုနှစ် ၁၃၃၁ ခုနှစ်တွင် သီလရှင်ဦးရေ (၆၄)ပါးခန့်ရှိ၍ ပဋိပတ်သက်သက် အားထုတ်သူ (၁၄)ဦးခန့်ရှိပြီး ကျန်သီလရှင်ဆရာလေးများမှာ ပဋိပတ်လည်း မလွတ်စေပဲ ပရိယတ်ကို အလေးပေး ကြိုးစားလျက်ရှိရာ စာမေးပွဲတွင် မြို့ချောင်သည် အအောင်များလှပေသည်။

**ဒေါ်ကဥ္စနဝတီ** ဦးစီး၍ ဓမ္မာစရိယ သီလရှင် (၆)ပါးတို့ဖြင့် စာပေပရိယတ်ကို ကြပ်မတ်သင်ပေးလျက်ရှိရာ အားရဖွယ် ကောင်းလှပေသည်။

## ချောင်ဆရာကြီး၏ ရုပ်တု

ဆရာကြီး ဆုံးသွားစဉ်က လှူဒါန်းကြသည့် ဝတ္ထုငွေများဖြင့် ဆရာကြီးကို တပည့်စဉ်ဆက်မပြတ် ကြည်ညိုဖူးမြင်နိုင်ရန် ရုပ်တုကို ထုလုပ်၍ မြို့ချောင် အရှေ့ထိပ်ရှိ အုတ်တိုက်ငယ်တွင် သပ်ရပ်စွာ ထားရှိလေသည်။

ဘုရားကို ဒူးတုပ်လျက် လက်တွင် ပုတီးကိုင်ထားသော အာရုံပြုနေဟန် ထုလုပ်ထားလေရာ အသက်ဝင်လှပေသည်။

မြို့ဆရာလေးတို့သည် ဆရာကြီး၏ ရုပ်တုကိုကြည့်၍ ဆရာကြီး၏ စိတ်ဓာတ်မျိုးကို မွေးရမည်၊ ဆရာကြီး၏ ဩဝါဒနှင့် လမ်းစဉ်တို့ကို လိုက်နာရမည် ဖြစ်ပေသတည်း။

**အရှင်နန္ဒမာလာဘိဝံသ**<br>
**မဟာသုဓောဓာရုံတိုက်၊ စစ်ကိုင်းမြို့**<br>
**၁၃၃၁-ခုနှစ်၊ တော်သလင်းလဆန်း(၁၅)ရက်**

**(စစ်ကိုင်းတောင်ရိုး၊ မြို့ချောင်ဆရာကြီး ဒေါ်ကုမ္မာရီ**
**စီရင်ရေးသားအပ်သော ‘နိဗ္ဗာနပဝေသနီကျမ်း’-မှ)**



# စံကောင်းဂုရုပွဂ္ဂိကဿာ
# ကျမ်းဦးအဖွင့်

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

ယနေ့လူတို့၏ သက်တမ်းသည် တိုတောင်းလှ၏၊ အနှစ်တရာ သည်ပင် ကြာလှသည်မဟုတ်၊ အသင်္ချေတန်းဆိုသည်နှင့် နှိုင်းစာလျှင် တိမ်တောင်တက်၍ လျှပ်စီးလက်သလောက် အချိန်ပိုင်းကလေးမျှသာ ဖြစ်သည်။ ဤမျှ တိုတောင်းလှစေကာမူ လူ့ဘဝရရန်ကား ခဲယဉ်းမြဲပင် ဖြစ်သည်။ အပြောကျယ်လှသော ပင်လယ်ပြင်ကြီးဝယ် မျောချင်တိုင်း မျောနေသော ထမ်းပိုးတုံးကြီး၏ တခုတည်းသောအပေါက်နှင့် ပင်လယ်ပြင် အောက်တွင် ကျက်စား၍ အနှစ်တရာကြာမှ တခါသာ ပေါ်လာလေ့ရှိသော လိပ်ကန်းကြီး၏ဦးခေါင်းတို့ တန်းတန်းမတ်မတ် အံကျစွပ်မိဖို့ထက် တကြိမ် ဂတိလွဲမှားသူအတွက် လူ့ဘဝရရှိဖို့က ခဲယဉ်းသည်ဟု မြတ်ဗုဒ္ဓမိန့်တော်မူ ခဲ့၏။

ဤမျှရခဲလှသော လူ့ဘဝ၏တန်ဖိုးကို မြတ်နိုးတတ်သူများသာ မိမိတို့ ရရှိထားသောဘဝကို အရင်းတည်၍ ဟန်ကျပန်ကျ အမြတ်ထုတ်ယူတတ် ကြရိုး ဖြစ်သည်။ ဘဝကို အရင်းအနှီးလုပ်၍ ပါရမီကုသိုလ်ထုပ် စိုက်မြှုပ်ကြ၏။

ထိုပါရမီကုသိုလ်အလိုက် ထိုက်တန်သောအကျိုးအမြတ်များကို ရရှိကြ၏။ ဤ၌ **'ပါရမီ'**ဆိုသည်မှာ **'မြင့်မြတ်သောသူတို့၏ လုပ်ငန်း'** ဟု အဓိပ္ပါယ်ရှိရာ အတ္တ ပရနှင့် လောကသံသရာ နှစ်ဖြာသောအကျိုးကို ဆောင်ရွက်ခြင်းပင် ဖြစ်လေသည်။ **'ကမ္မလက္ခဏော ပဏ္ဍိတော၊ အပဒါနသောဘိနီ ပညတ္တိ'** ဟူသည်နှင့်အညီ ပညာရှိပုဂ္ဂိုလ်မွန်၏ အမှတ်အသားမှာ သူ၏ပြုလုပ်ဆောင်ရွက်ချက်များသာ ဖြစ်လေသည်။ ပြုလုပ်ဆောင်ရွက်ချက် စရိုက်ဝါသနာ အလေ့အလာများကသာ 'ပညာရှိ' ဟု ထင်ပေါ်စေခြင်းဖြစ်သည်။

ဤကဲ့သို့ပညာရှိပုဂ္ဂိုလ်မွန်တို့၏ ဂုဏ်ရနံ့သည် ကမ္ဘာတွင် ထာဝစဉ် မွှေးကြိုင်စွဲကျန်ရစ်၏။ ဆောင်ရွက်ချက်,ဟောပြောချက်များသည် ဘဝမီးရှူးတန်ဆောင်ကြီးများအဖြစ် ထွန်းတောက်တည်ရှိရစ်၏။ ထိုပညာရှိပုဂ္ဂိုလ်မွန်တို့၏ အကြောင်းဖြစ်ရပ်များကို အလွယ်တကူ မေ့မပစ်နိုင်ကြပေ။ ထို့ကြောင့် ထိုပညာရှိပုဂ္ဂိုလ်မွန်တို့၏ စုံစေ့မှန်ကန်သော ဘဝဖြစ်ရပ် အဒ္ဓုပ္ပတ်ကား စာပေနယ်တွင် တိမ်မြုပ်ပျောက်ကွယ်နေသင့်သောအရာ မဟုတ်ချေ။ သို့ဖြစ်၍ ပညာရှိပုဂ္ဂိုလ်မွန်တို့၏ ဘဝဖြစ်ရပ် အဒ္ဓုပ္ပတ်ကို မှတ်တမ်းတင်ကြရခြင်းဖြစ်သည်။

ဤအချက်ကို နှလုံးသွင်းမိကြသော ဇယမေဒနီဝါဆိုကျောင်းနေ သက်တော်ရှည်အလုပ်အကျွေး တပည့်များသည် အခွင့်သင့်တိုင်း ဆရာတော်ကြီးထံမှ အချက်တို့ကို လျှောက်ထား စုဆောင်းခဲ့ကြပါသည်။ ထို့နောက် ၁၃၃၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်နေ့၌ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ 'ဂုရုပ္ပတ္တိကထာ ကျမ်းစာဖြစ်မြောက်ရေးအဖွဲ့' ကို ဖွဲ့စည်းခဲ့ကြပါသည်။ ထိုအဖွဲ့က ဤစာရေးသူတို့အား စာအုပ်ပြုစုရေးတာဝန်ကို ပေးအပ်ကြပါသည်။ စာရေးသူတို့သည် တာဝန်အရ နောက်ထပ်သိလိုသော အချက်များနှင့် မရှင်းလင်းသောအချက်တို့ကို မေးမြန်းလျှောက်ထားခဲ့ကြပါသည်။ ဆရာတော်ကြီးစေ့စပ်သေချာ၍ မှတ်ဉာဏ်ကောင်းလှသဖြင့် ရှေးဖြစ်ဟောင်းများကို အလွယ်တကူ အမိန့်ရှိတော်မူခဲ့ပါသည်။

ထို့ပြင် ဆရာတော်ကြီးမွေးဖွားရာဒေသဖြစ်သော စစ်ကိုင်းမြို့နယ်၊

လင်းယဉ်ရွာသို့၎င်း, သီတင်းသုံးခဲ့ဖူးသော ကျောင်းကုန်းမြို့နယ်၊ ပုဆိန်ပဲ့ပျဉ်ချရိုးရွာများသို့၎င်း, ဓနုဖြူမြို့နယ်၊ စံကင်းရွာ, ကျောက်တိုင်ရွာသို့၎င်း စာရေးသူများ ကိုယ်တိုင်သွားရောက်၍ ဆရာတော်၏ တပည့်ဟောင်းများထံမှ မေးမြန်းစုဆောင်းခဲ့ကြပါသည်။ အခြားသော ဆရာတော်များထံသို့လည်း ဆရာတော်ကြီးအကြောင်းနှင့် စပ်၍ သိသမျှ ပေးပို့တော်မူကြပါရန် စာဖြင့် တောင်းခံခဲ့ကြပါသည်။ ထိုနည်းဖြင့် ရရှိသမျှ အချက်အလက်များကို စုဆောင်း၍ ဤ **'စံကင်းဆရာတော်'** ဟူသော အတ္ထုပ္ပတ္တိကျမ်းကို ကြိုးပမ်းကြရခြင်း ဖြစ်ပါသည်။

ဤအတ္ထုပ္ပတ္တိရှင် ဆရာတော်ကြီးသည် အဘိဓဇမဟာရဋ္ဌဂုရု တံဆိပ်တော်ရ ရွှေကျင်ဂိုဏ်း၏ ဥက္ကဋ္ဌ မဟာနာယက ရွှေကျင်သာသနာပိုင်ဆရာတော်ကြီးဖြစ်၍ ယနေ့တွင် သက်တော် ၁၀၂ နှစ်ရှိတော်မူပါပြီ၊ သီပေါမင်းနန်းမတက်မီ ၈-နှစ်စော၍ မွေးဖွားတော်မူပြီး သီပေါမင်း ပထမပြေန်ပွဲဝင်ရောက်စဉ်က၎င်း, ပါတော်မူစဉ်က၎င်း, ကိုယ်တိုင်တွေ့မြင်ခဲ့သော ဆရာတော်ကြီး ဖြစ်ပါသည်။ ဤအတ္ထုပ္ပတ္တိတွင် ဆရာတော်၏ 'နှစ်တရာကျော် ဘဝခရီး' ကို အခန်း ၆-ခန်းခွဲ၍ ရေးသားထားပါသည်။ အခန်း ၁-လူငယ်ရှင်ငယ်ဘဝ၊ အခန်း ၂-စာသင်သားဘဝ၊ အခန်း ၃-စာချကျောင်းထိုင်ဘဝ၊ အခန်း ၄-စံကင်းဆရာတော်ဘဝ၊ အခန်း ၅-ရွှေကျင်သာသနာပိုင်ဘဝနှင့်၊ အခန်း ၆-သက်တော်ရှည် ရာကျော်ဆရာတော်ဘဝတို့ ဖြစ်ပါသည်။

ထိုတွင် အခန်း ၁-၌ ဆရာတော်ကြီး၏ လူငယ်ရှင်ငယ်ဘဝကို အဖြူထည်ထား၍ ခေတ်သမိုင်းကြောင်းများဖြင့် အပြောက်အမွမ်း ချယ်ထားပါသည်။ ပင်းယခေတ်၊ မန္တလေးခေတ်၊ လင်းယဉ် ၅-ရွာ အခြေအနေနှင့် အုပ်ချုပ်ရေး စီးပွားရေးစသော ကျေးလက်ဒေသလူမှုရေးဆိုင်ရာ သမိုင်းဗဟုသုတများ၊ မန္တလေးခေတ် လင်းယဉ်ရွာ ရှင်ပြုပွဲနှင့်သက်န်းလှူပုံ၊ ကျေးလက်ဒေသ သာသနာရေးနှင့် ရွှေကျင်ဆရာတော်၏ လင်းယဉ်ခရီး စသော သာသနာရေးဆိုင်ရာ သမိုင်းဗဟုသုတများ၊ မန္တလေးခေတ် မြို့နေလူ့ညီးသမားများဘဝ၊ ဈေးခွန်ကောက်ပုံနှင့် မန္တလေးဈေးများ လမ်းများ အခြေအနေ၊

သီပေါမင်းပါတော်မူစဉ်ကနှင့် ပါတော်မူပြီးစ မြင်ကွင်းများ စသော တိမ်မြုပ်နေသော သမိုင်းရေးဗဟုသုတများကို ဆရာတော်ကြီးမိန့်ကြားချက်များကိုးကား၍ ဖော်ပြထားပါသည်။ အထူးအားဖြင့် သီပေါမင်းပါတော်မူစဉ်က မြတောင် ရွှေကျောင်းတော်ကြီး ရေစက် ချခဲ့, မချခဲ့ ဆိုသော ပြဿနာကို စိစစ် ဖြေရှင်းထားပါသည်။

အခန်း ၂-နှင့် အခန်း ၃-တွင် မြတောင်ဆရာတော်ကြီးနှင့် မြတောင်ကျောင်းတိုက်ကြီးအကြောင်း၊ ရေပန်းဆရာတော်ကြီးနှင့် ရေပန်းတိုက်အကြောင်း၊ နဝကောသလ္လစာတမ်းနှင့် ရွှေလောင်းပွဲနင်းကြီး အကြောင်း စသော သမိုင်းကားချပ်များဖြင့် ဆရာတော်ကြီး၏ စာသင်သားဘဝ၊ စာချကျောင်းထိုင်ဘဝတို့ကို သရုပ်ဖော်ထားပါသည်။

အခန်း ၄-၌ စံကင်းဆရာတော်ဘဝဖြင့် လောကကြီးပွားရေး သာသနာကြီးပွားရေး ဆောင်ရွက်တော်မူခဲ့ပုံ၊ ရွှေကျင်နိကာယတာဝန် အားသွန်ဆောင်ရွက်ခဲ့ပုံတို့ကို ဖော်ပြထားပါသည်။ စံကင်းတွင် ကျောင်းသားလူငယ်ကလေးများ လိမ္မာယဉ်ကျေးအောင် သွန်သင်ပုံ၊ ရပ်ရွာ ဒကာ-ဒကာမများအား သံသရာကြီးပွားအောင် ဆုံးမဩဝါဒပေးပုံတို့ကို အဖြစ်မှန်အတိုင်း တင်ပြထားပါသည်။ အထူးအားဖြင့် ယနေ့ လူထုနည်းဖြင့် လုပ်ဆောင်နေသော စာမတတ်သူ ပပျောက်ရေး(အ)သုံးလုံးကျေ စီမံကိန်းထက် အနှစ် ၄၀-ခန့်စော၍ **"လက်ခတ်တလှုပ် စာပုဒ်လီလီ၊ လွန်းပျံတဝိုက် စာပိုဒ်ချက်ညီ"** စသော ကဗျာများဖြင့် လင်းယဉ် ၅-ရွာတွင် ရက်ကန်းခတ်ရင်း စာအံ၊ ထန်းတက်ရင်း စာပြန်၊ နွားကျောင်းရင်း စာကျက်၊ ဈေးရောင်းရင်း စာကြည့်ရန် ဆရာတော်ကြီး တိုက်တွန်း လှုံ့ဆော်တော်မူခဲ့ပုံတို့ကိုလည်း ရေးသားတင်ပြထားပါသည်။

အခန်း ၅-၌ ဂျပန်ခေတ်သာသနာရေး၊ ရွှေကျင်ဂိုဏ်းပေါ်လာပုံ၊ သာသနာပိုင်သုံးမျိုး၊ ပထမဆုံး အဘိဓဇမဟာရဋ္ဌဂုရု တံဆိပ်တော်ဆက်ကပ်ပွဲအကြောင်းစသော ဗဟုသုတများ၊ အစိုးရခေါင်းဆောင်များအား ဩဝါဒပေးတော်မူခြင်း၊ ကနေဒါနိုင်ငံမှ ငြိမ်းချမ်းရေးကောင်စီဉက္ကဋ္ဌ ဒေါက်တာဂျိမ်းအင်

ဒီကော့၊ ဆိုဗီယက်ဘုန်းတော်ကြီး ဟမ်ဘိုလာမာယီဒီ၊ ရှာရာပေါ့ဗ်၊ တရုတ်ဗုဒ္ဓဘာသာ ကိုယ်စားလှယ်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးဩဝါဒပေးတော်မူခြင်းစသော နိုင်ငံခြားသာသနာရေးကိစ္စများ ဆောင်ရွက်ခဲ့ပုံ၊ သံဃာ့မှတ်ပုံတင်ကိစ္စ၊ ဝိနိစ္ဆယကိစ္စ၊ သာသနာသန့်ရှင်းရေး စသော နိုင်ငံတွင်းသာသနာရေးကိစ္စများ ဆောင်ရွက်ခဲ့ပုံတို့ကို ဖော်ပြထားပါသည်။ ထိုသို့ဖော်ပြရာ၌ မှန်ကန်တိကျစေလိုခြင်း၊ အဖိုးတန် သမိုင်းဝင်မှတ်တမ်းများမပျောက်မပျက် နှစ်ပေါင်းရှည်ကြာစွာ ကျန်ရစ်စေလိုခြင်းတို့ကြောင့် မှတ်တမ်းများကိုပါ ထည့်သွင်းထားပါသည်။ သို့အတွက် ဤအခန်းသည် အဍ္ဍုပ္ပတ္တိ ဖတ်ရှုသူများအတွက် အနည်းငယ် လေးကောင်း လေးနေပါလိမ့်မည်။

ဤအခန်းနောက်ပိုင်းဝယ် ဆရာတော်နှင့် ဂန္ဓာရုံမြို့နယ် ကန်တောရဆရာတော်, မန္တလေး မစိုးရိမ်ဆရာတော်တို့၏ မှတ်သားဖွယ်စကားများ၊ သက်တော်ရှည်ပွဲ၊ ဆရာတော်၏ကျန်းမာရေး စသည်တို့ကိုပါ ထည့်သွင်းဖော်ပြထားပါသည်။ ဆရာတော်၏ကျန်းမာရေးကို ပိဋကစာပေရှုထောင့်မှတင်ပြထားပါသည်။ အသိများနေပြီဖြစ်သော ခေတ်မီကျန်းမာရေးအမြင်ကိုမူချန်လှပ်ထားခဲ့ပါသည်။ ဤအခန်းကို သက်တော်တရာပြည့်သည့်နေ့တွင် မိန့်မြွက်သော ဩဝါဒတော်ဖြင့် ရပ်နားထားပါသည်။ အခန်း ၆ ၌ သက်တော်ရာကျော်ပြီဖြစ်သော်လည်း သတိတော်လစ်ဟင်းခြင်းမရှိပဲ ဩဝါဒတရားဖြင့် သာသနာ့တာဝန်တို့ကို ဆက်လက်ဆောင်ရွက်တော်မူနေပုံတို့ကို ဖော်ပြယင်း စာအုပ်ကို နိဂုံးချုပ်ထားပါသည်။

အချုပ်အားဖြင့် ဤအဍ္ဍုပ္ပတ္တိသည် သက်တော်ထင်ရှားရှိ အဍ္ဍုပ္ပတ္တိရှင်ဆရာတော်ကြီး မိန့်ကြားချက်များကို ကိုယ်ထည်ပြုထားခြင်း၊ စာမူကို ဆရာတော်ကြီးထံမှောက် လက်ရောက်တင်ဆက် ဖတ်ရောက်ပြီးဖြစ်ခြင်းတို့ကြောင့် အကြောင်းအရာမှန်ကန်သော အဍ္ဍုပ္ပတ္တိတစောင် ဖြစ်သည်ဟု မှတ်ယူနိုင်ပါသည်။ သို့ရာတွင် ဤသို့သော အဍ္ဍုပ္ပတ္တိ တစောင်တဖွဲ့မျှဖြင့် ဆရာတော်ကြီး၏ဘဝဖြစ်ရပ်နှင့် လုပ်ဆောင်ချက်များ ချွင်းချက်မရှိ ပြည့်စုံပြီဟုကား မမှတ်စေ

လိုပါ။ စာရေးသူတို့ လက်လှမ်းမီသမျှ သတိပြုမိသလောက်ကိုသာ ကွက်၍ တင်ဆက်ထားခြင်းဖြစ်ပါသည်။

*“ပုထုဇဉ်အနေဖြင့် ငါဘုရား၏ ဂုဏ်ရည်တို့ကို ချီးကျူးပြောဆိုသည် ဖြစ်အံ့၊ မပြောပလောက်သော အည့်စား သီလကလေးလောက်ကိုသာ ချီးကျူးနိုင်ပေသည်။ ပုထုဇဉ်များ လက်လှမ်းမမီအောင် နက်ရှိုင်းလှသော ဂုဏ်ရည်တို့ကား အများပင် ရှိသေးသည်”* ဟု ဟောတော်မူသကဲ့သို့ ဤမျှထူးချွန် ပညာရှိ ပုဂ္ဂိုလ်မွန်ဖြစ်သော ဆရာတော်ကြီးမှာ စာရေးသူတို့ လက်လှမ်းမမီသော လေးနက်မြင့်ခက်သော ဂုဏ်ရည်တို့ကား ဧကန်ရှိနေပါသည်။ မပြောပလောက်သော ဘဝဖြစ်ရပ်နှင့် လုပ်ဆောင်ချက်အချို့ကိုသာ ဤတွင် ရေးသားတင်ဆက်နိုင်ခဲ့ကြပါသည်။ စာရေးသူတို့သည် ဆရာတော်ကြီး၏ ဂုဏ်ရည်များနှင့် လုပ်ဆောင်ချက်များကို ရှိသလောက်လည်း မသိကြပါ။ သိသလောက်လည်း ရေးမပြနိုင်ကြပါ။ စွမ်းနိုင်သမျှကိုသာ ရေးသား တင်ဆက်ကြခြင်း ဖြစ်ပါသည်။

သို့ရာတွင် ဤအဋ္ဌုပ္ပတ္တိကို မိမိတို့ လေးစားမြတ်နိုးအပ်သော အဋ္ဌုပ္ပတ္တိရှင် ဆရာတော်ကြီး လက်သို့ ကျေးဇူးတုံ့ဆပ်သောအားဖြင့် တင်ဆက်ခွင့်ရရှိခြင်း၊ အဋ္ဌုပ္ပတ္တိစာပေ လိုကွက် တကွက်ကို ဖြည့်စွက်ရခြင်းကြောင့် ဝမ်းသာရွှင်ပျ ကျေနပ် အားရမိကြပါသတည်း။

**သက်တော်ရှည်ကျောင်း**
**မဟာဝိသုဒ္ဓါရုံတိုက်သစ်၊**
**မန္တလေးမြို့။**

**အရှင်မာနိတသိရိ**
**အရှင်နန္ဒမာလာဘိဝံသ**

**၁၃၃၃ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်၊ (၂၀၊ ၁၊ ၇၂)**



# စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုး၊ သာသနာ့လင်္ကာရစာမေးပွဲ အပွဲ့အမည်နှင့် တံဆိပ်ရည်ညွှန်းချက်

သာသန+အလင်္ကာရ

"သာသန"ဟူသည် အဆုံးအမ၊

"အလင်္ကာရ"ဟူသည် အဆင်တန်ဆာ၊

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော သုတ်, အဘိဓမ္မာ, ဝိနည်း တရားတော်သည် သတ္တဝါတို့ကို ဆုံးမသွန်သင်ကြောင်း ဖြစ်သောကြောင့် "သာသန"မည်၏။

လိုက်နာကျင့်သုံးကြသော ရှင်ရဟန်းတို့၏ အဆင်တန်ဆာသဖွယ် ဖြစ်သောကြောင့် **“အလင်္ကာရ”**မည်၏။

ထို့ကြောင့် **“သာသနာလင်္ကာရ”**ဟူသည် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော သုတ်, အဘိဓမ္မာ, ဝိနည်းတရားတော်တို့၏ အမည်ဖြစ်၏။ သာသနာလင်္ကာရမည်သော ဝိနည်းစာပေကို ပြဋ္ဌာန်း၍ မေးမြန်းစစ်ဆေးသည့် ပွဲဖြစ်သော ဤစာမေးပွဲကိုလည်း **“သာသနာလင်္ကာရစာမေးပွဲ”**ဟု ခေါ်ဆိုအပ်လေသည်။

တနည်းအားဖြင့် သုတ်,အဘိဓမ္မာ,ဝိနည်းတရားတည်းဟူသော သာသနာတော်သည် လိုက်နာကျင့်သုံးကြသော ရှင်ရဟန်းများဖြင့်သာ တင့်တယ်နိုင်လေသည်။ လိုက်နာကျင့်သုံးကြသော ရှင်ရဟန်းများသည် သာသနာတော်ကို တင့်တယ်စေတတ်သဖြင့် သာသနာ၏ အဆင်တန်ဆာများ ပမာ ဖြစ်ကြပေသည်။ ထို့ကြောင့်**“သာသနာလင်္ကာရ”**ဟူသည် လိုက်နာကျင့်သုံးတတ်သော ရှင်ရဟန်းတို့၏ အမည်လည်း ဖြစ်ပေသည်။ သာသနာလင်္ကာရ မည်သော ရှင်ရဟန်းတို့ကို စာမေးသည့်ပွဲဖြစ်သော ဤစာမေးပွဲကိုလည်း **‘သာသနာလင်္ကာရစာမေးပွဲ’**ဟု ခေါ်ဆိုအပ်လေသည်။

ထိုသာသနာလင်္ကာရ စာမေးပွဲ ဆင်နွှဲကျင်းပပေးသော အဖွဲ့အစည်းကို **“သာသနာလင်္ကာရစာမေးပွဲအဖွဲ့”**ဟု ခေါ်ဆိုအပ်သည်။

ထို **“သာသနာလင်္ကာရ စာမေးပွဲအဖွဲ့”** ၏ အဖွဲ့တံဆိပ်အဖြစ် (စက္ကရတနာနှင့် တပွင့်ကြယ်)တို့ကို သတ်မှတ်ထားပေသည်။ စက္ကရတနာသည် စကြာမင်း၏ စကြာရတနာ ပုံတူဖြစ်သည်။ စကြာမင်း၏ စကြာရတနာသည် လူသားအားလုံး၏ အကျိုးအတွက် လည်ပတ်သကဲ့သို့ မြတ်စွာဘုရား၏ ဒေသနာဉာဏ်တော်တည်းဟူသော စက္ကရတနာသည် သတ္တဝါအားလုံး၏ အကျိုးအတွက် လည်ပတ်လျက် ရှိပေသည်။

အဖွဲ့တံဆိပ်တွင် ပါရှိသော စက္ကရတနာပုံဖြင့် ယနေ့တိုင်အောင် သတ္တဝါတို့၏ အကျိုးကို ဆောင်လျက် လည်ပတ်နေသော တရားတော် (သို့မဟုတ်) သာသနာတော်ကို ရည်ညွှန်းပေသည်။

အာကာသမှ ကြယ်တာရာများသည် လမင်းကြီး၏ အခြံအရံများ ဖြစ်သည်။ သံဃာတည်းဟူသော ကြယ်တာရာသည် မြတ်စွာဘုရားတည်းဟူသော လမင်းကြီး၏ အခြံအရံများ ဖြစ်သည်။ အဖွဲ့တံဆိပ်တွင်ပါရှိ တပွင့်ကြယ်ပုံဖြင့် သာသနာ့ဝန်ထမ်း ရှင်ရဟန်းများကို ရည်ညွှန်းသည်။ မြစ်ကြီးငါးသွယ်, မြစ်ငယ်ငါးရာတို့သည် မဟာသမုဒ္ဒရာဟူသော အမည်နာမတခုတည်းသာ ခံယူကြသကဲ့သို့ လူမျိုးအသီးသီးမှ ဖြစ်ကြသော သာသနာ့ဝန်ထမ်း ရှင်ရဟန်းများသည် သာသနာတော်သို့ ရောက်လာသောအခါ "သမဏာသကျပုတ္တိယ"ဟူသော အမည်နာမတခုတည်းကိုသာ ခံယူကြ၏။ ၎င်းကို ရည်ညွှန်း၍ ကြယ်တပွင့်ကိုသာ ဖေါ်ပြထားသည်။

၎င်းတပွင့်ကြယ်မှာ ရောင်ခြည်စွန်း ငါးခုသည် လှပစွာ ဖြာထွက်လျက် ရှိ၏။ ထိုရောင်ခြည်စွန်းငါးခုဖြင့် သာသနာ့ ဝန်ထမ်း ရှင်ရဟန်းတည်းဟူသော တပွင့်ကြယ်၏ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ (ယုံကြည်မှု, ကြိုးစားမှု, အောက်မေ့မှု, တည်ကြည်မှု, သိမြင်မှု)တည်းဟူသော ဗလငါးတန်ကို ရည်ညွှန်း၍ ၎င်းဗလငါးတန်ဖြင့် သတ္တဝါအားလုံးတို့၏ စီးပွားအတွက် တရားတော် (သို့မဟုတ်) သာသနာတော်တည်းဟူသော စက္ကရတနာကြီးကို ဆက်လက် လည်ပတ်နေအောင် ဆောင်ရွက်နိုင်ကြပေသည်။

သာသနာလင်္ကာရစာမေးပွဲအဖွဲ့၏ အဓိဋ္ဌာန်ချက်, ရည်သန်ချက်, ကြွေးကြော်ချက်များကိုလည်း "တပွင့်ကြယ်နှင့် စက္ကရတနာ"တံဆိပ်တော်က ဖော်ပြနေပါသည်။

**"ဗလငါးတန်ဖြင့် သာသနာတော်စက်မြတ်ကို လည်ပတ်စေအံ့"**
**စက္ကေန ဒိပိတံ ဓမ္မ-စက္ကံ တာရာယ ပါလကော။**
**ပဉ္စသုနာ ပဉ္စဗလာ၊ လဋ္ဌေ သာသနလင်္ကာတော။**

**လဋ္ဌေ သာသနလင်္ကာတော** = သာသနာလင်္ကာရ၊ နာမမည်ကျော်၊ စာမေးပွဲအဖွဲ့၏။ တံဆိပ်တော်၌။ **စက္ကေန** = အကန့်တထောင်၊ များမြောင်

သပ်ရပ်၊ အကွပ်ပုံတောင်း၊ စုပေါင်းတည်လာ လှပသည့် စက္ကရတနာဖြင့်။ **မမ္မစက္ကံ** = ပဋိဝေဓ ဒေသနာ၊ နှစ်ဖြာဦးတည်၊ မြတ်ဉာဏ်ရည်ဖြင့်၊ အတည်ဟောမြွက်၊ ဓမ္မစက်၏၊ ဝင်းလက်ရောင်ဖြာ၊ မြတ်ဘုရား၏ သာသနာတော်ကို။ **ဒီပိတံ** = သဒိသူပစာ၊ ဥပမာတဒ္ဓိတ်၊ ဗျူပွတ်ဟိတ်ဖြင့်၊ ခပ်နှိပ်ထင်စွာ၊ ဖော်ကျူးအပ်ပါပေ၏။

**တာရာယ** = တောက်ပ တင့်တယ်၊ တပွင့်ကြယ်ဖြင့်။ **ပါလကော** = စက္ကရတနာ၊ သာသနာ၏၊ လွန်စွာဖြိုးလက်၊ တန်ခိုးထက်၍၊ တိုးတက်စေလို၊ စောင့်ရှောက်တတ်သော ပုဂ္ဂိုလ်ကို။ **ဒီပိတော** = သဒိသူပစာ၊ ဥပမာတဒ္ဓိတ်၊ ဗျူပွတ်ဟိတ်ဖြင့်၊ ခပ်နှိပ်ထင်စွာ၊ ဖော်ကျူးအပ်ပါပေ၏။

**ပဥ္စသုနာ** = တပွင့်ကြယ်မှာ၊ လှပစွာဖြင့်၊ ရောင်ဝါတင့်ထွန်း၊ ငါးခုသော ရောင်ခြည်စွန်းဖြင့်။ **ပဥ္စဗလံ** = သဒ္ဓါ, ဝီရိ၊ သတိ, သမာ = ဓိပညာဟု၊ လွန်စွာကြံ့ခိုင်၊ မယိမ်းယိုင်သား၊ ဗိုလ်ငါးပါးကို။ **ဒီပိတံ** = သဒိသူပစာ၊ ဥပမာ တဒ္ဓိတ်၊ ဗျူပွတ်ဟိတ်ဖြင့်၊ ခပ်နှိပ်ထင်စွာ၊ ဖော်ကျူးအပ်ပါပေ၏။

**တေန** = ထို့ကြောင့်။ **တုမှေ** = သာသနာ့အရေး၊ ကိုယ့်အရေးဟု၊ မြော်တွေးသိမြင်၊ သမ္မဇဉ်ဖြင့်၊ အစဉ်ကြိုးစား၊ သင်သူတော်ကောင်း အများတို့သည်။ **ပဥ္စဗလေန** = သဒ္ဓါ, ဝီရိ၊ သတိ, သမာ = ဓိ, ပညာဟု၊ လွန်စွာကြံ့ခိုင်၊ မယိမ်းယိုင်သား၊ ဗိုလ်ငါးပါးဖြင့်။ **စက္ကံ** = ပဋိဝေဓ ဒေသနာ၊ နှစ်ဖြာဦးတည်၊ မြတ်ဉာဏ်ရည်ဖြင့်၊ အတည်ဟောမြွက်၊ ဓမ္မစက်၏၊ ဝင်းလက်ရောင်ဖြာ၊ မြတ်ဘုရား၏ သာသနာတော်ကို။ **ပဝတ္တေထ** = ငါးထောင်သာသနာ၊ ရှည်မြင့်ကြာလျက်၊ ရောင်ဝါတင့်ဆန်း၊ ရှုမခန်းအောင်၊ ကြိုးပမ်းကာပေ၊ လည်ပတ်စေနိုင်ကြပါစေကုန်သတည်း။

**အရှင်နန္ဒမာလာဘိဝံသ**
**၁၃၃၇ ခုနှစ်။**

**(စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုး၊ သာသနာ့လက်ာရစာမေးပွဲ စည်းမျဉ်းဥပဒေ တတိယအကြိမ်ရိုက်စာအုပ်မှ)**



# သမိဒ္ဓေါဒယဆရာကြီး ဒေါ်မာလာရဲ့ နှစ် ၉၀ ကျော် ဘဝခရီး ကျေးဇူးစကား

□ **အရှင်နန္ဒမာလာဘိဝံသ**

စာတစ်စောင် ပေတဖွဲ့ဖြစ်လာအောင် ရေးသားပြုစုရာ၌ တစ်ဦးတစ်ယောက်၏ စွမ်းဆောင်ချက်ဖြင့် မပြည့်စုံနိုင်ပါ။ ပတ်ဝန်းကျင်ပုဂ္ဂိုလ်များ၏ အကူအညီကို ရယူကြရပါသည်။ ဤအတ္ထုပ္ပတ္တိကို ပြုစုရာ၌လည်း အကူအညီအမျိုးမျိုးကို ယူခဲ့ရပါသည်။

နောင်တော်ဖြစ်သူ မဟာသုဗောဓာရုံတိုက် တိုက်ကြပ်ဘုန်းကြီး **အရှင်ဥတ္တရ**က စာမူကြမ်းကို ဖတ်ရှုပြင်ဆင်ပေးပါသည်။ အရင်းနှီးဆုံး မိတ်ဆွေဖြစ်သူ ဝေဇယန္တာ **အရှင်မဟောသဓပဏ္ဍိတ**က စာမူများကို ဖတ်ရှုပြင်ဆင်ပေးသည့်အပြင် အမှာစာနှင့် နောက်ဆက်တွဲ သီလရှင်ဆရာကြီးများ၏ အတ္ထုပ္ပတ္တိကို ရေးသားပေးပါသည်။ မဟာသုဗောဓာရုံတိုက်မှ **အရှင်ဇနသာမိ**၊ **အရှင်ခေမာသိရီ**၊ **အရှင်ဝါသဝ**တို့ကလည်းကောင်း၊ ဝါးချက်ရွာ ကျောင်းသား **မောင်မျိုးမြင့်** (တက္ကသိုလ်ဝင်)ကလည်းကောင်း စာမူဖြစ်အောင် လက်နှိပ်စက်ရိုက်ကူးပေးကြပါသည်။ သမိဒ္ဓေါဒယကျောင်းမှ သီလရှင်ဆရာကြီး, ဆရာလေး

များက လိုအပ်သော အကူအညီ အမျိုးမျိုးကို ပေးကြပါသည်။

ထို့ပြင် ရန်ကုန်မြို့ သာသနာ့ရိပ်သာ **အရှင်ကေလာသ**၊ ဆုထူးပန် စာသင်တိုက် တိုက်အုပ်ဆရာတော် **အရှင်ပဏ္ဍိတ**၊ ရန်ကုန် ဟံသာဝတီ မြန်အောင်ကျောင်းတိုက်မှ သီလရှင်ဆရာကြီး,ဆရာလေးများ၊ ရန်ကုန်မြို့ ၁၄၄ လမ်း **ဦးလှမောင်** မိသားစု၊ သင်္ဂဟလမ်း **ဦးခင်မောင်** မိသားစု၊ နတ်မောက် ရိပ်သာလမ်း ဗိုလ်မှူးဟောင်း သန်းမောင် မိသားစု၊ အမျိုးသားစာပေဆုရ စာရေးဆရာ **ရန်ကုန်မျိုးသန့်**၊ မျိုးသန့်ပုံနှိပ်တိုက်မှ **ဒေါ်ညွန့်ညွန့်**နှင့် ကာယ, ဉာဏလုပ်သားများ၊ ဓမ္မဒါနကုသိုလ်ရှင်များကလည်း အကူအညီအမျိုးမျိုး ပေးကြပါသည်။ ဤပုဂ္ဂိုလ် အားလုံးတို့အား အထူးကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

**အရှင်နန္ဒမာလာဘိဝံသ**

**(သမိဒ္ဓေါဒယချောင်ဆရာကြီး ဒေါ်မာလာရီ၏**
**နှစ်ကိုးဆယ်ကျော် ဘဝခရီးမှ)**



# စာဖတ်သူသို့

လွန်ခဲ့သည့်နှစ် ပြာသိုလပြည့်ကျော် ၈ ရက်နေ့တွင် ဖြစ်သည်။ စာရေးသူသည် ဆေးရုံမှ ဆင်းလာစ ကျန်းမာရေးအတွက် အနားယူလျက် ရှိသည်။ ထိုစဉ် **ရွှေဟင်္သာဆရာတော်**သည် စာရေးသူ၏ ကျန်းမာရေး အခြေအနေကို မေးမြန်းရန် ညနေချိန်တွင် ကြွလာပါသည်။ ဆရာတော်သည် ကျန်းမာရေး အခြေအနေကို မေးမြန်းပြီး ပြန်ကြွခါနီးတွင် ဤသို့ အမိန့်ရှိသွားပါသည်။

“စာမချသေးဘဲ ကျန်းမာရေးအတွက် အနားယူနေတုန်းမှာ စာအုပ်လေးတစ်အုပ်လောက် ရေးဖို့ ကောင်းတယ်။ ခု သမိဒ္ဓေါချောင်ဆရာကြီး အသက်ကိုးဆယ်ကျော်သွားပြီ၊ ချောင်ဆရာကြီးရဲ့ အတ္ထုပ္ပတ္တိလေးတစ်ခု ရှိသင့်တယ်၊ အတ္ထုပ္ပတ္တိဆိုတာ အသက်ရှိနေတုန်းရေးရမှ အချက်အလက်ပြည့်စုံပြီး မှန်ကန်တိကျမှု ရှိနိုင်တယ်၊ အဲဒါ ဦးနန္ဒမာလာကြိုးစားရင် ဖြစ်နိုင်ပါတယ်”။

ရွှေဟင်္သာဆရာတော်သည် ကျမ်းပေါင်းများစွာကို ရေးသားပြုစုခဲ့သော ပြုစုလျက်ရှိသော ဆရာတော်တစ်ပါးဖြစ်ကြောင်း အများသိပြီးဖြစ်သည်၊

ဆရာတော်၏ ကျမ်းစာများတွင် **ရွှေဟင်္သာတောရသမိုင်း, ထွဋ်ခေါင်ဆရာတော် အတ္ထုပ္ပတ္တိ, ရွှေကျင်-နိကာယသာသနာဝင်** စသော အတ္ထုပ္ပတ္တိစာပေများစွာ ပါဝင်ပါသည်။ ထိုအတ္ထုပ္ပတ္တိစာပေများကို ပြုစုခဲ့စဉ်က အတွေ့အကြုံအရ ဆရာတော်၏ သတိပေးချက်မှာ မှန်ကန်သည့်အပြင် များစွာပင် အဖိုးတန်လှ ပါသည်။

"တပည့်တော် အတတ်နိုင်ဆုံး ကြိုးစားပါမည်" ဟု ဆရာတော်အား ဝန်ခံလိုက်ပါသည်။ တပိုတွဲလဆန်းစတွင် အလုပ်စပါသည်။ ထိုအချိန်က အတ္ထုပ္ပတ္တိရှင်ဖြစ်သည့် သမိဒ္ဓေါချောင်ဆရာကြီးနှင့် သိက္ခမ်းရင်းနှီးပြီး ဖြစ်သော သမိဒ္ဓေါချောင်ဆရာကြီး **ဒေါ်ကဥ္စနာ**နှင့် ဦးစွာ ဆက်သွယ်ရပါ သည်။ ၎င်းမှ တဆင့် ချောင်ဆရာကြီးထံ သွားရောက်တွေ့ဆုံပါသည်။

ချောင်ဆရာကြီးနှင့် တွေ့ဆုံ၍ စကားပြောမိသောအခါ ဆရာကြီး၏ ယဉ်ကျေးဖွယ်ရာသော ပြောဟန်ဆိုဟန်မှတဆင့် အတွင်းစိတ်ဓာတ်ကိုပါ အကဲခတ်ခွင့် ရခဲ့ပါသည်။ သူတော်စင်ပီသမှု၊ မေတ္တာ ကရုဏာ ကြီးမားမှုတို့မှာ အရှင်းသား ပေါ်လာပါသည်။ ထိုအချက်များက အတ္ထုပ္ပတ္တိပြုစုရန် တိုက်တွန်း နေသလို ရှိပြန်ပါသည်။

ချောင်ဆရာကြီးသည် အမှန်အားဖြင့် သူ၏အတ္ထုပ္ပတ္တိကို မရေးစေချင် ပါ၊ ဂုဏ်ပကာသနအလုပ်ဟု ယူဆပြီး ငြင်းဆန်နေပါသည်။ သို့ရာတွင် "ဤအတ္ထုပ္ပတ္တိသည် ဆရာကြီး၏ ဂုဏ်ပကာသနအတွက် မဟုတ်ပါ၊ ဆရာကြီး ၏ ကျင့်စဉ်ကို သိရှိကြည်ညိုပြီး လိုက်နာသူများမှာ ဆရာကြီးနည်းတူ ကုသိုလ် တရား ပွားများနိုင်ရန်အတွက်ပါ" ဟု ရှင်းပြသောအခါမှသာ အလွယ်တကူ လက်ခံပါသည်။

ထို့နောက် အတ္ထုပ္ပတ္တိလုပ်ငန်းကို စခဲ့ပါသည်။ သိလိုသော အချက် အလက်တို့ကို အပိုင်းများစွာခွဲ၍ မေးမြန်းပါသည်။ ချောင်ဆရာကြီးသည် အလွန်မှတ်ဉာဏ်ကောင်းသည်။ အချို့ အကြောင်းအရာများကို ရက်စွဲအတိ အကျဖြင့် ပြောနိုင်သည်ကို တွေ့ရပါသည်။ စာရေးသူသည် ချောင်ဆရာကြီးနှင့် အကြိမ်ပေါင်း ၃၀ ကျော် သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေးမြန်းသဖြင့် ချောင်ဆရာကြီး ပြောပြသောအချက်အလက်များ စပ်မိစပ်ရာပြောရင်း ပါဝင်သော အချက်အလက်များ, စပ်နွယ်ရာ စာအုပ်စာတမ်းများမှ ထုတ်နှုတ်ယူရသော အချက်အလက်များကို စုပေါင်းပြီး ဤအတ္ထုပ္ပတ္တိကျမ်းကို ပြုစုပါသည်။

ဤအတ္ထုပ္ပတ္တိကို ပြုစုရာ၌ ချောင်ဆရာကြီးနှင့် စာရေးသူတို့ အပေးအယူ လုပ်ကြရပါသည်။ ချောင်ဆရာကြီးက ကုန်ကြမ်းပေး၍ စာရေးသူက ကုန်ချောထုတ်ခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ ဤအတ္ထုပ္ပတ္တိကို ပြုစုရာတွင် ချောင်ဆရာကြီးကိုယ်တိုင် ပါဝင်နေသည့်အတွက် ဤအတ္ထုပ္ပတ္တိသည် ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိသဖွယ်ပင် ဖြစ်နေပါသည်။

ဤအတ္ထုပ္ပတ္တိရှင် ချောင်ဆရာကြီးကို သီပေါမင်းမပါမီ ၅ နှစ်အလိုတွင် အင်္ဂလိပ်တို့အုပ်စိုးရာ အောက်မြန်မာနိုင်ငံ၌ ဖွားမြင်ခဲ့ပါသည်။ ချောင်ဆရာကြီးသည် ခေတ်အမျိုးမျိုးကို ဖြတ်ကျော်လာခဲ့ရသည်။ ရှည်လျားသော နှစ်ကိုးဆယ်ကျော်ဘဝခရီးကို လျှောက်ခဲ့ရသည်။ ဘဝခရီးဝယ် လူတိုင်းတွေ့ကြုံကြရသော အမှောင်အလင်းတို့ကို မရှောင်ကွင်းနိုင်ခဲ့ပါချေ။ အနိမ့်အမြင့် အတက်အဆင်း ခလုတ်ကန်သင်းတို့နှင့်လည်း ကြုံတွေ့ရသည်သာ ဖြစ်ပါသည်။ သို့ရာတွင် ချောင်ဆရာကြီး၏ ဘဝခရီးကား ရှည်လျားသလောက် အကွေ့အကောက် နည်းပါးလှပါသည်။

အတ္ထုပ္ပတ္တိရှင်မှာ သူတော်စင်သီလရှင်ကြီးတစ်ဦးဖြစ်၍ ဤအတ္ထုပ္ပတ္တိကို သူတော်စင်ရှုထောင့်မှ တင်ပြထားပါသည်။ ထိုသို့တင်ပြရာ၌ အတ္ထုပ္ပတ္တိစာပေ၏ အသက်ဖြစ်သည့် အချက်အလက် မှန်ကန်တိကျမှုကို ဦးစားပေးထားပါသည်။ ဂုဏ်မြောက်အောင် တမင်ချဲ့ထွင်ရေးသားခြင်းမျိုး၊ တဖက်ကို နှိမ်ချခြင်းမျိုးတို့ကို အတတ်နိုင်ဆုံး ရှောင်ထားပါသည်။ ချောင်ဆရာကြီး၏ စွမ်းဆောင်ချက်များကို တင်ပြသကဲ့သို့ပင် ပျော့ကွက် ဟာကွက် အားနည်းချက်တို့ကိုလည်း မထိမ်မဝှက် တင်ဆက်ထားပါသည်။

"အတ္ထုပ္ပတ္တိစာပေသည် ဖတ်ရှုစရာ **စာပေများ**တွင် ဖတ်ပျော်ဖွယ်အရှိဆုံးနှင့် အကျိုးအမြတ်အရှိဆုံးဖြစ်သည်" ဟု ကမ္ဘာကျော်စာရေးဆရာကြီး

**သောမတ်ကာလိုင်း T.Carlyle** က ဆိုပါသည်။ ဤအတ္ထုပ္ပတ္တိကို ဖတ်ရှုရာ၌ ကာလိုင်း၏ အဆိုအတိုင်း ဖတ်ပျော်ဖွယ်နှင့် အကျိုးအမြတ် ရှိ၊ မရှိကား စာဖတ်သူများ၏ အဆုံးအဖြတ်အတိုင်းသာ ဖြစ်ပါလိမ့်မည်။

**အရှင်နန္ဒမာလာဘိဝံသ**
**မဟာသုဓောဓာရုံတိုက်၊ စစ်ကိုင်းမြို့**
**၁၃၃၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော်(၁)ရက်**

**(သမိဒ္ဓေါဒယချောင် ဆရာကြီး ဒေါ်မာလာရီ၏ နှစ် ၉၀ ကျော် ဘဝခရီးမှ)**



# ဘဝအတွေ့ ဘဝအမြင်
## အမှာစကား

**ကိုမာလာ**

စာအုပ်နာမည်ကို **“ဘဝအတွေ့ ဘဝအမြင်”**လို့ဘဲ တပ်လိုက်တယ်၊ ကိုယ်တွေ့ ကြုံ၊ မြင်၊ သိရသမျှ တင်ပြတဲ့ စာသဘောမျိုးပေါ့၊ နာမည်ကြိုက်ရဲ့လား၊ မကြိုက်သေးလဲ ရှာပီး တပ်ပေးပါအုံး၊ “ရည်ညွှန်းချက်”လို့ ဖော်ပြပြီး ရေးထားတဲ့ စာသားတွေ မကြိုက်လဲ ပြင်ပါ။ ပီးတော့ ဖူးစကက် ၂ မျက်နှာခန့် “အမှာစာ” လေးလဲ ထပ်ဆင့် ချီးမြှင့်ပေးပါအုံး၊ အချိန်ရရင် ဆောင်းပါးတွေလဲ စုံအောင်ဖတ်ပြီး ပြင်ဆင်ပေးပါ။

**မေတ္တာဖြင့်**
**မဟော (ဝေဇယန္တာ)**

အထက်ပါ စာကလေးနှင့် အတူ **“ဘဝအတွေ့ ဘဝအမြင်”** စာမူတခု ရောက်လာပါသည်။ မိမိ ဖတ်လက်စစာအုပ်ကို ဘေးချပြီး ချက်ချင်းပင်

ကောက်ဖတ်မိသည်။ စာအုပ်အဖွင့် နိဒါန်းဖြစ်သည့် **"ရည်ညွှန်းချက်"**မှစ၍ ဖတ်ကြည့်ရာ ဖတ်ကောင်းကောင်း ရှိသည်နှင့် ဆုံးမှပင် လက်မှ ချမိတော့သည်။

**အရှင်မဟောသဓ**၏ ဆောင်းပါးများကို မေ့ဗျူဟာ စာစောင်များတွင် မကြာခဏ တွေ့ရသည်။ သို့ရာတွင် များများစားစား မဖတ်ဖူးဘဲ လေးငါးပုဒ်ခန့်သာ ဖတ်ဖူးပါသည်။ ဖတ်မိသမျှတွင် သူလက်လှမ်းမီရာ ဘဝအတွေ့အကြုံများကို အဖြူထည်ထား၍ သူ၏စာဖတ်အား, စာမှတ်အားဖြင့် ရရှိစုဆောင်းထားသော ပညာရှိများ၏ စာ၊ စကားများဖြင့် ထိတို့ခြယ်မှုန်းထားသည်ကို တွေ့ရပါသည်။

**အရှင်မဟောသဓ**၏ ရေးသားချက်များမှာ ပညာပေးနှင့် ပညာပေးဆန်ဆန်တွေသာ များပေသည်။ "ပညာပေး"များသည် အများအားဖြင့် အကြောင်းအရာလေးတွဲ့၍ ပျင်းရိစဖွယ်တွေ ဖြစ်နေတတ်သည်။ ပါဠိချည်းရွတ်၍ အတုံးလိုက်အတစ်လိုက် ဟောသော မေ့ကထိက၏ တရားကို နာရသည်နှင့် တူလှပေသည်။ ခါးလဲပူ နားလဲပူ ဆိုသကဲ့သို့ပင် မျက်စိလည်း ညောင်း၊ ဇက်လည်း ညောင်းစရာ ဖြစ်နေတတ်ပေသည်။

**အရှင်မဟောသဓ**၏ ပညာပေးစာများကား "အများအားဖြင့်"ထဲက မဟုတ်၊ အရေးအသားကျွမ်းကျင်၍ သွက်သည်၊ အကိုင်အတွယ်ပါးနပ်၍ ပညာပေးမှန်းမသိ ပေးသွားသည့် ပညာပေးစာများ ဖြစ်သည်။ သူ၏ဘဝ အတွေ့အကြုံများကို တင်ပြသလိုလိုဖြင့် ပညာပေးစကားများကို တို့ထိသွားလေသည်။ ပုံပြောကောင်းသူ၏ ပုံပြင်ကို နားဆင်ရသလို ပျော်လည်း ပျော်ရွှင်၊ အတွေးအမြင်ပညာလည်း ရရှိနိုင်ပေသည်။

**အရှင်မဟောသဓ**၏ အရေးအသားများမှာ ဖတ်ချင်စဖွယ် ကောင်းသလို မှတ်ချင်စဖွယ် အကြောင်းကလေးများလည်း ပြည့်နှက်လျက် ရှိသည်။ မေ့ဗျူဟာစာစောင်ကို လစဉ်ဖတ်လေ့ရှိသော ဆရာတော်ကြီးတပါးက "ဒို့ ဒီပြင် ဆောင်းပါးတွေတော့ တခေါက်လောက်ဘဲ ဖတ်တယ်။ အရှင်မဟောသဓဆောင်းပါးတွေတော့ ၂-ခေါက် ၃-ခေါက် ထပ်ဖတ်ဖြစ်တယ်။

သူ့ဆောင်းပါးတွေက မှတ်ချင်စရာလေးတွေ ပါသကွဲ့.” ဟု အမိန့်ရှိဖူးသည်။

စာရေးကောင်းတို့မည်သည် လူတိုင်းသိ၍ ရိုးအီနေသော အကြောင်းအရာကိုပင် ဆန်းသစ်လာအောင်၊ အအီပြေ၍ အရသာတွေ့လာအောင် ရေးချွတ်တင်ပြတတ်လေ၏။ အရှင်မဟောသမမှာ အဆိုပါ အရည်အချင်းမျိုးတွေ့ရ၏။ ဓမ္မဗျူဟာစာစောင်တွင် အမြဲတမ်း ပါဝင်ရေးသားနေသော ဆရာတော်တပါးက “ဒို့ကတော့ ဝက်သားမှ ကောင်းအောင် ချက်တတ်တာ၊ အရှင်မဟောသမကတော့ ချဉ်ပေါင်ရွက်ကိုလဲ ကောင်းအောင် ချက်တတ်ပါပေတယ်” ဟု ချီးကျူးစကား ပြောကြားသည်ကို ကြားသိလိုက်ရဖူးသည်။

မည်သို့မည်ရှိစေ၊ အရှင်မဟောသမကား စာရေးကောင်းသလို စာရေးအားလည်း ကောင်းသူ ဖြစ်သည်။ ဓမ္မဗျူဟာစာစောင်တွင် **“အရှင်မဟော်သမပဏ္ဍိတ”** ဟူသော အမည်ရင်းဖြင့်လည်းကောင်း၊ **‘ဓမ္မာစရိယ မင်းရှိန်’**၊ **‘မောင်မြင့်မြတ်စိုး’**ဟူသော ကလောင်အမည်များဖြင့်လည်းကောင်း၊ ဆောင်းပါးများ၊ ဝတ္ထုတိုလေးများ ပါဝင်ရေးသားခဲ့၍ ရေးသားဆဲလည်း ဖြစ်သည်။

လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာတွင် **“စစ်ကိုင်း မင်းရှိန်”**အမည်ဖြင့် “အားနှင့် ကို၊ နှစ်ပေါင်းသုံးရာကျော်မှ ပေစာများ၊ အတ္ထုပ္ပတ္တိ စာပေအတွက် ဖြည့်ကွက်တစ်ခု၊ ဘုရားနီကြီးမှ လက္ခဏာများ၊ နှစ်ပေါင်းရှစ်ဆယ်ကျော်က သတင်းစာ” စသော ဆောင်းပါးများ၊ ဟံသာဝတီ သတင်းစာတွင် “ဦးပုည သတ်ပုံပေမူ၊ ဤကျမ်း ၂ စောင်၊ ဝေမှိုင်းဟန်ချီ၊ ဆေးကျမ်းတစောင်”စသော ဆောင်းပါးများ၊ မြဝတီမဂ္ဂဇင်းတွင် “ယမားသို့ပြန်ကြားချက်” စသော ကဗျာများကို ရေးသားခဲ့ပေသည်။

ယခုတဖန် **“ဘဝအတွေ့ ဘဝအမြင်”** ဟူသောအမည်ဖြင့် ဓမ္မဗျူဟာစာစောင်တွင် ရေးသားခဲ့သော သင့်နိုးရာရာ ဆောင်းပါး(၂၉)ပုဒ်ကို ရွေးချယ်စုစည်းပြီး စာဖတ်သူများလက်သို့ တင်ဆက်လိုက်ပြန်ပါသည်။ ဓမ္မဗျူဟာစာဖတ်ပရိသတ်အနေဖြင့် အရှင်မဟောသမ၏ ဆောင်းပါးများကို တစုတည်းပြန်လည် ဖတ်ရှုနိုင်ကြမည်ဖြစ်၍ ဝမ်းမြောက်ရွှင်မြူး ကြည်နူးကြလိမ့်မည်

ထင်ပါသည်။ ဓမ္မဗျူဟာနှင့် အတန်ငယ် စိမ်းနေသေးသော စာဖတ်သူများ အနေဖြင့်မူ **“စာသစ်ပေသစ်”**ကို မြည်းစမ်းကြည့်နိုင်မည် ဖြစ်ပါသည်။

‘ဆီမီးတခိုင် ဖယောင်းတတိုင်မျှလောက်သော ဉာဏ်အလင်းကို ညွှန်ပြပေးနိုင်သည်ဆိုပါက ဤစာရေးရကျိုး နပ်ပါပြီ’ဟု **အရှင်မဟောသဓက** အဆိုပြုထားပါသည်။ စာပေဖတ်၍ ဘဝနှင့်ဟပ်ကာ လက်တွေ့အသုံး ချတတ်သူတို့အဖို့ ဖယောင်းတတိုင်အလင်းသည်ပင် ဘဝခရီးအတွက် လိုအပ်သော အလင်း ဖြစ်နိုင်ပါသည်။

**အရှင်နန္ဒမာလာဘိဝံသ**
**မဟာသုဗောဓာရုံတိုက်၊ စစ်ကိုင်းမြို့**
**၁၃၃၈-ခု၊ ဝါဆိုလဆန်း(၈)ရက်နေ့**

**(စစ်ကိုင်းတောင်ရိုး၊ ဝေဇယန္တာကျောင်းတိုက်၊ အရှင်မဟောသဓပဏ္ဍိတရေး ‘ဘဝအတွေ့ ဘဝအမြင်’ စာအုပ် နိဒါန်းမှ)**



# ‘သုတ္တနိပါတ ပါဠိတော်သင်ပုန်း’ စာသင်သားများသို့

မြန်မာပြည် ပါဠိစာသင်သားများနှင့် အရင်းနှီးဆုံး ပါဠိသဒ္ဒါကျမ်းမှာ သဒ္ဒါကြီးခေါ် **ကစ္စည်းကျမ်း** ဖြစ်ပေသည်။ ကစ္စည်းကျမ်းသည် ပါဠိသဒ္ဒါကျမ်းများတွင် ရှေးကျဆုံးကျမ်းတတိကျမ်းဖြစ်သည့်အပြင် အဖွင့်ဋီကာ, နိဿယစသည် စုံလင်၍ သင်ယူရန် အလွယ်ကူဆုံးကျမ်းလည်း ဖြစ်သည်။ ထို့ပြင် ကစ္စည်းသုတ်များမှာ အရေးသားချောညက်ပြီး ကျက်လွယ်မှတ်လွယ်ရှိသဖြင့် အချိန်ကြာမြင့်စွာကပင် စာသင်သားများနှင့် ရင်းနှီး ဝင်ဆန့်ခဲ့ပေသည်။

ကစ္စည်းကျမ်း၌ အစောင် ရှစ်စောင်ရှိ၍ သုတ်ပေါင်း ၆၇၃ သုတ် ပါဝင်သည်။ ဤသုတ် အရေအတွက်မှာ မျက်မှောက်ခေတ် ကစ္စည်းကျမ်း၏ အရေအတွက် ဖြစ်သည်။ မူလရေးသားစဉ်က သုတ်ပေါင်းမည်မျှရှိကြောင်း အတိအကျ ပြောဆိုရန်မူ ခက်သည်။ န္ယာသကျမ်းဆရာတို့ လက်ထက်၌ သုတ်ပေါင်း ၇၀၇-သုတ်ရှိကြောင်း န္ယာသကျမ်း၏ အဆိုအမိန့်အရ သိနိုင်ပေသည်။ သို့ရာတွင် န္ယာသကျမ်းဆရာက **“ယေဗ္ဗာ ဝုတ္တာနယေန သိဇ္ဈနတော နိရတ္ထက မေဝိဒံ၊ န စေသော ပုရိမပါဌော။”**(၂၃၃-သုတ်)။ **အနန္တရသုတ္တေ**

**တုဋ္ဌဟာဏောနေ၀ သိဗ္ဗနတော နိရုတ္တကာ စေတော၊ န စေတော ပုရိမပါဌာ။** (၂၄၃-သုတ်) **န စေတံ ပေါရာဏကသုတ္တံ။** (၂၈၅-ခ-သုတ်)။ စသည် အကြောင်းပြ၍ သုတ်ပေါင်း ၃၅-သုတ် ပယ်နှုတ်ခဲ့လေသည်။

ကစ္စည်းသုတ်စဉ်ကို မပြည့်စုံဟု အထင်ရှိသော ပုဂ္ဂိုလ်များက **"သုဒ္ဓတ္တ၊ ကိသီ၀, နိရုတ္တိ, မဟာနိရုတ္တိ"** ကျမ်းများမှ အချို့ သုတ်များကို ကစ္စည်းကျမ်း၌ ထည့်သွင်းခဲ့ကြောင်း၊ ရှေးဟောင်း မူသန့် ကစ္စည်းကျမ်းစာအုပ်များ၌ ၎င်းသုတ်များ မပါဟု ကြားဘူးကြောင်း မိန့်ဆိုပြီးလျှင် ဤကျမ်း(န္ယာသ)၌ အပိုဟု ပြထားသော သုတ်များကို နှမြောတွယ်တာမနေမူ၍ မူရင်းကျကျ သုတ်များ၌သာ အလေးထားသင့်ကြောင်း (၂၈၃-ခ-သုတ်) န္ယာသဆရာက သတိပေးစကား ရေးသားခဲ့လေသည်။

ရုပ်ပြီးမှုကို ရှေ့တန်းတင်၍ အစီအစဉ်တမျိုးဖြင့် ကစ္စည်းကျမ်းကို ဖွင့်ဆိုသောကျမ်းမှာ ပဒရူပသိဒ္ဓိကျမ်း ဖြစ်သည်။ ၎င်းကျမ်း၌ န္ယာသဆရာက အပိုဟု ညွှန်ပြထားသော သုတ်များမှ **'ဩဘာဝေါ ကွစိ ယောသု ဝကာရဿ, ဘ၀န္တဿ(ဘဒန္တဿ) ဘဒ္ဒန္တဘဒ္ဒေ, ဧ တောထေသု စ'**-ဟူသော ၃-သုတ်ကို ပြန်လည် နေရာပေးခဲ့လေသည်။ န္ယာသဆရာ လက်ခံထားသောနာမ်မှ **'သော ဝါ'၊ 'ကာလေ'၊ တဒ္ဓိတ်မှ 'အဋ္ဌေ နိဂ္ဂဟီတဉ္စ'၊ ဥဏာဒ်မှ 'အရဟသက္ကာဒီဟိ တုံ'၊ 'သဇာနံ ကဂါ ဏာနုဗန္ဓေ'**-ဟူသော ၅-သုတ်ကိုမူ ဖြုတ်ပစ်ခဲ့လေသည်၊ သို့ဖြစ်၍ ပဒရူပသိဒ္ဓိ၌ သုတ်ပေါင်း ၆၇၀-သာ ရှိသည်။ သို့ရာတွင် ယနေ့ ကစ္စည်းကျမ်း၌မူ သုတ်ပေါင်း ၆၇၃-သုတ်သည် အတည်ဖြစ်လျက် ရှိ၏။

မြန်မာပြည် အစိုးရပထမပြန်စာမေးပွဲများ၌ ကစ္စည်းကျမ်းကို ဘာသာတရပ်အဖြစ် ပြဌာန်းထားသဖြင့် စာသင်သားများသည် ကစ္စည်းကျမ်းကို လက်စွဲပြု၍ သင်ယူကြရ၏။ **ပဌမ** - သုတ်စဉ် ဝုတ္တိ, ဥဒါဟရဏ်ပါဠိများကို အရကျက်မှတ်ကြရသည်၊ **ဒုတိယ** - စာချဘုန်းကြီးများ ပို့ချပေးသော နိဿယနက်ကို လိုက်ဆိုတေးမှတ်၍ ရုပ်တွက်ကြရသည်၊ **တတိယ** - အဖွင့်ကျမ်းများလာ ခက်ဆစ်အဓိပ္ပါယ်ကို မှတ်သားကြရသည်။ ဤနည်းမှာ

ရှေးခေတ်မှစ၍ ယနေ့တိုင် အသုံးများလျက်ရှိသော နည်းဖြစ်သည်။ ခက်ခဲ၍ အချိန်ကုန်လူပန်းပြီး ၂-နှစ် ၃-နှစ်သင်မှ အခြေဖြစ်ရုံသာ ရှိသည်။

သို့ဖြစ်၍ ခေတ်အဆက်ဆက်မှ ဆရာတော်ကြီးများသည် ကစ္စည်းကျမ်းကို အချိန်အနည်းငယ်အတွင်း အလွယ်တကူ သင်ယူတတ်မြောက်နိုင်မည့် နည်းကောင်းများကို ရှာဖွေ တီထွင်လျက် ကစ္စည်းအခြေခံသဒ္ဒါကျမ်းအမျိုးမျိုးကို ရေးသားပြုစုတော်မူခဲ့ကြပေသည်။ ထိုကျမ်းများသည် စာသင်သားများအား များစွာ ကျေးဇူးပြုလျက် ရှိပေသည်။

ဤသုဗောဓကသဒ္ဒါကျမ်းသည်လည်း စာသင်သားများအား ကျေးဇူးပြုလျက်ရှိသော ကစ္စည်းအခြေခံ သဒ္ဒါကျမ်းများတွင် တကျမ်းအပါဝင် ဖြစ်ပါလိမ့်မည်။ ဤကျမ်းကို ပြုစုသောပုဂ္ဂိုလ်မှာ အမှာစာရေးသူ၏ ဆရာရင်းနောင်တော်ရင်းဖြစ်သူ စစ်ကိုင်းမြို့၊ မဟာသုဗောဓာရုံတိုက် နာယကဆရာတော် **(အရှင်နာရဒ- သာသနဓဇသိရီပဝရဓမ္မာစရိယ)** ဖြစ်ပါသည်။ ဤကျမ်းကို ၁၃၂၂ ခုနှစ်တွင် ရေးသားပြုစုခဲ့ပါသည်။ စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေရန် ရည်ရွယ်ချက်မရှိသဖြင့် ၁၈-နှစ်လုံးလုံး လက်ရေးမူဖြင့်သာ စာသင်သားများအကြား လှုပ်ရှား ပြန့်ပွားခဲ့ရပါသည်။

သို့ရာတွင် မူလလက်ရေးမူမှ ကူးယူသောမူ, ထပ်ဆင့် ကူးယူကြသောမူများမှာ ချွတ်ချော်တိမ်းပါးမှု များပြားလာခြင်း, ကျက်မှတ်လေ့လာသူ စာသင်သားများအဖို့ ကူးယူနေရသဖြင့် နှောင့်နှေးကြန့်ကြာခြင်း, လက်ရေးမူဖြစ်နေ၍ ပြန့်ပွားသင့်သလောက် မပြန့်ပွားခြင်း, လေ့လာဘူးသူ, ရင်းနှီးသူများက ပုံနှိပ်ရန် တိုက်တွန်းခြင်းစသော အကြောင်းများကြောင့် မဟာသုဗောဓာရုံတိုက် ဂဏဝါစကများက ပုံနှိပ်စာအုပ်အဖြစ် ရောက်ရန် ကြိုးပမ်းကြပါသည်၊ သို့ဖြစ်၍ ဤကျမ်းစာသည် ၁၈ -နှစ်လုံးလုံး လက်ရေးမူဘဝတွင် လှုပ်ရှားပြန့်ပွားခဲ့ပြီးနောက် ယခုအခါတွင် ပုံနှိပ်မူ အဖြစ်သို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်ပါသည်။

ဤကျမ်းသည် ကစ္စည်းကျမ်းလာ သုတ်ပေါင်း ၆၇၃ သုတ်ကို သုတ်နက်၊ ပြယုဂ်၊ မှတ်ချက်လင်္ကာတို့ဖြင့် ဖြည့်တင်းထားသဖြင့် လုံလောက်သော သဒ္ဒါအခြေခံကို ပေးနိုင်ပါလိမ့်မည်။

ကျက်မှတ်လေ့လာကြမည့် စာသင်သားများ အခက်အခဲ နည်းနိုင်သမျှ နည်းစေရန် မလိုအပ်သောသုတ်များ၌ ပြယုဂ်များကို မထုတ်ဘဲ လိုအပ်သောသုတ်များ၌သာ အပြည့်အစုံ ထုတ်ပြခြင်း၊ ဝိဓိသုံးပါးပြယုဂ်များကို စနစ်တကျ ဖော်ပြခြင်း၊ စ, ပိ, ဝါ, သဒ္ဒါလွန်, ယောဂဝိဘာဂဖြင့် ပြီးစေအပ်သော ပြယုဂ်များကို ကစ္စည်းဝုတ္တိ, ရူပသိဒ္ဓိတို့နှင့်အညီ ညွှန်ပြခြင်း၊ သုတ်အင်္ဂါသိရုံမျှသာ အကျိုးရှိသည့် ကွစိ, ဝါ, နဝါ, ဝိဘာသာတို့ဖြင့် ပြအပ်သော ကိုးရပ်များကို ချန်လှပ်ထားခြင်း၊ ရူပသိဒ္ဓိကျမ်းလာ ခက်ဆစ်အဓိပ္ပါယ်များကို ကျက်လွယ် မှတ်လွယ် လက်ာသွယ်၍ ထည့်သွင်းဖော်ပြထားခြင်းကြောင့် အချိန်အနည်းငယ်အတွင်းမှာပင် သဒ္ဒါအခြေ ဖြစ်စေရုံမျှမက ပဌမပြန်စာမေးပွဲများအတွက်လည်း များစွာ အထောက်အကူ ဖြစ်စေပါလိမ့်မည်။

သဒ္ဒါသင်ယူစ စာသင်သားများအဘို့ ပုဒ်စပ်, ပုဒ်ဖြတ်, ဓာတ်, ပစ္စည်း, ဝိဘတ် ခွဲတတ်ရန်ပင် ခက်ခဲပေသည်၊ ဤကျမ်း၌မူ ပုဒ်စပ်, ပုဒ်ဖြတ်, ဓာတ်, ပစ္စည်း, ဝိဘတ် ခွဲပုံကို ပြထားသဖြင့် စာသင်သားများအတွက် အခက်အခဲတွေ များစွာ လျော့သွားပေလိမ့်မည်။ အချုပ်အားဖြင့် ဤကျမ်းကို ကျက်မှတ်သင်ယူကြသော စာသင်သားများမှာ "**သင်ရင်း အံ့ရင်း၊ လေ့လာရင်းပင်၊ ရှင်းကာလင်းကာ၊ သိလွယ်ပါသည့်၊ သညာနန္ဒာ၊ သုဗောဓကေဟု ခေါ်ဆိုရသော**"ဟု ဆိုသည့်အတိုင်းပင် သင်ရင်း အံ့ရင်း လေ့လာရင်းပင် သဒ္ဒါဉာဏ်ပွင့်လင်းသွားလိမ့်မည်ဟု ယုံကြည်မိပါသည်။

**အရှင်နန္ဒမာလာဘိဝံသ**
**သ၊ စ၊ အ ဓမ္မာစရိယ၊ ပါဠိပါရဂူ**
**၁၃၃၉ ခု၊ ကဆုန်လဆန်း ၅ ရက်။**
**မဟာသုဗောဓာရုံတိုက်၊ စစ်ကိုင်းမြို့။**

**(သုဗောဓကေသဒ္ဒါကျမ်းမှ)**



# စစ်ကိုင်းတောင်ရိုး၊ ဝိပဿနာဝိနည်းပြန်ဌာန နှစ် ၅၀ ပြည့် အထိမ်းအမှတ်စာစောင်

## အမှာစကား

၁၃၃၉ ခုနှစ် တော်သလင်းလဆန်း ၃ ရက်နေ့တွင် စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံ ဝိပဿနာကမ္မဋ္ဌာန်းတိုက်၌ ဝိနည်းစာတော်ပြန်ပွဲကြီး၏ နှစ် ၅၀ ပြည့် ပူဇော်ပွဲ ကျင်းပရေး သံဃာ့အစည်းအဝေး ပြုလုပ်ခဲ့ပါသည်။

ထိုအစည်းအဝေးက စာရေးသူတို့အား **"နှစ် ၅၀ ပြည့် ဝိနည်းစာပြန်ပွဲ"** မှတ်တမ်းစာစောင်ကို ရေးသားပြုစုရန် တာဝန်ပေးခဲ့ပါသည်။ ထိုတာဝန်ကို ထမ်းဆောင်သောအားဖြင့် ဤစာစောင်ကို ရေးသားပြုစုရခြင်း ဖြစ်ပါသည်။

နှစ် ၅၀ ပြည့် ဝိနည်းစာပြန်ပွဲကြီး ဆင်ယင်ကျင်းပပုံကို ခရေစေ့တွင်းကျ လုံးစေ့ပတ်စေ့ မဟုတ်သော်လည်း အတော်အသင့် စုံလင်အောင်မှု မှတ်တမ်းတင်ထားကြပါသည်။ ဝိနည်းစာပြန်ပွဲကြီး၏ အတိတ်သမိုင်းကြောင်းကိုကား တိကျသော မှတ်တမ်းများ မရရှိနိုင်သဖြင့် ရေးရေးမြင်ရရုံ ခပ်မှုံမှုံမျှသာ တင်ပြနိုင်ကြပါသည်။

သက်တော် ၉၃ နှစ်ရှိ ကောဒသမ **ရွှေကျင်သာသနာပိုင် ဆရာတော်ကြီး**၏ 'ကိုယ့်သီလကို မမေ့ကြနဲ့'ဟူသော ဩဝါဒတော်ကိုလည်းကောင်း၊ တွဲဖက် ရွှေကျင်သာသနာပိုင် **ပိုက်ကျိုးဆရာတော်**၏ 'ဆရာဒကာ လက်တွဲကြလျှင်'ဟူသော ဩဝါဒတော်ကိုလည်းကောင်း၊ ဝိနည်းပြန်ဌာန မဟာနာယက **ဝိဇိတာရုံဆရာတော်**၏ 'ဓမ္မေ ဒါနံ ဒဒန္တိ နာမ' ဟူသော ဩဝါဒတော်ကိုလည်းကောင်း၊ ဝိနည်းပြန်ဌာန တာဝန်ခံနာယက **ဝိပဿနာ ဆရာတော်**၏ ရေစက်ချဩဝါဒတရားတော်ကိုလည်းကောင်း ကက်ဆက်ဖြင့် ကူးယူထားသည့်အတိုင်း ဤစာစောင်တွင် မှတ်တမ်းတင်ထားကြပါသည်။

အခမ်းအနားဖွင့် ဂါထာကို **မဟာသုဗောဓာရုံဆရာတော်** ရေးသားဖတ်ကြားပါသည်။ မန္တလေး ဝိသုဒ္ဓါရုံ **ဇယမေဒနီဆရာတော်** ဖတ်ကြားသော **'နှစ် ၅၀ ပြည့် ဝိနည်းစာပြန်ပွဲ စာတမ်း'**ကို စစ်ကိုင်း ရတနာမာရ်အောင် အရှင်ပြဟ္မဝံသ ရေးသား၍ ကျစ္စာ **အရှင်လက္ခဏ, သုဗောဓာရုံ အရှင်နန္ဒမာလာ ဘိဝံသ**တို့က အကူအညီပေးကြပါသည်။

စစ်ကိုင်း ရွှေဥမင် **အရှင်ဉာဏဝရ** ဖတ်ကြားသော 'ဝိနယထုတိ ဂါထာများ' ကို မန္တလေး ဝိသုဒ္ဓါရုံ မင်္ဂလာဗိမာန် ဆရာတော် **အရှင်ပညာသိရီဘိဝံသ** ရေးသားပါသည်။ နှစ် ၅၀ ပြည့် ဝိနည်းစာပြန်ပွဲ၏ 'ဝိနယသင်္ဂါယနာ အမေး အဖြေ'ကို မန္တလေး ဝိဇိတာရုံ တိုက်အုပ် **အရှင်ဝိစာရိန္ဒ**နှင့် မင်္ဂလာဗိမာန် **အရှင်ပညာသိရီဘိဝံသ**တို့ ရေးသားဖတ်ကြားပါသည်။

နှစ် ၅၀ ပြည့် ဝိနည်းစာပြန်ပွဲ 'အလှူစာရင်း အကျဉ်းချုပ်'ကို ရေဦး မြို့နယ်၊ ဖိန်းကားရွာ၊ **အရှင်ကုန္ဒာစရိယ** စီစဉ်ဖတ်ကြားပါသည်။ 'သံဃာတော် များအား လျှောက်ကြားလွှာနှင့် ပဋ္ဌာနာသီသဂါထာ'တို့ကို စစ်ကိုင်းမြို့၊ တိုင်းသာသနာရေး ဦးစီးမှူးဌာနမှူး ဦးစိုးမြင့် ရေးသားလျှောက်ကြားပါသည်။

မန္တလေး ဝိသုဒ္ဓါရုံ ဇယမေဒနီ **အရှင်ဝေဒါနန္ဒ** ဖတ်ကြားသော 'အောင် မင်္ဂလာ ထောမနာ'စာတမ်းကို စစ်ကိုင်း **မဟာသုဗောဓာရုံဆရာတော်** ရေးသား ပါသည်။ ၎င်းတို့ကို ဤစာစောင်တွင် အစီအစဉ်အလိုက် မှတ်တမ်းတင် ထားကြပါသည်။

အထွေထွေအဖြစ် ဝိနည်းစာတော်ပြန်ပွဲ စည်းမျဉ်းဥပဒေ၊ ဝိပဿနာ စာပြန်ဌာနမှ ဧကာဒသမအကြိမ် ရွှေကျင်ဂိုဏ်း အစည်းအဝေးသို့ တင်သွင်းသော အဆိုပြုလွှာ၊ နှစ် ၅၀ ပြည့်နှစ် ဆွမ်းဒကာ, ဆွမ်းအမများ၊ နှစ် ၅၀ ပြည့်နှစ် ဝတ္ထုငွေ လှူဒါန်းကြသော ကုသိုလ်ရှင်စာရင်းတို့ကို အမှုဆောင်အဖွဲ့၏ အကျိုးဆောင်ဖြစ်သူ **ရွှေဥမင်အရှင်ဉာဏဝရ** ပေးပို့သည့်အတိုင်း မှတ်တမ်းတင်ထားကြပါသည်။

နှစ် ၅၀ ပြည့် ပူဇော်ပွဲ အခမ်းအနား မှတ်တမ်းတင် ဓာတ်ပုံများကို အပြည့်အစုံ ရိုက်ကူးစေပါသည်။ သို့ရာတွင် ဤစာစောင်၌မူ အချို့အဝက်ကိုသာ ဖော်ပြထားပါသည်။ ပါဝင်သင့်လျက် မပါလာသော ဓာတ်ပုံအချို့မှာ ရိုက်ကူးစဉ် ကပင် ပျက်စီးသွားသောကြောင့် ဖြစ်ပါသည်။

**"ဝိနည်း"**ဟူသည် ရတုပိုဒ်စုံကို စစ်ကိုင်း သုဓောဓာရုံ တိုက်ကြပ် **အရှင်ဥတ္တရ** ရေးသားပါသည်။ ဝိနည်းပြန်ဌာန အဖွဲ့၏ တံဆိပ်ပုံစံကို ကျစ္စာ **အရှင်လက္ခဏ** စီစဉ်ရေးဆွဲပြီး ရည်ညွှန်းချက်စာတမ်းကိုလည်း ၎င်းအရှင်ပင် ရေးသားပါသည်။

ကျောင်းသား **မောင်မျိုးမြင့်** (အဋ္ဌမတန်း)က လက်နှိပ်စက်ဖြင့် စာမူများကို ရိုက်နှိပ်ပေးပါသည်။

**အရှင်နန္ဒမာလာဘိဝံသ**
**(သ. စ. အ-ဓမ္မာစရိယ၊ ပါဠိပါရဂူ)**
**မဟာသုဓောဓာရုံတိုက်၊ စစ်ကိုင်းမြို့။**
**၁၃၃၉ ခုနှစ်၊ တပေါင်းလ**

**(စစ်ကိုင်းတောင်ရိုး၊ ဝိပဿနာဝိနည်းပြန်ဌာန၊ နှစ် ၅၀ ပြည့် အထိမ်းအမှတ်စာစောင်မှ)**



# ရွှေဟသ်ာဆရာတော်ဘုရားကြီး၏ ဘဝနှင့်စာပေ အထွေထွေ

## စာဖတ်သူများသို့

၁၃၃၇ ခုနှစ်တွင် ရွှေဟသ်ာဆရာတော်ဘုရားကြီး၏ တိုက်တွန်းချက်အရ သမိဒ္ဓေါဒယချောင်ဆရာကြီး၏ အတ္ထုပ္ပတ္တိကို ရေးသားပြုစုခဲ့ပါသည်။ ယင်းအတ္ထုပ္ပတ္တိ ထွက်ပေါ်လာသောအခါ စစ်ကိုင်းတောင်ရိုး ရွှေစေတီဆရာတော်က "ရွှေဟသ်ာဆရာတော်ကြီးရဲ့ အတ္ထုပ္ပတ္တိကိုလည်း ဆက်ရေးပါအုံး"ဟု တိုက်တွန်းပါသည်။ ထိုအချိန် "ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ" ကို ရွှေဟသ်ာဆရာတော်ဘုရားကြီး ပြုစုလျက်ရှိကြောင်း သိရပါသည်။

၁၃၃၉ ခုနှစ်တွင် ရွှေဟသ်ာဆရာတော်ဘုရားကြီး၏ အတ္ထုပ္ပတ္တိကို ရေးသားပြုစုရန် အခွင့်ကြုံလာပါသည်။ ရွှေဟသ်ာဆရာတော်ဘုရားကြီးထံမှ "ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ" ဖတ်ရှုခွင့် ရရှိသည့်အပြင် အတ္ထုပ္ပတ္တိပြုစုခွင့်ကိုလည်း ရရှိခဲ့ပါသည်။

၁၃၃၉ ခုနှစ် ဝါခေါင်လတွင် အတ္ထုပ္ပတ္တိပြုစုရန် အချက်အလက်များကို စတင်စုဆောင်းပါသည်။ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိကို ဖတ်ရှုပြီး သိလိုသည့်

အချက်များကို ရွှေဟင်္သာဆရာတော်ဘုရားကြီးထံ ကိုယ်တိုင်သွားရောက်၍ လည်းကောင်း၊ စာရေး၍လည်းကောင်း လျှောက်ထားမေးမြန်းခဲ့ပါသည်။

ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ကိုယ်တိုင်ရေး အဋ္ဌုပ္ပတ္တိနှင့် မိန့်ဆိုချက်များကို အထည်ကိုယ်ပြုပြီး ပတ်ဝန်းကျင်ပုဂ္ဂိုလ်တို့၏ ပြောပြချက်များ, စပ်ဆိုင်ရာ စာအုပ်စာတမ်းတို့မှ ထုတ်ယူရရှိသည့် အချက်အလက်များဖြင့် ပံ့ပိုးကာ ဤအဋ္ဌုပ္ပတ္တိကျမ်းကို ကြိုးပမ်းပြုစုပါသည်။

အဋ္ဌုပ္ပတ္တိရှင် ရွှေဟင်္သာဆရာတော်ဘုရားကြီးသည် ဗြိတိသျှခေတ်တွင် ဟင်္သာတခရိုင် လေးမျက်နှာမြို့၌ ဖွားမြင်ခဲ့သည့် ပုဂ္ဂိုလ်ထူးတစ်ဦးဖြစ်သည်။ ငယ်စဉ်က ရန်ကုန်မြို့ အေဘီအမ်ကျောင်းတွင် ကျောင်းနေခဲ့ပြီး လေးမျက်နှာမြို့ ဆရာဆင့်ကျောင်းမှ လေးတန်းအောင်ခဲ့ပါသည်။ သင်္ချာဘာသာတွင် ထူးချွန်ပြီး လေးမျက်နှာမြို့ မိကျောင်းရဲကျောင်းဆရာတော်ကြီးထံ ဗေဒင်ပညာကို သင်ယူခဲ့ဘူးပါသည်။

၁၆ နှစ်အရွယ်တွင် ကိုယ်ပိုင်ယုံကြည်ချက်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပြီး မော်လမြိုင်, ရန်ကုန်, ညောင်တုန်း, မန္တလေးမြို့များရှိ အကျော်အမော်ဆရာတော်တို့ထံ စာပေကျမ်းဂန်များကို သင်ယူခဲ့ပါသည်။

ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက်၌ ရန်ကုန် ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်ပြီးလျှင် ရွှေဟင်္သာတောရ၌ပင် စာသင်သားအဖြစ်ဖြင့်လည်းကောင်း, စာချဘုန်းကြီး ကျောင်းထိုင်ဘုန်းကြီး အဖြစ်ဖြင့်လည်းကောင်း ၁၀ နှစ်ကျော်ကျော်ကြာမျှ နေထိုင်ခဲ့ဘူးပါသည်။

ရွှေဟင်္သာဆရာတော်ဘုရားကြီးသည် ငယ်စဉ်မှစ၍ စာပေဝါသနာ အထုံပါခဲ့ပြီး ရဟန်းငယ်ဘဝတွင် သူရိယ, မြန်မာ့အလင်းသတင်းစာများနှင့် မြန်မာ့ဗျူဟာဂျာနယ်တို့၌ ဆောင်းပါး, ကဗျာ, ဝတ္ထုတိုများကို ရေးသားခဲ့ဘူးပါသည်။ ရဟန်းလေးဝါအရမှ စ၍ ကျမ်းစာများကို ရေးသားပြုစုခဲ့ရာ ယခုအချိန်၌ ကျမ်းပေါင်း ၃၀ နီးပါး ရေးသားပြုစုခဲ့ပြီး ဖြစ်ပါသည်။

၁၃၂၂ ခု (၁၉၆၀ ပြည့်) နှစ်တွင် နိုင်ငံတော်အစိုးရက ဆက်ကပ်ပူဇော်သည့် **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်ကို ခံယူရရှိတော်မူခဲ့ပါသည်။

၁၃၃၇ ခု(၁၉၇၅ခု) နှစ်တွင် ကောဒသမအကြိမ် နိုင်ငံတော်လုံးဆိုင်ရာ ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီးက ရွှေဟသ်ာဆရာတော်ဘုရားကြီးကို **"ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက၊ တွဲဖက်ရွှေကျင်သာသနာပိုင်"** အဖြစ် တင်မြှောက်ခဲ့ပါသည်။

၁၃၄၀ ပြည့်နှစ် ပြာသိုလဆန်း ၇ ရက် (၁၉၇၉ ခု၊ ဇန်နဝါရီလ ၄ ရက်) နေ့တွင် ၃၁ နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီက ဆရာတော်ကြီးနှင့် အတူ ရွှေဟသ်ာဆရာတော် ဘုရားကြီးအား **"အဘိဓဇမဟာရဋ္ဌဂုရု"** ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ပူဇော်ကြောင်း နိုင်ငံတော်ကောင်စီ အမိန့်ကြော်ငြာစာ အမှတ် ၁/၇၉ ဖြင့် ထုတ်ပြန်ကြေငြာခဲ့ပါသည်။

သို့ဖြစ်၍ ရွှေဟသ်ာဆရာတော်ဘုရားကြီးသည် မြန်မာနိုင်ငံ၌ အမြင့်ဆုံး ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူသော ဆရာတော်ကြီးတစ်ပါး ဖြစ်ပါသည်။

ဤအထ္ထုပ္ပတ္တိကို ရေးသားပြုစုချိန်၌ ရွှေဟသ်ာဆရာတော်ဘုရားကြီး၏ သက်တော်သည် ၈၅ နှစ်ပြည့်မြောက်၍ ၈၆ နှစ်သို့ ရောက်ရှိခဲ့ပြီ ဖြစ်ပါသည်။ ဤအထ္ထုပ္ပတ္တိတွင် ရွှေဟသ်ာဆရာတော်ဘုရားကြီး၏ ၈၅ နှစ်တာ ဘဝခရီးကို အခန်း ၆ ခန်း ခွဲခြားပြီး တင်ဆက်ထားပါသည်။

ကိုယ်တိုင်ရေး အထ္ထုပ္ပတ္တိနှင့် ကိုယ်တိုင်မိန့်ကြားသည့် အကြောင်းရပ်များ၊ ပတ်ဝန်းကျင်ပုဂ္ဂိုလ်တို့၏ ကိုယ်တွေ့မျက်မြင်ပြောပြချက်များ၊ ခိုင်မာတိကျသည့် စာအုပ်စာတမ်းများကို ကိုးကားပြုစုထားသဖြင့် ရွှေဟသ်ာဆရာတော်ဘုရားကြီး၏ ဘဝဖြစ်စဉ်ကို ပီပီပြင်ပြင် ဖတ်ရှုတွေ့မြင်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

အမေရိကန်စာရေးဆရာကြီး **ရပ်ဝါလာဒိုအီမာဆန်** (r>w.ener s on)က "လူထူးလူချွန် ပုဂ္ဂိုလ်မွန်တို့၏ တကယ့်ဘဝသည် သူတို့၏ စာပေများ

နှင့် ဆောင်ရွက်ချက်များတွင် ရှိသည်"ဟု အဆိုပြုခဲ့ဘူးပါသည်။ ဒီမာဆန်၏ အဆိုအတိုင်း ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ဘဝဖြစ်စဉ်ကို ဤအဋ္ဌုပ္ပတ္တိအပြင် ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ စာပေများနှင့် ဆောင်ရွက်ချက်များမှလည်း လေ့လာကြည့်နိုင်ကြမည် ဖြစ်ပါသည်။

**အရှင်နန္ဒမာလာဘိဝံသ**
**သ၊ စ၊ အ ဓမ္မာစရိယ၊ ပါဠိပါရဂူ**
**မဟာသုဓောဓာရုံတိုက်**
**စစ်ကိုင်းမြို့။**

**၁၃၄၀ ပြည့်၊ နှောင်းတန်ခူးလဆန်း ၁၅ ရက်**



# နမက္ကာရ
# ကျမ်းဦး အဖွင့်

**နမက္ကာရ** ဟူသည် **'ဦးညွတ်မှုကို ပြုခြင်း'** သို့မဟုတ် **'ရှိခိုးခြင်း'**ဟု အဓိပ္ပါယ်ရသည်။

ဗုဒ္ဓဘာသာဝင်များသည် ဗုဒ္ဓကို ဦးညွတ်ကြ၏၊ ဗုဒ္ဓဂုဏ်တော်များကို ထုတ်ဖော်ကျူးရင့်လျက် အမြတ်တနိုး ရှိခိုးကြ၏။

ထိုသို့ ရှိခိုးကြရာ၌ စနစ်တကျရှိစေရန် ဗုဒ္ဓဂုဏ်တော်များကို ဖွဲ့ဆိုထားသည့် ဘုရားရှိခိုးကျမ်း အမျိုးမျိုးကို ရှေးဆရာတော်ကြီးများ ရေးသားပြုစုတော်မူခဲ့ကြ၏၊ ထိုကျမ်းများတွင် အထင်ရှားဆုံး ကျမ်းတစောင်မှာ **'နမက္ကာရ'** ဖြစ်သည်။

နမက္ကာရကျမ်း၌ ဘုရားရှိခိုး ဂါထာ ၂၆-ပုဒ်၊ ဘုရားရှိခိုးရန် တိုက်တွန်းချက် ဂါထာ ၁-ပုဒ်၊ ဘုရားရှိခိုးအပြီး ဆုတောင်းရန် ဂါထာ ၂-ပုဒ်၊ ဘုရားရှိခိုးခြင်း၏ အကျိုးပြ ဂါထာ ၅-ပုဒ်အားဖြင့် ဂါထာပေါင်း ၃၄-ပုဒ် ပါရှိလေသည်။

နမက္ကာရကို စီစဉ်ထားပုံမှာ တမူဆန်းသစ်၍ စိတ်ဝင်စားဖွယ်ကောင်းလှပေသည်၊ ဗုဒ္ဓဂုဏ်တော် အမျိုးမျိုးကို ၈-လုံးဖွဲ့မှစ၍ တလုံးစီ တိုးချဲ့

ပြီး ၂၁-လုံးဖွဲ့အထိ ဂါထာအမျိုးမျိုး ဆန်းအမျိုးမျိုး ပါဝင်စေကာ ဖွဲ့ဆိုထားလေသည်။

၈-လုံးဖွဲ့ ၇-ဂါထာ၊ ၉-လုံးဖွဲ့၊ ၁၀-လုံးဖွဲ့ တဂါထာစီ၊ ၁၁-လုံးဖွဲ့ ၄-ဂါထာ၊ ၁၂-လုံးဖွဲ့ ၅-ဂါထာ၊ ၁၃-လုံးဖွဲ့ တဂါထာ၊ ၁၄-လုံးဖွဲ့ ၂-ဂါထာ၊ ၁၅-လုံးဖွဲ့၊ ၁၆-လုံးဖွဲ့၊ ၁၇-လုံးဖွဲ့၊ ၁၈-လုံးဖွဲ့၊ ၁၉-လုံးဖွဲ့၊ ၂၀-လုံးဖွဲ့ တဂါထာစီ၊ ၂၁-လုံးဖွဲ့ ၇-ဂါထာ ဖြစ်၏။

ဤသို့ ဗုဒ္ဓဂုဏ်တော်အမျိုးမျိုးကို ဂါထာမျိုးစုံ ဆန်းမျိုးစုံ ပါဝင်အောင် ဖွဲ့ဆို စီကုံးထားသဖြင့် ပန်းမျိုးစုံ သီကုံးထားသည့် လှပသော ပန်းကုံးကြီးများပမာ နှစ်သက်ဖွယ် ကောင်းလှပါပေသည်။

ဂုဏ်ပြင် ဂါထာမျိုး ဆန်းမျိုး အတော်စုံလင်သဖြင့် ဘုရားလည်း ရှိခိုးရ၊ ဂါထာဖွဲ့နည်းလည်း ရ-ဖြစ်ရာ တချက်ခုတ် နှစ်ချက်ပြတ် အကျိုးနှစ်ထပ် ရရှိနိုင်ပေသည်။

ဤ နမက္ကာရကို မည်သည့်အရှင် စီရင်ခဲ့ကြောင်း အတိအကျဆိုရန်ခက်သည်၊ အကြောင်းမှာ ကျမ်းပြီးနှစ်နှင့် ကျမ်းပြုပုဂ္ဂိုလ်ကို ဖော်ပြထားသည့် နိဒါန်း နိဂုံး မပါခြင်းကြောင့် ဖြစ်သည်။

သို့ရာတွင် ပြောရိုးဆိုစဉ် စကားတရပ်မှာ ဤသို့ ဖြစ်၏။

"**ရှင်ဗုဒ္ဓဃောသထေရ်**သည် ပိဋကတော်ကို အကူး အဆောင် သီဟိုဠ်သို့ သာသနာ သက္ကရာဇ် (၉၃၀)နှစ်တွင် သွားပြန်သည်၊ သီဟိုဠ် မဟာဝိဟာရဝါသီ ဆရာတော်တို့နှင့် နှီးနှောပြောဆိုကြ၍ 'သီလေ ပတိဋ္ဌာယ နရော' စသော ဝိသုဒ္ဓိမဂ်ကျမ်းကို စီရင်သည်၊ သီဟိုဠ်ဆရာတို့ နှစ်သက်ကြ၍ ပိဋကတော် ကူးယူပါတော့ ခွင့်ပြုသည်၊ ပိဋကတိုက်မှာ သံကွန်ယက် အပြီးအခိုင် လုံခြုံစွာ ဖုံးအုပ်လျက်ရှိသည်ကို ရှင်ဗုဒ္ဓဃောသဆရာသည် 'သုဂတံ သုဂတံ' စသော မဟာနမက္ကာရကို ရွတ်ဘတ်သရဇ္ဈာယ်သဖြင့် ဖုံးအုပ်သော သံကွန်ယက် ပွင့်လေသည်"။

ဤစကားအရ နမက္ကာရကို သာသနာသက္ကရာဇ် (၉၃၀)ပြည့်နှစ်တွင် အဋ္ဌကထာဆရာ **အရှင်မဟာဗုဒ္ဓဃောသ** စီရင်ခဲ့သည်ဟု ဆိုရန်ရှိ၏၊ သို့ရာတွင်

ခိုင်မာသည့် အဋ္ဌကထာဋီကာများ၌ နမက္ကာရအကြောင်း တစွန်းတစမျှ မတွေ့ရသဖြင့် ထိုအဆိုကို လက်ခံရန် ခဲယဉ်းလှသည်။

ပင်းယခေတ်တွင် **စတုရင်္ဂဗလအမတ်ကြီး**သည် 'မဟာပဏာမကြီး' ကို ရေးသားပြုစုခဲ့၏၊ ၎င်းကို ပြုပြင်၍ ပဋ္ဌမ **ကျော်အောင်စံထားဆရာတော်** (၁၀၆၇-၁၁၁၅)က 'မဟာပဏာမအသစ်'ကို ရေးသားပြန်သည်၊ မဟာပဏာမအသစ်တွင် 'ဗုဒ္ဓေါ နိဂြောဓဗိမ္ဗော' စသော သုံးဂါထာကို နမက္ကာရမှ ကူးယူထည့်သွင်းထားသည်၊ ယင်းကို ထောက်၍ နမက္ကာရသည် ကုန်းဘောင်ခေတ်မတိုင်မီက ပေါ်ထွက်ခဲ့သည့် ကျမ်းဖြစ်ကြောင်းကိုမူ မှတ်ယူနိုင်ပေသည်။

နမက္ကာရကို ရေးသားပြုစုသည့် ပုဂ္ဂိုလ်မှာလည်း မြန်မာပြည်ဖွား ဆရာတော် တပါးပါးသာ ဖြစ်နိုင်ဖွယ်ရာ ရှိသည်၊ တပည့်များအား ဘုရားရှိခိုးလည်းဖြစ်စေ, ဆန်းကျမ်းနှင့်အညီ ဂါထာအမျိုးမျိုးကိုလည်း သိကုံးတတ်စေသဘောမျိုးဖြင့် ရေးသားခဲ့ပုံ ရပေသည်။

မည်သည့်ခေတ်တွင် မည်သည့်အရှင် စီရင်ခဲ့သည်ပင်ဖြစ်စေ၊ နမက္ကာရသည် ထင်ရှားကျော်ကြား လူသိများသော ဘုရားရှိခိုးကျမ်းတစောင်ဖြစ်ကြောင်းကား ယုံမှားဖွယ် မရှိပေ၊ ရှေးကမြန်မာနိုင်ငံ၌ ပရိတ်ကြီး, လောကနီတိ စသည်တို့နှင့် တွဲဖက်၍ နမက္ကာရကို နှုတ်တက်ဆောင်ခဲ့ကြလေသည်။

နမက္ကာရသည် အမည်က လှသလို အနက်သဒ္ဒါကလည်း ပြည့်ဝပေသည်၊ ဗုဒ္ဓဂုဏ်တော်များကို ဖွဲ့ဆိုထားသည့် စကားလုံးများဖြစ်၍ စိတ်နှလုံးကို ရွှင်ပြုံးချမ်းငြိမ်းစေနိုင်သည်၊ ရွတ်ဆိုရန် ချောညက်၍ သဘောအနက် ပေါ်လွင်အောင် စီရင်ထားသည့် **တွံတေးဆရာတော်**၏ နိဿျကြောင့် နမက္ကာရမှာ ပို၍ နှစ်သက်စရာ ဖြစ်လာပေသည်။

သို့ဖြစ်ပါ၍ ဤ နမက္ကာရနိဿျကို လူတိုင်းလက်သို့ ရောက်စေရန် ရည်သန်လျက် ကျောင်းအမကြီး **ဒေါ်အသောကာထေရီ** (ဒေါ်သန်းခင်)က ဓမ္မဒါနအဖြစ် ဖြန့်ဝေလိုက်ခြင်း ဖြစ်ပေသည်။

ဗုဒ္ဓါနုဿတိ အခြေခံလျက် ဓမ္မပီတိဉာဏ် ရင့်သန်စေရန်အတွက်လည်း ပဋိစ္စသမုပ္ပါဒ ပါဠိအကျဉ်း, အကျယ်နှင့် လယ်တီဆရာတော်၏ နာမည်ကျော် ပဋိစ္စသမုပ္ပါဒ်လင်္ကာများကိုပါ ထည့်စွက်ထားရာ ဤတကျမ်းဖြင့်ပင် မဂ်ပန်းဖိုလ်ပန်းကို လက်လှမ်း ပန်ဆင်နိုင်ကြမည် ဖြစ်ပေသည်။

အရှင်နန္ဒမာလာဘိဝံသ
သ၊ စ၊ အ၊ ဓမ္မစရိယ၊ ပါဠိပါရဂူ
မဟာသုဗောဓာရုံတိုက်၊ စစ်ကိုင်းမြို့။
၁၃၄၁-ခု၊တန်ခူးလ၊

(တွံတေးဆရာတော်၏ နမက္ကာရပါဌ်နိဿျမှ)



# သီလရှင်ကျင့်ဝတ်
## အမှာစာ

မြန်မာနိုင်ငံ၌ မျက်မှောက်ခေတ်တွင် သီလရှင်ဦးရေ တစ်သောင်းကျော်ရှိ၏။ ၁၃၄၂ ခုနှစ် စာရင်းအရ အတိအကျ အရေအတွက်မှာ (၁၁၃၆၉) ပါးဖြစ်သည်။

**"သီလရှင်"**ဟူသည် လူ့အဆင့်နှင့် အသွင်ခြားသည့် "ပဗ္ဗဇိတန္ဒယ်ဝင်" တစ်မျိုးဖြစ်၏။ ဆံကေသာရိတ်ပယ်ခြင်း၊ အဖြူရောင်(သို့မဟုတ်) အဖြူရောင်ဖျက် အရောင်ဆိုး အဝတ်တစ်မျိုးကို ဝတ်ဆင်ခြင်း၊ သရဏဂုံနှင့်တကွ ရှစ်ပါးသီလကို နိစ္စ ဓုဝ ဆောက်တည်ခြင်းကြောင့် လူဝတ်ကြောင်အဆင့်ထက် မြင့်ပေသည်။

ဗုဒ္ဓမြတ်စွာ သာသနာ၌ အတွင်းကျကျ အမျိုးသမီးများ ပါဝင်ထမ်းရွက်ခွင့်ရသည့် သာသနာမှာ ဘိက္ခုနီသာသနာဖြစ်သည်၊ ဘိက္ခုနီသာသနာသည် သာသနာတော်နှစ် ငါးရာခန့်အထိသာ တည်တံ့ပြီး အကြောင်းအမျိုးမျိုးကြောင့် ကွယ်ပသွားခဲ့ရလေသည်။

ဘိက္ခုနီသာသနာကွယ်ပသွားပြီးသည့်နောက်တွင် သူတော်စင်ဘဝ မြတ်နိုးကြသည့် အမျိုးသမီးများသည် ဆံကေသာရိတ်ပယ်၍ သီလမယ်အသွင် ဝတ်ဆင်နေထိုင်ခဲ့ကြလေသည်။ ထိုအခါမှစ၍ အနဂါရိယပဗ္ဗဇတစ်မျိုး သီလရှင်သာသနာ အစပျိုးခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၌ ရှေးဟောင်းပျူခေတ်, ပုဂံခေတ်လောက်မှာပင် သီလရှင် သာသနာထွန်းကားလျက်ရှိကြောင်း သုတေသီတို့ အဆိုအရ သိရပေသည်။ သို့ရာတွင် ထိုစဉ်က **'သီလရှင်'**ဟု မခေါ်တွင်ခဲ့သေး၊ 'သပ္ပရိုဟ်၊ သီတင်းသုံး၊ သီလ သည်' စသည်ဖြင့်သာ သုံးနှုန်းခဲ့ကြပေသည်။

သီလရှင်များသည် ခေတ်အဆက်ဆက်မှာပင် ဆရာတော်သံဃာတော် များ၏ ဆုံးမဩဝါဒအောက်တွင် တရားဓမ္မဖြင့် မွေ့လျော်ပျော်ပိုက်ခဲ့ကြသည်။ စည်းကမ်းဥပဒေ ထွေထွေထူးထူး ရှိခဲ့ဘူးပုံ မရ၊ ဆုံးမဩဝါဒမျှဖြင့် ပါသာဒိက ဂုဏ်ကို ဆောင်နိုင်ခဲ့ကြပေသည်။

နောက်ပိုင်းတွင် သီလရှင်ဦးရေ တစတစတိုးတက် များပြားလာခဲ့ပေ သည်။ ထိုအခါ၌ ဆုံးမဩဝါဒမျှဖြင့် မလုံလောက်တော့ဘဲ စည်းကမ်းဥပဒေ ထွေထွေသတ်မှတ် ဘောင်ခတ်ပေးရန် လိုအပ်လာခဲ့ပေသည်။

ဤသည်ကို သတိမူမိသည့် စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံဆရာတော် **အရှင်ဥတ္တရမဟာထေရ်** (၁၂၂၀-၁၂၈၀)သည် ၁၂၇၆ ခုနှစ်တွင် 'သီလရှင် ဥပဒေကျင့်ခန်း'ကို ရေးသား၍ ဥပဒေသတ်မှတ် ဘောင်ခတ်ပေးခဲ့သည်။

မျက်မှောက်ခေတ်တွင် သီလရှင်ဦးရေ တစ်သောင်းကျော်အထိ ရှိနေပြီဖြစ်ရာ သီလရှင်အားလုံး တညီတည်းလိုက်နာကျင့်သုံးထိုက်သည့် **'သီလရှင်ကျင့်ဝတ်ဥပဒေ'**ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ထားရန် အမှန်ပင် လိုအပ်နေပေသည်။ ထိုလိုအပ်ချက်ကို ယခုအခါတွင် **'ပုသိမ်ကြီး အရှင်အရိယဝံသ'**က တာဝန်ယူဖြည့်စွက်လိုက်ပေသည်။

**'ပုသိမ်ကြီးရှင်အရိယဝံသ'**ကို စာဖတ်ပရိသတ်နှင့် အထူးတလည် မိတ်ဆက်ပေးရန် လိုအပ်မည် မဟုတ်ပါ။ ဗုဒ္ဓဓမ္မလောကစာစောင်၊ ရတနာမွန်

စာစောင်များမှ **'အရှင်အရိယဝံသ'**၏ စာပေလက်ရာနှင့် မကြာခဏ ထိတွေ့နေခြင်းအားဖြင့် ထိုအရှင်နှင့် သိကျွမ်းရင်းနှီးပြီးဖြစ်နေကြပါလိမ့်မည်။

**အရှင်အရိယဝံသ**သည် စာပေဗဟုသုတ နှံ့စပ်ကြွယ်ဝပြီး ရေးသားတင်ပြရာ၌ ရှင်းလင်းတိကျလှပေသည်။ **"သဗ္ဗညုတဉာဏ်တော်"**စာအုပ်တွင် အရှင်၏ စွမ်းရည်သည် ထင်ပေါ်လျက်ရှိသည်။

**'အရှင်အရိယဝံသ'**သည် ဤ **'သီလရှင်ကျင့်ဝတ်'**ကို ရေးသားပြုစုရာ၌ အရှင်၏ စွမ်းရည်များကို ဖောဖောသီသီ ရဲရဲရင့်ရင့် အသုံးချထားသည်ကို တွေ့ရပေသည်။ ကျမ်းပေါင်း ၆၀-ကျော်မှ သင့်နိုးရာယူငင်တင်ပြထားသဖြင့် ခိုင်မာခန့်ညားလှပေသည်။ မဟာဂန္ဓာရုံဆရာတော်၏ **'သီလရှင်ဥပဒေကျင့်ခန်း'**ကို ကျောရိုးထားပြီး ဝိနည်းပိဋကတ်လာ ဘိက္ခုနီကျင့်စဉ်များဖြင့်မွမ်းမံထားရာ လွန်စွာပြည့်စုံလှပေသည်။

သို့ဖြစ်၍ **'ပုသိမ်ကြီး အရှင်အရိယဝံသ'**၏ လက်ရာ ဤ **'သီလရှင်ကျင့်ဝတ်'**ကျမ်းစာသည် သီလရှင်သာသနာ၏ မီးရှူးတန်ဆောင်သဖွယ်ဖြစ်ပြီး သီလရှင်သာသနာ ခိုင်မာကျစ်လစ် စနစ်တကျရှိအောင် ပို့ဆောင်ပေးမည်မှာ ယုံမှားဖွယ်မရှိပါ။

သာသနာတော်ကို ချစ်မြတ်နိုး၍ အားကိုးရင်းရှိကြသော သီလရှင်ဆရာများသည် **အရှင်အရိယဝံသ၏** ဤ **'သာသနာနွယ်ဝင် သီလရှင်ကျင့်ဝတ်'**လာ နည်းစနစ်များအတိုင်း လိုက်နာကျင့်သုံးခြင်းဖြင့် မိမိတို့၏ သီလရှင်သာသနာ အဆင့်ကို မြှင့်တင်သင့်ကြပေသည်။

'သာသနာတဝက် ဘိက္ခုနီနွယ်တဆက်' သဖွယ်ဂုဏ်တင်လေးစားအားထားလောက်အောင် မိမိတို့၏ အကျင့်ကို တိုးမြှင့်ကျင့်သုံးကြပြီး သောမထေရီမ၏ သီဟနာဒစကားကို ရွတ်ဆိုကြိုးစားနိုင်ကြပါစေဟု -

**ကုတ္ထိဘာဝေါ ကိံ ကယိရာ၊ စိတ္တမ္ဟိ သုသမာဟိတေ။**
**ဉာဏမှိ ဝတ္တမာနမှိ၊ သမ္မာ ဓမ္မံ ဝိပဿတော။**

**စိတ္တမှိ** = ကိလေပူပင်၊ မြူမတင်သည့်၊ ဖြူစင်တိတ်ဆိတ်၊ ပကတိစိတ်သည်။ **သုသမာဟိတေ** = ဘာဝနာထုံ၊ မြတ်အာရုံ၌၊ စွမ်းကုန် တန့်ရပ်၊ တည်ကြည်လတ်သည်ရှိသော်။ **ဉာဏမှိ** = ကိလေပူပန်၊ မြူမကျန်၍၊ ဆူညံတိတ်ဆိတ်၊ ထွန်းထိပ်ဂုဏ်လျှံ၊ ဖလသမာပတ်ဉာဏ်သည်။ **ဝတ္တမာနမှိ** = သီလသမာ၊ ပညာစခန်း၊ ကျင့်လမ်းအလျော်၊ ဖြစ်ပေါ်လာသည်ရှိသော်။ **သမ္မာ** = ကြောင်းကျိုးညီညာ၊ ကောင်းမွန်စွာ။ **ခမ္မံ** = သစ္စာလေးပါး၊ မြတ်တရားကို။ **ဝိပဿတော** = ထူးခြားလူ့ခွင်၊ ရှုမြင်တတ်ဟူ၊ မြင့်မြတ်သူအား။ **ကုတ္တိဘာဝေါ** = လူတွင်နိမ့်ကျ၊ မိန်းမခေါ်အပ်၊ ယင်းပညတ်သည်။ **ကိံ ကယိရာ** = အရေးမပါ၊ အသေးအဖွဲ့သာမို့၊ ဝေးစွာထုတ်နှင်၊ အသုံးမဝင်တော့သည်သာတည်း။

၁၃၄၄-ခု၊ ပဉ္စမဝါဆိုလဆန်း(၇)ရက်
အရှင်နန္ဒမာလာဘိဝံသ (ပဓာနစာချ)
မဟာသုဘောဓာရုံကျောင်းတိုက်၊ စစ်ကိုင်းမြို့

(ယခု-၂၀၁၂)ပါမောက္ခချုပ်ဆရာတော်
ဒေါက်တာဘဒ္ဒန္တနန္ဒာလာဘိဝံသ



### သုဗောဓ ဩဝါဒမဥ္ဇရီ နိဒါန်း

## စာဖတ်သူများသို့

ဤ**ဩဝါဒမဥ္ဇရီ**သည် ကျမ်းစာအဖြစ် ရေးသားပြုစုထားသော ကျမ်းတစ်ကျမ်း မဟုတ်ပါ။ အခါအားလျော်စွာ တပည့်များအား ဆုံးမရန် ဆရာတော် ရေးသားအပ်သော ကဗျာများကို စုဆောင်းတင်ပြအပ်သော ကျမ်းစာအုပ်သာ ဖြစ်ပါသည်။

**'မဥ္ဇရီ'**ဆိုသည်မှာ " **ပွင့်တန် အခိုင်** " ဖြစ်ပါသည်။ ပွင့်တန်အခိုင်သည် လှပတင့်ထူး အဖူးအပွင့်တို့၏ စုဝေးတည်ရှိရာ ဖြစ်၏။ ဆရာတော်၏ လေးစားဘွယ် ကောင်းလှသသည့် စေတနာ, မေတ္တာ, ကရုဏာများဖြင့် ကျူးရင့်လိုက်သော အဆုံးအမဩဝါဒ အဖူးအပွင့်များ စုဝေးတည်ရှိရာ ဖြစ်သောကြောင့် ဤစာအုပ်ကို " **ဩဝါဒဥ္ဇရီ** " ဟု အမည်ပေးထားခြင်း ဖြစ်သည်။

ဆရာတော်၏ သက်တော် (၇၅) နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ်အဖြစ် ဆရာတော့်လက်ရာ ရတု, ကဗျာ, ဩဘာသာစာများကို စုပေါင်းကာ စာအုပ်အဖြစ် ရိုက်နှိပ်လှူဒါန်းခဲ့ပါသည်။ ယခု သက်တော် (၈၀) ပြည့်နှစ် မွေးနေ့ အမှတ်တရအဖြစ် တိုတိုထွာထွာ ဩဝါဒကဗျာများကို " **ဩဝါဒမဥ္ဇရီ** "

အမည်ဖြင့် ထုတ်ဝေလှူဒါန်းခြင်း ဖြစ်ပါသည်။

ဆရာတော်၏ မှတ်စုစာအုပ်များမှ ဩဝါဒကဗျာများကို ဆရာတော်၏ သဒ္ဓိဝိဟာရိကတပည့် မဟာသုဗောဓာရုံ စာချ **"သုဗောဓကေစမ္ပာစရိယ ဂဏဝါစက"** ဘွဲ့ရ အရှင်ပဏ္ဍိတ (ဂန္ဓဂေါ)က သေသပ်သန့်ရှင်းစွာ ကွန်ပျူတာစာမူဖြစ်အောင် ဆောင်ရွက်ခဲ့ပါသည်။

ပါဠိစာပေ၌ ဂါထာသည် တိုရှင်း၍ လိုရင်းကို ဖော်ပြနိုင်၏။ မြန်မာစာပေ၌ မြန်မာကဗျာသည် သုတိသာရုံမျှမက တိုရှင်း၍ လိုရင်းကို ဖော်ပြနိုင်သဖြင့် အလွန်ထိရောက်သော အရေးအသားမျိုးဖြစ်၏။ ကျေးဇူးရှင်ဆရာတော်၏ လက်ရာ ဩဝါဒကဗျာများကို ဖတ်ရှု၍ သုတရသ, ဓမ္မရသကို ရရှိခံစားနိုင်ကြပါစေ။

**အရှင်နန္ဒမာလာဘိဝံသ**
**(၂၅၊ ၁၁၊ ၀၄)**



# ဗုဒ္ဓဝါဒနှင့်သက်သတ်လွတ်ဝါဒ

## စာဖတ်သူများသို့

ဤစာစုသည် စင်စစ်အားဖြင့် သီရိလင်္ကာနိုင်ငံ ကေလဏိယ တက္ကသိုလ်၌ သွားရောက်ပညာဆည်းပူးစဉ် မဟာဝိဇ္ဇာဘွဲ့ (MA)အတွက် တင်သွင်းရန် ရေးသားခဲ့သော သုတေသနစာတမ်းတစ်စောင် ဖြစ်သည်။ သက်သတ်လွတ်ဝါဒနှင့် ပတ်သက်၍ ဗုဒ္ဓဘာသာ၏ ရှုမြင်သုံးသပ်ချက်ကို ပိဋကတ်ပါဠိတော်များ ကိုးကား၍ ရေးသားပြုစုထားခြင်း ဖြစ်သည်။

မျက်မှောက်ကာလ၌ ကမ္ဘာနှင့်အဝှမ်း သက်သတ်လွတ်ဝါဒကို လက်ခံကျင့်သုံးသူဦးရေ တိုးပွားလျက်ရှိသော်လည်း တစ်ဦးနှင့်တစ်ဦး သက်သတ်လွတ်စားသုံးရသည့် ရည်ရွယ်ချက်သဘောထားနှင့် အမြင်တို့ ကွဲပြားခြားနားသည်ကို တွေ့ရှိရသည်။ လူအချို့မှာ ကျန်းမာရေးကို အကြောင်းပြု၍ သက်သတ်လွတ်စားသူများ ဖြစ်ကြသလို အများစုသည် ဘာသာရေးကို အကြောင်းရင်းခံကာ သက်သတ်လွတ်စားသူများ ဖြစ်လာကြသည်။

သက်သတ်လွတ်စားသုံးရခြင်းနှင့် ပတ်သက်၍ အယူအဆများ အမျိုးမျိုး ကွဲပြားလျက်ရှိရာ သားငါး စားသင့်၊ မစားသင့်ဆိုသည်ကို မည်သည့် အချက်တွင် အခြေခံ၍ ဆုံးဖြတ်နေကြပါသနည်း?။ ဤတွင် သက်သတ်လွတ် စားသူများကို အုပ်စုခွဲ၍ လေ့လာနိုင်သည်။ အချို့ သက်သတ်လွတ်စားသူ များသည် ကြက်ဥ ဘဲဥတို့ကို စားသုံးပြီး နို့သောက်ခြင်းမှ ရှောင်ကြဉ်ကြသည်။ အချို့ကမူ နို့သောက်သော်လည်း ဥစားခြင်းမှ ရှောင်ကြဉ်ကြသည်။

အချို့သောသူများမှာ အသွေး, အသား, ဥစားခြင်းမှ လုံးဝရှောင်ကြဉ် သော်လည်း သတ္တဝါတို့၏ အရိုးအရေတို့ဖြင့် ပြုလုပ်အပ်သော အသုံးအဆောင် ပစ္စည်းတို့ကို နှစ်သက်စွာ သုံးစွဲနေကြသည်။ အချို့ သက်သတ်လွတ်သမား များမှာ အသွေး, အသား, ဥစားခြင်းကိုလည်းကောင်း၊ အရိုးအရေတို့ဖြင့် ပြုလုပ် အပ်သော အသုံးအဆောင်တို့ကို သုံးစွဲခြင်းမှ လည်းကောင်း ရှောင်ကြဉ်ကြသည် ကို တွေ့ရသည်။

ဗုဒ္ဓမြတ်စွာအလိုကျ ထေရဝါဒဗုဒ္ဓအယူအဆကမူ ဗုဒ္ဓဘာသာဝင် တို့အား သက်သတ်လွတ်စားရမည်ဟု ပညတ်ချက် ချမထားသကဲ့သို့ သက်သတ် လွတ်စားရန်လည်း တိုက်တွန်းအားပေးမှုမျိုး တစုံတရာ မရှိပေ။မြတ်စွာ ဘုရားရှင်သည် သက်သတ်လွတ်စားသူများအား ချီးမွမ်းတော်မမူခဲ့သလို သက်သတ်လွတ် မစားသူများကိုလည်း ကဲ့ရဲ့တော်မမူခဲ့ပေ။ အစာအာဟာရကို စားသုံးကြရာ၌ အဓိကရည်ရွယ်ချက်မှာ အသက်နှင့်ခန္ဓာ ရှင်သန်တည်တံ့စေရန် သာဖြစ်ပြီး အပြစ်ကင်းသော အာဟာရကို စားသုံးရန်နှင့် အစားအစာပေါ်၌ တပ်မက်မှု ကင်းနိုင်သမျှ ကင်းအောင် နှလုံးသွင်း၍ စားသုံးကြရန်သာ မိန့်ကြား တော်မူခြင်း ဖြစ်သည်။

သဗ္ဗညုတဉာဏ်ပိုင်ရှင် မြတ်စွာဘုရားသခင်သည် တပည့်သာဝက ရဟန်းများအား သား, ငါးစားသဖြင့် အချို့သော လူတို့၏ ကဲ့ရဲ့ပြစ်တင်ရှုတ်ချမှု မခံရစေရန် ရဟန်းတို့ မစားအပ်သော အသားသုံးမျိုးကို ကရုဏာရှေ့ထား ဟောကြားတော်မူခဲ့ပါသည်။

ယခု ဖတ်ရှုရမည့် စာစုသည် သက်သတ်လွတ်နှင့် ပတ်သက်၍ ဗုဒ္ဓမြတ်စွာ ဟောကြားဆုံးမတော်မူခဲ့သည့် တရားအဆီအနှစ်တို့ကို စုစည်းတင်ပြထားသဖြင့် စာရှုသူများအနေဖြင့် လေ့လာမှတ်သား သုတပွားကာ အသိမှန် အမြင်မှန် ရရှိကြစေရန် ဆန္ဒပြုလိုက်ပါသည်။

**အရှင်နန္ဒမာလာဘိဝံသ**

**၁၃၆၆၊ ၂၀၀၅**

**(ဗုဒ္ဓဝါဒနှင့် သက်သတ်လွတ်ဝါဒ- စာစောင်မှ)**



သဒ္ဒနီတိပကရဏေ
ဓာတုမာလာတိ ဣဒါနိ ဝေါဟရိတာ
ဓာတုဝိဘာဝနာ ဧဝ
အက္ခရာနုက္ကမေန ပုနာဘိသင်္ခတာ

# ဓာတုဒီပိကာ

## နိဒါနကထာ

---

အမှာကံ သမ္မာသမ္ဗုဒ္ဓေါ ဟိ ဓမ္မံ ဒေသေန္တော မာဂဓိဘာသာယ ဒေသေတိ၊ သာ ပန မာဂဓိဘာသာ ယထာဘုစ္စအရိယဝေါဟာရဘူတာ ဗုဒ္ဓဝစနမုပါဒါယ ပါဠိတိ အာဓုနိကေဟိ ဝေါဟရိတာ "ပကဋ္ဌာနံ ဥတ္တမာနံ ဝစနပ္ပဗန္ဓာနံ အာဠိ ပါဠီ"တိ ဣမိနာ ဝစနတ္ထေန။

သာ ပန ပါဠိ ဗုဒ္ဓဝစနာနုရူပေဟိ ဧကစတ္တာလီသက္ခရေဟိ ပဋ္ဌိတာ သာတ္ထာ သဗျဉ္ဇနာ သစ္စိကဋ္ဌပရမတ္ထသူစိကာ၊ ဧကေကမေတ္ထ ပါဠိပဒံ ပကတိပစ္စယေဟိ နိပ္ဖါဒိတံ၊ ပကတိ ပန လိင်္ဂဓာတုယော၊ ဝိဘတ္တိပစ္စယာ

ပစ္စယော၊ တသ္မာ ပါဠိပဒါနံ မူလဘူတာ ဓာတုယော တဒတ္ထေ စ ယထာတထံ ဇာနိတုံ မဟုဿာဟော ကရဏီယော’တိ။ တဒတ္ထံ ပန မနသိ နိဓာယ ပေါရာဏိကာ မဟာဝေယျာကရဏိကာ ဓာတွတ္ထဒီပကေ သဒ္ဒေ အကံသု ဗုဒ္ဓဝစန-ပါဠိပဒေသု ပါဠုဝတ္တာယ၊ တေသမညတရော သဒ္ဒနီတိကာရကော အဂ္ဂဝံသာစရိယော အဟောသိ။

သော တာစရိယော သာဋ္ဌကထေ ပိဋကတ္တယေ သဒ္ဒသတ္ထေ စ အပ္ပဋိဟတ-ဉာဏစာရော မရမ္မရဋ္ဌေ အရိမဒ္ဒနပုရေ အဘိပါကဋော အဟောသိ၊ တေနေ ဝါစရိယာသဘေန အရိမဒ္ဒနပုရေ ကျစွာရညော ကာလေ သဒ္ဒနီတိနာမ မဟာပကရဏံ အဋ္ဌဝီသတိယာ ပရိစ္ဆေဒေဟိ သမလင်္ကတံ ကတံ ပိဋကတ္တယေ ဗျပ္ပထဂတီသု ဝိညူနံ ကောသလ္လတ္ထာယ။

တံ ပန မဟာပကရဏံ ပဒမာလာ ဓာတုမာလာ သုတ္တမာလာတိ ဣဒါနိ ပါကဋေန မဟာကဏ္ဍတ္တယေန ပဋိမဏ္ဍိတံ ဟုတွာ ပရိယတ္တိပရိယာပုဏနတ္ထာနံ ပါဠိသောတူနံ မဂ္ဂဒေသကပဇ္ဇောတော ဝိယ ဩဘာသယန္တံ တိဋ္ဌတိ။

တေသု ပန ဓာတုမာလာ ပဉ္စဟိ ပရိစ္ဆေဒေဟိ ဝဝတ္ထိတာ ဟုတွာ ၁၂၂၃ ပါဠိဓာတုယော စေဝ တဒတ္ထေ စ ဝိဘာဝေတိ သဟဥဒါဟရဏ ဂဏ္ဌိပဒဝိနိစ္ဆယေဟိ၊ ဓာတူနံ အနုက္ကမော ပန အာစရိယေန အညထာ ဒဿိတော။ သော စ အနုက္ကမော န သက္ကာ ပရိယာပုဏနတ္ထေဟိ သုခေန ဂဝေသိတုံ စေဝ ပဿိတုံ စ။ တသ္မာ အာစရိယေန ကထာ ဓာတုဝိဘာဝနာ-သဟိတာ ဓာတုမာလာယေဝ အက္ခရာနုက္ကမေန အမှေဟိ ပနာဘိသင်္ခတာ သောတူနံ ယထိစ္ဆိတဓာတုယော တဒတ္ထေ စ သုခေန ဂဝေသိတုံ စေဝ ပဿိတုံ စ။

အယံ ဟိ ဓာတုဒီပိကာ နဝင်္ဂေ သာဋ္ဌကထေ ပိဋကတ္တယေ ဗျပ္ပထဂတီသု ဝိညူနံ ကောသလ္လဇနနီ ဟုတွာ စိရဋ္ဌာယ တိဋ္ဌတူတိ အယံ အမှာကံ ပတ္ထနာ။

အာစရိယေန ပန ဧဝမဘိပတ္ထိတံ -

ဣဒံ ဝိရစယန္တော’ဟံ၊ ယံ ပုညမလဘိံ ဝရံ။

တေ’နာယံ သကလော လောကော ၊ ယာတု လောကုတ္တရံ သုခံ။
သာရီရိကေ ပရိဘောဂေ ၊ စေတျေ ဥဒ္ဒိသကေပိ စ။
သဗ္ဗေ အာရက္ခကာ ဒေဝါ ၊ သုခံ ယန္တု နဝံ နဝံ။

အာရက္ခဒေဝတာ မယှံ ၊ ဉာတကာ’ညာတကာ စ မေ။
ဒါယကာပိ စ မေ သဗ္ဗေ ၊ သုခံ ယန္တု နဝံ နဝံ။

မာတလိ လောကပါလာ စ ၊ သက္ကော ဗြဟ္မာ သဟံပတိ။
မေတ္တေယျော ဗောဓိသတ္တော စ ၊ ရက္ခံ ဂဏှန္တု သာသနေ။

မဟာထေရာဒယော ထေရာ ၊ ဘိက္ခူ စ နဝမဇ္ဈိမာ။
ကတွာ သုဒ္ဓမကိစ္စေန ၊ စိရံ ပါလေန္တု သာသနံ။

ရာဇာနောပိ စ ပါလေန္တု ၊ ဓမ္မေန သကလံ မဟိံ ။
သဗ္ဗတ္ထ သမယေ သမ္မာ ၊ ဒေဝေါ ဗာပိ ပဝဿတု။

အဟံ တု ပရမံ ဗောဓိံ ၊ ပါပုဏေယျမနာဂတေ။
တံ ပတွာ သကလေ သတ္တေ ၊ မောစေယျံ ဘဝဗန္ဓနာတိ။

နန္ဒမာလာဘိဝံသထေရော

## နိဂမန်း

“ မရမ္မေ အရိမဒ္ဒန
ပုရေ ထေရေန ဓီမတာ။
အဂ္ဂဝံသာစရိယေန၊

သဒ္ဒနီတိ သုသင်္ခတာ။

သဒ္ဒနီတိယံ ဓာတု -
မာလာဝ ပုန သင်္ဂိတာ။
အက္ခရာနုက္ကမေနေဝ၊
သောတူနံ သုခဗောဓယာ၊

သာသနေ ယမမုခံ ဟိ၊
သမ္ဗန္ဓေ ပုန သင်္ခတာ။
ဓာတုဒီပိကာ သော၊
အနာယာသေန နိဋ္ဌိတာ။

နန္ဒမာလာဘိဝံသေန၊
ထေရေန ပုန သင်္ဂိတာ။
တမ္ပိ ကာလေ ယတိပေါတော၊
ဟိတာနန္ဒော'ပကာရကော"တိ။

(၃. ၈. ၂၀၀၆)



# ပကိဏ္ဏကဓမ္မရာသိကျမ်း

## အမှာစာ

ဤ**ပကိဏ္ဏကဓမ္မရာသိကျမ်း**ကို စဉ့်ကူးမြို့နယ်၊ ညောင်ပင်ရွာ၊ ပေါ်တော်မူကျောင်းကို စတင်တည်ထောင်တော်မူခဲ့သော ပဌမပေါ်တော်မူ ဆရာတော်ဘုရားကြီး **ဘဒ္ဒန္တနန္ဒိယမဟာထေရ်** ရေးသားပြုစုတော်မူခဲ့သည်။

ဤကျမ်းကို ရေးသားစဉ်က ဆရာတော်ဘုရားကြီးသည် **ပဲခူးတိုင်း၊ ညောင်ခါးရှည် လက်ပံဖုရွာ၊ သုဓမ္မာကျောင်း**၌ ကျောင်းထိုင်အဖြစ် သီတင်းသုံးတော်မူခဲ့သည်။ ကျမ်းပြီးနိဂုံး၌ ကျမ်းပြုနှစ်ကို ဖော်ပြမထားသဖြင့် မည်သည့်နှစ်တွင် ရေးသားခဲ့ကြောင်း အတိအကျ မသိရပေ။ သို့သော် ၁၂၆၁ ခုနှစ်ဝန်းကျင်တွင် ရေးသားခဲ့ကြောင်း ခန့်မှန်းလို့ရသဖြင့် ဤကျမ်းသက်တမ်းမှာ နှစ်ပေါင်း တစ်ရာကျော်ဟု ဆိုနိုင်ပါသည်။ ဝါညိုရောင်သန်းလျက် ဆွေးလုလုဖြစ်နေသော ဤပကိဏ္ဏကဓမ္မရာသိစာအုပ်ကို ပေါ်တော်မူကျောင်းတိုက် ဗီရိုတစ်လုံးအတွင်း တွေ့ရှိရသဖြင့် မပျောက်ပျက်စေရန် စစ်ကိုင်းမြို့ မဟာသုဗောဓာရုံ စာကြည့်တိုက်သို့ ယူဆောင်သိမ်းဆည်းထားခဲ့ပါသည်။ ယခုအခါ **"ပေါ်တော်မူသာသနာ နှစ်တစ်ရာ"**အချိန်နှင့် ကြုံကြိုက်လာသဖြင့်

"နှစ်တစ်ရာပြည့် အမှတ်တရ" အဖြစ် ဤကျမ်းကို ဒုတိယအကြိမ် ပုံနှိပ်ကာ ဓမ္မဒါနပြုလိုက်ပါသည်။

**အင်္ဂါ သာရှည်၊ ရွာကျောင်းတည်၊ ခါဓိ မိန်ပြည့်ငါး။**
**ပူးမင်း သောကြာ၊ ရက်ဒိန၊ တည်ကြ မျိုးလေးပါး။ -**

ဟူသော မှတ်တမ်းလင်္ကာအရ ညောင်ပင်ရွာ ပေါ်တော်မူကျောင်းကို "၁၂၆၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၅)ရက် သောကြာနေ့"တွင် စတင်တည်ထောင်ခဲ့ကြောင်း သိရပါသည်။

**"ပေါ်တော်မူကျောင်း"** ဟု အမည်တွင်ရခြင်းအကြောင်းမှာ အိပ်မက်အရ တူးဖော်ပင့်ယူရရှိသဖြင့် "ပေါ်တော်မူ"လာသည့် ရုပ်ပွားဆင်းတုတော်မြတ်ကို ပူဇော်ထားရှိရာ မြေအရပ်၌ ကျောင်းတည်ခဲ့သောကြောင့် ဖြစ်၏။

ယခင်က **'နေပူကုန်း'**ခေါ် ညောင်ပင်ရွာ၊ တောင်ပိုင်းရပ်၊ **ဦးပန်းနွယ်** အိမ်ဝင်းအတွင်း မြေအောက်မြုပ်နေသော ကျောက်ဆင်းတုတစ်ဆူ ရှိ၏။ တစ်ခုသောညအခါ၌ **ဦးပန်းနွယ်**၏ မိခင်မှာ အိပ်မက်မြင်မက်သည်။ အိပ်မက်တွင် ရုပ်ပွားတော်တစ်ဆူကြွလာပြီး "ငါ မြေအောက်မှာ သီတင်းသုံးနေရတာ ကြာလှပြီ၊ ငါ့ကို လာပင့်ကြ"ဟု မိန့်တော်မူသည်။ အိပ်မက်အရ တူးဖော်ကြသောအခါ ညာဏ်တော်တစ်ပေခန့်ရှိ ကျောက်ဆင်းတုတစ်ဆူကို ပင့်ယူရရှိခဲ့သည်။

ထိုရုပ်ပွားဆင်းတုတော်ကို **"ပေါ်တော်မူဘုရား"**ဟု အများက သမုတ်ထားကြ၏။ ရွာတောင်ဘက် မြစ်ကမ်းအနီးရှိ ကုန်းမြေ၌ သဲဖြူခင်း၊ ရာဇမတ်ကာရံ၍ တံခွန်ကုက္ကား မုလေးပွားတို့ဖြင့်လည်းကောင်း ဆီမီး၊ ပန်း၊ ရေချမ်း၊ သစ်သီးခဲဖွယ်တို့ဖြင့်လည်းကောင်း ပူဇော်ထားကြ၏။ အနီးပတ်ဝန်းကျင် ရွာတို့မှ လူအများအပြား လာရောက်ပြီး ပေါ်တော်မူဘုရားကို ဖူးမြော်ပူဇော်ခဲ့ကြသည်။

ပေါ်တော်မူဘုရား သီတင်းသုံးတော်မူရာ ယာယီကျောင်းတော်အနီးရှိ မြေကွက်များမှာ **'အဖွားရင်'**ပိုင် မြေကွက်များ ဖြစ်၏။ **အဖွားရင်**သည် မောင်ဘုန်းကြီး **'ဦးနန္ဒိယ'**အတွက် ကျောင်းတည်ရန် အဆိုပါ မြေကွက်များကို လှူဒါန်းခဲ့လေ

သည်။ **ဘုန်းကြီးဦးနန္ဒိယ**သည် ညောင်ခါးရှည် လက်ပံဖုမှ ပြန်ကြွလာပြီး ၁၂၆၈ ခုနှစ်မှ စ၍ ဤပေါ်တော်မူကျောင်းကို တည်ထောင်ကာ သီတင်းသုံးတော်မူခဲ့သည်။

ယခု ၁၃၆၈ ခုနှစ်တွင် ပေါ်တော်မူသာသနာသည် နှစ်တစ်ရာသို့ တိုင်ခဲ့ပြီ ဖြစ်၏။ နှစ်တစ်ရာကျော်က ပဌမပေါ်တော်မူဆရာတော်ဘုရားကြီး ရေးသားပြုစုခဲ့သော ဤ **'ပကိဏ္ဏကဓမ္မရာသိကျမ်း'**သည် ပေါ်တော်မူသာသနာနှစ်တစ်ရာနှင့်ပြိုင်ကာ ပြန်လည်ထွန်းသစ်လာခဲ့ပြန်ပါသည်။

**"ပေါ်တော်မူသာသနာ နှစ်တစ်ရာ"**ကို မှတ်တမ်းတင်ဂုဏ်ပြုသောအားဖြင့် ဤပကိဏ္ဏကဓမ္မရာသိကျမ်း အုပ်ရေတစ်ထောင်ကို ပုံနှိပ်ဖြန့်ဝေကာ ဓမ္မဒါနပြုလိုက်ပါသည်။

ဤဓမ္မဒါနကုသိုလ်ဖြင့် မဟာသုဗောဓာရုံ ညီနောင်မောင်နှမများ၏ အဖိုးဖြစ်သူ ပဌမပေါ်တော်မူဆရာတော် ဘုရားကြီး **ဘဒ္ဒန္တနန္ဒိယမဟာထေရ်** (၁၂၁၁-၁၂၉၀)အားလည်းကောင်း၊ ဦးလေးလည်းဖြစ်, ဝယ်ဆရာလည်းဖြစ်သော ဒုတိယပေါ်တော်မူဆရာတော်ဘုရားကြီး **ဘဒ္ဒန္တကေလာသမဟာထေရ်**(၁၂၆၂-၁၃၁၀)အားလည်းကောင်း၊ ဦးလေးလည်းဖြစ် လက်စောင်းဆရာလည်းဖြစ်သော တတိယဆရာတော်ဘုရားကြီး ဘဒ္ဒန္တပညာသိရီမဟာထေရ်အားလည်းကောင်း ကျေးဇူးတုံ့ဆပ် လေးမြတ်တူပျော် ပူဇော်အပ်ပါသည်။

**အရှင်နန္ဒမာလာဘိဝံသ**
**တိုက်အုပ်ဆရာတော်**
**မဟာသုဗောဓာရုံ၊ စစ်ကိုင်းမြို့**
**၁၃၆၈-ခုနှစ် တန်ဆောင်မုန်းလ**

**(ပကိဏ္ဏကဓမ္မရာသိကျမ်းမှ)**



# ဘာသာသနာ ပုံရိပ်လွှာ
# အမှာစကား

မြန်မာ့လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ထူးချွန်ထင်ရှားသော ဆရာတော်သံဃာတော်များအား နိုင်ငံတော်အစိုးရက နှစ်စဉ်မပျက် ကြေညာဆက်ကပ်လေ့ရှိသည်။ ၅၆ ကြိမ်မြောက် မြန်မာ့လွတ်လပ်ရေးနေ့တွင် စစ်ကိုင်းမြို့၊ မဟာသုဗောဓာရုံကျောင်းတိုက် ပဓာနနာယကဆရာတော်အပါအဝင် ဆရာတော်ကြီးသုံးပါးတို့အား သာသနာတော်ဆိုင်ရာ အမြင့်ဆုံးဘွဲ့တံဆိပ်တော်ဖြစ်သည့် **“အဘိဓဇမဟာရဋ္ဌဂုရု”**ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ကြောင်း ကြေညာခဲ့လေသည်။ ၁၃၆၈ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ရန်ကုန်မြို့ ကမ္ဘာအေး ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း ခမ်းနားသိုက်မြိုက်စွာ ပွဲကြီးဆင်ယင်လျက် သာသနာတော်ဆိုင်ရာ **“အဘိဓဇမဟာရဋ္ဌဂုရု”**ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခဲ့လေသည်။

**“အဘိဓဇမဟာရဋ္ဌဂုရု”** မြန်မာဘာသာဖြင့် **“နိုင်ငံတော်၏ အမြင့်ဆုံးတံခွန်ပမာ မြတ်ဆရာ”**ဟူသော ဘွဲ့တံဆိပ်တော်သည် မြန်မာနိုင်ငံ၏ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များတွင် အဆင့်အမြင့်ဆုံး ဖြစ်၏။ ပရိယတ္တိသာသနာ့နယ်တွင် ဂုဏ်သတင်းကြီးမားသော မဟာသုဗောဓာရုံဆရာတော်နှင့် “အဘိဓဇမဟာရဋ္ဌဂုရု”ဘွဲ့ တံဆိပ်တော်တို့ သင့်လျော်လိုက်ဖက်သည့်အတွက်

နှစ်သက်အားရ ဝမ်းမြောက်လှပါကြောင်း သတင်းကောင်းများ ပို့ပေးကြပါသည်။

ကြည်ညိုလေးစားရင်း ရှိကြသည့် တပည့်သံဃာများ ဒါယကာဒါယိကာမများက "ပူဇနီယပူဇာ" ကုသိုလ်ထူးကို အရယူကြရန် အားတက်သရော ဆောင်ရွက်ကြသည်။ ရဋ္ဌဂုရုပူဇာပွဲမဟာကို ဆင်ယင်ကျင်းပကာ ပူဇော်ကြသည်။ ဆရာတော်ဘုရားကြီး၏ ဂုဏ်ကို ရေးသားထုတ်ဖော်ကာ ပူဇော်ဂုဏ်ပြုကြသည်။

ဆရာတော်ဘုရားကြီး၏ ဇာတိဘူမိဖြစ်သည့် စဉ့်ကူးမြို့နယ်၊ ညောင်ပင်ရွာမှ တပည့်သံဃာ ဒါယကာဒါယိကာမများကလည်း "ဂုရုပူဇာ"ပွဲကို ဆင်နွှဲကာ ပူဇော်ဂုဏ်ပြုကြ၏။ ဤသို့ ဆရာတော်ဘုရားကြီးအား ပူဇော်ဂုဏ်ပြုရာ၌ ဆရာတော်ဘုရားကြီး၏ မြေးတပည့်ဖြစ်သူ **အရှင်ဇောတိသာရ**က ဆရာတော်ဘုရားကြီး၏ အဋ္ဌုပ္ပတ္တိကို ရေးသားပူဇော်သည်။ ရှည်လျား၍ အခန်းကဏ္ဍများပြားလှသော နှစ်ဘဝကျော် ဘဝခရီးအကြောင်းကို ပုံဖော်ရန် ကြိုးစားသည်။ ဆရာတော်ဘုရားကြီး၏ **"ဘဝသာသနာ ပုံရိပ်လွှာ"**ကို ပုံကြမ်းဆွဲပြသည်။ အချိန်တိုအတွင်း ကြိုးစားတင်ပြအပ်သော **"အရှင်ဇောတိသာရ"**၏ လက်ရာ **"ဘဝသာသနာ ပုံရိပ်လွှာ"**သည် ဆရာတော်ဘုရားကြီး၏ သာသနာပြုခရီးရှည်ကြီးအကြောင်းကို ပုံရိပ်လောင်းထားသည့်အသွင် မြင်ရမည်ဖြစ်သည်။

ပုံရိပ်သည် ပုံအစစ်နှင့် အနီးကပ်တူညီသဖြင့် ပုံအစစ်ကို စာဖတ်သူများ စိတ်နှလုံးအတွင်း အသိဉာဏ် ဆေးရောင်သွင်းကာ မှန်းဆကြည့်နိုင်ကြမည်ဖြစ်ပါသည်။

**ဘဒ္ဒန္တ ဒေါက်တာ နန္ဒမာလာဘိဝံသ**
**(တိုက်အုပ်ဆရာတော်)**
**မဟာသုဗောဓာရုံကျောင်းတိုက်၊ စစ်ကိုင်းမြို့**
**၁၃၆၉-ခု ဒုတိယဝါဆိုလဆန်း(၆)ရက်**
**(၂၀. ၇. ၂၀၀၇)**

**(မဟာသုဗောဓာရုံဆရာတော်၏ ဘဝသာသနာပုံရိပ်လွှာ- စာစောင်မှ)**



## လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိနိဒါန်း

# ဤစာအုပ်ကို ဖတ်ကြည့်ပါ

၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ဖြစ်၏။

ဦးအောင်မွန်(မြတ်ဆုမွန်)ထံမှ သူကိုယ်တိုင် ရေးဖွဲ့ပူဇော်အပ်သော **'ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ ဘဝဖြစ်တော်စဉ်'**အမည်ရှိ ဤစာအုပ်ကို ကွန်ပျူတာစာမူအဆင့်တွင် လက်ခံရရှိပါသည်။

ဤစာအုပ်ကို တွေ့မြင်ရသည်နှင့်တပြိုင်နက်တည်း လွန်ခဲ့သည့် နှစ် ၃၀ ကျော် (၁၉၇၄ ခုနှစ်ဝန်းကျင်) ကာလမှ အတိတ်၏ ပုံရိပ်များသည် မိမိ၏ စိတ်အစဉ်တွင် ထင်ဟပ်ပေါ်လွင်လာခဲ့ပါသည်။

ဘုန်းကြီး **ဦးမာနိတသိရီ** (ကထိကရဟန်း)နှင့် မိမိတို့ နှစ်ဦးသား ပူးတွဲလျက် **'စံကင်းဆရာတော် ဂုရုပ္ပတ္တိကထာ'**ကျမ်းကို ပြုစုရေးသားပြီးနောက် ပဌမရွှေကျင်ဆရာတော်ဘုရားကြီးနှင့် ပဌမမဟာဝိသုဒ္ဓါရုံဆရာတော် ဘုရားကြီးနှစ်ပါးတို့၏ ဘဝဖြစ်တော်စဉ်များကို ရေးသားပြုစုပါရန် စိတ်ပါဝင်စား အားတက်သရော ရှာဖွေစုဆောင်းနေသည့်အချိန် လယ်တီဆရာတော် ဘုရားကြီး၏ ဘဝဇာတ်ကြောင်း စုဆောင်းရန် စုံစမ်းမေးမြန်းနေသူ

**မောင်အောင်မွန်** (မန္တလေးတက္ကသိုလ်၊ ပါဠိဌာန ကျောင်းသား)နှင့် စတင်ဆုံဆည်းမိကြပါသည်။

တွေ့ဆုံကြစဉ် အဌ္ဌုပ္ပတ္တိစာပေအကြောင်းကို များစွာ ပြောဆိုဖြစ်ကြရုံမက အတွေ့အကြုံစာပေဗဟုသုတ ဖလှယ်ခဲ့ကြပါသည်။ မဟာဝိသုဒ္ဓါရုံဆရာတော်အကြောင်းကို ဘုန်းကြီး **ဦးမာနိတသိရိ** ရေး၍၊ ရွှေကျင်ဆရာတော်အကြောင်းကို မိမိက ရေးရန်နှင့် လယ်တီဆရာတော်အကြောင်းကို **မောင်အောင်မွန်က** ရေးရန် စိတ်အားထက်သန်ခဲ့ကြပါသည်။

ထိုအချိန်မှ စ၍ ၁၀ နှစ်တာကာလအတွင်း **ဘုန်းကြီးဦးမာနိတသိရိ** အနေဖြင့် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏ ဘဝစာပေ အထွေထွေကို အတော်ကလေး စုဆောင်းမိထားသကဲ့သို့ မိမိအနေဖြင့်လည်း ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဘဝသာသနာစာပေရေးရာ ပုံရိပ်လွှာများကို ဝိုးတဝါးရှာဖွေတွေ့ရှိခဲ့ပါသည်။ ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဘဝဇာတ်ကြောင်းကို မာတိကာစာမြောင်းသွယ်ကာ စတင်ပြုစုနိုင်ခဲ့ပါသည်။

သို့သော် မိမိအဖို့ ဘဝတကွေ့ အပြောင်းအရွှေ့ ဖြစ်ပေါ်လာသဖြင့် ပြုစုရေးသားမှုလုပ်ငန်း ရပ်နားသွားခဲ့ရပါသည်။ ၁၉၈၆ ခုနှစ်တွင် ဘာသန္တရနှင့် အထွေထွေဗဟုသုတရယူရန် အိန္ဒိယနှင့် သီရိလင်္ကာနိုင်ငံတို့သို့ ထွက်ခွာသွားခဲ့ခြင်းဖြစ်ပါသည်။

ကိစ္စတစ်ခု ဆောင်ရွက်နိုင်ခြင်းသည် အကြောင်းညီညွတ်မှု (ပစ္စယသာမဂ္ဂီ)တွင် တည်နေ၏။ ရှေးက လူကြီးများ စကားပြောသည့်အခါ 'အကြောင်းညီညွတ်လျှင်'ဆိုသည့် စကားကို ထည့်သွင်းပြောကြားလေ့ရှိပါသည်။ ပိဋကတ်စာပေ၌လည်း အနာဂတ်ကိစ္စ ပဋိညာဉ်ပေးတိုင်း 'ကာလဥ္စ သမယဉ္စ ဥပါဒါယ-အချိန်အခါ အကြောင်းအခွင့် သင့်လျှင်'ဆိုသည့် စကားရပ်ကို ထည့်သွင်းပြောကြားလေ့ရှိသည်ကို တွေ့ရပါသည်။

မိမိအဖို့ ရွှေကျင်ဆရာတော်ဘုရားကြီး၏ အဌ္ဌုပ္ပတ္တိပြုစုရန် အတော်အသင့် စုမိဆောင်းမိပြီးဖြစ်သော်လည်း အကြောင်း မညီညွတ်တော့ပါ။ စုဆောင်းပြီးသမျှ ဘုန်းကြီး **ဦးမာနိတသိရိ**ထံ လွှဲပြောင်းပေးလိုက်ပါသည်။

စာပေရေးသားပြုစုရာ၌ ကျွမ်းကျင်သည့် ဘုန်းကြီးဦးမာနိတသိရီသည် ရွှေကျင်ဂိုဏ်း ရာပြည့်အမှတ်တရအဖြစ် သက္ကရာဇ် ၁၃၅၅ (၁၉၉၃)ခုနှစ်တွင် **'ပဥ္စမရွှေကျင်ဆရာတော်'**ဟူသော အမည်ဖြင့် ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဘဝနှင့်စာပေကို ပြုစုထုတ်ဝေနိုင်ခဲ့ပါသည်။

ဤသို့ ရွှေကျင်နှင့်မဟာဝိသုဒ္ဓါရုံ အဌ္ဌုပ္ပတ္တိနှစ်စောင် အကောင်အထည် ဖော်ဆောင်နိုင်ခဲ့ပြီးဖြစ်သော်လည်း လယ်တီဆရာတော်၏ အဌ္ဌုပ္ပတ္တိမှာ ထွက် ပေါ်လာခြင်း မရှိသေးပါ။ **ကိုအောင်မွန်**နှင့် ဆုံမိတိုင်းလိုလို 'လယ်တီ ဆရာတော် ဘယ်ရောက်နေတုံး?'ဟု မေးမိနေခဲ့ကြပါသည်။

၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့ကား အမှတ်တရရှိလှသော အံ့အားကြီးသင့်ခဲ့ရသော နေ့တစ်နေ့ ဖြစ်ပါသည်။ လယ်တီဆရာတော် အဌ္ဌုပ္ပတ္တိမျှော်လင့်မှုတွေ ပျောက်ကွယ်လုနီးနီးဖြစ်နေချိန် စာမျက်နှာ ရှစ်ရာကျော်ရှိ ထုထည်ကြီးမားလှသော 'ကျေးဇူးရှင် **လယ်တီဆရာတော် ဘုရားကြီး၏ ဘဝဖြစ်တော်စဉ်**'စာအုပ်ကြီးကို စာမူဘဝလက်ခံ ရရှိလိုက်သော ကြောင့် ဖြစ်ပါသည်။

လုံးစေ့ပါဌ်စေ့ စာကြောင်းစေ့ မဖတ်နိုင်သေးမီ လှမ်းခြုံရှုကြည့်ရသည့် မြင်ကွင်းအရ 'လယ်တီဆရာတော်ကြီး အသက်ရှင်ပြန်ကြွလာပြီ'ဟု ဆိုရမည် ဖြစ်ပါသည်။ **ဦးအောင်မွန်၏** စေ့စပ်သေချာသော သုတေသန၊ ပီပြင်လှသော စုတ်ချက်များကြောင့် လယ်တီဆရာတော်ကြီး၏ ဘဝပုံရိပ်များသည် အသက် ဝင်ကာ ပြန်လည်လှုပ်ရှားလာသည်ကို တွေ့ကြပါမည်။

ဤမျှသာမကသေး၊ စာပေအရေးအသား ကောင်းမွန်သော **ဦးအောင် မွန်**မှာ လယ်တီဆရာတော်ကြီး၏ တပည့်အဆက် အနွယ်ဝင်ဖြစ်နေသည်ကို သူ၏ အမှာစာအရ သိရှိရသဖြင့် **ဦးအောင်မွန်**ကို လယ်တီဆရာတော် ဘုရားကြီး၏ ဘဝဖြစ်တော်စဉ် ပြုစုရေးအတွက် မွေးဖွားပေးလိုက်သူဟု ဆိုရမည် ထင်ပါသည်။ တကယ်ပင် **ဦးအောင်မွန်**သည် **'လယ်တီအောင်မွန်'** အမည်ကို ခံထိုက်သူ ဖြစ်ပါသည်။

**'လယ်တီအောင်မွန်'**၏ လက်ရာ 'ဤစာအုပ်ကြီး'ကို ဖတ်ကြည့်ပါ. . . ။

ပရိယတ္တိရှုထောင့်မှ ကျမ်းတတ်အကျော် ကျမ်းပြုအကျော်အဖြစ်လည်းကောင်း၊ ပဋိပတ္တိရှုထောင့်မှ တောရကျောင်းပျော် တရားထူးတရားမြတ်ရရှိပြီးပုဂ္ဂိုလ်ကျော်အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ၏ နယ်နိမိတ်ကိုကျော်၍ ကမ္ဘာက သိသော ဆရာတော်ကြီးအဖြစ်လည်းကောင်း၊ ထင်ရှားခဲ့သော လယ်တီဆရာတော်ဘုရားကြီးကို ပြန်လည်ဖူးတွေ့နိုင်ကြမည် ဖြစ်ပါသတည်း ။ ။

**အရှင်နန္ဒမာလာဘိဝံသ**
**မဟာသုဘောဓာရုံကျောင်းတိုက်၊ စစ်ကိုင်း**

**(ဦးအောင်မွန် ပြုစုရေးသားသည့် ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး၏ ဘဝဖြစ်တော်စဉ် အတ္ထုပ္ပတ္တိစာမူ နိဒါန်း-မှ)**

# သဝဏ်လွှာ
# ဩဝါဒ စာလွှာများ

၁၃၅၀-ပြည့်နှစ် နယုန်လပြည့်

# နှစ် ၃၀ ပြည့် မဟာသုဗောဓာရုံကျောင်းတိုက်နေ့ ဓမ္မသန္ဒေသကထာ လျှောက်ကြားလွှာ

ပိယ, ဂရု, ဘာဝနီယစသော ဂုဏ်ရည်များကြောင့် အလွန်လေးစားထိုက်ပါသော ကျေးဇူးရှင် နာယကဆရာတော်ဘုရားနှင့် တိုက်အုပ်, တိုက်ကြပ်ဆရာတော် အမှူးရှိသော သံဃာတော် အရှင်မြတ်တို့ဘုရား! တပည့်တော်နိုင်ငံရပ်ခြား တိုင်းတပါးသို့ ရောက်ရှိနေထိုင်ခိုက်တွင် မဟာသုဗောဓာရုံကျောင်းတိုက် နှစ်ပတ်လည်နေ့အခါသည် ၃၀ ပြည့်နှစ်သို့ ဆိုက်ရောက်၍လာပါပြီ။ အရှင်မြတ်တို့နှင့် နေထွက်နေဝင် တနာရီကွာသည့် ရပ်ဝေးဒေသတွင် နေထိုင်ရသဖြင့် ကိုယ်ချင်းဝေးသော်လည်း စိတ်ချင်းဝေးကွာမှု မရှိကြောင်း ဤသန္ဒေသကထာ စာလွှာပါး၍ လျှောက်ကြားရပါစေဘုရား။

အရှင်မြတ်တို့ကို အာရုံပြု၍ မေတ္တာပို့ခိုက်တွင် ယခင် လေ့ကျက်ခဲ့ဘူးသော ဂါထာလေးတပုဒ်သည် အသိဉာဏ်တွင် ပေါ်လွင်ထင်ဟပ်လာခဲ့ပါသည်။ ထေရဂါထာလာ အဆိုပါ ဂါထာလေးကိုပင် အရှင်မြတ်တို့အတွက်

နှစ် ၃၀ ပြည့် ကျောင်းတိုက်နေ့အထိမ်းအမှတ် ဓမ္မလက်ဆောင်အဖြစ် ပေးပို့လိုက်ပါသည်ဘုရား။

**သုဿူသာ သုတဝဍ္ဎနီ၊ သုတံ ပညာယ ဝဍ္ဎနံ။**
**ပညာယ အတ္ထံ ဇာနာတိ၊ ဉာတော အတ္ထော သုခါဝဟော။**

ကျိုးကြောင်းဆက်နွယ် မာလာလင်္ကာရ အနက်တန်ဆာဖြင့် ချယ်လှယ်ထားသော ဤဂါထာလေးမှာ စကားလုံးကျဉ်းသော်လည်း အနက်အဓိပ္ပါယ်ကျယ်ဝန်းလှပါသည်။ မြန်မာဘာသာ အကျဉ်းပြန်ဆိုရလျှင်. . .

**"သိမြင်လိုလား၊ သုတပွား၊ သုတပွားက၊ ပညာရ။**
**ပညာရလျှင်၊ ကျိုးကြောင်းမြင်၊ ကျိုးကြောင်းမြင်က၊ ချမ်းသာရ"**ဟူ၍ ဖြစ်ပါသည်။

သောတုဇနအရှင်မြတ်များအနေဖြင့် **'သုဿူသာ'**ခေါ် သိမြင်လိုမှုဆန္ဒကို အရင်းတည်၍ ဤကျောင်းတိုက်သို့ ရောက်ရှိလာခဲ့ကြပါသည်။ ကျောင်းတိုက်တွင် ပညာသင်နေစဉ်အတွင်းမှာလည်း သုဿူသာကို ရှေ့တန်းတင်ထားကြပါသည်။ သိမြင်လိုမှုဆန္ဒကြောင့် စာပေသင်ယူကြားနာကြသဖြင့် သိမြင်လိုမှုနှင့်အမျှ သုတကို အခြေခံ၍ ကြံစည်သုံးသပ် ဆုံးဖြတ်ပိုင်ပိုင် သိစွမ်းနိုင်သည့် ဉာဏ်ပညာလည်း တိုးတက်လာရပါသည်။ ဤ ဆန္ဒနှင့် သုတ အခြေခံအကြောင်းနှစ်ရပ်သည် ပညာရရန်အတွက် လုံလောက်သော အကြောင်းနှစ်ရပ် ဖြစ်ပါသည်။ ၎င်းအကြောင်းနှစ်ရပ်ကို ဂါထာရှေ့ထက်ဝက်ဖြင့် ဖော်ပြထားခြင်း ဖြစ်ပါသည်။

ဂါထာ နောက်ထက်ဝက်ဖြင့် ပညာ၏ အကျိုးများကို ဖော်ကျူးထားခြင်း ဖြစ်ပါသည်။ ဆန္ဒနှင့်သုတ အရင်းခံသဖြင့် ပညာရလာပါပြီ၊ ရလာသည့် ပညာမှာ

ဘာအကျိုးရှိပါသလဲ? မေးရန် ရှိလာပါသည်။ ထိုအမေးအတွက် အဖြေကို ဖော်ထုတ်ထားခြင်း ဖြစ်ပါသည်။

ပညာရလာလျှင် ၎င်းပညာဖြင့် အဆိုးအကောင်း အကျိုးအကြောင်းကို ခွဲခြားသိမြင်တတ်ပါသည်။ ပညာမရှိလျှင် မျက်မမြင်နှင့် အလားတူပါသည်။ မျက်မမြင်သူကန်း စမ်းတဝါးဝါး စခန်းသွားလျှင် လိုရာဌာနမရောက်ပဲ ဒုက္ခအဖုံဖုံ ကြုံရသလို ပညာမရှိလျှင် အရာရာတွင် ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်း မရှိသဖြင့် အမှားမှားအယွင်းယွင်းဖြင့် နောက်ဆုံး ဒုက္ခတွင်း၌သာ နစ်မြုပ်ရပါသည်။ ထို့ကြောင့် အရာရာတွင် အဆိုးအကောင်းအကျိုးအကြောင်းကို ခွဲခြားသိတတ်သော ပညာကို ရရှိရန် လိုအပ်ပါသည်။

ပညာရ၍ ပညာဖြင့် ကျိုးကြောင်းဆင်ခြင်သိမြင်ကာ အရာရာ ဆောင်ရွက်လုပ်ကိုင်သွားနိုင်သဖြင့် ချမ်းသာသုခ ရရှိနိုင်ပါသည်။ အမြင့်ဆုံးဆိုရပါမူ ပညာဖြင့် သဘာဝဓမ္မ၏ အခြေအနေမှန်ကို ဆုံးဖြတ်သိမြင်သည်နှင့် တပြိုင်နက် မှားယွင်းမှုကိလေသာအားလုံးကို ပယ်ရှင်းကာ '**ပရမသုခ**'ခေါ် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်အထိ ချမ်းသာသုခ ရရှိနိုင်ပါသည်။

သို့ဖြစ်ပါ၍ နှစ် ၃၀ မြောက် ကျောင်းတိုက်နေ့မင်္ဂလာအခါတွင် သုသျှုသာနှင့် သုတကို အခြေခံကာ ပညာစွမ်းရည် ထက်မြက်အောင် အစဉ်ထာဝရကြိုးစားခြင်းဖြင့် နိဗ္ဗာန်တိုင် ချမ်းသာသုခကို ရရှိတော်မူနိုင်ကြပါစေဟု ဆုမွန်ကောင်း တောင်းလိုက်ပါသည် သံဃာတော်အရှင်သူမြတ်တို့ဘုရား။

**နန္ဒမာလာဘိဝံသ**
**မြန်မာကျောင်း**
**ကန္ဒီမြို့၊ သိရိလင်္ကာနိုင်ငံ။ ၁၀၊ ၅၊ ၈၈**



# ဓမ္မလမ်းကြောင်းအတိုင်း လျှောက်

**□ ဘဒ္ဒန္တဒေါက်တာနန္ဒမာလာဘိဝံသ**

မြတ်ဗုဒ္ဓသည် လောကလူသားတို့အလယ် ခန့်ထည်စွာ ပွင့်ထွန်းပေါ်ပေါက်တော်မူခဲ့သည်၊ လောကသားတို့၏ ကောင်းကျိုးချမ်းသာကို ဖော်ဆောင်နိုင်ရန် ဓမ္မကို ဟောကြားတော်မူခဲ့၏။ **“ယထာ ဓမ္မော၊ တထာ ပဋိပဇ္ဇိတဗ္ဗံ - ဓမ္မလမ်းကြောင်းအတိုင်း လျှောက်လှမ်းကြရမည်”** ဟု မိန့်မှာတော်မူခဲ့၏။

အများအကျိုး ဆုတ်ယုတ်ပျက်စီးအောင် ပြုလုပ်ခြင်းသည် ဓမ္မလမ်းကြောင်းမှ သွေဖည်ခြင်း ဖြစ်သည်။ အများ၏အကျိုး သယ်ပိုးရွက်ဆောင်ခြင်းသည် ဓမ္မလမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်း ဖြစ်သည်။

အများအကျိုး ရွက်ဆောင်သယ်ပိုးရာ၌ အများ၏ လိုအပ်ချက်ကို ဖြည့်တင်းပေးကမ်းခြင်းသည် မွန်မြတ်၏။ ထိုတွင် ဓမ္မကို ဖြန့်ဝေပေးလှူခြင်းက ထိုထက် ပို၍မွန်မြတ်သည်။

အများကို အကြင်နာထားကာ ယဉ်ကျေးပျူငှာဆက်ဆံပြောဆိုခြင်းသည် မွန်မြတ်၏။ ထိုတွင် ဓမ္မကို ရှင်းပြပြောဆိုခြင်းက ထိုထက် ပို၍ မွန်မြတ်သည်။

အများအတွက် ကောင်းကျိုးချမ်းသာ ဖြစ်ထွန်းအောင် ဆောင်ရွက်ပေးခြင်းသည် မွန်မြတ်၏။ ထိုတွင် ကိုယ်ကျင့်တရား မြင့်မားအောင်၊ အသိဉာဏ် ဖွံ့ဖြိုးအောင် ရွက်ဆောင်ပေးခြင်းက ထိုထက် ပို၍ မွန်မြတ်သည်။

အများကို မိမိနှင့် အဆင့်တူထားနိုင်ခြင်းသည် မွန်မြတ်၏။ ထိုတွင် မိမိကိုယ်တိုင် အရိယာပုဂ္ဂိုလ်အဆင့် ရောက်ရှိပြီး သူတပါးကို အရိယာပုဂ္ဂိုလ်အဆင့်သို့ ရောက်ရှိစေခြင်းက ထိုထက် ပို၍ မွန်မြတ်သည်။

သို့ဖြစ်ရာ - ထူးကဲမွန်မြတ်သောနည်းဖြင့် "ဓမ္မလမ်းကြောင်းအတိုင်း လျှောက်လှမ်း"နိုင်ကြရန် စွဲမြဲသောသတိ၊ စွမ်းအားလုံ့လ၊ ထက်မြက်လှသည့် ပညာဉာဏ်တို့ဖြင့် ဗုဒ္ဓ၏ဓမ္မကို နာခံမှတ်သားကြိုးစားကြစေလိုကြောင်း မေတ္တာရည်သွန်းလောင်းလျက် သန္ဓေသကထာ ဤစာလွှာကို ရေးသားပေးပို့အပ်ပါသည်။

ဘဒ္ဒန္တနန္ဒမာလာဘိဝံသ

(မြန်မာနှစ် ၁၃၆၀-ခု၊
"သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ ဓမ္မအသံ၊ နှစ်လည်မဂ္ဂဇင်း" မှ)

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ-သို့

## သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် (စစ်ကိုင်း)
## ပါမောက္ခချုပ်ဆရာတော်
## ဒေါက်တာ နန္ဒမာလာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)
## ပေးပို့သော သဝဏ်လွှာ

ပြည်ထောင်စု မြန်မာနိုင်ငံတော် ရန်ကုန်မြို့၊ ဆဋ္ဌသင်္ဂီတိ မဟာပါသာဏလိုဏ်ဂူတော်အတွင်း ဆင်ယင်ကျင်းပအပ်သော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသည် နိုင်ငံပေါင်း ၃၈ နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၇၀၀ ကျော် တက်ရောက်ကြသည့်အတွက် ဗုဒ္ဓဘာသာသမိုင်းဝယ် အထူးခြားဆုံး မှတ်တိုင်တစ်ခု ဖြစ်ပါသည်။ ညီလာခံကြီးသို့ ပါဝင်တက်ရောက်ကြသည့် ရှင်တော်ဘုရား၏ တပည့်သား ကိုယ်စားလှယ်တော်ကြီးများသည် ညီညွတ်သော စိတ်ထား, ပြတ်သားသော အမြင်, သန့်စင်သော နှလုံးသားတို့ဖြင့် လောကအရေး ဓမ္မအရေး အရှည်တွေးလျက် ဆွေးနွေးတင်ပြ ဆုံးဖြတ်နိုင်ကြလိမ့်မည်’ဟု ယုံကြည်မိပါသည်။

ရှင်တော်ဘုရားသည် သဗ္ဗညုတဉာဏ်တော်ကြီးကို မရမီ အလောင်းတော် ဘဝမှာပင် ဦးတည်ချက် မျှော်မှန်းချက်ကြီး သုံးရပ်ကို ချမှတ်၍ ခက်ခဲလှသော စွန့်လွှတ်မှုကြီးငါးမျိုး, လက်တွေ့ဆောင်ရွက်မှုသုံးမျိုးတို့ကို အခြေခံပြီးလျှင် ထူးခြားလှသော အရည်အသွေးများဖြစ်သည့် ပါရမီဆယ်ပါး စွမ်းပကားကို မြင့်မားအောင် ကြိုးစားခဲ့ပါသည်။

အလောင်းတော်ဘုရား၏ ဦးတည်ချက် မျှော်မှန်းချက် သုံးရပ်မှာ. . .

(၁) **ဗုဒ္ဓေါ ဗောဓေယျံ** = မိမိကိုယ်တိုင် အမှန်တရားကို သိအောင် ကြိုးစားပြီး လောကသားများအား အမှန်တရား သိရှိအောင် လည်း ကြိုးပမ်းအားထုတ်မည်။

(၂) **တိဏ္ဏော တာရေယျံ** = မိမိကိုယ်တိုင် ဒုက္ခပင်လယ်ကြီးကို ဖြတ်ကူးနိုင်အောင် ကြိုးစားပြီး လောကသားများအား ဒုက္ခပင်လယ်ကြီးကို ဖြတ်ကူးနိုင်အောင်လည်း ကြိုးပမ်းအား ထုတ်မည်။

(၃) **မုတ္တော မောစေယျံ** = မိမိကိုယ်တိုင် ဘဝဒုက္ခမှ လွတ်မြောက် အောင် ကြိုးစားပြီး လောကသားများအား ဘဝဒုက္ခမှ လွတ်မြောက်အောင်လည်း ကြိုးပမ်းအားထုတ်မည်။

ရှင်တော်ဘုရားသည် ဗုဒ္ဓအဖြစ်သို့ ရောက်ရှိလာသည့်အခါ **လောကာနုကမ္ပ** - လောကသားတို့အပေါ် အကြင်နာတရား ကြီးမားသည့် ပုဂ္ဂိုလ်မြတ်ကြီးအဖြစ် ထင်ရှားခဲ့ပါသည်။ ရှင်တော်ဘုရားသည် **အတ္ထာယ** - လောကသားတို့၏ မျက်မှောက်ဘဝအကျိုး, တမလွန်ဘဝအကျိုးများ ဖြစ်ပေါ်စေရန်၊ **သုခါယ** - လောကသားတို့အတွက် ခံစားချမ်းသာ ငြိမ်းအေးချမ်းသာများ ရရှိခံစားရအောင် ဆောင်ရွက်တော်မူခဲ့ပါသည်။

ယနေ့ ကမ္ဘာသူ, ကမ္ဘာသား လူအများတို့သည် အတ္ထ, ဟိတ, သုခတို့ကို အများအားဖြင့် လက်လွတ်ဆုံးရှုံး နေကြပါသည်။ ထိုကဲ့သို့ ဖြစ်ရခြင်းမှာ ရှင်တော်ဘုရား သင်ကြားဆုံးမခဲ့သော တရားဓမ္မကို မသိခြင်း, လက်တွေ့

မကျင့်သုံးနိုင်ခြင်းကြောင့် ဖြစ်ပါသည်။ ယနေ့ လူသားအများစု တွေ့ကြုံခံစား နေရသည့် စိုးရိမ်ထိတ်လန့်ဖွယ် အကြမ်းဖက်မှုများ ဖြေရှင်းရန်, အလွန်ခဲယဉ်း သော လူမှုရေးပြဿနာများ အဆုံးသတ်ရန် တစ်ခုတည်းသော နည်းလမ်းမှာ ရှင်တော်ဘုရား ဟောကြားဆုံးမညွှန်ပြအပ်သော ဓမ္မလမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းသာ ဖြစ်ပါသည်။

ဤညီလာခံကြီးသည် ရေမြေဒေသ, မျိုးနွယ်, ဓလေ့စရိုက်, အစဉ်အလာ ယုံကြည်ချက်, အတွေးအမြင် မတူကွဲပြား ခြားနားကြသော လူသားများကို တစ်ခု တည်းသော ဗုဒ္ဓ၏အဆုံးအမ ဓမ္မလမ်းကြောင်းမှာ အတူတကွ လက်တွဲညီညာ လျှောက်လှမ်းကြအောင် ဆွဲဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ ရှင်တော် ဘုရား၏ ဓမ္မလမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းဖြင့် စည်လုံးညီညာ သာယာဝပြော စိတ်သောကရှင်း ကြောက်ရွံ့မှုကင်းသော အလှပဆုံး ဘဝကမ္ဘာ ကြီးသို့ တက်ရောက်ခိုဝင်ကာ ပျော်ရွှင်ချမ်းမြေ့နိုင်ကြပါစေ။

**ဒေါက်တာနန္ဒမာလာဘိဝံသ**
**ပါမောက္ခချုပ်**
**သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(စစ်ကိုင်း)**

# သကျစိတစရောဝါဒကထာ

**"ပဋိပတ္တိသာရမိဒံ သာသနံ"** ဟူသော ဝိသုဒ္ဓိမဂ္ဂမဟာဋီကာလာ စကားနှင့်အညီ သာသနာတော်၏ အနှစ်သာရသည် ပဋိပတ္တိခေါ် မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်ပင် ဖြစ်သည်။ သာသနာ့ဝင် ရှင်ရဟန်းများ, သာသနာ့နွယ်ဝင် သီလရှင်များ, သာသနာ့ဒါယကာ ဥပါသကာ, ဥပါသိကာမများသည် နိဗ္ဗာန်ကို ဦးတည်သည့် မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်ကို ကျင့်သုံးကြရ၏။ ထိုသို့ ကျင့်သုံးခြင်းသည်ပင် အနှစ်သာရအရှိဆုံး, အထိရောက်ဆုံး သာသနာ့တာဝန်ကို ထမ်းဆောင်ခြင်း ဖြစ်ပေသည်။

သာသနာတော်ကို တည်ထောင်စအချိန် ဗုဒ္ဓမြတ်စွာကိုယ်တိုင် **"ဧဟိ ဘိက္ခု"** ခေါ်ယူခြင်းဖြင့် ရဟန်းအဖြစ်ကို ခွင့်ပြုခဲ့စဉ်က **"စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယ"**- မှန်ကန်သော နည်းလမ်းဖြင့် ဆင်းရဲဒုက္ခ အဆုံးသတ်စေရန် အကျင့်မြတ်ကို ကျင့်ပါ)ဟု သာသနာ့တာဝန်တစ်ရပ်ကို ပေးအပ်တော်မူခဲ့ပေသည်။

အဆိုပါ ဗြဟ္မစရိယခေါ် အကျင့်မြတ်ကို သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးတို့ဖြင့် ဖွဲ့စည်းထားသည်။ ဗုဒ္ဓမြတ်စွာ သာသနာတော်၌ သာသနာ ပြုလုပ်ငန်း၏ အစမှာ သီလကို ကျင့်သုံးဆောက်တည်ခြင်း ဖြစ်သည်။

ထို့နောက် သီလကို အခြေခံကာ သမာဓိကို ထူထောင်ရ၏။ သမာဓိစွမ်းအားကို အသုံးပြုကာ ပညာကို ဖြစ်ပွားစေရသည်။ မြတ်ဗုဒ္ဓသာသနာ၌ အဆင့်မြင့်ဆုံး ပညာမှာ အာသဝက္ခယပညာ ဖြစ်၏။

သို့ဖြစ်၍ သီလသည် သာသနာပြုလုပ်ငန်းကို လုပ်ရာ၌ အခြေခံအကျဆုံး ဖြစ်၏။ သာသနာပြုပုဂ္ဂိုလ်တိုင်း မဖြစ်မနေ သီလကို အခြေခံ ကျင့်ရမည် ဖြစ်သည်။ ကိုယ်ကျင့်တရား ကောင်းမွန်သူ ဖြစ်ကြရမည်။ ကိုယ်ကျင့်သီလ မပြည့်ဝပဲ သာသနာပြုလျှင် သာသနာပြုအစစ် မဖြစ်နိုင်ရုံမျှမက သမာဓိ, ပညာကင်းမဲ့သူ ဖြစ်ပေလိမ့်မည်။ သို့အတွက် ကိုယ့်ကျင့်သီလ ပြည့်ဝစင်ကြယ်ရေးကို အထူးဂရုပြုကြရမည် ဖြစ်ပေသည်။

**"ပဋိပတ္တိ စ ပရိယတ္တိမူလိကာ"** ဟူသော ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ စကားနှင့်အညီ သာသနာတော်၏ အနှစ်သာရဟုဆိုရသည့် ပဋိပတ္တိသည် သင်ကြားလေ့လာမှု ပရိယတ္တိ၌ တည်၏။ သစ်ပင်တစ်ပင်၏ ကြီးထွားစည်ကားမှု, ပွင့်သီးဝေဆာမှုသည် ထိုသစ်ပင်၏အမြစ်မှာ အခြေတည်သကဲ့သို့ ပဋိပတ္တိ၏ ပြည့်စုံအောင်မြင်မှုသည် ပရိယတ္တိ၌ အခြေတည်ပေသည်။ အမြစ်ပျက်စီးလျှင် သစ်ပင်တစ်ပင်လုံး ပျက်စီးရသကဲ့သို့ ပရိယတ္တိပျက်စီးလျှင် ပဋိပတ္တိပါ ပျက်စီးနိုင်ပေသည်။

မြန်မာနိုင်ငံ၌ ပရိယတ္တိသာသနာ ထွန်းကား၍ နိုင်ငံတကာအနှံ့ ဖြန့်ဖြူးနိုင်ခြင်းသည် ပရိယတ္တိစာသင်တိုက်ကြီးများ အခြေခိုင်လျက်ရှိသောကြောင့်သာ ဖြစ်သည်။ ပရိယတ္တိစာသင်တိုက်ကြီးတွေ နိမ့်လျောကျဆင်းသွားလျှင် ပဋိပတ္တိသာသနာပါ ပျောက်ကွယ်သွားနိုင်ပေသည်။

**'ပဋိပတ္တိသည် သာသနာ့အနှစ်၊ ပရိယတ္တိ ထွန်းကားမှ ပဋိပတ္တိ ထွန်းကားနိုင်သည်'** ဟူသောအချက်ကို အလေးအနက်ထား၍ ပရိယတ်, ပဋိပတ် စွယ်စုံကျင့်သုံးသော ဘုန်းကြီးကျောင်းတိုက်များ, သီလရှင်စာသင်တိုက်များ လွန်စွာလိုအပ်ပေသည်။ သို့မှသာ စစ်မှန်သော သာသနာပြုကျောင်းတိုက်, စာသင်တိုက် ဖြစ်နိုင်ပေမည်။

**"စာပေလည်း သင်၊ ကျင့်လည်း ပြင်၊ မြှင့်တင် သာသနာ"**ဟူသော

မဟာသုဗောဓာရုံ ဆရာတော်ဘုရားကြီး၏ ဩဝါဒသည် ပရိယတ်,ပဋိပတ် တွဲဘက်စုံညီ ကျင့်သုံးသော စာသင်တိုက်ဖြစ်ရေးအတွက် လမ်းညွှန်ချက် ပေးသော ဩဝါဒ ဖြစ်ပေသည်။

သီလရှင် သာသနာပြုကျောင်းတိုက်များတွင် စစ်ကိုင်းမြို့၊ နန်းဦးမြို့သစ်၊ **သကျဓီတာ** သီလရှင်စာသင်တိုက်သည် ဂုဏ်သတင်းကြီးမား၏။ ထိုသို့ ဂုဏ်သတင်း ကြီးမားရခြင်းအကြောင်းမှာ ဘုရား, ကျောင်း, ကန် တိုက်တာ ဗိမာန်များကြောင့် မဟုတ်၊ **"စာပေလည်း သင်၊ ကျင့်လည်း ပြင်"**ဟူသော မူအရ ပရိယတ်, ပဋိပတ် သင့်မြတ်စုံညီ သာသနာ့ဂုဏ်ရည်ကြောင့်သာ ဖြစ်ပေသည်။ ကိုယ်ကျင့်တရား ကောင်းမွန်ခြင်း၊ စာပေပရိယတ် ထူးချွန်ခြင်းဟူသော ဂုဏ်အရည်အသွေးများကသာ ဘုရား, ကျောင်း, ကန်, ဘုံဗိမာန်များ ပေါ်ထွန်း စေခြင်း ဖြစ်ပေသည်။

**"သီလပညာဏာတော ဇယံ"** ဟူသည်နှင့် အညီ ကိုယ်ကျင့်သီလ အခြေခံသော ပညာအရည်အသွေးသည် စစ်မှန်သော အောင်မြင်မှုကို ရရှိစေနိုင်သဖြင့် သာသနာပြု သကျဓီတာသည် ဆယ်နှစ်မှသည် အနှစ်တစ်ရာတိုင် အဆင့်ဆင့် အောင်မြင်မှုကို ရရှိကာ သာသနာတော် တည်တံ့ထွန်းကားရေး အတွက် ကြိုးပမ်းအားထုတ်ကြစေလိုကြောင်း ဩဝါဒစကား ရေးသားအပ်ပါသတည်း။

**ဘဒ္ဒန္တနန္ဒမာလာဘိဝံသ**
**မဟာသုဗောဓာရုံကျောင်းတိုက်၊ စစ်ကိုင်းမြို့။**
**၁၃၇၀ ပြည့်၊ နယုန်လပြည့်ကျော်(၄)ရက်။**

**(သကျဓီတာသီလရှင်စာသင်တိုက် ပထမဆယ်နှစ်ခရီး စာအုပ်မှ)**

# သီလပညာ နှစ်တစ်ရာ

□ **အရှင်နန္ဒမာလာဘိဝံသ**

ဗုဒ္ဓမြတ်စွာ သာသနာတော်၏ အစမှာ ကိုယ်ကျင့်သီလဖြစ်၏။ သီလသည် သမာဓိ၏ အခြေခံဖြစ်ပြီး သမာဓိသည် ပညာကို ပွင့်လင်းစေသည်။ သီလနှင့် ပညာတို့သည် သူတော်ကောင်းဖြစ်ရန်အတွက် အဓိကလိုအပ်သော အရည်အသွေး နှစ်ရပ်ဖြစ်ပေသည်။ အပြန်အလှန် ဆက်စပ်လျက်ရှိရုံမက အတူတကွ ပူးပေါင်းကာ ထူးခြားသော အကျိုးတစ်ရပ်ကို ဖြစ်ပေါ်စေနိုင်ကြ၏။

ကိုယ်ကျင့်သီလမရှိပဲ အဆင့်မြင့်အသိပညာကို မရနိုင်သလို အသိပညာကင်းမဲ့သူမှာလည်း ကိုယ်ကျင့်သီလ ခိုင်မြဲရန် ခက်ခဲပေသည်။ ကိုယ်ကျင့်သီလပြည့်ဝသူမှာ စိတ်ဓာတ်တည်ငြိမ်မှု၊ သမာဓိအလွယ်တကူ ရနိုင်၏။ စိတ်ဓာတ်တည်ငြိမ်သူ = သမာဓိရှိသူမှာ မှန်ကန်စွာ သုံးသပ်ဆင်ခြင်တတ်မှု, သဘာဝအမှန်ကို သိမြင်တတ်မှု အသိပညာပွင့်လင်းလာစမြဲ ဖြစ်သည်။ ဤသည်မှာ သီလအခြေခံ၍ ပညာရရှိပုံ ဖြစ်၏။

အသိဉာဏ်ရှိသူ စဉ်းစားတတ်သူများသည် မိမိတို့ အသိပညာဖြင့် လုပ်သင့်မလုပ်သင့်သော အရာနှစ်မျိုး ခွဲခြား သိတတ်၏။ သိသောကြောင့်

မလုပ်သင့်သည်ကို ရှောင်၍ လုပ်သင့်သည်ကို လုပ်ဆောင်ကြ၏။ ဤ၌ မလုပ်သင့်သော အရာဟူသည် ဝါရိတ္တသီလဖြင့် ရှောင်ကြဉ်ရသော အရာမျိုးဖြစ်ပြီး လုပ်သင့်သောအရာဟူသည် စာရိတ္တသီလဖြင့် လုပ်ဆောင်ရသော အရာမျိုး ဖြစ်သည်။ ဤသည်မှာ ပညာကို အခြေခံ၍ ကိုယ်ကျင့်သီလ ပြည့်စုံနိုင်ပုံ ဖြစ်သည်။

သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့အတွက်ဖြစ်စေ၊ သာသနာနွယ်ဝင် သီလရှင်တို့အတွက်ဖြစ်စေ သီလနှင့် ပညာသည် မရှိမဖြစ်သော အရည်အချင်း နှစ်ရပ် ဖြစ်၏။ ဤအရည်အချင်းနှစ်ရပ်တွင် တစ်ခုခု ချို့ယွင်းသည်ဖြစ်စေ၊ နှစ်ခု လုံး ပျက်သုဉ်းသည်ဖြစ်စေ လူကောင်း၊ ရှင်ရဟန်းကောင်း၊ သီလရှင်ကောင်း မဖြစ်နိုင်ပေ။

လူကောင်းဖြစ်ရန်၊ ရှင်ရဟန်းကောင်းဖြစ်ရန်၊ သီလရှင်သူတော်စင် ကောင်းပီသရန် ကိုယ်ကျင့်သီလကို အပ္ပမာဒသတိဖြင့် ဖြည့်ကျင့်ရမည်။ တရားဓမ္မ သင်ယူလေ့လာခြင်းဖြင့် ပညာကို တိုးပွားစေရမည်။

ကိုယ်ကျင့်သီလကို ဖြစ်ပေါ်စေသည့် အကြောင်းများအနက် ဟိရီနှင့် ဩတ္တပ္ပတို့သည် အနီးကပ် အကြောင်းတရား၊ အရေးပါသော အကြောင်းတရား များ ဖြစ်ကြ၏။ **ဟိရီ**ဆိုသည်မှာ မကောင်းမှုပြုရမည်ကို ရှက်ခြင်း ရွံမုန်းခြင်း ဖြစ်၍ **ဩတ္တပ္ပ**ဆိုသည်မှာ မကောင်းမှုကို ကြောက်ခြင်းဖြစ်၏။ ထိုဟိရီနှင့် ဩတ္တပ္ပ=အရှက်နှင့်အကြောက် တရားနှစ်ပါးတို့သည် ကိုယ်ကျင့်သီလကို ထိန်းပေးနိုင်ကြ၏။ အရှက်နှင့်အကြောက်ကင်းမဲ့သူတို့သည် ကိုယ်ကျင့်သီလ ကို ဂရုမစိုက်ကြပေ။ ကိုယ်ကျင့်တရား ပျက်ပြားကြ၏။ တရားဓမ္မကို လေ့လာ လိုက်စားခြင်း၊ တရားဓမ္မကို နာယူခြင်း သမာဓိထူထောင်ခြင်းများသည် ပညာ တိုးတက်စေသည့် အခြေခံအကြောင်း တရားများ ဖြစ်ကြ၏။

ဗုဒ္ဓမြတ်စွာ သာသနာတော်ကို မှီခိုနေထိုင်သူတိုင်း ကိုယ်ကျင့်သီလ ပြည့်ဝမှသာ ကောင်း၏။ ကိုယ်ကျင့်သီလ ပြည့်ဝသူတိုင်း အသိပညာအရည် အသွေး ထပ်ပိုးပါက ပို၍ပင် ကောင်း၏။

သီလပညာထွန်းပြောင်ရာဖြစ်သော စစ်ကိုင်းတောင်ရိုး၊ **မြို့ချောင်**ကို ၁၂၇၀ ပြည့်နှစ်တွင် ဆရာကြီး **ဒေါ်ကုမ္မာရီ**က စတင်တည်ထောင်ခဲ့ရာ ၁၃၇၀ ပြည့်နှစ်တွင် နှစ်တစ်ရာ ပြည့်ခဲ့လေပြီ။ မြို့သာသနာသည် သီလပညာ သာသနာဖြစ်သဖြင့် မမေ့သော သတိ၊ ခိုင်မာသော ဝီရိယ၊ စူးရှထက်မြက်သောပညာတို့ဖြင့် သီလပညာဂုဏ်ရောင် ဆက်လက်ထွန်းပြောင်အောင် စွမ်းဆောင်ကြပါဟု ဩဝါဒစကား ပြောကြားအပ်ပါသည်။

**သီလမေဝ ကမ္မ အဂ္ဂံ၊ ပညဝါ ပန ဥတ္တမော။**
**မနုဿေသု စ ဒေဝေသု၊ သီလပညာဏတော ဇယံ။ (ထေရဂါထာ)**

ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ
မဟာသုဓောဓာရုံတိုက်၊ စစ်ကိုင်းမြို့။
၁၃၇၀ ခုနှစ်

**(မြို့ချောင်၊ မော်လမြိုင်သီလရှင်စာသင်တိုက် နှစ်တစ်ရာပြည့် အထိမ်းအမှတ်စာစောင်-မှ)**

# ဓမ္မကထိကများ ဩဝါဒ (မော်ဘိ)

**□ ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ**

မြတ်ဗုဒ္ဓ၏ တရားဓမ္မသည် ဟောပြောသည့်အတိုင်း မှန်ကန်သည်။ လိုက်နာကျင့်သုံးသူအား ကျင့်သုံးသည့် အတိုင်းအတာအလိုက် ကောင်းကျိုးချမ်းသာကို မလွဲမသွေ ဖြစ်ပေါ်စေနိုင်၏။ သွာက္ခာတဂုဏ်နှင့် ပြည့်စုံသော ဓမ္မ ဖြစ်သည်။ မြတ်ဗုဒ္ဓ၏ သွာက္ခာတဓမ္မကို ဟောပြောဆုံးမ သွန်သင်ပြသော ပုဂ္ဂိုလ်ကို အမတံဒဒ = အမြိုက်အရသာကို ပေးဝေသူအဖြစ် မှတ်ယူကာ ကြည်ညိုလေးစားကြရပါသည်။

**အမတံဒဒေါ စ သော ဟောတိ၊ ယော ဓမ္မမနုသာသတိ။**

**(သံယုတ်ပါဠိတော်)**

ဟူသော ဒေသနာတော်အရ ဓမ္မကထိကပုဂ္ဂိုလ်များကို အမတံဒဒ= အမြိုက်အရသာကို ပေးဝေသူအဖြစ် မှတ်ယူနိုင်သည်။

ဓမ္မကထိကကို **'အမတံဒဒ'**ဟု ခေါ်ဆိုလျှင် **'ဓမ္မပဋိဂ္ဂါဟက'** တရားနာသူကို **'အမတပါယက'** = အမြိုက်အရသာကို သောက်သုံးသူအဖြစ်

မှတ်ယူနိုင်သည်။ ပေးဝေသူနှင့် သောက်သုံးသူများသည် ဓမ္မနှင့် စပ်လျဉ်း၍ မတူညီသောအကျိုး တစ်မျိုးစီကို အသီးသီး ရနိုင်ကြပါသည်။

ဓမ္မကထိကသည် မြတ်ဗုဒ္ဓ၏ **'သွာက္ခာတဓမ္မ'** ကိုသာ **'သွာက္ခာတ'** ဖြစ်အောင် ဟောပြောသင့်၏။ တရားနာသူ၏ အကျိုးကို မျှော်မှန်းချက်ထားရမည်။

ဓမ္မကထိကသည် ဟောပြောသူဘက်၌သာ မနေသင့်၊ နာယူသူဘက်၌လည်း ရှိနေရန် ကြိုးစားရပါမည်။

မိမိဟောသောတရား မိမိကိုယ်တိုင် ကြားသူ ဖြစ်ရပါမည်။ ကိုယ်ဟောသည့်တရား ကိုယ်ပြန်ကြားမှသာ အပြောနှင့် အလုပ်ညီညွတ်ပေမည်။

**'တရားသိလျက် အကျင့်ခက်'** ဆိုသည့်အတိုင်း သိသော်လည်း မကျင့်သုံးလျှင် ကောင်းကျိုးချမ်းသာမှ လွဲချော်နိုင်သည်။

ဓမ္မကထိကအလုပ်သည် အလွန်မွန်မြတ်၏။ မွန်မြတ်သောစိတ်ဓာတ်ဖြင့် လုပ်ဆောင်ပါလျှင် ရွှေပေါ်မြတင် အလွန်ပင် တန်ဖိုးကြီးလှပါသည်။

'အတ္တဟိတ၊ ပရဟိတ' အကျိုးနှစ်မျိုးကို တပြိုင်တည်း ဖြစ်ထွန်းစေနိုင်၏။ **'အရှင်ခေမက'**မထေရ်လို တဖက်သားအား တရားဟောပြောရင်း မိမိကိုယ်တိုင် နှလုံးသွင်းခြင်းဖြင့် တရားထူးတရားမြတ် ရရှိနိုင်ပေသည်။

သို့ဖြစ်ပါ၍ မွန်မြတ်သောစိတ်ဓာတ်ဖြင့် မွန်မြတ်သောဓမ္မကထိကတာဝန်ကို ထမ်းဆောင်ရင်း မွန်မြတ်သော တရားထူးကို မျက်မှောက်ပြုနိုင်ကြပါစေဟု ဆုတောင်းရင်း ဩဝါဒကထာကို နိဂုံးချုပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့၊ ဓမ္မဒူတ ဇေတဝန်တောရ
ဆေကိန္ဒာရာမကျောင်းတိုက်၌ ကျင်းပပြုလုပ်အပ်သော

ဗုဒ္ဓသာသနာတော်ဆိုင်ရာ ဩဝါဒခံယူပွဲနှင့် အကြံညှိနှိုင်းဆွေးနွေးပွဲသို့
ပေးပို့အပ်သော

# အကြံပြုတင်ပြလွှာ

(၁) မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်လျက်ရှိသော ပဋိပက္ခအခြေအနေများနှင့် အဓိကရုဏ်း Riot များကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ဆုံးရှုံး၍ နိုင်ငံတကာ မျက်နှာစာ၌ မြန်မာနိုင်ငံ၏ ဘာသာ,သာသနာအပေါ် အထင်အမြင် လွဲမှားမှုများ ဖြစ်ပေါ်နေပါသည်။ ထိုသို့ အထင်အမြင်လွဲမှားမှုများသည် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှု ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားသော အနှောက်အယှက်များ ဖြစ်ပါသည်။

(၂) နိုင်ငံတကာ စာမျက်နှာ၌ မြန်မာနိုင်ငံ ဘာသာ,သာသနာအပေါ် အထင်အမြင် လွဲမှားမှုများ မဖြစ်စေရန် ကာကွယ်စောင့်ရှောက်မှုနည်းလမ်း အကြံပြုလိုပါသည်။

(က) အမျိုးဘာသာ သာသနာ ကာကွယ်ရေးကွန်ယက် (National Faith Protective Network; NFPN) တစ်ခုတည်ထောင်ရန်။
(ခ) NFPN ၏ အသံသည် ရဟန်းရှင်လူ ပြည်သူအားလုံးအသံ ဖြစ်စေရန်။
(ဂ) NFPN မှ မှန်ကန်မြန်ဆန် ထိရောက်သော သတင်းများ ပေးပို့ရန်။ စွပ်စွဲမှုများ၊ မဟုတ်မတရား သတင်းများကို တုံ့ပြန်ချေပရန်။
(ဃ) မြန်မာနိုင်ငံအတွင်း ဒေသအနှံ့အပြား စည်းရုံးရေးနှင့် သတင်းမှန် ရရှိရေး ရှင်ငယ်လူငယ်များ (စေတနာ့ဝန်ထမ်း (သို့မဟုတ်) လိုအပ်ချက်များ ထောက်ပံ့ပေးထားသူ)ဖြင့် ဆောင်ရွက်ရန်။
(င) အမြော်အမြင်ရှိရှိဖြင့် အမျိုး, ဘာသာ, သာသနာစောင့်ရှောက်လိုသူများဖြင့် ပြည်တွင်းပြည်ပအင်အားများ ချိတ်ဆက်ရန်။
(စ) ကမ္ဘာ့အသင်းကြီးများရှိ မြန်မာမျိုးချစ်များကို စည်းရုံးထားရန်။
(ဆ) ကမ္ဘာ့ကုလသမဂ္ဂအထိ ပေါက်ပေါက်ရောက်ရောက် ပြောနိုင်သူများနှင့် ချိတ်ဆက်ထားရန်။
(ဇ) နိုင်ငံတကာ ဘာသာမျိုးစုံဖြင့် သတင်းစာ၊ ရေဒီယို၊ တီဗီတို့မှာ နိုင်ငံတကာ ကြားသိအောင် ရေးနိုင်, ပြောနိုင်သူတို့မှတဆင့် စဉ်ဆက်မပြတ် သတင်းဖြန့်ရန်။
(ဈ) လက်ရှိ သံဃနာယကအဖွဲ့များမှ ရိုးရာကိစ္စ ဆောင်ရွက်မြဲ ဆောင်ရွက်နေကြသည်ဖြစ်၍ သံဃာ့အဖွဲ့အစည်း ထပ်မံမဖွဲ့စည်းရန်။
(ည) NFPN အဖွဲ့သည် ရဟန်းရှင်လူ ပြည်သူအားလုံးပါဝင်သော တစ်ခုတည်းသော အဖွဲ့မျိုး ဖြစ်စေရန်။
(ဋ) အမျိုး,ဘာသာ,သာသနာ ကာကွယ်စောင့်ရှောက်ရေးဟူသော တစ်ခုတည်းသော ဦးတည်ချက်ကို ဦးထိပ်ထားလျက် စုပေါင်းခေါင်းဆောင်၊ စုပေါင်းဆွေးနွေး၊ စုပေါင်းအဖြေရှာ၊ စုပေါင်းဆောင်ရွက်ရေး အလေးပေးရန်။

(၄) ညီညွတ်ရေးသည် ပဌမ၊
ညီညွတ်ရေးသည် ဒုတိယ၊
ညီညွတ်ရေးသည် တတိယ၊
ညီညွတ်ရေးကိုသာ အသက်ထက် မြတ်နိုးကြပါရန်။

(၃) တစ်ဘက်မှ အမျိုး,ဘာသာ,သာသနာ ကာကွယ်ရေးကို ဆောင်ရွက်ရင်း တစ်ဘက်မှ အမျိုး, ဘာသာ, သာသနာ ကြီးပွားရေးကို သမဂ္ဂ, သမ္မောဒမာန, ဒီဃဒဿီ ဂုဏ်ရည်ပြည့်စွာ ဆောင်ရွက်တော်မူကြပါ။

**နန္ဒမာလာဘိဝံသ (ပါမောက္ခချုပ်)**
**ITBM တက္ကသိုလ်၊ ရန်ကုန်။**
**ရက်စွဲ ။ ။ ၂၀၁၃၊ ဇွန် ၁၃**

**(သမိုင်းဝင် ဩဝါဒများ စာအုပ်မှ)**

**ရန်ကုန်မြို့**
**အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်**
**ပညာရေးအဖွဲ့ အစည်းအဝေး**
**အဖွင့်သြဝါဒ**

ပညာရေးအဖွဲ့ အစည်းအဝေးသို့ တတ်ရောက်တော်မူလာကြသော ဒု-ပါမောက္ခချုပ် (သင်ကြားရေး)ဆရာတော်နှင့် ပါမောက္ခမဟာဌာနမှူး ဆရာတော်များ, ဒု-ပါမောက္ခချုပ်(စီမံ) ပါမောက္ခနှင့် ဆရာကြီး ဆရာမကြီး များ, အထူးဖိတ်ကြားထားသောပညာရှင်ကြီးများပါဝင်သည့် **ITBMU** ပညာရေးအဖွဲ့ဝင် ပညာရှင်အပေါင်းတို့ -

၁၉၉၈-ခုနှစ် ဒီဇင်ဘာလ ၈-ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သော ဤအပြည်ပြည်ဆိုင်ရာ ထေရဝါဒသာသနာပြုတက္ကသိုလ်ကြီးသည် ၇-နှစ် တာကာလ ပြည့်မြောက်ခဲ့ပြီး ဖြစ်ပါသည်။

ဤထေရဝါဒတက္ကသိုလ်ကြီးသည်

(၁) ထေရဝါဒတက္ကသိုလ် သြဝါဒါစရိယအဖွဲ့၏ လမ်းညွှန်မှု

(၂) ထေရဝါဒတက္ကသိုလ် ကောင်စီအဖွဲ့၏ ဦးဆောင်မှု

(၃) ထေရဝါဒတက္ကသိုလ် ပညာရေးအဖွဲ့၏ အကောင်အထည်ဖော် ဆောင်ရွက်မှု

(၄) ထေရဝါဒတက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့၏ ပံပိုးကူညီမှု

ဤသို့ ၄ ဖက် ၄ တန် ဟန်ချက်ညီညီ ထေရဝါဒဗုဒ္ဓသာသနာပြု လုပ်ငန်းကြီးကို ဆောင်ရွက်ခဲ့ရာ လွန်ခဲ့သော ၆-နှစ်တာကာလအထိ

(၁) ဗုဒ္ဓမမှ ဒီပလိုမာအောင်သင်တန်းသား (၅၀၀)ယောက်

(၂) ဗုဒ္ဓမမှ ဘီအေဘွဲ့ရသင်တန်းသား (၂၅၀)ယောက်

(၃) ဗုဒ္ဓမမှ M.A ဘွဲ့ရသင်တန်းသား (၄၂)ယောက် ပေါ်ထွက်လာခဲ့ပြီး ဖြစ်ပါသည်။ ဤသည်မှာအပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ကြီးမှ ထေရဝါဒသာသနာပြု မျိုးဆက်သစ်များကို မွေးထုတ်ပေးလိုက်ခြင်းပင်ဖြစ်ပါသည်။

ဤထေရဝါဒဗုဒ္ဓသာသနာပြုလုပ်ငန်းကြီးသည် ဗုဒ္ဓကိုယ်တော်တိုင်ချမှတ်တော်မူခဲ့သော ဦးတည်ချက် ၅ ရပ်နှင့်အညီပင် ဖြစ်ပါသည်။ မဟာပရိနိဗ္ဗာနသုတ် မာရယာစနကထာ၌ သာသနာရေးဦးတည်ချက် ၅ ရပ်ကို တွေ့ရှိနိုင်ပါသည်။

**(၁) သာဝကာ ဝိယတ္တာ ဝိနီတာ ဝိသာရဒါ ဗဟုဿုတာ ဓမ္မဓရာ- ဓမ္မကို ပြည့်စုံလုံလောက်အောင်သင်ယူပြီး ကျွမ်းကျင်လိမ္မာရဲရင့်စွာ ဆောင်ထားနိုင်ရေး၊**

**(၂) ဓမ္မာနုဓမ္မပ္ပဋိပန္နာ သာမိစိပ္ပဋိပန္နာ အနုဓမ္မစာရိနော- ဓမ္မကို ဒေသနာတော်နှင့်အညီ လျော်ကန်စွာ လက်တွေ့လိုက်နာကျင့်သုံးရေး၊**

**(၃) သကံ အာစရိယကံ ဥဂ္ဂဟေတွာ အာစိက္ခန္တိ ဒေသေန္တိ ပညပေန္တိ ပဋ္ဌပေန္တိ ဝိဝရန္တိ ဝိဘဇန္တိ ဥတ္တာနိ ကရောန္တိ- စစ်မှန်သော ထေရဝါဒဗုဒ္ဓဒေသနာတော်ကို လေ့လာသင်ယူပြီး တဆင့် ဟောပြောပို့ချနိုင်ရေး၊**

**(၄) ဥပ္ပန္နံ ပရပ္ပဝါဒံ သဟဓမ္မေန သုနိဂ္ဂဟိတံ နိဂ္ဂဟေတွာ သပ္ပါဋိဟာရိယံ ဓမ္မံဒေသေဿန္တိ= ဗုဒ္ဓဒေသနာတော်နှင့် ဆန့်ကျင်သောအယူဝါဒဆိုးများ ပေါ်ပေါက်လာသောအခါ နှိပ်ကွပ်ဖြေရှင်းပြီး စစ်မှန်သောဓမ္မ ပြန်လည်ထွန်းကားစေရေး၊**

**(၅) ဗြဟ္မစရိယံ ဣဒ္ဓဉ္စေဝ ဖီတဉ္စ ဝိတ္ထာရိကံ ဗာဟုဇညံ ပုထုဘူတံ ယာဝ ဒေဝမနုဿေဟိ သုပ္ပကာသိတံ= ဗြဟ္မစရိယဟုဆိုအပ်သော ထေရဝါဒဗုဒ္ဓသာသနာတော် ကမ္ဘာတဝှမ်း ထွန်းကားပြန့်ပွားရေး၊**

ဤထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ကြီးသည် သာသနာရေး ဦးတည်ချက် ၅ ရပ်မှ

(၁) ဓမ္မကို ပြည့်စုံလုံလောက်အောင်သင်ယူပြီး ကျွမ်းကျင်လိမ္မာရဲရင့်စွာ ဆောင်ထားနိုင်ရေး၊

(၂) ဓမ္မကို ဒေသနာတော်နှင့်အညီ မှန်ကန်စွာလက်တွေ့လိုက်နာကျင့်သုံးရေး၊

ဟူသော အချက် ၂-ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ ဤသို့ ပဌမအချက်နှင့် ဒုတိယအချက်တို့ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါလျှင် ကျန်သာသနာရေး ဦးတည်ချက် ၃-ရပ်တို့မှာ အကျိုးဆက်အနေနဲ့ ဖြစ်ပေါ်လာမှာ မလွဲဧကန်ဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာ၏ သာသနာရေးဦးတည်ချက် ၅-ရပ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဤထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ကြီး၏ အခြေခံမူ ၄-ချက်ကို ချမှတ်ထားရာ၌

(၂) အချက်။ ။သင်္ဂါယနာခြောက်တန်တင် ထေရဝါဒပိဋကတ်သုံးပုံပါဠိအဋ္ဌကထာဋီကာ ကျမ်းများ၏ မူရင်းဖတ်ရှုနားလည်နိုင်သည်အထိ အဆင့်ဆင့်တိုးမြှင့် သင်ကြားပေးရန်၊

(၃) အချက်။ ။ပြည်ပနိုင်ငံများရှိ ဗုဒ္ဓသာသနတက္ကသိုလ်ကြီးများဖွဲ့စည်းတည်ထောင်ပုံနှင့် သင်ကြားမှုများကို အခြေခံ၍ခေတ်မီသင့်လျော်အောင် စီစဉ်ရေးဆွဲဆောင်ရွက်ရန်၊

ဟူသော အခြေခံမှု ၂-ချက်သည် ထေရဝါဒတက္ကသိုလ်ပညာရေးအဖွဲ့ အတွက် အစဉ်ထာဝရ သတိပြုနေရမည့် အခြေခံမှုများဖြစ်ပါသည်။

ထေရဝါဒတက္ကသိုလ်ပညာရေးအဖွဲ့သည် အကောင်အထည်ဖေါ် ဆောင်ရွက်ခဲ့ပြီးဖြစ်သည့် ၇-နှစ်တာကာလကို ပြန်လည်သုံးသပ်၍ လာမည့် စာသင်နှစ်မှစ၍

(၁) လက်ရှိသင်ကြားရေးဌာန ဖွဲ့စည်းထားမှုများကို ပြင်သင့်လျှင် ပြင်၊ တိုးချဲ့သင့်လျှင် တိုးချဲ့ရန်၊

(၂) ဒီဂရီဘွဲ့များနှင့် ဆက်သွယ်ထားခြင်းမရှိပဲ အထူးပြုဘာသာ ရပ် တစ်ခုကိုသာ ရက်တိုသင်ကြားပို့ချပေးသော ဒီပလိုမာ တန်းများကို နိုင်ငံခြားသားများအတွက် အထူးဖွင့် လှစ်ပေးလျှင် သင့် မသင့်၊

(၃) အကယ်၍ ဒီပလိုမာရက်တိုသင်တန်းဖွင့်လှစ်ပါက ဒီဂရီဘွဲ့သို့ ဦးတည်ထားသော လက်ရှိဒီပလိုမာတန်းကို ဘီအေတန်း (ပဌမနှစ်) အဖြစ် သတ်မှတ်၍ ဘီအေတန်း စာသင်နှစ် ၃-နှစ် ထားရှိရန် သင့် မသင့်၊

(၄) ဘီအေတန်း ၃-နှစ်သင်တန်းကာလ၌

(၁) ဝိနယ

(၂) သုတ္တန္တ

(၃) အဘိဓမ္မ

(၄) ပါဠိ

(၅) ပဋိပတ္တိ

ဤဘာသာရပ် ၅-မျိုးကို Major Subject အဖြစ်လည်းကောင်း၊

(၆) အင်္ဂလိပ်ဘာသာ

(၇) မြန်မာဘာသာ

(၈) သက္ကတဘာသာ

ဤဘာသာရပ် ၃-မျိုးကို Minor Subject အဖြစ်သတ်မှတ်၍ တမျိုးမျိုးကို ပူးတွဲယူရမည့် ဘာသာအဖြစ်လည်းကောင်း

(၉) ဘာသာကြီးများနှိုင်းယှဉ်လေ့လာချက်

(၁၀) သာသနာပြုနည်း

(၁၁) ဗုဒ္ဓယဉ်ကျေးမှုနှင့်သမိုင်း

ဤဘာသာရပ် ၃-မျိုးကို Elective Subject အဖြစ်သတ်မှတ်၍ ရွေးချယ်လိုက ရွေးချယ်နိုင် သည့်ဘာသာအဖြစ်လည်းကောင်း

ပြင်ဆင်သတ်မှတ်လျှင် သင့် မသင့် ဤအစည်းအဝေးကြီးက အလေးအနက်ထားစဉ်းစား ဆုံးဖြတ်ရန်ဖြစ်ပါသည်။ Undergraduate Level ၌သင်ကြားသော ဘာသာရပ်များသည်ထေရဝါဒ တက္ကသိုလ်အခြေခံမူများနှင့် တိုက်ရိုက် သက်ဆိုင်သော ထေရဝါဒဗုဒ္ဓသာသနာပြု မျိုးဆက်သစ်များ အား ဗုဒ္ဓဝါဒအခြေခံခိုင်မာစေသော ဘာသာရပ်မျိုးသာ ဖြစ်သင့်ပါသည်။

ဤထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကြီး၏ သင်ကြားရေးကိစ္စ အရှိန်အဟုန်နှင့် အဆင့်မြင့်တင်နိုင်ရန်အတွက်

(၁) သင်ကြားရေးဌာနများကို ပြင်ဆင်ဖွဲ့စည်းခြင်း၊

(၂) သင်ရိုးမာတိကာနှင့် သင်ရိုးညွှန်းတမ်းများကို ပြင်ဆင်ရေးဆွဲခြင်း၊

(၃) သင်ကြားရေးဆိုင်ရာ Programme များ လုပ်ထုံးလုပ်နည်းများရေးဆွဲ ဖြန့်ဝေထားခြင်း၊

(၄) သင်ကြားရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲဖြန့်ဝေထားခြင်း၊

(၅) စာမေးပွဲဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို တိကျစွာသတ်မှတ်ပေးထားခြင်း၊

(၆) Post-graduate Level အတွက် Topic များကို ချမှတ်ပေးထားခြင်း၊

တို့ကို ဤအစည်းအဝေးကြီးက စဉ်းစားဆောင်ရွက်ရပါမည်။

ဖေါ်ပြပါကိစ္စများကို အစုအလိုက်ခွဲဝေတာဝန်ယူဆောင်ရွက်နိုင်ရန် တက္ကသိုလ်ပညာရေး အဖွဲ့ကြီးကဖေါ်ပြပါ အဖွဲ့ငယ်များကို ဖွဲ့စည်းပေးရန် သင့် မသင့် စဉ်းစား၍ ဆုံးဖြတ်ဆောင်ရွက် စေလိုပါသည်။

(၁) Board of Directors of Edugation

(၂) Text Book Committee

(၃) Ph.D Candidates Selection Committee

(၄) Ph.D Programme Steering Committee

(၅) Board of Examinors

တက္ကသိုလ်ပညာရေးအဖွဲ့ကြီး၏ ဖေါ်ပြပါအဖွဲ့ငယ်များသည် တာဝန် အသီးအသီး ခွဲဝေယူကြပြီးလျှင် သင်ကြားရေးကိစ္စများအဆင်ပြေချောမွေ့ စေရန် အစီအစဉ်များ လုပ်ထုံးလုပ်နည်းများ ချမှတ်ဆောင်ရွက်နိုင်ပါသည်။

မဟာဝိဇ္ဇာကျမ်းများ, ပါရဂူကျမ်းများ ရေးသားတင်သွင်းရာ၌ တိကျသေချာ၍ စံနမူထားလောက်အောင် ထေရဝါဒတက္ကသိုလ်မူပိုင် Format များကို ချမှတ်ထားသင့်ပါသည်။ ကျမ်း၏ အရည်အသွေးကို Marking System , Grading System ၂-မျိုးလုံးဖြင့် သတ်မှတ်ထားသင့်ပါသည်။ အခြားတက္ကသိုလ်ကြီးများနှင့် ဆက်သွယ်ရာ၌ လွယ်ကူစွာ အဆင့်ကိုသတ်မှတ် နိုင်ရန် credit စံနစ်ကို ကျင့်သုံးသင့်ပါသည်။

### သင်ကြားရေးဆိုင်ရာ ရာထူးတိုးမြှင့်ရေး စပ်လျဉ်း၍

(၁)နည်းပြဆရာများ မဟာဝိဇ္ဇာဘွဲ့ရရှိပြီးပါက လက်ထောက် ကထိက(A.L)ရာထူးတိုးမြှင့်ရန်၊

(၂)ပါရဂူဘွဲ့ရရှိပြီးပါက ကထိက(L)ရာထူးတိုးမြှင့်ရန်

(၃)တွဲဖက်ပါမောက္ခ (A.P) နှင့် ပါမောက္ခ (P)ရာထူးများတိုးမြှင့်ရာ၌ လုပ်သက်, မပျက်မကွက်သင်ကြားရေးကိစ္စကြိုးစားမှု, သင်တန်းသားများ၏ Feedback တို့ကို မှတ်ချက်ယူသင့်ပါသည်။

၂၀၀၅-နိုဝင်ဘာ ၂၄ ရက်နေ့မှ ဒီဇင်ဘာ ၆ ရက်နေ့အထိ အိန္ဒိယ နိုင်ငံရှိ တက္ကသိုလ်ကြီး ၆-ခုရှိဗုဒ္ဓဘာသာလေ့လာရေးဌာနများသို့ သွားရောက် လေ့လာတွေ့ရှိချက်များကို အခွင့်သင့်သောအခါ သက်ဆိုင်ရာက တက္ကသိုလ် ပညာရေးအဖွဲ့သို့ တင်ပြပါမည်။

နိဂုံးချုပ်အားဖြင့် ဤတက္ကသိုလ်ပညာရေးအဖွဲ့ကြီးသည် တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့နှင့် လက်တွဲလျက် တက္ကသိုလ်ကြီး၏ အရည်အသွေးမြင့်မားပြီး ဂုဏ်သတင်းကြီးမားသည်ထက်ကြီးမားအောင် အားကြိုးမာန်တက် ဆောင်ရွက် ကြပါဟု ပြောကြားလိုပါသည်။

ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး အရှည်ခန့်လျက် တည်တံ့ပြန့်ပွါးပါ စေသတည်း။


**ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ**
**ပါမောက္ခချုပ်ဆရာတော်**
**အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ရန်ကုန်။**

## စိတ်ငြိမ်းချမ်းမှု

**အတွယ်ရှိသမျှ**
**စိတ်သောက**
**မုချ ဖြစ်လိမ့်မည်။**

**အတွယ်ပြတ်မှ**
**စိတ်သောက**
**လုံးဝ ကင်းနိုင်သည်။**

**သောကမလွှမ်း**
**စိတ်ငြိမ်းချမ်း**
**တက်လှမ်း နိဗ္ဗာန်ပြည်။**



**မော်ဘီမြို့ ဓမ္မဒူတဆေကိန္ဒာရာမကျောင်းတိုက်**
**တိပိဋက ဂုဏာဝိသိဋ္ဌပူဇာ ဩဝါဒ**

# ဓမ္မသည်သာ သင်တို့၏ဆရာ

## တိပိဋကပူဇာပွဲ (သို့မဟုတ်) ဓမ္မကို အလေးပြုသည့်ပွဲ

၆၂-ကြိမ်မြောက် ဆင်ယင်ကျင်းပတဲ့ တိပိဋက ရွေးချယ်ရေးစာမေးပွဲမှာ ၁၂-ပါးမြောက်အဖြစ် စစ်ကိုင်းမြို့ မဟာသုဗောဓာရုံကျောင်းတိုက်မှ တိပိဋက ကောဝိဒဘွဲ့ ရွေးချယ်ဆက်ကပ်ခြင်းခံယူရတဲ့ **ဘဒ္ဒန္တအဘိဇာတာလင်္ကာရာ-ဘိဝံသ**အား ဂုဏ်ပြုပူဇော်သောအားဖြင့် ဂုဏာဝိသိဋ္ဌပူဇာသဘင် ဆင်ယင်ကျင်းပပြုလုပ်ကြတဲ့ မော်ဘီမြို့ ဓမ္မဒူတဆေကိန္ဒာရာမဆရာတော် **အရှင်ဆေကိန္ဒ**အမှူးပြုသော တပည့်ဒကာ,ဒကာမများ၏ တိပိဋကဂုဏာဝိသိဋ္ဌပူဇာ မင်္ဂလာအခမ်းအနားဖြစ်တယ်။ အခုလို ပိဋကသုံးပုံကို နှုတ်တက်အာဂုံဆောင်ထားတဲ့ အရှင်မြတ်ကို ပူဇော်တယ်ဆိုတာ ဓမ္မကို အလေးပေးတဲ့သဘော အင်မတန်မှ ထင်ရှားတယ်။

ထိုအရှင်မြတ်နှုတ်ထဲမှာ ရောက်ရှိလာတဲ့ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့တဲ့ တရားဓမ္မတွေဟာ စာမျက်နှာအားဖြင့် ပြောမယ်ဆိုရင် ၈၀၂၆ မျက်နှာ ရှိတယ်။ အဲဒီ ၈၀၂၆ မျက်နှာဟာ ဒီကနေ့ မြန်မာနိုင်ငံမှာ ရိုက်နှိပ်ထားတဲ့ စာအုပ်အရ ပြောတာဖြစ်တယ်။ ဒီထဲမယ် ပေယျာလမြှုပ်ထားတာတွေ

ရှိသေးတယ်။ ပေယျာလဆိုတာ ထပ်တူလာတာလေးတွေကို ဖြုပ်ထားတာကို ပြောတာ၊ အဲဒီဖြုပ်ထားတာတွေကို ဖော်ပြီးရိုက်မယ်ဆိုရင်တော့ ၈၀၂၆-မျက်နှာကမှာ မဟုတ်ဘူး။ ရှစ်သောင်းလောက် ဖြစ်ချင်ဖြစ်သွားမှာ။ အဲဒီလို ထပ်တူလာတဲ့ စာကြောင်းတွေကို ဖြုပ်ပြီးတော့ ရိုက်ထားတဲ့ စာအုပ်တွေရဲ့ စာမျက်နှာက ၈၀၂၆ မျက်နှာရှိတယ်။

အဲဒီ ၈၀၂၆ မျက်နှာရှိသော စာအုပ်တွေထဲမှာပါတဲ့ ဗုဒ္ဓမြတ်စွာရဲ့ တရားတော်များကို နှုတ်တက်အာဂုံဆောင်ခြင်းဖြင့် ထိုအရှင်မြတ်ရဲ့ နှလုံးသားထဲမှာ ဗုဒ္ဓမြတ်စွာရဲ့ တရားတော်တွေ ကိန်းဝပ်နေတယ်။ အဲဒီကိန်းဝပ်နေတဲ့ ဓမ္မတွေကို တန်ဘိုးထားပြီးတော့ အခုလို ပူဇော်ပွဲကျင်းပတာ ဖြစ်တယ်။ ဓမ္မကို အလေးပြုတယ်-ဆိုတာ အင်မတန်ကောင်းတဲ့ အစဉ်အလာတစ်ခုပဲ။

## ဘုရားကိုယ်တိုင် ဓမ္မကိုအလေးပြုခဲ့

ဘာဖြစ်လို့ ဒီလိုပြောရတုံး?ဆိုတော့ . . . မြတ်စွာဘုရားက ဘုရားအဖြစ်သို့ ရောက်ပြီးတဲ့အချိန်မှာ တရားမဟောသေးဘူး။ ဥရုဝေလတောမှာ သီတင်းသုံးနေတုန်းပဲ။ အဲဒီအချိန်မှာ ဘုရားက စဉ်းစားတယ်။ "လောကကြီးမှာ လေးစားလောက်တဲ့ ပုဂ္ဂိုလ်မရှိပဲ နေရတာ မကောင်းဘူး"တဲ့၊ တချို့မတော့ လူကြီးဖြစ်သွားလို့ရှိရင် 'ဘယ်သူ့မှ အရေးစိုက်စရာမလိုဘူး' လို့ ဒီလိုထင်နေကြတယ်။

တလောကလုံး အလေးပြုရတဲ့ မြတ်စွာဘုရားရဲ့ စဉ်းစားပုံကို သတိထားကြည့်၊ မြတ်စွာဘုရားက 'အလေးပြုရမယ့်အရာ မရှိပဲနဲ့ နေတာဟာ မကောင်းဘူး' တဲ့။ ငါ ဘာကို အလေးပြုရမလဲ? ဘယ်သူ့ကို လေးစားရမလဲ? ပုဂ္ဂိုလ်တွေထဲ လိုက်ရှာကြည့်တယ်။ ရှာကြည့်တဲ့အခါ ကိုယ်တော်မြတ်ထက် သီလ,သမာဓိ,ပညာ သာလွန်သည့်ပုဂ္ဂိုလ် မဆိုထားဘိ၊ တန်းတူအဆင့်ရှိတဲ့ ပုဂ္ဂိုလ်တောင် မရှိဘူး။ မပြည့်စုံသေးတဲ့ သီလပြည့်ဖို့ မပြည့်စုံသေးတဲ့ သမာဓိပြည့်ဖို့ မပြည့်စုံသေးတဲ့ ပညာပြည့်ဖို့အတွက် အလေးပြုရမဲ့ ပုဂ္ဂိုလ်မရှိဘူး။ မရှိတော့ လေးစားရမဲ့ အရာမရှိပဲနဲ့ နေတာဟာ မကောင်းဘူး။ လေးစားစရာ

တော့ ရှိရမယ်လို့ စဉ်းစားရင်း "ငါသိတဲ့ တရားဓမ္မတွေကိုပဲ မြတ်မြတ်နိုးနိုးနဲ့ အလေးပြုပြီး နေမယ်"လို့ဆိုတဲ့ ဆုံးဖြတ်ချက်ချလိုက်တာနဲ့ တပြိုင်တည်း မြတ်စွာဘုရားကို တရားဟောဖို့ တောင်းပန်တဲ့ **သဟမ္ပတိဗြဟ္မာကြီး**က ချက်ချင်း ဘုရားရှေ့မှာ ပေါ်လာပြီး "အရှင်ဘုရားရဲ့ ဆုံးဖြတ်ချက် မှန်လိုက်တာ ဘုရား-တဲ့။ ရှေးရှေးတုန်းက ပွင့်တော်မူခဲ့ကြတဲ့ ဘုရားရှင်တွေလည်း ဒီလိုပဲ ဓမ္မကို အလေးပြုပြီးတော့ နေခဲ့ကြတာပါ။ (ဗုဒ္ဓကိုယ်တိုင်က ဓမ္မကို အလေးပြုတယ်-ဆိုတဲ့ သဘောကို ပြောတာနော်) အဲဒီမှ နောင် ပွင့်တော်မူကြတဲ့ ဘုရားတွေလည်း ဓမ္မကိုပဲ အလေးပြုကြမှာပါ။ အရှင်ဘုရားရဲ့ ဆုံးဖြတ်ချက်ဟာ မှန်လိုက်တာ"လို့ ထောက်ခံလျှောက်ကြားခဲ့တယ်။

ဘုရားမှန်သမျှဟာ ဓမ္မဂရု = ဓမ္မကို အလေးပြုကြတဲ့ ပုဂ္ဂိုလ်တွေချည်းပဲ။ မြတ်စွာဘုရားကိုယ်တိုင်လည်း သူကိုယ်တိုင်သိတော်မူခဲ့တဲ့ တရားကို အလေးပြုတယ်။ ဒါကြောင့်မို့ . . .

**"သဗ္ဗေ သဒ္ဓမ္မဂရုနော၊ ဝိဟံသု ဝိဟရန္တိ စ။**

**အထောပိ ဝိဟရိဿန္တိ၊ ဧသာ ဗုဒ္ဓါန ဓမ္မတာ။"** ဆိုတဲ့ မှတ်တမ်းဂါထာလေးတစ်ပုဒ် မိန့်ဆိုခဲ့တယ်။ *"ဘုရားမှန်လို့ရှိရင် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ဘယ်တုန်းကပွင့်ခဲ့တဲ့ ဘုရားပဲဖြစ်ဖြစ်၊ ဓမ္မကိုအလေးပြုပြီးတော့ နေခဲ့ကြတယ်။ နေလည်း နေနေကြတယ်။နောင်လည်း နေကြဦးမှာပဲ။ ဒါဟာ ဗုဒ္ဓမြတ်စွာတွေရဲ့ လုပ်ရိုးလုပ်စဉ်၊ ကျင့်ရိုးကျင့်စဉ်၊ ထုံးတမ်းစဉ်လာကြီးတစ်ခုပဲ"*လို့ ဒီလိုပြောတာ။

ဘုရားဟာ ဓမ္မကို အလေးပြုပြီးနေသလို အခုလို တိပိဋကရေအရှင်မြတ်ကိုပင့်ပြီး ပူဇော်ကြတာဟာ ဓမ္မကို အလေးပြုတဲ့သဘောပဲ။ ဓမ္မကို လေးလေးစားစားနဲ့ ပူဇော်ကြတာပဲ။ အဲဒီတော့ မြတ်စွာဘုရားကိုယ်တိုင်ကိုက ဓမ္မကို အလေးဂရုပြုခဲ့တယ်။ ဒါ့ကြောင့် တို့တတွေရဲ့ ပူဇော်မှုဟာ ဝမ်းသာစရာ အလွန်ထူးမြတ်တဲ့ ပူဇော်မှုပဲ။ မြတ်စွာဘုရားကိုယ်တော်မြတ်ကိုယ်တိုင်ကလည်း ဓမ္မကို အလေးအမြတ်ပြုတယ်။အလေးအမြတ်ပြုရုံ တင်မကဘူး။ ဓမ္မကို ရှေ့တန်းတင်ပြီး အမြဲဟောလေ့ရှိတယ်။

## ဓမ္မကိုမြင်မှ ဘုရားကိုမြင်

ဝက္ကလိမထေရ်ကို သတိပေးတဲ့စကားထဲမှာဆိုရင် **"ယော ခေါ ဝက္ကလိ ဓမ္မံ ပဿတိ၊ သော မံ ပဿတိ = ဓမ္မကို တွေ့မြင်မှ ငါ့ကို တွေ့မြင်တယ်။ ဓမ္မကို မတွေ့မမြင်ပဲနဲ့ ငါ့ကို မတွေ့မမြင်"**လို့ မိန့်တော်မူခဲ့တယ်။ အင်မတန် လေးနက်တဲ့ စကားပါပဲ။

**"ဓမ္မသိမှ ငါ့ကိုသိမယ်"**တဲ့၊ တရားမသိပဲနဲ့ ဘုရားတွေ့နေတဲ့ပုဂ္ဂိုလ်တွေ အများကြီးရှိတာပဲ။ တိရစ္ဆာန်တွေလည်း ဘုရားရှင် ဇေတဝန်ကျောင်းနေတုန်းက ဘုရားကို မျက်စိနဲ့မြင်ကြမှာပဲပေါ့။ ဒါပေမဲ့ ဓမ္မကို မမြင်သည့်အတွက်ကြောင့် ဘုရားကို မမြင်ဘူး။ အဲဒီတော့ - **"ဓမ္မကို မြင်ဘို့၊ ဓမ္မကို သိဘို့က အင်မတန်မှ အရေးကြီးတယ်"**ဆိုတာ ထင်ရှားတယ်။

## ဗုဒ္ဓနှင့်ဓမ္မ ဘယ်ကမြတ်

အေး . . . တချို့က ဒီနေရာမှာ မေးခွန်းလေး ထုတ်ကြတယ်။ **"ဗုဒ္ဓနှင့် ဓမ္မ ဘယ်ဟာက မြတ်သလဲ?"**လို့၊

'မြတ်တယ်'ဆိုတာ ဘယ်ရှုထောင့်က ပြောရမလဲ ?၊ ရှုထောင့်အရသာ ပြောလို့ရမယ်။ ဘုရားက မြတ်တယ်လို့ ပြောရမလား?၊ ဓမ္မက မြတ်တယ်လို့ ပြောရမလား ?။ အဲဒီတော့ ဘုရားဖြစ်ဖို့ ရှုထောင့်က ကြည့်မယ်ဆိုရင် ဘုရားတောင်ဖြစ်စေတတ်တဲ့ တရားဆိုတော့ ဓမ္မက မြတ်တယ်လို့ ပြောလို့ရတယ်။ မြတ်စွာဘုရားကိုယ်တိုင်ကလည်း ဓမ္မကို အလေးပြုတယ်လို့ ဆိုခဲ့တယ်။

သို့သော် ဒီဓမ္မကို ဖော်ထုတ်တာ ဘယ်သူတုံး ? ဆိုရင် ဘုရားက ဖော်ထုတ်တယ်။ အဲဒီ ဖော်ထုတ်တဲ့ရှုထောင့်က ကြည့်မယ်ဆိုရင် ဓမ္မကို မွေးဖွားပေးတာ ဘုရားက မွေးဖွားပေးတာဖြစ်တာကြောင့် ဘုရားကမြတ်တယ် လို့ပြောနိုင်တယ်။ အဲဒါကြောင့်မို့ ဒီမေးခွန်းဟာ တစ်ထစ်ချပြောဆိုလို့မရတဲ့ မေးခွန်းတစ်ခုပဲ။

ဘုန်းကြီးတို့ ငယ်ငယ်တုန်းက ဒီမေးခွန်းကို ဒကာတစ်ယောက်က မေးခဲ့ဘူးတယ်။ ဘုန်းကြီးတို့ မဖြေနိုင်ခဲ့ဘူး။ အဲဒီတော့ တကယ်က သူ့ရှုထောင့်နဲ့သူ ကြည့်ပြီးပြောမယ်ဆိုရင်တော့ ဓမ္မက မြတ်တဲ့ရှုထောင့်၊ ဗုဒ္ဓက မြတ်တဲ့ရှုထောင့် အပြန်အလှန်ပဲ။ မြတ်စွာဘုရားကိုယ်တိုင်ကိုက ဓမ္မကို ကိုယ်စားပြုတယ်၊ မဟာယာနအတွေးအခေါ်ထဲမှာ မြတ်စွာဘုရားကို **"ဓမ္မကာယ"**ဆိုတဲ့ စကားလုံးနဲ့ သုံးထားတယ်။ The body of dhamma လို့ 'ဘုရားကိုယ်တိုင် ဓမ္မပဲ'လို့ ဒီလို ဆိုလိုတာပေါ့။ ဓမ္မကာယ = Dhamma body၊ ဒီတော့ ဓမ္မဟာ တန်ဘိုးအထားရဆုံးလို့ ဒီလိုပြောရမှာ။

## ဗုဒ္ဓ Society အတွက် ဗုဒ္ဓပေးခဲ့သော ခေါင်းဆောင်

မြတ်စွာဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံခါနီးမှာလည်း ကြည့်၊ တခြားအဖွဲ့အစည်းတွေမှာ ခေါင်းဆောင်တစ်ဦး မရှိတော့ဘူးဆိုရင် ခေါင်းဆောင်အသစ် တင်လေ့ရှိကြတယ်ပေါ့။ ရာထူးဆက်ခံကြတယ်။ Buddhist Society၊ မြတ်စွာဘုရားရဲ့ Successorဟာ ဘယ်သူလဲ?။ ဒီလောကသားတွေအနေနဲ့ဆိုရင် Buddhist Society ဟာ အကြီးကြီးပဲလေ။ ဗုဒ္ဓဘာသာအဖွဲ့ကြီးက အင်မတန်မှ ကြီးတယ်။ တည်ထောင်သူ ဘယ်သူတုံး?။ ဘုရားက တည်ထောင်တယ်။ Buddhist Society ဘိက္ခုအဖွဲ့အစည်း၊ ဘိက္ခုနီအဖွဲ့အစည်း၊ ဥပါသကာအဖွဲ့အစည်း၊ ဥပါသိကာအဖွဲ့အစည်းဆိုပြီးတော့ ပရိသတ်လေးပါးလို့လည်း ခေါ်တယ်ပေါ့။ အဲဒီ အဖွဲ့အစည်းကြီးကို ဘုရားရှိတုန်းက ဘုရားက ခေါင်းဆောင်တယ်။ ဒါဖြင့် ဘုရားမရှိတော့ ဘယ်သူခေါင်းဆောင်မလဲ?၊

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးခါစ ရာဇဂြိုဟ်ပြည်မှာ **ဂေါပက မောဂ္ဂလ္လာန** ဆိုတဲ့ ပုဏ္ဏားကြီးရှိတယ်။ **ရှင်အာနန္ဒာမထေရ်မြတ်**က နံနက်ခင်းမှာ ဂေါပကမောဂ္ဂလ္လာနပုဏ္ဏားကြီးရဲ့ လုပ်ငန်းခွင်ကို ရောက်သွားတယ်။ ရောက်သွားတဲ့ အခါ ပုဏ္ဏားကြီးက ကြိုဆိုပြီး ရှင်အာနန္ဒာကို ဘာမေးတုံး ? ဆိုရင် "အရှင်အာနန္ဒာ-တဲ့၊ အရှင်ဘုရားတို့ ဆရာဂေါတမ ပရိနိဗ္ဗာန်စံသွားပြီဆို

တော့ ဂေါတမဘုရားနဲ့ အရည်အချင်းထပ်တူရှိတဲ့ ကိုယ်တော်များရှိသလား?"-တဲ့။ ဒီတော့ ရှင်အာနန္ဒာက "မရှိဘူး"တဲ့။ အဲဒီအချိန် ဘယ်သူရောက်လာသလဲ? ဆိုရင် လုပ်ငန်းတွေကို လိုက်ပြီးတော့ စစ်ဆေးတဲ့ **'ဝဿကာရ'**ဆိုတဲ့ ဝန်ကြီးချုပ် (မဟာမတ္တလို့ ခေါ်တယ်) ရောက်လာတယ်။

သူရောက်လာတာနဲ့ စကားပြတ်သွားတယ်။ ပြတ်သွားတဲ့အခါမှာ ဝဿကာရ-က ဒီမေးခွန်းကို ဆက်မေးတယ်။

အရှင်ဂေါတမ ပရိနိဗ္ဗာန်စံသွားပြီဆိုတော့ ဒီအဖွဲ့အစည်းကြီးကို ဘယ်သူက ဦးဆောင်မလဲ?။အရှင်ဂေါတမက ခေါင်းဆောင်သစ်ကို ရွေးချယ်ပေးခဲ့သလား?တဲ့။ အရှင်ဂေါတမက အရည်အချင်းရှိတဲ့ သံဃာတွေ အဖွဲ့အစည်းကြီးကို ခေါင်းဆောင်ဖို့ အရှင်ဂေါတမရဲ့ နေရာကို ဆက်ခံတဲ့ပုဂ္ဂိုလ်ကို ရွေးချယ်ခန့်ထားခဲ့သလား?လို့" မေးတယ်။ ဒါ အလွန်စိတ်ဝင်စားစရာကောင်းတာပဲနော်။ အဖွဲ့အစည်းတစ်ခုမှာ ခေါင်းဆောင်မရှိတော့ဘူး ဆိုရင် နောက်ထပ်ခေါင်းဆောင်သစ် ခန့်ထားလေ့ရှိတယ်။ အဲဒီလို ခန့်ထားသလား? မေးလိုက်တော့ အရှင်အာနန္ဒာက ဖြေတယ်။ "မခန့်ထားပါဘူး"တဲ့။ ဒါဖြင့် အရှင်ဂေါတမက မခန့်အပ်ခဲ့ဘူးဆိုရင် ကျန်ရစ်တဲ့ သံဃာအဖွဲ့ကြီးက အရှင်ဂေါတမရဲ့ ကိုယ်စား ရာထူးဆက်ခံဖို့များ တင်မြှောက်ထားတာကော ရှိသလား?ဆိုတော့ "မရှိဘူး"တဲ့။

"အဲဒါဆိုရင် အရှင်ဘုရားတို့ ခေါင်းဆောင်မရှိဘူးပေါ့။ အားကိုးရာမဲ့နေတဲ့ အဖွဲ့အစည်းကြီးတစ်ခု ဖြစ်မနေဘူးလား"ဆိုတော့ အရှင်အာနန္ဒာက "ဟာ-မဟုတ်ဘူး။ တို့မှာ ခေါင်းဆောင် ရှိတယ်။ တို့မှာ အားကိုးရာတွေ ရှိတယ်။ တို့ရဲ့ အားကိုးရာက ဓမ္မပဲ"လို့ မိန့်တယ်။ ဆိုလိုတာက ဗုဒ္ဓရဲ့ successor ဟာ ဓမ္မပဲ။

အရှင်အာနန္ဒာကို မြတ်စွာဘုရားက ပရိနိဗ္ဗာန်စံခါနီးမှာကို ပြောခဲ့တဲ့ စကားလေးတစ်ခု ရှိတယ်။ ဘာတုံး ? ဆိုရင် **"ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ - ငါဟောခဲ့တဲ့ ဓမ္မ၊ ငါပညတ်ခဲ့တဲ့ ဝိနယဟာ ငါမရှိတဲ့ နောက်မှာ မင်းတို့ရဲ့**

**ဆရာဖြစ်လိမ့်မယ်"**တဲ့။ ဒါ ခေါင်းဆောင်ခန့်ခဲ့တာပဲ။ ဓမ္မကို ခေါင်းဆောင် ခန့်ခဲ့တယ်။ အင်မတန်မှ သဘာဝကျတယ်။ ပုဂ္ဂိုလ်ကို ရွေးချယ်ခဲ့မယ် ဆိုရင်မီ နိုင်တဲ့ အရည်အချင်းရှိတဲ့ပုဂ္ဂိုလ်က မရှိဘူး။ မရှိနိုင်သည့်အတွက် ကြောင့် ဒီ Society ကြီးတစ်ခုကို ပုံစံကျကျ ခေါင်းဆောင်ဖို့ဆိုတာ မဖြစ်နိုင် ဘူး။ အဲဒီတော့ မြတ်စွာဘုရားက တရားဓမ္မကို အပြည့်အဝ ဟောထားပြီးသား ဖြစ်သည့်အတွက်ကြောင့် ဒီဓမ္မတွေအတိုင်း လိုက်နာကျင့်သုံးခြင်းဖြင့် ဒီအဖွဲ့ အစည်းကြီး ရှင်သန်ကြီးပွါးတိုးတက်နေမှာပဲ။ ဒီတော့ ဓမ္မကို ဘယ်လောက် အလေးအနက်ထားထိုက်တယ်ဆိုတာ အင်မတန်မှ ထင်ရှားတယ်ပေါ့။

ဒါကြောင့်မို့ အခုလို ပူဇော်ပွဲကြီးကျင်းပတာဟာ ဓမ္မကို ပူဇော်ကြတာပဲ။ ဒီလို ဓမ္မကို တန်ဘိုးထား ပူဇော်ကြတာဟာ အလွန်မှန်ကန်တယ်။ မြတ်စွာ ဘုရားကိုယ်တိုင်ကလည်း ဓမ္မကို တန်ဘိုးထားတယ်။ အခု ဘုရားရဲ့ တပည့်သား သာဝကတွေအားလုံးက ဓမ္မကို တန်ဘိုးထားပြီး ပူဇော်ကြတယ်။

## ဓမ္မပူဇာ ပြုလိုလျှင်

မြတ်စွာဘုရားလက်ထက်တော် အခါတုန်းက ထူးထူးဆန်းဆန်း စဉ်းစား တဲ့ ပုဏ္ဏားကြီးတစ်ယောက် ပေါ်လာခဲ့ဘူးတယ်။ သူက ဘာစဉ်းစား တုန်း?ဆိုရင် 'အေး . . . ဗုဒ္ဓပူဇာ = ဘုရားကို ပူဇော်တယ်ဆိုတာ ဘုရားက သက်တော်ထင်ရှား ရှိနေသေးသည့်အတွက် ထင်ရှားတယ်ပေါ့။ သံဃာတွေ လည်း ရှိနေသေးသည့်အတွက် သံဃပူဇာဆိုတာလည်း ထင်ရှားတယ် ပေါ့။ ဓမ္မပူဇာလုပ်ချင်ရင် ဘယ်လိုလုပ်ရမလဲ?၊ တရားတော်ကို ပူဇော်ချင်တယ်၊ ဘယ်လိုလုပ်ရမလဲ?'ဆိုတော့ မြတ်စွာဘုရားက ဘာအမိန့်ရှိတုံး?ဆိုရင် "အေး . . . ဗုဒ္ဓရဲ့ ဓမ္မတွေကို နှုတ်တက်အာဂုံဆောင်ထားတဲ့, ဗဟုဿုတ ရှိတဲ့, ရင်ထဲနှလုံးသားထဲမှာ တရားဓမ္မတွေ ကိန်းနေတဲ့ပုဂ္ဂိုလ်ကို ပူဇော်၊ အဲဒါ ဓမ္မပူဇာပဲ"တဲ့။ ပုဂ္ဂိုလ်ကို ညွှန်းလိုက်တာ။

ဗဟုဿုတရှိတဲ့ပုဂ္ဂိုလ်ဆိုရာမှာ **'ဗဟု'**ဆိုတာ ဘုရားဟောတဲ့ ဓမ္မတွေကို အများကြီး၊ **'သုတ'**ဆိုတာ သင်ထားတဲ့ပုဂ္ဂိုလ်၊ အဲဒီပုဂ္ဂိုလ်ကို ပူဇော်လို့ဆို

တော့ ဒါဖြင့် အဲဒီပုဂ္ဂိုလ်ကို ဘယ်မှာရှာရမတုံး?-တဲ့။ မြတ်စွာဘုရားက အဲဒီ မေးခွန်းကိုတော့ ရှောင်တိမ်းလိုက်တယ်။ အေး . . . ဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်ဆိုတာ သံဃာကို သွားမေး-တဲ့။ သူ့ မမေးနဲ့-တဲ့။ ဘုရားက အဖြေပေးလိုက်မယ်ဆိုရင် ဘုရားပေမယ်လို့ လူတွေက ဘက်လိုက်တယ်လို့ ထင်တတ်သေးတယ်။ တစ်ပါးပါးကို ရွေးပေးလိုက်လို့ရှိရင် ဘက်လိုက်တယ်လို့ ထင်မှာစိုးလို့ မြတ်စွာဘုရားက အဲဒါကို ရှောင်လိုက်တယ်။ ဒါလဲ အလွန်လိမ္မာပါးနပ်တဲ့ ကိစ္စတစ်ခုပဲ။ ရှောင်သင့်ရှောင်ထိုက်တယ်။ 'သံဃာ သွားမေး' ဆိုတော့ သံဃာက ဘယ်သူ့ကို ရွေးပေးသလဲ? ဆိုရင် ရှင်အာနန္ဒာကို ရွေးပေးလိုက်တယ်။ ဟုတ်တာပေါ့၊ အရှင်အာနန္ဒာက ဘုရားဟောတဲ့ တရားတွေ မြတ်စွာဘုရားဆီက ဓမ္မက္ခန္ဓာပေါင်း ၈၂၀၀၀ သင်ပြီးတော့ သူက နှုတ်တက်ဆောင်ထားတာ။ ရှင်သာရိပုတ္တရာတို့လို ရဟန်းသံဃာတွေဆီက သင်ထားတာက ဓမ္မက္ခန္ဓာပေါင်း ၂၀၀၀၊ နှစ်ရပ်ပေါင်းတော့ ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ သူ့နှုတ်ထဲမှာ ရှိတယ်။

## နှုတ်ဆောင်ခေတ်နှင့် စာအုပ်ခေတ်

အဲဒီတော့ ရှေးခေတ်တုန်းကတော့ ဒီဓမ္မတွေဟာ စာအုပ်အနေနဲ့ ရေးမှတ်ထားတာ မဟုတ်ဘူး။ Oral tradition လို့ခေါ်တဲ့ နှုတ်တက်ဆောင်တဲ့ခေတ်ပဲ။ ဘုရားဟောတဲ့အချိန်မှာ နားစိုက်ထောင်ပြီး မပျောက်ပျက်အောင် နှုတ်က အမြတ်တမ်း ရွတ်ဖတ်သရဇ္ဈာယ်ကြရတယ်။ အဲဒီ Oral tradition က ဘုရားလက်ထက် မှာ၄၅ နှစ် နားနဲ့သင်ကြတာ။ ဒါကြောင့် နားကို အသုံးပြုလို့ **'သုတ'**ဆိုတဲ့ စကားလုံးကို အသုံးပြုထားတာ။ အခုခေတ်ဆိုရင် စာအုပ်ကြည့်ဖတ်တာဆိုတော့ **'ဒိဋ္ဌ'**စကားလုံးကို သုံးချင်သုံးမှာပေါ့နော်။ စာအုပ်တွေ အများကြီး ကြည့်ထားတယ်ဆိုရင် **'ဗဟုဒိဋ္ဌ'**လို့ ပြောကောင်း ပြောပါလိမ့်မယ်။

အေး . . . အရှင်အာနန္ဒာတို့ ခေတ်တုန်းက Oral tradition ဆိုတာ နှုတ်တက်ဆောင်တာ၊ အဲဒီခေတ်ဟာ ဘယ်လောက်ထိ သွားလဲ?ဆိုရင်

ဘုရားပရိနိဗ္ဗာန်စံပြီးတဲ့နောက်မှာ နှစ်ပေါင်း ၄၅၀ ထိ၊ နှစ်ပေါင်း ၄၅၀ နှုတ်တက်ဆောင်ခဲ့တဲ့ တရားတွေ နောင်တစ်ခေတ်ရောက်လာလို့ရှိရင် ပျောက်ပျက်မှာစိုးလို့ စာလုံးအဖြစ် အသံကို အတုလုပ်ပြီးမှ အက္ခရာနဲ့ ပြောင်းပြီး ရေးခဲ့ကြတယ်။ ပဌမဆုံး အက္ခရာက ဘာအက္ခရာလို့ ပြောလို့မရဘူး။ သို့သော် သီဟိုဠ်ကျွန်းမှာဆိုရင် **ဆင်ဟာလီအက္ခရာ** ဖြစ်နိုင်တယ်ပေါ့။ သီဟိုဠ်ကျွန်းမှာ စရေးတယ်ဆိုရင် ဆင်ဟာလီအက္ခရာနဲ့ စရေးမှာပေါ့။ အသံကို သင်္ကေတလုပ်ပြီး ရေးတာ။ ဒီကနေ့ စာပေတွေဆိုတာ အသံကို သင်္ကေတနဲ့ ရေးထားတာတွေပဲပေါ့။ အဲဒီလို အခုရေးထားတဲ့ စာပေတွေဟာ နှစ်ပေါင်း ၄၅၀ ရဲ့ ဒီဘက်မှာ စာအုပ်ဖြစ်လာပြီးတော့ ထိုစာအုပ်တွေကို ကျက်မှတ်ပြီး နှုတ်ထဲရောက်အောင် လုပ်ကြရတယ်။ အဲဒီအခြေအနေဟာ မြန်မာနိုင်ငံမှာ တည်တံ့ခိုင်မြဲနေတုန်းပဲ ရှိသေးတယ်။ ရှေးတုန်းက **'အာဂုံရမှ အာဂလူ'**လို့ ပြောကြတယ်။ဘုရားဟောတဲ့ တရားဓမ္မတွေကို နှုတ်က ရွတ်နိုင်ရတယ်။ ရင်ထဲ, နှလုံးသားထဲမှာ ဆောင်ထားရမယ်။

## စာသင်ကြားပုံအဆင့်ဆင့်

မြတ်စွာဘုရား ကိုယ်တိုင်ကလည်း စာပေနဲ့ပတ်သက်ပြီး မိန့်ကြားခဲ့တဲ့ စကားတစ်ခွန်း ရှိတယ်။ နံပါတ်တစ်က **ဗဟုဿုတ** = အများကြီး သင်ထားတယ်။ **သုတ** = နားထောင်ပြီးတော့ သင်ထားတယ်။ သင်ထားပြီးတဲ့အခါမှာ နံပါတ်နှစ် **ဓာတာ** = နှုတ်ထဲမှာ ဆောင်ထားတယ်။ ဒါ သင်ထားပြီးတော့ မမေ့မပျောက်အောင် လုပ်ထားလို့ ပြောတာ။ မေ့သွားလို့ မရဘူး။ အခု မင်္ဂလသုတ်ပဲ ကြည့်ပေါ့။

**'အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။**

**ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလမုတ္တမံ'**ဆိုတဲ့-ဒီစာပိုဒ်လေး သင်ပြီးတဲ့အခါမှာ နှလုံးသားထဲမှာ ထင်ကျန်နေရစ်တယ်။ အဲဒီတော့ ဒါကို ဆောင်ထားတယ်လို့ ခေါ်တယ်။ ကိုယ့်နှလုံးသားထဲမှာ ရှိနေတယ်။ အဲဒီ ရှိနေတဲ့ဟာ မရွတ်ဖတ်ပဲ နေလို့ရှိရင် မှားမှားယွင်းယွင်းတွေဖြစ်တယ်။

ဒါကြောင့်မို့ တတိယအချက်ကတော့ **ဝစသာ ပရိစိတာ** - မကြာမကြာ ရွတ်နေရမယ်-တဲ့။ မကြာမကြာ နှုတ်ကနေထုတ်ပြီး ရွတ်ရမယ်။ ဒါ **'ဝစသာ ပရိစိတာ'**လို့ ခေါ်တယ်။ အေး . . . ရွတ်ရုံတင် မကဘူး၊ စိတ်ကလည်း ဆင်ခြင်သုံးသပ်ဖို့ လိုအပ်သေးတယ်။ အလေးအနက်ထားပြီး တွေးတော ဆင်ခြင်မှု စိတ်နဲ့လည်းပဲ ဆင်ခြင်ရမယ်။ **'မနသာနုပေက္ခိတာ'** ဒါက စတုတ္ထ၊ ပဉ္စမကျတော့ ဘာတုံး?ဆိုရင် **'ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါ'** - အသိဉာဏ်နဲ့ နားလည်ရမယ်လို့ ဆိုတယ်။ ဒီအဆင့်ရောက်မှ ပြီးတယ်။

အဲဒီတော့ နံပါတ်**တစ်**က သင်တာ၊ နံပါတ်**နှစ်**က မမေ့အောင် မှတ်ထားတာ၊ နံပါတ်**သုံး**က ရွတ်ဖတ် သရဇ္ဈာယ်တာ၊ နံပါတ်**လေး**က စိတ်ထဲက အလေးအနက် စဉ်းစားတာ၊ နံပါတ်**ငါး**က အသိဉာဏ်နဲ့ ထိုးထွင်း၍ သိတာ၊ စာပေကျမ်းဂန်ကို ဒီလိုအဆင့်လိုက် အဆင့်လိုက် သင်ယူကြရတာ၊ ဒီကနေ့ခေတ် ရောက်လာတဲ့ အခါကျတော့ မြန်မာနိုင်ငံမှာ ဒီအလွတ်ကျက်တဲ့ စနစ်ဟာ ခေတ်စားနေတုန်း ရှိသေးတယ်။ အခြားနိုင်ငံတွေမှာ ပျောက်သွားပြီ။

## ကွန်ပျူတာခေတ်နှင့် အာဂုံကျက်မှု

အေး . . . မကျက်ရုံတင် မကဘူး။ တချို့ ဘာတုံး?ဆို ကျက်တာ တောင် အပြစ်ပြောတာ။ တခါတုန်းက ကြားလိုက်တယ်။ ထိုင်းဘုန်းကြီး တစ်ပါး မြန်မာပြည်မှာ ပိဋကသုံးပုံ အလွတ်ကျက်တဲ့ **'တိပိဋကဓရ'**တွေ ရှိတယ်ဆိုတော့ 'စာအုပ်မရှိလို့လား?'လို့ မေးသတဲ့။ ဘာလို့ အလွတ်ကျက်နေလဲ?။ စာအုပ်မရှိလို့လား?။ စာအုပ်ရှိရင် ဖွင့်ကြည့် သိတာပဲပေါ့။ အဲဒီလို ပေါ့ပေါ့တွေးလာတဲ့ အနေအထားတွေ အများကြီး ရှိတယ်။

သို့သော်လည်း တစ်ဘက်က ကြည့်လိုက်မယ်ဆိုရင် အဲဒီနိုင်ငံသား တွေကပဲ ပြောတယ်။ တခြားနိုင်ငံ ရောက်လို့ သိချင်တာများ မေးလို့ရှိရင် 'နေဦး၊ စာအုပ်ကြည့်လိုက်ဦးမယ်၊ စာကြည့်တိုက် သွားလိုက်ဦးမယ်၊ စာကြည့် တိုက်မှာ စာအုပ်ရှာပြီးမှ နောက်ရက်ကျမှ ဖြေမယ်'လို့ ဒီလို ပြောကြတယ်။ ဘာဖြစ်လို့တုံး?ဆို နှုတ်ထဲမှာ ရှိမှ မရှိပဲ။ နှလုံးထဲမှာ မရှိဘူး။ မရှိတော့ စာအုပ်ထဲ

မှာ ရှာရတယ် သူတို့ အခုခေတ်ကတော့ ကွန်ပျူတာလေးနဲ့ ဝေဒနာအကြောင်း ဘယ်မှာရှိလဲ?ဆို ကွန်ပျူတာလေး ရိုက်ကြည့်ဦးမယ်။ ကွန်ပျူတာကို မေးဦးမယ် နော်။ သူကိုယ်တိုင် မသိလို့ ကွန်ပျူတာကို မေးရဦးမယ်ပေ့ါ။ ဟော. . . သူတို့က ပြောတာနော်။ ဗမာပြည်က ဆရာတော်တွေကျတော့ အခုမေးလိုက်ရင် အခု ဖြေနိုင်တယ်တဲ့။ ဖြေနိုင်မှာပေ့ါ။ ဗမာပြည်က ဆရာတော်တွေက memorize လုပ်တာကိုး၊ ဘယ်နေရာ, ဘယ်စာ, ဘယ်ထဲပါတယ်-ဆိုတာ ချက်ချင်း ပြောနိုင်တယ်။

ဟိုရှေးတုန်းက ပေနဲ့ သင်တဲ့ ဆရာတော်ကြီးတွေကတောင် ပိုတော်နေ သေးတယ်။ ဆရာတော်ကြီးတွေဟာ စာသွားမေးလိုက်လို့ရှိရင်၊ အေး . . . ဘယ်ပေချပ်ထဲမှာ, ကျောမှာ, ရင်မှာ, ကြောင်းရေ ဘယ်လောက်မှာ ရှိတယ်-လို့ အဲဒီစာပိုဒ်တွေကို ပေနံပါတ်နှင့်တကွ ပြောနိုင်တယ်။ ရှေးဆရာတော်ကြီး တွေ memorize ဘယ်လောက်တော်တယ်ဆိုတာနော်။ အဲဒီအစဉ်အလာ တစ်ခုဟာ ကမ္ဘာမှာ ကွယ်သလောက်ဖြစ်ပြီး မြန်မာနိုင်ငံမှာသာ ရှိတယ်။

မြန်မာပြည်က လူမျိုးတွေက ဒီလို memorize လုပ်ပြီး ရင်ထဲနှလုံး ထဲမှာ တရားဓမ္မတွေကို ဆောင်ထားတဲ့ ပုဂ္ဂိုလ်တွေကို တန်ဘိုးထားနေကြ တုန်းပဲ။ အဲဒီ တန်ဘိုးထားနေတာဟာ အလွန်ကိုကောင်းတဲ့ အစဉ်အလာ တစ်ခုလို့ ဒီလိုမှတ်ရမယ်။ တို့လုပ်ခဲ့တဲ့ အလုပ်ဟာ ဓမ္မကို ပူဇော်တာဖြစ်သည့် အတွက်ကြောင့် ဒီအစဉ်အလာကြီးတစ်ခု မပျက်အောင် တို့ကြိုးစားအားထုတ် နေကြတာပါလား-လို့ အလွန်ကျေနပ်ဝမ်းသာစရာ ကောင်းတယ်။

အေး. . . တော်တော်ကြာရင်တော့ ပြောကြလိမ့်မယ်။ 'အလွတ် မကျက်နဲ့၊ သိရင် ပြီးရော'ဆိုတဲ့ လူတွေ အများကြီးပဲ၊ ဗမာပြည်ထဲမှာလည်း ရောက်နေပြီနော်။ အလွတ်ကျက်စရာမလိုဘူး၊ စာအုပ်တွေ ရှိတယ်၊ ကွန်ပျူတာ တွေပေါ်လာတော့ ပိုတောင်ဆိုးလာသေးတယ်နော်၊ ကွန်ပျူတာထဲကနေ တစ်ချက်နှိပ်လိုက်လို့ရှိရင် ပေါ်လာတယ်ဆိုပြီး အလွတ်ကျက်စရာမလိုဘူးတွေ ဖြစ်လာတယ်။ စက်ပျက်ရင် သွားပြီ။ အဲဒီလူတွေနော် ကွန်ပျူတာစက်ပျက်တယ်, မီးမလာဘူး-ဆိုရင် ဘာသွားနှိပ်မတုန်း။ ငုတ်တုတ်ထိုင်နေရုံပဲ နော်။

အေး . . . ဗမာဘုန်းကြီးတွေကတော့ သူတို့မေးလိုက်ရင် ချက်ချင်း ဖြေနိုင်တယ်။ ဘယ်နားမှာ ရှိတယ် ဒီစာပိုဒ်၊ ချက်ချင်း ဖြေနိုင်တယ်၊ ရှာပေးနိုင်တယ် Reference တွေ။ စာကြည့်တိုက်တောင် တခါတလေ သွားစရာ မလိုဘူး။ ချက်ချင်း တန်းဖြေနိုင်တယ်-ဆိုတော့ အံ့တော့ အံ့တယ်။ အဲဒီလို အံ့တော့ မင်းတို့ လုပ်မလား ? ဆိုတော့မလုပ်ချင်ဘူး . . . နော်။ ကြောက်တာ၊ အဲဒီအတွေးအခေါ်ကြီး ဗမာပြည်မှာ ကူးစက်လာမှာ ဘုန်းကြီးတို့က အင်မတန်မှ စိုးရိမ်တယ်။

## တိပိဋကဓရ တိပိဋကကောဝိဒဆိုတာ

ဒါကြောင့်မို့ အခုလို တိပိဋကဓရပုဂ္ဂိုလ်ထူးတွေကို ပူဇော်ပေးရမယ်၊ ဓမ္မကို ပူဇော်တာပဲ၊ ရင်ထဲ နှလုံးသားထဲမှာ တရားကို ဆောင်ထားနိုင်တယ်ဆိုတာ နည်းတဲ့ တန်ဘိုး မဟုတ်ဘူး။ အခု ကြည့်၊ တိပိဋကဓရဆိုတဲ့ ဘွဲ့ထူးရယူဖို့ရန် အတွက် စာမျက်နှာပေါင်း ၈၀၂၆ မျက်နှာနော်။ အကျဉ်းချုပ်ပြီးတော့ ရေးထားတာ ၈၀၂၆ မျက်နှာ။ ဒါက ဘယ်နှနှစ်လောက် လုပ်ရတုံးဆိုတာ အနည်းဆုံး ဆယ်နှစ်၊ ဒီထက်ပိုဖို့ပဲ ရှိတယ်ပေ့ါ။ အဲဒါ အလွတ်ကျက်တယ် ဆိုတာ ရတာကိုပဲ ရွတ်တာလား?ဆိုတော့ မဟုတ်ဘူး။ တချို့နိုင်ငံခြားသားတွေကို ရှင်းပြောရသေးတယ်။ တို့ဆီက **'တိပိဋကဓရ'**ဆိုတာ အလွတ်ရွတ်ပြီး ဘာမှ မသိတာ မဟုတ်ဘူး၊ **'တိပိဋကကောဝိဒ'**ဆိုတာ ရှိသေးတယ်၊ တိပိဋက ကောဝိဒဆိုတာ ပိဋကသုံးပုံမှာ ကျွမ်းကျင်သူ၊ လိမ္မာပါးနပ်သူလို့ ဒီလိုဆိုလိုတာ၊ အင်မတန်မှ ကျွမ်းကျင်တယ်။ အဓိပ္ပါယ်တွေကို အကုန်ဖော်ဆောင်နိုင်တယ်။ ရှင်းလင်းပြောကြားနိုင်တယ်။ နှုတ်ကရလို့ ရွတ်တဲ့ 'ရ-ရွတ်' မဟုတ်ဘူး။ ဘွဲ့က နှစ်ခုရှိတယ်။ **'တိပိဋကဓရနဲ့ တိပိဋကကောဝိဒ'**၊ ကောဝိဒဆိုတာ ဒီ ၈၀၂၆ မျက်နှာထဲမှာ ပါတဲ့ တိုက်ရိုက် အဓိပ္ပါယ်သာ မကဘူး။ အဋ္ဌကထာပေါင်း ၅၂ အုပ်ထဲက သက်ဆိုင်ရာ အဋ္ဌကထာတွေကို လေ့လာရတယ်။ ဋီကာပေါင်း ၂၆ အုပ်ထဲက သက်ဆိုင်ရာ ဋီကာအဖွင့်တွေကို လေ့လာရတယ်။ အဋ္ဌကထာ, ဋီကာအဖွင့်တွေကနေ မေးတာ။ အဲဒီတော့ **'ကောဝိဒ'**

အဆင့်ဟာ ခုနက ၈၀၂၆ မျက်နှာထက် ဟိုဘက်ရောက်သွားတယ်။ စာမျက်နှာပေါင်း မြောက်မြားစွာ၊ အဲဒါတွေကို ဖတ်ရှုလေ့လာပြီးတော့မှ တိပိဋကဓရ၊ တိပိဋကကောဝိဒ တစ်ပါးဆိုတာ ပေါ်နိုင်တာ ဖြစ်ပါတယ်။

ဒီလိုပုဂ္ဂိုလ်မျိုးမှ အာဇာနည်မခေါ်ရင် ဒီပြင်ပုဂ္ဂိုလ် ဘယ်လိုလုပ် အာဇာနည်ခေါ်မလဲ?၊ အင်မတန် များလှတဲ့ ပိဋကတ်ရဲ့ တရားဓမ္မတွေကို နှလုံးသားထဲမှာ ထည့်ထားနိုင်တယ်ဆိုတာ နည်းတဲ့ စွမ်းရည်သတ္တိလားနော်။ နည်းတဲ့ စွမ်းရည်သတ္တိမဟုတ်ဘူး။ အမိပွါယ်နှင့်တကွ လေးလေးနက်နက် ရင်ထဲ နှလုံးသားထဲမှာ ဆောင်ထားတဲ့ ပုဂ္ဂိုလ်တွေ။ ဒါကြောင့်မို့ မြတ်စွာဘုရား ကိုယ်တိုင်ကလည်း ဓမ္မကို အလေးဂရုပြုခဲ့တယ်။ **'ဓမ္မကို မြင်မှ ငါ့ကို မြင်မယ်၊ ငါမရှိတဲ့နောက် ဓမ္မသည်သာ သင်တို့ဆရာ'**ဆိုတဲ့ ညွှန်းဆိုချက်တွေနဲ့ အင်မတန်မှ လိုက်လျောညီထွေ တို့တတွေ ဓမ္မကို ပူဇော်ကြရတယ်လို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြီးတော့ ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

**သာဓု၊ သာဓု၊ သာဓု။**

**အရှင်အဘိဇာတာဘိဝံသ**
**တည်းဖြတ်ပူဇော်သည်**

**(စစ်ကိုင်းတောင်မှာ ပွင့်သောရွှေကြာ စာအုပ်မှ)**

# စစ်ကိုင်း သီတဂူကျောင်းသားသစ်
# ကြိုဆိုနှုတ်ခွန်းဆက် ဩဝါဒစကား

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၇ ရက်၊ ၂၀၁၀ ခုနှစ် ဇွန်လ ၁၈ ရက်၊ သောကြာနေ့ စစ်ကိုင်းတောင်ရိုး၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ ၂၀၁၀-၁၁ ခုနှစ်၊ ပညာသင်နှစ် ကျောင်းဖွင့်ပွဲနှင့် ကျောင်းသားသစ်များ လက်ခံကြိုဆိုပွဲ အခမ်းအနား၌ ကျောင်းသားသစ်များအား မှာကြားအပ်သော ဩဝါဒစကား . . .

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှာ အတန်းအလိုက်တက်ရောက်ပြီး ပညာသင်ယူကြမည့် သာသနာပြုလောင်းလျာ ကျောင်းတော်သူ ကျောင်းတော်သား အပေါင်းတို့! ၂၀၁၀ ခုနှစ်၊ ဇွန်လ ၁၈ ရက်၊ ဒီကနေ့ ဆင်ယင်ကျင်းပလျက်ရှိတဲ့ ၂၀၁၀-၁၁ ပညာသင်နှစ် ကျောင်းဖွင့်ပွဲနှင့် ကျောင်းသားသစ်များ ကြိုဆိုပွဲ အခမ်းအနားမှာ ဩဝါဒအမှာစကား မပြောကြားမီ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်က သာသနာပြုလောင်းလျာ ကျောင်းတော်သူ ကျောင်းတော်သားတို့အား နွေးထွေးစွာ ကြိုဆိုလက်ခံပါကြောင်း ရှေးဦးစွာ ပြောကြားလိုပါတယ်။

ဤတက္ကသိုလ်ဟာ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ဖြစ်သည်နှင့်အညီ ကမ္ဘာ့လူသားများအတွက် ကောင်းကျိုးကို ဖြစ်ထွန်းစေနိုင်တဲ့ ဗုဒ္ဓရဲ့ တရားတော်များကို ပဓာနဦးတည်ထားပြီးတော့ သင်ကြားပေးမှာဆိုတာ ထင်ရှားပါတယ်။

ဗုဒ္ဓ၏ တရားဓမ္မများဟာ **ဧဟိပဿိကော**-လို့ ဓမ္မဂုဏ်ရည်ထဲမှာ ဖော်ပြခဲ့သည့်အတိုင်း ဖိတ်ခေါ် ရှင်းပြ လက်တွေ့ကျကျ ကျင့်သုံးလို့ရတဲ့ တရားမျိုးသာ ဖြစ်ပါတယ်။ ဒီကနေ့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်က လက်ခံကြိုဆိုပြီး ဗုဒ္ဓဓမ္မပညာရပ်များကို လေ့ကျင့်သင်ကြားပေးခြင်းကို ခံယူကြရမယ့် ဗုဒ္ဓသာသနာပြုလျောင်းလျာ ကျောင်းတော်သူ ကျောင်းတော်သားအပေါင်းတို့အား အထူးမှာထား ဩဝါဒစကား ပြောကြားလိုပါတယ်။

နံပါတ်တစ် ပြောကြားလိုတာကတော့ . . . သာသနာပြုလောင်းလျာသင်တန်းသားတို့ဟာ ပြတ်သားခိုင်မာတဲ့ ရည်ရွယ်ချက်တစ်ခုရှိဖို့ လိုအပ်တယ်ဆိုတဲ့အကြောင်းပါ။ မိမိတို့ ဘာကို ဦးတည်ပြီးတော့ အလုပ်လုပ်မယ်၊ ဒီတက္ကသိုလ်ကို လာရောက်ပြီးတော့ ပညာသင်ကြားတဲ့အခါမှာ မိမိတို့ရဲ့ ရည်မှန်းချက် မျှော်လင့်ချက် ဦးတည်ချက်ဟာ ဘာလဲ?ဆိုတာကို ပြတ်ပြတ်သားသား ထားကြဖို့ပါ။ ဗုဒ္ဓတက္ကသိုလ်မှာ လာရောက်သင်ကြားတယ်ဆိုကတည်းက သာသနာပြုကြမယ်ဆိုတဲ့ ရည်ရွယ်ချက်ရှိပြီး ဖြစ်မှာပါ။ ဗုဒ္ဓရဲ့ တရားဓမ္မများကို မိမိတို့ လက်လှမ်းမီရာ အတိုင်းအတာတစ်ခုအရ လူသားတွေရဲ့ နှလုံးသားထဲရောက်အောင် လက်တွေ့ပို့ဆောင်ပေးရတဲ့ လုပ်ငန်းဟာ သာသနာပြုလုပ်ငန်း ဖြစ်ပါတယ်။ ထိုသာသနာပြုလုပ်ငန်းကို လုပ်တော့မယ်ဆိုရင် မိမိတို့ကိုယ်တိုင်က နှလုံးသားထဲမှာ ဗုဒ္ဓတရားတော်တွေ ကိန်းနေဖို့ အလွန်အင်မတန်မှ အရေးကြီးပါတယ်။

ဗုဒ္ဓမြတ်စွာရဲ့ စိတ်ဓာတ်၊ ဗုဒ္ဓ၏ တပည့်သာဝကများ၏ စိတ်ဓာတ်၊ အများကောင်းကျိုးကို ဆောင်ရွက်လိုတဲ့ စိတ်ဓာတ်၊ မြတ်စွာဘုရားဟာ **'အတ္ထာယ ဟိတာယ သုခါယ လောကာနုကမ္ပာယ ဒေဝမနုဿာနံ'**လို့ ဆိုတဲ့အတိုင်း အများကောင်းကျိုး အကျိုးစီးပွားကို ဖြစ်ထွန်းစေဖို့ လောကကြီးမှာ ပေါ်ပေါက်လာပြီးတော့ လောကကြီးကို အကျိုးပြုခဲ့တာ ဖြစ်ပါတယ်။

မြတ်စွာဘုရား အကျိုးပြုခဲ့သလို မြတ်စွာဘုရားရဲ့ တပည့်သာဝကတွေဟာလည်း လောကကောင်းကျိုးကို ဆောင်ရွက်ခဲ့ကြပါတယ်။ မိမိတို့သန္တာန်မှာ ဗုဒ္ဓတရားတော်တွေ လွှမ်းမိုးထားတဲ့ ဖြူစင်ငြိမ်းချမ်းတဲ့နှလုံးသားဖြင့် အများကောင်းကျိုးကို သယ်ပိုးဖို့ မိမိတို့ရဲ့ ပတ်ဝန်းကျင်မှာ ပညာရေးတွေ မြှင့်တင်ပေးဖို့ အသိအလိမ္မာ ဉာဏ်ပညာမြှင့်တင်ပေးဖို့ဆိုတာ ဒီမြှင့်တင်ပေးမှုဆောင်ရွက်မှုဆိုတာ မိမိတို့ထားရမယ့် ပြတ်သားတဲ့ သာသနာပြုရည်ရွယ်ချက်များ ဖြစ်ပါတယ်။

အမျိုးဘာသာသာသနာ ကြီးပွားတိုးတက်ရေး ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှာ ဆောင်ရွက်ပြီး မိမိတို့ စွမ်းအားရှိသလောက် ကမ္ဘာအနှံ့ ဗုဒ္ဓရဲ့ တရားဓမ္မတွေကို မသိရှိသေးတဲ့ ပုဂ္ဂိုလ်တွေ သိရှိအောင်၊ သိရှိပြီးတော့ လက်တွေ့ကျင့်သုံးခြင်းဖြင့် ချမ်းသာသုခတွေ ရရှိအောင် ဆောင်ရွက်ဖို့၊ ဒီတာဝန်တွေဟာ တို့ဆောင်ရွက်ရမဲ့ တာဝန်တွေပဲလို့ ပြတ်သားတဲ့ရည်ရွယ်ချက်ကို အခုကတည်းက အခိုင်အမာ ထားကြရမှာ ဖြစ်ပါတယ်။ အဲဒီလို ပြတ်သားတဲ့ ရည်ရွယ်ချက်ထားတဲ့အခါမှာ ဗုဒ္ဓမြတ်စွာဟောခဲ့တဲ့ ဒေသနာတော်တွေထဲက ခိုင်မာတဲ့စိတ်ဓာတ် နှစ်ရပ်ကို လက်တွေ့ကျင့်သုံးဖို့ လိုအပ်ပါတယ်။ ခိုင်မာတဲ့စိတ်ဓာတ်နှစ်မျိုးဆိုတာ ဘာလဲဆိုရင် . . .

**အသန္တုဋ္ဌိတာ စ ကုသလေသု ဓမ္မေသု** - ကောင်းတဲ့လုပ်ငန်းတွေနဲ့ ပတ်သက်ပြီးတော့ ရောင့်ရဲမှု တင်းတိမ်မှု မရှိစေရဘူးဆိုတဲ့ စိတ်ဓာတ်တစ်မျိုး၊ **အပ္ပဋိဝါနိတာစ ပဓာနသ္မိံ** - ကိုယ်ကြိုးပမ်းအားထုတ်တဲ့ လုပ်ငန်းတစ်ခုဟာ အောင်မြင်မှုကို မရမချင်း ထိုလုပ်ငန်းကို ရပ်ဆိုင်းပစ်တာမျိုး မဖြစ်စေရဘူးဆိုတဲ့ စိတ်ဓာတ်၊ ဒီစိတ်ဓာတ်နှစ်ရပ်။ ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင် ဟောကြားခဲ့တဲ့ သုတ္တန်မှာ မြတ်စွာဘုရားက လမ်းညွှန်ထားခဲ့တယ်။ ငါကိုယ်တိုင် ထူးခြားထက်မြတ်တဲ့အဆင့်ကို ရောက်လာတာဟာ ဒီစိတ်ဓာတ်နှစ်ရပ်ကို အခြေခံပြီးတော့ ရောက်လာတာ ဖြစ်တယ်။ ဒါကြောင့်မို့လို့ သင်တို့ကိုယ်တိုင်လည်းပဲ ဒီစိတ်ဓာတ်နှစ်ရပ်ကို အခိုင်အမာ မွေးမြူခြင်းဖြင့် မိမိတို့ လုပ်ဆောင်တဲ့

ရည်မှန်းထားတဲ့ ပြတ်သားတဲ့ရည်ရွယ်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်လို့ လမ်းညွှန်ထားပါတယ်။

အဲဒါကြောင့်မို့လို့ ဒီကနေ့ အထူးမှာကြားချင်တာက . . . **အသန္တုဋ္ဌိတာ စ ကုသလေသု ဓမ္မေသု** - ကိုယ်လုပ်နေတဲ့ သာသနာပြု လုပ်ငန်း၊ အမျိုးဘာသာသာသနာ့အကျိုး ပွားတိုးအောင် ဆောင်ရွက်တဲ့ လုပ်ငန်းနဲ့ ပတ်သက်ပြီး ဘယ်တော့မှ ပြီးပြည့်စုံပြီဆိုတဲ့ စိတ်ဓာတ်မျိုးမထားပဲနဲ့ အစဉ်ထာဝရ လုပ်နေရမယ့်အလုပ်တွေပဲ၊ ဒီအလုပ်တွေနဲ့ ပတ်သက်ပြီးတော့ စွမ်းအားရှိသမျှ အကြံဉာဏ်ရှိသမျှ တို့လုပ်ဆောင်နေရမယ်ဆိုတာကို စိတ်ထဲမှာ ကိန်းဝပ်ထားဖို့ပါ။

နောက်တစ်ခုတော့ **အပ္ပဋိဝါနိတာ စ ပဓာနသ္မိံ** - လုပ်ငန်း တစ်ခုလုပ်တဲ့အခါမှာ အခက်အခဲဆိုတာ ကြုံလာနိုင်ပါတယ်၊ အခက်အခဲ ကြုံလာတဲ့အခါမှာ နောက်တွန့်ပြီးတော့ လက်လျှော့စွန့်ပယ်သွားတာမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်မို့လို့ မိမိလုပ်ပြီဆိုတဲ့ လုပ်ငန်းတစ်ခုဟာ မအောင်မြင်မချင်း ကြားထဲမှာ ရပ်တန့်ပစ်တာမျိုး မဖြစ်စေရဘူး။ ဘယ်လိုပဲ မအောင်အောင် အခက်အခဲတွေကြုံတွေ့လို့ မအောင်မြင်မှုများစွာ ဘယ်လောက်ပဲ ကြုံတွေ့ ကြုံတွေ့ အောင်မြင်မှုဆိုတာ နောက်ပိုင်းမှာ လာတာပဲ။

ဒါကြောင့်မို့ ဆိုရိုးစကားလေး တစ်ခုရှိတယ်၊ Success comes after many failures ကျရှုံးခြင်း များစွာရဲ့ နောက်မှာ အောင်မြင်မှုဆိုတာ လာတတ်တယ်။ ဒါကြောင့်မို့ အခက်အခဲတွေ မည်မျှပဲရှိရှိ ဒီစိတ်ဓာတ်ကို မွေးမြူထားကြရမှာ ဖြစ်ပါတယ်။ ကိုယ်လုပ်တဲ့လုပ်ငန်းနဲ့ ပတ်သက်ပြီး မည်မျှပဲ အခက်အခဲကြုံလို့ အောင်မြင်မှုတွေရဲ့ အဟန့်အတားတွေနဲ့ ကြုံတွေ့နေစေ ကာမူ Success comes after many failures ဆိုတဲ့ ယုံကြည်ချက်နဲ့ အောင်မြင်မှုဟာ တစ်နေ့ကျရင် တို့လက်ထဲမှာ ရောက်လာမှာပဲဆိုတဲ့ စိတ်ဓာတ်ဟာ **အပ္ပဋိဝါနိတာ စ ပဓာနသ္မိံ**-ဆိုတဲ့ စိတ်ဓာတ်မျိုးဖြစ်ပါတယ်။

ဒါကြောင့်မို့ ဒီကနေ့ ကျောင်းဖွင့်ပွဲမှာ အထူးပြောကြားပြီးတော့ ဩဝါဒစကားအနေနဲ့ မှာကြားချင်တဲ့ ဒီအချက်နှစ်ချက်၊ ပြတ်သားတဲ့ရည်ရွယ်ချက်ထားဖို့နဲ့ ဆောင်ရွက်လုပ်ကိုင်တဲ့အခါမှာ မိမိရဲ့သာသနာပြု လုပ်ငန်းနဲ့ ပတ်သက်ပြီး တင်းတိမ်အားရပြီးတော့ ရပ်ဆိုင်းထားခြင်းမဖြစ်ရအောင် ကြိုးပမ်းအားထုတ်မှု မအောင်မြင်ခင် ရပ်တန့်သွားတာမျိုး မဖြစ်စေရဘူး-ဆိုတဲ့ တို့တတွေ လိုက်နာကြရမဲ့ ဒီအချက်တွေအတိုင်း ပြတ်ပြတ်သားသား ကြိုးစားလိုက်နာကြပါစေလို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

(၂၀၁၀-၁၁ ပညာသင်နှစ်ဖွင့်ပွဲ အထိမ်းအမှတ်
ကျောင်းသားမဂ္ဂဇင်း ဓမ္မအသံမှ )

မန္တလေးမြို့ သီတဂူဗုဒ္ဓတက္ကသိုလ် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်

ကျောင်းဖွင့်ပွဲနှင့် ကျောင်းသားသစ်လက်ခံကြိုဆိုပွဲ၌ မိန့်ကြားအပ်သော

# ပါမောက္ခချုပ်ဆရာတော်၏ ဩဝါဒကထာ

သီတဂူဗုဒ္ဓတက္ကသိုလ် မန္တလေးသို့ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်မှာ တက်ရောက်ပြီးတော့ ပညာသင်ကြားခွင့်ရတဲ့ ကျောင်းတော်သူ, ကျောင်းတော်သား ၁၄၇ ဦးတို့အား သီတဂူဗုဒ္ဓတက္ကသိုလ်မှ ကြိုဆိုပါတယ်ဆိုတဲ့ အကြောင်းကို ရှေးဦးစွာ ပြောကြားလိုပါတယ်။

ဒီကနေ့ အရေးတကြီး မှာထားပြီး ဩဝါဒစကားအနေနဲ့ ပြောကြားချင်တာကတော့ **သီတဂူဗုဒ္ဓတက္ကသိုလ်**ဆိုတာ ဗုဒ္ဓစာပေတွေကို အဓိကထားပြီးတော့ သင်ကြားပေးမဲ့ တက္ကသိုလ်တစ်ခုဖြစ်တာမို့ အားလုံးသော ကျောင်းတော်သူ, ကျောင်းတော်သားတွေအနေနဲ့ ဦးတည်ထားရမှာက ဗုဒ္ဓရဲ့ တရားများဆိုတာ အားလုံး သဘောပေါက်ပြီးသား ဖြစ်ပါတယ်၊ ဒီလို သင်ကြားကြတဲ့အခါမှာ အရေးကြီးဆုံးက မှန်ကန်တဲ့ ခံယူချက်နဲ့ ဖွဲ့လုံ့လ, စိတ်ဓာတ်ဟာ အင်မတန်မှ အရေးကြီးပါတယ်။

'သီတဂူတက္ကသိုလ်များသို့ တက်ရောက်သင်ယူကြတဲ့ တက္ကသိုလ်ကျောင်းသားများရဲ့ ခံယူချက်'ဆိုပြီးတော့ ဖော်ပြထားတာ အချက်ပေါင်း ၁၅ မျိုးရှိတဲ့အထဲမှာ **(ဓမ္မဝိနယသည် ငါတို့၏ အရည်အချင်း၊ လောကတ္ထစရိယသည် ငါတို့၏ အခွင့်အရေးဟု မှတ်ယူမည်)**ဆိုတဲ့ ခံယူချက်ဟာ အင်မတန်မှ အရေးကြီးပါတယ်၊ ဓမ္မဝိနယသည် ငါတို့၏ အရည်အချင်းဆိုတာ ဓမ္မဝိနယတွေ သိရှိနားလည်ခြင်း၊ သိရှိနားလည်အောင် သင်ယူခြင်း၊ ကိုယ်တိုင်လက်တွေ့ကျင့်သုံးခြင်းဟာ မိမိတို့ရဲ့ ရရှိနိုင်တဲ့ အခွင့်အရေးဖြစ်ပါတယ်ဆိုတဲ့ ခံယူချက်ကို မိမိတို့ရဲ့သန္တာန်မှာ အခိုင်အမာ ရှိနေဖို့ လိုအပ်ပါတယ်။

ရန်ကုန် သီတဂူဗုဒ္ဓတက္ကသိုလ်ဖွင့်ပွဲတုန်းက သီတဂူဆရာတော် မိန့်ကြားသွားတဲ့အထဲမှာ ဗုဒ္ဓစာပေ သင်ယူရင်း သင်ယူရင်း မိစ္ဆာဒိဋ္ဌိဖြစ်သွားတယ်ဆိုတဲ့ ပုဂ္ဂိုလ်တစ်ဦးအကြောင်းကို ကြားသိလိုက်ရပါတယ်၊ ဒါ တကယ်ရှိခဲ့တဲ့ ပုဂ္ဂိုလ်တစ်ဦး၊ ဒါ ဘာဖြစ်လို့ ဒီလို ဖြစ်ရတာတုံး?ဆိုတော့ ခံယူချက်မမှန်ကန်လို့ ဖြစ်ရတာ၊ ခံယူချက်ကို ပြောမယ်ဆိုရင် မှန်ကန်တဲ့ခံယူချက်ဟာ သမ္မာဒိဋ္ဌိပဲ၊ Right Understanding သို့မဟုတ် right view ဒီမှန်ကန်တဲ့ ခံယူချက်ရှိဖို့ အင်မတန်မှ အရေးကြီးပါတယ်၊ ဗုဒ္ဓမြတ်စွာရဲ့ စာပေတွေကို လေ့လာလို့ရှိရင်လည်း ဒီမှန်ကန်တဲ့ခံယူချက်ကို တွေ့ရှိပြီးတော့ မိမိတို့ကိုယ်တိုင် မှန်ကန်တဲ့ ခံယူချက်အပေါ်မှာ အခိုင်အမာ တည်ဆောက်ဖို့ လိုအပ်ပါတယ်။

လောကမှာ ဘာသာတရားတွေနဲ့ ပတ်သက်ပြီးတော့ ခံယူချက်တွေ အမျိုးမျိုးရှိကြတယ်၊ တချို့ရဲ့ ခံယူချက်က ဘာတုံး?ဆိုလို့ရှိရင် အရာရာဟာ တန်ခိုးရှင်ကြီးရဲ့ ဖန်ဆင်းမှုအတိုင်း ဖြစ်ရတယ်၊ လောကမှာ ကြုံတွေ့ခံစားရတဲ့ သုခ,ဒုက္ခ မှန်သမျှဟာ တန်ခိုးရှင်ရဲ့ အလိုတော်ကျအတိုင်း ဖြစ်ရတယ်ဆိုတဲ့ **ဣဿရနိမ္မာနဝါဒ**၊ တဖန် ထိုဣဿရနိမ္မာနဝါဒကို ငြင်းပယ်ပြီးတော့ လောကမှာ ကြုံတွေ့ရတဲ့ အရာခပ်သိမ်းဟာ **ပုဗ္ဗေကတဟေတု** ကြိုတင်ပြီးတော့ လုပ်ထားတဲ့ အကြောင်းတရားတွေကြောင့်သာ ဖြစ်တယ်လို့ ကြိုတင်

လုပ်ထားပြီးသားအပေါ်မှာ အရှုံးပေးထားတဲ့ အမြင်ဟာလည်းပဲ တစ်မျိုးရှိတယ်။

နောက်တစ်မျိုးကတော့ ထိုအယူအဆနှစ်မျိုးကို ငြင်းပယ်ပြီးတော့ လောကမှာ ဘာတွေပဲဖြစ်ဖြစ်၊ ဘာအကြောင်းမှ မရှိဘူး ဖြစ်ချင်ရာတွေ ဖြစ်တယ်၊ Accidental ဆိုတဲ့ View က တစ်မျိုးရှိတယ်၊ အဲဒီအယူအဆ သုံးရပ်လုံးဟာ မမှန်ကန်ဘူးဆိုတာကို မြတ်စွာဘုရားက ထောက်ပြထားတယ်၊ ဘာဖြစ်လို့ မမှန်ကန်တာတုံး? ဆိုလို့ရှိရင် အဲဒီအယူအဆသုံးရပ် ခံယူချက်သုံးမျိုးရှိနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ ကရဏီယာကရဏီယလို့ခေါ်တဲ့ မိမိရဲ့ဘဝမှာ တိုးတက်ကြီးပွားရေးအတွက် ဘာက လုပ်သင့်တယ်၊ ဘယ်ဟာက မလုပ်သင့်ဘူးဆိုတဲ့ ရွေးချယ်မှု သူ့မှာ မရှိနိုင်ဘူး-တဲ့။ ဒါ မှားယွင်းချက်တစ်ခုပဲ။

လောကမှာ လူဆိုတာ ရွေးချယ်မှု ရှိရမယ်၊ လုပ်သင့်တာနဲ့ မလုပ်သင့်တာကို ခွဲခြားပြီးတော့ ရွေးချယ်နိုင်စွမ်း ရှိရမယ်၊ ဒါက တကယ့်ကို အရေးကြီးတဲ့ အချက်တစ်ခုပဲ၊ အဲဒီအချက်ဟာ လက်လွှတ် ဆုံးရှုံးသွားပြီ-တဲ့၊ ခံယူချက်မမှန်လိုက်တာနဲ့ တပြိုင်နက် လုပ်သင့်တာနဲ့ မလုပ်သင့်တာကို ခွဲခြားသိဖို့ မရှိတော့ဘူး။

နောက်တစ်ခုက လူတွေမှာ ကိုယ့်ဆန္ဒဆိုတာ ရှိရမယ်။ အဲဒီ ကိုယ့်ဆန္ဒဆိုတာလည်း ဘာမှ မဖြစ်လာတော့ဘူး၊ တန်ခိုးရှင်ကြီးရဲ့ ဆန္ဒ၊ ကြိုတင်သတ်မှတ်ထားတဲ့ အကြောင်းတွေအပေါ်မှာ မူတည်တာ၊ အကြောင်းမဲ့ ဖြစ်လာတာဆိုတော့ ကိုယ့်ရဲ့ဆန္ဒဟာ လုံးလုံးလျားလျား စွန့်ပယ်လိုက်ရတဲ့ အနေအထားမျိုး ရောက်နေတယ်။

နောက်တစ်ခုက ဘာတုံး? ဆိုရင် ကိုယ့်ရဲ့ ကြိုးပမ်းအားထုတ်မှု လုံ့လဝီရိယ၊ ဘာတွေပဲ ကြိုးပမ်း အားထုတ်နေနေ၊ ခံယူချက်မမှန်ကန်ဘူးဆိုလို့ရှိရင် ကြိုးပမ်းအားထုတ်မှုတွေဟာ နောက်ဆုံးကျတော့ တန်ခိုးရှင်ရဲ့ ဆန္ဒအတိုင်း ဖြစ်သွားမှာပဲ၊ ကြိုတင်သတ်မှတ်ထားတဲ့ အကြောင်းအရာအတိုင်း ဖြစ်သွားမှာပဲ၊ သူဖြစ်ချင်တာတွေ ဖြစ်သွားမှာပဲဆိုတဲ့ ခံယူချက်ရှိသည့်အတွက်ကြောင့် ကြိုးပမ်းအားထုတ်မှုတွေဟာလည်း အလကားပဲ။

ဒါကြောင့်မို့ မြတ်စွာဘုရားတရားတော်ရဲ့ သွန်သင်ချက်အရ ပြောမယ် ဆိုလို့ရှိရင် **ကမ္မဿကတာသမ္မာဒိဋ္ဌိ** = ကိုယ်တိုင်လုပ်တာ ကိုယ်နဲ့ပဲ ဆိုင်တယ်၊ ကိုယ့်ရဲ့ လုပ်ရပ်တွေအပေါ်မှာ အားလုံးမူတည်တယ်ဆိုတဲ့ ခံယူချက်ဟာ အင်မတန်မှ အရေးကြီးပါတယ်၊ ကိုယ်လုပ်တာ ကိုယ်နဲ့သာ သက်ဆိုင်တယ် ဆိုတဲ့အမြင်ဟာ အခြေခံအကျဆုံး ဖြစ်ပါတယ်၊ Right Understanding and Right View ဖြစ်ပါတယ်။

ဒါကြောင့်မို့ ဒီကနေ့ ဗုဒ္ဓတက္ကသိုလ်ကို လာရောက်ပြီးတော့ သင်ကြားကြမယ့် ပုဂ္ဂိုလ်တွေဟာ အရာရာမှာ ကိုယ့်အပေါ်မှာ မူတည်နေတယ်ဆိုတဲ့ အချက်ကို ဒါ လက်ခံကြရမှာပါ၊ ဒီအခြေခံခိုင်မာတဲ့အချက်ကို လက်ခံပြီးတော့ ဘာတွေ ရွေးချယ်ရမလဲ?ဆိုလို့ရှိရင် လုပ်သင့်တာနဲ့ မလုပ်သင့်တာကို ခွဲခြားဖို့ မိမိတို့ရဲ့ လိုအင်ဆန္ဒ၊ မိမိတို့ရဲ့ လုံ့လဝီရိယ ဒါတွေကို ရှေ့တန်းတင်ထားပြီးတော့ ကြိုးစားအားထုတ်ဖို့၊ အဲဒါကြောင့်မို့လို့ ရှေးဦးစွာ မှန်ကန်တဲ့ ခံယူချက်ဟာ အင်မတန်မှ အရေးကြီးတာဖြစ်လို့ ကျောင်းတော်သူ၊ ကျောင်းတော်သားတွေအနေနဲ့ ဒီမှန်ကန်တဲ့ ခံယူချက်ကို တည်ဆောက်ထားဖို့ လိုအပ်တယ်။

တို့ဟာ ဗုဒ္ဓမြတ်စွာရဲ့ တရားတော်တွေကို လေ့လာတယ်၊ ဗုဒ္ဓမြတ်စွာရဲ့ တရားတော်တွေကနေပြီးတော့ တစ်လုံး တစ်ပါဒမှ သွေဖည်မသွားစေဖို့ အမြင်တွေ စောင်းမသွားစေဖို့ရာ ဒါတွေဟာ အရေးအကြီးဆုံးပဲ။ မြတ်စွာဘုရားရဲ့ ဓမ္မ၊ဝိနယတွေကို ဖျက်ဆီးသူဆိုတာ အပြင်က လာတာ မဟုတ်ဘူး၊ ဗုဒ္ဓစာပေတွေကို သင်ကြားနေတဲ့ ပုဂ္ဂိုလ်တွေအတွင်းကပဲ လာတတ်ပါတယ်။

ဒါကြောင့်မို့လို့ မိမိတို့ကိုယ်တိုင်က ဓမ္မဝိနယဟာ မြတ်စွာဘုရား ဟောကြားခဲ့တဲ့ တရားဓမ္မတွေ, ခံယူချက်တွေဟာ ဒါ တို့ရဲ့ အရည်အချင်းပဲ ဆိုတာကို အခိုင်အမာ ခံယူထားဖို့ လိုအပ်တယ်ဆိုတဲ့အကြောင်း ပြောကြားချင်ပါတယ်။

အဲဒီခံယူချက်ရှိတဲ့အတိုင်း ကြိုးပမ်း အားထုတ်မှုဆိုတာဟာ နောက်ကနေ လိုက်လာရမယ်၊ မလိုက်လို့ရှိရင် ဘာမှ မဖြစ်ဘူးပေါ့၊ အဲဒီတော့ ခံယူချက်ရဲ့ နောက်မှာ ဘာတွေလာရမလဲ?ဆိုလို့ရှိရင် မိမိတို့ရဲ့သန္တာန်မှာ အခိုင်အမာ

တည်ဆောက်ပေးရမဲ့ဟာက ဘာတုံး?ဆိုလို့ရှိရင် Wish to do လို့ဆိုတဲ့ ဆန္ဒ၊ Effort ဆိုတဲ့ ကြိုးပမ်းအားထုတ်မှု၊ Determine Determination လို့ဆိုတဲ့ စိတ်ဓာတ်နဲ့ Comprehension လို့ Knowledge လို့ဆိုတဲ့ ဝီမံသ ဒီအချက်လေးချက်ကို ကိုယ့်သန္တာန်မှာ ဖွံ့ဖြိုးတိုးတက်နေအောင် ကြိုးစားအားထုတ်ဖို့ လိုအပ်တယ်။

စာပေကျမ်းဂန်မှာ မြတ်စွာဘုရားကိုယ်တိုင် **အဓိပတိလေးပါး**လို့လည်း ဟောထားတယ်၊ **ဣဒ္ဓိပါဒ်** - အောင်မြင်ပြီးစီးခြင်း၏ အကြောင်းတရားလေးမျိုးလို့လည်း ဟောကြားထားတယ်၊ အရာခပ်သိမ်းမှာ မိမိတို့ လိုအပ်ချက်ပန်းတိုင်ကို ရောက်ချင်လို့ရှိရင် ပြင်းထန်တဲ့ ဆန္ဒရှိဖို့ လိုတယ်၊ ပြင်းထန်တဲ့ဆန္ဒ ရှိရုံနဲ့ မပြီးသေးဘူး၊ ဆန္ဒနောက်က ဝီရိယရှိဖို့ လိုတယ်၊ ဆန္ဒရှိတဲ့အတိုင်း ကြိုးစားအားထုတ်ဖို့ လိုတယ်၊ အဲဒီလို ကြိုးပမ်းအားထုတ်တဲ့အခါမှာ လွယ်လွယ်ကူကူနဲ့ အောင်မြင်မှာ မဟုတ်တဲ့အတွက်ကြောင့် အခက်အခဲအမျိုးမျိုးနဲ့ ကြုံတွေ့နိုင်တယ်၊ အဲဒီလို အခက်အခဲအမျိုးမျိုးနဲ့ ကြုံတွေ့လာတဲ့အခါမှာ ခိုင်မာတဲ့ စိတ်ဓာတ်ဆိုတာလည်း ရှိဖို့ လိုအပ်တယ်။

အေး . . . ကြိုးပမ်းအားထုတ်ပြီ၊ စိတ်ဓာတ်ကလည်း ခိုင်မာပြီဆိုတဲ့ အခါမှာ ဘာလိုအပ်သေးလဲ?ဆိုရင် အရာရာမှာ ဆင်ခြင်သုံးသပ်မှုဆိုတဲ့ အသိပညာ- ဝီမံသ ဆိုတာ အရေးကြီးပါတယ်၊ ဒါ့ကြောင့်မို့ မြတ်စွာဘုရားက လိုလေသေးမရှိအောင် အရည်အသွေးတွေကို မြှင့်တင်ထားဖို့ ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသ ဆိုတဲ့ ဣဒ္ဓိပါဒ်လေးပါးကို ဟောထားတယ်။

စာပေကျမ်းဂန်တွေမှာလည်း ဆိုထားတယ်၊ **'ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ** = ဆန္ဒရှိတဲ့ပုဂ္ဂိုလ်ဟာ ဘာမဆို အောင်မြင်ပြီးစီးနိုင်တယ်၊ မပြီးစီးနိုင်တာ မရှိဘူး'။

ထို့အတူပဲ **'ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ** = ဝီရိယရှိတဲ့ပုဂ္ဂိုလ်ဟာ အရာခပ်သိမ်း အောင်မြင်ပြီးစီးနိုင်တယ်'။

**'စိတ္တဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ** = စိတ်ဓာတ်ပြင်းထန်တဲ့ ပုဂ္ဂိုလ်ဟာ အရာခပ်သိမ်း အောင်မြင်နိုင်တယ်'။

**'ဝိမံသဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ** - စဉ်းစားဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်ဟာ အရာခပ်သိမ်း အောင်မြင်နိုင်တယ်' လို့ ဒီလို စာပေကျမ်းဂန်မှာ အတိအလင်းဆိုထားတာတွေဟာ အခု ကျောင်းတော်သူ, ကျောင်းတော်သားတွေ သင်ကြားရမဲ့ စာပေတွေထဲမှာ အတိအလင်း ရှိထားပါတယ်။

အင်္ဂလိပ်လို ပြောမယ်ဆိုရင် **ဆန္ဒ** Makes the impossible possible - ဆန္ဒဆိုတာ မဖြစ်နိုင်ဘူးလို့ ထင်ထားတာတွေကိုလည်း ဖြစ်အောင် လုပ်နိုင်တယ်၊ ဒါကြောင့်မို့လို့ ဒီဆန္ဒဟာ အင်မတန်မှ အရေးကြီးတယ်။

အဲဒီနောက်မှာ လုံ့လဝီရိယဆိုတာလည်း အင်မတန်မှ အရေးပါတာ ဖြစ်သောကြောင့် Effort makes the impossible possible ကြိုးပမ်းအားထုတ်မှုတွေဟာလည်း မဖြစ်နိုင်တာတွေကို ဖြစ်အောင် လုပ်ပြနိုင်တယ်။ မဖြစ်နိုင်ဘူးလို့ ထင်ထားတာတွေ ဖြစ်လာတယ်။ ထို့အတူပဲ Determination or mind makes the impossible possible ဒါလည်း မဖြစ်နိုင်တာလို့ မရှိဘူး၊ ဖြစ်အောင် လုပ်နိုင်တယ်။ Knowledge makes the impossible possiblle ဒါကလည်း မဖြစ်နိုင်ဘူးလို့ ထင်တာတွေကို ဖြစ်အောင် လုပ်နိုင်တယ်။ ဒီအရည်အသွေးတွေဟာ မိမိတို့သန္တာန်မှာ လေ့ကျင့် မွေးမြူထားရမဲ့ အရည်အချင်းတွေ ဖြစ်တယ်။

ဒါကြောင့်မို့ ခံယူချက်က ဓမ္မဝိနယသည် ငါတို့ အရည်အချင်း၊ ဓမ္မဝိနယအပေါ်မှာ အခိုင်အမာ ရပ်တည်ဖို့ လိုအပ်ပါတယ်၊ ဓမ္မဝိနယက သွေဖည်တိမ်းစောင်းသွားတာမျိုး မဖြစ်စေရဘူး။

နောက်တစ်ခုက အရည်အချင်းရှိလာလို့ ရှိရင် အခွင့်အရေးဆိုတာ လိုချင်လာတတ်တယ်၊ အဲဒီအခွင့်အရေးတွေဟာ ရာထူးလား?၊ နေရာလား?၊ အဆင့်အတန်းလား?ဆိုတာမျိုးတွေကို အခွင့်အရေးလို့ အများက ယူဆကြတယ်၊ အဲဒါတွေဟာ အခွင့်အရေး မဟုတ်ဘူး။

အဲဒီယူဆချက်မထားပဲနဲ့ လောကတ္ထစရိယသည် ငါတို့ရဲ့ အခွင့်အရေး၊ အများအတွက် အကျိုးပြုနိုင်တာဟာ ငါတို့ရဲ့ အခွင့်အရေးပဲ၊ ဘာလုပ်ရ

လုပ်ရ၊ အများကောင်းစားရေး လုပ်ရတယ်ဆိုလို့ရင် ဒါ ငါတို့ရဲ့ အခွင့်အရေး ကြီးပဲ-လို့ အခွင့်အရေးဆိုတဲ့နေရာမှာ မမှန်ကန်တဲ့ အခွင့်အရေးယူမှုတွေကို မစဉ်းစားပဲနဲ့ သာသနာအတွက် တို့ ဘာတွေ လုပ်နိုင်တယ်၊ အမျိုး, ဘာသာ, သာသနာအတွက် ဘာတွေ လုပ်နိုင်တယ်၊ အများကောင်းကျိုးအတွက် ဘာတွေ လုပ်နိုင်တယ်ဆိုတာဟာ လုပ်နိုင်တာတွေလုပ်ဖို့ ဒီသီတဂူအမိပတိ ဆရာတော် ဦးဆောင်စံပြထားတဲ့ အတိုင်းပဲ အများကောင်းကျိုးအတွက် တို့ ဘာတွေ လုပ်နိုင်သလဲ?၊ ထိုလုပ်နိုင်ခြင်းသည်သာလျှင် တို့ရဲ့အခွင့်အရေး၊ လုပ်ခွင့်ရခြင်းသည် တို့ရဲ့အခွင့်အရေးလို့ ဒီလို ခံယူချက်နဲ့ မှန်ကန်တဲ့ စိတ်ဓာတ်တွေကို ထားရှိပြီးတော့ ဓမ္မဝိနယကို သိရှိနားလည်အောင် သင်ကြားကြပါလို့ မှာကြားရင်း နိဂုံးချုပ်ပါတယ်။



ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့၊ ဓမ္မဒူတ ဇေတဝန်တောရ

ဆောကိန္ဒာရာမကျောင်းတိုက်၌ ကျင်းပပြုလုပ်အပ်သော ဗုဒ္ဓသာသနာတော်ဆိုင်ရာ
ဩဝါဒခံယူပွဲနှင့် အကြံညှိနှိုင်းဆွေးနွေးပွဲသို့ ပေးပို့အပ်သော

# ဩဝါဒကထာ

ကြည်ညိုလေးစားအပ်ပါတဲ့ ဆရာတော်ဘုရားကြီးများကို ရှေးဦးစွာ ဂါရဝပြုပါတယ်ဘုရား။

တပည့်တော်အနေနဲ့ ဩဝါဒလို့ဆိုတာထက် ညီတော်, နောင်တော်တွေ ဘာသာ, သာသနာကိစ္စနဲ့ ပတ်သက်ပြီး မည်သို့ မည်ပုံ ဆောင်ရွက်သင့်တယ် ဆိုတဲ့ အကြံပြုစကားကိုပဲ လျှောက်ထားပါမယ်။

အကြံပြုစကား လျှောက်ထားတဲ့အခါမှာ မိမိတို့ ကိုယ်ပိုင်ဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်ပြီးတဲ့နောက်မှ ဖြစ်သင့်တယ်, မဖြစ်သင့်ဘူး၊ လုပ်သင့်တယ်, မလုပ်သင့်ဘူးဆိုတာ အရှင်မြတ်တို့ ဆုံးဖြတ်ကြရမှာ ဖြစ်ပါတယ်။

ဒီကနေ့ နိုင်ငံတကာမျက်နှာစာမှာ မြန်မာနိုင်ငံမှာရှိတဲ့ သံဃာတော်တွေ အကြမ်းဖက်အုပ်စု အနေအထားမျိုးရောက်အောင် တွန်းပို့နေကြတာတွေ

ကို တွေ့ရှိရပါတယ်။ တစ်နေ့ကပဲ စင်ကာပူနိုင်ငံမှာထုတ်တဲ့ Straits Times သတင်းစာကြီးတို့၊ Sunday Time သတင်းစာတို့မှာ မြန်မာပြည်ရဲ့ ပဋိပက္ခတွေနဲ့ ပတ်သက်ပြီးတော့ တစ်ဖက်စောင်းနင်း ရေးထားတာတွေကို တွေ့ရှိရလို့ အလွန်စိတ်မကောင်းဖွယ် ဖြစ်ပါတယ်။ စွပ်စွဲလာတဲ့ အချက်တွေကို ညီတော်,နောင်တော်တွေ တညီတည်းသော တသံတည်းသော စကားဖြင့်သာ ဗုဒ္ဓမြတ်စွာရဲ့ အဆုံးအမနဲ့အညီ တုံ့ပြန်ပြောကြားဖို့ပဲ ရှိပါတယ်။ မိမိတို့ အချင်းချင်းမှာ ဝိဝါဒလို့ခေါ်တဲ့ မတူညီကွဲပြားတဲ့ စကားမျိုးတွေ မပြောမိအောင် နံပါတ်တစ် အရေးကြီးဆုံးလို့ ထင်ပါတယ်။

မြတ်စွာဘုရားရဲ့ အဆုံးအမထဲမှာလည်း **"ဝိဝါဒံ ဘယတော ဒိသွာ"** ဆိုတဲ့ အဆုံးအမစကား အင်မတန်မှ အလေးအနက်ထားရမှာ။ အန္တရာယ်ကြီး တစ်ခု၊ မတူညီတဲ့ စကားမျိုးတွေကို ပြောကြားတော်မမူကြပဲ တူညီတဲ့စကား၊ ကွဲပြားခြားနားတဲ့ စကားတွေမပြောကြပဲ ထပ်တူညီကြတဲ့စကား၊ တသံတည်းသော စကားပြောကြားနိုင်ဖို့ အချင်းချင်း နားစွင့်၊ အချိန်စောင့်ဆိုင်းပြီးတော့မှ ပြောသင့်ပါတယ်။ သို့မဟုတ်လို့ရှိရင် ဒီတစ်ပါးက ဒီလိုပြော၊ ဟိုတစ်ပါးက ဟိုလိုပြော၊ အပြောနဲ့တင် မညီညွတ်ဘူးဆိုတဲ့ အသွင်သဏ္ဌာန်ဟာ ပေါ်လွင်နေရော။

ဒါကြောင့်မို့လို့ မြတ်စွာဘုရားရဲ့ အဆုံးအမဒေသနာတော်တွေထဲမှာ ကြည့်မယ်ဆိုရင် ပြောမှုနဲ့ ပတ်သက်ပြီးတော့ နှုတ်ကို စည်းကမ်းထားစရာတွေ၊ လိုက်နာကျင့်သုံးစရာတွေ တပည့်တော်တို့အတွက် ဆုံးမဩဝါဒတွေ အပြည့်အဝ စာပေကျမ်းဂန်မှာ ရှိပါတယ်။

အကြောင်းအရာတစ်ခုကို ပြောတော့မယ်ဆိုရင် မှန်တာကိုပဲ ပြောမယ်၊ မမှန်တာကို မပြောဘူး။

နံပါတ်တစ် အချက်။ **"ဘူတေန ဝဏ္ဏာမိ၊ နော အဘူတေန"** - ကိုယ်ပြောတဲ့ စကား မှန်ရမယ်။ မမှန်တာဆို မပြောဘူး။ ဒါဖြင့် မှန်တိုင်း ပြောရမလား? ဆိုတော့ **"အတ္ထသံဟိတေန ဝဏ္ဏာမိ၊ နော အနတ္ထသံဟိတေန"** - အကျိုးရှိမှ ပြောမယ်၊ အကျိုးမရှိရင် မပြောဘူး။ အကျိုးရှိတဲ့ကိစ္စလည်း ဖြစ်ဖို့တော့

လိုတယ်ပေါ့။ မှန်လည်း မှန်တယ်၊ အကျိုးလည်း ရှိတယ်။ အဲဒီလို ပြောတဲ့အခါ မှာ နောက်ထပ် လိုအပ်ချက်က ဘာလဲ ? လို့ဆိုရင် **"ကာလေန ဝက္ခာမိ၊ နော အကာလေန"** - အချိန်မတန်ပဲ ပြောလိုက်ရင် ထောင်တန်တဲ့စကား ပျက်စီးသွား နိုင်တယ်။ အချိန်တန်မှ ပြောမယ်။ အချိန်မတန်ပဲ မပြောဘူးဆိုတာလေးကို အချိန်အခါကို စောင့်ဆိုင်းပြီးတော့ ပြောဖို့ လိုတယ်။

မှန်လည်း မှန်တယ်၊ အကျိုးလည်း ရှိတယ်၊ ပြောဖို့အချိန်လည်း တန်လာပြီ ပြောတော့မယ်ဆိုလို့ရှိရင်လည်း **"သဏှေန ဝက္ခာမိ၊ နော ဖရုသေန"** - လိမ္မာယဉ်ကျေးစွာ မိမိရဲ့ နှုတ်ကထွက်တဲ့ စကားဟာ လိမ်လိမ် မာမာနဲ့ တုံ့ပြန်တဲ့စကားမျိုး ဖြစ်ရမယ်။ ဒါဖြင့် နှုတ်ထွက်ကတော့ ချိုသာပါရဲ့၊ စိတ်ဓာတ်ကရောလို့ . . . နောက်ဆုံး မြတ်စွာဘုရားက **"မေတ္တစိတ္တေန ဝက္ခာမိ၊ နော ဒေါသန္တရော"**ဆိုတာ။ အဲဒီတော့ မြတ်စွာဘုရားရဲ့ အဆုံးအမတွေဟာ တကယ့်ကို Reasonable, Logical ဖြစ်တဲ့ စကားတွေ။ အဲဒီအတိုင်း လိုက်နာပြီး ပြောသွားကြမယ် ဆိုရင် "ဝိဝါဒ" ဆိုတာ မဖြစ်လာနိုင်ပါဘူး။

တညီတည်းသော အသံနဲ့ သာသနာတော် တိုးတက်ပြန့်ပွားရေး၊ အမျိုး, ဘာသာ, သာသနာ တည်တံ့ခိုင်မြဲရေးနဲ့ ငြိမ်းချမ်းသာယာမှုတို့ ဖြစ်ပေါ် လာမှာပဲလို့ တပည့်တော်အနေနဲ့ ယုံကြည်ပါတယ်။

မီဒီယာသမားတွေအနေနဲ့လည်း လိုက်နာကျင့်သုံးဖို့ ဗုဒ္ဓမြတ်စွာရဲ့ အဆုံးအမကို စံနမူနာယူကြဖို့ မြတ်စွာဘုရားက အားလုံးသိကြတဲ့အတိုင်း စကား ပြောမယ်ဆိုရင် နှစ်မျိုးပဲ မြတ်စွာဘုရားနှုတ်က ထွက်လေ့ရှိတယ်။ အဲဒီနှစ်မျိုး ထွက်တယ်ဆိုတာ ကိုယ်ပြောတဲ့စကားဟာ မှန်ရမယ်၊ အကျိုးရှိရမယ်။ ဒီတစ်ခု ကတော့ အရေးကြီးဆုံးပဲ။ မှန်တိုင်းလည်းပဲ လျှောက်ပြောလို့ မဖြစ်ဘူး။ အကျိုးရှိ/မရှိ၊ အမျိုး,ဘာသာ,သာသနာအတွက် ကိုယ်ရေးလိုက်တဲ့စာ၊ ကိုယ်ပြောလိုက်တဲ့ စကားဟာ ယဉ်ကျေးမှုအတွက် သို့မဟုတ် ညီညွတ်မှု အတွက် လူမျိုးရေးအတွက် ပျက်ပြားသွားသလား?၊ ဆုတ်ယုတ်သွားသလား?။ ဒါ စဉ်းစားသင့်ပါတယ်။

သတင်းမှန်ဆိုတိုင်း လျှောက်ရေးသင့်တာ မဟုတ်ဘူး။ မှန်တိုင်းလည်း မရေးရဘူး။ မြတ်စွာဘုရားတောင်မှ မှန်တိုင်း မပြောဘူး။ မှန်တဲ့နောက်မှာ ဘာရှိရဦးမလဲ ? ဆိုရင် အကျိုးဖြစ်ထွန်းမှုကို ဖြစ်စေရမယ်။ အကျိုးဖြစ်ထွန်းမှု မဖြစ်ဘူးဆိုရင် မှန်ပေမဲ့လို့ မပြောသင့်ဘူး၊ မရေးသင့်ဘူး၊ မဖော်ပြသင့်ဘူး၊ ဒါလဲ အလွန်သတိထားစရာကောင်းတဲ့ ကိစ္စတစ်ခုပဲ။

မှန်တယ်၊ အကျိုးရှိတယ်။ အများကြိုက် ဖြစ်ချင်မှ ဖြစ်မယ်။ ဖြစ်ချင်လည်း ဖြစ်မယ်။ မဖြစ်ချင်လည်း မဖြစ်ဘူး။ ဒီနှစ်ခုကတော့ သိပ်ပြီးထည့်သွင်းစဉ်းစားစရာ မလိုဘူး။ မှန်ရမယ်၊ အကျိုးရှိရမယ်ဆိုတဲ့ အချက်နှစ်ခုဟာ အရေးကြီးဆုံး အချက်ပါပဲ။ သို့သော် မှန်လည်း မှန်တယ်။ အကျိုးလည်း ရှိတယ်ဆိုရုံနဲ့တင် နေရာတကာ လျှောက်ပြောရမှာလား?။ အချိန်မရွေး လျှောက်ပြောရမှာလား?ဆိုတာ **"ယဒိဒံ တတ္ထ တတ္ထ ကာလညုတာ"** ပြောသင့်တဲ့ အချိန်တန်ပြီလားဆိုတာ အရေးကြီးဆုံးပါပဲ။ မြတ်စွာဘုရားဟာ စကားပြောတော့မယ်ဆိုရင် ဒီအချက်နဲ့ညီအောင်ပဲ ကျင့်သုံးလိုက်နာလေ့ရှိပါတယ်။ ဗုဒ္ဓဘာသာဝင်တွေလည်း ဘုရားကို ကြည်ညိုပြီးတော့ တို့ရေးသားတဲ့ အလုပ်၊ တို့ဖော်ပြတဲ့ အချက်ဟာ လုံးဝ မှန်ကန်မှု ရှိ/မရှိ စစ်ဆေးသင့်တယ်။ မှန်တယ်ဆိုရင် ဟုတ်ပြီ၊ ရေးလိုက်လို့ အကျိုးရှိလား?၊ အကျိုးမရှိဘူးလား?၊ ဖော်ပြလိုက်လို့ အကျိုးရှိလား?၊ မရှိဘူးလား?။ အကျိုးဆိုသည်မှာ မီဒီယာတွေက ဂျာနယ်တွေ ရောင်းကောင်းတာ၊ ဒါ အကျိုးမဟုတ်ဘူး။ သတင်းစာတွေ ရောင်းကောင်းတာ၊ အကျိုးမဟုတ်ဘူး။ အကျိုးဆိုတာ အမျိုး, ဘာသာ, သာသနာအတွက် အကျိုးဖြစ်ထွန်းမလား?။ အများအတွက် အကျိုးဖြစ်ထွန်းမလား?၊ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းမလား?၊ ဘာသာ, သာသနာအတွက် အကျိုးဖြစ်ထွန်းမလား?၊ ဒီဟာကို ကြည့်ရမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ မှန်လည်း မှန်ရမယ်။ အကျိုးဖြစ်ထွန်းမှုလည်း ရှိရမယ်။ ရေးဖို့လည်း အချိန်တန်လာပြီဆိုတဲ့ ပြောဆိုတဲ့ ပုဂ္ဂိုလ်တွေရဲ့ ကျင့်ဝတ်အတိုင်း တာနယ်ဇင်းတွေမှာ ဒီစနစ်အတိုင်း လိုက်နာကျင့်သုံးမယ်ဆိုရင် ပြဿနာ တက်လာစရာ အကြောင်းမရှိပါဘူး။ ပြီးမှ ဖြေရှင်းရမယ့် ကိစ္စတွေလည်း မရှိပါ

ဘူး။ Manchester Gardenလို့ ဆိုတဲ့ အင်္ဂလန်က လန်ဒန်က ထုတ်တဲ့ သတင်းစာကြီးတစ်စောင်ရဲ့ Motto ဆိုတဲ့သူရဲ့ လိုက်နာတဲ့ ဆောင်ပုဒ်လေး တစ်ခုရှိတယ်။ Facts are secret ပြောမယ့် အကြောင်းအရာဟာ တကယ့်ကို အလေးအနက်ထားပါတယ်။ မှန်ကန်မှု ရှိရမယ်။ သူရေးတာဟာ ဘယ်တော့မှ သတင်းမှား မဖြစ်စေရဘူး။ Facts are secret...Comment is a Free တဲ့၊ ဝေဖန်ရေးကျတော့ သူကြိုက်သလို ဝေဖန်လို့ရတယ်။ အဲဒီနှစ်ခုဟာ သူတို့ ကျင့်သုံးတဲ့ ပေါ်လစီပဲ ဖြစ်ပါတယ်။

မြန်မာဂျာနယ်သတင်းတွေမှာလည်းပဲ ပေါ်လစီတစ်ခု ချမှတ်ထားဖို့ ကောင်းပါတယ်။ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေ ဖြစ်သည့်အားလျော်စွာ ဗုဒ္ဓမြတ်စွာရဲ့ သုဂတဂုဏ်ကို အာရုံပြုပြီးတော့ တို့ရေးတဲ့ အရေးအသားဟာ မှန်ကန်မှု ရှိရမယ်။ ဖော်ပြတဲ့ အကြောင်းအရာဟာ မှန်ကန်မှု ရှိရမယ်။ တိုင်းပြည်နဲ့ လူမျိုး,ဘာသာ, သာသနာအတွက်လည်း အကျိုးဖြစ်ထွန်းစေရမယ်။ ပြောဖို့လည်း အချိန်တန်ရမယ်ဆိုတာလေးတစ်ခုကို ချင့်ချိန်ထားပြီးတော့ မှန်ကန်ခြင်း၊ အကျိုးရှိခြင်းဆိုတဲ့ နှစ်ခုကို မူထားပြီးတော့ Motto တစ်ခု လုပ်ထားသင့်ပါတယ်။

ကိုယ့်ရဲ့ သစ္စာ,သမာဓိအနေနဲ့ ဒီလိုလုပ်သွားမယ်ဆိုလို့ရှိရင် မိမိ ရေးသားဖော်ပြချက်တွေဟာ မှန်ရုံတင် မကဘူး။ တိုင်းပြည်နဲ့ လူမျိုးအတွက် အကျိုးရှိတယ်ဆိုတာဟာ အင်မတန်မှ ကောင်းမြတ်တဲ့ ကုသိုလ်တစ်မျိုးကို အားထုတ်တာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စာနယ်ဇင်းသမားတွေလည်း ဒါလေးကို အလေးအနက်ထားစေချင်ပါတယ်။ မြတ်ဗုဒ္ဓရဲ့ အဆုံးအမတစ်ခု အနေနဲ့ မှတ်ထားဖို့ လိုပါတယ်။

တပည့်တော်တို့ ညီတော်,နောင်တော်တွေလည်းပဲ နေရာတိုင်းမှာ အသံတိတ်နေလို့ မဖြစ်ပါဘူး။ မြတ်စွာဘုရားကိုယ်တော်တိုင်ကိုက **'မြဟ္မဇာလသုတ်'**မှာ ဆုံးမသြဝါဒပေးထားတာဟာ, တပည့်တော်တို့အတွက် လမ်းညွှန်မှု ပေးထားတာဟာ စာပေကျမ်းဂန်မှာ အပြည့်အစုံ ရှိပါတယ်။ မဟုတ်မတရား ပြောကြားလာလို့ရှိရင် . . .

နံပါတ်တစ် - စိတ်မဆိုးနဲ့၊ ဒေါသမထွက်နဲ့၊ မခံချင် မဖြစ်နဲ့။ စိတ်ဆိုးမယ်၊ ဒေါသထွက်မယ်၊ မခံချင်ဖြစ်မယ် ဆိုရင် ကိုယ့်မှာပဲ အနှောင့်အယှက်တွေ ဖြစ်လိမ့်မယ်။ စိတ်ဆိုးပြီးတော့ မခံချင်ဖြစ်နေတဲ့စိတ်နဲ့ စဉ်းစားလို့ ရှိရင်လည်း အမှန်မထွက်နိုင်ဘူး၊ သူပြောတဲ့စကားနဲ့ ပတ်သက်ပြီးတော့ အဖြေမှန်ကို ထုတ်နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့်မို့ စိတ်မဆိုးနဲ့၊ မခံချင်မဖြစ်နဲ့။ နောက်ဆုံးမှာ စဉ်းစားဉာဏ်နဲ့ စဉ်းစားပြီးတဲ့အခါ **"အဘူတံ အဘူတတော နိဗ္ဗေဌေတဗ္ဗံ"** = မဟုတ်ရင် မဟုတ်ဘူးလို့ ဖြေရှင်းရမယ်။ ဒါ လုပ်ရမယ့် ကိစ္စတစ်ခုပဲ။ ငုံမနေနဲ့၊ ပြောစရာရှိရင် ပြောရမယ်။ မဟုတ်ရင် မဟုတ်ဘူးလို့ ဖြေရှင်းရမယ်။ စွပ်စွဲချက် မဖြေရှင်းလို့ရှိရင် Silent is an agreement လို့ခေါ်တယ်။ ငြိမ်ငြိမ်နေခြင်းဟာ သဘောတူခြင်းလို့ ဖြစ်သွားတယ်။ **"တုဏှိဘာဝေန အဓိဝါသေတိ"** ဖြစ်သွားမယ်။

ပြောပြီဆိုလို့ရှိရင် ကြားအောင်ပြောဖို့ လိုအပ်လာတယ်။ ဒါကြောင့်မို့လို့ ကြားအောင်ပြောဖို့ဆိုတာ မီဒီယာတွေလည်း လိုအပ်ပါတယ်။ တုံ့ပြန်ပြောဆိုဖို့တွေ အများကြီး လိုအပ်လာတယ်။ **"အဘူတံ အဘူတတော နိဗ္ဗေဌေတဗ္ဗံ"** = မဟုတ်တာဆိုရင် မဟုတ်ဘူးလို့ ဖြေရှင်းချက်ပေးရမယ်။ နိုင်ငံတကာ မျက်နှာစာမှာ မြန်မာနိုင်ငံဘက်က တုံ့ပြန်မှုမရှိပဲ အမြဲတမ်း တိတ်ဆိတ်နေတဲ့အတွက်ကြောင့် ကမ္ဘာနဲ့အဆက်အသွယ်ပြတ်ပြီး တိတ်ဆိတ်နေသည့်အတွက်ကြောင့် သူများပြောသမျှတွေ အကုန်လုံးဟာ ဒီပေါ်မှာ တင်စီးခံရသလို ဖြစ်တယ်။ တုံ့ပြန်မှုတွေ မရှိကြဘူး။ နိုင်ငံခြားမှာရှိတဲ့ စာနယ်ဇင်းတွေ ဘာတွေ ရေးတယ်။ ဟုတ်တာကော မဟုတ်တာကော ရေးတယ်။ မဟုတ်တာရေးလည်း တုံ့ပြန်ရမယ်၊ ဟုတ်တာရေးလည်းပဲ ဒါ **"ဣတိပေတံ ဘူတံ ဣတိပေတံ တစ္ဆံ"** = ဟုတ်တယ် ဒါတော့။ ဒါတော့ မဟုတ်ဘူးဆိုရင်လည်း ဒါတော့ မဟုတ်ဘူး။ ပြောဆိုရမယ့် တာဝန်ဝတ္တရားတစ်ခုဟာ အင်မတန်မှ အရေးကြီးပါတယ်။

ဒါကြောင့်မို့ ဒီကနေ့ခေတ်မှာ တစ်ကမ္ဘာလုံး ပျံ့နေတဲ့သတင်းတွေနဲ့ ပတ်သက်ပြီးတော့ အသီးသီး မျက်စိဖွင့် နားဖွင့်ပြီးတော့နေရမယ်၊ ဂျာနယ်

သတင်းစာ စတာတွေလည်း ဖတ်သင့်တာပဲ၊ ရေဒီယိုတို့လည်း နားထောင်ပြီးတော့ မိမိအနေနဲ့ လုပ်သင့်တဲ့ကိစ္စတွေကို လုပ်ရမယ့်အချိန်တစ်ခုပေးပြီးတော့ အဲ့ဒီလို တပည့်တော်တို့ဘက်က ဖြေရှင်းဆုံးဖြတ်ရမယ့် ဝတ္တရားဟာ မြတ်စွာဘုရားကိုယ်တိုင်ကိုက **"အဘူတံ အဘူတတော နိဗ္ဗေဌေတဗ္ဗံ"**ဆိုပြီး လုပ်ရမယ့် ကိစ္စတစ်ခုကို ညွှန်ကြားထားတာရှိတယ်၊ ဒါ့ကြောင့်မို့ ဒီအလုပ်ကိုလည်း တပည့်တော်တို့ဟာ ခုနက နှုတ်ရဲ့စည်းကမ်းချက်တွေနဲ့အညီ ဒါကို ဖြေရှင်းပြီးတော့ ဆုံးဖြတ်ဖို့ လိုပါတယ်၊ ရဟန်းတော်များဖြစ်သည့်အတွက် ဗုဒ္ဓရဲ့ အဆုံးအမအရ အလွန်ယဉ်ကျေးသိမ်မွေ့တဲ့ ငြိမ်းချမ်းတဲ့စိတ်နှလုံးရှိတဲ့ ပုဂ္ဂိုလ်တွေဖြစ်သည့်အားလျော်စွာ လက်နဲ့တုံ့ပြန်ခြင်းဆိုတာမျိုး၊ အကြမ်းဖက်ခြင်းဆိုတာမျိုး၊ ဒါမျိုးကတော့ လုံးဝမလုပ်မိအောင် ရှောင်ကြဉ်ဖို့တော့ လိုအပ်ပါတယ်။

Strik နဲ့ Right off ဆိုတာ စကားလုံးနှစ်လုံး ရှိပါတယ်၊ အင်္ဂလိပ်မှာ Strike ဆိုတာ မိမိရဲ့ဆန္ဒကို ထုတ်ဖော်တာ၊ ဒီ Strike ဆိုတာကတော့ ကိုယ့်ဆန္ဒကို ပြောပြတာ၊ ပြောပြသင့်တယ်၊ မိမိဆန္ဒဆိုတာ အများအတွက် အကျိုးဖြစ်မယ့် ဆန္ဒမျိုးသာ ထုတ်ဖော်သင့်တယ်၊ ကိုယ်တစ်ဦးတည်းရဲ့ အကြိုက်ကို ထုတ်ဖော်ပြခြင်းဖြင့် ညီညွတ်ရေးကို ပျက်ပြားစေတယ်၊ ကိုယ်တစ်ဦးတည်းရဲ့ လိုအပ်ချက်ဟာ တစ်ဦးရဲ့လိုအပ်ချက်နဲ့ မတူကြပါဘူး။ အဲဒီလို မဟုတ်ပဲနဲ့ မိမိရဲ့လိုအပ်ချက်ကို ဦးတည်ချက်မတွက်ပဲနဲ့ အများရဲ့ လိုအပ်ချက်တစ်ခုလို Strike ဆိုတာ လိုအပ်ပါတယ်။ လုပ်သင့်တယ်လို့ ယူဆပါတယ်။ ပြောသင့်တဲ့အချိန်ကို ပြောရတာမျိုး၊ ဗုဒ္ဓမြတ်စွာ လက်ထက်တော်အခါကာလတုန်းက ဒေဝဒတ်ကြီးရဲ့ လုပ်ဆောင်လာမယ့် ပြဿနာတွေကို ကြိုတင်ဆီးတားတဲ့အနေနဲ့ မြတ်စွာဘုရားက ရာဇဂြိုဟ်မြို့ထဲကို လှည့်ပြီးတော့ အရှင်သာရိပုတြာကို ခေါင်းဆောင်စေပြီး ပကာသနီယကံပြုတယ်၊ ပကာသနီယကံဆိုတာ ပြောရမယ်ဆိုရင် ဆန္ဒပြတယ်လို့ ဘာသာပြန်ရင်လည်း ရတယ်၊ ပကာသနီယဆိုတာ အထင်အရှားပြတာ၊ ဘာ အထင်အရှားပြတာလဲ?ဆိုရင် ရဟန်းသံဃာတွေရဲ့ ဆန္ဒကို ထုတ်ဖော်ပြသတာ၊ ဒါဟာ ဖြစ်ပေါ်လာမယ့်

ရာဇဝတ်မှုခင်းတစ်ခုအတွက် ကြိုတင်တားဆီးတဲ့ သဘောပဲ၊ အကယ်၍သာ ပကာသနီယကံအနေနဲ့ ရာဇဝြိုဟ်မြို့ထဲမှာ ဒီလို ကြေညာထားခြင်း မရှိဘူး ဆိုရင် ဗိမ္ဗိသာရမင်း နန်းချမယ့်ကိစ္စနဲ့ပတ်သက်ပြီး နန်းတွင်းလုပ်ကြံမှုကြီးမှာ ရဟန်းသံဃာတွေပါ ပါဝင်ပတ်သက်လာပြီး ဒုက္ခရောက်သွားနိုင်တယ်၊ ရာဇဝတ်မှု သင့်သွားနိုင်တယ်။ အဲဒီ ပကာသနီယ - ဆန္ဒပြထားမှုက တားဆီးပေးလိုက်တော့ ဒေဝဒတ်နဲ့သာ သက်ဆိုင်ပြီး သံဃာတွေနဲ့ မပတ်သက်ဘူးဆိုတာ ထင်ရှားပြပြီးသားဖြစ်တယ်။

Right-off ဆိုတာမျိုးကျတော့ အဓိကရုဏ်း ရှုန်းရင်းဆန်ခတ်လုပ်တာ၊ ဟိုဟာဒီဟာတွေ မီးရှို့တယ်၊ ဒါမျိုးတွေကျတော့ လုံးဝ မလုပ်သင့်ပါဘူး၊ အဲဒါကြောင့် တပည့်တော်တို့ ညီတော်,နောင်တော်တွေ အားလုံး ဝိဝါဒလို့ဆိုတဲ့ တစ်ယောက်တစ်မျိုးပြောတာမျိုး မဖြစ်စေနဲ့၊ အားလုံး **'သမဂ္ဂါ သခိလာ ဟောထ'** ဆိုတဲ့အတိုင်း = **'သမဂ္ဂ'**=တညီတည်းသောအသံ၊ တညီတည်း လုပ်ဆောင်ပြီးတော့ **'သခိလ'** = မိတ်ဆွေစိတ်ဓာတ်အပြည့်အဝနဲ့ အလုပ်လုပ်သွားကြမယ်ဆိုရင် မကြာခင်ပဲ နိုင်ငံတကာရဲ့ မျက်နှာစာမှာ မြန်မာသံဃာတွေရဲ့ ညီညွတ်မှု၊ ဗုဒ္ဓဘာသာရဲ့ ငြိမ်းချမ်းစွာ ဆောင်ရွက်မှုတွေဟာ ကမ္ဘာက အလေးပြုလောက်အောင် ထင်ရှားပေါ်လွင်လာမှာ ဖြစ်ပါတယ်။

ဒီအချက်ကို ယုံကြည်ပါတယ်ဆိုတာ အရှင်ဘုရားတို့အား အကြံပြုလျှောက်ထားရင်း တပည့်တော်ရဲ့ လျှောက်ထားတင်ပြလွှာကို နိဂုံးချုပ်ပါတယ်ဘုရား . . . ။

(၁၄. ၆. ၂၀၁၃)

(သမိုင်းဝင်ဩဝါဒများ စာအုပ်မှ)



# လူငယ်များသို့ ဩဝါဒ

## အရွယ်

ဘုန်းဘုန်းက ကလေးတို့နဲ့တွေ့တဲ့ အချိန်လေးမှာ ဩဝါဒစကားလေး ပြောပါ မယ်နော်။

အခု ဒီလိုလူ့လောကမှာ ရောက်လာတဲ့အခါ လူတွေမှာ အရွယ်သုံးမျိုး ဆိုတာရှိတယ်။ ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ်၊ အဲဒီအရွယ် သုံးမျိုးထဲမှ အခုလို သက်တမ်းဆုတ်ယုတ်လာတဲ့ ကာလပိုင်းမှာ. . .

ဆိုကြပါစို့။ နှစ်အစိတ်ပိုင်းလိုက်မယ်ဆိုလို့ရှိရင် မွေးဖွားတဲ့အချိန် ကနေစပြီးတော့ နှစ်ဆယ့်ငါးနှစ်အထိ။ ဒါကို 'ပထမအရွယ်'လို့ ခေါ်ပါတယ်။ ပထမအရွယ်ဟာ လူ့ဘဝထဲစတင်ရောက်ရှိလာတဲ့အတွက်ကြောင့် ခန္ဓာကိုယ် ကိုယ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကြီးပွားတိုးတက်ဖွံ့ဖြိုးလာအောင် တည်ဆောက်နေတဲ့အချိန်ပိုင်း။ ဒီလိုတည်ဆောက်လို့ နောက်ဆုံး အသက် အစိတ်အရွယ်ရောက်သွားရှိရင် ပြည့်ပြည့်စုံစုံ တည်ဆောက်ပြီးအပိုင်းလို့ ဒီလိုဆိုရမယ်။

နောက် နှစ်ဆယ့်ခြောက်နှစ်ကနေပြီး ဟိုဘက် နှစ်အစိတ်၊ ငါးဆယ် အထိပေါ့။ အဲဒါကို 'ဒုတိယအရွယ်'လို့ သတ်မှတ်ရမယ်။ ဒုတိယအရွယ်ရောက်

လာတဲ့အခါကျတော့ ကိုယ့်ပတ်ဝန်းကျင်နဲ့ ကိုယ့်လူမျိုး၊ အမျိုး၊ ဘာသာ၊ သာသနာလို့ဆိုတဲ့ အများကောင်းကျိုးဆောင်ရွက်ရမယ့် အချိန်အခါမျိုးဖြစ်တယ်။

နောက် ၅၁ နှစ်ကနေပြီးတော့ ၇၅ နှစ်နောက်ပိုင်း ရောက်လာတဲ့အခါကျတော့ ဦးဆောင်မှုအပိုင်းကို ရောက်လာတယ်။ ဆောင်ရွက်လုပ်ဆောင်တဲ့လုပ်ငန်းတွေဟာ အထွတ်အထိပ်ကို ရောက်လာပြီးတဲ့နောက် အများကို ဦးဆောင်မှု အတွေ့အကြုံတွေကို ပြောဆိုပြီးတော့ လူ့လောကကြီးမှာ ရင့်ကျက်တဲ့အပိုင်းလို့ ဒီလိုပြောရမယ်။

## ပထမအရွယ်နဲ့ အမျိုး၊ ဘာသာ၊ သာသနာ

အခုကလေးတို့အရွယ်ဟာ ပထမအရွယ်ပိုင်းမှာရှိတဲ့အတွက်ကြောင့် ကိုယ်ကာယအနေအထားရေး၊ စိတ်ဓာတ်ရေးရာဆိုင်ရာရေး၊ ပညာရေးဆိုင်ရာရေး လေ့လာနေကြရမယ့် အချိန်ပိုင်းလည်းဖြစ်တယ်။

ဒါကြောင့်မို့လို့ ဘုန်းဘုန်းအနေနဲ့ အခုပြောချင်တာက ဘုန်းဘုန်းတို့မြန်မာစကားထဲမှာ အမျိုး၊ ဘာသာ၊ သာသာနာဆိုတဲ့ စကားရှိတယ်။ အမျိုး၊ ဘာသာ၊ သာသနာဆိုရာမှာ ကိုယ့်ကိုယ်ကိုယ် ငါဘာလူမျိုးလဲလို့ ပြန်မေးကြည့်လို့ရှိရင် မြန်မာလူမျိုးလို့ ဒီလိုပြောရမယ်။ မြန်မာလူမျိုးလို့ဆိုရင် ကိုယ့်အမျိုးကိုချစ်တဲ့စိတ် ရှိရမယ်။ ကိုယ့်အမျိုးကိုချစ်တယ်ဆိုတာ အခြားအမျိုးကို မုန်းရမယ်။ ဒီလိုဆိုလိုတာ မဟုတ်ဘူး။ ကိုယ့်အမျိုးကိုချစ်ပြီးတော့ ကိုယ့်ရဲ့ Tradition၊ ဓလေ့ထုံးတမ်းအစဉ်အလာများကို မြတ်နိုးတတ်ဖို့ကို ဆိုလိုတာပါ။ မြန်မာလူမျိုးတွေဟာ ကမ္ဘာမှာကြည့်မယ်ဆိုလို့ရှိရင် အလွန်ကောင်းတဲ့ ဓလေ့ထုံးတမ်းအစဉ်အလာတွေရှိတယ်။ ဘာဖြစ်လို့တုန်းဆိုတော့ မြန်မာလူမျိုးတွေရဲ့ စိတ်ထဲ နှလုံးသားထဲမှာ အလွန်ယဉ်ကျေးတဲ့ ဗုဒ္ဓရဲ့ တရားတော်တွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာ သရေခေတ္တရာ၊ ပြည်ခေတ်လောက်ကတည်းက ရှိနေခဲ့တယ်။ ရာစုနှစ်နဲ့ပြောမယ်ဆိုရင် ၇ ရာစုနှစ်၊ ၈ ရာစုနှစ်လောက်ကတည်းက။ ဒီလိုမြန်မာလူမျိုးတွေရဲ့ရင်ထဲ၊ နှလုံးသားထဲမှာ ဗုဒ္ဓရဲ့ အဆုံး

အမတရားတော်တွေ ကိန်းဝပ်လာခဲ့တဲ့အတွက်ကြောင့် မြန်မာ့ယဉ်ကျေးမှုနဲ့ ဗုဒ္ဓရဲ့ယဉ်ကျေးမှုဟာ ခွဲခြားလို့မရလောက်အောင် ယှဉ်တွဲပြီးတော့ နေတယ်။

မိမိထက်ကြီးတဲ့ ပုဂ္ဂိုလ်တွေကို ရိုသေလေးစားမှု၊ လူကြီးသူမစကားကို ရိုသေလေးစားမှု၊ မိမိတို့ကိုးကွယ်တဲ့ ဘာသာတရားကို လေးစားလိုက်နာမှု၊ ရဟန်းသံဃာတော်များကို ရိုသေလေးစားမှု၊ အချင်းချင်းလေးစားမှု၊ ချစ်ခင်မှု၊ ယှဉ်တွဲမှုဆိုတာ မြန်မာလူမျိုးတွေရဲ့ အင်မတန်ချစ်ခင်စရာကောင်းတဲ့ ကမ္ဘာမှာ အလွန်ရှားတဲ့ Traditional တစ်ခုဖြစ်တယ်။ အဲဒီ ကိုယ့်လူမျိုးတွေရဲ့ Traditional ကို ကိုယ်မထိန်းလို့ရှိရင် ဘယ်သူက လာထိန်းသိမ်းမှာတုံး?၊ ဘယ်သူကမှ မထိန်းသိမ်းဘူးနော်။ ကိုယ့်လူမျိုးရဲ့ ဓလေ့ထုံးတမ်းအစဉ်အလာကို ကိုယ်ပဲ ထိန်းကြရမှာ ဖြစ်ပါတယ်။

ဒီကနေ့ တောရွာတွေကို သွားပြီး ကြည့်ကြည့်လိုက်ရင် မြန်မာလူမျိုးစစ်စစ်တွေရဲ့ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီမှု၊ တစ်ယောက်ကိစ္စကို တစ်ယောက် ဝိုင်းဝန်းကူညီမှု၊ တစ်ရွာလုံး တစ်ဦးကိစ္စပေါ်ရင် အားလုံးဝိုင်းဝန်းကူညီနေကြတဲ့ မြန်မာတွေရဲ့ ထုံးတမ်းအစဉ်အလာတွေဟာ ဒီကနေ့ထိ တချို့နေရာတွေမှာ ရှိနေတုန်းပါ။ အဲဒီအစဉ်အလာတွေ ပျောက်ပျက်ပြီးတော့ မသွားအောင် ထိန်းသိမ်းရမယ်။ အခုကလေးတို့ဟာ Generation တစ်ခုပေါ့နော်၊ ကိုယ့်ရဲ့ Generation တစ်ခု မျိုးဆက်သစ်တစ်ခု ဖြစ်လာတာ။ ဒီမျိုးဆက်သစ်တစ်ခု ဖြစ်လာတဲ့အချိန်မှာ အင်မတန်ကောင်းတဲ့ အမွေအနှစ်တွေ မပျောက်မပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရမယ်။ ဒါကို အမျိုးချစ်တယ်လို့ ပြောတာပါ။ ကိုယ့်အမျိုးချစ်ပြီးတော့ ကိုယ့်ရဲ့ Traditional ကို ထိန်းသိမ်းပြီးတော့ ကမ္ဘာမှာ ကိုယ့်လူမျိုးကို ဂုဏ်ယူဝင့်ကြွားနိုင်တဲ့ အနေအထားမျိုး ရှိအောင် ထိန်းသိမ်းစောင့်ရှောက်ရမယ်။

## ကမ္ဘာမှာ မြန်မာ

အေး. . . 'ကမ္ဘာမှာ မြန်မာ'ဆိုတာ အင်မတန်ကောင်းတဲ့ အစဉ်အလာရှိတဲ့ လူမျိုး၊ ညံ့တဲ့လူမျိုး မဟုတ်ဘူး။ အဲဒီလို အစဉ်အလာကောင်းတွေ ရှိ

နေတယ်။ ဘုန်းဘုန်းတို့ နိုင်ငံခြားသွားတဲ့အခါ တွေ့ခဲ့သမျှ မြန်မာလူမျိုးတွေ Bright ဖြစ်တယ်ဆိုတာ တစ်ကမ္ဘာလုံးက သိတယ်၊ လက်ခံထားပါတယ်၊ မြန်မာလူမျိုးတွေဟာ တက်ကြွတယ်၊ ပင်ကိုဉာဏ်အရည်အချင်းတွေ ကောင်းတယ်ဆိုတာ အများက အသိအမှတ်ပြုတယ်။ အဲဒီတော့ ကိုယ့်ကိုယ်ကိုယ်လည်း တို့ဟာ လူညံ့မဟုတ်ဘူး။ မညံ့တဲ့လူတွေဟာ ညံ့မနေစေရအောင် တို့ကြိုးစားအားထုတ်ကြရမယ်၊ ကိုယ့်ရဲ့ အရည်အသွေးကို ကိုယ်သတိထားနေတာလည်း အမျိုးချစ်တယ်လို့ ခေါ်တာပေါ့နော်။ ကိုယ့်ရဲ့လူမျိုး၊ ကိုယ့်ရဲ့ဘာသာ၊ ကိုယ့်သာသနာကို ထိန်းသိမ်းစောင့်ရှောက်တာဟာ အမျိုးချစ်တာပဲ။ ဘယ်နေရာသွားသွား ကိုယ့်ရဲ့ Tradition ကို မဖျောက်ဖျက်တာမျိုးပေါ့။

နီတိကျမ်းမှာဆိုတဲ့ စကားလေးတစ်ခု ရှိတယ်။ မြတ်လေးပန်းကို ကလေးတို့ မြင်ဖူးကြလိမ့်မယ် ထင်ပါတယ်။ မြတ်လေးပန်းဟာ နှစ်မျိုးရှိတယ်လို့တော့ ပြောတယ်။ အဲဒီမြတ်လေးပန်းပွင့်လေးတွေမှာ ဘယ်တော့မှ ကြွေမကျတဲ့ မြတ်လေးပန်းရှိတယ်။ မြတ်လေးပန်းပွင့်လေးတွေဟာ ခေါင်းပေါ်မှာ တယုတယ ပန်မယ့်လူရှိရင် အဲဒီ ခေါင်းပေါ်မှာ နေတယ်။ အဲဒီလို ပန်မယ့်လူမရှိရင် အပင်မှာ အခြောက်ခံတယ်ဆိုတဲ့ စကားလေးရှိတယ်။ အောက်ကိုတော့ ကြွေမကျဘူးတဲ့။ ဒါမြတ်လေးပန်းရဲ့ ဂုဏ်သတ္တိလေးပေါ့။ မြန်မာလူမျိုးဟာလည်း ထို့အတူပဲ၊ ဘယ်နေရာ၊ ဘယ်နိုင်ငံပဲ ရောက်ရောက်၊ ဘယ်လူမျိုးတွေရဲ့ ကြားမှာပဲနေနေ၊ ကိုယ့်ရဲ့ Traditional၊ ကိုယ့်ရဲ့ဇာတိမာန်ကို မစွန့်လွှတ်ဘူး။ ပင်ကိုယ်အရည်အချင်းတွေ ပျက်ယွင်းသွားအောင် မလုပ်ဘူး။ ဒါကို အမျိုးချစ်တယ်လို့ ပြောတာနော်။

## သာကီမျိုးဟော့ တို့ဗမာ

'ဘာသာ'ဆိုရာမှာ မြန်မာလူမျိုးတွေဟာ ယဉ်ကျေးမှုနဲ့ ခွဲမရလောက်အောင် ကိုးကွယ်လာခဲ့တဲ့ ဘာသာဟာ 'ဗုဒ္ဓဘာသာ'ပဲ။ ရှေးမြန်မာလူမျိုးကြီးတွေက **"သာကီမျိုးဟော့. . . တို့ဗမာ"**ဆိုပြီး ကြွေးကြော်ခဲ့ကြတယ်။ မြန်မာလူမျိုးနဲ့ သာကီလူမျိုး ဘယ်လိုဆိုင်လဲ?လို့ဆိုရင် လွန်ခဲ့တဲ့ အတိတ်ကို မကြည့်နဲ့။

ကိုယ့် ထိခိုက်တာနဲ့ တပြိုင်နက် သူတပါးကိုရော တဖက်တလမ်းအားဖြင့် တိုက်ရိုက်မဟုတ်တောင် ထိခိုက်သွားနိုင်တယ်။ သူ့မှာ မိသားစုရှိတယ်လို့ ဆိုရင် သူလုပ်ရမယ့် Duty တွေ သူမလုပ်တဲ့အတွက်ကြောင့် သူ့မိသားစုမှာ တာဝန်ပိမသွားဘူးလား?။ ဟော . . . ဒါသူများကို ထိခိုက်တယ်လို့ ခေါ်တာပေါ့။ သူလုပ်ရမယ့် အလုပ်တွေမလုပ်တော့ ကျန်တဲ့လူတစ်ယောက်က သူ့တာဝန်ပါ နှစ်ထပ်ကွမ်း လုပ်နေရတယ်။ ဟုတ်ရဲ့လား?။ သူ့တာဝန်ကြီးပါလေးသွားတယ်နော်။ လေးသွားတော့ မိသားစုမှာလည်း သူတို့ကိုယ်ပိုင်အချိန်တွေ လက်လွှတ်ဆုံးရှုံးသွားတယ်နော်။ ဆုံးရှုံးမှုတွေ ရှိတယ်။ ငွေကြေးဆုံးရှုံးမှုမှ ဆုံးရှုံးတာ မဟုတ်ဘူး။ အချိန်ဆုံးရှုံးတာလည်း ဆုံးရှုံးတာပဲနော်။ အေး. . ဒီလိုကြည့်မယ်ဆိုလို့ရှိရင် ဆုံးရှုံးမှုတွေ မြောက်မြားစွာ ရှိပါတယ်။

မူးယစ်ဆေးသုံးစွဲပြီးတော့နေတဲ့ လူတစ်ယောက်ဟာ ပညာဘက်က ဆုံးရှုံးသွားတယ်၊ အချိန်တွေ ဆုံးရှုံးသွားတယ်၊ စီးပွားဥစ္စာတွေ ဆုံးရှုံးသွားတယ်။ တစ်ခါ သူ့အတွက် လိုက်လုပ်ပေးနေရတဲ့ မိသားစုတွေမှာလည်း အချိန်တွေ ဆုံးတယ်၊ ငွေဆုံးတယ်။ ဟော. . . အကုန်လုံး ဆုံးရှုံးနစ်နာကြတယ်။ အဲတော့ ကိုယ့်လည်း ထိခိုက်တယ်၊ သူတပါးလည်း ထိခိုက်တယ်ဆိုရင် နှစ်ဦးစလုံး ထိခိုက်တာပဲ မဟုတ်လား။ အေး. . . ဒါကြောင့်မို့လို့ ဒီအလုပ်ဟာ မလုပ်သင့်တဲ့ အလုပ်လို့ ဒီလို သတ်မှတ်ပါတယ်။

အေး. . . လုပ်သင့်တဲ့အလုပ်ဆိုတာကျတော့ မိမိအတွက်လည်း အကျိုးရှိတယ်၊ မိသားစုအတွက်လည်း အကျိုးရှိတယ်၊ နှစ်ဦးနှစ်ဝ အားလုံးကို အကျိုးရှိတယ်ဆိုရင် ဒါကောင်းတဲ့အလုပ်လို့ ဒီလို သတ်မှတ်တယ်။ အေး. . . ဒါကြောင့်မို့လို့ ဗုဒ္ဓမြတ်စွာသာသနာမှာ အမျိုးကို ချစ်တယ်, ဘာသာသာသနာကိုချစ်တယ်ဆိုတာ အခုလိုကောင်းတဲ့ အဆုံးအမတွေရရှိလို့ ချစ်ခင်တာကို ဆိုလိုတယ်။ တန်ဖိုးထားတာကို ချစ်တယ်လို့ ပြောတာ၊ ကိုယ့်အမျိုးကို ချစ်ပြီးတော့ သူများအမျိုးကို ဆန့်ကျင်ဘက်လုပ်တာကျတော့ 'မျိုးချစ်'လို့ မခေါ်နိုင်ဘူးနော်။ ကိုယ့်အမျိုးချစ်တယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းစောင့်ရှောက်ပြီး ကိုယ့်ကိုယ်ကိုယ် ကြီးပွားတိုးတက်အောင် လုပ်ခွင့်ရှိ

# လုပ်သင့်တဲ့အလုပ်

ထိခိုက်တယ်ဆိုတဲ့နေရာမှာ ဘုန်းဘုန်းဥပမာတစ်ခု ပြောပြမယ်။ မူးယစ်ဆေးဝါး သုံးစွဲတယ်၊ အရက်သေစာ သောက်စားတယ် ဆိုပါတော့။ တချို့တချို့ ပုဂ္ဂိုလ်တွေ ပြောတာရှိတယ်၊ အရက်ထဲမှာ အရက်သောက်ပြီးတော့ မဆဲဘူး၊ မဆိုဘူး။ ဗိုက်မှောက်ပြီး အိပ်နေတယ်။ အရက်သေစာ သောက်ပြီးတော့ ကိုယ့်ဘာသာကိုယ် ငြိမ်ငြိမ်လေးနေတယ်။ အပြစ်မရှိဘူးလို့ ထင်ကြတယ်နော်။ ဒါက တစ်ယောက်။ အရက်သောက်ပြီး တချို့က အရပ်ထဲမှာ ဆဲတယ်။ နှောင့်ယှက်တယ်၊ ရန်ဖြစ်တယ်၊ ဒါက တစ်ယောက်။

အဲဒီနှစ်မျိုးလုံးထဲမှာ တစ်ယောက်က အေး. . . 'ကိုယ်ကြိုက်လို့ ကိုယ်သောက်။ ဗိုက်မှောက်အိပ်နေ ဘာမှမဆူနဲ့၊ မညံနဲ့၊ အပြစ်မရှိဘူး'လို့ ထင်တယ်နော်။ ကဲ. . စဉ်းစားကြည့်စမ်း။ အရက်သေစာ သောက်စားမူးယစ်ပြီးတော့ အဲဒီလိုနေတဲ့ လူတစ်ယောက်ဟာ ထိုအချိန်အတွင်းမှာ သူရသင့်ရထိုက်တဲ့ အတတ်ပညာ, အသိပညာ, စီးပွါးဥစ္စာတွေ မရနိုင်တော့ဘူးနော်။ ကိုယ့်ထိခိုက်တဲ့ အလုပ်ဆိုတော့ ခုန စံနဲ့သွားတိုက်လို့ရှိရင် ဒါကောင်းတဲ့အလုပ်လို့ ခေါ်လို့ မရတော့ဘူး၊ ကောင်းတဲ့အလုပ်မဖြစ်ဘူးနော်။

သူများအတွက် အနှောင့်အယှက်မဖြစ်သော်လည်း ကိုယ့်အတွက် အနှောင့်အယှက်ဖြစ်သွားပြီ၊ ကိုယ့်အတွက် ဆုံးရှုံးသွားပြီ။ တတ်ရမည့် ပညာတွေ မတတ်လိုက်ရဘူး၊ အဲဒီအချိန်မှာ အဖိုးတန်ပညာတွေ ကိုယ်မရလိုက်ဘူး၊ အဖိုးတန်အသိဉာဏ်တွေ မရလိုက်ဘူး၊ တန်ဖိုးရှိတဲ့ အချိန်အတွင်းမှာ စီးပွား ဥစ္စာ မရလိုက်ဘူး၊ တန်ဖိုးရှိတဲ့ အချိန်အတွင်းမှာ ကုသိုလ်တွေ မရလိုက်ဘူး။ ဆုံးရှုံးသွားတယ်၊ ဒါလည်း 'ဆုံးရှုံးမှု'လို့ ခေါ်တယ်။ ပိုက်ဆံတွေ၊ ငွေကြေးမနေ တွေ ဆုံးရှုံးမှ ဆုံးရှုံးတာ မဟုတ်ဘူး။ လူ့လောကမှာ ငွေကြေးမနေဟာ တကယ့် အနှစ်သာရမဟုတ်ဘူး။ တကယ့်အနှစ်သာရဆိုတာကို ဗုဒ္ဓမြတ်စွာက **"ပညာ နရာနံ ရတနံ"**တဲ့။ လူတွေရဲ့ တကယ့်အနှစ်သာရ ရတနာဟာ အသိပညာ၊ အတတ်ပညာပဲနော်။ အေး. . . ဒါကြောင့်မို့ အဲဒါတွေ ဆုံးရှုံးသွားလို့ရှိရင် တကယ့်ဆုံးရှုံးမှု၊ ကိုယ့်ကို မထိခိုက်မနစ်နာဘူးလား?။ ထိခိုက်တယ်၊

ဆိုတာကို တိုင်းတာဖို့ ပေတံလေးတစ်ခု၊ မှတ်ကျောက်လေးတစ်ခုတော့ ကိုယ့်မှာ ရှိထားရမယ်နော်။ Criterion လေးရှိရမယ်။ စံလေးတစ်ခု မှတ်ထားရမယ်။ ဘယ်အရာပဲဖြစ်ဖြစ် ကောင်းတဲ့အရာ, မကောင်းတဲ့အရာ၊ လုပ်သင့်တဲ့အရာ, မလုပ်သင့်တဲ့အရာ။ ဒီလိုနှစ်ခုခွဲပြီး ကြည့်ရမယ်။ လုပ်သင့်တဲ့ အရာဆိုတာ ဘာလဲ?။ လုပ်သင့်တဲ့အရာဆိုတာ မိမိကိုလည်း ထိခိုက်နစ်နာမှု မဖြစ်စေဘူး၊ သူတပါးတွေကိုလည်း ထိခိုက်နစ်နာမှု မဖြစ်စေဘူး။ နှစ်ဦးလုံးကို ထိခိုက်နစ်နာမှု မဖြစ်စေဘူးဆိုတဲ့အလုပ်ဟာ လုပ်သင့်တဲ့အလုပ်၊ အဲဒါနဲ့ပဲ စံထားရမှာ။

ကိုယ်လုပ်တဲ့ လုပ်ငန်းတစ်ခုဟာ ကိုယ့်ကိုထိခိုက်သွားရင် မလုပ်သင့်ဘူး။ ထိခိုက်တယ်ဆိုတာ ရရှိမယ့်အကျိုးတွေ လက်လွတ်သွားလို့ရှိရင်လည်း ထိခိုက်တယ်လို့ ခေါ်တယ်နော်။ ရရှိသင့်တာတွေ မရရှိတော့ဘူးဆိုရင် ထိခိုက်တယ်လို့ ခေါ်တယ်။ အဲဒီတော့ ကိုယ့်အတွက် ထိခိုက်တယ်၊ သူတပါးအတွက် ထိခိုက်တယ်။ နှစ်ဦးစလုံးအတွက် ထိခိုက်တယ်ဆိုရင် မလုပ်သင့်တဲ့ အလုပ်။ ကိုယ့်လည်း မထိခိုက်ဘူး။ သူတပါးလည်း မထိခိုက်ဘူး။ နှစ်ဦးစလုံးကို မထိခိုက်ဘူး။ မထိခိုက်တဲ့အပြင် ကောင်းကျိုးချမ်းသာတွေကို ဖြစ်ပွားစေမယ်ဆိုရင် ဒါလုပ်သင့်တဲ့အလုပ်၊ Criterion အနေနဲ့ ဒီလိုမှတ်ရမှာ။ ဒါ 'မှတ်ကျောက်' လို့ ခေါ်တာပါ။

ဒါ ဘုန်းဘုန်းအနေနဲ့ပြောတာ မဟုတ်ပါဘူး။ ဘုန်းဘုန်းတို့ ပိဋကတ်စာပေထဲမှာ **"အတ္တဗျာဗာဓာယပိ သံဝတ္တတိ။ ပရဗျာဗာဓာယပိ သံဝတ္တတိ။ ဥဒယဗျာဗာဓာယပိ သံဝတ္တတိ"**လို့ Criterion ကို ဗုဒ္ဓမြတ်စွာကိုယ်တိုင် ဟောပြထားခဲ့တာပါ။ ဒါနဲ့ တိုင်းတာရမှာ။ ကဲ. . . အတိုင်းအတာလေး သုံးခု၊ ကိုယ်လုပ်တဲ့ လုပ်ငန်းတစ်ခုသည် ကိုယ့်ကို ထိခိုက်သလား၊ သူတပါးကို ထိခိုက်သလား၊ နှစ်ဦးကို ထိခိုက်သလားလို့ စဉ်းစားသင့်တယ်နော်။

## လေးလေးနက်နက် စဉ်းစားဖို့

အေး . . . ဗုဒ္ဓမြတ်စွာကို ယုံကြည်ကြတဲ့ပုဂ္ဂိုလ်တွေဟာ တခြားဘာသာနဲ့ မတူတဲ့ အချက်ကလေးကိုလည်း ကလေးတို့ သိဖို့လိုတယ်။

ဗုဒ္ဓဘာသာဝင်တွေ ဆုတောင်းတယ်။ တခြားဘာသာဝင်တွေလည်း ဆုတောင်းကြတယ်။ တခြားဘာသာဝင်တွေ ဆုတောင်းတာက ရလိုမှုတွေနဲ့ ဆုတောင်းကြတာ များတယ်။ ဗုဒ္ဓဘာသာဆုတောင်းတာနဲ့ တခြားဘာသာ ဆုတောင်းတာကို တူတယ်လို့ မထင်နဲ့။ ဗုဒ္ဓဘာသာတွေ ဆုတောင်းလို့ရှိရင် "ဤယခုပြုရသော ကုသိုလ်ကောင်းမှုကြောင့် . . . ." ဒီလို ပါတယ်နော်။ တချို့ကတော့ မဟုတ်ဘူး၊ တခြားဘာသာတွေမှာဆိုလို့ရှိရင် "အဖဘုရား သခင် ကယ်တော်မူပါ။ ဆင်းရဲဒုက္ခက လွတ်မြောက်အောင် . . . ." ဘာလုပ်တယ်ဆိုတာ မပါဘူး၊ ဟုတ်ရဲ့လား?၊ ခွင့်လွှတ်တော်မူပါ ဒါပဲ။

ဗုဒ္ဓဘာသာက အဲဒီလို မဟုတ်ပါဘူး။ ကိုယ့်လုပ်အားအတွက် ကိုယ်လို ချင်တာကို ရည်ညွှန်းတာ။ တောင်းယူတဲ့ဆုတောင်း မဟုတ်ဘူးနော်။ ကိုယ့် လုပ်အားဟာ ကုသိုလ်ကောင်းမှုတစ်ခုလုပ်တယ်။ အဲဒီကုသိုလ်ကောင်းမှုဟာ ဘာအတွက် ဖြစ်ချင်ပါတယ်။ အလုပ်လုပ်ပြီးတော့မှ ပြောတဲ့စကားမျိုး၊ မတူဘူးနော်။ လုပ်ချင်တာတွေလုပ်ပြီးတော့ ဒူးထောက်ပြီး ခွင့်လွှတ်ပါဆိုတာမျိုး မဟုတ်ဘူး။ အေး . . . ဒါကြောင့်မို့လို့ အသွင်သဏ္ဌာန်ချင်း၊ အနှစ်သာရချင်း ဟာ လုံးဝကွဲပြားတယ်ဆိုတာကို ကလေးတို့ သိရမယ်။ ဘယ်အရာပဲဖြစ်ဖြစ် လေးလေးနက်နက် စဉ်းစားတတ်ကြရမယ်နော်။ အဲဒီလို လေးလေးနက်နက် စဉ်းစားပြီးတော့ လက်ခံတတ်လာမယ်ဆိုရင် ဒါအမျိုး, ဘာသာ, သာသနာ ကို ချစ်မြတ်နိုးတယ်၊ တန်ဖိုးထားတတ်တယ်လို့ ဒီလို ဆိုတယ်။ ဘယ်အရာပဲ ဖြစ်ဖြစ် စဉ်းစားတတ်ဖို့ လိုပါတယ်။

## မှတ်ကျောက်လေးတွေ

မိမိရဲ့ Tradition မှာလည်းပဲ ကောင်းတဲ့ Traditon ရှိသလို မကောင်းတဲ့ Traditon လည်း ရှိကောင်းရှိလိမ့်မယ်။ ကောင်း မကောင်း

# ဘုရားမှန်ရန်

အဲဒီဗုဒ္ဓဘာသာဟာ ကိုးကွယ်မှုဆိုတဲ့ အခြားဘာသာတွေနဲ့ တူသလား? လို့ဆိုတော့ တချို့က ပြောလေ့ရှိတယ်။ 'လောကမှာ ဘုရားဆိုတာ တစ်ဆူတည်းပဲ ရှိတယ်။ အကုန်အတူတူပါပဲ'လို့ ပြောတတ်တယ်။ ကလေးတို့ စဉ်းစားရမှာက ဘယ်ဘုရားကို ရည်ညွှန်းတာလဲ?လို့ မေးဖို့ လိုတယ်။ ဘုရားလို့ နာမည် ခံတာတွေက အများကြီးရှိတယ်နော်။ ဘုရားဆိုတာမျိုးဟာ ကရုဏာရှိရမယ်။ ပညာရှိရမယ်။ အေး. . . 'ကရုဏာ'ဆိုတဲ့နေရာမှာ သာမန်ကရုဏာ မဟုတ်ဘူး။ မဟာကရုဏာ။ ပညာကလည်း မဟာပညာ။ ပညာရှိတယ်။ ကရုဏာရှိတယ်။ ပညာသာရှိပြီး ကရုဏာမရှိရင် ရက်စက်တတ်တယ်။ ကရုဏာသာရှိပြီး ပညာမရှိရင် လမ်းမှန်ကို မပေးနိုင်ဘူး။ ကရုဏာရော ပညာရော နှစ်ပါးစုံရမယ်။ ဘုရားမှန်ရင် ကရုဏာရော ပညာရော နှစ်ပါးလုံးစုံမှ ဘုရားဖြစ်ပါတယ်။ တခြားအရည်အသွေးတွေလည်း ရှိသေးတယ်နော်။

'ရက်စက်ပြီးတော့ ဒဏ်ခတ်တယ်'ဆိုတာ ဘုရားမဟုတ်ဘူး။ မြတ်စွာဘုရားဟာ ဆင်းရဲဒုက္ခရောက်နေတဲ့ သတ္တဝါတွေ အားလုံးအပေါ်မှာ အကြင်နာထားတာ ကရုဏာပဲ။ ထိုဆင်းရဲဒုက္ခတွေက လွတ်မြောက်အောင် လမ်းမှန်ကို ညွှန်နိုင်တာ ပညာ။ အေး. . . ကရုဏာ၊ ပညာ နှစ်ခုပေါင်းစပ်လိုက်မှ တကယ့် ဘုရားအစစ်။

လူ့လောကမှာ ခေါင်းဆောင်ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ ကရုဏာလည်း ရှိရမယ်၊ ပညာလည်း ရှိရမယ်။ ပညာတော့ ရှိတယ်၊ ကရုဏာမရှိဘူးဆိုရင် ကောက်ကျစ်တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်၊ ရက်စက်တတ်တယ်။ ကရုဏာတော့ ရှိတယ်၊ ပညာမရှိဘူးဆိုရင် လမ်းမှန်ကို မသိဘူး။ တလွဲတွေ လုပ်တယ်။ အေး. . . အဲဒါမျိုး မဖြစ်ရအောင် တို့ဗုဒ္ဓမြတ်စွာက ပညာလည်း ရှိတယ်။ ကရုဏာလည်း ရှိတယ်။ မဟာကရုဏာနဲ့ မဟာပညာပြည့်စုံတဲ့ ပုဂ္ဂိုလ်ဖြစ်တဲ့အတွက်ကြောင့် အများအပေါ်မှာလည်း အကြင်နာတရား ကြီးမားတယ်။ အကြင်နာတရား ကြီးမားတဲ့အတိုင်း မှန်ကန်တဲ့ လမ်းကိုလည်း ညွှန်ပြနိုင်တယ်။

ဒီကနေ့ သကျ၊ သူတို့အသံနဲ့ဆိုရင် ဆကျ(ဆတ်ကယ)လို့ ခေါ်တယ်။ ဟိုး . . . နီပေါနိုင်ငံမှာ သကျလူမျိုးတွေ ရှိတယ်။ အဲဒီလူမျိုးတွေဟာ မြန်မာလူမျိုးတွေနဲ့ တစ်ထေရာတည်း၊ တစ်ပုံစံတည်း တူတယ်။ ရေကြည်ရာ မြက်နုရာ ပြောင်းရွှေ့ပြီးတော့ လာကြတာ။

ဘုန်းဘုန်းတို့ နီပေါနိုင်ငံရောက်တဲ့အခါကျတော့ အဲဒီ သကျလူမျိုးတွေဟာ ဘယ်ကနေ ဆင်းသက်လာတာတုံး?လို့ မေးလိုက်တော့ **တိဗက်တိုဘားမင်း** ဆိုတဲ့ အမျိုးအနွယ်က ဆင်းသက်လာတယ်လို့ ပြောတယ်။ ဘုန်းဘုန်းတို့ မြန်မာ့သမိုင်းကို ပြန်ကြည့်လိုက်မယ်ဆိုလို့ရှိရင်လည်းပဲ မြန်မာလူမျိုးဟာ တိဗက်တိုဘားမင်းက ဆင်းသက်လာတယ်။ နောက်ပြီး တစ်ခဏလောက် လေ့လာကြည့်တာနဲ့ အများသုံးတဲ့ ဘာသာစကားတွေ တူနေတာ တွေ့ရတယ်။ ဘာတွေတူလဲ?ဆိုရင် . . . မြန်မာလူမျိုးတွေက 'လမ်း'လို့ပြောတာကို သူတို့ကလည်း 'လမ်း'ပဲ။ ဒီက 'မီး'ဆိုတာ သူတို့လည်း 'မီး'ပဲ၊ ဒီက 'ငါး'ရေထဲက ငါးပဲ ဖြစ်ဖြစ်၊ နံပါတ်ငါးပဲ ဖြစ်စေ သူတို့လည်း 'ငါး'ပဲ။ စကားတွေ လုံးဝ တူနေတာ ရှိတယ်။

ဒီလို လုံးဝတူနေတာရှိတော့ ရှေးလူကြီးတွေပြောခဲ့တဲ့ **"သာကီမျိုးဟော့ တို့ဗမာ"**ဆိုတာ အလဟဿပြောခဲ့တာ မဟုတ်ဘူး။ တစ်နည်းအားဖြင့် မြန်မာလူမျိုးတွေဟာ ဟိုး . . တိဗက်တိုကုန်းမြင့်ကနေ Marger လုပ်ပြီးတော့ ဒီဘက်ကို တဖြည်းဖြည်း ရွှေ့လျားပြီးတော့ ရောက်ရှိလာတာ၊ အဲဒီတော့ ပင်ကို အားဖြင့် ဘယ်လိုပဲဖြစ်ဖြစ်၊ အနေအထားဟာ ဗုဒ္ဓမြတ်စွာရဲ့ ဆွေတော်မျိုးတော်တွေလို့ ဒီလို ပြောနိုင်ပါတယ်နော်။ တစ်နည်းအားဖြင့် ကိုယ့်ရဲ့ရင်ထဲ နှလုံးသားထဲ သွေးသားထဲမှာ ဗုဒ္ဓရဲ့ယဉ်ကျေးမှုတွေ ကိန်းအောင်းပြီး မိမိတို့ရဲ့ နှလုံးသားထဲမှာ ယဉ်ကျေးမှုတစ်ခုအနေနဲ့ လက်ခံထားကြတာ။ အဲဒီကိုယ့်ဘာသာဟာ ဘာတုံး?ဆိုရင် ဗုဒ္ဓဘာသာပဲ။

တယ်၊ သူတပါးကို အနှောင့်အယှက်ပေးဖို့ မလုပ်ရဘူး။ လုပ်ခြင်းအားဖြင့် သူတပါးကို ထိခိုက်နစ်နာစေတယ်ဆိုတာ မကောင်းတဲ့အလုပ်လို့ပဲ ဒီလို ပြောရမှာပါ။

## ကုသိုလ်ဆိုတာ

နောက်တခုက ကုသိုလ်၊ အကုသိုလ်၊ ဗမာလူမျိုးတွေ အပြောအဆို ရှိကြတယ်။ "ဟော့. . . ကုသိုလ်ရတယ်"လို့။ ကဲ. . . 'ကုသိုလ်ရတယ်ဆိုတာ ကလေးတို့ ဘာရတာကို ပြောတာ'တုံး?။ ပိုက်ဆံရတယ်ဆိုရင်တော့ သိတယ်။ လက်ထဲ မှာ ပိုက်ဆံတွေ တစ်ထုပ်ကြီး ရသွားတယ်၊ ငွေရတယ်ဆိုရင် သိတယ်နော်။ ကုသိုလ်ရတယ်ဆိုတာကျတော့ ဘယ်လိုရတာတုံး?၊ ကုသိုလ်ဆို တာ ဘယ်လိုဟာတုံး?လို့ စဉ်းစားဖို့လိုတယ် နော်။

ကုသိုလ်ဆိုတာ ပါဠိ **'ကုသလ'**ဆိုတဲ့ စကားက လာတာ။ 'ကုသလ' ဆိုတဲ့ ပါဠိစကားကို မြန်မာမှုပြုပြီး 'ကုသိုလ်'ဖြစ်လာတာ၊ ဒီစကားလုံးလေးကို အဓိပ္ပါယ်မပြန်ဘဲနဲ့ ကုသိုလ်လို့ ဆိုထားတာ။ အဲဒီတော့ ဒီစကားလုံးလေးကို အဓိပ္ပါယ်ရှင်းပြရမယ် ဆိုရင် 'ကု'ရယ်၊ 'သလ'ရယ် နှစ်မျိုးခွဲလိုက်ပါ။ 'ကု'ရဲ့ အဓိပ္ပါယ်က 'အဆိုးတရား' များတဲ့။ 'သလ'ဆိုတာ 'ဖယ်ရှားဖျက်ဆီးနိုင်တဲ့ သဘောတရား'။ 'အဆိုးတရား တွေကို ဖယ်ရှားနိုင်တဲ့အရာကို ကုသိုလ်'လို့ ခေါ်တာနော်။

## အဆိုးတရားတွေ

'ကု'ဆိုတာ အဆိုးတရားတွေ၊ မကောင်းကျိုးကို ပေးတတ်တဲ့တရား တွေဟာ အဆိုးတရားတွေပဲ။ ဘာတွေတုံးလို့ဆိုလို့ရှိရင် လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ။ လောဘဆိုတာ ကောင်းကျိုးပေးသလား?လို့ဆိုလို့ရှိရင် လောဘဟာ ကောင်းကျိုးတော့ မပေးဘူး။ လောဘရှိနေတဲ့အတွက်ကြောင့် သူများကို မထိခိုက်ရင်တောင် ကိုယ်တော့ ထိခိုက်နေကြတာပဲ။ ဆိုပါတော့။ အရာဝတ္ထုတစ်ခုကို မိမိက တပ်မက်နေတယ်။ လိုချင်နေတယ်ဆိုလို့ရှိရင် အဲဒီလိုချင်နေတဲ့ အရာဝတ္ထုလေးတစ်ခုကြောင့် ကိုယ့်မှာလောဘ ဖြစ်လာတယ်။

အဲဒီလောဘဖြစ်နေတဲ့အတွက်ကြောင့် ဒါလေးကိုရလို့ရှိရင် သိမ်းပိုက်ထားပြီးတော့ အကုသိုလ်တွေ ဖြစ်လာတယ်။ ဘယ်လိုတွေ ဖြစ်လာတုံး?ဆိုရင် ကိုယ့်ပစ္စည်းလေးကို သူများထိမှာ မကြိုက်ဘူး။ ဒီပစ္စည်းလေး မတော်တဆ ပျောက်သွားလို့ရှိရင် ဝမ်းနည်းရတာ။ ဒီတော့ ကောင်းတာတွေ မလာ ဘူးနော်။

လောဘဆိုတာ Attachment ပေါ့။ တွယ်တာနေတဲ့ အရာလေး တစ်ခု။ သူတို့ အပေါ်ကို တွယ်တာမိပြီဆိုလို့ရှိရင် ကိုယ့်ရဲ့စိတ်အေးချမ်းမှုတွေ ဆုံးရှုံးသွားတယ်။ တွယ်တာမှုကို အကြောင်းပြုပြီးတော့ စိတ်အေးချမ်းမှုတွေ ဆုံးရှုံးသွားတယ်။ အဲဒီကိုယ့်ရဲ့ စိတ်ငြိမ်းချမ်းမှု ဆုံးရှုံးသွားစေတာဟာ အကောင်းလား၊ အဆိုးလား?ဆိုတော့ အဆိုးပဲနော်၊

Where there is attachment, there is worry. ပေါ့ Attachment ရှိတဲ့နေရာမှာ Worry ဆိုတာ လာတယ်နော်။ စိတ်သောကဟာ တွယ်တာနေတဲ့ နေရာမှာ ရှိတယ်၊ အတွယ်အတာမရှိရင် စိတ်သောက မရှိဘူး။ တွယ်တာနေတဲ့ နေရာမှာ စိတ်သောကဖြစ်တယ်။ ကိုယ်လိုချင် နှစ်သက်နေတဲ့ ပစ္စည်းလေး တစ်ခု။ အဲဒီပစ္စည်းလေးတစ်ခု ပျောက်သွားရင် စိတ်ဆင်းရဲတယ်နော်။ အေး. . . အဲဒီထက် တန်ဖိုးရှိတဲ့ပစ္စည်းတစ်ခု။ ဒါပေမဲ့ ကိုယ်နဲ့မဆိုင်ဘူး၊ သူများပစ္စည်း၊ ကိုယ်ကလည်း မတွယ်တာဘူး။ အဲဒီ ပစ္စည်း ကိုယ့်ရှိတာမဟုတ်ဘူး၊ အဲဒါပျောက်သွားတဲ့အခါကျတော့ စိတ်မဆင်းရဲဘူး။ ဘာဖြစ်လို့လဲ?ဆိုတော့ မတွယ်တာလို့။ ကိုယ့်ပစ္စည်းမဟုတ်တော့ ကိုယ်က လောဘမဖြစ်ဘူး။ ဟုတ်တယ် မဟုတ်လား?။ တွယ်တာပြီးတော့ မပစ်ထားဘူး။ တွယ်တာမထားတဲ့ အတွက်ကြောင့် ကိုယ်နဲ့လောဘနဲ့ ဆက်စပ် မထားဘူး။ ဆက်စပ်မထားတဲ့ အတွက်ကြောင့် သောကမဖြစ်ဘူး။

အဲဒီသဘောလေးတွေကို စဉ်းစားပြီးတော့ကြည့်ရင် ဒီလောဘလေး ဟာ အကောင်းလား?၊ အဆိုးလား? ဒီလိုမေးလိုက်လို့ရှိရင် အနည်းဆုံး လောကလေးရှိရင် ကိုယ့်မှာ နောက်က Worryဆိုတာ လာတော့တာပဲ၊ စိတ်ငြိမ်းချမ်းမှုကို ဖျက်ဆီးတတ်တဲ့ သဘာဝတရားလေးတစ်ခု ဖြစ်လာတယ်။ လောဘ ဒီထက်ကြီးလာပြီဆိုလို့ရှိရင် ဘာဖြစ်လာတုံး?။ အဲဒါကျတော့

ကိုယ့်ပစ္စည်း တင်မကဘူး၊ သူများပစ္စည်းပါ ရချင်လာတယ်။ အဲဒီအခါကျတော့ ဘာဖြစ်တုံး?။ သူခိုးဘဝ, ဓားပြဘဝ ရောက်လာတယ်၊ အေး. . . ဒီတော့ လောဘ ကို မထိန်းနိုင်လို့ ကြီးလာတာနဲ့တစ်ပြိုင်နက် ကိုယ့်ပစ္စည်းတင် မကဘူး၊ သူများပစ္စည်းပါ လိုချင်လာတယ်။ အဲဒီလောဘကျတော့ ပိုပြီးပြဿနာ တွေ နောက်ဆက်တွဲ လိုက်လာတယ်။ ဟုတ်ရဲ့လား ?။ ဒါကြောင့်မို့လို့ အဲဒီလောဘ ကို 'ကု' = 'အဆိုးတရား'လို့ ခေါ်တယ်။

ဒေါသဟာ 'အဆိုးတရား'ဆိုတာ လူတိုင်းသိတယ်နော်။ စိတ်ဆိုးလာ တာနဲ့တပြိုင်နက် ငြိမ်းချမ်းတဲ့စိတ်အခြေအနေလေး ပျောက်ပျက်သွားတယ် နော်။ အဲဒါကြောင့်မို့ ဒေါသဖြစ်လာတာနဲ့ တပြိုင်တည်း လူရဲ့ခန္ဓာကိုယ် ဟာ အခြေအနေတွေ အကုန်ပြောင်းသွားတယ်နော်။ တုန်တုန်ဆတ်ဆတ် ဖြစ်လာတယ်။ ပါးစပ်က မပြောသင့်တာတွေ ပြောလာတယ်၊ လက်က မလုပ် သင့်တာတွေ လုပ်လာတယ်၊ ဒေါသရဲ့အရှိန်ပေါ့။ ကောင်းတာတွေ တစ်ခုမှ မဖြစ်ဘူး။ ဒေါသဖြစ်လာတာနဲ့ တပြိုင်နက် မကောင်းတဲ့အဆိုးတွေ ဖြစ်လာတယ်။

ဒါဖြင့် မောဟက ဘယ်လိုအဆိုးကို လုပ်တာတုံး ? ဆိုတော့ ဘာလုပ် သင့်လဲ၊ ဘာမလုပ်သင့်ဘူးလဲလို့ မသိတာ မောဟ။ လုပ်သင့်တာ မလုပ် သင့်တာ ခွဲခြားမသိတဲ့ မောဟဖြစ်လာပြီဆိုရင် မလုပ်သင့်တာတွေ လုပ်မိ တယ်၊ လုပ်သင့်တာတွေကျတော့ မလုပ်မိဘူး။ မလုပ်သင့်တာ လုပ်မိရင်လည်း ပြဿနာ၊ လုပ်သင့်တာ မလုပ်လို့ရှိရင်လည်း ဆုံးရှုံးမှု။ ဒါပြဿနာပဲ။ ဟော. . . နှစ်ခုစလုံး အကောင်းမရှိဘူးနော်။

အေး. . . ဒါကြောင့်မို့လို့ အချုပ်အားဖြင့် ဒီလောဘတို့, ဒေါသတို့, မောဟတို့ကို 'ကု' = 'အဆိုးတရား'လို့ ပြောတာပါ။ ဗုဒ္ဓမြတ်စွာရဲ့ တရားဓမ္မတွေ ဟာ လက်တွေ့သိရှိနားလည်နိုင်တဲ့ သဘောတရားတွေချည်းပဲနော်။

နောက် ဆိုးတဲ့ တရားနှစ်ခုရှိသေးတယ်။ ဣဿာနဲ့ မစ္ဆရိယ။ ဣဿာ Jealousy လို့ ခေါ်တယ်။ လူတစ်ယောက် အောင်မြင်သွားတယ်၊

ကိုယ့်သူငယ်ချင်းတစ်ယောက် စာမေးပွဲအောင်တယ်၊ မနာလိုဖြစ်တယ်။ ဒါ 'ဣဿာ'လို့ခေါ်တယ်။ ကိုယ် အောင်တယ်။ သူများကို မအောင်စေချင်ဘူး၊ 'မစ္ဆရိယ' လို့ခေါ်တယ်။ အဲဒီ ဣဿာ, မစ္ဆရိယဆိုတဲ့ တရားနှစ်ခုဟာလည်းပဲ ငြိမ်းချမ်းမှုကို ဖျက်ဆီးတတ်လို့ သူတို့ကိုလည်း 'အဆိုးတရား'လို့ ခေါ်တယ်။ အဲဒီ အဆိုးတရားတွေကို ဖယ်ရှားပစ်နိုင်တဲ့ တရားမျိုးကို 'ကုသလ = ကုသိုလ်' လို့ ခေါ်တယ်။

## ကုသိုလ်ဖြစ်အောင်

အဲဒီတော့ ကုသိုလ်ဆိုတာ Antibiotic တို့လိုပေါ့။ အဆိုးတရားတွေကို ဖယ်ရှားပစ်နိုင်တယ်နော်။ လောဘကို ဖယ်ရှားပစ်ဖို့ မိမိနှလုံးသားထဲမှာ လောဘရဲ့ ဆန့်ကျင်ဘက်၊ လောဘကိုဖယ်နိုင်တဲ့ အလောဘ Anti-attachment လို့ခေါ်တယ်။ Attachment, Anti-attachment နော်။ လောဘက Attachment အလောဘကျတော့ Anti-attachment ။ Anti-attachment ကို ကိုယ့်နှလုံးသားထဲမှာ တည်ဆောက်လိုက်လို့ရှိရင် Attachment က ကွာသွားရောနော်။ အဲဒါကျတော့ ဘာဖြစ်လာသလဲ ? ဆိုရင် Generality ၊ အားလုံးအပေါ်မှာ ရက်ရောတယ်၊ ခွဲဝေပေးနိုင်တယ်၊ စိတ်ဓာတ်ကြီးမားလာတယ်၊ သိမ်းပိုက်ထားတာ မရှိဘူး၊ မရှိတဲ့အတွက်ကြောင့် လက်လွှတ်လိုက်ရလည်း ဘာမှမဖြစ်ဘူး။ Worry မလာဘူး။

ဒေါသဆိုတဲ့ အဆိုးတရားက Hatred ၊ အဒေါသကျတော့ Anti-hatred ၊ Hatred ကို ဖယ်ရှားစွန့်ပစ်နိုင်တဲ့ သဘောတရားကို 'အဒေါသ' လို့ခေါ်တယ်။ အဲဒီ အဒေါသကိုပဲ 'မေတ္တာ'လို့ခေါ်တာနော်။ မြန်မာလူမျိုးတွေထဲမှာတော့ 'မေတ္တာ'ကို တခြားနေရာ သွားသုံးနေတာလည်း ရှိသေးတယ်၊ မေတ္တာရှိပါတယ် ဆိုတာမျိုး၊ အဲဒါမျိုး ရှိသေးတယ်။ ဟုတ်ရဲ့လား? တကယ့် 'မေတ္တာ'ဆိုတဲ့ သဘောတရားက ဖြူစင်တယ်၊ အဲဒါလည်းပဲ ဗုဒ္ဓဘာသာတွေနဲ့ မေတ္တာအစစ်အမှန်ကို သိဖို့လိုတယ်နော်။

မေတ္တာကို Loving kindness လို့ အင်္ဂလိပ်လို ပြန်လေ့ရှိတယ်။ Loving kindness ။ ဒီပြန်ဆိုချက်ဟာ တကယ်တော့ Literal meaning နဲ့ ဝေးနေသေးတယ်။ မမှန်သေးဘူး။ တကယ်တော့ 'မေတ္တာ'ဆိုတာ ကလေးတို့ စဉ်းစားကြည့်။ 'မိတ္တ' မိတ်ဆွေဆိုတဲ့ စကားလုံးကို သိတယ်နော်။ အေး. . . 'မိတ္တ'ဆိုတဲ့ စကားလုံးကနေ 'မေတ္တာ'ဖြစ်လာတယ်။ 'မိတ္တ'ဆိုတာ မိတ်ဆွေ၊ 'မေတ္တာ'ဆိုတာ မိတ်ဆွေရဲ့စိတ်ဓာတ်။ Spirit of friend (or) Attitude of friend. မိတ်ဆွေရဲ့စိတ်ဓာတ်ကို 'မေတ္တာ'လို့ခေါ်တယ်။

ကဲ. . . ကလေးတို့မှာ မိတ်ဆွေတွေ၊ သူငယ်ချင်းတွေရှိတယ်။ အဲဒီ မိတ်ဆွေ သူငယ်ချင်းတွေအပေါ်မှာ ဘယ်လိုစိတ်ထားသလဲ စဉ်းစားကြည့်လိုက်။ အဲဒီမှာ မေတ္တာအစစ်ကို တွေ့လိမ့်မယ်။ သူငယ်ချင်းတွေအပေါ်မှာ ဘယ်လို စိတ်ထားလ ? သူငယ်ချင်းတွေ တွေ့လာလို့ရှိရင် စားစေချင်တယ်၊ ပျော်စေချင်တယ်၊ တူတူနေစေချင်တယ်၊ သူကြီးပွါးတာကို ကြိုက်တယ်၊ စာမေးပွဲအောင်လာရင် Congratulation လုပ်နိုင်တယ်။ မဟုတ်ဘူးလား? မိတ်ဆွေဆိုလို့ရှိရင် အဲဒီလို စိတ်မျိုးထားနိုင်ရမယ်။ အဲဒီစိတ်မျိုးကို အကုန်လုံး အပေါ်မှာ ထားနိုင်အောင် ကြိုးစားထားတာကို 'မေတ္တာပွါးတယ်'လို့ ခေါ်တာ။ ဟုတ်ရဲ့လား ? သတ္တဝါများစွာ ချမ်းသာကြပါစေ၊ ဒီလိုပွါးတာဟာ မိတ်ဆွေရဲ့ စိတ်ဓာတ်၊ ကိုယ့်မိတ်ဆွေတွေအပေါ်မှာ ထားတဲ့စိတ်ဓာတ်မျိုးကို အားလုံး အပေါ်မှာ ထားနိုင်တာကို ဆိုလိုတာနော်။ ပါဠိလိုပြောမယ်ဆိုရင် **'မိတ္တဿ ဧသာ မေတ္တာ'။ 'မိတ္တဿ** = မိတ်ဆွေရဲ့၊ **ဧသာ** = ဥစ္စာတည်း'။ မေတ္တာဟာ မိတ်ဆွေရဲ့ ဥစ္စာ။ မိတ်ဆွေတွေအပေါ်မှာရှိတဲ့ မိတ်ဆွေရဲ့သဘောထား။ ဒီလို သဘောရတယ်နော်။ အေး. . . အဲဒါကိုပဲ 'အဒေါသ'လို့ ခေါ်တာ။

'အမောဟ'ဆိုတာ အသိပညာရှိလာလို့ရှိရင် မောဟကို ဖယ်ရှားပစ်နိုင်တယ်။ ဒါကြောင့်မို့လို့ မောဟကျတော့ Delusion ။ လုပ်သင့်၊ မလုပ်သင့်တာကို မသိဘူး။ တွေဝေနေတယ်။ အမောဟကျတော့ Anti-delusion။ Delusion ကို ပယ်ဖျက်နိုင်တဲ့ သဘောတရားနော်။

အေး. . . အဲဒါမျိုး မကောင်းတဲ့အဆိုးတရားတွေကို ဖယ်ရှားပစ်နိုင်တဲ့ သဘောတရားကို **'ကုသလ = ကုသိုလ်'**လို့ခေါ်တယ်။ အဲဒီကုသိုလ်ရဲ့ ဆန့်ကျင်ဘက်တရားကိုမှ 'အကုသိုလ်'လို့ ပြောတာနော်။ ကုသိုလ်၊ အကုသိုလ်ဆိုတာ မိမိတို့ရဲ့ စိတ်ထဲ နှလုံးသားထဲမှာ ဖြစ်တာဖြစ်သောကြောင့် ကုသိုလ်ရတယ်ဆိုတာ လောဘကို ဖယ်ရှားပစ်နိုင်တဲ့ အလောဘ ဖြစ်လာရင် ကုသိုလ်ရတယ်လို့ ပြောတာ။ ဒေါသကို ဖယ်ရှားပစ်နိုင်တဲ့ အဒေါသ၊ မေတ္တာတရားကိုယ့်နှလုံးသားမှာ ကိန်းလာလို့ရှိရင် ကုသိုလ်ရတယ်လို့ပြောတာ။ မောဟကို ဖယ်ရှားပစ်နိုင်တဲ့ အမောဟ မိမိတို့ရဲ့ နှလုံးသားထဲမှာ ရောက်လာလို့ရှိရင် ကုသိုလ်ရတယ်လို့ပြောတာ။ ဣဿာကို ဖယ်ရှားပစ်နိုင်တဲ့ မုဒိတာတရား မိမိတို့ သန္တာန်မှာ ရောက်ရှိလာတာကို ကုသိုလ်ရတယ်လို့ ပြောတာ။

အဲဒီတော့ ကုသိုလ်ရတယ်ဆိုတာ မကောင်းတဲ့သဘောတရားတွေကို ဖယ်ရှားပစ်နိုင်တဲ့ စွမ်းအားသတ္တိတွေ ကိုယ့်ရဲ့နှလုံးသားထဲမှာ ရလာတာ။ ဒါကြောင့်မို့ တရားအားထုတ်တယ်ဆိုတာလည်း အဆိုးတွေကို ဖယ်ရှားပြီးတော့ အကောင်းတွေ မိမိရဲ့နှလုံးသားထဲမှာ တည်ဆောက်နိုင်အောင် ကြိုးစားနေတာနော်။ အဲဒီ အဆုံးအမတွေက ဘယ်သူ့ရဲ့အဆုံးအမတုံး ? ဆိုတော့ ဘုန်းဘုန်းတို့ ကိုးကွယ်နေကြတဲ့ ဗုဒ္ဓမြတ်စွာရဲ့ အဆုံးအမတွေပါ။ ဟုတ်ရဲ့လား?။ ဗုဒ္ဓရဲ့ အဆုံးအမတွေအတိုင်း လိုက်နာကျင့်သုံးနေတဲ့ပုဂ္ဂိုလ်မျိုးကို **'ဗုဒ္ဓဘာသာ'** လို့ ခေါ်တာ။ အဲဒီ ဗုဒ္ဓဘာသာသာသနာကို မြတ်နိုးတယ်ဆိုတာ အဲဒီအဆုံးအမတွေကို လိုက်နာကျင့်သုံးတာကို ပြောတာပါ။

## အစိပတိလေးပါး

အေး. . . ကောင်းပြီ၊ ကလေးတို့အနေနဲ့ အမျိုး၊ ဘာသာ၊ သာသနာကို ချစ်မြတ်နိုးမယ်ဆိုလို့ရှိရင် ကိုယ့်ရဲ့ Tradition ကို ထိန်းသိမ်းစောင့်ရှောက်ရမယ်။ ဗုဒ္ဓမြတ်စွာ ဆုံးမတော်မူတဲ့အတိုင်း မိမိရဲ့စိတ်ထဲ၊ နှလုံးသားထဲမှာ ကောင်းတဲ့အကောင်းတရားတွေကို တည်ဆောက်ပေးခြင်းဖြင့် မကောင်းတဲ့ အဆိုးတရားတွေကို ဖယ်ရှားနိုင်အောင် ကြိုးစားရမယ်။ အဲသလို ကြိုးစားဖို့

အတွက် ကလေးတို့မှာ ရှိသင့်ရှိထိုက်တဲ့ အရည်အသွေး လေးချက်ကို မှတ်ထား ကြပါ။ အဲဒါကို ဘုန်းဘုန်းတို့စာပေမှာတော့ **'ဣဒ္ဓိပါဒ'** လို့လည်း ခေါ်တယ်။ **'အဓိပတိ'** လို့လည်း ခေါ်တယ်။ အဲဒါ ၄လေးမျိုးရှိတယ်။

**'ဣဒ္ဓိပါဒ'**တဲ့။ **'ဣဒ္ဓိ'** ဆိုတာ အောင်မြင်ခြင်း၊ ကြီးပွားခြင်း အစွမ်း တန်ခိုး။ **'ပါဒ'** က အကြောင်းတရား။ လောကမှာ တန်ခိုးကြီးတယ်၊ အစွမ်း ထက်တယ်ဆိုတာ အဲဒီအစွမ်းထက်ခြင်းရဲ့ အကြောင်းတရား လေးမျိုးရှိလို့။ **'အဓိပတိ'**ဆိုတာ လွှမ်းမိုးကြီးစိုးနိုင်တဲ့အရာကို ဆိုလိုတာ။ အဲဒါဘာတုံး ? လို့ဆိုရင် . . .

**ဆန္ဒ။ 'ဆန္ဒ'** ဆိုတာ ဗမာစကားမှာလည်း ရှိနေတဲ့အတွက်ကြောင့် ကလေးတို့အားလုံး နားလည်ပြီးသားနော်။ ဆန္ဒကို 'လိုချင်တာ'လို့ ပြောရင် လောဘနဲ့ ရောနေမယ်။ ကဲ. . . ကလေးတို့ တရားအားထုတ်ချင်တာနဲ့ ပွဲကြည့်ချင်တာ မတူဘူးနော်။ ပွဲကြည့်ချင်တာက လောဘ၊ တရားအားထုတ် ချင်တာက ဆန္ဒ။ ဆန္ဒဆိုတာ ကိုယ်သိမ်းပိုက်ဖို့ မဟုတ်ဘူး။ ဟုတ်ရဲ့လား? ကလေးတို့ လှူချင်တယ်၊ တန်းချင်တယ်၊ ကိုယ့်ကျင့်တရားတွေ ထိန်းသိမ်း ချင်တယ်၊ အဲဒါက ဆန္ဒ။

ပျော်ချင်တယ်, ပါးချင်တယ်ဆိုတာတွေက လောဘ။ ကိုယ့်အတွက် အာရုံခံစားဖို့ လိုချင်တာတွေက လောဘ၊ ဟုတ်ရဲ့လား ?။ မျက်စိနဲ့ကြည့်ပြီးတော့ အပျော်ကို ရှာတယ်။ နားနဲ့ နားထောင်ပြီးတော့လည်း အပျော်ကို ရှာတယ်။ သီချင်းလေးနားထောင်ပြီးတော့ ပျော်တာကို ရှာတယ်နော်။ နှာခေါင်းနဲ့ အမွှေးအကြိုင်လေးတွေကို နမ်းရှုံ့ပြီးတော့ ပျော်ရွှင်မှုကို ရှာတယ်။ လျှာနဲ့ ကောင်းတဲ့ အရသာလေးတွေကို စားပြီးတော့ ပျော်ရွှင်မှုကို ရှာတယ်။ အဲဒီလို ပျော်ရွှင်မှုကို လိုချင်တဲ့ Desire ကျတော့ 'လောဘ'လို့ခေါ်တယ်။

ဆန္ဒကျတော့ အဲသလိုမဟုတ်ဘူး။ Wish to do. လုပ်ချင်တယ်။ အများကောင်းကျိုး ဆောင်ရွက်ချင်တယ်၊ ဥပုသ်စောင့်ချင်တယ်၊ တရားနာချင် တယ်၊ ပညာရှာချင်တယ်၊ အတတ်တတ်ချင်တယ်၊ ဟုတ်ရဲ့လား ?။ ပညာတွေ တတ်ချင်တယ်၊ ဒါတွေကျတော့ 'ဆန္ဒ'လို့ခေါ်တယ်နော်။ အဲဒီဆန္ဒမရှိပဲနဲ့

မအောင်မြင်နိုင်ဘူး။ ဒါကြောင့်မို့ Wish to do ဆိုတဲ့ ဆန္ဒဟာ မှတ်ထားဖို့ရာက Chanda makes the impossible possible. ဆန္ဒတရားသည် မဖြစ်နိုင်တာကို ဖြစ်အောင် လုပ်တတ်တယ်။ ဟုတ်ရဲ့လား? ဆန္ဒရှိလာရင် မဖြစ်နိုင်တဲ့ အရာဆိုတာ မရှိဘူး၊ ဖြစ်နိုင်တယ်။ ဒါကြောင့်မို့ Chanda makes the impossible possible. Impossible ကို Possible ဖြစ်အောင် လုပ်မယ်၊ ဟုတ်ရဲ့လား ?၊

ကဲ. . . ဆန္ဒလေးတွေရှိရုံနဲ့ မပြီးသေးဘူး။ နောက်က တကယ်လက်တွေ့ အကောင်အထည်ဖော်ဖို့ လိုတယ်။ တကယ်လုပ်ဖို့ လိုတယ်။ အဲဒါကို **'ဝီရိယ'** လို့ ခေါ်တယ်။ အင်္ဂလိပ်လိုတော့ Effort/Energy. အဲဒီ ဝီရိယကလည်းပဲ Effort makes the impossible possible. ဝီရိယသည် မဖြစ်နိုင်တာကို ဖြစ်နိုင်အောင်လုပ်တယ်။ ဖြစ်အောင်လုပ်တယ်။ ဟုတ်ရဲ့လား?

ကဲ. . . ဆန္ဒရှိပြီးတော့ နောက်က လုံ့လရှိရမယ်။ ရှိလာတဲ့အခါ စိတ်ဓာတ်ခိုင်မာဖို့လည်း လိုသေးတယ်။ စိတ်ဓာတ်ပျော့ညံ့နေတဲ့ ပုဂ္ဂိုလ်ဟာ မအောင်မြင်ဘူးဆိုလို့ရှိရင် လုံ့လလျှော့သွားတတ်တယ်။ အဲဒါကြောင့်မို့လို့ Determine ဖြစ်တဲ့ စိတ်ဓာတ်မျိုး၊ ခိုင်မာတဲ့ စိတ်ဓာတ်မျိုးရှိဖို့ လိုသေးတယ်။ အဲဒါကြောင့်မို့လို့ Mind makes the impossible possbile. Mind ကလည်း အင်မတန်လိုသေးတယ်။ ဟုတ်ရဲ့လား။ Mind makes the impossible possible. ခိုင်မာတဲ့စိတ်ဓာတ်သည် မဖြစ်သေးတာကို ဖြစ်အောင် လုပ်နိုင်တယ်။

နောက်တစ်ခုက **'ဝီမံသ'**။ ဝီမံသ ဆိုတာ အဆင်ခြင်ပညာ။ ဘယ်အရာဖြစ်ဖြစ် ဘယ်လိုလုပ်သင့်တယ်၊ မလုပ်သင့်ဘူး ခွဲခြားသိတယ်။ လုပ်သင့်တာကို လည်းပဲ ဘယ်လိုလုပ်သင့်တယ်ဆိုတာကို သိတယ်။ အဲဒါမျိုးကို ဝီမံသ။ အရာရာမှာ စူးစမ်းဆင်ခြင်ပြီးလုပ်တာကို 'ဝီမံသ'လို့ခေါ်တယ်။ အဲဒီ ဝီမံသ ဆိုတဲ့ Knowledge ပဲ ဆိုပါတော့။ Knowledge makes the impossible possible = အသိဉာဏ်၊ အဆင်ခြင်ပညာသည် မဖြစ်သေးတာကို ဖြစ်အောင် လုပ်နိုင်တယ်နော်။

အဲဒီလေးချက်ဟာ အင်မတန်မှ အရေးကြီးတယ်။ နံပါတ် ၁ က ဘာတုံး? ဆိုတော့ ဆန္ဒ။ နံပါတ် ၂ က ဝီရိယ။ နံပါတ် ၃ က စိတ်ဓာတ်။ နံပါတ် ၄ က ပညာ။ အဲဒီ လေးချက် ပေါင်းစပ်မိသွားလို့ရှိရင် ကလေးတို့ဘဝမှာ ဘာဖြစ်ချင်သလဲ? ဖြစ်ချင်တာတွေ အကုန်လုံး Make the impossible possible = ဖြစ်နိုင်တာတွေ အကုန်ဖြစ်တယ်။ ဒါကို 'ဣဒ္ဓိပါဒ်လေးပါး'လို့ ခေါ်ပါတယ်။

အဲဒီ ဣဒ္ဓိပါဒ်လေးပါးကို မိမိတို့ရဲ့ သန္တာန်မှာ ရင့်ကျက်လာအောင် စွမ်းဆောင်ပြီးတော့ ကြိုးစားကြမယ်ဆိုလို့ရှိရင် ဘဝမှာ တိုးတက်အောင်မြင်မှုကို ရမှာ မလွဲဧကန် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အားလုံးသော ကလေးတို့သည် မိမိတို့ရဲ့ဘဝမှာ တိုးတက်မြင့်မားပြီး အောင်မြင်တဲ့ဘဝခရီးကို လျှောက်လှမ်းနိုင်ကြပါစေလို့. . . .

(လူငယ်များသို့ သဝဏ်လွှာ ၂၀၁၄ စာအုပ်မှ)

# သာဝရကောင်းမြတ်တဲ့အနိုင်ယူခြင်းနဲ့ အနိုင်ယူကျင့်သုံး
# (၂၀၁၅ နှစ်သစ်ကူးသြဝါဒ)

**ဒေါက်တာနန္ဒမာလာဘိဝံသ၊ ပါမောက္ခချုပ်**
**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓတက္ကသိုလ်**

၂၀၁၅ ခုနှစ်ဟာ အကြမ်းဖက်မှုကင်းတဲ့ မေတ္တာနှစ်ဖြစ်ပါစေလို့ ဘုန်းကြီးတို့က ဆုတောင်းမေတ္တာပို့သပါတယ်။ သတ္တဝါအားလုံး ကောင်းတာတွေချည်းပဲ ကြုံတွေ့ကြပါစေ၊ သတ္တဝါအားလုံးအပေါ် မှာ အဆိုးတွေ မရောက်ကြပါစေနဲ့ဆိုတဲ့ မေတ္တာစေတနာထားပြီးတော့ အားလုံးအကောင်းတွေ ဖြစ်ကြဖို့ လူသားအချင်းချင်း လှည့်ပတ်ခြင်း ကင်းကြပါစေ၊ လူသားအချင်းချင်း ဆင်းရဲခြင်းမှ ကင်းရှင်းကြပါစေ၊ အဲ့ဒီလို အချင်းချင်း အပြန်အလှန် မေတ္တာတွေ ထားနိုင်ကြမယ်ဆိုရင် ကမ္ဘာကြီးမှာ အကြမ်းဖက်မှုတွေ လျော့ကျသွားမှာ ဖြစ်ပါတယ်။ မြတ်ဗုဒ္ဓရဲ့အဆုံးအမအတိုင်း လိုက်နာကျင့်သုံးနိုင်မှသာလျှင် အကြမ်းဖက်မှုတွေဟာ လွတ်ကင်းနိုင်မှာ ဖြစ်ပါတယ်။

ဒီလိုအကြမ်းဖက်မှုတွေ လွတ်ကင်းဖို့အတွက် မေတ္တာသုတ်တရားတော်မှာ ဟောပြထားတဲ့အတိုင်း စိတ်ရောကိုယ်ပါ လုံ့ဝရိုးသားတဲ့ စိတ်ဓာတ်မျိုး၊

ပွင့်လင်းတဲ့စိတ်ဓာတ်မျိုးနဲ့သာ အကြမ်းဖက်မှုကင်းတဲ့ မေတ္တာကမ္ဘာ၊ မေတ္တာနှစ်သစ် တည်ဆောက်နိုင်မှာ ဖြစ်တယ်။ အဲ့သလို မေတ္တာ ကမ္ဘာ တည်ဆောက်တဲ့အခါမှာ အချင်းချင်း အကြံပေးမှု၊ ကောင်းမြတ်တဲ့ အကြံအစည်တွေ လမ်းညွှန်ပေးမှုကိုလည်း တစ်ဦးစကား တစ်ဦးအလေးထားပြီးတော့ လိုက်နာဖို့လည်း လိုတယ်။

စိတ်ဓာတ်တွေဟာ မေတ္တာတွေ လွှမ်းခြုံထားတဲ့အတွက်ကြောင့် မောက်မာတဲ့ စိတ်ဓာတ်မျိုးမထားပဲနဲ့ ပျော့ပျောင်းတဲ့ စိတ်ဓာတ်မျိုး၊ အဲဒီလို စိတ်ဓာတ်မျိုးနဲ့သာလျှင် မေတ္တာနှစ်သစ်ကို တည်ဆောက်နိုင်မှာ ဖြစ်တယ်။ ဒါကြောင့်မို့ အကြမ်းဖက်မှုကင်းတဲ့နှစ်ဖြစ်ဖို့အတွက် အားလုံးဟာ မိမိတို့လိုက်နာရမယ့်အချက်တွေကို လိုက်နာကျင့်သုံးကြပြီး မိမိတို့စိတ်နေသဘောထားတွေကို အားလုံးတစ်ညီတည်း ပြင်ဆင်ပြီးတော့ မြတ်ဗုဒ္ဓရဲ့ အဆုံးအမအတိုင်း တစ်ဦးနဲ့တစ်ဦး အနိုင်ယူတဲ့အခါမှာ အကြမ်းဖက်မှုနဲ့ အနိုင်မယူဘဲ ဒေါသကို မေတ္တာဖြင့် အနိုင်ယူခြင်း၊ လက်နက်ကိုလည်း သည်းခံခွင့်လွှတ်ခြင်းဖြင့် အနိုင်ယူခြင်း အဲဒီလိုထာဝရကောင်းမြတ်တဲ့ အနိုင်ယူခြင်းနဲ့ အနိုင်ယူကျင့်သုံးနိုင်မှသာလျှင် ၂၀၁၅ ခုနှစ်ဟာ မေတ္တာတွေလွှမ်းခြုံတဲ့ မေတ္တာနှစ်ဖြစ်မှာပါ။ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေအနေနဲ့ မြတ်ဗုဒ္ဓရဲ့ အဆုံးအမကျင့်စဉ်များကို လိုက်နာကျင့်သုံးခြင်းဖြင့် အကြမ်းဖက်မှုကင်းတဲ့ မေတ္တာနှစ်ကို ကြိုဆိုပြီး မေတ္တာနှစ်ဖြစ်အောင် ဝိုင်းဝန်းဆောင်ရွက်ကြပါလို့ နှစ်ဦးမင်္ဂလာအခါသမယမှာ အားလုံးသော ဗုဒ္ဓဘာသာဝင်သူတော်စင်တို့အား တိုက်တွန်းပြောကြားလိုပါတယ်။

**(၂၀၁၅-ခု၊ ဇန်နဝါရီလ ၁ ရက်၊ ၁၃၇၆-ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှ)**

# အထွေထွေ ဆောင်းပါးများ





# ကမ္ဘာတွင်စံပြ တကက္ကသွင့်ပြီ

**□ အရှင်နန္ဒမာလာဘိဝံသ**

၁၃၄၀ ပြည့်နှစ်၊ ဝါဆိုလဆန်း ၅ ရက်နေ့တွင် မင်းကွန်းတောင်ရိုး၊ မိုးမိတ်ကုန်းမြေ၌ တိပိဋကနိကာယကျောင်းတော်ကြီးကို စတင်တည်ထောင် ဖွင့်လှစ်ခဲ့လေသည်။

မင်းကွန်းတောင်ရိုးသည် မန္တလေးအနောက် ဧရာဝတီမြစ်တဖက်ကမ်းစပ်တွင် တည်ရှိပြီး ကျောင်းကန်ဘုရားစေတီများဖြင့် အလှဆင်ထားရာ ရှုခင်းသာလှပေသည်။

မြန်မာပြည်သာသနာ့သမိုင်းကြောင်းကို ပြန်ပြောင်း သုံးသပ်ကြည့်လျှင် မင်းကွန်းတောင်ရိုး၏ အခန်းကဏ္ဍကို ပီပြင်စွာ တွေ့မြင်နိုင်ပေသည်၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝခေတ်များတွင် စစ်ကိုင်းတောင်ရိုး တောင်ဖက်ခြမ်းတွင် သာသနာရောင်လွှမ်းခဲ့လေသည်။ အမရပူရခေတ်တွင် မင်းကွန်းတောင်ရိုးသို့ တိုးချဲ့ပြန့်နှံ့လာခဲ့ပေသည်။

အမရပူရ ပဋမမြို့တည် ဘိုးတော်မင်းတရားကြီးသည် မင်းကွန်းတောင်ရိုးကို များစွာအာရုံ စိုက်ခဲ့သူ ဖြစ်သည်။ မြန်မာပြည်၌ အကြီးဆုံးစာရင်းဝင်ဖြစ်သည့် ပုထိုးတော်ကြီး (၁၁၅၂ ခု)၊ အတောင် ၆၀ အမြင့်ရှိ ခြင်္သေ့ကြီး ၂ စီး (၁၁၅၆ ခု)၊ ကြေးချိန်ပိဿာ ၅၅၅၅၅ ပိဿာရှိ ခေါင်းလောင်း

ကြီး (၁၁၇၀ ပြည့်နှစ်) တို့ကို မင်းကွန်းတောင်ရိုးတွင် တည်ထားကိုးကွယ်ခဲ့လေသည်။

**မင်းကွန်း**ဟူသော အမည်သည် ၁၁၅၂ ခု ပုထိုးတော်ကြီး အုတ်မြစ်ချသည့် အခါမှ စတွင်လာသော အမည် ဖြစ်၏။ ၁၁၅၂ ခု၊ တပိုတွဲလဆန်း ၅ ရက် တနင်္ဂနွေနေ့တွင် ပုထိုးတော်ကြီးကို အုတ်မြစ်ချပြီး တောင်ခြေရှိ မင်းရွာကို **'မင်းကွန်း'**ဟု ပြင်ဆင် မှည့်ခေါ် စေခဲ့လေသည်။

အမရပူရခေတ်တွင် ကဏ္ဍသစ် ဖွင့်လှစ်ခဲ့သော မင်းကွန်းတောင်ရိုးသာသနာသည် တစထက်တစ ပြန့်ပွါးတိုးတက်လာခဲ့ပေသည်။ မန္တလေးခေတ်တွင် ထင်ပေါ်ကျော်ကြားသည့် ဆရာတော်ကြီးများသည် မင်းကွန်းတောင်ရိုးတွင် တောဝင်ပြီး အာရညကင်ဓုတင်အကျင့်ကို ကျင့်သုံးဆောက်တည်တော်မူခဲ့ကြလေသည်။ ထိုတွင် မင်းကွန်းတောင်ရိုး၌ ခေါင်းချသည်အထိ သီတင်းသုံးနေထိုင်သွားသော ဆရာတော်တပါးမှာ **ရွှေကျင်ဆရာတော်ဘုရားကြီး** ဖြစ်သည်။

စစ်ကြိုခေတ် မင်းကွန်းသာသနာသည် တရှိန်ထိုးတက်ရန် အားယူနေသည့် အနေအထားတွင် ရှိသည်၊ ၁၃၁၅ ခုနှစ် မြန်မာ့ခေတ်တွင် အမြင့်ဆုံးအဆင့်သို့ ရောက်လာပြီဟု ဆိုနိုင်၏၊ ထိုနှစ်၌ မင်းကွန်းတောင်ရိုး ဓမ္မနာဒချောင်ဆရာတော်ကလေး **(အရှင်ဝိစိတ္တသာရာဘိဝံသ)**သည် မြန်မာပြည်တွင် ပဌမဆုံး တိပိဋကဓရဘွဲ့ထူးကို ဆွတ်ခူးရရှိသောကြောင့်ပင် ဖြစ်သည်။

တိပိဋကဓရဆရာတော်ကို အကြောင်းပြု၍ မင်းကွန်းတောင်ရိုးကြီးကို အများက အာရုံစိုက်လာကြသည်၊ တိပိဋကသရဖူဆောင်းထားသဖြင့် မင်းကွန်းတောင်ရိုးသည် ကမ္ဘာ့အလယ် ထည်ဝါခန့်ငြားနေပေသည်။

၁၃၄၀ ပြည့်နှစ်သည် အရှင်ဝိစိတ္တသာရာဘိဝံသဆရာတော် တိပိဋကဓရဘွဲ့ရပြီးနောက် ၂၅ နှစ်မြောက် ဖြစ်သည်၊ ထိုနှစ် အထိမ်းအမှတ်အဖြစ် မိုးမိတ်ကုန်းမြေတွင် **'တိပိဋကနိကာယကျောင်းတော်ကြီး'**ကို တည်ထောင်ကာ သာသနာ့သမိုင်း ကဏ္ဍသစ်တရပ် ဖွင့်လှစ်နိုင်ခဲ့လေသည်။

၁၃၄၀ ပြည့်နှစ်တွင် ကမ္ဘာတွင် စံပြဖြစ်ထိုက်သည့် တိပိဋကနိကာယ ကျောင်းတော်ကြီးကို မင်းကွန်းတောင်ရိုး၊ မိုးမိတ်ကုန်းမြေ၌ တည်ထောင် ဖွင့်လှစ်ပေးခဲ့လေသည်၊ ထိုနှစ်ကား ဆရာတော် တိပိဋကဘွဲ့ရပြီးနောက် ၂၅ နှစ်မြောက်ဖြစ်သည်၊ မိမိရရှိအပ်သော တိပိဋကလစာ အလှူတော်ငွေများကို နိကာယ်သာသနာတော်အား ပူဇော်လှူဒါန်းလိုက်ပြီး၊ ထိုသို့ လှူဒါန်းလိုက်ရ သဖြင့် မိမိ၏ အပန်းအနွမ်းတွေ ပြေငြိမ်းသွားပြီဟု ယူဆဝမ်းမြောက်ပါကြောင်း မိန့်ကြားခဲ့လေသည်။

ထိုကျောင်းတော်ကြီးသည် ၃ နှစ်အတွင်းမှာပင် ကြီးမားသော အဟုန် ဖြင့် ဘက်စုံ ဖွံ့ဖြိုးတိုးတက်နေပေသည်၊ ဖွင့်စနှစ်တွင် စာသင်သားသံဃာ အနည်းငယ်မျှသာ ရှိသော်လည်း ၁၃၄၃ ခုနှစ်၌မူ ၄၀ ကျော်အထိ တိုးတက် များပြားလာခဲ့ပေသည်။

မဝေးတော့သည့် အနာဂတ်ကာလမှာပင် တိပိဋကဓရ အာဇာနည် ပုဂ္ဂိုလ်ကျော်တွေ ထွက်ပေါ်လာပေတော့မည်၊ မင်းကွန်းတောင်ယံတွင် မိုးမိတ် စေတီတော်ကြီးမှ ဆည်းလည်းသံနှင့်အတူ တိပိဋကဓရ လောင်းလျာ အာဇာနည် အရှင်မြတ်များ၏ ဓမ္မပဲ့တင်သံတွေ လွင့်ပျံ့နေပေပြီတကား။

**အရှင်နန္ဒမာလာဘိဝံသ**
**သ၊စ၊အ၊ ဓမ္မာစရိယ၊ ပါဠိပါရဂူ၊**
**မဟာသုဗောဓာရုံတိုက်၊ စစ်ကိုင်းမြို့။**
**(၉. ၁၁. ၈၁)**

**(မင်းကွန်းဆရာတော်ကြီး၏ တိပိဋက ငွေရတုစာစောင်မှ)**



# ငွေတောင်မှ ရွှေရောင်ဖြာသည်

□ **အရှင်နန္ဒမာလာဘိဝံသ**

**“သမ္မာပဋိပတ္တိ သာသနဿ အာယု”** ဟူသည်နှင့်အညီ မှန်ကန်သော အကျင့်သည် သာသနာတော်၏ အသက်ဖြစ်ပါသည်။

မှန်ကန်သောအကျင့်သည် မှန်ကန်သောသင်ကြားမှုတွင် အခြေခံလျက်ရှိပြီး မှန်ကန်သောသင်ကြားမှုသည် ပရိယတ္တိစာသင်တိုက်များ၏ ပဓာန အလုပ်ပင် ဖြစ်ပါသည်။

ပရိယတ္တိစာသင်တိုက်များသည် ပိဋကသုံးသွယ် နိကာယ်ငါးဖြာ ဓမ္မက္ခန္ဓာများကို စနစ်တကျ သင်ယူစေခြင်းဖြင့် မှန်ကန်သော သင်ကြားမှုကို ပေးကြပါသည်။ မှန်ကန်သော သင်ကြားမှုကို အခြေခံ၍ သန္တိသုခရရှိရန် မှန်ကန်စွာ ကျင့်နိုင်ကြပါသည်။ ထိုသို့မှန်ကန်စွာ ကျင့်နိုင်ခြင်းကြောင့် သာသနာတော်သုံးဖြာ ရှည်ကြာခိုင်ခံ့ တည်တံ့ပြန့်ပွားခဲ့ရပါသည်။

ဤသို့ မကင်းစကောင်း အကြောင်းအကျိုး ဆက်နွယ်လျက်ရှိနေသည်ကို ရှုမြင်သုံးသပ်ခြင်းဖြင့် သာသနာတော်အတွက် ပရိယတ္တိစာသင်တိုက်များ၏ အနေအထားကို ပြတ်သားစွာ မြင်နိုင်ပါသည်။

ထေရဝါဒသာသနာ ထွန်းကားရာ နိုင်ငံများတွင် မြန်မာနိုင်ငံသည် အမြင့်ဆုံးအဆင့်၌ ရပ်တည်လျက် ရှိပါသည်။ ထိုသို့ ရပ်တည်နိုင်ခြင်းသည် ပရိယတ္တိစာသင်တိုက်များ ထွန်းကားနေခြင်းကြောင့် ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပရိယတ္တိခိုင်မာခြင်းကြောင့်သာ ပဋိပတ္တိခိုင်မာနေခြင်းဖြစ်ကြောင်း ယုံမှားဖွယ်မရှိပါ။

မြန်မာနိုင်ငံရှိ ပရိယတ္တိစာသင်တိုက်များကို အကြမ်းအားဖြင့် ဤသို့ သုံးဆင့်ခွဲခြား မှတ်သားနိုင်ပါသည်။

(က) သံဃာ တရာမှအထက် စာသင်တိုက်အကြီးစား
(ခ) သံဃာ ငါးဆယ်မှ တရာအထိ စာသင်တိုက် အလတ်စား
(ဂ) သံဃာ ငါးဆယ်အောက် စာသင်တိုက် အငယ်စားဟူ၍ ဖြစ်ပါသည်။

ထိုသုံးဆင့်တွင် ငွေတောင်တောရစာသင်တိုက်သည် သံဃာ ၂၀၀ ခန့်ရှိနေသဖြင့် စာသင်တိုက်အကြီးစားတွင် ပါဝင်လျက် ရှိပါသည်။

ငွေတောင်တောရစာသင်တိုက်ကို ၁၂၉၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သဖြင့် ၁၃၄၅ ခုနှစ်တွင် စာသင်တိုက်သက်တမ်း နှစ်ငါးဆယ် ပြည့်ခဲ့ပေသည်။ ဤမျှသက်တမ်းရလျက် ဆက်လက်တိုးတက်နေသည်မှာ အင်အားသုံးရပ် အချိုးညီညီ ပေါင်းစပ်ခြင်းကြောင့် ဖြစ်ပါသည်။

(၁) နာယကဆရာတော်ဘုရားကြီးအမှူးပြုသော စာချပုဂ္ဂိုလ်များ၏ ဩဝါဒတရားနှင့်သင်ကြားပို့ချ ပေးနိုင်မှုအင်အား
(၂) သောတုဇနများ၏ သဒ္ဓါပိုက လုံ့လဖွဲ့ဖြင့် အားခဲသင်ယူနိုင်မှုအင်အား

(၃) စတုပစ္စယဒါယကာများ၏ သဒ္ဓါရှင်လန်း လှူဒါန်းနိုင်မှုအင်အား တို့ ဖြစ်ပါသည်။

မှန်ပါသည်။ ပရိယတ္တိစာသင်တိုက်များ၌ အဆိုပါအင်အားသုံးရပ်သည် မရှိမဖြစ်သော အကြောင်းထူးများပင် ဖြစ်ပါသည်။ အင်အားသုံးရပ် အချိုးညီညီ ပေါင်းစပ်မှုမရှိပါက မည်သည့်စာသင်တိုက်မှ မကြီးပွားနိုင်ပါ။ ဤငွေတောင်တောရစာသင်တိုက်သည် အင်အားသုံးရပ် အချိုးညီညီ ပေါင်းစပ်နေသဖြင့်သာ ဤမျှတိုးတက်လာခြင်း ဖြစ်ပေသည်။

**"ငွေတောင်တောရ"**ဟူသော အမည်သည် သုတိသာရုံမက ရဟန်းသံဃာများသီတင်းသုံးရန် သင့်လျော်သော ဌာနဖြစ်ကြောင်း **"တောရ"**ဟူသော ဝေါဟာရက ဖော်ပြနေပေသည်။

ငွေတောင်တောရစာသင်တိုက်ကြီးသည် နှစ်တရာ၏ ထက်ဝက်ခရီးကို ဖြတ်ကျော်လျက် ရှိသည်။ စာသင်တိုက်၏ ပဓာနအင်အားစုများဖြစ်သည့် စာချစာသင်အရှင်များ၏ ဦးရေသည် အစဉ်တိုးတက်လျက်ရှိသည်ကို တွေ့ရပါသည်။

ဆရာတော်ဘုရားကြီး၏ ဦးဆောင်လမ်းညွှန်မှုအပိုင်းသည်လည်းကောင်း၊ တာဝန်ခံ ဦးစီးစာချဆရာတော် **ဦးသုမန**(အစိုးရဓမ္မာစရိယ) နှင့် **ဦးပညာသိရီ** (အစိုးရဓမ္မာစရိယ၊ ပါဠိပါရဂူ)တို့ အမှူးပြုသော ဂဏဝါစကစာချဘုန်းကြီးများ၏ သင်ကြားမှုအပိုင်းသည်လည်းကောင်း ထူးခြားသစ်လွင် ပီပြင်လျက် ရှိပါသည်။ သို့ဖြစ်၍ စာသင်သားသံဃာဦးရေနှုန်းထားသည် အစဉ်ထာဝရ ဦးမော်နေပေသည်။

ငွေတောင်တောရစာသင်တိုက်သည် ၁၃၄၅ ခုနှစ်တွင် နှစ်ငါးဆယ်ခရီးကို ဖြတ်ကျော်ခဲ့ပါသည်။ အောင်မြင်မှု သရဖူကို ဆောင်းလျက် ရွှေရတုမုခ်ဦးသို့ ပန်းဝင်လျက် ရှိသည်။ သာသနာချစ်သူတိုင်းက လှိုက်လှိုက်လှဲလှဲ ကြိုဆိုလျက် ရှိကြပေသည်။

ငွေတောင်တောရ၏ အင်အားစုများသည် ငွေတောင်တောရကို ထွန်းပြောင်စေသည့် ရွှေရောင်များပင် ဖြစ်ပါသည်။ ရွှေရတုမုခ်ဦးကြီးသို့ ပန်းဝင်လာစဉ် ငွေတောင်မှ ရွှေရောင်တွေဖြာလျက် ရှိသည်ကို တွေ့ရပေသည်။ ရွှေရောင်ဖြာလျက်ရှိသော ငွေတောင်သာသနာသည် စိန်ရတုမုခ်ဦးသို့ ဆက်လက်ချီတက်ပေဦးမည်။

**အရှင်နန္ဒမာလာဘိဝံသ**
**သ၊ စ၊ အ ဓမ္မာစရိယ၊ ပါဠိပါရဂူ**
**မဟာသုဓောဓာရုံတိုက်၊ စစ်ကိုင်းမြို့**

**(၁၃၄၅-ခုနှစ်ထုတ်၊ မန္တလေးတိုင်း၊ တပ်ကုန်းမြို့**
**ငွေတောင်တောရ ပရိယတ္တိစာသင်တိုက် ရွှေရတုသဘင်နှင့်**
**တတိယမြောက် ဘဒ္ဒန္တသောဘန သက်တော် ၇၅ နှစ်ပြည့်**
**စိန်ရတုသဘင် စာစောင်မှ)**



# မန်ကျည်းပင်ကြီးမှ အမှတ်တရ

**□ အရှင်နန္ဒမာလာဘိဝံသ**

ပင်းဇင်းရွာ ရွှေဂူဘုရားတောင်ဘက်တွင် ဧရာမမန်ကျည်းပင်ကြီး တပင် ရှိ၏။ ဝက်လက်-လှတော ကားလမ်းမကြီးမြောက်ဘက် ကပ်လျက် ပင်းဇင်းရွာ မစိုးရိမ်ကျောင်းဝင်းအတွင်းရှိ မန်ကျည်းပင်အိုကြီးပင် ဖြစ်သည်။

စာရေးသူသည် တခါက ပင်းဇင်းရွာသို့ ရောက်ရှိခဲ့ပါသည်။ ရွှေဂူကျောင်းတွင် တည်းခို၍ အနီးရှိ ရွှေဂူဘုရားကို ဖူးယင်း မစိုးရိမ်ဆရာတော် **'ဦးစန္ဒိမာ'** ကိုလည်း ဝင်ရောက်ကန်တော့ခဲ့ပါသည်။

ဆရာတော်ဦးစန္ဒိမာနှင့်အတူ ကျောင်းဝင်းအတွင်း လှည့်လည် ကြည့်ရှုယင်း နှစ် ၂၀၀ ခန့် သက်တမ်းရှိမန်ကျည်းပင်ကြီးအောက်သို့ ရောက်သွားကြပါသည်။

နှစ်ပေါင်းကြာလှ၍ အိုမင်းရင့်ရော်နေသော မန်ကျည်းပင်ကို ကြည့်ယင်း ဆရာတော်ဦးစန္ဒိမာက "ရွှေကျင်ဆရာတော်ကြီး ရှိမှကား တောရကျောင်းက ရွှေကျင်ကြွတိုင်း ဒီမန်ကျည်းပင်ကြီးအောက်မှာ တည်းခိုလေ့ ရှိတယ်လို့ အဘိုးအဘွားတွေ ပြောတာကို ကြားလိုက်ရဖူးတယ်"ဟု အမိန့်ရှိပါသည်။

ထိုအခါ စာရေးသူက စိတ်ပါဝင်စားစွာဖြင့် "ရွှေကျင်ဆရာတော်ကြီး ရှိမ္ဗကားတောရကျောင်းက ရွှေကျင်ကြွတာ ဘယ်နှစ်လောက်က ဖြစ်နိုင်ပါ သလဲဘုရား?" ဟု မေးလျှောက်သည်။

"အင်း - အတိအကျတော့ မပြောနိုင်ပါဘူး၊ ဒါပေမယ့် ခန့်မှန်းလို့ ရပါ တယ်။ အဘိုးအဘွားတွေကတော့ ဒီမန်ကျည်းပင်ကြီးအောက်မှာ ရွှေကျင် ဆရာတော်ကြီး ဟောသွားတဲ့ တရားတောင် မှတ်မိနေကြပါတယ်"

"အမိန့်ရှိပါဘုရား"

ရွှေကျင်ဆရာတော်ကြီးက မင်းတုန်းမင်း နန်းတက်စ ခေါ်တောတော ကျောင်းမှာ နေတယ်။ ဒီနောက်တော့ ရှိမ္ဗကားအနောက်မြောက်ဘက်မှာ တောရကျောင်းတစ်ကျောင်း ရှိတယ်။ အဲဒီမှာ ပထမဆုံး နေတယ်။ **'ခေမာသိဂ အဘာယဂိရိ'**ခေါ်တယ်လို့ သိရတယ်။ အဲဒီကနေ မင်းတုန်းမင်းက မန္တလေးပင့်၊ မန္တလေး ရောက်ပြီးနောက်လည်း ရှိမ္ဗကားကို မကြာခဏ ကြွလာပြီး သီတင်းသုံးရပါတယ်။ ဒီအခါ သီတင်းသုံးတာကတော့ ရှိမ္ဗကား တောင် တောရကြီးမှာလိုလို သိရတယ်။ ရှိမ္ဗကားတောင် တောရကျောင်း တိုက်မှာ ကျောက်စာတစ်ချပ်တွေ့လို့ ကူးတောင် ယူခဲ့ပါသေးတယ်"။

"အဲဒီကျောက်စာ ကူးယူထားတာ အလွယ်တကူ ရှိပါသလားဘုရား?"

"ရှိပါတယ်"

မစိုးရိမ်ဆရာတော်က အနီးရှိ ဦးဇင်းတပါးကို "ဟဲ့ - မောင်ပဥ္ဇင်း! ငါ့စားပွဲပေါ်က ဗလာစာအုပ် အဝါလေး သွားယူစမ်း"ဟု ခိုင်းလိုက်ပြီး ခဏ စကားပြတ်သွားသည်။

ဦးပဥ္ဇင်းလေး ပြန်ရောက်လာပြီး ဗလာစာအုပ်ဆက်ကပ်သောအခါ မစိုးရိမ်ဆရာတော်က ကူးယူထားသော ကျောက်စာကို ပြသည်။

## အောင်မြေစံလွတ်

"သက္ကရာဇ် ၁၂၂၄ ခုနှစ်၊ နတ်တော်လကစ၍ ရှိမ္ဗကားရွာတောင်တောရ ကျောင်းဆရာတော် ဦးဇာဂဃ သီတင်းသုံးတော်မူရဲ ဘုံသုံးဆင့်ကျောင်း

စသော ဆွမ်းစားကျောင်းရေပေါင်း လေးကျောင်းများကို ငွေတော်ထုတ်၍ ဆောက်လုပ်သည်။

ဣဒံ ပုညံ အာသဝက္ခယာဝဟံ ဟောတု။ ကျောင်းကြပ် ဦးပွင့်။"

"ဒီကျောက်စာကို ကြည့်ယင် ရွှေကျင်ဆရာတော်ဟာ မန္တလေး ရောက်ရှိပြီးမှ ရှိမ္ဗကားတောင်တောရကြီး ကြွရောက်ပြီး သီတင်းသုံးပြန်တယ်လို့ ယူဆရမလို ဖြစ်နေပါတယ်"။

"ဟုတ်တာပေါ့။ **'အင်ကြင်းခက်ကိုင်း - ရွှေကျင်ဂိုဏ်း'**လို့ ဆိုတော့ ရွှေကျင်ဆရာတော် မန္တလေးကြွတဲ့နှစ်က ၁၂၂၂ ခု မဟုတ်လား"

"မှန်ပါ့ဘုရား"

"အဲဒီတော့ ဒီဘက်က ကြွပြီး ဒီမန်ကျည်းပင်အောက် သီတင်းသုံးခဲ့တာဟာ မန္တလေးမကြွမီနဲ့ မန္တလေးကြွပြီးနောက် ရှိမ္ဗကားတောင်တောရကြီးမှာ သီတင်းသုံးတဲ့ ၁၂၂၅ ခုနှစ် ပတ်ဝန်းကျင် ဖြစ်နိုင်တာပေါ့"။

"မှန်ပါဘုရား"။

ရွှေကျင်ဆရာတော်ကြီး ကြွလာတဲ့အချိန်တုန်းက ပင်းဇင်းရွာ ရွှေဂူကျောင်းလဲ ရှိသေးတယ်။ ရွှေကျင်ဆရာတော်ကြီးက ကျောင်း မတဲ့ဘူး၊ ဒီမန်ကျည်းပင်အောက်မှာပဲ တဲတယ်။ ရွှေဂူကျောင်းဘုန်းကြီးကတော့ ကျောင်း ပင့်ပါတယ်။ ရွှေကျင်ဆရာတော်ကြီးက မကြွဘူး။ ဒီမန်ကျည်းပင်ကြီး အောက်မှာပဲ ကွပ်ပျစ်တို့၊ ကန့်လန့်ကာတို့ စီမံပေးရတယ်။ ရွာသူရွာသားတွေကလည်း ရွှေကျင်ဆရာတော်ကြီး ကြွလာလာတယ်ဆိုယင် လာရောက်ဖူးကြတယ်။

တခါ - ရွှေကျင်ဆရာတော်ဘုရားကြီး ဒီမန်ကျည်းပင်အောက် ဟောသွားတဲ့ တရားတပုဒ်ကို ပင်းဇင်းရွာက လူတွေက မှတ်မိနေကြတယ်။

**ဟန္တွာ လဘတိ ဟန္တာရံ ဇေတာရံ လဘတေ ဇယံ။**

**အက္ကောသကော စ အက္ကောသံ၊ ရောသေတာရဉ္စ ရောသကော။**

**အထ ကမ္မဝိဝဋ္ဋေန၊ သော ဝိလုတ္တော ဝိလုပ္ပတိ။**-တဲ့။

အတိုချုပ်ကတော့ "သူများကို မညှင်းဆဲနဲ့၊ ညှင်းဆဲယင် ကိုယ့်ကို ညှင်းဆဲသူ ပေါ်လာတတ်တယ်။ သူများကို အနိုင်မယူနဲ့၊ အနိုင်ယူယင် ကိုယ့်နိုင်သူ ပေါ်လာတတ်တယ်။ သူများကို မဆဲနဲ့၊ ဆဲယင် ကိုယ့်ဆဲသူ ပေါ်လာတတ်တယ်။ သူများကို မစော်ကားနဲ့။ စော်ကားယင် ကိုယ့်စော်ကားသူ ပေါ်လာတတ်တယ်။ သူများပစ္စည်း မလုယက်မခိုးဝှက်နဲ့၊ လုယက်ခိုးဝှက်ယင် ကိုယ့်ပစ္စည်း လုယူခိုးဝှက်သူ ပေါ်လာတတ်တယ်။" တဲ့၊

"ပင်းဇင်း"ရွာက အဘိုးအဘွားတွေဟာ ရွှေကျင်ဆရာတော်ကြီး ဟောသွားတဲ့ တရားကို အရိုးစွဲနေကြတယ်။ ဒီမန်ကျည်းပင်ကြီးအောက် ရောက်တိုင်း ဒီစကားကို ပြောလာခဲ့ကြတာ ဒီကနေ့ထိပါပဲ ဆိုပါတော့"

"မှန်လှပါဘုရား။ ဆရာတော်ဘုရားထံ မန်ကျည်းပင်ကြီးမှ အမှတ်တရ စကားကို ကြားရလို့ ဝမ်းသာလှပါတယ် ဘုရား"

**အရှင်နန္ဒမာလာဘိဝံသ**
**မဟာသုဘောဓာရုံ၊ စစ်ကိုင်း**

**(၁၃၄၇ – ခု ထုတ်၊ စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နယ်၊ ပင်းဇင်းရွာ ဝိနည်းတာတော်ပြန်ပွဲ၊ ၂၅ ကြိမ်မြောက် ငွေရတုသဘင်အထိမ်းအမှတ် တစောင် မှ)**



# ရွှေဟင်္သာဆရာတော်၏ အံ့ဖွယ်ဂုဏ်ရည်များ

**□ အရှင်နန္ဒမာလာဘိဝံသ**

အံ့ဖွယ်ဂုဏ်ရည်ကို ဖော်ပြသော ဒေသနာတော်မျိုးကို **"အဗ္ဘုတဓမ္မ"** ဟု ခေါ်သည်။

ပိဋကစာပေ၌ စကြာမင်း၏ အံ့ဖွယ် လေးမျိုး၊ အရှင်အာနန္ဒာ၏ အံ့ဖွယ် လေးမျိုး၊ သာသနာတော်၏ အံ့ဖွယ် ရှစ်မျိုး၊ ဝေသာလီမြို့နေ ဥဂ္ဂသူကြွယ်၏ အံ့ဖွယ် ရှစ်မျိုး၊ ဟတ္ထကမည်သော အာဠဝီမင်းသား၏ အံ့ဖွယ် ရှစ်မျိုး၊ ဗုဒ္ဓ၏ အံ့ဖွယ်တော် ၂၀၊ အရှင်ဗာကုလ၏ အံ့ဖွယ် ၃၇ စသည်ဖြင့် အံ့ဖွယ်ဂုဏ်ရည် အမျိုးမျိုးတို့ကို လေ့လာဖတ်ရှုရပေသည်။

ဤ၌ ပိဋကစာပေက "အဗ္ဘုတဓမ္မ"များကို စံထား၍ **"ရွှေဟင်္သာ ဆရာတော်"**၏ အံ့ဖွယ်ဂုဏ်ရည် (အစ္ဆရိယ အဗ္ဘုတဓမ္မ)များကို ဉာဏ်သက်ဝင်မိသမျှ တင်ပြလိုပေသည်။

## ဒီဃာယုကတာ

(၁) ယနေ့လူတို့၏ သက်တမ်းသည် တိုတောင်းလှ၍ ၇၅ နှစ်တမ်းဟုပင် ခန့်မှန်းပြောဆိုကြ၏။ ကမ္ဘာ့လူဦးရေ သန်းပေါင်း (ငါးထောင်)ခန့်တွင် ၇၅

နှစ်ပြည့်အောင် နေရသူပင် အလွန်နည်း၏။ ၇၅ နှစ်အထက်နှင့် ရာပြည့် ရာကျော် နေရသူကား ရှားမှရှား ဖြစ်သည်။

"ရွှေဟင်္သာဆရာတော်ဘုရားကြီး"သည် ယနေ့ သက်တော် ၉၃ နှစ် ရှိပြီဖြစ်၍ ရာတွင်းသို့ ရောက်တော်မူလျက် ရှိသည်။ ရှားမှရှားသည့် သက်တော်ရှည်ဆရာတော်တပါးဖြစ်သည်။

ဤသို့ သက်တော်ရှည်ခြင်း (ဒီဃာယုကတာ) ကို ရွှေဟင်္သာဆရာတော် ဘုရား၏ အံ့ဖွယ်ဂုဏ်ရည် (အဗ္ဘုတဓမ္မ)တမျိုးအဖြစ် မှတ်ယူကြရပေမည်။

## ပုညဝန္တတာ

(၂) လူ့ဘဝ၌ အချို့သောသူများသည် အသက်ပင်ရှည်သော်လည်း ဘုန်းကံမရှိကြပေ။ အိုအိုမင်းမင်း ဆင်းတောင့်ဆင်းရဲ နေကြရ၏။ အချို့ကား ဘုန်းကံပင် ရှိသော်လည်း အသက်မရှည်ကြ။ ငယ်ငယ်ရွယ်ရွယ် သေဆုံးကြရသည်။

"ရွှေဟင်္သာဆရာတော်ဘုရား"သည် အသက်ရှည်၍ ဘုန်းကံရှိသော ဘုန်းကြီးသော ဆရာတော်တပါး ဖြစ်သည်။ ဤသို့ ဘုန်းကံကြီးမားတော်မူခြင်းကိုလည်း ရွှေဟင်္သာဆရာတော်၏ အံ့ဖွယ်ဂုဏ်ရည် (အဗ္ဘုတဓမ္မ) တမျိုး အဖြစ် မှတ်ယူကြရပေမည်။

## မဟာပရိဝါရတာ

(၃) အချို့အချို့ ပုဂ္ဂိုလ်များသည် အသက်ရှည်၍ ဘုန်းကြီးသော်လည်း အခြံအရံနည်းပါးလျက် ရှိတတ်သည်။ လွင်ခေါင်ခေါင်တွင် ထီးထီးပေါက်သော သစ်ပင်ကြီးနှင့် အလားတူ၏။

"ရွှေဟင်္သာဆရာတော်"သည် တသောင်းကျော် ရွှေကျင်သံဃာတော်များ၏ ဒုတိယအကြီးအကဲ ဖြစ်တော်မူသဖြင့် များသော အခြံအရံ ရှိတော်မူသည်။ ကြယ်ပေါင်းရံခ ထွန်းပရောင်လင်း ငွေလမင်းပမာ ဖြစ်တော်မူပါပေသည်။

ဤသို့ များသော အခြံအရံရှိတော်မူခြင်း (မဟာပရိဝါရတာ)ကိုလည်း ရွှေဟင်္သာဆရာတော်၏ အံ့ဖွယ်ဂုဏ်ရည် (အဗ္ဘုတဓမ္မ) တမျိုးအဖြစ် မှတ်ယူကြရပေမည်။

## အပ္ပါဗာဓတာ

(၄) အချို့ပုဂ္ဂိုလ်များမှာ အသက်ပင်ရှည်သော်လည်း ရောဂါထူပြောကြ၏။ ကျန်းမာသည်ဟူ၍ မရှိ။ ဆေးဝါးဓာတ်စာဖြင့် မပြတ်ကုမနေကြရ၏။

ရွှေဟင်္သာဆရာတော်ကား ငယ်စဉ်က ကျန်းမာရေးချို့တဲ့သော်လည်း ယနေ့သက်ရွယ်တော် ကြီးမားချိန်၌ ကျန်းမာရေးကောင်းမွန်လျက် ရှိတော်မူသည်။ မကျန်းမာဖြစ်သည်ဟူ၍ မကြားကြရ။ ရောဂါဝေဒနာနည်းပါးလျက် ရှိတော်မူသည်။

ဤသို့ ရောဂါနည်းပါးတော်မူခြင်း (အပ္ပါဗာဓတာ)ကိုလည်း ရွှေဟင်္သာဆရာတော်၏ အံ့ဖွယ်ဂုဏ်ရည် (အဗ္ဘုတဓမ္မ)တမျိုးအဖြစ် မှတ်ယူကြရပေမည်။

## လဟုဋ္ဌာနတာ

(၅) လူ့သက်တမ်း၌ ၉၁ နှစ်မှ နှစ် ၁၀၀ အထိ ၁၀ နှစ်ကာလ အချိန်ပိုင်းကို "သယနဒသက"ဟု သတ်မှတ်ထားကြ၏။ ၉၀ ကျော် ၁၀၀ တွင်း လူအိုမင်းတို့သည် အများအားဖြင့် အိပ်ရာထဲ၌သာ လျောင်းစက်နေကြရ၏။

ရွှေဟင်္သာဆရာတော်ဘုရားကြီးကား သက်တော် ၉၃ နှစ်ရှိပြီ ဖြစ်သော်လည်း ဣရိယာပထ မှုတတော်မူလျက် ရှိသည်။ ၁၂ ဧကခန့် ကျယ်ဝန်းသော ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်အတွင်း တနေ့တခေါက် အချိန်မှန်မှန် လှည့်လည်ကြည့်ရှုတော်မူသည်။ အရွယ်နှင့်မမျှ အထိုင်အထ ပေါ့ပါးသွက်လက်တော်မူသည်။ ခါးကုန်းခြင်း, ကိုင်းခြင်းမရှိ၊ ဖြောင့်မတ်တော်မူသည်။

ဤသို့ အထိုင်အထ ပေါ့ပါးမှုရှိခြင်း (လဟုဋ္ဌာနတာ)ကိုလည်း ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ အံ့ဖွယ်ဂုဏ်ရည် (အဗ္ဘုတဓမ္မ) တမျိုးအဖြစ် မှတ်ယူကြရပေမည်။

## စက္ခုဒုဗ္ဗလရဟိတတာ

(၆) ပကတိကျန်းမာသူများပင် ဖြစ်လင့်ကစား အသက် ၄၀ ကျော် လာလျှင် မျက်စိမှုန်လာတတ်ပေသည်။ မျက်မှန်တပ်ဆင်မှ ကြည်ကြည် လင်လင် မြင်နိုင်ကြ၏။

ရွှေဟင်္သာဆရာတော်ဘုရားကြီးကား ငယ်စဉ်မှစ၍ ယနေ့ သက်တော် ၉၃ နှစ်တိုင်အောင် မျက်စိအမြင် ကြည်လင်လျက် ရှိသည်။ မျက်မှန်မတပ်ပဲ စာကြည့်နိုင် စာရေးနိုင်သည်။

ဤသို့ မျက်စိအမြင် ကြည်လင်ခြင်း၊ မျက်စိမမှုန်ခြင်း (စက္ခုဒုဗ္ဗလ ရဟိတတာ)ကိုလည်း ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ အံ့ဖွယ်ဂုဏ်ရည် (အဗ္ဘုတဓမ္မ)တမျိုးအဖြစ် မှတ်ယူကြရပေမည်။

## သုတိဟီနရဟိတတာ

(၇) လူအများစုမှာ အသက်ကြီးလာသည်နှင့်အမျှ အကြားအာရုံ ရယူမှု ချွတ်ယွင်းလာတတ်ပေသည်။ ပြောသံဆိုသံ သာမန်မျှဖြင့် မကြား။ အသံကို မြှင့်၍သော်လည်းကောင်း၊ နားရင်းကပ်၍သော်လည်းကောင်း ပြောမှ ကြားကြ၏။

ရွှေဟင်္သာဆရာတော်ဘုရားကြီးကား သက်တော် ၉၃ နှစ်ရှိပြီ ဖြစ်သော် လည်း နားပါးလေးလံခြင်း မရှိ၊ ငယ်ရွယ်သူနှင့်မခြား ပကတိပြောသော စကားသံ ကိုပင် ကြားတော်မူသည်။

ဤသို့ နားပါးလေးလံမှု မရှိခြင်း (သုတိဟီနရဟိတတာ)ကိုလည်း ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ အံ့ဖွယ်ဂုဏ်ရည် (အဗ္ဘုတဓမ္မ) တမျိုးအဖြစ် မှတ်ယူကြရပေမည်။

## အခလ္လာဒန္တတာ

(၈) လူအများစုသည် အိုမင်းရင့်ရော် ၈၀ ကျော်သည်နှင့် သွားအားလုံး ပြုတ်ကာ သွားဖုံးမျှသာ ကျန်လေ့ရှိကြ၏။ သွားကျိုးပါးကျိုး၍ မေးရိုးသည် ရှေ့သို့ ထိုးလာ၏။

ရွှေဟင်္သာဆရာတော်ဘုရားကြီးကား သက်တော် ၉၃ နှစ် ရှိပြီဖြစ်သော်လည်း သွားများ ကောင်းမွန်လျက်ပင် ရှိသည်။ သွားမကျိုးသဖြင့် ပြည့်ဝန်းသော မျက်နှာတော်ကို ဖူးတွေ့ကြရသည်။

ဤသို့ သွားကျိုးမှု မရှိခြင်း (အခဏ္ဍဒန္တတာ)ကိုလည်း ရွှေဟင်္သာ ဆရာတော်ဘုရားကြီး၏ အံ့ဖွယ်ဂုဏ်ရည် (အဗ္ဘုတဓမ္မ) တမျိုးအဖြစ် မှတ်ယူကြရပေမည်။

## သတိမန္တတာ

(၉) လူအများစုမှာ ငယ်ရွယ်စဉ်၌ သတိကောင်းကြသော်လည်း သက်ရွယ်ယိုယွင်း အိုမင်းချိန်၌ သတိချွတ်ယွင်းလာတတ်ပေသည်။ သတိချွတ်ယွင်းမှုကြောင့် ပြောပြီးစကားကို ထပ်ခါတလဲလဲ ပြောမိခြင်း၊ လုပ်မည့် အလုပ်ကိုပင် ခဏအတွင်း မေ့လျော့ခြင်း၊ မှားမှားယွင်းယွင်း ပြောဆိုပြုလုပ်မိခြင်း၊ မကြာခဏ မြင်နေကျ ဖြစ်သူကိုပင် မမှတ်မိခြင်း စသည် ဖြစ်ပေါ် လာတတ်ပေသည်။

ရွှေဟင်္သာဆရာတော်ဘုရားကြီးကား သက်တော် ၉၃ နှစ်ရှိပြီ ဖြစ်သော်လည်း သတိကောင်းလျက် ရှိသည်။ ကြာမြင့်စွာက ပြောခဲ့သည့်စကား၊ ပြုလုပ်ခဲ့သည့် အမှုများကိုပင် အမှတ်တရ ရှိတော်မူသည်။ တခါတရံ စကားစပ်မိ ချိန်တွင် ငယ်စဉ်က မှတ်သားထားသော စာပိုဒ်များကိုပင် ပြန်လည် ရွတ်ဆိုပြ တော်မူတတ်သည်။

ဤသို့ သတိကောင်းခြင်း (သတိမန္တတာ)ကိုလည်း ရွှေဟင်္သာ ဆရာတော်ဘုရားကြီး၏ အံ့ဖွယ်ဂုဏ်ရည် (အဗ္ဘုတဓမ္မ)တမျိုးအဖြစ် မှတ်သား ကြရပေမည်။

# ဓိတိမန္တတာ

(၁၀) လောက၌ လုံ့လဝီရိယရှိသူသည် လူနည်းစုသာ ဖြစ်သည်။ အချို့သောသူများမှာ ငယ်စဉ်က လုံ့လဝီရိယကောင်းကြသော်လည်း အသက်အရွယ်ကြီးလာသောအခါ၌ လုံ့လဝီရိယ လျော့သွားလေ့ရှိကြသည်။

ရွှေဟင်္သာဆရာတော်ဘုရားကြီးကား သက်တော်ကြီးရင့်၍ ၉၃ နှစ်အရွယ်ရှိပြီ ဖြစ်သော်လည်း လုံ့လဝီရိယ လျော့ပေါ့ခြင်း ရှိတော်မမူ။ တပည့်သံဃာများနှင့် ဒါယကာ ဒါယိကာမများအား ဆုံးမဩဝါဒပေးခြင်း၊ သာသနာရေးကိစ္စအဝဝကို စီမံ ညွှန်ကြားခြင်း၊ စာပေကြည့်ရှု ကျမ်းဂန်ရေးသားပြုစုခြင်း၊ အချိန်အားလျော်စွာ တရားနှလုံးသွင်းခြင်း စသည်ဖြင့် အချိန်မလပ် ကြိုးပမ်းအားထုတ်တော်မူလျက် ရှိသည်။

ဆရာတော်ဘုရားကြီးသည် ကျမ်းစာရေးသားပြုစုတော်မူရာ၌ ကိုယ်တိုင်လက်ဖြင့်သာ ရေးသားတော်မူလေ့ရှိသည်။ ၉၃ နှစ်အရွယ်ဆရာတော်ဘုရားကြီး၏ လက်ရေးမှာ မျဉ်းလွတ်ဖြောင့်မတ်လျက် လှပသေသပ်နေပေသည်။ ကျမ်းဂန်ပေါင်း ၃၀ ကျော် ပြုစုရေးသားနိုင်သည့် လုံ့လအား၊ သက်ရွယ်တော်မမှု ကြိုးပမ်းနိုင်မှု ဝီရိယစွမ်းပကားတို့ကား အလွန်ပင် ထူးခြားလှပါပေသည်။

အချို့ပုဂ္ဂိုလ်များသည် ကျမ်းစာများကို ရေးသားပြုစုကြပါ၏။ သို့သော် ကိုယ်တိုင်လက်ရေးဖြင့် ရေးသားကြသည် မဟုတ်၊ ရွှေဟင်္သာဆရာတော်ဘုရားကြီးကဲ့သို့ သက်တော်ကြီးရင့်သည့် အရွယ်ပိုင်းတွင် ရေးသားကြသည်လည်း မဟုတ်၊ ၉၃ နှစ် သက်တော်ကြီးမားသည့် အရွယ်တော်တိုင် ကိုယ်တိုင်လက်ရေးဖြင့် ကျမ်းပြုသည့် ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ဝီရိယစွမ်းအားသည် ကြီးမားလွန်းလှပါပေသည်။

ဤသို့ ကြီးမားလှသည့် လုံ့လဝီရိယနှင့် ပြည့်စုံခြင်း (ဓိတိမန္တတာ) ကိုလည်း ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ အံ့ဖွယ်ဂုဏ်ရည် (အဗ္ဘုတဓမ္မ) တမျိုးအဖြစ် မှတ်ယူကြရပေမည်။

## ပညဝန္တတာ

(၁၁) ရွှေဟင်္သာဆရာတော်ဘုရားကြီးသည် "ပဋိသန္ဓိပညာ"ခေါ် ပင်ကိုယ်ဉာဏ်နှင့် ပြည့်စုံတော်မူသည်။ ပင်ကိုယ်ဉာဏ်တွင် သင်ကြားလေ့လာမှု ပွားများအားထုတ်မှုကြောင့် ဖြစ်ပေါ်လာသော ဉာဏ်များ လောင်းစွက်ထားသဖြင့် ကြီးမားသော ပညာရှင်တပါး ဖြစ်တော်မူသည်။

ကြီးမားသော ပညာရှင်တပါးဖြစ်တော်မူသဖြင့် ဘွဲ့တော်နှင့် လိုက်လျောစွာပင် တကယ့် **"အဂ္ဂမဟာပဏ္ဍိတ"** ဖြစ်တော်မူသည်။ တိုင်းပြည်က အလေးပြုအပ်သည့် တကယ့် **"အဘိဓဇမဟာရဋ္ဌဂုရု"**ဖြစ်တော်မူသည်။

ဤသို့ ကြီးမားသောပညာနှင့် ပြည့်စုံတော်မူခြင်း (ပညဝန္တတာ)ကိုလည်း ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ အံ့ဖွယ်ဂုဏ်ရည် (အစ္ဆရိယဓမ္မ) တမျိုးအဖြစ် မှတ်ယူရပေမည်။

## ပါသာဒိကတာ

(၁၂) ကြည်ညိုဖွယ်ဆောင်ခြင်းသည် ရဟန်းတော်များ ရှိရမည့် ဂုဏ်ရည်တမျိုး ဖြစ်၏။ ဥပဇ္ဈာယ်ဆရာက သဒ္ဓိဝိဟာရိကတပည့်များကို "ပါသာဒိကေန သမ္ပာဒေထ"ဟု တိုက်တွန်းလေ့ရှိသည်။ အနေအထိုင် အပြောအဆို ကြည်ညိုဖွယ်နှင့် ပြည့်စုံစေကြရမည်ဟု ဆိုလိုသည်။

ရှင်တော်ဘုရားက ကြည်ညိုဖွယ်ဆောင်နိုင်ရန်အတွက် သိက္ခာပုဒ်အချို့ကို ပညတ်တော်မူခဲ့သည်။ ထိုသိက္ခာပုဒ်များကို လိုက်နာကျင့်သုံးခြင်းဖြင့် ကြည်ညိုစဖွယ် ဖြစ်လာနိုင်ပေသည်။

ရွှေဟင်္သာဆရာတော်ဘုရားကြီးသည် ကြည်ညိုဖွယ်ဆောင်သည့်နေရာတွင် ယနေ့ခေတ်၏ စံပြဟုပင် ဆိုနိုင်ပါသည်။ ရဟန်းရှင်လူ ပရိသတ်အလယ်၌ ဆရာတော်ဘုရားကြီး၏ ကြည်ညိုမြတ်နိုးဖွယ်အသွင်ကို ဖူးမြင်လိုက်ရသူတိုင်းက လက်အုပ်ချီမိကြပါသည်။

ရွှေဟင်္သာဆရာတော်ဘုရားကြီးသည် ပရိသတ်အလယ်၌သာ ကြည်ညိုဖွယ်ဆောင်သည် မဟုတ်။ မိမိသီတင်းသုံးရာ ကျောင်းဆောင်

အတွင်း သီတင်းသုံးနေစဉ်အခါ၌လည်း ကြည်ညိုဖွယ်ရှိသည်သာ ဖြစ်သည်။ မည်သည့်အချိန် သွားကြည့်ကြည့်၊ ဆရာတော်ဘုရားကြီးသည် သင်းပိုင်, ကိုယ်ရုံတို့ကို အမြဲတမ်း သေသပ်ညီညာစွာ ဝတ်ရုံထားလျက် ရှိသည်။ မျက်မှောက် မျက်ကွယ် နှစ်သွယ်မခြား ကျင့်ဝတ်သိက္ခာလေးစားခြင်းဖြင့်သာ ကြည်ညိုဖွယ် ဆောင်တော်မူသည်။

ဤသို့ ကြည်ညိုဖွယ်ဆောင်ခြင်း (ပါသာဒိကတာ)ကိုလည်း ရွှေဟင်္သာ ဆရာတော်ဘုရားကြီး၏ အံ့ဖွယ်ဂုဏ်ရည် (အစ္ဆရိယဓမ္မ)တမျိုးအဖြစ် မှတ်ယူရ ပေမည်။

ဤမျှဖြင့် ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ အံ့ဖွယ်ဂုဏ်ရည် (အစ္ဆရိယဓမ္မ) များကို တစွန်းတစမျှ တင်ပြလိုက်ရပေသည်။ ဆရာတော် ဘုရားကြီး၏ လေးနက်မြင့်ခက်သော ဤမှတပါး အခြားအခြားသော အစ္ဆရိယဓမ္မ များလည်း ဧကန်ရှိသည်သာ ဖြစ်ပေလိမ့်မည်။

သရဒရာသီ ပြာကြည်မြင့်လွင် ထက်ကောင်းကင်၌ ပေါ်လွင်ထင်ရှား ကြယ်တာရာများကို ရေတွက်ပိုင်းခြား ဂဏန်းမထားနိုင်သကဲ့သို့ ဆရာတော် ဘုရားကြီး၏ အံ့ဖွယ်ဂုဏ်ရည်များကို ရေတွက်ပိုင်းခြား ဂဏန်းထားခြင်းငှာ မည်သူ စွမ်းနိုင်ပါအံ့နည်း?။

**သိဒ္ဓမိဒ္ဓဂုဏာဠ္ဍဿ၊**
**အစ္ဆရိယဗ္ဘုတံ ဂုဏံ။**
**နဘေ ဝိဒ္ဓေ ဘာဂဏံဝ၊**
**ကော တံ ဂဏေတုမုဿဟေ။**

**အရှင်နန္ဒမာလာဘိဝံသ**

**(၁၃၄၈-ခုနှစ်ထုတ်၊ စစ်ကိုင်းတောင်ရိုး၊ ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက် နှစ် (၅၀) မြောက် ရွှေရတုအထိမ်းအမှတ် စာစောင် မှ)**



# ဝိနည်း၏ အသက်

**□ အရှင်နန္ဒမာလာဘိဝံသ**

သာသနာတော်၏ အသက်မှာ ဝိနည်း ဖြစ်သည်။ ဝိနည်း၏ အသက်ကား အဘယ်နည်း?

ဗုဒ္ဓပရိနိဗ္ဗာန်ပွဲတော်သို့ တက်ရောက်လာသည့် သံဃာတော်အရေအတွက်မှာ ခုနစ်သိန်း ရှိ၏။ ထိုစဉ် သံဃာ့ဦးစီးမထေရ်မှာ အရှင်မဟာကဿပ ဖြစ်သည်။ အရှင်မဟာကဿပသည် သံဃာ့အစည်းအဝေးကို ခေါ်ယူပြီး သာသနာတော်အတွက် အရေးတကြီးလိုအပ်သော ဓမ္မဝိနယစုစည်းအတည်ပြုရေး သံဂါယနာကိစ္စကို တင်ပြခဲ့သည်။

"မြတ်စွာဘုရား ဟောကြားပညတ်တော်မူခဲ့သော ဓမ္မဝိနယတွေဟာ စုစုစည်းစည်း မရှိကြသေးဘူး။ သီကုံးမထားတဲ့ ပန်းပွင့်တွေလို အလွယ်တကူ လွင့်ပါးပျောက်ပျက်သွားနိုင်တယ်။ စစ်မှန်တဲ့ ဓမ္မဝိနယများကို စုစည်းထားကြရအောင်"

အရှင်မဟာကဿပမထေရ်မြတ်၏ အဆိုပြုချက်ကို သံဃာတော်များ ထောက်ခံကြိုဆိုကြသည်။ ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးနောက် သုံးလအကြာတွင်

ဓမ္မဝိနယများကို စုစည်းအတည်ပြု သတ်မှတ်ကြမည့် သံဂါယနာအစည်း အဝေးကို ရာဇဂြိုဟ်မြို့ ဝေဘာရတောင် သတ္တပဏ္ဏိလိုဏ်ဂူမဏ္ဍပ်၌ ကျင်းပကြသည်။ ရွေးချယ်ထားသည့် သံဃာ့ခေါင်းဆောင် ရဟန္တာမထေရ်ကြီး ငါးရာတိတိ ကြွရောက်တော်မူကြသည်။

အစည်းအဝေး စတင်ချိန်၌ အစည်းအဝေး သဘာပတိ အရှင်မဟာကဿပမထေရ်ကြီးက "ငါ့ရှင်တို့! ဓမ္မဝိနယနှစ်မျိုးတွင် အဘယ်ကို ပဌမဆုံး စုစည်းကြမလဲ။ ဓမ္မကိုလား?၊ ဝိနယကိုလား?"ဟု မေးမြန်းတော်မူရာ သံဃာတော်များက ဤသို့ အဖြေပေးတော်မူကြ၏။

"အရှင်မဟာကဿပဘုရား! ဝိနည်းဆိုတာ ဗုဒ္ဓမြတ်စွာ သာသနာတော်ရဲ့ အသက်ပါ။ ဝိနည်းတည်နေသမျှ သာသနာတည်ပါတယ်၊ ဒါကြောင့် ဝိနယကို ပဌမဆုံး စုစည်းကြပါစို့ဘုရား"

ဗုဒ္ဓဝစနခေါ် မြတ်စွာဘုရား၏ စကားတော်သည် အခြေခံအားဖြင့် နှစ်မျိုးရှိသည်။ နှစ်မျိုးမှာ ဓမ္မနှင့် ဝိနယတို့ဖြစ်သည်။ ဓမ္မသည် လက်တွေ့ကျင့်သုံးရမည့် လမ်းစဉ်မူဝါဒဖြစ်ပြီး၊ ဝိနယမှာ သံဃာ့အဖွဲ့အစည်း၏ စည်းမျဉ်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ဖြစ်သည်။

အဖွဲ့အစည်းမှန်သမျှ အဖွဲ့ဝင်မှန်သမျှ လိုက်နာရမည့် စည်းမျဉ်းဥပဒေများ ရှိရစမြဲ ဖြစ်သည်။ ဗုဒ္ဓမြတ်စွာ သာသနာတော်၌ အဖွဲ့အစည်း လေးရပ်ရှိသည်။ ဘိက္ခုသံဃာအဖွဲ့စည်း၊ ဘိက္ခုနီသံဃာအဖွဲ့စည်း၊ ဥပါသကာအဖွဲ့အစည်းနှင့် ဥပါသိကာအဖွဲ့အစည်းတို့ ဖြစ်ကြသည်။ ထိုတွင် ဘိက္ခုနှင့် ဘိက္ခုနီသံဃာ့အဖွဲ့အစည်းတို့အတွက် လိုက်နာရမည့် စည်းကမ်းများ၊ စနစ်တကျဆောင်ရွက်ရမည့် နည်းလမ်းများ ရှိသည်။ ၎င်းတို့ကိုပင် "သိက္ခာပဒ= လိုက်နာရမည့် အပိုင်းများ"ဟု ခေါ်သည်။ ၎င်းသိက္ခာပဒများဖြင့် ဘိက္ခု, ဘိက္ခုနီတို့ကို လမ်းညွှန်မှုပြု၏။ အပြောအဆို အပြုအမူများနှင့် ပတ်သက်၍ ယဉ်ကျေးအောင် လေ့ကျင့်ပေးသည်၊ ဆုံးမသည်။ ထို့ကြောင့် ၎င်းသိက္ခာပဒများကိုပင် ဝိနယ(ဝိနည်း)ဟု ခေါ်ရသည်။

ဝိနည်းကို 'သာသနာတော်၏အသက်'ဟု လွှန်ခဲ့သည့် နှစ်ပေါင်း ၂၅၀၀ ကျော်ကပင် မထေရ်ကြီးများက မိန့်မြွက်တော်မူခဲ့ကြသည်။ သာသနာတော်ရှင်သန်တိုးတက်ရေးအတွက် ဝိနည်းမပါပဲ မဖြစ်နိုင်။ ဝိနည်းတည်မှ သာသနာ တည်တံ့နိုင်၏။ ဝိနည်းပျက်လျှင် သာသနာပျက်မည်သာ ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် ဝိနည်းမရှိလျှင် ရှင်ရဟန်းမရှိနိုင်၊ ရှင်ရဟန်းမရှိလျှင် ဗုဒ္ဓဓမ္မများ တတ်သိနားလည်သူ လက်တွေ့ကျင့်သုံးနိုင်သူ မရှိနိုင်ချေ။ သံဃာတော်များသည် နှစ်ပေါင်း ၂၅၀၀ ကျော်သည့် ယနေ့ခေတ်အထိ ဗုဒ္ဓ၏ ဓမ္မဝိနယကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြ၏။ ဆရာတပည့်အဆက်ဆက် လက်ဆင့်ကမ်း သယ်ဆောင်လာခဲ့ကြ၏။ သို့ဖြစ်ရာ ဗုဒ္ဓဓမ္မများကို လက်ဆင့်ကမ်း သယ်ဆောင်လာကြသည့် သံဃာများကို အစဉ်မပျက် လမ်းညွှန်မှုပြုသည့် ဝိနည်းစည်းကမ်းသည် သာသနာတည်တံ့ရေးအတွက် အဓိကအခန်းမှ ပါဝင်လျက် ရှိပေသည်။

"သာသနာတော်၏ အသက်သည် ဝိနည်းဟုဆိုလျှင် ဝိနည်း၏ အသက်ကား အဘယ်နည်း?။ ဝိနည်းသည် ပြစ်မှုကျူးလွန်ရန် ရှက်တတ်သူ (လဇ္ဇီ)၊ လုပ်သင့်,မလုပ်သင့်နှင့် စပ်၍ အလေးထားစဉ်းစားပြီး မလုပ်သင့်ဟု ယူဆပါက လုံးဝရှောင်ကြဉ်တတ်သူ (ကုက္ကုစ္စက)၊ ကျင့်ဝတ်ကို မြတ်နိုးတတ်သူ (သိက္ခာကာမ) ရှင်ကောင်း ရဟန်းကောင်းများတွင် တည်ရှိသည်။ သို့ဖြစ်၍ ဝိနည်းစည်းကမ်းကို ရိုသေလေးစားသည့် ပုဂ္ဂိုလ်များသည်ပင် ဝိနည်း၏ အသက်ဖြစ်၏။ ထိုပုဂ္ဂိုလ်မျိုးမရှိလျှင် ဝိနည်းသည် ရှင်သန်တည်တံ့နိုင်ခြင်း မရှိချေ။

ဝိနည်းရှင်သန်ရေးအတွက် ဝိနည်းကို သင်ယူလေ့ကျက်မည့် ပုဂ္ဂိုလ်များ၊ ဝိနည်းကို ရိုသေလေးစားမည့် ပုဂ္ဂိုလ်များ တိုးပွားအောင် ဆောင်ရွက်ရမည် ဖြစ်သည်။

ဤအချက်ကို အလေးအနက်ထားပြီး အမြော်အမြင်ကြီးမားသည့် ရှေးရှေးဆရာတော်ကြီးများသည် ဝိနည်းစာပြန်ပွဲများကို ကျင်းပပေးခြင်းဖြင့် ဝိနည်းဆောင်ပုဂ္ဂိုလ်များ ထွန်းကားအောင် ဆောင်ရွက်ခဲ့ကြပေသည်။

၎င်း **'ညောင်ပင်ကြီးတော ဝိနည်းစာတော်ပြန်ပွဲ'**သည်လည်း ဝိနည်းဆောင်ပုဂ္ဂိုလ်များ ထွန်းကားအောင် ဆောင်ရွက်ခဲ့သော၊ ဆောင်ရွက်လျက်ရှိသော ဝိနည်းစာပြန်ပွဲတစ်ပွဲပင် ဖြစ်သည်။ ညောင်ပင်ကြီးတော ဝိနည်းစာတော်ပြန်ပွဲကို ဦးစီးတည်ထောင်တော်မူခဲ့သော ဆရာတော်များမှာ စစ်ကိုင်းတောင်ရိုး၊ ပါဠိကာရီသုံးခွချောင်ဆရာတော် **'အရှင်ဝရသာမိဘိဝံသ'**နှင့် ညောင်ပင်ကြီးတော **ညောင်စောက်ဆရာတော်**တို့ ဖြစ်သည်။

ညောင်ပင်ကြီးတော ဝိနည်းစာတော်ပြန်ပွဲသည် နှစ် ၅၀ ပြည့်သည်အထိ တည်တံ့လျက်ရှိပြီး ဝိနည်း၏ အသက်ကို ထိန်းသိမ်းလျက် ရှိပေသည်။ နှစ် ၅၀ မှသည် နှစ် ၅၀၀, နှစ် ၅၀၀၀ မက တည်ရှိပါစေဟု ဆန္ဒပြုဆုတောင်းလိုက်ရပါသတည်း။

**အရှင်နန္ဒမာလာဘိဝံသ**
**မဟာသုဗောဓာရုံကျောင်းတိုက်**
**စစ်ကိုင်း**
**၁၃၅၆-ခု၊ ဝါခေါင်လ**

**(ဝက်လက်မြို့နယ်၊ ညောင်ပင်ကြီးတော ညောင်စောက်**
**ဝိနည်းစာပြန်ပွဲကြီး နှစ် ၅၀ ပြည့် ရွှေရတုစာစောင် မှ)**



# ကဆုန်လနှင့် မြတ်ဗုဒ္ဓ

□ **အရှင်နန္ဒမာလာဘိဝံသ**

ပါဠိဘာသာဖြင့် '**ကဆုန်လ**'ကို '**ဝေသာခ**'ဟု ခေါ်သည်။ ဝိသာခါနက္ခတ်နှင့် ယှဉ်သောလဟု အဓိပ္ပါယ်ရသည်။ ကဆုန်လပြည့်နေ့တွင် လမင်းသည် ဝိသာခါနက္ခတ်နှင့် ယှဉ်ပြိုင်လျက် တက်ထွန်းသည်။

ကဆုန်လသည် ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ဘဝနှင့် ဆက်စပ်လျက်ရှိသဖြင့် ထူးမြတ်သော လတစ်လ ဖြစ်သည်။ ဗုဒ္ဓရှင်တော်မြတ်သည် -

(၁) ကဆုန်လပြည့်နေ့၌ ဖွားမြင်တော်မူခဲ့သည်။

(၂) ကဆုန်လပြည့်နေ့၌ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။

(၃) ကဆုန်လပြည့်နေ့၌ ပရိနိဗ္ဗာန်ပြုတော်မူခဲ့သည်။

ကဆုန်လရောက်တိုင်း ဗုဒ္ဓကို ကြည်ညိုသူများ အမှတ်ရနေကြသည်။ ထူးခြားသော ဖြစ်ပေါ်မှု သုံးရပ်သည် မတူညီသော ခံစားချက်များကို ဖြစ်ပေါ်စေသည်။ ကြည်နူးခြင်း, ဝမ်းသာခြင်းနှင့် ဝမ်းနည်းကြေကွဲခြင်းတို့ပင် ဖြစ်သည်။

(၁) ဗုဒ္ဓမြတ်စွာသည် မဟာသက္ကရာဇ် ၆၈ ခု၊ ကဆုန်လပြည့်နေ့တွင် ကပိလဝတ်နေပြည်တော် လုမ္ဗိနီအင်ကြင်းဥယျာဉ်အတွင်း ဖွားမြင်တော်မူခဲ့သည်။

ဖွားတော်မူပြီးစ ဘုရားအလောင်းတော်သည် ခြေစုံရပ်ကာ မြောက်အရပ်သို့ မျက်နှာမူပြီး ခုနစ်လှမ်းမျှ ကြွလှမ်းလိုက်သည်။ ထီးဖြူတော်ဆောင်းမိုးလျက် ရှိသည်။ အရပ်မျက်နှာအားလုံးကို လှည့်လည်ကြည့်ရှုပြီး ရဲရင့်ပြတ်သားသော စကားကို ယခုကဲ့သို့ မိန့်မြွက်သည်။

**"အဂ္ဂေါ'ဟ'မသ္မိ လောကဿ၊**
**ဇေဋ္ဌော'ဟ'မသ္မိ လောကဿ၊**
**သေဋ္ဌော'ဟ'မသ္မိ လောကဿ၊**
**အယမန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ။"**

**"လောကသားတွေထဲမှာ ငါဟာ ဂုဏ်ရည်အမြင့်ဆုံး ဖြစ်တယ်၊**
**လောကသားတွေထဲမှာ ငါဟာ ဂုဏ်ရည်ကြီးမားဆုံး ဖြစ်တယ်၊**
**လောကသားတွေထဲမှာ ငါဟာ ဂုဏ်ရည်အမြတ်ဆုံး ဖြစ်တယ်၊**
**ယခုဖွားမြင်ခြင်းဟာ နောက်ဆုံးဖွားမြင်ခြင်း ဖြစ်တယ်၊**
**နောက်ထပ် ဘဝတစ်ခုဆိုတာ ယခုအခါ မရှိတော့ဘူး"။**

ထိုစဉ်က ထူးမြတ်သော ဘုရားလောင်းကို မြင်ကြရ၍ သတင်းကြားကြရ၍ တစ်လောကလုံး ကြည်နူးခဲ့ကြသည်။ ဘုရားအလောင်းတော် မွေးဖွားလာခြင်းသည် ယနေ့တိုင် တွေးကြည့်လျှင် ကြည်နူးဖွယ်ပင် ဖြစ်သည်။

(၂) မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ၌ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ထိုနှစ် ကဆုန်လပြည့် နံနက်ပိုင်းတွင် သေနာနိဂုံးရွာ သူဌေးသမီး သုဇာတာသည် ဘုရားအလောင်းတော်အား ရွှေခွက်ဖြင့် နို့ဃနာဆွမ်း ဆက်ကပ်သည်။ ဘုရားအလောင်းသည် နို့ဃနာဆွမ်းကို ဘုဉ်းပေး၍ ရွှေခွက်ကို

နေရဥ္စရာမြစ်ကြောတွင် မျှောလိုက်ပြီး အရိပ်ကောင်းသည့် အင်ကြင်းတောမှာ နေ့အခါ နေထိုင်သည်။

ညနေချမ်းအချိန် ဗောဓိပင်ရှိရာသို့ လျှောက်လှမ်းခဲ့သည်။ သောတ္ထိယအမည်ရှိ မြက်ရိပ်သမားက မြက်ရှစ်ဆုပ်ကို ဆက်ကပ်လိုက်ရာ လက်ခံရယူခဲ့ပြီး ဗောဓိပင်အောက်တွင် မြက်များကို ဖြန့်ခင်းလိုက်သည်။

မြက်ခင်းပေါ်တွင် တင်ပလ္လင်ခွေ ထိုင်လျက် "ထူးမြတ်သည့် အသိဉာဏ်ကို မရသမျှ ဤနေရာမှ ငါမထ"ဟု အဓိဋ္ဌာန်လျက် ကမ္မဋ္ဌာန်းထိုင်သည်။ ထိုစဉ် ပတ်ဝန်းကျင်မှ အနှောင့်အယှက်မျိုးစုံ ကြုံတွေ့ရ၏။ မာရ်နတ်နှင့် အပေါင်းပါများက နှောင့်ယှက်ကြခြင်း ဖြစ်သည်။ မကြာမီ အနှောင့်အယှက်များ လွင့်ပါးသွားပြီး ငြိမ်သက်အေးချမ်းကာ တိတ်ဆိတ်မှု ရရှိခဲ့သည်။

ကဆုန်လပြည့်နေ့ည ပဌမယာမ်၌ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်၊ ပစ္ဆိမယာမ်၌ အာနာပါနစတုတ္ထဈာန်ကို အခြေခံသော ဝိပဿနာတရားကို ပွားများကာ မဂ်အဆင့်ဆင့်ကို ရရှိပြီး အရဟတ္တမဂ်ဖြင့် ကိလေသာ အားလုံးချုပ်ငြိမ်းသော ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ထိုစဉ် ဗုဒ္ဓရှင်တော်မြတ်က -

**"တဏှာနံ ခယ'မဇ္ဈဂါ = ငါသည် အတွယ်တာအားလုံး ကုန်ဆုံးရာ နိဗ္ဗာန်ကို ရပြီ"**ဟု ကြွေးကြော်တော်မူလိုက်သည်။

ဤသည်မှာ အလွန်တရာ ဝမ်းသာဖွယ် အောင်မြင်မှုတစ်ရပ် ဖြစ်သည်။

(၃) မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့်နေ့၌ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်ပြုတော်မူခဲ့သည်။

ထိုနှစ် ကဆုန်လပြည့် နံနက်တွင် ဗုဒ္ဓမြတ်စွာသည် ပါဝါမြို့၌ ပန်းထိမ်ဆရာ စုန္ဒ ဆက်ကပ်သော ဆွမ်းကို ဘုဉ်းပေးတော်မူသည်။ အထူးစီမံ ချက်ပြုတ်အပ်သော နူးညံ့သော "သူကရမဒ္ဒဝ"ကို ဗုဒ္ဓမြတ်စွာအား အထူးဆက်ကပ်သည်။ ထိုနေ့ နေ့ပိုင်း၌ ဗုဒ္ဓမြတ်စွာ၌ သွေးပါသော ဝမ်းလျှောရောဂါ

ပြင်းထန်စွာ ဖြစ်ပေါ်လာသည်။ ဗုဒ္ဓမြတ်စွာသည် လုံးဝညီးညူခြင်း မရှိဘဲ ရှိသမျှ အင်အားဖြင့် ကုသိနာရာပြည်သို့ ခရီးထွက်တော်မူသည်။

လမ်းခရီးမှာ အကြိမ်များစွာ အနားယူရပြီး ညနေခင်းမှာ ကုသိနာရာ မြို့သို့ ရောက်တော်မူသည်။ မလ္လမင်းတို့ ပိုင်ဆိုင်သည့် အင်ကြင်းတောအတွင်း အင်ကြင်းနှစ်ပင်အကြား ခင်းထားသော ညောင်စောင်းငယ်ပေါ်၌ မြောက် အရပ်သို့ ဦးခေါင်းပြုကာ လျောင်းစက်တော်မူသည်။

ကဆုန်လပြည့်နေ့ည ပစ္ဆိမယာမ်အချိန်၌ ရဟန်းတော်များအား ဤသို့ နောက်ဆုံးစကား မိန့်ကြားတော်မူခဲ့သည်။

**"ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊**

**ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ"**

**"ရဟန်းတို့! သင်တို့အား ယခုအခါ ငါပြောခဲ့မယ်။ သင်္ခါရမှန်သမျှ ပျက်စီးခြင်းသဘော ရှိကြတယ်။ မမေ့သောသတိဖြင့် ကိုယ်ကျင့်တရား ပြည့်စုံ အောင် ကြိုးစားကြ"။**

ဗုဒ္ဓမြတ်စွာသည် သက်တော် ၈၀ အရွယ် ငြိမ်သက်အေးချမ်းစွာ ပရိနိဗ္ဗာန်ပြုတော်မူခဲ့သည်။ ဤအဖြစ်အပျက်ကား ဝမ်းနည်းကြေကွဲဖွယ်ပင် ဖြစ်သည်။

ဤသို့လျှင် ဗုဒ္ဓဘာသာနှင့်စပ်၍ ထူးမြတ်သော ကဆုန်လပြည့်နေ့၌ ဗုဒ္ဓ၏ဂုဏ်တော် ကျေးဇူးတော်များကို အထူးတလည် အမှတ်ရကာ ဗုဒ္ဓ၏ အဆုံးအမများကို လေးစားစွာ လိုက်နာကျင့်သုံးကြရန် တိုက်တွန်း လိုက်ရပေ သတည်း။

**အရှင်နန္ဒမာလာဘိဝံသ**

**သ. စ. အ ဓမ္မာစရိယ၊ ပါဠိပါရဂူ**

**M.A (Sri Lanka)၊ တိုက်အုပ်ဆရာတော်**

**မဟာသုဓောဓာရုံကျောင်းတိုက်၊ စစ်ကိုင်းမြို့**

**(သုဓောဓာရုံဓမ္မသတင်းလွှာစာစောင် အမှတ် (၁) ၁၉၉၆-ခု၊ မေလ ၁ ရက်။ ၁၃၅၈-ခု၊ ကဆုန်လပြည့်။)**



# သီတင်းကျွတ်လနှင့် နေ့မြတ်မဟာ

**□ အရှင်နန္ဒမာလာဘိဝံသ**

'သီတင်းကျွတ်လ'၏ ပါဠိအမည်မှာ **"အဿယုဇ"** ဖြစ်သည်၊ အဓိပ္ပါယ်မှာ လပြည့်ဝန်းနှင့် အဿယုဇနက္ခတ်တို့ ယှဉ်ပြိုင်ထွန်းလင်းသော လ-ဟူ၍ ဖြစ်သည်။ သီတင်းကျွတ်လပြည့်နေ့သည် "အခါတော်သုံးရပ်ဆုံရာ နေ့မြတ်မဟာ" ဖြစ်သည်။

၁။ ဗုဒ္ဓနှင့်စပ်၍ သီတင်းကျွတ်လပြည့်နေ့သည် ဗုဒ္ဓမြတ်စွာ တာဝတိံသာနတ်ပြည်မှ ဆင်းကြွရာ 'ဒေဝေါရောဟဏအခါ' နေ့မြတ်မဟာ ဖြစ်သည်။

၂။ ဓမ္မနှင့် စပ်၍ သီတင်းကျွတ်လပြည့်နေ့သည် အဘိဓမ္မာတရား ဟောကြားပြီးဆုံးရာ 'အဘိဓမ္မာအခါ'နေ့မြတ်မဟာ ဖြစ်သည်။

၃။ သံဃနှင့်စပ်၍ သီတင်းကျွတ်လပြည့်နေ့သည် သံဃာတော်များ တစ်ပါးနှင့်တစ်ပါး အပြန်အလှန် ဖိတ်မန်ကတိပြုရာ 'ပဝါရဏာအခါ' နေ့မြတ်မဟာ ဖြစ်သည်။

## ဒေဝေါရောဟဏ

ဗုဒ္ဓမြတ်စွာသည် ၇ ဝါမြောက်တွင် တာဝတိံသာနတ်ပြည်၌ ဝါကပ်တော်မူသည်။ သီတင်းကျွတ်လပြည့်နေ့တွင် နတ်ပြည်မှ လူ့ပြည်သို့ ပြန်လည်ကြွချီတော်မူသည်။ ဗုဒ္ဓ၏ နတ်ပြည်မှ အပြန်ခရီးသည် အလွန်ပင်ဆန်းပြား၍ ခမ်းနားကြီးကျယ်လှသည်၊ တာဝတိံသာနတ်ပြည်နှင့် သင်္ကဿမြို့တို့ကို ရွှေ၊ ငွေ၊ ပတ္တမြားစောင်းတန်း လှေခါးကြီး သုံးသွယ်တို့ဖြင့် ဆက်သွယ်ထားပြီး အလယ်ဗဟို ပတ္တမြားလှေခါးကြီးမှ ဗုဒ္ဓမြတ်စွာ ဆင်းကြွတော်မူသည်။ ဝဲ၊ ယာ ရွှေ၊ ငွေလှေခါးတို့မှ နတ်ဗြဟ္မာများ ခြံရံလိုက်ပါကြသည်။ သင်္ကဿမြို့မှ သိန်းပေါင်းများစွာသော ရဟန်းရှင်လူ ပရိသတ်များက ဗုဒ္ဓမြတ်စွာကို ကြိုဆိုလျက် ရှိကြသည်၊ ထိုတွင် ခေါင်းဆောင်ဖြစ်သော အရှင်သာရိပုတ္တမထေရ်က ဗုဒ္ဓမြတ်စွာကို ကြိုဆိုကန်တော့ယင်း "အို ရှင်တော်မြတ်ဘုရား! ယခုလို ခမ်းနားသိုက်မြိုက်စွာ ကြွရောက်လာတဲ့ မြတ်ဘုရားရဲ့ အသရေကို ရှေးယခင်က မမြင်ဘူးပါ၊ သူများပြောသံကိုလည်း မကြားခဲ့ဘူးပါ"ဟု တအံ့တသြ ပြောဆိုလျှောက်ကြားခဲ့လေသည်။ ဤသို့ ဗုဒ္ဓမြတ်စွာ တာဝတိံသာနတ်ပြည်မှ ဆင်းကြွတော်မူရာ နေ့မြတ်မဟာသည် သီတင်းကျွတ်လပြည့်နေ့ ဖြစ်သည်။

## အဘိဓမ္မာ

ဗုဒ္ဓမြတ်စွာသည် ၇ ဝါမြောက်တွင် တာဝတိံသာနတ်ပြည်၌ ဝါကပ်တော်မူပြီး မယ်တော်ဖြစ်ဘူးသူ သန္တုသိတနတ်သားကို အမှူးထား၍ စကြာဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာတရား ဟောကြားတော်မူခဲ့သည်၊ အဘိဓမ္မာတရားသည် ရှည်လျားသော ဒေသနာဖြစ်၍ ရက်ပေါင်း ၉၀၊ နာရီပေါင်း ၂၁၆၀ အကြာတွင် ပြီးဆုံးခဲ့လေသည်။ ဤသို့ ဗုဒ္ဓမြတ်စွာ အဘိဓမ္မာတရား ဟောကြားပြီးဆုံးရာ နေ့မြတ်မဟာသည် သီတင်းကျွတ်လပြည့်နေ့ ဖြစ်သည်။

# ပဝါရဏာ

ဗုဒ္ဓမြတ်စွာ၏ တပည့်သာဝက ရဟန်းများသည် ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် ဝါကပ်ကြပြီး ၃ လကြာမျှ ခရီးသွားလာမှုကို ရပ်နားကြသည်၊ သီတင်းကျွတ်လပြည့်နေ့တွင် ၃ လစေ့သဖြင့် ခရီးထွက်ရန် စတင် ပြင်ဆင်ကြသည်။ ခရီးမထွက်မီ အချင်းချင်း ဖွင့်ဟဖိတ်ကြားခြင်း, ဝန်ခံကတိထားခြင်းဖြင့် စည်းလုံးညီညွတ်မှု စွမ်းအားကို တိုးပွားစေကြသည်။ ရဟန်းတော်များသည် ဤသို့အချင်းချင်း ဖိတ်ကြား၍ ဝန်ခံကတိထားကြသည်။

"သံဃံ(အာဝုသော) ဘန္တေ ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ = *"အရှင်ဘုရားတို့ အမြင်ဖြင့် ဖြစ်စေ, သတင်းကြားခြင်းဖြင့် ဖြစ်စေ, သံသယရှိသော အချက်ဖြင့်ဖြစ်စေ တပည့်တော်ကို ပြောဆိုသတိပေးရန် ဖိတ်ခေါ်ပါသည်၊ သနားငဲ့ညှာ ကရုဏာဖြင့် အရှင်ဘုရားများ တပည့်တော်ကို ပြောဆိုသတိပေးကြပါ၊ အပြစ်ကို မြင်တွေ့ပါက ပြုပြင်ပါမည်"*။

ဤသို့ ရဟန်းတော်များ အချင်းချင်း ဖိတ်ကြားဝန်ခံ ကတိထားခြင်းကိုပင် ပါဠိဘာသာဖြင့် **"ပဝါရဏာ"**ဟု ခေါ်သည်။ ဤသို့ ရဟန်းအချင်းချင်း ဖိတ်ကြားဝန်ခံကတိထားရာ နေ့မြတ်မဟာသည် သီတင်းကျွတ်လပြည့်နေ့ ဖြစ်သည်။

သို့ဖြစ်ရာ သီတင်းကျွတ်လပြည့်နေ့သည် ဒေဝေါရောဟဏအခါတော်, အဘိဓမ္မာအခါတော်, ပဝါရဏာအခါတော်ဟုဆိုအပ်သော အခါတော် သုံးရပ်ဆုံရာ နေ့မြတ်မဟာ ဖြစ်ပေသည်။

**အရှင်နန္ဒမာလာဘိဝံသ**
**သ. စ. အ ဓမ္မာစရိယ၊ ပါဠိပါရဂူ M.A (Sri Lanka)**
**တိုက်အုပ်ဆရာတော် မဟာသုဗောဓာရုံကျောင်းတိုက်၊စစ်ကိုင်းမြို့။**

**(သုဗောဓာရုံဓမ္မသတင်းလွှာစာစောင် အမှတ် (၃)**
**၁၉၉၆-ခု၊ အောက်တိုဘာ ၂၇ ရက်။ ၁၃၅၈-ခု၊ သီတင်းကျွတ်လပြည့်)**



# သာသနာတော်ကို ချီးမြှောက်ခြင်း

❑ **အရှင်နန္ဒမာလာဘိဝံသ**

ဗုဒ္ဓမြတ်စွာ၏ အဆုံးအမကို **“သာသနာ”**ဟု ခေါ်သည်။ ဗုဒ္ဓမြတ်စွာသည် စရိုက်အမျိုးမျိုးရှိသော သတ္တဝါများကို နည်းအမျိုးမျိုးဖြင့် လိမ္မာယဉ်ကျေးအောင် ဆုံးမတော်မူသည်။ ထိုအဆုံးအမများ၏ တစ်ခုတည်းသော စွမ်းဆောင်ချက်မှာ “ဆင်းရဲဒုက္ခမှ လွတ်မြောက်စေခြင်း”ပင် ဖြစ်သည်။ သို့ရာတွင် အသွင်သဏ္ဌာန်အားဖြင့်မူ စောင့်စည်းမှုကို အဓိကထား၍ ဟောကြားအပ်သော **“ဝိနယ”**နှင့် စိတ်ဓာတ်တည်ငြိမ်မှုနှင့် ပညာရည် တိုးတက်မှုကို ဦးတည်ဟောကြားအပ်သော **“ဓမ္မ”**ဟူ၍ ဗုဒ္ဓအဆုံးအမကို နှစ်မျိုး နှစ်စား ခွဲခြားနိုင်သည်။ တဖန် တူရာတူရာ စုပေါင်းထားသည့် နည်းအားဖြင့် ဝိနယ, သုတ္တန္တ, အဘိဓမ္မ ဟူ၍ သုံးမျိုးခွဲခြားနိုင်သည်။

ဤဆိုခဲ့သော ဝိနယ, သုတ္တန္တ, အဘိဓမ္မများသည်ပင် သာသနာတော် ဖြစ်သည်။ ထိုသာသနာတော် တည့်တံ့ရေးနှင့်ပြန့်ပွားရေးကို ဦးတည်သည့် ဆောင်ရွက်ချက်များကိုပင် **“သာသနာတော်ကို ချီးမြှောက်ခြင်း”**ဟု ဆိုရပေသည်။

ဗုဒ္ဓ၏ အဆုံးအမများကို ကိုယ်တိုင်သင်ယူခြင်း သူတပါးတို့အား တဆင့်ဟောပြောပို့ချခြင်းသည် ရှေးဦးစွာလုပ်ရမည့် လုပ်ငန်းတစ်ရပ်ဖြစ်၏။ ဗုဒ္ဓ၏အဆုံးအမများကို မိမိသိရှိနားလည်သည့်အတိုင်း လက်တွေ့လိုက်နာကျင့်သုံးခြင်းသည် ဒုတိယလုပ်ရမည့် လုပ်ငန်းဖြစ်သည်။ ထိုလုပ်ငန်းနှစ်ရပ်ကိုပင် ပရိယတ္တိလုပ်ငန်းနှင့် ပဋိပတ္တိလုပ်ငန်းဟု ခေါ်သည်။ ထိုလုပ်ငန်းနှစ်ရပ်ကို ကိုယ်တိုင်ပြုလုပ်ခြင်းသည် "သာသနာတော်ကို ချီးမြှောက်ခြင်း" ပထမ အမျိုးအစားဖြစ်၍ ထိုလုပ်ငန်းများကို ဆောင်ရွက်နေသည့် ပုဂ္ဂိုလ်များအား အားပေးကူညီပံ့ပိုးခြင်းသည် "သာသနာတော်ကို ချီးမြှောက်ခြင်း" ဒုတိယအမျိုးအစားဖြစ်သည်။

ဒုတိယအမျိုးအစားဖြစ်သည့် သာသနာတော်ကို ချီးမြှောက်ခြင်းအလုပ်ကို လုပ်ဆောင်နိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၊ **ငါန်းမြာကြီးရွာ၌ "သာသနာနုဂ္ဂဟအသင်း"**ကို ၁၃၃၄ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ ထိုသာသနာနုဂ္ဂဟအသင်းကြီးက အဓိကထား၍ ဆောင်ရွက်သည့် သာသနာပြုလုပ်ငန်းများမှာ -

၁။ ပရိယတ္တိသာသနဟိတ စာပြန်ပွဲကျင်းပခြင်း။

၂။ သံယုတ်မြန်မာပြန် စာမေးပွဲများကျင်းပခြင်း။

၃။ နိုင်ငံတော်ကဖြစ်စေ, အသင်းအဖွဲ့ကဖြစ်စေ ထူးချွန်စွာ အောင်မြင်သည့် ငါးမြာကြီးရွာဇာတိသား ရဟန်း သာမဏေ သာသနာ့အာဇာနည်အရှင်များကို ဂုဏ်ပြုပူဇော်ခြင်းများ ဖြစ်ပေသည်။

ဤ"သာသနာနုဂ္ဂဟအသင်းကြီး"က ကျင်းပခဲ့သည့် ပရိယတ္တိသာသနဟိတ စာပြန်ပွဲ၌ အောင်မြင်သည့် ရှင်သာမဏေ (၆၆၃)ပါး၊ လူပုဂ္ဂိုလ် (၈၄၆) ဦး ရှိပြီး သံယုတ်မြန်မာပြန်စာမေးပွဲ၌ အောင်မြင်သည့် လူပုဂ္ဂိုလ် (၅၅၂) ဦး ရှိခဲ့ပေသည်။

ဤအသင်းကြီးက လှူဒါန်းချီးမြှင့်ခဲ့သည့် ဆုငွေပေါင်းမှာ (၅၅၁၀၇) ကျပ် ရှိကြောင်း သိရပေသည်။ ထိုပြင် အစိုးရ, သကျသီဟ, စေတိယင်္ဂဏ စာမေးပွဲများ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော သာသနာ့အာဇာနည် အရှင်

(၈)ပါးတို့ကိုလည်း ဂုဏ်ပြုပူဇော်ခဲ့သည်။

၁၃၅၈ ခုနှစ်၌ ဤသာသနာနုဂ္ဂဟအသင်းကြီး၏ သက်တမ်းသည် ၂၅ နှစ် ပြည့်မည်ဖြစ်သည်။ နှစ်တစ်ရာ၏ လေးပုံတစ်ပုံဖြစ်သော ၂၅ နှစ်ပြည့်အထိမ်းအမှတ်အဖြစ် အသင်းကြီး၏ "ငွေရတုသဘင်"ကို ကျင်းပမည်ဖြစ်သည်။

"ငွေနှစ်"မှ "ရွှေနှစ်"သို့ လည်းကောင်း၊ "ရွှေနှစ်"မှ "စိန်နှစ်" "ပတ္တမြားနှစ်" သို့လည်းကောင်း ရောက်ရှိလျက် သာသနာတော်တည်သမျှ ဤအသင်းကြီး တည်ပါစေဟု ဆုတောင်းလိုက်ရပါသတည်း။

**အရှင်နန္ဒမာလာဘိဝံသ**
**သ. စ. အ ဓမ္မာစရိယ၊ ပါဠိပါရဂူ**
**MA (သီရိလင်္ကာ)**
**တိုက်အုပ်ဆရာတော်**
**မဟာသုဓောဓာရုံကျောင်းတိုက်၊ စစ်ကိုင်းမြို့**

**(၁၃၅၉ ခုနှစ်ထုတ် ငါန်းမြာကြီးတိုက်နယ်လုံးဆိုင်ရာ**
**သာသနာနုဂ္ဂဟအသင်းကြီး ငွေရတု စာအုပ်မှ)**



# ပညာရောင်လွှမ်းသည့် နမ့်မောင်းမြစ်ဝှမ်း

❑ **အရှင်နန္ဒမာလာဘိဝံသ**

ရှမ်းကုန်းမြေမြင့်ရှိ **'ရွှေလီမြစ်'**ကို ရှမ်းတို့က **'နမ့်မောင်း'**ဟု ခေါ်ကြသည်။ နမ့်မောင်းဒေသ ကိုးပြည်ထောင်ကို **'မောင်းကိုးပြည်ထောင်'** (သို့မဟုတ်) **'မောကိုးပြည်ထောင်'**ဟု ရှေးက ခေါ်ဝေါ်ခဲ့ကြသည်။ မောကိုးပြည်ထောင်မှာ မိုးကောင်း၊ မိုးညှင်း၊ သောင်သွပ်၊ ညောင်ရွှေ၊ သိန္နီ၊ အုန်းပေါင်(သီပေါ)၊ မိုးမိတ်၊ မိုးနံ့နှင့် မိုးပဲဒေသများ ဖြစ်သည်။

နမ့်မောင်းဒေသတွင် အခြေချနေထိုင်သူများမှာ ရှမ်း၊ ပအိုဝ်၊ ပလောင်စသော တိုင်းရင်းသားလူမျိုးပေါင်း ၄၀ ကျော် ဖြစ်သည်။ ထိုတွင် ရှမ်းလူမျိုးများသည် အများစုဖြစ်၍ မောကိုးပြည်ကို ရှမ်းပြည်နယ်အဖြစ် အသိများကြသည်။

ရှမ်း၊ ပအိုဝ်၊ ပလောင်လူမျိုးအများစုသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။ အစဉ်အလာအရ ဗုဒ္ဓမွေကို ယုံကြည်မြတ်နိုး၍ သံဃာကို ကိုးကွယ်ဆည်းကပ်ကြသည်။ သို့ရာတွင် ရှမ်းပြည်နယ်တွင် ဗုဒ္ဓမွေကို တတ်သိလိမ္မာသည့် ပိဋကတ်ကျမ်းတတ် ပုဂ္ဂိုလ်အင်အားသည် နည်းပါးလျက် ရှိသည်။

သာသနာတော်၏ အခြေမြစ်သည် ပိဋကတ်ကျမ်းဂန် တတ်သိလိမ္မာမှုတွင် တည်လျက် ရှိသည်။ ပိဋကတ်စာပေတတ်ကျွမ်းနာလည်မှု မရှိလျှင် သာသနာတော်၏အခြေသည် ခိုင်မာမှု မရှိနိုင်ပေ။ အဝါရောင်ဆင်မြန်းသည့် ရှင်ရဟန်းတွေ မည်မျှပင် များစေကာမူ ပိဋကတ်ပညာမရှိလျှင် သာသနာရှည်ကြာ တည့်တံ့ရေးအတွက် အားရဖွယ်မရှိပေ။ သို့ဖွယ်၍ ရှမ်းပြည်နယ်တွင် ပိဋကတ်ပညာတတ် ရဟန်းတော်များ ထွက်ပေါ်ရေးသည် အဓိကထား၍ ဆောင်ရွက်ရမည့်အချက်ဖြစ်သည်။

ရှမ်းပြည်နယ်တွင် ပိဋကတ်ပညာတတ် ရဟန်းတော်များ ထွက်ပေါ်ရေး အတွက် အလေးအနက်ထားလျက် ဆောင်ရွက်ခဲ့သူမှာ 'ညောင်ရွှေစော်ဘွားကြီး **စောရွှေသိုက်'** ဖြစ်သည်။ ညောင်ရွှေစော်ဘွားကြီးသည် ပိဋကတ်ကျမ်းစာ တတ်သိလိမ္မာသည့် ဆရာတော်ကလေး **'ဘဒ္ဒန္တဝိမလာဘိဝံသ'**ကို ညောင်ရွှေမြို့ သို့ ပင့်ဆောင် သီတင်းသုံးစေခဲ့သည်။ ၁၃၀၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်၊ (၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်) မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည့်နှစ်တွင် ညောင်ရွှေမြို့ **'ကန်ကြီးပရိယတ္တိစာသင်တိုက်'**ကို စတင်ဖွင့်လှစ်ခဲ့သည်။

၁၃၁၂ ခုနှစ်တွင် ညောင်ရွှေစော်ဘွားကြီး ဦးဆောင်ကာ 'ကန်ကြီးပရိယတ္တိသာသနဟိတကာရီအသင်းကြီး'ကို တည်ထောင်ကာ ပရိယတ္တိစာပေသင်ကြားရေးကို ပံ့ပိုးပေးခဲ့သည်။

ရှမ်းပြည်နယ် သာသနာပြု ကန်ကြီးပရိယတ္တိနာယကဆရာတော်၏ ကြိုးပမ်းမှု၊ ကန်ကြီးပရိယတ္တိသာသနဟိတကာရီအသင်းကြီး၏ ပံ့ပိုးမှုကြောင့် ပိဋကတ်ပညာတတ်ရဟန်းတော်များ ထွက်ပေါ်ရေးသည် အောင်မြင်မှုကို ရရှိခဲ့သည်။ ရှမ်း၊ ပအိုဝ်၊ ပလောင်စသော တိုင်းရင်းသားရဟန်းတော်များမှ ဓမ္မာစရိယဘွဲ့ရ ရဟန်းတော်များ အများအပြား ထွက်ပေါ်ခဲ့သည်။ ရှမ်းပြည်နယ် ကယားပြည်နယ်စသော ပြည်နယ်များ၌ ပိဋကတ်ပညာတတ် တိုင်းရင်းသား ရဟန်းတော်များ ဦးစီးတည်ထောင်ဖွင့်လှစ်သည့် ပရိယတ္တိစာသင်တိုက်များ ပေါ်ထွက်လျက် ရှိသည်။ ညောင်ရွှေစော်ဘွားကြီး၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်ခဲ့

သော ကန်ကြီးပရိယတ္တိနာယကဆရာတော်၏ သာသနာပြုလုပ်ငန်းသည် နှစ်(၅၀)အတွင်း မည်မျှ အောင်မြင်ခဲ့သည်ကို ဤစာစောင်ကို ဖတ်ရှုခြင်းဖြင့် သိနိုင်ပေသည်။

မြင့်မြတ်သည့် အလုပ်ကို ပြုလုပ်သောသူသည် မြင့်မြတ်သူ ဖြစ်သည်။ ကန်ကြီးပရိယတ္တိနာယကဆရာတော် (သို့မဟုတ်) ညောင်ရွှေဆရာတော်သည် သာသနာပြုလုပ်ငန်းအောင်မြင်သည်နှင့်အမျှ ဆရာတော်၏ ဂုဏ်သတင်းသည် လည်း တစထက်တစ လွှမ်းမိုးကျော်ကြား၍ လာခဲ့ပါသည်။ နိုင်ငံတော်အစိုးရ က ၁၃၄၇ ခုနှစ်တွင် **'အဂ္ဂမဟာပဏ္ဍိတ'**ဘွဲ့တံဆိပ်တော်၊ ၁၃၅၂ ခုနှစ်တွင် **'အဘိဓဇမဟာရဋ္ဌဂုရု'**ဘွဲ့တံဆိပ်တော်၊ ၁၃၅၈ ခုနှစ်တွင် **'အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက'**ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လျက် ဆရာတော်၏ သာသနာပြုလုပ်ငန်းကို အသိအမှတ်ပြုခဲ့ပေသည်။

ရွှေကျင်နိကာယဝင်ဆရာတော်များက ညောင်ရွှေဆရာတော်ကို ၁၃၁၈ ခုနှစ် **'ဂိုဏ်းလုံးဝန်းဆောင်နာယက'**အဖြစ်လည်းကောင်း၊ ၁၃၅၃ ခုနှစ်တွင် **'ရွှေကျင်နိကာယဥပဥက္ကဋ္ဌမဟာနာယက'**အဖြစ်လည်းကောင်း တင်မြှောက်ကာ လေးစားမြတ်နိုးမှုကို ပြသခဲ့ကြသည်။

မြန်မာသက္ကရာဇ် ၁၃၅၇ ခုနှစ်တွင် ညောင်ရွှေဆရာတော်ဘုရားကြီး သည် **'ရွှေကျင်နိကာယာဓိပတိ ဥက္ကဋ္ဌ မဟာနာယက၊ တေရသမရွှေကျင် သာသနာပိုင်'**ဟူသော အမြင့်ဆုံးအဆင့်သို့ ရောက်တော်မူကာ ရွှေကျင်နိကာယ သာသနာတော်ကို ဦးဆောင်လျက် ရှိပါသည်။

ညောင်ရွှေဆရာတော်ဘုရားကြီး၏ ကြိုးပမ်းဆောင်ရွက်မှု အကျိုး ဆက်အဖြစ် ယနေ့ရှမ်းပြည်နယ်တွင် ပိဋကတ်ကျမ်းတတ်ရဟန်းတော် အရှင် မြတ်များ တိုးပွားလျက် ရှိပါသည်။ နမ့်မောင်းမြစ်ဝှမ်းတွင် ပညာရောင် လွှမ်းနေ လေပြီတကား။

**အရှင်နန္ဒမာလာဘိဝံသ (သုဓောဓာရုံ)**

**(၁၃၅၉ ခုနှစ်ထုတ်၊ ညောင်ရွှေမြို့၊ကန်ကြီးပရိယတ္တိစာသင်တိုက် ရွှေရတုအထိမ်းအမှတ်စာစောင် မှ)**



# သာသနာပြုလိုလျှင် ဘာသာစကား မျိုးစုံသင်

□ **အရှင်နန္ဒမာလာဘိဝံသ**

"ဘုန်းကြီးက ဝါရှင်တန်ကနေ စကားပြောနေတာ ဖြစ်ပါတယ်၊ ၁၉၉၃ ခုနှစ်၊ ဩဂုတ်လက အမေရိကန်နိုင်ငံကို လာရောက်ပြီး ဝါရှင်တန်မြို့တော် အနီး မေရီလင်းပြည်နယ် ဆစ်လဗာစပရင်းမြို့၊ မင်္ဂလာရာမကျောင်းမှာ နေထိုင်ရင်း Ph.d ဘွဲ့အတွက် Thesis ရေးနေပါတယ်။

ကမ္ဘာကျော် အဘိဓမ္မာပါရဂူဖြစ်တော်မူတဲ့ လယ်တီဆရာတော်ဘုရားကြီးရဲ့ **"ပရမတ္ထဒီပနီ"**ခေါ် အဘိဓမ္မတ္ထသင်္ဂဟဋီကာကျမ်းကို ပါဠိဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးသားခြင်း ဖြစ်ပါတယ်။ စာမျက်နှာ (၄၀၀)ကျော်ရှိ စာသားအားလုံးကို အင်္ဂလိပ်လို ပြန်ဆိုပြီး မူရင်းကျမ်းလာ အယူအဆ အဆိုအမိန့်အားလုံးကို ခြုံငုံသုံးသပ်ထားတဲ့ Critical and Introduction နဲ့ ဘာသာပြန်သူရဲ့ ရှင်းလင်းချက် ထင်မြင်ချက်စတဲ့ Annotation တွေကို ဖြည့်စွက်ရေးသားပြီး သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ ကေလဏိယတက္ကသိုလ်မှာ Ph.d ဘွဲ့အတွက် ကျမ်းတင်ရမှာ ဖြစ်ပါတယ်။

ဘုန်းကြီးအနေနဲ့ Thesis ရေးရင်း ဆရာတော် **'အရှင်ကေလာသ'** ရဲ့ သာသနာပြုလုပ်ငန်းများကို ကူညီကာ မင်္ဂလာရာမကျောင်းမှာ လွန်ခဲ့တဲ့ ဒီဇင်ဘာလကစပြီး အဘိဓမ္မာသင်တန်း ဖွင့်လှစ်ပို့ချပေးနေပါတယ်၊ နိုင်ငံခြားမှာ နေထိုင်ကြတဲ့ ဗုဒ္ဓဘာသာဝင်မြန်မာတွေ ဗုဒ္ဓဓမ္မကို ခြေခြေမြစ်မြစ် နားလည်စေချင်တဲ့အတွက် အဘိဓမ္မာကို လူသားတို့ရဲ့ နေ့စဉ်ဘဝနဲ့ ဆက်စပ်သင်ကြားပေးပါတယ်၊ အမျိုးသား, အမျိုးသမီး, လူကြီး, လူငယ် ၂၀ ကျော် လာရောက်သင်တန်းတက်ကြပါတယ်။

ဝါရှင်တန်မြို့နဲ့ ဝါရှင်တန်ဒေသ ပတ်ဝန်းကျင်မြို့တွေမှာ ဗုဒ္ဓဘာသာဝင် မြန်မာမိသားစု ၁၅၀ကျော် ရှိပါတယ်။ မြန်မာမိသားစုတွေဟာ မြန်မာထမင်းဟင်းကို မမေ့ကြသလို မြန်မာ့ယဉ်ကျေးမှုနဲ့ ကိုးကွယ်ရာ ဘာသာတရားကိုလည်း မမေ့နိုင်ကြတာကို တွေ့ရပါတယ်။

အဘိဓမ္မာသင်တန်း တက်ရောက်သင်ကြားခွင့်ရကြလို့ ဝမ်းသာအားရဖြစ်ကြပါတယ်၊ ယခုလို သင်တန်းတက်ကြရမှ "မိမိတို့ ကိုးကွယ်ရာ ဘာသာတရားကို ခြေခြေမြစ်မြစ် သိကြရလို့ ပိုပြီး စိတ်အားထက်သန်နေကြတာကို တွေ့ရပါတယ်၊ အမေရိကန်ရဲ့ ဆောင်းရာသီမှာ စနိုးတွေကျပြီး သွားရေးလာရေး ခက်ခဲလို့ အစိုးရရုံးတွေ, ကျောင်းတွေ, ကောလိပ်တွေ, ယူနီဗာစီတီတွေ ပိတ်ထားရတဲ့ အချိန်မှာပင် အဘိဓမ္မာသင်တန်းသားတွေဟာ သင်တန်းအပျက်မခံပဲ လာရောက်တက်ကြပါတယ်၊ ဆောင်းရာသီ လွန်မြောက်ပြီး နွေရာသီရောက်တဲ့အခါ သင်တန်းတက်သူဦးရေ တိုးလာမဲ့ အလားအလာ ရှိပါတယ်၊ အကြောင်းအမျိုးမျိုးကြောင့် သင်တန်းတက်ချင်လျက် မတက်နိုင်သူတွေက သင်တန်းပို့ချချက် ကက်ဆက်ခွေများကို ကူးယူနားထောင်ကြပါတယ်၊ နွေရာသီမှာ ကလေးများအတွက် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း ဖွင့်ဖို့လည်း အစီအစဉ်ရှိပါတယ်။ **"မြန်မာအမေရိကန် ဗုဒ္ဓဘာသာအသင်း"** ကလည်း သင်တန်းအတွက် လိုအပ်တာတွေကို ကူညီပါတယ်။

ဘုန်းကြီးတို့တတွေဟာ သာသနာ့ဝန်းထမ်းတွေဖြစ်လို့ ဘယ်နိုင်ငံမှာပဲ နေနေ၊ ဘယ်ဒေသပဲ ရောက်ရောက် လက်လှမ်းမီသလောက် ကိုယ်စွမ်း

ဉာဏ်စွမ်းရှိသလောက် သာသနာပြုလုပ်ငန်းကို ဆောင်ရွက်ကြရပါတယ်။

ဘုန်းကြီးအနေနဲ့ နိုင်ငံခြားမထွက်မီ မြန်မာနိုင်ငံမှာရှိစဉ်က **"စစ်ကိုင်းမြို့၊ မဟာသုဗောဓာရုံကျောင်းတိုက်"**မှာ နှစ်ပေါင်း၂၀ကျော် စာပေပို့ချခဲ့ပါတယ်။ မဟာသုဗောဓာရုံကျောင်းတိုက်ကို တည်ထောင်ပြီး သာသနာပြုကြတဲ့ ညီနောင်ခြောက်ပါးတွင် ဘုန်းကြီးက အငယ်ဆုံး ဖြစ်ပါတယ်၊ ကိုးနှစ်အရွယ်က ကိုရင်ဝတ်ခဲ့ပြီး ၁၆ နှစ်အရွယ် ကိုရင်ဘဝက အစိုးရ ဓမ္မာစရိယ အောင်ခဲ့ပါတယ်၊ ရဟန်းခြောက်ဝါအရမှာ သကျသီဟ, စေတိယင်္ဂဏဓမ္မာစရိယ ဘွဲ့များကို ရရှိခဲ့ပြီး ရန်ကုန် ကမ္ဘာအေးမှာ **"တိပိဋက ပါဠိမြန်မာ အဘိဓာန်"** စာပြုအဖြစ် ဆောင်ရွက်ရင်း အင်္ဂလိပ်ဘာသာကို စတင်သင်ယူခဲ့ပါတယ်။

ဗုဒ္ဓဘာသာဝင်မဟုတ်တဲ့ နိုင်ငံရပ်ခြား တိုင်းတပါးသားတွေ ဗုဒ္ဓဘာသာအပေါ် ဘယ်လို ရှုမြင်ကြတယ်ဆိုတာ ပိုမိုသိချင်တဲ့ ဆန္ဒ၊ ဗုဒ္ဓတရားတော်များကို နိုင်ငံရပ်ခြား တိုင်းတပါးသားတွေ သိအောင် ဟောပြချင်တဲ့ ဆန္ဒကြောင့် အင်္ဂလိပ်ဘာသာကို ကျွမ်းကျင်သည်အထိ သင်ယူဖို့အတွက် ၁၉၈၇ ခုနှစ်က သီရိလင်္ကာနိုင်ငံကို သွားရောက်ခဲ့ပါတယ်။

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ ကေလဏိယ တက္ကသိုလ် MA တန်းမှာ တက်ရောက်ခွင့်ရပြီး ၁၉၉၀-ပြည့်နှစ်က Buddhist Studies နဲ့ M.A တန်းကို အောင်ခဲ့ပါတယ်။

သီရိလင်္ကာနိုင်ငံမှာ ခြောက်နှစ်ကြာမျှ နေထိုင်ခဲ့စဉ်အတွင်း လက်လှမ်းမီသလောက် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်၊ ကိုလံဘိုမြို့တော်အနီး နုဂေဂေါဒမြို့ရှိ သီဟိုဠ်အမျိုးသမီး ကမ္မဋ္ဌာန်းပြဆရာမကြီး **မစ်စ်လီနာရှုပဆိဟာ** ဦးဆောင်တဲ့ ကမ္မဋ္ဌာန်းဌာနမှာ **အရှင်မဟောသမပဏ္ဍိတ** နှင့်အတူ ငါးလကြာမျှ တရားဟော တရားပြဆောင်ရွက်ခဲ့ပါတယ်။ ကိုလံဘိုမြို့ Y.M.B.A အသင်းမှာ တစ်နှစ်ကြာမှာ စနေနေ့တိုင်း အဘိဓမ္မာသင်တန်းကို အင်္ဂလိပ်ဘာသာဖြင့် ပို့ချပေးခဲ့ပါတယ်၊ သင်တန်းသူ,သင်တန်းသား ၃၀ကျော် တက်ရောက်ခဲ့ကြပါတယ်။

၁၉၉၀ ပြည့်နှစ်က ကိုလံဘိုမြို့ "ဘန္ဒာရနာယကဟော"မှာ တောင်အာရှနိုင်ငံများ ဗုဒ္ဓဘာသာအသင်းက ကြီးမှူးကျင်းပတဲ့ "ဘာသာရေးနှီးနှော ဖလှယ်ပွဲ"မှာ "မြန်မာနိုင်ငံ ဗုဒ္ဓဘာသာအကြောင်း" စာတမ်းကို ဖတ်ကြား ခဲ့ပါတယ်။

သီရိလင်္ကာနိုင်ငံနဲ့ မြန်မာနိုင်ငံတို့ဟာ နှစ်ပေါင်းများစွာကပင် ဘာသာရေးအရ အပြန်အလှန် ဆက်သွယ်မှု ရှိခဲ့ကြပါတယ်။ ယနေ့သီရိလင်္ကာနိုင်ငံမှာ သံဃာဦးရေ (၃,၀၀၀၀) ကျော်ရှိပြီး သံဃာ့ဂိုဏ်းကြီး (၃)ဂိုဏ်းရှိပါတယ်။ ရှမ်းဂိုဏ်း, အမရပူရဂိုဏ်းနဲ့ ရာမညဂိုဏ်းတို့ ဖြစ်ပါတယ်၊ အမရပူရဂိုဏ်းနဲ့ ရာမညဂိုဏ်းတို့ဟာ မြန်မာနိုင်ငံရဲ့ သာသနာ ဖြစ်ပါတယ်၊ သီရိလင်္ကာရွှေကျင် ဂိုဏ်းကတော့ အမရပူရဂိုဏ်းဝင် ဖြစ်ပါတယ်။

သီရိလင်္ကာနိုင်ငံ သီဟိုဠ် ဗုဒ္ဓဘာသာဝင်တွေက မြန်မာရဟန်းတော်များကို ကြည်ညိုလေးစားကြတာကို တွေ့ရပါတယ်။ ပရိယတ္တိအရည်အချင်း ပြည့်ဝပြီး အင်္ဂလိပ်ဘာသာ, သီဟိုဠ်ဘာသာတတ်တဲ့ မြန်မာရဟန်းတော်များဟာ သီရိလင်္ကာနိုင်ငံမှာ အဘိဓမ္မာသင်တန်းပို့ချခြင်း၊ ကမ္မဋ္ဌာန်းပြခြင်းဖြင့် သာသနာပြုနိုင်ပါတယ်။

၁၉၉၂ ခုနှစ်က သီရိလင်္ကာနိုင်ငံမှ မလေးရှားနိုင်ငံသို့ ဓမ္မခရီးအဖြစ် သွားရောက်ခဲ့ပါတယ်၊ မလေးရှား ရဟန်းတော် အရှင်ဓမ္မဒီပရဲ့ ပင့်ဖိတ်ချက် အရ ကွာလာလမ်ပူ၊ ကိုတဘာလု၊ ကိုတကိနဘာရု၊ စန္ဒကန်မြို့များရှိ တရုတ် ဘာသာ အသင်းတိုက်များမှာ ဗုဒ္ဓဓမ္မကို ဟောပြောခဲ့ပါတယ်၊ မလေးရှား နိုင်ငံမှာ လူဦးရေ ၁၇ သန်းရဲ့ ၄၅ ရာနှုန်းက တရုတ်ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြ ပါတယ်၊

ဗုဒ္ဓဓမ္မကို လေ့လာလိုက်စားသူ, ခြေခြေမြစ်မြစ် နားလည်လိုသူတွေ များစွာရှိလို့ ဟောပြောပေးမဲ့ သာသနာပြု ရဟန်းတော်တွေ လိုအပ်နေတာကို တွေ့ရပါတယ်၊ မလေးရှားနိုင်ငံမှာ သာသနာပြုဖို့ စိတ်ဝင်စားရင် တရုတ် ဘာသာ တတ်ကျွမ်းအောင် လေ့လာထားသင့်ပါတယ်။

နိုင်ငံခြားတိုင်းပြည်များမှာ ဗုဒ္ဓဓမ္မကို ဟောပြောဖို့အတွက် အရေးအကြီးဆုံးက နိုင်ငံခြားဘာသာစကားကို ကျွမ်းကျွမ်းကျင်ကျင် ပြောဆိုနိုင်ခြင်းပင် ဖြစ်ပါတယ်၊ အင်္ဂလိပ်ဘာသာဟာ နိုင်ငံတကာမှာ ကျယ်ပြန့်စွာ အသုံးပြုနေကြတဲ့ ဘာသာစကားဖြစ်တာ မှန်သော်လည်း အင်္ဂလိပ်လို ပြောတတ်ရုံနဲ့ ဗုဒ္ဓဓမ္မဟောပြောဖြန့်ဖြူးရေးမှာ လုံလောက်မှု မရှိသေးတာကို တွေ့ရပါတယ်။

ဘာသာစကားနဲ့ ပတ်သက်လို့ ကိုယ်တွေ့တစ်ခုကို ပြောပြလိုပါတယ်၊ ၁၉၈၆ ခုနှစ်က နီပေါနိုင်ငံကို ရောက်ခဲ့ပါတယ်၊ ရောက်တဲ့နေ့မှာပဲ နီပေါဘုန်းကြီးကျောင်းလေးတစ်ကျောင်းမှာ ဘာသာရေးအခမ်းအနားတစ်ခုနဲ့ ကြုံလို့ တရားဟောရပါတယ်၊ ပရိသတ်က နေဝါရီစကားပြောပရိသတ်ဖြစ်လို့ ဘုန်းကြီးကအင်္ဂလိပ်လို ဟော, အိန္ဒိယနိုင်ငံသား အတူပါလာတဲ့ **'အရှင်ပညာနိမိ'**က ဟိန္ဒီလို ပြန်ပြီးမှ ဒါယကာတစ်ဦးက နေဝါရီလို ပြန်ရပါတယ်၊ ဒီလိုဘာသာစကား အဆင့်ဆင့်ပြန်နေရတော့ အချိန်ကြာသလို မှန်ကန်တိကျမှုလဲ အလွန်နည်းဖို့ ရှိပါတယ်၊ အကယ်၍ ဘုန်းကြီးကိုယ်တိုင်က နေဝါရီလို စကားပြောတတ်ရင် ပရိသတ်အတွက် အများကြီးအကျိုးရှိမှာ ဖြစ်ပါတယ်။

သီရိလင်္ကာနိုင်ငံမှာလည်း အင်္ဂလိပ်လိုဟောရင် သီဟိုဠ်ဘာသာပြန်ရပါတယ်၊ မလေးရှားမှာလဲ အင်္ဂလိပ်လို ဟောပြီး တရုတ်လိုဘာသာပြန်ရပါတယ်၊ နိုင်ငံခြားဘာသာစကားဟာ မိခင်ဘာသာ စကားပြောရသလိုတော့ ရှင်းလင်းမှု ကျေနပ်အားရမှု ရှိကြမှာ မဟုတ်ပါဘူး၊ ဒါကြောင့် နိုင်ငံခြား သာသနာပြုလိုတဲ့ ရဟန်းတော်များအနေနဲ့ အင်္ဂလိပ်ဘာသာအပြင် မိမိတို့သွားရောက်သာသနာပြုလိုတဲ့ နိုင်ငံရဲ့ ဒေသဘာသာစကားကိုပါ တတ်မြောက်ထားသင့်ပါတယ်၊ တကယ်မှာ ဘာသာစကားများများ တတ်လေလေ, မိမိတို့ ဆောင်ရွက်တဲ့ သာသနာပြုလုပ်ငန်း အောင်မြင်လေလေ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအတွင်း တောင်တန်းသာသနာပြု ရဟန်းတော်များအနေနဲ့လည်း တိုင်းရင်းသား ဘာသာစကားတွေ တတ်ထားရင် သာသနာပြုလုပ်ငန်း ပိုမိုအောင်မြင်နိုင်စရာ ရှိပါတယ်။

အထူးသဖြင့် ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများဖြစ်ကြတဲ့ ထိုင်း, လာအို, ကမ္ဘောဒီးယား, သီရိလင်္ကာ နိုင်ငံတို့ရဲ့ ဘာသာစကားနဲ့ စာပေကိုလဲ လေ့လာသင်ကြားသင့်ပါတယ်၊ ပိဋကတ်စာပေနဲ့ ပတ်သက်ပြီး မတူညီသော အဓိပ္ပါယ်ပြန်ဆိုချက်တွေကို သိရှိနိုင်မှာဖြစ်ပြီး ခိုင်မာကျစ်လစ်သော မြန်မာနိုင်ငံရဲ့ ပရိယတ္တိပညာကိုလဲ ထိုနိုင်ငံများသို့ သွားရောက်ဖြန့်ဖြူးပေးနိုင်မှာ ဖြစ်ပါတယ်၊ ဒီနည်းနဲ့ ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံချင်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်ကာ ပိဋကတ်စာပေနဲ့ ပတ်သက်ပြီး အဓိပ္ပါယ်ကောက်ယူပုံကွဲလွဲချက်မရှိပဲ တူညီသော ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးရဲ့ အရိပ်အာဝါသမှာ ငြိမ်းချမ်းစွာ အတူတကွ နေနိုင်ကြမှာ ဖြစ်ပါတယ်။

ကမ္ဘာကြီး ငြိမ်းချမ်းသာယာပြီး ဘဝဒုက္ခမျိုးစုံမှ လွတ်မြောက်ရေးကို ကြိုးပမ်းအားထုတ်နိုင်ရန် စစ်မှန်သော ဗုဒ္ဓဓမ္မများကို နိုင်ငံတကာအနှံ့ ဖြန့်ဖြူးဟောပြောရန် လိုအပ်ပါတယ်။

မြန်မာနိုင်ငံရဲ့ လက်ရှိပရိယတ္တိပညာရေး စနစ်ဟာ ပိဋကတ်စာပေကို ခြေခြေမြစ်မြစ် တတ်မြောက်နိုင်ရန် လမ်းခင်းပေးတဲ့ စနစ်ဖြစ်လို့ ဒီစနစ်အတိုင်း အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သင့်ပါတယ်၊ နိုင်ငံခြားတိုင်းပြည်များမှာ မြန်မာရဟန်းတော်များကို အဘိဓမ္မာတတ်ကျွမ်းသူ, ကမ္မဋ္ဌာန်းပြနိုင်သူအဖြစ် အထင်ကြီးကြ လေးစားကြတာကို တွေ့ရပါတယ်၊ မြန်မာရဟန်းတော်များအတွက် နောက်တစ်ဆင့် လိုအပ်ချက်ကတော့ နိုင်ငံခြား ဘာသာစကား တတ်မြောက်အောင် သင်ယူထားခြင်းနဲ့ ဘာသာမျိုးစုံ အတွေးအခေါ် မျိုးစုံကို ဗုဒ္ဓဓမ္မနဲ့ နှိုင်းယှဉ် လေ့လာခြင်းဖြစ်ပါတယ်။

ဘုန်းကြီးအနေနဲ့ အနာဂတ်မျှော်မှန်းချက် တစ်ခုရှိပါတယ်၊ မြန်မာနိုင်ငံမှာ သီတင်းသုံးတော်မူကြတဲ့ ညီတော်နောင်တော်များနဲ့ လက်တွဲပြီး "နိုင်ငံတကာ သာသနာပြုနိုင်မဲ့ ပုဂ္ဂိုလ်ကျော်တွေ" ပေါ်ထွက်ရေးအတွက် နိုင်ငံခြားဘာသာစကားနဲ့ သင်ကြားပို့ချပေးမဲ့ International Buddhist Academy သင်တန်းဌာနကြီး (ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီး)တစ်ခု မြန်မာနိုင်ငံမှာ တည်ထောင်ဖွင့်လှစ်ဖို့ မျှော်မှန်းပါတယ်။

ဒီမျှော်မှန်းချက်ကို **'သီတဂူဆရာတော် အရှင်ဉာဏိဿရ'**က ဦးဆောင်အကောင်အထည်ဖော်ပြီး **အရှင်မဟောသမပဏ္ဍိတ, အရှင်ပဏ္ဍိတဝရာဘိဝံသ**နဲ့ ဘုန်းကြီးတို့က ပါဝင်ဆောင်ရွက်ကြမှာဖြစ်ကြောင်း နိဂုံးချုပ်ပြောကြားလိုပါတယ်။

**"သက်ရှည်ကျန်းမာ စိတ်ချမ်းသာ လိုရာဆန္ဒ ပြည့်ဝကြပါစေ"**

**အရှင်နန္ဒမာလာဘိဝံသ**

**(၁၅. ၀၃. ၉၄ နေ့ B.B.C မြန်မာပိုင်းအစီအစဉ် "ကမ္ဘာ့တစ်ခွင်မြန်မာ့အမြင်" မှ အသံလွှင့်ချက်ကို ဖော်ပြလိုက်ပါသည်။)**
**(၁၃၅၉ ခုနှစ်ထုတ်၊ ညောင်ရွှေကန်ကြီးပရိယတ္တိ နှစ် ၅၀ ပြည့် စာစောင်မှ)**



# နှစ် ၁၀၀ ပြည့် သမိုင်းကြောင်း တစေ့တစောင်း

□ **အရှင်နန္ဒမာလာဘိဝံသ**

လောကကြီးအား အလင်းရောင်ပေးလျက်ရှိသော နေမင်းကြီးသည် အရှေ့ဥဒ်ိတောင်ထက်မှ နေ့စဉ် ပေါ်ထွက်လာလေ့ရှိသည်။ နေထွက်သည့် အကြိမ်ပေါင်း ၃၆၀၀၀(သုံးသောင်းခြောက်ထောင်)သည် လူတို့၏ အရေအတွက်အားဖြင့် နှစ်ပေါင်း ၁၀၀ ဖြစ်လေသည်။

နေမင်းကြီး၏ အလင်းရောင်၌ လူတို့သည် မွေးဖွားကြ၏။ ကြီးပြင်းအိုမင်းကြ၏။ သေဆုံးကြ၏။ မသေမီအချိန်တွင် မိမိတို့၏ ဘဝသမိုင်းကို မိမိတို့ကိုယ်တိုင် တည်ဆောက်ကြသည်။

လူအများစုသည် နေထွက်သည်ကို အကြိမ်ပေါင်း ၃၆၀၀၀ စေ့အောင် မမြင်ကြရပေ။ လူ့ဘဝသည် တိုးတောင်းလှ၏။ တိုတောင်းလှသော အချိန်ပိုင်းကလေးအတွင်း ဘဝသမိုင်းကို အကျိုးရှိရှိ ပီပီပြင်ပြင် တည်ဆောက်နိုင်သူကား အလွန်ပင် ရှားပါးလှပါသည်။

အများထက် ထူးချွန် ပုဂ္ဂိုလ်မွန်တချို့သည်သာ သမိုင်းဘဝ တည်ဆောက်နိုင်ကြ၏။ ထိုပုဂ္ဂိုလ်မွန်များ ဘဝသည် နှစ်တစ်ရာမရှိသော်လည်း

ထိုပုဂ္ဂိုလ်မွန်တို့၏ ဂုဏ်သတင်းကား ကမ္ဘာချဉ်းအောင် တည်လေတော့သည်။

နှစ်တစ်ရာမကြာသည့် ဘဝကာလလေးအတွင်း ကမ္ဘာချဉ်းအောင် ဂုဏ်သတင်းတည်ရစ်သူ ပုဂ္ဂိုလ်များမှာ နိုင်ငံနှင့်လူမျိုး အကျိုးတိုးပွားစေတတ်သော နိုင်ငံ့ခေါင်းဆောင်ကြီးများ, လူသားတို့၏ နှလုံးသားအတွင်း ဓမ္မအလင်းရောင်ကို ထွန်းပြောင်စေတတ်သော သာသနာ့ခေါင်းဆောင်ကြီးများပင် ဖြစ်ကြသည်။

ထိုလူသားတို့၏ အကျိုးပြုခေါင်းဆောင်ကြီးနှစ်မျိုးတွင် နိုင်ငံ့ခေါင်းဆောင်ကြီးများမှာ ခေတ်ကာလ စဉ်ဆက်မပြတ် ပေါ်ထွက်နိုင်ကြသဖြင့် အလွန်ကြီး အံ့သြဘွယ်ဟု မဆိုသာပါ။ အလင်းရောင် ထွန်းပြောင်စေတတ်သည့် သာသနာ့ခေါင်းဆောင်မျိုးသည်သာ ပေါ်တောင့်ပေါ်ခဲ အံ့ဖွယ်သရဲဟု ဆိုထိုက်ပါပေသည်။ အဘယ့်ကြောင့်ဆိုသော် ကမ္ဘာ့ကမ္ဘာ အလွန်ရှည်ကြာလည်း ဓမ္မအလင်းရောင် ထွန်းပြောင်စေသော သာသနာ့ခေါင်းဆောင်မျိုးမှာ ပေါ်ပေါက်နိုင်ခဲသောကြောင့် ဖြစ်ပါသည်။

မျက်မှောက်ခေတ် မြန်မာနိုင်ငံ၌ သာသနာ့ခေါင်းဆောင်များမှာ ကျောင်းတိုက်ကြီးများကို တည်ထောင်ကာ ဓမ္မအလင်းရောင် ထွန်းပြောင်စေသော တကယ့်သာသနာပြု ပုဂ္ဂိုလ်ကျော် ဆရာတော်ကြီးများသာ ဖြစ်ပေသည်။

ဤ၌ ပဲခူးမြို့ **ပုဗ္ဗာရုံကျောင်းတိုက်**မှ ဆရာတော်များသည် အဆိုပါ သာသနာပြု ပုဂ္ဂိုလ်ကျော်များ စာရင်းတွင် အပါအဝင် ဖြစ်ပါသည်။

ပဲခူးမြို့သည် ရှေးဟောင်းဟံသာဝတီမြို့တော်၏ တည်ရာဖြစ်ပြီး နိုင်ငံ့ခေါင်းဆောင် သာသနာ့ခေါင်းဆောင် ပုဂ္ဂိုလ်ကျော်များ၏ နေထိုင်ရာဒေသ ဖြစ်သည်။ ရွှေမောဓောစေတီ, ရွှေသာလျောင်းနှင့် မဟာစေတီတို့သည် ပဲခူးမြို့၏ ကျက်သရေဆောင်များဖြစ်ပြီး **'ကလျာဏီသိမ်'**သည် ထူးခြားလှသည့် သာသနာ့မှတ်တိုင်ကြီး ဖြစ်သည်။

ရှေးယခင်က ထင်ရှားစွာ တည်ရှိခဲ့သော ဟံသာဝတီပဲခူး၏ သာသနာပြုကျောင်းတိုက်ကြီးများသည် အတိတ်၏ပုံရိပ်များအဖြစ်သာ ကျန်ရှိခဲ့ကြ၏၊ မျက်မှောက်ခေတ်၌ **ကြခတ်ဝိုင်း, သာသနာ့မဏ္ဍိုင်**စသော ကျောင်းတိုက်ကြီးများသည် အတိတ်မှ သာသနာ့အမွေကိုဆက်ခံရင်း ပဲခူး၏ ကျက်သရေကို တိုးတက်စေလျက် ရှိကြပေသည်။

ပဲခူးမြို့၏ သာသနာ့ကျက်သရေကို တိုးတက်စေလျက်ရှိသော ပုဗ္ဗာရုံကျောင်းတိုက်ကို ၁၂၆၁ ခုနှစ်တွင် ပြည်ဆရာတော် **'ဘဒ္ဒန္တဝိသုဒ္ဓ'**က စတင်တည်ထောင်ဖူးခဲ့သည်။ ဆရာတော်က နိုင်ငံကျော် ဓမ္မကထိကဖြစ်ပြီး ပုဗ္ဗာရုံကျောင်းတိုက်ကို အခြေပြုကာ သာသနာပြုကိစ္စကို နှစ်ပေါင်း ခုနစ်နှစ်ကြာမျှ ဆောင်ရွက်တော်မူခဲ့ပါသည်။

ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓ ပျံလွန်တော်မူသည့်နောက်တွင် ဆရာတော် **'ဘဒ္ဒန္တဝိမလဗုဒ္ဓိ'**က ဆက်ခံခဲ့သည်၊ ဆရာတော်သည် ပရိယတ္တိဝိသာရဒ ဝိနယမရ ကျမ်းပြုအကျော် ဆရာတော်တစ်ပါးဖြစ်ပြီး ၁၂၆၈ ခုနှစ်မှ ၁၂၉၇ ခုနှစ်အထိ နှစ်ပေါင်း (၂၉)နှစ်တိုင်အောင် ဓမ္မရောင်ထွန်းပြောင်စေတော်မူခဲ့ပါသည်။

ထို့နောက် ပုဗ္ဗာရုံဆရာတော်အဖြစ် ဆက်ခံသူမှာ ဆရာတော် **'ဘဒ္ဒန္တပညာဝရ'** ဖြစ်သည်။ ဆရာတော်သည် ဘာသန္တရကျမ်းကျင်သည့်အပြင် ပိဋကတ်စာပေ၌လည်း တတ်မြောက်လိမ္မာတော်မူသည်။ ဆဋ္ဌသင်္ဂါယနာပွဲ၌ ပါဠိပဋိဝိသောဓကဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့သည်။ ပုဗ္ဗာရုံကျောင်းတိုက်ကြီးကို ၁၂၉၇ ခုနှစ်မှစ၍ ၁၃၂၇ ခုနှစ်အထိ နှစ်ပေါင်း ၃၀ ကြာမျှ ကြီးမှူးအုပ်ချုပ်ကာ သာသနာ့တာဝန်ကို အားသွန်ဆောင်ရွက်တော်မူခဲ့သည်။

ထိုဆရာတော် သံသရာတစ်ဘဝတာ အနားယူသွားသည့်နောက်တွင်မူ ယခုလက်ရှိ ဆရာတော် **'ဘဒ္ဒန္တစန္ဒိမာဘိဝံသ'**သည် ပုဗ္ဗာရုံကျောင်းတိုက်ကို ခေတ်မီ အဆင့်မြင့် ပရိယတ္တိစာသင်တိုက်ကြီးအဖြစ် ရောက်အောင် တိုးချဲ့ဆောင်ရွက်တော်မူလျက်ရှိသည်။ ဆရာတော်သည် သာ, ပါ, အ

မဇ္ဈိမရိယဘွဲ့ရ ပိဋကတ်စာကျွမ်းကျင်သည့် ဆရာတော်တစ်ပါးဖြစ်ရုံသာမက စာ၊ အဟောအပြော လိမ္မာကျွမ်းကျင်သည့် ဓမ္မကထိကဆရာတော် ဖြစ်တော်မူသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက အဆင့်မြင့် **'အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ'** စာချဘွဲ့တံဆိပ်တော်ဖြင့် ဆရာတော်ကို ဆက်ကပ်ပူဇော်သည်။

ဆရာတော်သည် ပုဗ္ဗာရုံကျောင်းတိုက်၏ ပဓာနနာယကတာဝန်အပြင် ရွှေကျင်ဂိုဏ်းက အပ်နှင်းထားသော ဂိုဏ်းလုံးဝန်ဆောင်နာယကတာဝန်၊ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းက အပ်နှင်းသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်တာဝန်နှင့် နိုင်ငံတော် သံဃမဟာနာယကတာဝန်များကိုပါ ဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသသည် ၁၃၂၇ ခုနှစ်မှစ၍ ပုဗ္ဗာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော်အဖြစ် ဓမ္မအရောင် သာသနာ့အရောင် ထွန်းပြောင်စေတော်မူလျက်ရှိသည်။

ဆရာတော်၏ သာသနာပြုကွန်းခိုရာ ပုဗ္ဗာရုံကျောင်းတိုက်ကြီးသည် ယခု ၁၃၆၁ ခုနှစ်တွင် နှစ် ၁၀၀ ပြည့်မြောက်အောင် မော်ကွန်း တည်ဆောက်နိုင်ခဲ့သည်။ ပုဗ္ဗာရုံကျောင်းတိုက်ကြီးသည် နေမင်းကြီး၏ ဦးညွှတ်မှု အကြိမ်ပေါင်း သုံးသောင်းခြောက်ထောင်ကျော်မျှ ခံယူရရှိကာ **'နှစ်တစ်ရာပြည့် သမိုင်းမော်ကွန်း'** ကို တင့်ထွန်းရှိန်ဝါ ခံ့ညားစွာ ထိုးနိုင်ခဲ့ပေပြီတကား။

**အဂ္ဂမဟာပဏ္ဍိတ**<br>
**အရှင်နန္ဒမာလာဘိဝံသ**<br>
**သ. စ. အ မဇ္ဈိမရိယ၊ ပါဠိပါရဂူ**<br>
**MA(သီရိလင်္ကာ-ကိုလံဘို)**<br>
**မဟာသုဓောဒရုံစာသင်တိုက် (စစ်ကိုင်း)**<br>
**(၂၈-၁၂-၉၉)**



# သဒ္ဒါမှန် အနက်မှန်

❑ **အရှင်နန္ဒမာလာဘိဝံသ**

**"ကျမ်းဂန်ပါဌ်လျောက်၊ နက်ရောက်မျှသာ၊ လေ့လာပြမ်းတီး၊ အာသာပြီးလတ်၊ သိရုံမှတ်က၊ စာတတ် မမည်"**

သဒ္ဒါမှန်မှ အနက်မှန်သည်၊ ထိုအချက်မှာ အငြင်းပွားဖွယ် မရှိ၊ သို့ရာတွင် သဒ္ဒါမှန်လျက် အနက်မှားနိုင်၏၊ **"ပါဌ်တစ်ချက်၊ အနက် ဆယ်ထွေ"** ဆိုသကဲ့သို့ သဒ္ဒါတစ်ခုက အနက်အများကို ဖော်ပြနိုင်ရာ လိုအပ်သည့်အနက် မလိုအပ်သည့်အနက်ကို ရွေးချယ်ရေး၌ တွေဝေနိုင်သည်။

**"သဒ္ဒ"**ဟူသည် လူသားတို့ အတွင်းစိတ်ဆန္ဒကို ထုတ်ဖော်ပြောဆိုသည့် **"စကားသံ"**တည်း။ မည်သည့်စကားအသံက မည်သည့်အရာကို ဆိုလိုကြောင်း အများအမှတ်ပြု သင်္ကေတရှိသည့်အတိုင်း သိရှိနားလည်ကြရ၏။

အသံသည် ဖြစ်ပေါ်လာပြီးနောက် စက္ကန့်ပိုင်းအတွင်းမှာပင် ချုပ်ပျောက်သွား၏၊ ထိုအသံကို မှတ်တမ်းတင်ရန် အက္ခရာစာလုံးများကို

လူမျိုးများအလိုက် တီထွင်ထားကြ၏။ အက္ခရာသင်္ကေတကို အသုံးပြုပြီး ထိုအသံမျိုးကို ပြန်လည်ဖော်ယူကြသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်က ရှင်တော်ဘုရား ဟောကြားတော်မူခဲ့သော ဓမ္မအသံများကို အက္ခရာသင်္ကေတများဖြင့် မှတ်တမ်းတင်ခဲ့ကြသည်။ မြင့်မြတ်သော စကားတော်တို့၏ အစုအဝေးအစဉ်ကို **"ပါဠိ"** ဟု ခေါ်ကြသည်။ မူရင်းမှာ မာဂဓဘာသာဖြစ်ဖွယ်ရှိသော်လည်း ရှင်တော်ဘုရား၏ စကားတော်များကို မှတ်တမ်းတင်ထားသည့်ဘာသာကို **"ပါဠိဘာသာ"**ဟု ခေါ်တွင်လာကြ၏။

ပါဠိဘာသာသည် ဓာတ်ကို အခြေခံထားပြီး ပစ္စည်း, ဝိဘတ် (နောက်ဆက်များ) ဥပသာရ(ရှေ့ဆက်များ)ဖြင့် ပွားယူရသော ဘာသာစကားမျိုး ဖြစ်သည်။ အနက်ကို ဖော်ပြနိုင်သော စကားလုံးကို အက္ခရာတစ်လုံးတည်းပင် ရှိပစေ၊ **"ပဒ"**ဟု ခေါ်နိုင်၏။ (ပါဠိပဒ) ပါဠိဝေါဟာရများသည် သင်္ကေတရှိသည့် အတိုင်း ဆိုင်ရာအနက်တို့ကို ဖော်ပြကြပေသည်။ 'ပဒ'က ဖော်ပြသည့် အနက်သည် သဒ္ဒတ္ထ(မူရင်းအနက်)နှင့် အဓိပ္ပါယတ္ထ(အများသိအနက်)ဟု နှစ်မျိုးရှိသည်။ သဒ္ဒတ္ထသည် စကားလုံးကို ဖြစ်ပေါ်လာခြင်း၏ အရင်းအမြစ်ဖြစ်၍ အဓိပ္ပါယတ္ထမှာမူ တွင်ကျယ်ဆင့်ပွား လူသိများသော အနက်မျိုး ဖြစ်သည်။ ထိုတွင် သဒ္ဒတ္ထနှင့် အဓိပ္ပါယတ္ထတို့သည် ရံခါ အလွန်ပင် ကွာလှမ်းနေတတ်၏။ ထိုအခါ သဒ္ဒတ္ထကို ဂရုမထား 'ရုဠှီ'ဟု မှတ်သားကြရပြန်သည်။

မြန်မာနိုင်ငံ၌ ပါဠိဘာသာလေ့လာမှုသက်တမ်းသည် နှစ်ပရိစ္ဆေဒအားဖြင့် ထောင်ဂဏန်းသို့ပင် ရောက်ရှိနေပေပြီ၊ ပါဠိပဒ, ပါဠိဝေါဟာရ အားလုံးလောက်နီးနီး မြန်မာပြန်ဆိုပြီး ဖြစ်၏။ သို့ရာတွင် ထိုပါဠိမြန်မာ ဝေါဟာရတို့က ဖော်ပြသည့် အနက်ဒြပ် အရာဝတ္ထုတို့ကို အမှန်အကန် အကုန်အစင် သိမြင်နိုင်ခြင်း မရှိသေးဟု ဆိုရမည် ဖြစ်သည်။

ဤနေရာ၌ **"ဝိဠာရပါဒက"**ပါဠိဝေါဟာရကို ဆွေးနွေးတင်ပြလိုပေသည်။ ဤဝိဠာရပါဒကပုဒ်ကို ဓမ္မပဒအဋ္ဌကထာ (ဒု-နှာ-၁၂)တွင် ဤသို့တွေ့ရသည်။

"တိဟိ အင်္ဂုလီဟိ ဂဟေတွာ ထောကေ တဏ္ဍုလေ အဒါသိ၊ တထာ မုဂ္ဂေ၊ တထာ မာသေတိ၊ သော တတော ပဋ္ဌာယ **ဗိဠာလပါဒကသေဋ္ဌိ နာမ ဇာတော**"။

ဤ၌ ဗိဠာလပါဒကပုဒ်၏ အနက်မှန်ကား အဘယ်ပါနည်း?၊ ဗိဠာလ-ကြောင်၊ ပါဒက-ခြေ (ခြေသည်း)ဟု ကြံတွေးကာ **'သူဌေးကြီး ဦးကြောင်ခြေ'**ဟု ပြန်ဆိုရေးသားကြ၏။ ဆန်ကလေး ပဲကလေး အနည်းငယ်မျှသာ လှူသောကြောင့် ထိုအခါမှ စ၍ သူ့ကို 'သူဌေးဦးကြောင်ခြေ'ခေါ်သည်ဟု ဆိုကြသည်။

သို့ရာတွင် အနည်းငယ်လှူသည့်အတွက် အဘယ့်ကြောင့် "ကြောင်ခြေ"ခေါ်ရသည်ကိုမူ အသင့်ယုတ္တိဖြင့် ရှင်းပြနိုင်ရမည် ဖြစ်သည်။ မရှင်းပြနိုင်လျှင် 'ဗိဠာလပါဒက'သဒ္ဒါ၏ ထိုအနက်သည် အနက်မှန် မဖြစ်နိုင်၊ သဒ္ဒါမှန်လျက် အနက်မှားနေသည်ဟု ဆိုနိုင်သည်။

ဗိဠာလပါဒကပုဒ်နှင့် စပ်၍ ကျေနပ်ဖွယ်အနက် တွေ့လိုတွေ့ငြား လက်လှမ်းမီသမျှ စာအုပ်များကို ရှာဖွေကြည့်ရှုမိ၏။ သီလက္ခန်ဋီကာသစ် (ပ၊ နှာ-၄၂၃)၌ ဗိဠာလပဒပုဒ်ကို ဤသို့တွေ့ရ၏။ "ဗိဠာရပဒပ္ပမာဏံ သုဓာဟာရံ တေ ဘုဉ္ဇန္တိ = ထိုနတ်တို့သည် ဗိဠာရပမာဏရှိသော နတ်သုဒ္ဓါကို စားကြ၏။" ဗိဠာရနှင့် ဗိဠာလ အတူတူဟု မှတ်သင့်၏။

ဤဗိဠာလသဒ္ဒါသည် ကြောင်ခြေကို မဟော၊ အတိုင်းအတာ အချိန်အတွယ်တစ်မျိုးကို ဟောကြောင်း သိရသည်။ မည်သည့်အချိန်အတွယ်ဖြစ်သနည်း?၊ ထိုဋီကာသစ်၌ပင် "ဗိဠာရပဒသဒ္ဒေါ သုဝဏ္ဏသင်္ခါတသဏ္ဍာဝိသေသဿ ဝါစကော = ဗိဠာလပဒသဒ္ဒါသည် တစ်သုဝဏ်ခေါ် သဏ္ဍာအထူးကို ဟောသော သဒ္ဒါဖြစ်သည်"ဟု ဆိုထား၏။ သို့ဖြစ်ရာ ဗိဠာလပါဒက၌ ဗိဠာလပဒသဒ္ဒါသည် တစ်သုဝဏ်(ရွှေချိန်တစ်ကျပ်သား)ကို ဟောသော သဒ္ဒါဖြစ်ကြောင်း သိရသည်။

ဆာမိုနီအာ **မိုနီအာ**-ဝိလီယမ် ရေး သက္ကတ-အင်္ဂလိပ်အဘိဓာန်ကျမ်း၌ ဗိဍာလပဒ(ပဒက)(ဗိဠာလပဒ) သဒ္ဒါ-ရွှေချိန်တစ်ကျပ်သားကို ဟောကြောင်း

ပြဆိုထား၏။ ဗိဠာလနှင့် ဗိဠာလတို့သည် ဂရုဠနှင့် ဂရုဠပုဒ်ကဲ့သို့ အပြောင်း အလဲရှိသောကြောင့် အတူတူဟု မှတ်ယူရမည် ဖြစ်သည်။

ဤဖော်ပြပါ အထောက်အထားများအရ ဓမ္မပဒအဋ္ဌကထာလာ "ဗိဠာလပါဒက"ပုဒ်ကို **"ကြောင်ခြေ"** ဟု ဘာသာမပြန်ဘဲ **"တစ်ကျပ်သား အလျှုရှင်"**ဟု ဘာသာပြန်ဆိုရပါလျှင် လောကသဘာဝယုတ္တိရှိ၍ အဋ္ဌကထာ ဆရာ၏ အာဘောဂနှင့် ညီညွတ်ရာသည်။ သူဌေးဖြစ်ပါလျက် ဆန်ကလေး ပဲကလေး အနည်းငယ်မျှသာ လှူသောကြောင့် "တစ်ကျပ်သားအလှူရှင် သူဌေးကြီး"ဟု ပြောင်လှောင် ခေါ်ဝေါ်ခြင်းသာ ဖြစ်ပေသည်။

'ဗိဠာလပါဒက'ပုဒ်ကိုလည်း "ဗိဠာလပဒံ ဒေတီတိ ဗိဠာလပါဒကော" တစ်နည်း= "ဗိဠာလပဒေန တဏ္ဍုလာဒယော ဒေတီတိ ဗိဠာလပါဒကော" ဟု ဝစနတ္ထပြု၍ "တစ်ကျပ်သား အလှူရှင်"ဟူသော အနက်ကိုသာ အနက်မှန်ဟု မှတ်သားသင့်ပေသည်။

သဒ္ဒါမှန် အနက်မှန်ပါမှ အသိမှန်နိုင်သည်။ အသိမှန်မှ အကျင့်မှန်နိုင် သည်။ အကျင့်မှန်ပါမှ လိုအပ်သော အကျိုးကို ရရှိနိုင်ပေသည်။

သို့ဖြစ်သောကြောင့် သဒ္ဒါမှန် အနက်မှန်သိရေး ကြံတွေးကြိုးစားကြ ပါစို့။

အရှင်နန္ဒမာလာဘိဝံသ
(၁၃၆၁-ခုနှစ်၊ ၁၉၉၉)

(စစ်ကိုင်းတောင်ရိုး၊ ပါဠိကာရီသုံးခွကျောင်းတိုက်၊
အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ နယနသာမိ အရှင်သူမြတ်၏
ဂုဏာဝိသိဋ္ဌပူဇာ စာစောင်မှ)



# တောရဗွေဟာသ် နှစ် ၁၀၀

□ **အရှင်နန္ဒမာလာဘိဝံသ**

မြန်မာနိုင်ငံ ဘုရင်များလက်ထက်၌ သာသနာဝင် ရဟန်းတော်များကို နှစ်မျိုးနှစ်စား ခွဲခြားဖော်ပြလေ့ရှိ၏။ ဂါမဝါသီ(ရွာကျောင်းနေ)ရဟန်းနှင့် အရညဝါသီ (တောရကျောင်းနေ)ရဟန်းတို့ ဖြစ်သည်။

ဗုဒ္ဓမြတ်စွာလက်ထက်တော်အခါက ရဟန်းတော်များ သီတင်းသုံးရန် ကျောင်းနေရာ ရွေးချယ်ရာ၌ (မဝေး နီးမော၊ မရော လူရှင်၊ မှက်ခြင် ပါးနည်း၊ ပစ္စည်းရလွယ်) စသော အခြေအနေများကို မူထားကာ ရွေးချယ်လေ့ရှိ၏။ ပါဠိကျမ်းဂန်များ၌ မြို့ရွာကျောင်းကို **“ဂါမန္တဝိဟာရ”**၊ တောရကျောင်းကို **“အရညဝိဟာရ”**သုံးနှုန်းဖော်ပြလေ့ရှိသည်။

ဗုဒ္ဓသာသနာတော် ပေါ်ကာစက ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင် အရညဝိဟာရ၌သာ သီတင်းသုံးတော်မူလေ့ရှိ၏။ အရညဝိဟာရ၌ သီတင်းသုံးနေထိုင်ခြင်းဖြင့် လူသူကင်းဆိတ် တောရိပ်ခိုနား ဒိဋ္ဌဓမ္မသုခဝိဟာရတရားဖြင့် အချိန်များများ နေထိုင်ခွင့်ရရှိနိုင်ခြင်း၊ ကောင်းမြတ်သည့် စံနမူနာကို ပြသနိုင်ခြင်းဟူသည့် အကျိုးထူးများကို ရရှိတော်မူခဲ့ပေသည်။

ဗုဒ္ဓမြတ်စွာ၏ ထင်ရှားကျော်ကြားသော တပည့်ကြီးများသည်လည်း အရညဝိဟာရ တောရကျောင်းများ၌သာ ရာသက်ပန် သီတင်းသုံးတော်မူခဲ့ကြ၏။

နှစ်အတန်ကြာ၍ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားလာသည့်အခါမှ စပြီး ဂါမန္တဝိဟာရခေါ် မြို့ရွာကျောင်းများ ပေါ်ထွန်းလာခဲ့ပေသည်။ ဂါမန္တဝိဟာရများ ပေါ်လာသဖြင့် ဗုဒ္ဓဘာသာဝင်ဥပါသကာ၊ ဥပါသိကာမများအတွက် ဓမ္မရေးရာ, ကုသိုလ်ရေးရာ ပိုမိုအကျိုးဖြစ်ထွန်းလာသော်လည်း ဂါမန္တဝိဟာရ (မြို့ရွာကျောင်းနေ)ရဟန်းတော်များအတွက်မူ တရားထူးရရှိရေး၌ အဟန့်အတား အနှောက်အယှက်များ များပြားလာခဲ့ပေသည်။

သို့ဖြစ်၍ ဂါမန္တဝိဟာရီ(မြို့ရွာကျောင်းနေ)ရဟန်းနှင့် အာရညိက (တောရကျောင်းနေ) ရဟန်းတို့၏ အခြေအနေအရပ်ရပ်ကို လေ့လာသုံးသပ်ပြသည့် ဒေသနာမိန့်ခွန်းတော်တစ်ရပ်ကို ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင် မိန့်ကြားတော်မူခဲ့၏။ ထိုသုံးသပ်ချက်ကို အင်္ဂုတ္တရနိကာယ်၊ ဆက္ကနိပါတ်၊ **နာဂိတသုတ်**၌ တွေ့နိုင်ပေသည်။

ဤ၌ အနှစ်ချုပ်ဖော်ပြရလျှင် ဤသို့ပင် ဖြစ်၏။

**"ဂါမန္တဝိဟာရီ** ရဟန်းအဖို့ သမာဓိရနေသော်လည်း မကြာမီ ထိုသမာဓိတရား ပျက်ပြားစေရန် အနှောင့်အယှက်များ ကြုံတွေ့နိုင်စရာ ရှိ၏။ သို့အတွက် ဂါမန္တဝိဟာရ၌ နေထိုင်ခြင်းကို ငါ မနှစ်သက်ပါ။

**အာရညိက** ရဟန်းအဖို့ အိပ်ငိုက်နေစေဦးတော့၊ မကြာမီ ထိုအိပ်ချင်မှုပယ်ဖျောက်၍ 'တစ်ဦးတည်း တောထဲမှာပါလား'ဟူသော အသိဝင်လာနိုင်သည်။ သို့အတွက် အရညဝိဟာရ(တောရကျောင်း)၌ နေခြင်းကို ငါ သဘောကျ၏။

ထို့အပြင် အာရညိကရဟန်းအနေနဲ့ သမာဓိမရသေးဘူးဘဲဆိုဦးတော့၊ မကြာမီ သမာဓိရလာနိုင်စရာ ရှိ၏။ သမာဓိရလာသောအခါမှာလည်း မကြာမီ ကိလေသာမှ လွတ်မြောက်မှုကို ရလာနိုင်စရာ ရှိ၏။ သို့အတွက် အရညဝိဟာရ (တောရကျောင်း)၌ နေခြင်းကို ငါ သဘောကျ၏။

တဖန် ဂါမန္တဝိဟာရီရဟန်းအနေနဲ့ စားဝတ်နေရေး ပစ္စည်းလေးပါးကို အလွယ်တကူရ၏။ ထိုအခါ လာဘ်သပ်ပကာအကျော်

အစောကို ပိုမိုလိုလားပြီး တစ်ဦးတည်း တစ်ပါးတည်း နေထိုင်လိုမှု၊ ဝေးလံသီခေါင်သည့် တောရကျောင်း၌ နေထိုင်လိုမှုကို လုံးဝစွန့်ပယ်ကာ မြို့ကြီးပြကြီးများသို့ ရွှေ့ပြောင်းနေထိုင်ရန် ကြိုးစားပေလိမ့်မည်။ သို့အတွက် ဂါမန္တဝိဟာရ၌ နေခြင်းကို ငါမနှစ်သက်ပါ။

သို့ရာတွင် အာရညိက ရဟန်းအနေနဲ့ ပစ္စည်းလေးပါးကို အလွယ်တကူ ရနေစေကာမူ လာဘ်သက္ကာရ အကျော်အစောကို တွန်းလှန်နိုင်သည်။ တစ်ဦးတည်း တစ်ပါးတည်း နေထိုင်မှု၊ ဝေးလံသီခေါင်သည့် တောရကျောင်း၌ နေထိုင်မှုကို မစွန့်လွှတ်ပေ။ သို့အတွက် အရညဝိဟာရ၌ နေခြင်းကို ငါ သဘောကျ၏"။

သာသနာ့သမိုင်း၌ ဂါမန္တဝိဟာရနှင့် အရညဝိဟာရတို့သည် ယှဉ်ပြိုင်ထွန်းကားလာခဲ့ကြပေသည်။ ဖော်ပြပါ နာဂိတသုတ် ဒေသနာတော်အရ အရညဝိဟာရကို မြတ်ဗုဒ္ဓ ပိုမိုနှစ်သက်တော်မူကြောင်း သိသာလှပေသည်။ သို့ရာတွင် အခြေအနေနှင့် အချိန်အခါအလိုက် ဂါမန္တဝိဟာရများသည် သာသနာတော် ထွန်းကားရေးအတွက် ရှိနေကြရသည်ပင် ဖြစ်သည်။

မြန်မာနိုင်ငံ သာသနာဝင်အရ မင်းကိုးကွယ်ခံ "ရာဇဂုရု"ဘွဲ့တံဆိပ်တော်ရ အကျော်အမော် ဆရာတော်ဘုရားကြီးများသည် သာသနာပြုကိစ္စဖြင့် ဂါမန္တဝိဟာရများ၌ သီတင်းသုံးတော်မူကြရသော်လည်း ရံဖန်ရံခါမှု အချိန်ပိုင်းဖြင့် အရညဝိဟာရများသို့ ကြွရောက်သီတင်းသုံးတော်မူလေ့ရှိကြ၏။

"အရှင်ဘုရား! ပရိသတ်နည်းနည်းဖြင့် တောရကျောင်းမှာ နေရတာ မကြောက်ဘူးလားဘုရား? "ဟူသော **တောင်ဖီလာဆရာတော်**၏ အမေးကို "ကြောက်လို့ နေတာပါ"ဟု ပုခန်းကြီး **ရွှေဥမင်ဆရာတော်ဘုရားကြီး**က ဖြေဆိုခဲ့သည်။ ရွှေဥမင်ဆရာတော်ဘုရားကြီး၏ ဖြေဆိုချက်က တောင်ဖီလာဆရာတော်ကို အရညဝိဟာရသို့ ပို့ပေးလိုက်သည်။

မြန်မာနိုင်ငံ သာသနာဝင်၌ တောရကျောင်းပျော် အကျော်အမော် ဆရာတော်ကြီးများ ထင်ရှားစွာ ပေါ်ထွန်းခဲ့၏။ ထိုဆရာတော်ကြီးများအနက်

လူသိအများဆုံးဆရာတော်ကြီးမှာ ဘုန်းတော်ကြီး ဦးသီလဖြစ်၏။ ဘုန်းတော်ကြီး**ဦးသီလ**(သို့မဟုတ်) **ပဲခူးဆရာတော်ဘုရားကြီး**"သည် တောရကျောင်းပေါင်းများစွာ ဖြစ်ပေါ်စေပြီး တောရဂိုဏ်းကြီးကို ဦးဆောင်တော်မူခဲ့ပေသည်။

ဘုန်းတော်ကြီး ဦးသီလ၏ တောရကျောင်းများတွင် ညောင်တုန်းမြို့ **"ရွှေဟင်္သာတောရ"**သည် အပါအဝင်ဖြစ်၏။ ရှေးယခင်က ညောင်တုန်းမြို့မှ မနီးမဝေးတွင် ဟင်္သာငှက်များ ကျရောက်ကျက်စားရာ **'ဟင်္သာကုန်း'**ခေါ် ကုန်းမြေတစ်ခု ရှိခဲ့သည်။အဆိုပါ ဟင်္သာကုန်းသည် ၁၂၆၂ ခုနှစ် တပေါင်းလတွင် သာသနာရောင် တက်ထွန်းသည့် သာသနာ့ဦးစွန်း အောင်မြေကျွန်းအဖြစ် ပြောင်းလဲဖြစ်ပေါ်လာခဲ့သည်။

ညောင်တုန်းမြို့သူ မြို့သားများသည် ဟင်္သာကုန်းမြေလွှာကို တောရကျောင်းတည်ရာအဖြစ် ရွေးချယ်လိုက်ကြပြီး ကျောင်းငယ်များ ဆောက်လုပ်ကာ ဘုန်းတော်ကြီးဦးသီလကို ပင့်လျှောက်ကြသည်။ ၁၂၆၂ ခုနှစ် တပေါင်းလပြည့်နေ့ (ကမ္ဘာဦးအခါက နေလတို့ စတင်ပေါ်ထွန်းရာနေ့)တွင် ဟင်္သာကုန်းတောရ၌ သိမာသမ္မုတိကံကို ဆောင်ရွက်ခြင်းဖြင့် တောရကျောင်းတိုက်ကြီး တစ်တိုက်ကို စတင်တည်ထောင်တော်မူလိုက်ကြ၏။ အမည်နာမကို **"သိရီမဟာမင်္ဂလာရာမ"**ဟု သမုတ်သော်လည်း **"ရွှေဟင်္သာတောရ"**ဟုသာ လူသိများ ထင်ရှားကျော်ကြားလျက် ရှိပေသည်။

တောရဂိုဏ်း ဦးစီးပဓာန ဘုန်းတော်ကြီးဦးသီလ၊ ရွှေကျင်ဂိုဏ်း ဦးစီးပဓာန မဟာဝိသုဒ္ဓါရာမဆရာတော်ကြီး၊ ကျောင်းတော်ရာ ဆရာတော်ကြီးများ ဦးစီးတည်ထောင်ခဲ့သည့် ကျောင်းတိုက်ကြီး ဖြစ်ခြင်းကြောင့် **"ရွှေဟင်္သာတောရကျောင်းတိုက်"**သည် အလွန်ထူးခြားသော ကျောင်းတိုက်ကြီး ဖြစ်သည်။

၁၃၆၂ ခုနှစ် (၂၀၀၀ ပြည့်နှစ်) ရွှေဟင်္သာတောရကျောင်းတိုက်ကြီးသည် သရဒရာသီတွင် တက်ထွန်းသည့် နေစက်ဝန်းကြီးပမာ ပရိယတ္တိရောင်ခြည်ဖြာလျက် နှစ်(၁၀၀)ပြည့် ပန်းတိုင်သို့ ဝင်ရောက်လာခဲ့ပေပြီ။

ရွှေဟင်္သာတောရ ကျောင်းတိုက်ကြီး၏ ဂုဏ်ရည်များမှာ ဖော်ပြရန် မလို လောက်အောင် ထင်ရှားကျော်ကြား လူသိများပြီး ဖြစ်နေသည်။

သို့ဖြစ်၍ ဤ"တောရရွှေဟင်္သာ နှစ် ၁၀၀" ဂုဏ်ပြုဆောင်းပါးကို ၁၃၃၂ ခုနှစ်တွင် ရွှေဟင်္သာတောရသို့ ပေးပို့သော နဝမရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးရှင် စံကင်းဆရာတော်ဘုရားကြီး၏ ဩဝါဒကထာမှ စာပိုဒ် တစ်ပိုဒ်ကို ဖော်ပြရင်း နိဂုံးချုပ်လိုက်ပါသည်။

"မြန်မာနိုင်ငံနှင့် တကွ ထေရဝါဒနိုင်ငံအားလုံးရှိ ကျောင်းတိုက်များ ဟာ ကြည့်လိုက်ရင် ဂုဏ်တွေ၊ ဝမ်းမြောက်ဖွယ်တွေ ရေးလို့မကုန်နိုင် အောင် တွေ့ရ၊ ကြည်ညိုရ၊ ကျေနပ်မှုရှိလှပါပေတယ်၊ အဲဒီထဲမယ် ရွှေဟင်္သာတောရကျောင်းတိုက်ကြီးဟာ တို့ငယ်ငယ် မန္တလေး(?)ဖြူစံကင်း နေတုန်းက မနူဖြူစံကင်းရဲ့ ဝိနည်းပြန်ဌာနဖြစ်လို့ ပို့ပြီး သိခွင့်ရခဲ့တယ်၊ ဒီရွှေဟင်္သာတိုက်ကြီးရဲ့ ဂုဏ်ကျက်သရေတွေ တွေ့လိုက်ရ၊ မြင်လိုက်ရ၊ ကြားလိုက်ရတိုင်း ရှေး ရွှေကျင်ဆရာတော်ကြီးများ၊ ဘုန်းတော်ကြီး ဦးသီလခေါ်တဲ့ တောရဆရာတော်ကြီးများ၊ ရန်ကုန် ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ကြီးများ၊ စံကျောင်းဆရာတော် အစရှိတဲ့ ဆရာတော်ကြီးများရဲ့ ဂုဏ်ကျေးဇူးတွေကို သတိရမိပါတယ်"

တောရရွှေဟင်္သာ သာသနာတော်ကြီး နှစ်(၁၀၀)ပြည့်မှ နှစ်(၁၀၀၀) ပြည့်သို့တိုင် ကြံ့ခိုင်တည်တံ့ အရှည်ခန့်ပါစေ။

**အရှင်နန္ဒမာလာဘိဝံသ (တိုက်အုပ်)**
**မဟာသုဗောဓာရုံကျောင်းတိုက်၊ စစ်ကိုင်း။**

**(၁၃၆၂ ခုနှစ်ထုတ်၊ ညောင်တုန်းမြို့၊**
**ရွှေဟင်္သာတောရကျောင်းတိုက် ရာပြည့်စာစောင်မှ)**



# စည်းလုံးညီညွတ်ရေးအတွက်
# ဓမ္မအရည်အသွေးများ

❑ **အရှင်နန္ဒမာလာဘိဝံသ**

ကိုယ်ကျင့်သီလနှင့် အယူဝါဒ အမြင်တူညီသော ပုဂ္ဂိုလ်များ၏ အဖွဲ့အစည်းကို **"သံဃ"**ဟု ခေါ်၏။ သာသနာ့ဝန်ထမ်း ရှင်ရဟန်းမှန်သမျှ ကိုယ်ကျင့်သီလနှင့် ပြည့်စုံရမည်။ ပါတိမောက္ခသံဝရသီလကို အခြေခံထား၍ ဣန္ဒြိယသံဝရ (=ဣန္ဒြေကို စောင့်စည်းခြင်း)၊ အာဇီဝပါရိသုဒ္ဓိ (=အသက်မွေးမှု သန့်ရှင်းစင်ကြယ်ခြင်း)၊ ပစ္စယသန္နိဿိတ (=သက်ရှင်တည်နေကြောင်း ပစ္စည်းကို သုံးစွဲရာ၌ ကျိုးကြောင်းဆင်ခြင်ခြင်း)တို့ကို ပြည့်စုံစေရမည်။ သမ္မာဒဿန=မှန်ကန်သောအမြင် ရှိရမည်။ တူညီသောသီလနှင့် အယူဝါဒကို အခြေခံ၍ ဖွဲ့စည်းထားသဖြင့် သံဃာ့အဖွဲ့အစည်းသည် အများအားဖြင့် ညီညွတ်၏။ အငြင်းအခုံပြဿနာများ ကင်း၏၊ အချင်းချင်း "နို့နှင့် ရေ" ရောထားသည့်ပမာ ကွဲပြားခြားနားမှုမရှိအောင် စည်းလုံး၏။ "ချစ်သော မျက်လုံး"များဖြင့် တစ်ပါးနှင့်တစ်ပါး ကြည့်ရှုကြ၏။ သို့ရာတွင် ရံဖန်ရံခါ ညီညွတ်စည်းလုံးစေ

နိုင်သည့် အရည်အချင်းများ ယုတ်လျော့သွားသည့်အခါ၌ စည်းလုံးညီညွတ်မှု ပျက်ပြားသွား၏။ အချင်းချင်း နာကျည်းအောင် ပြောဆိုဆဲရေးခြင်းဖြင့် "နှုတ်လုံ"ထိုးတတ်၏။

သံဃာ့အဖွဲ့အစည်းအတွင်း ဖြစ်ပေါ်လာတတ်သည့် ညီညွတ်မှု ပျက်ပြား အငြင်းပွားမှုများ မဖြစ်ပေါ်စေရန် ရဟန်းတိုင်း ပြည့်စုံသင့်သော အရည်အချင်း ၁၀ မျိုး ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့၏။

> "ရဟန်းတို့! ကြည်ညိုလေးစားတတ်၍ အမြဲသတိရှိရှိ ပြည့်စုံစေရမည့် အရည်အချင်းဆယ်မျိုး ရှိသည်။ ဤ အရည်အချင်း ဆယ်မျိုးသည် စည်းလုံးရေး, ဝိဝါဒကင်းရေး, ညီညွတ်၍ တလုံးတစည်းတည်း ဖြစ်ရေးအတွက် အလွန်ပင် အရေးပါလှ၏"။

အရည်အချင်း ဆယ်မျိုးမှာ ဤသို့ဖြစ်၏။

## (၁) ကိုယ်ကျင့်သီလ

ကိုယ်ကျင့်သီလရှိရမည်။ ပါတိမောက္ခသံဝရဖြင့် စောင့်စည်းရမည်။ ကိုယ်ကျင့်တရား (အာစာရ), သွားလာနေထိုင်ရာ (ဂေါစရ), သို့မဟုတ် စိတ်၏ ကျက်စားရာ (ဂေါစရ)နှင့် ပြည့်စုံရမည်။ သေးငယ်သည့် အပြစ်ကိုပင် အလေးအနက်ထားကာ ကြောက်စရာအဖြစ် ရှုမြင်ပြီး သိက္ခာပုဒ်များကို ခံယူလိုက်နာကျင့်သုံးရမည်။

## (၂) ဗဟုသုတ

ဗဟုသုတရှိရမည်။ ကြားနာသင်ယူပြီး ကျမ်းစာများကို ဆောင်ထား, နှလုံးသားတွင် သိမ်းထားရမည်။ အစ, အလယ်, အဆုံး ပြည့်ပြည့်စုံစုံ ကောင်းသည့် အနက်အဓိပ္ပါယ် စကားဝါကျ ကွယ်ဝ၍ လုံးဝပြည့်စုံ သန့်ရှင်းသော အကျင့်မြတ်ကို ဖွင့်ဆိုသော ဓမ္မများကို များစွာသင်ယူပြီး ဖြစ်ရမည်။ ဆောင်ထားခြင်း, ရွတ်ဆိုလေ့ကျင့်ခြင်း, စူးစမ်းဆင်ခြင်ခြင်း, အသိဉာဏ်ဖြင့် ထိုးထွင်းသိမြင်ပြီး ဖြစ်ရမည်။

## (၃) ကလျာဏမိတ္တ

မိတ်ကောင်းဆွေကောင်း ရှိရမည်။ မိတ်ကောင်းဆွေကောင်းကို လိုလားနှစ်သက်သူ ဖြစ်ရမည်။

## (၄) သုဝစ

အပြောအဆို လွယ်ကူသူ ဖြစ်ရမည်။ ပြောရဆိုရ လွယ်ကူစေသည့် သဘာဝများနှင့် ပြည့်စုံရမည်။ သည်းခံတတ်ပြီး အကြံပေးချက် ဆုံးမချက်များကို လေးစားစွာ မှတ်ယူသူ ဖြစ်ရမည်။

## (၅) ဒက္ခ

သီတင်းသုံးဖော်များ၏ ကိစ္စကြီးငယ်များကို ဆောင်ရွက်ရေး၌ လိမ္မာကျွမ်းကျင်ပြီး မပျင်းမရိ ဆောင်ရွက်တတ်သူ ဖြစ်ရမည်။ အလုပ်ကိစ္စပြီးစီးကြောင်း အကြံကောင်းဉာဏ်ကောင်းများရှိပြီး ကိုယ်တိုင် ဆောင်ရွက်နိုင်သူ, စီမံခန့်ခွဲတတ်သူ ဖြစ်ရမည်။

## (၆) ဓမ္မကာမ

ဓမ္မကို မြတ်နိုးသူ, မြတ်နိုးကြောင်း ပြသတတ်သူ, အဘိဓမ္မ အဘိဝိနယ အရာ၌ အလွန်စိတ်ပါဝင်စားသူ, ဝမ်းသာအားရရှိသူ ဖြစ်ရမည်။

## (၇) အာရဒ္ဓဝီရိယ

အကုသိုလ်တရား ဖယ်ရှားခြင်း, ကုသိုလ်တရား ပြည့်စုံအောင် ဆောင်ရွက်ခြင်း၌ အားထုတ်ကြိုးပမ်းခြင်း ဝီရိယရှိရမည်။ ကုသိုလ်တရားနှင့် ပြည့်စုံရေး၌ စွမ်းအားရှိပြီး အခိုင်အမာ အားထုတ်သူ, အားထုတ်မှုကို မည်သည့်အခါမျှ မစွန့်လွှတ်သူ ဖြစ်ရမည်။

## (၈) သန္တုဋ္ဌ

ပစ္စည်းလေးဖြာ ရရာဖြင့် ရောင့်ရဲခြင်း ရှိရမည်။

## (၉) သတိမာ

သတိရှိရမည်။ ထူးကဲသော သတိ, ရင့်ကျက်သော ပညာဖြင့် ပြည့်စုံရမည်။ ကာလရှည်ကြာက လုပ်ခဲ့ပြောခဲ့သမျှ မှတ်မိသူ ဖြစ်ရမည်။


## (၁၀) ပညဝါ

ပညာရှိရမည်။ ဖြစ်မှုပျက်မှုကို သိသော ပညာ, ထူးခြားစွာ ကိလေသာကို ထိုးဖောက်ဖျက်နိုင်သော ပညာ, ဒုက္ခချုပ်ငြိမ်းခြင်းသို့ ကောင်းစွာ စွမ်းဆောင်နိုင်သော ပညာမျိုး ရှိရမည်။

ဗုဒ္ဓဟောကြားတော်မူအပ်သော ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံပါလျှင် စည်းလုံးညီညွတ်သော အဖွဲ့အစည်းများအဖြစ် ထာဝရ ရပ်တည်နိုင်မည် ဖြစ်ပါသတည်း။

**ဘဒ္ဒန္တ နန္ဒမာလာဘိဝံသ**
**တိုက်အုပ်ဆရာတော်၊**
**မဟာသုဗောဓာရုံကျောင်းတိုက်**
**စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့။**
**၁၃၆၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်**
(၂၆. ၁၀. ၂၀၀၂)

**(စစ်ကိုင်းတောင်ရိုး၊ ဝိပဿနာဝိနည်းပြန်ဌာန၊ ၃၅ နှစ်ပြည့် အထိမ်းအမှတ်စာစောင်မှ)**





# ဓမ္မတက္ကသိုလ်များနှင့် သင်ရိုးညွှန်းတမ်း

**□ ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ**

ဗုဒ္ဓမြတ်စွာသာသနာတော်၌ သာသနာ့ဝန်ထမ်း ရှင်ရဟန်းများ၏ အခြေခံအရည်အချင်းနှစ်ရပ်မှာ ကိုယ်ကျင့်သီလပြည့်စုံခြင်းနှင့် ဗဟုသုတ ပြည့်စုံခြင်းဖြစ်သည်။ ရဟန်းမှန်လျှင် ပါတိမောက္ခသံဝရသီလကို စောင့်ထိန်း ခြင်းဖြင့် ကိုယ်ကျင့်သီလပြည့်စုံရမည်၊ ပိဋကတ်ပါဠိ, အဋ္ဌကထာ, ဋီကာ တတ်သိ လိမ္မာခြင်းဖြင့် ဗဟုသုတရှိရမည်။

ဗုဒ္ဓဓမ္မနှင့် စပ်လျဉ်း၍ အမြောက်အများ နာယူသင်ကြား လေ့လာ မှတ်သားထားသူကို **"ဗဟုသုတရှိသူ"**ဟု ခေါ်သည်။ **"ဗဟုသုတ"** (များသော အကြားအမြင်ရှိသူ)ပုဂ္ဂိုလ်၏ အဓိပ္ပါယ်ကို ထိုထိုသုတ်များ၌ ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင် ဤသို့ ရှင်းပြတော်မူ၏။

> "ရဟန်းတို့ ! ဤသာသနာ၌ ရဟန်းများသည် များသော အကြားအမြင်ရှိသူ **(ဗဟုဿုတော)**၊ အကြားအမြင်ကို မှတ်သား ဆောင်ထားသူ **(သုတဓရော)**၊ အကြားအမြင်ကို စုဆောင်းသိုလှောင် ထားတတ်သူ **(သုတသန္နိစယော)** ဖြစ်၏။ အစ၌ ကောင်းခြင်း၊ အလယ်၌

ကောင်းခြင်း၊ အဆုံး၌ ကောင်းခြင်းရှိသည့်အပြင် အနက်သဒ္ဒါ ပြည့်ဝလျက် ပြည့်စုံသန့်ရှင်းသော ဗြဟ္မစရိယကို ဖွင့်ဆိုရှင်းပြသည့် တရားဓမ္မအများအပြား သင်ယူနာကြားထား၏။ အရအမိ ဆောင်ထား၏။ စိတ်ဖြင့် ကြံတွေးစဉ်းစား၏။ အသိဉာဏ်ဖြင့် ထိုးထွင်းသိမြင်ထား၏။"

"ဗဟုဿုတ"ဟူသော ပါဠိဝေါဟာရသည် ဗုဒ္ဓမြတ်စွာလက်ထက်တော်အခါက စာပေအရေးအသားနှင့် စာပေကိရိယာရှိနိုင်သော်လည်း စာပေသင်ကြားမှု၌ အသုံးပြုမှုမရှိသလောက် နည်းပါးသည်။ ဆရာက နှုတ်တိုက်ချပေးသည်ကို တပည့်က နောက်မှ လိုက်ဆို၍ကျက်မှတ်ဆောင်ထားခြင်းဖြင့်သာ စာပေသင်ကြားမှုကို ဆောင်ရွက်ကြသည်။ ရှေးခေတ်က နားဖြင့်သာ စာပေသင်ယူခဲ့ကြသော်လည်း ယခုခေတ်မှာမူ မျက်စိကို အသုံးပြုကာ စာအုပ်များကို ကြည့်ရှုလေ့လာခြင်းဖြင့်လည်း စာပေသင်ယူလျက်ရှိကြသည်။

ဗုဒ္ဓဓမ္မများစွာ သင်ယူတတ်မြောက်သည့် "ဗဟုဿုတရှိသူ"ကို **"စာတတ်ပုဂ္ဂိုလ်"**ဟု ခေါ်ဆိုကြ၏။ စာတတ်ပုဂ္ဂိုလ်ကို အဆင့်ဆင့်ထား၍ ခွဲခြားလေ့လာနိုင်သည်။ စာတတ်ပုဂ္ဂိုလ်အဆင့် သုံးဆင့်နှင့် စပ်လျဉ်း၍ အရှင်မဟာဗုဒ္ဓဃောသ၏ သမန္တပါသာဒိကာအဋ္ဌကထာ၌ ဖွင့်ဆိုရှင်းပြချက်များသည် လွန်စွာပင် စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။

ဗဟုဿုတပုဂ္ဂိုလ် သို့မဟုတ် စာတတ်ပုဂ္ဂိုလ်သည် အဆင့်သုံးဆင့်ရှိ၏။

အဆင့်သုံးဆင့်မှာ -

(က) **နိဿယမုစ္စနက** - ဆရာလွတ်နေခွင့်ရှိသူအဆင့်။

(ခ) **ပရိသုပဋ္ဌာပက**- တပည့်ပရိသတ် လက်ခံသင်ကြားပေးခွင့်ရှိသူအဆင့်။

(ဂ) **ဘိက္ခုနောဝါဒက**- ဘိက္ခုနီတို့၏ ဩဝါဒါစရိယအဖြစ် ဆောင်ရွက်ခွင့်ရှိသူအဆင့်ဟူ၍ ဖြစ်သည်။

(က) **နိဿယမုစ္စနက** - ဆရာလွတ်နေခွင့်ရှိသူအဆင့်၌ ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံရမည် ဖြစ်၏။

၁။ အသက်အရွယ်အားဖြင့် ရဟန်း သိက္ခာငါးဝါရပြီး ဖြစ်ရမည်။

၂။ အနည်းဆုံး ဒွေမာတိကာကို နှုတ်တက်ဆောင်နိုင်ရမည်။

၃။ သီတင်းနေ့များ၌ တရားဓမ္မပြောနိုင်ရန် သုတ္တန်ပါဠိမှ ဘာဏဝါရလေးခု နှုတ်တက်ဆောင်ထားနိုင်ရမည်။

၄။ ရောက်လာသည့် ပရိသတ်အား တရားစကားပြောကြားညွှန်ပြရန် အန္ဓကဝိန္ဒသုတ်၊ မဟာရာဟုလောဝါဒသုတ်၊ အမ္ဗဋ္ဌသုတ်ကဲ့သို့သော ဟောစဉ်တခုခု နှုတ်တက်ဆောင်ထားနိုင်ရမည်။

၅။ သံဃာဆွမ်းကပ်ပွဲနှင့် သာရေးနာရေးကိစ္စများ၌ အနုမောဒနာတရားဟောကြားနိုင်ရန် အနုမောဒနာကထာသုံးပုဒ် ဆောင်ထားနိုင်ရမည်။

၆။ ဥပုသ်,ပဝါရဏာကိစ္စများ ဆောင်ရွက်တတ်ရန် ကမ္မာကမ္မဝိနိစ္ဆယကို လေ့လာထားရမည်။

၇။ ရဟန်းတရား အားထုတ်နိုင်ရန် အရဟတ္တဖိုလ်ပေါက် ကမ္မဋ္ဌာန်းတခုခုကို လက်တွေ့သင်ယူထားရမည်။

ဤဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသောရဟန်းသည် " နိဿယမုစ္စနက ဗဟုသုတ" ပုဂ္ဂိုလ်မျိုး ဖြစ်၏။ ကျမ်းဂန်တတ်သိလိမ္မာသဖြင့် ဆရာလွတ်နေထိုင်ခွင့်ရှိသူ ဖြစ်သည်။

(ခ) **ပရိသုပဋ္ဌာပက** - တပည့်ပရိသတ်လက်ခံ သင်ကြားပေးခွင့်ရှိသူအဆင့်၌ ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံရမည် ဖြစ်၏။

၁။ အသက်အရွယ်အားဖြင့် ရဟန်းသိက္ခာ ၁၀ ဝါ ရှိပြီးဖြစ်ရမည်။

၂။ တပည့်ပရိသတ်ကို ဝိနည်းနှင့် စပ်၍ ဆုံးမသွန်သင်နိုင်ရန် ဥဘတောဝိဘင်းကို နှုတ်တက်ဆောင်ရမည်။

၃။ ကမ္မာကမ္မဝိနိစ္ဆယနှင့် ခန္ဓကကျင့်ဝတ်များကို လေ့လာသင်ယူထားရမည်။

၄။ တပည့်ပရိသတ်အား လေးနက်သောတရားစကား ဟောကြားဆုံးမနိုင်ရန် ဖော်ပြပါ ပမာဏရှိ သုတ္တန်ပါဠိများကို လေ့လာသင်ယူထားရမည်။

(က) မဇ္ဈိမနိကာယ်ဆောင် ပုဂ္ဂိုလ်ဖြစ်လျှင် မူလပဏ္ဏာသတကျမ်းလုံးကို သင်ယူထားရမည်။

(ခ) ဒီဃနိကာယ်ဆောင် ပုဂ္ဂိုလ်ဖြစ်လျှင် မဟာဝဂ္ဂတကျမ်းလုံးကို သင်ယူထားရမည်။

(ဂ) သံယုတ္တနိကာယ်ဆောင် ပုဂ္ဂိုလ်ဖြစ်လျှင် သဂါထာဝဂ္ဂပါဠိ၊ နိဒါနဝဂ္ဂပါဠိ၊ ခန္ဓဝဂ္ဂပါဠိတို့ကို သင်ယူထားရမည်။

(ဃ) အင်္ဂုတ္တိုရ်ကျမ်း တဝက်ခန့်ကို သင်ယူထားရမည်။

(င) ဇာတကဘာဏကဖြစ်လျှင် ဇာတကပါဠိအဋ္ဌကထာအားလုံးကို လေ့လာထားရမည်၊ (သို့မဟုတ်)ဓမ္မပဒပါဠိကို ဝတ္ထုကြောင်းနှင့်တကွ အပြည့်အစုံ လေ့လာထားရမည်။

ဤဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသော စာတတ်ပုဂ္ဂိုလ်သည် ပရိသုပဋ္ဌာကဗဟုဿုတပုဂ္ဂိုလ်မျိုးဖြစ်ပြီး **“ဒိသာပါမောက္ခ”** ဆရာတစ်ဆူအဖြစ် ဆောင်ရွက်နိုင်ပေသည်။

(ဂ) **ဘိက္ခုနောဝါဒက** - ဘိက္ခုနီတို့၏ ဩဝါဒါစရိယအဖြစ် ဆောင်ရွက်ခွင့်ရှိသူအဆင့်၌ ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံရမည်ဖြစ်၏။

၁။ အသက်အရွယ်အားဖြင့် ရဟန်းသိက္ခာ ၂၀ ဝါ ရပြီး ဖြစ်ရမည်။

၂။ ပိဋကသုံးပုံ ပါဠိအဋ္ဌကထာအပြည့်အစုံ လေ့လာသင်ယူ
တတ်မြောက်ပြီးသူ ဖြစ်ရမည်။

ဤဖော်ပြပါ အရည်အချင်းနှင့် ပြည့်စုံသော စာတတ်ပုဂ္ဂိုလ်သည် ဘိက္ခုနောဝါဒကဗဟုသုတပုဂ္ဂိုလ်မျိုးဖြစ်ပြီး သာသနာတော်၌ ဗဟုသုတ အရာဝယ် အဆင့်မြင့်ဆုံး ဖြစ်လေသည်။

ဗုဒ္ဓမြတ်စွာသာသနာ၌ "စာတတ်ပုဂ္ဂိုလ်"ဟု ခေါ်ဆိုရမည့် ဗဟုသုတ ရှိသော ပုဂ္ဂိုလ်၏ ဖော်ပြပါအရည်အချင်း စံနှုန်းသတ်မှတ်ချက်သည် သာသနာ တော်နှစ် တစ်ထောင်ဝန်းကျင်က သီဟိုဠ်ကျွန်း မဟာဝိဟာရကျောင်းတိုက်၏ စံနှုန်းသတ်မှတ်ချက် ဖြစ်ဖွယ်ရာ ရှိပေသည်။ မဟာဝိဟာရကျောင်းတိုက် စာသင်သံဃာများသည် အဆိုပါ ဗဟုသုတအဆင့်သုံးဆင့်အရ ခွဲခြား သတ်မှတ်ထားသည့် သင်ရိုးညွှန်းတမ်းနှင့်အညီ ပိဋကတ်စာပေကို သင်ယူကြရ ခြင်း ဖြစ်ပုံရသည်။ ဖော်ပြပါ အဆင့်သုံးဆင့်ကို ယနေ့ခေတ် တက္ကသိုလ် ပညာဒီဂရီသုံးမျိုးနှင့် နှိုင်းယှဉ်ကြည့်နိုင်သည်။

နိဿယမုစ္စနကအဆင့်သည် တက္ကသိုလ် (B.A)ဒီဂရီ အဆင့်နှင့်လည်း ကောင်း၊ ပရိသုပဋ္ဌာကအဆင့်သည် တက္ကသိုလ်(M.A)ဒီဂရီအဆင့်နှင့် လည်းကောင်း၊ ဘိက္ခုနောဝါဒကအဆင့်သည် တက္ကသိုလ်(Ph.D)ဒီဂရီ အဆင့်နှင့်လည်းကောင်း အလားတူပေသည်။

မျက်မှောက်ခေတ် မြန်မာနိုင်ငံရှိ စာသင်တိုက်ကြီးများသည် တက္ကသိုလ် အမည်ကို အသုံးမပြုသော်လည်း ပိဋကတ်ပညာရေးကိစ္စနှင့် စပ်လျဉ်း၍ ဓမ္မ တက္ကသိုလ်ကြီးများပင် ဖြစ်ပေသည်။ ထိုဓမ္မတက္ကသိုလ်ကြီးများက အပ်နှင်းလိုက် သော ဘွဲ့ထူးဒီဂရီများသည် လက်တွေ့အားဖြင့် နိဿယမုစ္စနက ဒီဂရီ၊ ပရိ သုပဋ္ဌာပက ဒီဂရီ၊ ဘိက္ခုနောဝါဒကဒီဂရီများသာ ဖြစ်သည်ဟု ဆိုနိုင်ပေသည်။

**ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ**

**(သီတဂူဆရာတော်၏ ၆၇ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ဓမ္မအသံမှ)**



# နှစ် ၅၀ ပြည့် ရွှေရတု ဝေဇယန္တာ

**□ ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ**

မြတ်ဗုဒ္ဓ၏ သာသနာတော်သည် လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင့်ကိုးရာကျော်ကတည်းက စတင်ပေါ်ထွန်းခဲ့သည်။ မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ်တွင် သာသနာပေါ်ထွန်းခဲ့သည့်နှစ်ပေါင်း ၁၅၉၇ နှစ် ရှိပြီဖြစ်၏။ မြတ်ဗုဒ္ဓသည် နှစ်ပေါင်း ၄၅ နှစ်ကြာ တရားဓမ္မကို ဖြန့်ဖြူး ဟောကြားတော်မူခဲ့၏။ သက်တော် ၈၀ အရွယ်တွင် ပရိနိဗ္ဗာန် ဝင်စံတော်မူခဲ့၏။ ပရိနိဗ္ဗာန်စံပြီးနောက် ဆက်လက်တည်ထွန်းလျက်ရှိသော သာသနာတော်မှာ ယခုအခါ နှစ်ပေါင်း ၂၅၅၂ ရှိလေပြီ။

ဗုဒ္ဓသာသနာ တည်တံ့ပြန့်ပွားအောင် တစ်ဦးတစ်ယောက်တည်း ကြိုးစား၍ မဖြစ်နိုင်။ တစ်နေရာ တစ်ဌာနတည်း၌ ကြိုးစား၍လည်း မဖြစ်နိုင်။ မိမိတို့ဌာနအသီးသီးမှာ ရဟန်းရှင်လူ ပြည်သူအများ လက်တွဲညီညာ တစ်နိုင်တစ်ပိုင် ကြိုးစားကြရ၏။

အထူးအားဖြင့် မြန်မာနိုင်ငံသာသနာတော် တည်တံ့ပြန့်ပွားရေးကိစ္စမှာ ပရိယတ် ပဋိပတ် သာသနာပြုကျောင်းတိုက်များသည် အလွန်အရေးပါ၏။

ထိုတွင် ပရိယတ္တိစာသင်တိုက်ကြီးများ၌ လေ့ကျင့်သင်ကြား၍ စာပေကျွမ်းကျင်သည့် ပုဂ္ဂိုလ်များသည် ပဋိပတ္တိဌာနများ၌ အရည်အချင်းပြည့် ဦးဆောင်နိုင်သောကြောင့် ဖြစ်၏။ ဝေဇယန္တာသည် မြန်မာနိုင်ငံရှိ ပရိယတ္တိစာသင်တိုက်များတွင် တစ်တိုက်အပါအဝင် ဖြစ်၏။ နှစ်စဉ်စာသင်သား သံဃာ ၆၀ ကျော် ၇၀ ခန့်ကို သင်ကြားပို့ချပေးနေသော အလတ်စား စာသင်တိုက်ဖြစ်၏။ စာသင်တိုက်ကြီးများနှင့် စာလျှင် စာသင်ဦးရေ နည်းသော်လည်း အလတ်စား စာသင်တိုက်များ၏ စာမေးပွဲအောင်မြင်မှုနှုန်းထားသည် စာသင်တိုက်ကြီးများထက် မြင့်မားနေတတ်၏။

ဝေဇယန္တာကို ဦးဆောင်နေကြသည့် ဆရာတော် **'ဦးနန္ဒိယ'** (ယခုပျံလွန်)၊ ဆရာတော် **'ဦးကဝိသာရ'**၊ ဆရာတော် **'ဦးမဟောသဓပဏ္ဍိတ'** တို့သည် ပရိယတ္တိစာပေဆိုင်ရာ အရည်အချင်း ပြည့်ဝကြ၏။ အမရပူရ မဟာဂန္ဓာရုံ ဘာသာဋီကာ ကျမ်းပြုဆရာတော်ကြီး၏ တပည့်ကြီးများဖြစ်၍ ပိဋကတ်စာပေတွင် ကျွမ်းကျင်နှံ့စပ်ကြ၏။ မည့်သည့်ပါဠိအဋ္ဌကထာ ဋီကာမဆို ပို့ချပေးနိုင်သော အရည်အချင်း ရှိကြ၏။

ဝေဇယန္တာမှ စာတော်ပေတော် တပည့်ကျော်များ ဓမ္မာစရိယဘွဲ့ရ ပုဂ္ဂိုလ်ကျော်များ မွေးထုတ်နိုင်ခဲ့၏။ ဝေဇယန္တာမှ ဓမ္မာစရိယဘွဲ့ရများသည် ပရိယတ္တိပညာလက်ထောက်ဆရာများအဖြစ် လက်ဆင့်ကမ်း တာဝန်ယူလျက် ရှိကြ၏။ ပရိယတ္တိပညာ မျိုးဆက်သစ်များကို စဉ်ဆက်မပျက်အောင် ထိန်းသိမ်းနိုင်ကြ၏။

မူလဘူတ ဝေဇယန္တာသည် စစ်ကိုင်းတောင်ရိုး ပုညရှင်စေတီ၏ ခြသေ့်တစ်ကောင်စောင်းတန်းအရှေ့ဘက် တောင်းကမ်းပါးယံတွင် တည်ရှိ၏။ သေးငယ်သော ကမ္မဋ္ဌာန်းကျောင်း အနေအထားမှ လူသိထင်ရှားသော **'ဝေဇယန္တာပရိယတ္တိစာသင်တိုက်'**အဖြစ်သို့ ပြောင်းလဲလာခဲ့၏။ ဝေဇယန္တာ ဦးဆောင် ညီနောင်တို့၏ စွမ်းရည်သည် သေးရာမှ ကြီး၊ ကြီးရာမှ ကျော်၊ ကျော်ရာမှ တော်ဝင်စာသင်တိုက်တစ်တိုက် ဖြစ်လာစေ၏။ လူတို့၏ စွမ်းရည်သတ္တိသည် အရာခပ်သိမ်းကို တိုးတက်ပြောင်းလဲစေနိုင်၏။

နှစ် ၅၀ ဝေဇယန္တာသည် စစ်ကိုင်းနယ်နိမိတ်ကို ဖြတ်ကျော်ခဲ့၏။ **'ပြင်ဦးလွင် ဝေဇယန္တာ'**သည် မူလဝေဇယန္တာ၏ မျိုးဆက် ဖြစ်သည်။ တဖန် **'မုံရွာ ဝေဇယန္တာ'**သည် မူလဝေဇယန္တာ၏ မျိုးစေ့မှ ပေါက်ဖွား ရှင်သန်လာခြင်း ဖြစ်သည်။ အမျိုးဘာသာ သာသနာအတွက် အကျိုးပြုလျက် ရှိသည်။ **'ဒဂုံ ဝေဇယန္တာ'**သည် လူငယ်တို့၏ အကျင့်စာရိတ္တနှင့် အသိဉာဏ်ဖွံ့ဖြိုးမှုကို ဖြစ်ထွန်းစေ၏။ **'ချောင်းသာ ဝေဇယန္တာ'**သည် အစပျိုးနေ၏။ မကြာမီ နိုင်ငံနှင့် ဘာသာ သာသနာကြီးပွားရေးကို စွမ်းအားပြည့် ဆောင်ရွက်ပေလိမ့်မည်။

မြန်မာနိုင်ငံ၏ နယ်နိမိတ်ကို ဖြတ်ကျော်ပြီး ဝေဇယန္တာသည် နိုင်ငံရပ်ခြားတိုင်းတပါးသို့ပင် ခြေဦးလှည့်ခဲ့သည်။ အမေရိကန်ပြည်ထောင်စု မေရီလင်းပြည်နယ်၌ ဝေဇယန္တာသည် ခြေကုတ်ယူထား၏။ သာသနာ့မျိုးစေ့ ပြည်ပတွင် ကြဲချနေ၏။ မကြာမီ ဖွံ့ဖြိုးတိုးတက်၍ သီးပွင့်ဝေဆာလာပေလိမ့်မည်။

ဝေဇယန္တာသည် နှစ် ၅၀ အတွင်း အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုကို ရရှိထား၏။ ဝေဇယန္တာအင်အားစုသည် ၇၅ နှစ် စိန်ရတုတွင် ဘာသာ သာသနာအကျိုးပြုသည့် အင်အားစုကြီးတစ်ခုအဖြစ် ရောက်လာမှာ သေချာပေသည်။ ရွှေရတုဝေဇယန္တာမှ စိန်ရတုဝေဇယန္တာကိုပါ လှိုက်လှဲစွာ လက်ကမ်း ကြိုဆိုပါ၏။

**ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ**
**ပါမောက္ခချုပ်**
**အပြည်ပြည်ဆိုင်ရာ**
**ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ရန်ကုန်။**

**(၁၉၇၀ ပြည့်ထုတ်၊ စစ်ကိုင်းတောင်ရိုး၊ ဝေဇယန္တာချောင်ပရိယတ္တိစာသင်တိုက် နှစ် ၅၀ ပြည့်အထိမ်းအမှတ် ရွှေရတု မော်ကွန်းစာစောင်-မှ)**



# ဗုဒ္ဓတက္ကသိုလ်များ၏ ပညာရေးဦးတည်ချက်

◻ ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ

ဗုဒ္ဓ၏ အဆုံးအမသည် ယနေ့ကမ္ဘာအတွက် များစွာ လိုအပ်သည်။ ကမ္ဘာကြီးသည် ဆက်သွယ်ရေး လမ်းကြောင်းများကြောင့် ကျဉ်းမြောင်းလာသလို ရှိ၏။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အနီးကပ် တွေ့ရှိကြရသဖြင့် အဆင့်အတန်းကွာဟမှုသည် ပို၍ သိသာလာ၏။ အဆင့်အတန်း မတူညီမှုသည် ယှဉ်ပြိုင်မှုကို ဖြစ်ပေါ်လာစေ၏။ ယှဉ်ပြိုင်မှုသည် တိုးတက်မှုကို အထောက်အကူပြုသော်လည်း မမျှော်လင့်သည့် ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်စေ၏။ လိုချင်မှု တဏှာဆန္ဒကို ကြီးထွားစေ၏။ ကြီးထွားလာသော တဏှာဆန္ဒကို မထိန်းနိုင်သဖြင့် စွဲလမ်းမှုသည် အမြစ်တွယ်လာသည်။ မိမိထက်သာသူကို ရန်လိုမှု = ဣဿာတရား, မိမိ၏အခွင့်အရေးမျိုး သူတပါးမရအောင် တားဆီးလိုမှု = မစ္ဆရိယတရားများသည် လူ့စိတ်ကို လွှမ်းမိုးလာ၏။ လူသားများသည် ဣဿာမစ္ဆရိယ လွှမ်းမိုးထားသော ဤကမ္ဘာမှာ ပြဿနာမျိုးစုံနှင့် ကြုံတွေ့နေရပြီး ဘေးကင်းရန်ကွာ ငြိမ်းချမ်းသာယာမှုကို ဆုံးရှုံးနေကြရသည်၊

ယနေ့ ကမ္ဘာမှာ ကြုံတွေ့နေကြရသည့် ပြဿနာမျိုးစုံ၏ အဖြေကို ရှာတွေ့ဖြေရှင်းနိုင်သည့် တစ်ခုတည်းသော နည်းလမ်းမှာ ဗုဒ္ဓတရားတော်သာ ဖြစ်သည်။ သို့ဖြစ်၍ ဗုဒ္ဓအဆုံးအမတော်သည် ယနေ့ကမ္ဘာအတွက် များစွာ လိုအပ်လျက် ရှိသည်။ ယနေ့ ကမ္ဘာအတွက် လိုအပ်ချက်ဖြစ်သည့် ဗုဒ္ဓတရားတော်များ ကမ္ဘာအနှံ့ ဖြန့်ဖြူးနိုင်ရန် သာသနာပြုပုဂ္ဂိုလ်ကျော်များ လိုအပ်သည်။ သာသနာပြုပုဂ္ဂိုလ်ကျော် ဖြစ်လာစေရန် စနစ်တကျသင်ကြားပေးဖို့ လိုသည်။ ထိုသို့လေ့ကျင့်သင်ကြားပေးရန် ဗုဒ္ဓတက္ကသိုလ်များ တည်ထောင်ကြရ၏။ ဗုဒ္ဓတက္ကသိုလ်များသည် ပညာရေးကဏ္ဍကို အဓိက ဦးစားပေး ရေးဆွဲကြရ၏။ ပညာရေးကဏ္ဍကို ပီပြင်အောင် အကောင်အထည်ဖော်နိုင်မှသာ အရည်အချင်းပြည့် သာသနာပြုပုဂ္ဂိုလ်များ ပေါ်ထွက်နိုင်သည်။

အရည်အချင်းပြည့်ပုဂ္ဂိုလ် ဆိုသည်မှာ. . .

(၁) သာသနာပြုစိတ်ဓာတ် ထက်သန်ခြင်း

(၂) ကိုယ့်ကျင့်တရား ခိုင်မာခြင်း

(၃) ပုဂ္ဂိုလ်ရေးထက် ဓမ္မရေးကို အလေးဂရုပြုခြင်း

(၄) ဗုဒ္ဓဓမ္မ၌ လိမ္မာကျွမ်းကျင်ခြင်း

(၅) ဘာသာစကား၌ ကျွမ်းကျင်လိမ္မာခြင်း

စသည် အရည်အချင်းများရှိသော ပုဂ္ဂိုလ်မျိုး ဖြစ်သည်။ အဆိုပါ အရည်အချင်းမျိုး ရရှိစေနိုင်သည့် ပညာရေးဦးတည်ချက် ချမှတ်ကျင့်သုံးရမည်။ ဖော်ပြပါ အချက် ၅ ချက်အနက် (၁-၂-၃) ပါ အချက်များကို လေ့ကျင့်သင်ကြားပေးသင့်သည်။ စွမ်းရည်ခိုင်မာအောင် ပြုပြင်တည်ဆောက်ပေးသင့်သည်။

နံပါတ် (၄) အချက်အတွက် ပိဋကသုံးပုံပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းတို့မှ ကောင်းနိုးရာရာ ရွေးကောက်၍ အနှစ်ချုပ်ကို ပိုင်နိုင်သိရှိအောင် သင်ကြားပို့ချရမည်။ အခြားဘာသာတရားများ အယူအဆအတွေးအခေါ်များနှင့် နှိုင်းယှဉ်လေ့လာစေရမည်။ ဗုဒ္ဓတက္ကသိုလ်များ၏ ပညာရေးဦးတည်ချက်မှာ အဓိက နံပါတ် (၄) အချက် ဖြစ်သင့်သည်။

နံပါတ် (၄) ကို ဦးစားမပေး၊ နံပါတ် (၅) ကို ဦးစားပေးလျှင် အောင်မြင်နိုင်မည်မဟုတ်။ ဆိုလိုသည်မှာ ဘာသာစကား ကျွမ်းကျင်သော်လည်း ဗုဒ္ဓဓမ္မ မကျွမ်းကျင်လျှင် အရည်အချင်းရှိ သာသနာပြုပုဂ္ဂိုလ် မဖြစ်နိုင်။ မဖြစ်နိုင်ရုံမျှမက ဗုဒ္ဓဓမ္မကို မှားမှားယွင်းယွင်း ယူဆဟောပြောမိလျှင် သာသနာပြုမဖြစ်ဘဲ သာသနာဖျက် ဖြစ်သွားနိုင်ပေသည်။ အချို့က ဗုဒ္ဓဓမ္မကို အင်္ဂလိပ်ဘာသာဖြင့် သင်ယူရခြင်းကိုပင် တကယ့်အဆင့်ကြီးဟု ထင်မြင်၏။ဗုဒ္ဓဓမ္မကို ပါဠိမူရင်းမှ မိမိတို့ ဘာသာစကားဖြင့်ဖြစ်စေ, အခြားဘာသာစကားတစ်ခုခုဖြင့်ဖြစ်စေ, သင်ယူခြင်း၊ အဋ္ဌကထာ, ဋီကာရှင်းလင်းချက်များ ဖြည့်စွက်သင်ယူခြင်း၊ သဒ္ဒါကျမ်းရှုထောင့်မှ သင်ယူခြင်းမျိုးကသာ အဆင့်မီ သင်ယူနည်း ဖြစ်သည်။

ဗုဒ္ဓဓမ္မနှင့် စပ်လျဉ်း၍ ဘာသာပြန်စာအုပ်များကို များစွာ အားမကိုးသင့်ပေ။ မူရင်းပါဠိတော်ကိုသာ အားကိုးသင့်၏။ ဘာသာပြန်ဆိုရာ၌ ဖြစ်စေ၊ အဓိပ္ပါယ်ဖွင့်ဆိုရာ၌ဖြစ်စေ မှားယွင်းမှုမရှိစေရန် သတိပြုရမည် ဖြစ်သည်။ ဘာသာပြန်မှားလျှင် အဓိပ္ပါယ်မှားနိုင်၏။ အဓိပ္ပါယ်မှားလျှင် အသိမှားနိုင်၏။ အသိမှားလျှင် အကျင့်မှားနိုင်၏။ အကျင့်မှားလျှင် သံသရာတလျှောက်လုံး ဒုက္ခရောက်နိုင်၏။

သို့ဖြစ်၍ ဗုဒ္ဓတက္ကသိုလ်များ၏ ပညာရေးဦးတည်ချက်မှာ အင်္ဂလိပ်ဘာသာစကားသင်ကြားရေး မဟုတ်။ ဗုဒ္ဓဓမ္မ သင်ကြားရေးသာ ဖြစ်သည်။ မှန်ကန်သော ဗုဒ္ဓဓမ္မကို ဘာသာစကားဖြင့် မှန်ကန်စွာ ဖြန့်ဖြူးရေးသို့ လျှောက်လှမ်းကြပါစို့။

**ဒေါက်တာနန္ဒမာလာဘိဝံသ (ပါမောက္ခချုပ်)**
**သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်**

**(၁၃၇၀ ပြည့်နှစ်ထုတ်၊ စစ်ကိုင်းတောင်ရိုး၊ မြစကြာကျောင်းတိုက်၊ ၁၆ နှစ်ပြည့် သာသနာ့ဖန်မီးအိမ်စာစောင်-မှ)**



# နှလုံးသားတွင် စွဲထင်နေသည့် ပုံရိပ်များ

❑ ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်ရှိ မဟာဝိသုဒ္ဓါရုံတိုက်သစ်၏ သက်တမ်းသည် ၁၃၇၀ ပြည့်နှစ်တွင် နှစ် ၅၀ ပြည့်သို့ ရောက်ရှိခဲ့လေပြီ။ **'မူလက္ကဏ္ဍာသယကျောင်း'**မှ **'မဟာဝိသုဒ္ဓါရုံတိုက်သစ်'**အဖြစ် ပြောင်းလဲတည်ထောင်ခဲ့သောဆရာတော်မှာ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်မှ သံတော်ဆင့်စာချဆရာတော် **အရှင်ဝါသဝါဘိဝံသ** ဖြစ်သည်။

နှစ် ၅၀ ပြည့် မဟာဝိသုဒ္ဓါရုံတိုက်နှင့် ဆက်စပ်၍ ကျောင်းတိုက်တည်ဆရာတော်၏ ဘဝကို ပြန်လည်တွေးတောမိ၏။ နှစ် ၅၀ မတိုင်မီက ထိုဆရာတော်၏ ဘဝပုံရိပ် တစ်စိတ်တစ်ဒေသသည် စာရေးသူ၏ နှလုံးသားတွင် ပေါ်ထင်လာ၏။

စာရေးသူသည် ၁၃၁၇ ခုနှစ် အသက် ၁၆ နှစ်အရွယ် မန္တလေးမြို့၊ ဝိသုဒ္ဓါရုံ ဝါဆိုကျောင်းသို့ ရောက်ရှိနေထိုင်ခဲ့သည်။ စာချတန်းကျမ်းများကို သင်ယူရန် စစ်ကိုင်းတောင်ရိုးမှ မန္တလေးသို့ ပြောင်းရွှေ့နေထိုင်ခြင်းဖြစ်၏။

ထိုစဉ်က အစိုးရစမ္မာစရိယတန်း ပေါ်လာသည်မှာ လေး, ငါး, ခြောက်နှစ်မျှသာ ရှိသေးသည်။ ပါဠိတက္ကသိုလ် အက်ဥပဒေအရ ပါဠိတက္ကသိုလ်များ တည်ထောင်ကာ ပဌမကြီးအောင် စာသင်သားများ လိုအပ်နေ၍ အရေးပေး ခံနေရသည့်အချိန် ဖြစ်သည်။

စာရေးသူ မန္တလေး၊ ဝိသုဒ္ဓါရုံသို့ ရောက်ရှိလာလျှင်လာချင်းပင် ဝိသုဒ္ဓါရုံ သံတော်ဆင့် စာချဆရာတော် **'ဦးဝါသဝါဘိဝံသ'**၏ ဂုဏ်သတင်းများကို စတင် ကြားသိခဲ့ရ၏။ စာချတန်းစာဝါပို့ချရာ၌ ရှင်းလင်းပြတ်သားပုံ, ကျမ်းစာ နိုင်နင်းပုံ, မန္တလေး လေးပြင် လေးရပ်မှ စာသင်သား အများအပြား လာရောက် စာဝါလိုက်ကြပုံတို့ကိုပါ ကြားသိရ၏။

"သံတော်ဆင့် စာချဆရာတော် အဋ္ဌသာလိနီ ဈာန်ခန်း ပို့ချလိမ့်မယ်။ မင်းတို့ သွားလိုက်ကြ"ဟု ဝါဆိုဆရာတော် (ယခု စုဒ္ဒသမ ရွှေကျင်သာသနာ ပိုင်) မိန့်ကြားသည့်အတိုင်း စာချတန်းဝင် ရှင်ပဏ္ဍိတ၊ ရှင်ဝေပုလ္လနှင့် စာရေးသူ တို့သည် စာလိုက်ရန် စာအုပ်ကိုယ်စီပိုက်ကာ သံတော်ဆင့်တိုက်ကြီးပေါ်သို့ တက်ခဲ့ကြ၏။

သံတော်ဆင့်တိုက်ကြီးသည် ဝိသုဒ္ဓါရုံတိုက်၏ အနောက်တောင် ထောင့်၌ တည်ရှိသည့် ရှေးပုံစံ နှစ်ထပ်တိုက်ကြီး ဖြစ်သည်။ ပေ ၄၀ ပတ်လည် ခန့် အကျယ်အဝန်းရှိ ခန်းမ၌ စာလိုက်သံဃာများဖြင့် ပြည့်လျက်ရှိ၏။ စာရေးသူတို့ ကိုရင်သုံးပါးသည် နောက်ဖျားကျကျတွင် နေရာယူကြ၏။ အချိန်ကျသောအခါ သံတော်ဆင့် စာချဆရာတော် အခန်းတွင်းမှ ထွက်လာခဲ့ ၍ စာချစားပွဲ၌ ထိုင်သည်။

အဋ္ဌသာလိနီ ဈာန်ခန်း အဖွင့်အစမှ စ၍ စာဆိုရဟန်းက နိသျအနက် ဆို၏။ ပြည်ဆရာတော်၏ အဋ္ဌသာလိနီနိသျအတိုင်း ဆိုခြင်း ဖြစ်သည်။ စာတစ်မျက်နှာခန့် အနက်ဆိုပြီးသောအခါ စာချဆရာတော်က စာချတန်း၌ ပြဋ္ဌာန်းထားသော နည်းစနစ်အတိုင်း စတင်ရှင်းပြ၏။

စာချတန်းနည်းစနစ်သည် မန္တလေးစာချနည်းပင် ဖြစ်သည်။ မန္တလေးစာချနည်းဟူသည်မှာ သဒ္ဒါကျမ်းရှုထောင့်၊ အဘိဓမ္မာရှုထောင့်၊ ဆန်းအလင်္ကာ နေတ္တိရှုထောင့်စသည်ဖြင့် ရှုထောင့်စုံပို့ချသည့် နည်းစနစ် ဖြစ်သည်။

**ပဌမံ ကရေ ပဒစ္ဆေဒံ၊ သမာသာဒိ' တတော ကရေ။**
**သမာသာဒိ' ကရိတွာန၊ အတ္ထံ နိယျာထ ပဏ္ဍိတာ။**

ဟူသော ပုဂံခေတ်ရေး သံပျင်ငို့ကာလာ နည်းစနစ်နှင့်အညီ ပုဒ်တစ်ပုဒ်တွေ့တိုင်း ရှေးဦးစွာ ပုဒ်ခွဲခြင်း၊ သမာသ်စသည်ကို ရှင်းပြခြင်း၊ ပြီးလျှင် ဆိုလိုသည့် အနက်ကို ချပြခြင်းဖြင့် သိစရာ မကျန်ရအောင် ရှင်းပြသည်။ ဤနည်းသည် ရှေးကျလျက် ခေတ်မီသော စနစ်ကျသော နည်းဖြစ်၏။

မြန်မာနိုင်ငံ ပါဠိစာပေလေ့လာသင်ယူပုံ နည်းစနစ်သည် ပုဂံခေတ်မှ စတင်ဖွံ့ဖြိုးခဲ့၏။ ပင်းယ၊အင်းဝ၊ အမရပူရ၊ မန္တလေးခေတ်ထိ ရှင်သန်တိုးတက်နေခဲ့၏။

အဋ္ဌကထာ ပါဠိဝါကျများ လေ့လာရာ၌ "ဟိ, စ, ပန"နိပါတ်များ၏ အနက်အဓိပ္ပါယ်သည် အလွန်အရေးပါ၏။ ပင်းယခေတ်ကျမ်းပြုဆရာတော် **အရှင်အရိယဝံသ**၏ ဂန္ထာဘရဏကျမ်းသည် ဝါကျလမ်းညွှန် နိပါတ်များ၏ အနက်အဓိပ္ပါယ် အသေးစိတ် ရှင်းပြထားသော ကျမ်းဖြစ်၏။ ဂန္ထာဘရဏကျမ်းမှာ လာရှိသည့်အတိုင်း ဟိ , စ , ပန စသည့် နိပါတ်များ တွေ့တိုင်း မည်သည့် ဝါကျမျိုးဖြစ်ကြောင်း မြန်မာနိဿယကျမ်းများ၌ တိကျစွာ စွဲဆိုကြ၏။ အဋ္ဌကထာဝါကျများ လေ့လာရာ၌ ဤကဲ့သို့သော နည်းစနစ်များသည် မြန်မာနိုင်ငံ၌သာရှိ၏။ အဆိုပါ နည်းစနစ်မျိုးမရှိသဖြင့် အဋ္ဌကထာကျမ်းတို့ကို အင်္ဂလိပ်ဘာသာပြန်ဆိုရာ၌ ဟိ , စ , ပန တွေ့တိုင်း But , However ဟုသာ ပြန်ဆိုကြလေ၏။

၂၀၀၅ ခုနှစ်က စာရေးသူတို့အဖွဲ့ အိန္ဒိယနိုင်ငံ ICCR ၏ ဖိတ်ကြားဖြင့် အိန္ဒိယတက္ကသိုလ်များကို သွားရောက်လေ့လာခဲ့ကြ၏။ နယူးဒေလီ

တက္ကသိုလ် Buddhist Studies ဌာနမှ ပါမောက္ခများနှင့် တွေ့ဆုံစဉ် သူတို့မေးမြန်းချက်အရ မြန်မာနိုင်ငံ ပါဠိသင်ကြားပုံ နည်းစနစ်ကို ရှင်းပြခဲ့၏။ ဥပမာ - 'ဗုဒ္ဓေါ'ဆိုသည့် ပါဠိဝေါဟာရ တစ်ပုဒ်ကိုပင် သဒ္ဒါကျမ်းရှုထောင့်၊ အဘိဓမ္မာရှုထောင့်၊ နေတ္တိရှုထောင့်တို့မှ လေ့လာသင်ကြားပုံကို ရှင်းပြရာ သူတို့အနေနဲ့ အဆိုပါနည်းစနစ်များကို မကြားဖူးကြောင်း မသိကြောင်း ဝန်ခံပြောကြားကြ၏။

၂၀၀၄ ခုနှစ် ကမ္ဘာအေး၌ ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီး ညီလာခံ ဗုဒ္ဓဘာသာရေးဆွေးနွေးပွဲ၌ နယူးဒေလီတက္ကသိုလ် ဗုဒ္ဓစာပေဌာန ဌာနမှူး ဒေါက်တာ **ဆတျပါလ (သစ္စပါလ)** က မြန်မာနိုင်ငံမှ ဓမ္မာစရိယဘွဲ့ရသူ၏ ပါဠိဘာသာအရည်အချင်းမှာ သူ့ပါဠိအရည်အချင်းထက် သာပါသည်ဟု ဝန်ခံ ပြောဆိုခဲ့၏။

မန္တလေးစာချနည်းအရ အဋ္ဌကထာကျမ်းကို ပို့ချရာ၌ စာစပ်ခြင်း၊ ပုဒ်ခွဲ ပုဒ်စပ်ပြုလုပ်ခြင်း၊ ပုဒ်အနက် ထုတ်ခြင်း၊ ဝိဂ္ဂြိုဟ်ဆိုခြင်း၊ စောဒနာထုတ်ခြင်း၊ ပရိဟာရထုတ်ခြင်းဟူသည့် သံဝဏ္ဏနာနည်းစနစ်ကို ရှင်းပြကြရ၏။

သံတော်ဆင့်စာချဆရာတော်သည် အဋ္ဌသာလိနီ ဗျာန်ခန်းကို ပို့ချရာ၌ ဖော်ပြပါ နည်းစနစ်နှင့် ဓမ္မာစရိယတန်း သင်ရိုးညွှန်းတမ်းပါ အချက်များ ကို ရှင်းလင်းစွာ ပို့ချပေးသည်။ ဖြေးနှေးအေးဆေးစွာ ပို့ချခြင်း၊ စာပြောရှင်းခြင်း တို့ကြောင့် စာရေးသူတို့မှာ စာလိုက်ရာ၌ အခက်အခဲ မတွေ့ကြရပေ။

ကျမ်းရိုး ငါးချက်၊ ဋ္ဌပနာပဥ္စကတတက်နည်းများကို မူသေစနစ်ဖြင့် ရှင်းပြ ၏။ ဆိုင်ရာနိယံများ ကိုးကား ရှင်းပြခြင်း၊ သဒ္ဒါကျမ်းလာ စကားများ ကိုးကား ရှင်းပြခြင်းကြောင့် အသိဉာဏ်ပွင့်လင်းမှုကို ရရှိခဲ့ကြ၏။

လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ ကျော်က သံတော်ဆင့်ဆရာတော်ထံ စာလိုက်ခဲ့စဉ် အတွေ့အကြုံ အမှတ်တရ တို့ကား "နှလုံးသားတွင် စွဲထင်နေ သည့် ပုံရိပ်များ"ပင် ဖြစ်ကြပေသည်။

သံတော်ဆင့်ဆရာတော် အရှင်ဝါသဝါဘိဝံသ ဦးစီးတည်ထောင်ဖွင့်လှစ်ခဲ့သော **"ဗဟန်း၊ မဟာဝိသုဒ္ဓါရုံ တိုက်သစ်"** နှစ် ၅၀-ပြည့် ရွှေရတုနှစ်တွင် ဤဆောင်းပါးဖြင့် ကျေးဇူးထုတ်ဖော် ပူဇော်ကန်တော့ပါသည် ဘုရား။

**အရှင်နန္ဒမာလာဘိဝံသ**
**ပါမောက္ခချုပ်**
**အပြည်ပြည်ဆိုင်ရာ**
**ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်**
**ရန်ကုန်**

**(၁၃၇၀ ပြည့်နှစ်ထုတ်၊ ရန်ကုန်မြို့၊ ဗဟန်း၊ နန္ဒဝန်လမ်း၊ ပါဠိတက္ကသိုလ် မဟာဝိသုဒ္ဓါရုံရွှေကျောင်တိုက်သစ်၊ ရာပြည့် နှင့် ရွှေရတု စာစောင်-မှ)**



# နိကာယ်စာမေးပွဲများ၏ အကျိုးကျေးဇူး

**□ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ**

လောကမှာ ဗုဒ္ဓမြတ်စွာ ပွင့်ပေါ်လာခြင်းနှင့် အမှန်တရားကို ဟောပြောခြင်းသည် အများအတွက် ကောင်းကျိုးချမ်းသာများကို ဖြစ်ထွန်းစေ၏။ မြတ်ဗုဒ္ဓ၏ တရားတော်သည် သဘာဝအားဖြင့် မှန်ကန်သည့်အပြင် အများအယွင်းမရှိ ဟောကြားအပ်သည့် တရားတော်ဖြစ်၏။ တရားတော်ကို အမျိုးအစားအားဖြင့် ခွဲခြားလိုက်လျှင် ကိုးမျိုးရှိသည်။ ယင်းကိုးမျိုးမှာ သုတ္တ၊ ဂေယျ၊ ဝေယျာကရဏ၊ ဂါထာ၊ ဥဒါန၊ ဣတိဝုတ္တက၊ ဇာတက၊ အဗ္ဘုတဓမ္မ၊ ဝေဒလ္လဟု ကိုးမျိုးဖြစ်ပါသည်။

(က) ထိုကိုးမျိုးတွင် **'သုတ္တ'**ဟူသည် **'တံမျဉ်းချည်ကြိုး'**ဟု မူရင်းအဓိပ္ပါယ်ရှိ၏။ သစ်တုံးခွဲစိတ်သော လွှသမားတို့သည် လွှတိုက် လွှဆွဲရာ၌ တံမျဉ်းချည်ကြိုးကို အသုံးပြုကြ၏။ တံမျဉ်းချည်ကြိုးဖြင့် လမ်းကြောင်းပေးထားသည့်အတိုင်း လွှဆွဲကြရ၏။ မြတ်ဗုဒ္ဓ၏ ဒေသနာတော်သည် ဘဝသံသရာ ခရီးသည်များအား ဘဝခရီးနှင့် ဘဝနိရောဓအတွက်

လမ်းကြောင်းဖော်ပြ၏။ အဆိုပါလမ်းကြောင်းအတိုင်း လျှောက်လှမ်းလျှင် လိုရာစခန်းသို့ ရောက်၏။ လူသားများ၏ တံမျဉ်းချည်ကြိုးနှင့် အလားတူသော မြတ်ဗုဒ္ဓစကားတရားတော်ကို (သုတ္တ)ဟု ခေါ်ဆိုခြင်း ဖြစ်၏။မင်္ဂလသုတ်၊ မေတ္တသုတ်စသည်ဖြင့် သုတ္တအမည်ရ ဒေသနာတော်များစွာ ရှိသည်။ (ဝိနယပိဋက) တစ်ခုလုံးလည်း သုတ္တအမျိုးအစားတွင် ပါဝင်ပါသည်။

(ခ) **'ဂေယျ'**ဟူသည် ဂါထာနှင့် စုဏ္ဏိယစကားပြေ နှစ်မျိုးရောလျက် ဟောကြားအပ်သော ဒေသနာမျိုး ဖြစ်သည်။

(ဂ) **'ဝေယျာကရဏ'**ဟူသည် ဂါထာမဖက် ဂါထာမရောပဲ စုဏ္ဏိယ သက်သက် ဟောကြားအပ်သည့် ဓမ္မစက္ကပဝတ္တနသုတ္တန် ကဲ့သို့သော ဒေသနာမျိုး ခေါ်၏။ အဘိဓမ္မပိဋကသည် ဝေယျာကရဏအမျိုးအစား၌ ပါဝင်ပါသည်။

(ဃ) ကဗျာအဖွဲ့ဖြင့် ဟောကြားအပ်သော ဒေသနာသည် **'ဂါထာ'** မည်၏။ ဓမ္မပဒ၊ ထေရဂါထာ၊ ထေရီဂါထာ စသောတရားမျိုး ဖြစ်သည်။

(င) ရွှင်မြူးတက်ကြွ၍ဖြစ်စေ၊ သံဝေဂရ၍ဖြစ်စေ၊ ရင်တွင်းမဆံ့ နှုတ်မှ လွင့်ပျံ့လာသော တရားမျိုးကို **'ဥဒါန'**ဟု ခေါ်ပါသည်။ သီးသီးသန့်သန့် ဥဒါနသုတ်ပေါင်း ၈၂ သုတ် ရှိပါသည်။

(စ) "ဝုတ္တံ ဟေတံ ဘဂဝတာ" ဟူသော စကားမျိုးဖြင့် အစချီအပ်သော ဒေသနာအစုကို **'ဣတိဝုတ္တက'**ဟု ခေါ်ပါသည်။ **'ဣတိဝုတ္တက'**သည် သီးသီးသန့်သန့် သုတ်ပေါင်း ၁၁၀ ရှိပါသည်။

(ဆ) မြတ်ဗုဒ္ဓ၏ အတိတ်ဘဝဇာတ်ကြောင်းနှင့် စပ်လျဉ်းသော ဇာတ်တော်ပေါင်း ၅၅၀ ကို **'ဇာတက'**ဟု ခေါ်ပါသည်။ အဆိုပါ

ဇာတကတွင် မပါဝင်သော ဇာတ်အချို့ကို နိကာယ်များ၌လည်း တွေ့ရသေးသည်။

(၈) ပုဂ္ဂိုလ်တစ်ဦးဦး၌ တွေ့ရသော ထူးခြားသည့် အံ့ဖွယ်အရည်အချင်းများကို ဖော်ပြသော ဒေသနာသည် **'အဗ္ဘုတဓမ္မ'** ဒေသနာ ဖြစ်သည်။

(၉) အသိဉာဏ်နှင့် ကျေနပ်မှုကို ရရှိစေသည့် အမေးနှင့် အဖြေတို့ကို မှတ်တမ်းတင်ထားသော ဒေသနာမျိုးကို **'ဝေဒလ္လ'** ဒေသနာ ခေါ်သည်။

ထိုသို့ အမျိုးအစားအားဖြင့် ကိုးမျိုး ပါဝင်သော ဗုဒ္ဓမြတ်စွာ၏ တရားတော်များကို နိကာယ်အစု ငါးမျိုးခွဲခြား၍ မှတ်တမ်းတင်ထားပါသည်။ **'နိကာယ'**ခေါ် နိကာယ်ငါးမျိုးမှာ. . .

၁။ **ဒီဃနိကာယ်** = ရှည်လျားသော သုတ်များကို အစုပြုခြင်း။ သုတ်ပေါင်း ၃၄ သုတ် ပါဝင်ပါသည်။

၂။ **မဇ္ဈိမနိကာယ်** = မတိုမရှည် သုတ်များကို အစုပြုထားခြင်း။ သုတ်ပေါင်း ၁၅၂ သုတ် ပါဝင်ပါသည်။

၃။ **သံယုတ္တနိကာယ်** = ဆက်စပ်နွယ်ရာ အကြောင်းအရာအလိုက် ခွဲခြားပြီး သုတ်များကို အစုပြုထားခြင်း။ သုတ်ပေါင်း ၇၇၆၂ သုတ် ပါဝင်ပါသည်။

၄။ **အင်္ဂုတ္တရနိကာယ်** = အချက်အလက်များ တစ်ခုမှစပြီး ဆယ့်တစ်ခုအထိ တစ်ခုစီ တိုးမြှင့်ဖော်ပြသည့် သုတ်များကို အစုပြုခြင်း။ သုတ်ပေါင်း ၉၅၅၇ သုတ် ပါဝင်သည်။

၅။ **ခုဒ္ဒကနိကာယ်** = ကြွင်းသမျှသုတ်မျိုးစုံနှင့် ဝိနယပိဋက၊ အဘိဓမ္မပိဋကအပါအဝင် ဒေသနာများကို အစုပြုထားခြင်း ဟူ၍ နိကာယ်ငါးမျိုး သိနိုင်ပေသည်။

ဗုဒ္ဓမြတ်စွာ၏ ဒေသနာတော်များသည် နိကာယ်ငါးရပ်တွင် စုဝေးတည်ရှိ၏။ ဒေသနာတော်မှန်သမျှ သတ္တဝါများအားလုံးအတွက် ဟိတသုခမမ္မများ ဖြစ်ပေါ်စေသည့်အပြင် ဘဝလွတ်မြောက်မှုကို ဦးတည်ထားပါသည်။ နိကာယ်စာပေများကို ဖတ်ရှုခြင်း၊ လေ့လာသင်ကြားခြင်းဖြင့် ဓမ္မအသိဉာဏ်ကို ဖွံ့ဖြိုးတိုးတက်စေ၏။ ဓမ္မအသိဉာဏ်ဖြင့် ဓမ္မကို မြင်၏။ ဓမ္မကို မြင်လျှင် ဗုဒ္ဓကို မြင်၏။ ဗုဒ္ဓကို မြင်၍ ဓမ္မကို လက်ခံကျင့်သုံးလျှင် ဆင်းရဲဒုက္ခအားလုံးမှ လုံးဝလွတ်မြောက်ခြင်း **(ဝိမုတ္တိရသ)**ကို တွေ့ရှိခံစားနိုင်ပေသည်။ ဤသည်မှာ နိကာယ်စာမေးပွဲများမှ ရရှိနိုင်သော အမြင့်ဆုံး အကျိုးကျေးဇူး ဖြစ်ပေသတည်း။

**ဘဒ္ဒန္တနန္ဒမာလာဘိဝံသ**

**(၁၃၆၉ ခုနှစ်ထုတ်၊ မိုးကုတ်မြို့၊ နိကာယ်သာသနာတော်**
**ကြီးပွါးရေးအသင်းကြီး၏ ငွေရတုစာအုပ်-မှ)**



# ရွှေကျင်နိကာယ

## ▫ အရှင်နန္ဒမာလာဘိဝံသ

**ရွှေကျင်ဂိုဏ်း**သည် မြန်မာပြည် သာသနာ့ဝင်၌ ပေါ်လွင်ထင်ရှားသော ဂိုဏ်းတစ်ဂိုဏ်း ဖြစ်သည်။စည်းကမ်းကောင်းခြင်း၊ စည်းလုံးခိုင်မာခြင်းကြောင့် ကြီးပွားတိုးတက်လျက် ရှိ၏။ ခေတ်အဆက်ဆက် အများပြည်သူ၏ကြည်ညိုမြတ်နိုးမှုကို ခံရ၏။ ဂိုဏ်းတပါးနှင့် သူစည်းကိုယ့်စည်းထား၍လေးစားစွာ ပေါင်းသင်းဆက်ဆံခြင်းကြောင့် ဂိုဏ်းတပါး၏ လေးစားမှုကိုလည်း ရလျက်ရှိ၏။

ရွှေကျင်ဂိုဏ်း၏ ဦးစီးဆရာတော်များသည် ရွှေကျင်ဂိုဏ်းဝင်တို့အား(မမ္ဗဝိနယနှင့်အညီ) ဩဝါဒ အနုသာသနီတို့ဖြင့် အခါအားလျော်စွာ ချီးမြှောက်လေ့ရှိ၏။ ခြင်္သေ့ဆီသည် သိင်္ဂီရွှေခွက်တွင် တည်သကဲ့သို့ ရွှေကျင်ဂိုဏ်း ဦးစီးဆရာတော်တို့၏ ဩဝါဒသည် ရွှေကျင်ဂိုဏ်းဝင်တို့အပေါ် တည်ရှိလေသည်။ဩဝါဒပေးခြင်း၊ ဩဝါဒကို လေးစားခြင်း၊ အချင်းချင်း မြတ်နိုးစွာ လက်တွဲခြင်းကြောင့် ရွှေကျင်ဂိုဏ်း၏ အဆင့်သည် မြင့်သထက် မြင့်နေသည်။ ရွှေကျင်ဂိုဏ်း

သည် ပြန့်ပွားသထက် ပြန့်ပွားနေ၏။ မြန်မာနိုင်ငံတွင်သာမက သီရိလင်္ကာနိုင်ငံ၊ ထိုင်းနိုင်ငံများအထိ ရောက်ရှိပြန့်ပွားလျက် ရှိ၏။

ရွှေကျင်ဂိုဏ်းသည် မန္တလေးခေတ်တွင် စတင်ပေါ်လာသော ဂိုဏ်းဖြစ်သည်။ **မင်းတုန်းမင်း**သည် အမရပူရမှ မန္တလေးသို့ ရွှေ့ပြောင်း၍ မြို့ပြတည်ထောင် စိုးစံခဲ့လေသည်။ **"အုတ်ကျစ်ကျော်အေး မန္တလေး"** ဆိုသည်နှင့်အညီ ၁၂၂၁ ခုနှစ်သည် မန္တလေးခေတ်၏ သမိုင်းမှတ်တိုင်ကို စတင်စိုက်ထူရာနှစ်ဖြစ်လေသည်။

ဗုဒ္ဓသာသနာနှစ် ၂၄၀၀ ပြည့်သို့အရောက်ဖြစ်၍ လေးဘက်လေးတန်တာပေါင်း ၂၄၀၀ စီကျယ်သော ရတနာပုံနေပြည်တော်ကြီးကို တည်ထောင်ခဲ့သည်။ သစ်လွင်သော မြို့ရိုးကြီးအတွင်း၌ ရွှေရောင်တဖျပ်ဖျပ် တောက်လျက်ရှိသော စံနန်းတော်ကြီးများ ရှုမရဲအောင် ဆင့်ကဲဆင့်ကဲ ပေါ်လာသည်။

**"အသက်ကယ်တဲ့ ရှည်စေလို့ မြနန္ဒာ ရေညှိသန်းတယ်၊ ရွှေမန်းတောင်ရိပ်ခို"** ဟူသော တဘောင်နှင့်အညီ ရတနာပုံနေပြည်တော်ကြီးသည် မန္တလေးတောင်ရိပ်ကို မှီခိုလျက် ရှိသည်။ပင်ကိုယ်အလှဖြင့် ကြည့်မဝ၊ ရှုမဝရှိလှသော မန္တလေးတောင်၏ တောင်ဘက်တွင် တောင်မြောက်တန်းလျက် ပြသာဒ်အဆောင် ရွှေရောင်တောက်နေသော သာသနာပြုကျောင်းကြီးမှာလည်း အလျှိုလျှို ပေါ်ထွက်လာခဲ့လေသည်။

ထိုခေတ်က မန္တလေး၏ အလှများကား ပြသ၍ ကုန်နိုင်ဖွယ်မရှိ။ **သုဓမ္မာဇရပ်တော်၊ မဟာအတုလဝေယံကျောင်းတော်ကြီး**စသော သာသနာ၏ အဆောက်အအုံတို့မှာ အလှတကာအလှဆုံး အလှမျက်နှာဖုံးများ ဖြစ်စရာရှိပေသည်။ အဘယ့်ကြောင့်ဆိုသော် မန္တလေးအလှမှာ ဘုရင်မင်းတရား၏ ရွှေနန်းတော်ကြီးများ မဟုတ်ပေ။သာသနာတော်သည်သာလျှင် မန္တလေးအလှဖြစ်နိုင်ပေသည်။

မင်းတုန်းမင်းသည် ပြည်သူတို့ကို သနား၏။ ငြိမ်းချမ်းရေးကို မြတ်နိုး၏။ သာသနာကို အားကိုး၏။မြန်မာရာဇဝင်တွင် မည်သည့်မင်းမှ သမိုင်းတွင်အောင် မဆောင်ရွက်နိုင်ခဲ့သော သင်္ဂါယနာပွဲ ဆင်နွှဲခဲ့သည်။ပိဋကတ်ဓမ္မက္ခန္ဓာ

တို့ကို ကျောက်ထက်အက္ခရာ တင်ခဲ့လေသည်။ မင်းတုန်းမင်းသည် သာသနာတော် သန့်ရှင်းပြန့်ပွားမှုကို လိုလား၏။ **ရှမ်းကလေးကျွန်းဆရာတော်၏** အကူအညီဖြင့် ဓမ္မဝိနယ အမိန့်တော်ပြန်တမ်းကြီးကို ထုတ်ဆင့်၍ သာသနာရေးရာကို ကိုင်တွယ်ခဲ့လေသည်။

သာသနာပြုဆရာတော်ကြီး အမျိုးရှိသော ဆရာတော်များသည် သုဓမ္မာ ရွှေဇရပ်မှနေ၍ တစ်နိုင်ငံလုံးရှိ သာသနာရေး သာသနာမှုတို့ကို ပြုစုဆောင်ရွက်တော်မူကြသည်။ ဤသည်ကို သာသနာတော်ကို အလွန်ချစ်သော မင်းတုန်းမင်းသည် ကျေနပ်အားရနေသည်။

သို့သော် မင်းတုန်းမင်း၏ စိတ်တွင် လိုအင်ဆန္ဒတစ်ခု ဖြစ်ပေါ်လျက်ရှိသည်။ ရှမ်းကလေးကျွန်းဆရာတော်၏ ကိုယ်စား ရတနာသိယ်မြင်းမြေတွင် သာသနာပြုနေသော လှတော ရွှေကျင်ရွာဇာတိ ရွှေကျင်ဆရာတော်ကလေးကို ရွှေမြို့တော်သို့ ပင့်ဆောင်၍ ကိုးကွယ်ချင်သည်။ မင်းတုန်းမင်းသည် အမရပူရမြို့တော်၌ လွတ်တက်မင်းသားကြီး ဖြစ်စဉ်ကပင် ရွှေကျင်ဆရာတော်ကလေးနှင့် သိကျွမ်းခဲ့သည်။ သီးလုံးဆရာတော် ရှမ်းကလေးကျွန်းဆရာတော်တို့၏ တပည့်ပီပီ အနေအထိုင် ကျစ်လစ်၍ သာသနာစိတ် ပြင်းထန်ခြင်း, နှုတ်စအာစရှိ၍ အပြောအဟောကောင်းခြင်းတို့ကို သိရှိရသဖြင့် ကြည်ညိုရင်း ရှိခဲ့သည်။ သို့ဖြစ်၍ ၁၂၂၂ ခုနှစ်တွင် ရွှေကျင်ဆရာတော်ကလေးကို ရွှေမြို့သို့ ပင့်ခဲ့သည်။

ရွှေကျင်ဆရာတော်ကလေးသည် ဂါမဝါသီဘဝထက် အရညဝါသီဘဝကို ပို၍ မြတ်နိုးသည်။ မင်းက ပင့်သဖြင့် ရွှေမြို့တော်သို့ ကြွလာခဲ့သော်လည်း ဂါမဝါသီအဖြစ် မနေလိုပေ။ ကုပ်လုပ်လေးတာ အပြန်ငါးရာ ဝေးသဖြင့် တောရဆိတ်ငြိမ်သည့် မန္တလေးတောင်မြောက်ဘက် တောင်ခြေကို ရွေးချယ်တော်မူခဲ့သည်။

ထိုနေရာ၌ မင်းတုန်းမင်းကြီးက ကျောင်းတိုက်ငါးတိုက်တည်၍ ကိုးကွယ်သည်။ ထိုကျောင်းတိုက်များကို **'ရွှေကျင်ငါးတိုက်'**ဟု ခေါ်ကြသည်။

ရွှေကျင်ငါးတိုက်မှာ **'မင်းကင်း၊ မြတောင်၊ မဟာဓမ္မိကာရာမ၊ ထရံကာ၊ မိုင်းလုံ'**တို့ ဖြစ်ကြသည်။

ရွှေကျင်ဆရာတော်သည် မိမိကိုယ်တိုင် အလည်ဗဟို မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မ၌ သီတင်းသုံး၍ အရံလေးတိုက်တွင် သင့်လျော်သည့် ဆရာတော်များကို သီတင်းသုံးစေသည်။ ရွှေကျင်ငါးတိုက်ဆရာတော်များ တိုင်ပင်ညှိနှိုင်း၍ **'ရွှေကျင်ငါးတိုက် ဥပဒေ'**ကို ရေးဆွဲပြီး ထိုဥပဒေနှင့်အညီ အုပ်ချုပ်တော်မူသည်။

ရွှေကျင်ဆရာတော်၏ အဆုံးအမနှင့် စည်းကမ်းဥပဒေ ကောင်းမွန်ခြင်းကြောင့် ရွှေကျင်ငါးတိုက်သို့ သံဃာများ တစတစ ခိုလှုံရောက်ရှိလာရာ တစ်ထောင်နီးနီးအထိ တိုးတက်လာခဲ့လေသည်။ ရွှေကျင်ငါးတိုက် သံဃာများသည် အရည်အချင်းရှိသီဖြစ်သည့်အပြင် ပရိယတ်၊ ပဋိပတ် စွယ်စုံအားထုတ်သော ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ စာပေလည်းသင် အကျင့်လည်း ပြုပြင်သဖြင့် "အလှတွင် အယဉ်ဆင့်" ဆိုသလို ကြည်ညိုစဖွယ် ရှိလှပေသည်။မြို့ရွာနှင့် အလှမ်းဝေးသော ရွှေကျင်ငါးတိုက်သံဃာများအတွက် မင်းတုန်းမင်းတရားကြီးက ဆွမ်းကွမ်းကိစ္စ တာဝန်ယူ လှူဒါန်းထောက်ပံ့ခဲ့သည်။ ဆွမ်းချက်တော် ကပ္ပိယများ ခန့်ထား၍ နေ့စဉ် အရုဏ်ဆွမ်း, နေ့ဆွမ်း ချက်ပြုတ်ဆက်ကပ်စေသည်။ မင်းတုန်းမင်းကြီးသည် ရွှေကျင်ဆရာတော်ကို အကျင့်အကြံ၊ အနေအထိုင်၊ အပြောအပြောမှစ၍ ကျေနပ်အားရလျက် ရှိသည်။ သာသနာရေး သာသနာမှုနှင့်စပ်လာလျှင် ရွှေကျင်ဆရာတော်၏ အဆုံးမဩဝါဒနှင့် အကြံဉာဏ်များကို ရယူလေ့ ရှိသည်။ ရွှေကျင်ဆရာတော်ကလည်း သာသနာရေးသာသနာမှုတွင် မည်သည့်အခါမှ လျစ်လျူတော်မမူ။ တတ်နိုင်သည့်ဘက်မှ ပါဝင်ဆောင်ရွက်သည်သာ ဖြစ်သည်။ အထူးသဖြင့် ရွှေကျင်ငါးတိုက်မှ သံဃာများကိုမူ ပိပြားသေဝပ် ဝိနည်းသိက္ခာပုဒ်ကို လေးစားတတ်အောင် ပြောဟောပြသတော်မူလေ့ရှိသည်။

ရွှေကျင်ဆရာတော်၏ အဆုံးအမဩဝါဒကြောင့် ရွှေကျင်တိုက်သံဃာတော်များမှာ မြင်သူတို့ ကြည်ညိုသဒ္ဓါ ပွားလောက်အောင် ပါသာဒိကဂုဏ်နှင့်

ပြည့်စုံလျက် ရှိပေသည်။ သို့ရာတွင် ရွှေကျင်ငါးတိုက်သည် သာသနာပြု ဆရာတော်ကြီး အမှုးရှိသော သုဓမ္မာဝင်ဆရာတော်ကြီးများ ဆင့်ဆိုအုပ်ချုပ်မှု မကင်းသေးချေ။ ထိုအခါ သာသနာရေး သာသနာမှုစပ်လာလျှင် ရွှေကျင် ဆရာတော်ကို ယုံကြည်အားကိုးသော မင်းတုန်းမင်းသည် **'ဂဏဝိမုတ်'**အမိန့် တော်ဖြင့် ရွှေကျင်ဆရာတော်ကို သီးခြားသာသနာပြုဆရာတော်အဖြစ် ကိုးကွယ်လိုက်သည်။

"ရွှေကျင်ဆရာတော်က ရွှေကျင်ငါးတိုက်သံဃာများကို ဆုံးမတော် ဩဝါဒပေးတော်မူပါ။ သာသနာရေး သာသနာမှုကို ဆင့်ဆိုစီရင်တော်မူပါ။ သုဓမ္မာက ရွှေကျင်ငါးတိုက်ကို အဆင့်အဆို မရှိပါစေနှင့်" ဟု အမိန့်မှတ်၍ စည်းခြားပေးခဲ့လေသည်။ ထိုအခါမှစ၍ ရွှေကျင်ငါးတိုက်(ရွှေကျင်ဂိုဏ်း)ဟု အသိအမှတ်ပြုခဲ့ကြလေသည်။

ရွှေကျင်ဆရာတော်၏ အဆုံးအမဩဝါဒနှင့် အအုပ်အချုပ်ကောင်း ခြင်းကြောင့် ရွှေကျင်ဂိုဏ်းသည် သာသနာ့ကောင်းကင်တွင် တောက်ပြောင် သည့် ကြယ်တစ်ပွင့်အသွင် ပေါ်လွင်လာသည်။ ဘုရားကို လေးစားခြင်း၊ တရားကို လေးစားခြင်း၊ သံဃာကို လေးစားခြင်း၊ ကိုယ်ကျင့်သိက္ခာကို လေးစား ခြင်း၊ အချင်းချင်း လေးစားခြင်းကြောင့် သာသနာတော် ကြီးပွားတိုးတက်လာပေ သည်။ ရွှေကျင်ဂိုဏ်းသည် မူလရွှေကျင် ၅ တိုက်မှ ၆ တိုက်။ ထို့နောက် ၁၂ တိုက်အထိ မန္တလေးရွှေမြို့တော်ဝယ် ပြန့်ပွားနယ်ကျယ်လာသည်။

ရွှေကျင်ဆရာတော်နှင့် ဆရာတူတပည့်များဖြစ်ကြသည့် သုဓမ္မာဝင် သင်္ဂဇာဆရာတော်၊ မတ္တရာဆရာတော် စသော ဆရာတော်များကလည်း ရွှေကျင်ဆရာတော်ကို အားပေးကူညီကြသည်။ သီပေါမင်း လက်ထက်တော် သာသနာပိုင်ဖြစ်လာမည့် တောင်တော်ဆရာတော်ကလည်း ရွှေကျင်ဆရာ တော်နှင့် ပါဝင်လက်တွဲလာခဲ့လေသည်။ ရတနာသိယ်မှ မဟာဗိုလ်ဆရာ တော်ကြီးလည်း ရွှေကျင်တိုက်သို့ ကြွရောက် သီတင်းသုံးပြီး ရွှေကျင်တိုက်ကို အားဖြည့်တော်မူသည်။

၁၂၃၀ ပြည့်နှစ်တွင် မင်းတုန်းမင်း၏ လျှောက်ထားချက်အရ အလုံမြို့

ဒီပဲယင်းမြို့၊ ဇန့်ကျီမြို့၊ တလုပ်မြို့၊ ရတနာသိယ်မြို့၊ ကလေးမြို့၊ ရာဇဂြိုဟ်မြို့စသော မြို့များရှိ သံဃာတော်များအား သာသနာရေး သာသနာမှုနှင့်စပ်၍ ဆင့်ဆိုအုပ်ချုပ် သာသနာတော်ကို ပြုစုသုတ်သင်တော်မူသည်။ ထိုအခါမှစ၍ ရွှေကျင်ဂိုဏ်းသည် ရွှေမြို့တော်၌သာမက အနယ်နယ်အရပ်ရပ်သို့ ပျံ့နှံ့ထွန်းကားလာခဲ့လေသည်။

၁၂၄၀ ပြည့်နှစ် ရွှေကျင်ဆရာတော် သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ)သို့ ကြွရောက်တော်မူရာ သီဟိုဠ်ကျွန်း၌လည်း ရွှေကျင်သာသနာ အခြေတည်ခဲ့လေသည်။ ရွှေကျင်ဆရာတော်သည် ဟောရေးပြောရေးတွင် အလွန်အစွမ်းထက်သည်။ တစ်ဖက်သား ညွတ်လာအောင်၊ မိမိဩဝါဒကိုပါ လိုက်နာချင်လာအောင် ဟောနိုင်ပြောနိုင်လေသည်။ ရွှေကျင်ဆရာတော်သည် ကိုယ့်ဂိုဏ်း သူ့ဂိုဏ်းဟု ဂိုဏ်းခြားဆောင်ရွက်ခြင်း မရှိ။ လဇ္ဇီဖြစ်လျှင် မည့်သည့်ဂိုဏ်းသားနှင့် မဆို ဆက်ဆံတော်မူသည်။ အလဇ္ဇီဖြစ်သော်မှပင် လဇ္ဇီဖြစ်အောင် ဆုံးမသွန်သင်ခြင်းဖြင့် ချီးမြှောက်တော်မူလေ့ရှိ၏။ သို့ဖြစ်၍ ရွှေကျင်ဆရာတော်ဆိုလျှင် သံဃာအများစုက ချစ်ခင်ကြည်ညိုကြသည်။ လေးစားမြတ်နိုးကြသည်။ ယုံကြည်အားကိုးကြသည်။ ဒကာဒကာမများကလည်း ထို့အတူပင် ဖြစ်သည်။

ရွှေကျင်ဆရာတော်လက်ထက်၌ပင် ရွှေကျင်ဂိုဏ်းသည် မြန်မာပြည်အနှံ့ ကျယ်ပြန့်ထွန်းကားခဲ့လေသည်။၁၂၅၅ ခုနှစ် ရွှေကျင်ဆရာတော်ကြီး လွန်တော်မူပြီးနောက် **မဟာဝိသုဒ္ဓါရာမဆရာတော်**စသော တပည့်ကြီးများက အုပ်စည်းမပျက် ဆက်လက်ဆောင်ရွက်တော်မူကြသည်။ အခါအားလျော်စွာ၊ ခေတ်အားလျော်စွာ ရွှေကျင်ဂိုဏ်းဥပဒေများကို ထုတ်ဆင့်ပြဌာန်းပြီး ရွှေကျင်ဂိုဏ်းကြီး စည်းလုံးမပျက် တိုးတက်အောင် ဆောင်ရွက်တော်မူကြသည်။ ရွှေကျင်ဂိုဏ်း၏ သက်တမ်းသည် ယခုအခါ နှစ်တစ်ရာ့ငါးဆယ်ခရီးကို ဖြတ်သန်းခဲ့ပြီး ဖြစ်၏။ဆိုင်ရာအစည်းအဝေး ကြီးပေါင်း ၁၇ ကြိမ် ကျင်းပနိုင်ခဲ့သည်။ ရွှေကျင်ဂိုဏ်းကြီး၏ ဦးစီးဥက္ကဋ္ဌ ရွှေကျင်သာသနာပိုင်ဆရာတော်ပေါင်း ၁၄ ပါး တင်မြှောက်ခဲ့ပြီးဖြစ်လေသည် ဤသို့ ရွှေကျင်ဂိုဏ်းကြီးကို

ရွှေကျင်သာသနာပိုင်အဆက်ဆက်က ဦးစီးအုပ်ချုပ်လာခဲ့ရာ အရှိန်မပျက် တိုးတက်လျက် ရှိသည်။ ရွှေကျင်ဂိုဏ်းဝင်များ၏ ချစ်စရာ၊ မြတ်နိုးစရာကောင်းသော အကျင့်တစ်ခုမှာ ကြီးသူကို ရိုသေလေးစားတတ်ခြင်း၊ အချင်းချင်းမြတ်နိုးတတ်ခြင်းပင် ဖြစ်၏။ ရွှေကျင်ဂိုဏ်းတွင် ဤအကျင့်မပျက်သမျှ ရွှေကျင်ဂိုဏ်းသည် နှစ်ပေါင်းများစွာ ဆက်လက်ရှင်သန်ကြီးထွားနေမည်သာ ဖြစ်သည်။ သာသနာ့သမိုင်းတွင် အခိုင်အမာ တည်တံ့နေမည်သာ ဖြစ်သည်။

ဘဒ္ဒန္တနန္ဒမာလာဘိဝံသ
မဟာသုဗောဓာရုံတိုက်
စစ်ကိုင်းမြို့ ။

(၁၃၇၂ ခုနှစ်ထုတ် ရွှေကျင်နိကာယ နှစ် ၁၅၀ ပြည့်၊
သာသနာ့မော်ကွန်းစာစောင်မှ)





# မင်းကွန်းတောင်ယံမှ ပဲ့တင်သံများ

## ❑ ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

ဗုဒ္ဓဝစနများ မမေ့မပျောက်ရအောင် ထိန်းသိမ်းစောင့်ရှောက်ရမည်မှာ သာသနာ့ဝန်ထမ်း ရှင်ရဟန်းများ၏ တာဝန်ဖြစ်သည်။

ထိန်းသိမ်းစောင့်ရှောက်ရာ၌ အပိုင်းသုံးပိုင်း ရှိ၏။

၁။ **ပရိယတ္တိ** = သင်ယူမှုအပိုင်း

၂။ **ပဋိပတ္တိ** = ကျင့်သုံးမှုအပိုင်း

၃။ **ပဋိဝေဓ** = ကိုယ်တွေ့သိမြင်မှုအပိုင်းတို့ ဖြစ်သည်။

ထိုတွင် **ပရိယတ္တိ** = သင်ယူမှုအပိုင်းသည် သာသနာတော် ရှည်ကြာတည်တံ့ ပြန့်ပွားရေးအတွက် ပဓာနအကျဆုံးအပိုင်း ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် သင်ယူမှုမရှိလျှင် ကျင့်သုံးမှု မရှိနိုင်။ ကျင့်သုံးမှု မရှိလျှင် ကိုယ်တွေ့သိမြင်မှု မရှိနိုင်သောကြောင့်တည်း။ သို့ဖြစ်၍ ကိုယ်တွေ့ သိမြင်နိုင်ရန် ကျင့်သုံးမှု ရှိရမည်။ မှန်ကန်စွာ ကျင့်သုံးတတ်ရန် သင်ယူမှု ရှိရမည်ဖြစ်၏။

**"တရား မနာ၊ စာပေ မသင်၊**
**နှုတ်တွင် မဆောင်၊ သိအောင် မပြု၊**
**မမှာနုမမွပ်၊ ပဋိပတ်ကွာ၊**

**ဤငါးဖြာ၊ သာသနာကွယ်ကြောင်းမှတ်"** - ဟူသည်နှင့်အညီ 'ဗုဒ္ဓဝစနများကို မနာကြားလျှင်, မသင်ယူလျှင်, သင်ယူပြီးနောက် အရအမိ ဆောင်မထားလျှင်, ဆောင်ထားပြီး နားလည်အောင်မလုပ်လျှင်, နားလည်ပြီးနောက် မှန်ကန်စွာ မကျင့်သုံးလျှင် သာသနာကွယ်နိုင်သည်' ဟု ဗုဒ္ဓက သတိပေးဆုံးမတော်မူခဲ့လေသည်။

ဗုဒ္ဓဝစနများ၏ ဦးတည်ချက်မှာ ဝိမုတ္တိတစ်မျိုးတည်းသာ ဖြစ်သော်လည်း သတ္တဝါအမျိုးမျိုး၏ အကျင့်စရိုက်အားလျော်စွာ ဟောကြားအပ်သောတရားတော်တို့၏ အရေအတွက်ကား အလွန်များလှ၏။ ပိဋကအားဖြင့် သုံးသွယ်၊ နိကာယ်အားဖြင့် ငါးဖြာ၊ အင်္ဂါအားဖြင့် ကိုးတန်၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် မြားမြောင်ကျယ်ဝန်းပေသည်။

ဤမျှ ကျယ်ဝန်းများပြားလှသည့် ဗုဒ္ဓဝစနများကို မပေ့ပျောက်အောင် ထိန်းသိမ်းစောင့်ရှောက်တော်မူခဲ့ကြသည့် သံဃာတော်အရှင်သူမြတ်များ၏ ဂုဏ်ကျေးဇူးကား ကြီးမားလှပေသည်။

ဗုဒ္ဓလက်ထက်တော်အခါ၌ စာပေအရေးအသား မရှိမဟုတ်၊ ရှိသည်သာ ဖြစ်၏။ သို့ရာတွင် ဗုဒ္ဓဝစနများကို စာဖြင့် ရေးမှတ်ခြင်းမပြုဘဲ လွန်ကဲသော သတိ, စွမ်းအင်ရှိသော အသိဉာဏ်, ထက်သန်သော လုံ့လဝီရိယတို့ဖြင့် နှုတ်တက်သာ ဆောင်တော်မူခဲ့ကြသည်။

အထူးသဖြင့် **အရှင်ဥပါလိ**သည် ဝိနယပိဋကကို စီစဉ်တကျ စုစည်းပြီး နှုတ်ငုံဆောင်ခဲ့သည်။ ရဟန်းတော်များအားလည်း ရှင်းလင်းချက်နှင့်တကွ အကျယ်ဖွင့်ဆို ပို့ချပေးသည်။ **အရှင်အာနန္ဒာ**ကား ဝိနယပိဋကနှင့်တကွ ဗုဒ္ဓဝစနအလုံးစုံကို နှုတ်ငုံဆောင်ခဲ့လေသည်။

ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်အခါ၌ အရှင်အာနန္ဒာမထေရ်မြတ်သည် တာဝန်ကြီးနှစ်ရပ်ကို ထမ်းဆောင်တော်မူခဲ့၏။ ပထမတာဝန်မှာ ဗုဒ္ဓ၏ ဝေယျာဝစ္စကို ဆောင်ရွက်ခြင်းဖြစ်ပြီး၊ ဒုတိယတာဝန်မှာ ဗုဒ္ဓဝစနကို နာယူမှတ်သား ဆောင်ထားခြင်း ဖြစ်ပေသည်။

ထိုတာဝန်ကြီးနှစ်ရပ်တွင် ဒုတိယတာဝန်၏ ခက်ခဲနက်နဲမှုကို အသိဉာဏ်ရှိ၍ စဉ်းစားမိသူတိုင်း သိနိုင်သည်။ ဤမျှ ထုထည်ကြီးမားလှသည့် ဗုဒ္ဓဝစနများကို တစ်လုံးတစ်ပါဒမျှ မမေ့မပျောက်ရအောင် နှုတ်ငုံဆောင်ထားသည်မှာ လွယ်ကူသော အလုပ်မဟုတ်ချေ။ နေ့စဉ် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းနှင့် ကင်း၍မဖြစ်နိုင်။

ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီးနောက် သုံးလနှင့် လေးရက်မြောက်တွင် အရှင်မဟာကဿပဦးဆောင်ပြီး အရှင်ဥပါလိ၊ အရှင်အာနန္ဒာတို့၏ အကူအညီဖြင့် ဗုဒ္ဓဝစနများကို စနစ်တကျ စုစည်းသတ်မှတ်ကြသည်။ ပိဋကအလိုက် နိကာယအလိုက် ခွဲထားကြသည်။ ဗုဒ္ဓကိုယ်တော်တိုင် ရှင်းလင်းဟောကြားခဲ့သည့် ပကိဏ္ဏကဒေသနာများကို အဋ္ဌကထာအဖြစ် သီးသန့်ထားကြသည်။

ဗုဒ္ဓဝစနများ ရှည်ကြာတည်တံ့ရေးအတွက် နိကာယအလိုက် တာဝန်ခွဲဝေ ပို့ချသွားရန် ဆုံးဖြတ်ကြသည်။

ဤနည်းဖြင့် ဆရာတပည့် အဆက်ဆက် သင်ယူပို့ချပေးခဲ့ရာ များစွာအောင်မြင်ခဲ့လေသည်။ သာသနာတော်နှစ် ၄၀၀ ကျော်သည်အထိ နှုတ်ဖြင့်သာ ဆောင်ကြသည်။ သာသနာတော် နှစ် ၄၅၀ ပြည့်သို့ရောက်သောအခါ၌ကား နှုတ်ဖြင့် ဆောင်နိုင်စွမ်းသည့်အား ပျော့လာသဖြင့် ပေထက်အက္ခရာ တင်ကြရလေသည်။ နှုတ်ဆောင်ခေတ်မှ စာပေခေတ်သို့ ကူးပြောင်းလာခဲ့ခြင်းပင် ဖြစ်၏။

ထိုအချိန်မှ စ၍ ယနေ့အထိ ဗုဒ္ဓဝစနများသည် ခေတ်အဆက်အဆက် အခက်အခဲအမျိုးမျိုးကြားမှ ရှင်သန်လှုပ်ရှား ပြန့်ပွားလာခဲ့ပေသည်။ စာမှ နှုတ်သို့လည်းကောင်း၊ နှုတ်မှ စာသို့လည်းကောင်း ကူးပြောင်းခဲ့သည်။ နောက်ဆုံးတွင် နှုတ်သို့ အရောက်နည်းလာပြီး စာပေအဖြစ်၌သာ အခိုင်အမာ ရပ်တည်လေတော့၏။

စာပေမှန်လျှင် လေ့လာသင်ယူသူရှိမှသာ အသက်ဝင်လှုပ်ရှားနိုင်၏။ လေ့လာသင်ယူသူမရှိပါက ပေပုရပိုက်နှင့် စာအုပ်များ အကြား၌သာ တိမ်မြုပ်ပျောက်ကွယ်သွားပေလိမ့်မည်။ ဤအချက်ကို အလေးအနက်ထား၍ နိုင်ငံတော်အစိုးရက တိပိဋကရေရွေးချယ်ရေး စာမေးပွဲကြီးကို နှစ်စဉ်မပျက် ကျင်းပနေခြင်း ဖြစ်သည်။

စာမေးပွဲရှိလျှင် သင်တန်းကျောင်းရှိရမည် ဖြစ်၏။ သင်တန်းကျောင်း မရှိလျှင် ထိုစာမေးပွဲ မတည်မြဲနိုင်။ တိပိဋကစာမေးပွဲ ပျောက်ကွယ်လျှင် တိပိဋက ရေပုဂ္ဂိုလ်ထူးတွေ ပေါ်ပေါက်လာနိုင်ဖွယ် မရှိ။ တိပိဋကပုဂ္ဂိုလ်ထူးတွေ မပေါ်လာပါက ဗုဒ္ဓဝစနများသည် တစတစ ပေပရပိုက် စာအုပ်များအကြား၌သာ ပျောက်ကွယ်တိမ်မြုပ်သွားမည်သာဖြစ်၏။

သို့ဖြစ်၍ ဤအချက်ကို အလေးအနက်ဆင်ခြင် အမြော်အမြင်ကြီးမား လှသော မင်းကွန်းတိပိဋကရေ ဓမ္မနာဒဆရာတော် **အရှင်ဝိစိတ္တသာရာဘိဝံသ** သည် မိမိ၏ တိပိဋကဘွဲ့ရ ၂၅ နှစ်မြောက်ကာလ၌ သာသနာတော်အတွက် အရေးပါလှသော သာသနာ့တာဝန်တစ်ရပ်ကို ချမှတ်ဆောင်ရွက်တော်မူလိုက် လေသည်။

ထိုတာဝန်မှာ အခြားမဟုတ်။ ၁၃၄၀ ပြည့်နှစ်၊ ဝါဆိုလဆန်း ၅ ရက်နေ့ တွင် မင်းကွန်းတောင်ရိုး၊ မိုးမိတ်ကုန်းမြေ၌ ကမ္ဘာတွင် မပေါ်ဖူးသေးသော တိပိဋကနိကာယကျောင်းတိုက်ကြီးကို တိပိဋကနိကာယသာသနာပြုအဖွဲ့ကြီး နှင့်တကွ တည်ထောင်ဖွင့်လှစ်ပေးလိုက်ခြင်းပင် ဖြစ်သည်။ ထိုကျောင်းတိုက်ကြီး သည် ကြီးမားသော အဟုန်ဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်နေပေသည်။

မင်းကွန်းတောင်ယံတွင် မိုးမိတ်စေတီတော်ကြီးမှ ဆည်းလည်း (ဆွဲလဲ) သံနှင့်အတူ တိပိဋကရေလောင်းလျာ အာဇာနည်အရှင်မြတ်တို့၏ ဓမ္မပဲ့တင်သံ တွေ လွင့်ပျံ့နေပေပြီ။

မဝေးတော့သည့် အနာဂတ်ကာလမှာပင် တိပိဋကဓရ သာသနာ့ အာဇာနည်ပုဂ္ဂိုလ်ကျော်တွေ မြောက်မြားစွာ ထွက်ပေါ်လာပေတော့မည်။

**ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ**
**မဟာသုဓောဓာရုံတိုက်၊ စစ်ကိုင်းမြို့။**

**(၁၃၇၃ ခုနှစ်ထုတ်၊ ကျေးဇူးတော်ရှင်
မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး သက်တော် (၁၀၀)ပြည့်
အထိမ်းအမှတ် စာစောင်မှ)**



# လူငယ်များ၏ ဆရာတော်

❑ **အရှင်နန္ဒမာလာဘိဝံသ**

စာရေးသူသည် ဆယ်နှစ်သားအရွယ်က ဆရာတော်ကို စတင် ဖူးခဲ့ရခြင်း ဖြစ်၏။ ၁၃၁၁ ခုနှစ် ဝါဆိုလဆန်းရှစ်ရက်နေ့တွင် စစ်ကိုင်းတောင်ရိုး၊ မဟာဂန္ဓာရုံ ဝိပဿနာချောင်၌ စာရေးသူတို့ ညီအစ်ကိုနှစ်ဦး ကိုရင်ဝတ်ခဲ့ကြသည်။ နောင်တော်တစ်ပါးဖြစ်သည့် ရှင်ဝိမလက ရဟန်းခံသည်။ မိဘနှစ်ပါးက ရဟန်းခံရှင်ပြု အလှူမင်္ဂလာပွဲကို ရိုးရိုးကျဉ်းကျဉ်းဖြင့် ကျင်းပပေးသည်။

ထိုရဟန်းခံရှင်ပြုပွဲသို့ မန္တလေးဝိသုဒ္ဓါရုံမှ ဆရာတော်နှစ်ပါးကို ပင့်ထားသည်။ ဇီးပင်ကျောင်းမှ ဆရာတော် **ဦးသူရပ္ပတိ** (ကျောင်းကုန်း၊ ဒက္ခိဏာရုံ)နှင့် ဝါဆိုကျောင်းမှ ဆရာတော် **ဦးအဋ္ဌိယပဏ္ဍိတ**တို့ ဖြစ်သည်။ ဆရာတော် နှစ်ပါးလုံးကို စာရေးသူ ရှေးက တစ်ကြိမ်တစ်ခါမှ မမြင်ဖူး၊ သို့သော် ဆရာတော်နှစ်ပါးတွင် တစ်ပါးမှာ စာရေးသူတို့၏ အမျိုးထဲက ဖြစ်ကြောင်း ကြားသိထားခဲ့သည်။ ဆရာတော်နှစ်ပါးကြွလာသည့်အခါ အရပ်ထောင်ထောင်မောင်းမောင်းနှင့် ခန့်ချောသပ္ပါယ်သည့် ဝါဆိုဆရာတော်ကို 'တို့ အမျိုးဘုန်းကြီးဆိုတာ ဒီဘုန်းကြီးလေလား'ဟု စာရေးသူ တွေးခဲ့မိသည်ကို ပြန်လည်မှတ်မိနေသည်။

ထိုစဉ်က နဝမရွှေကျင်သာသနာပိုင် **'စံကင်းဆရာတော်ဘုရားကြီး'** သည် စစ်ကိုင်းတောင်ရိုး၊ ဝိပဿနာချောင်၌ သီတင်းသုံးတော်မူသည်။ စံကင်းဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ **'ရှင်ဝိမလ'**က ရဟန်းခံပြီး စာရေးသူတို့က ရှင်ပြုခဲ့ကြသည်။

စာရေးသူတို့ ညီအစ်ကိုနှစ်ဦးမှာ ဇာတိရွာမှ လာခဲ့ကြ၏။ ရှင်ဝိမလကမူ မန္တလေးဝိသုဒ္ဓါရုံ ဝါဆိုကျောင်း၌ ပညာသင်ယူနေထိုင်စဉ် ဖြစ်သည်။

ဝါဆိုကျောင်းဆရာတော်သည် ဥပဓိရုပ်ကောင်းပြီး အသံသြဇာပြည့်ဝသည်၊ လူငယ်များကို အရေးတယူ ဆက်ဆံလေ့ရှိပြီး အလွန်ဖော်ရွေသည်။ စာရေးသူတို့ကို စတင်တွေ့သောအခါ 'မင်းတို့ ဦးနာရဒရဲ့ ညီလေးတွေလား၊ ကိုရင်ဝတ်ပြီးရင် ငါ့ကျောင်းလိုက်နေလှည့်ကြ'ဟု ခေါ်သည်။

ဇာတိတောရွာမှ မြို့ပြဒေသသို့ ရောက်ရှိလာစအချိန် စာရေးသူအဖို့ အရာရာတွေမှာ အသစ်အဆန်းချည်းသာ ဖြစ်နေခဲ့၏။ တောဘုန်းကြီးနှင့်မတူ အနေအထိုင်သပ်ရပ်ပြီး ပွင့်လင်းရင်းနှီးမှုရှိသော အားပေးစကား ပြောတတ်သော ဝါဆိုဆရာတော်သည် စာရေးသူ၏ဘဝကို ပြောင်းလဲ တိုးတက်စေခဲ့သည်။ 'ငါလည်း ဒီဘုန်းကြီးလို ဖြစ်အောင် ကြိုးစားမယ်' ဟူသော စိတ်ဆန္ဒနှင့် ဆုံးဖြတ်ချက်များ ရင်တွင်းမှာ ဖြစ်ပေါ်တည်ရှိခဲ့သည်။

စာရေးသူတို့ ညီအစ်ကိုနှစ်ယောက် ကိုရင်ဝတ်ပြီးနောက် **ရှင်ဂန္ဓသာရ ရှင်နန္ဒမာလာ**ဟူသော ဘွဲ့အမည်များကို စံကင်းဆရာတော်ဘုရားကြီးထံမှ ရရှိခဲ့ကြ၏။ ညီအစ်ကိုနှစ်ဦးကို ပညာသင်ပေးနိုင်ရန်အတွက် မန္တလေး ဝိသုဒ္ဓါရုံ ဝါဆိုကျောင်းနေ နောင်တော် **ဦးနာရဒ** (ယခု သုဗောဓာရုံဆရာတော်) သည် စစ်ကိုင်းတောင်ရိုး၊ ဝိပဿနာချောင်သို့ ရွှေ့ပြောင်းနေထိုင်ခဲ့သည်။

စာရေးသူတို့ ဝိပဿနာချောင်၌ နေထိုင်စဉ် ဝါဆိုဆရာတော်သည် မကြာခဏ ဝိပဿနာချောင်သို့ ကြွလာလေ့ရှိသည်။ ကြွလာသည့်အခါတိုင်း စာရေးသူတို့ကို အနီးအပါးခေါ်ပြီး စာမေးလေ့ရှိသည်၊ ဝိသုဒ္ဓါရုံသုတ်နက်မှ သုတ်နက်များကို ဆိုခိုင်းသည်။ ရုပ်တွက်ခိုင်းသည်၊ ပုဒ်စပ်ပုဒ်ဖြတ်၊ လိင်ဂိုဏ်းကာရန်၊ ဓာတ်ပစ္စည်းခွဲကို မေးသည်၊ ဖြေနိုင်လျှင် အားပါးတရ ချီးကျူးတတ်သည်။

တစ်ခါက စာရေးသူအား ရုပ်တွက်ခိုင်းရာ မှန်ကန်စွာ တွက်ပြနိုင်သဖြင့် အောက်မှာ မထိုင်စေဘဲ ခုံတန်းလျားပေါ် ထိုင်ခိုင်းသည်ကို စာရေး

သူ မှတ်မိနေ၏။ ဆရာတော်သည် လူငယ်ရှင်ငယ်များကို စိတ်အား တက်ကြွစေခြင်း၊ အသိဉာဏ်ဖွံ့ဖြိုးတိုးတက်မှု၌ ဆရာတော်သည် ဥပနိဿယပစ္စည်း ဖြစ်ခဲ့ပေသည်။

စာရေးသူသည် ၁၅ နှစ်အရွယ် ၁၃၁၆ ခုနှစ် စာမေးပွဲ၌ ပဌမကြီးတန်းကို အောင်သည်။ ၁၃၁၇ ခုနှစ်တွင် ဓမ္မာစရိယတန်း သင်ယူရန်အတွက် မန္တလေးဝိသုဒ္ဓါရုံဝါဆိုကျောင်းသို့ ရွှေ့ပြောင်းနေထိုင်ရ၏။ ဝါဆိုကျောင်း (အသားကျောင်း)အဟောင်းကို ဖျက်ပြီး တိုက်ခံနှစ်ထပ်ကျောင်းအသစ်ကို ဆောက်လုပ်ပြီးစနှစ် ဖြစ်သည်။ဝိသုဒ္ဓါရုံတိုက်သစ်၏ အောင်မြေဖြစ်သည်ကို ရည်ညွှန်း၍ 'ဝါဆိုကျောင်း'ဟူသော အမည်ဟောင်းအစား **'ဇယမေဒနီ'** ဟူသော အမည်သစ်ကို မှည့်ခေါ်သည့်နှစ် ဖြစ်သည်။

စာရေးသူတို့ ကိုရင်သုံးပါး (ရှင်ပဏ္ဍိတ၊ ရှင်ဝေပုလ္လ၊ ရှင်နန္ဒမာလာ) ဓမ္မာစရိယတန်း အခြေခံများကို ဝါဆိုဆရာတော်ထံမှ သင်ယူကြရ၏။ ဓမ္မာစရိယတန်းဝင် ကိုရင်များကို ဆရာတော်က အထူးချီးမြှောက်သည်။ ဇယမေဒနီတိုက်ကျောင်း၊ အပေါ်ထပ်အခန်းတွင် သီးသန့်နေရာများကို ပေးခဲ့သည်။ ထိုနှစ်က ဇယမေဒနီမှ ကိုရင်သုံးပါးလုံး ဓမ္မာစရိယတန်းကို အောင်၍ 'ဓမ္မာစရိယ'ဘွဲ့ကို ရရှိခဲ့ကြသည်။

ဆရာတော်၌ သည်းခံခြင်း၊ နိုးကြားခြင်း၊ တက်ကြွထက်သန်သော ဝီရိယရှိခြင်း ခွဲဝေပေးကမ်းတတ်ခြင်းစသော 'နာယက'အရည်အချင်းများကို တွေ့ရ၏။ တပည့်များအပေါ် ကြင်နာခြင်း၊ ကြည့်ရှုစောင်မခြင်းများသည် ဆရာတော်၏ အထူးခြားဆုံး အပီပြင်ဆုံး နာယကအရည်အချင်းများ ဖြစ်၏။

ဆရာတော်သည် တပည့်များ၏ ကြီးပွားတိုးတက်ရေးကို အမြဲအားရုံစိုက်၍ ဆောင်ရွက်လေ့ရှိသည်။ နှုတ်မြွက်ဩဝါဒများသာမက အတိုအထွာ ဩဝါဒကထာများရေးသား၍လည်း တပည့်များအား လမ်းညွှန်ပြသ ဆုံးမလေ့ရှိသည်။

စာရေးသူတို့ ဇယမေဒနီကျောင်းမှာနေစဉ် သုံးနှစ်ကာလအတွင်း ဆွမ်းစားဌာန အဝင်ဝတွင် ကပ်ထားသော ဆရာတော်၏ ဆုံးမစာများကို

မကြာခဏ ဖတ်ရှုကြရ၏။ ထိုစဉ်က ရေးသားကပ်ထားသည့် 'နံရံကပ် ဩဝါဒ ကထာများ'အနက် ဩဝါဒကထာ ကဗျာတစ်ပုဒ်ကို စာရေးသူ မှတ်မိနေ၏။

**'အလုပ်မရှိ နှီးချည့်ချည့်နဲ့**
**ယီးတီးယောင်တောင်**
**လူ့အကြောင်းကို**
**နောင်လည်း မလို**
**ခုလည်း ပို၏။'** တဲ့။

ဆရာတော်သည် လူငယ်များ ရှင်ငယ်များကို အရေးတယူ ပြုတတ်သည်။ အလေးထားတတ်သည်။ လူငယ်များကို မြှောက်စားလေ့ရှိသည်။ လူငယ်ရှင်ငယ်များကို မြှောက်စားလေ့ရှိခြင်းကြောင့် တချို့က ဆရာတော့်အပေါ် တစ်မျိုးမြင်ကြ၏။ 'ဆရာတော်မြှောက်လို့ လူငယ်တွေပျက်သည်' တဲ့၊ ဆရာတော်မြှောက်စား၍ စာကြိုးစားပြီး 'ပညာတတ်'ဖြစ်သွားသူများနှင့် စပ်၍မူ မည်သို့မျှ ပြောသံမကြားရ၊ 'မြှောက်လို့ ပျက်သည်'ဟု အကြောင်းတစ်ခုတည်းကိုသာ မပြသင့်၊ ပျက်ခြင်း၌ အခြားအကြောင်းများစွာ ရှိနိုင်၏။

ဆရာတော်သည် လူငယ်များအား ဉာဏ်ရည်ဖွံ့ဖြိုးစေသည်၊ ရဲစွမ်းသတ္တိရှိစေသည်၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်၊ အားကိုးစိတ် ဖြစ်ပေါ်တည်ရှိစေသည်။

သို့ဖြစ်၍ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဇယမေဒနီဆရာတော်၊ ယနေ့ မဟာဝိသုဒ္ဓါရုံနာယက နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ရွှေကျင်နိကာယဉပဥက္ကဋ္ဌ မဟာနာယက တွဲဖက် ရွှေကျင်သာသနာပိုင် ဆရာတော် (ဘဒ္ဒန္တ အဂ္ဂိယမဟာထေရ်)သည် **'လူငယ်များ၏ ဆရာတော်'** ဟု ဆိုထိုက်ပါပေသည်။

**အရှင်နန္ဒမာလာဘိဝံသ**
**သုဓောဓာရုံ**

**(၁၃၆၂ ခုနှစ်ထုတ် ဝါဆိုဆရာတော်ဘုရားကြီး၏ အဘိဓဇမော်ကွန်းစာစောင်မှ)**



# ရွှေကျင်ဂိုဏ်းနှင့် ဝိနည်းစာတော်ပြန်ပွဲအကြောင်း သိကောင်းစရာများ

**□ ဘဒ္ဒန္တ ဒေါက်တာနန္ဒမာလာဘိဝံသ**

သဘာပတိဆရာတော်ဘုရားကြီးအမှူးရှိသော သံဃာတော်အရှင်သူမြတ်များဘုရား၊ ဘုရားတပည့်တော် '**ရွှေကျင်ဂိုဏ်းနှင့် ဝိနည်းပြန်စာတော်ပြန်ပွဲအကြောင်း**'ကို ဒကာ,ဒကာမများအား ဦးတည်ပြီးတော့ ပြောကြားပါ့မယ်ဘုရား။

ရွှေကျင်ဂိုဏ်းဆိုတာ "**အုတ်ကျစ်ကျော်အေး၊ မန္တလေး**"၊ ၁၂၂၀ ခုနှစ်မှာ မန္တလေးမြို့ကြီးကို ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီး စတင်တည်ထောင်ခဲ့ပါတယ်။ ထိုမင်းတရားကြီးဟာ မန္တလေးမြို့ တည်ထောင်ပြီးတဲ့နောက်တစ်နှစ်မှာပဲ "**အင်ကြင်းခက်ကိုင်း၊ ရွှေကျင်ဂိုဏ်း**"၊ ၁၂၂၂ ခုနှစ်မှာ မင်းတုန်းမင်းတရားကြီးက အင်မတန် ကြည်ညိုလေးစားလို့ မန္တလေးမြို့ကို မရအရ ပင့်ပြီး ရွှေကျင်ငါးတိုက် တည်ထောင်ကာ ရွှေကျင်ရွာဇာတိသားဖြစ်တဲ့ **ဦးဇာဂရ**ကို မန္တလေးမြို့ မန္တလေးတောင်ရဲ့ မြောက်ဘက်မှာ '**ရွှေကျင်ငါးတိုက်**'ဆိုပြီးတော့ အရှေ့အနောက်တန်းလျက် တိုက်ငါးတိုက် တည်ထောင်

ပြီး စတင်ကိုးကွယ်ခဲ့ပါတယ်။ အဲဒီအချိန်ကနေစပြီးတော့ **‘ရွှေကျင်ဂိုဏ်း’**ဆိုပြီးတော့က မြန်မာနိုင်ငံရဲ့ သာသနာ့သမိုင်းမှာ ထင်ရှားပေါ်ပေါက်လာခဲ့တာဖြစ်ပါတယ်။

ထိုကဲ့သို့ ဂိုဏ်းအဖြစ် ပေါ်လွင်လာတာ ‘ဂိုဏ်း’ဆိုတဲ့စကားကို ပြောလိုက်လို့ရှိရင် တချို့ပုဂ္ဂိုလ်များက ဂိုဏ်းခွဲတယ်၊ ဂိုဏ်းခွဲတဲ့ စိတ်ဓာတ်ရှိတယ်၊ ဒီလိုထင်ကြတယ်။ ဂိုဏ်းဆိုတဲ့ စကားလုံးက ပါဠိ **‘ဂဏ’**ဆိုတဲ့ စကားလုံးက ပေါ်လာတာ။ ဂဏဆိုတာ ကိုယ်ကျင့်သီလချင်းတူတဲ့ ပုဂ္ဂိုလ်တွေ အယူအဆချင်းတူတဲ့ပုဂ္ဂိုလ်တွေရဲ့ အစုအဝေးကို ‘ဂဏ’လို့ ခေါ်တာပါပဲ။ **“ဒိဋ္ဌိသီလသာမည သင်္ဃာတသင်္ခါတေန သံဃာတော့ သံယော”**ဆိုတဲ့ စကားလုံးဖွင့်ဆိုချက်လိုပဲ သံဃာဆိုတာလည်း အစုအဝေးပါပဲ။ ဂဏဆိုတာလည်း အစုအဝေးပါပဲ။ ရံဖန်ရံခါ ‘ဂဏ’ဆိုတဲ့ အသုံးထက် ‘နိကာယ’ဆိုတဲ့ အသုံးကို သုံးပြီးတော့ ရွှေကျင်နိကာယလို့ ဒီလိုခေါ်တယ်။ **“နိကာယော တု သဓမ္မိနံ** = ကိုယ်ကျင့်တရားတူညီတဲ့ ပုဂ္ဂိုလ်တွေ စုစည်းပြီးတော့ထားတဲ့ အဖွဲ့အစည်းတစ်ရပ်ကို ‘ဂဏ’လို့ ခေါ်တယ်။ ဟိုလို ဂိုဏ်းခွဲတာမျိုးတွေ ဘာတွေ မဟုတ်ဘူး။ အခုခေတ်ဂိုဏ်းဆိုတော့ အမျိုးမျိုး အယူအဆတွေ ရှိတယ်။ ဂိုဏ်းဆရာတို့ ဘာတို့ ဆိုတာတွေနဲ့ ရောထွေးပြီးတော့ နေတတ်ပါတယ်။ အဲဒီလို ဂိုဏ်းဆရာဆိုတာမျိုး မဟုတ်ပါဘူး။

‘ဂဏ’ဆိုတာ ရွှေကျင်ဆရာတော်ကြီးရဲ့ တပည့်အစဉ်အဆက် ရွှေကျင်ဆရာတော်ကြီးရဲ့ အဆုံးအမ ဩဝါဒကို နှစ်သက်ပြီးတော့ ဆရာတော်ကြီး ချမှတ်တဲ့ စည်းကမ်းနည်းလမ်းအတိုင်း လိုက်နာကျင့်သုံးတဲ့ တပည့်သာဝကများ၊ တပည့်တပန်းများရဲ့ အစဉ်အဆက် အစုအဝေးကို **‘ရွှေကျင်ဂိုဏ်း’**လို့ ဒီလိုခေါ်တာ။ အဲဒီ ရွှေကျင်ဆရာတော်ဘုရားကြီးက ဝိနည်းနဲ့ ပတ်သက်လာလို့ရှိရင် အလွန်အလေးအနက်ထားပါတယ်။

ပဌမသင်္ဂါယနာတင်စဉ်အခါတုန်းကလည်း **‘ဝိနယော နာမ သာသနဿ အာယု၊ ဝိနယေ ဌိတေ သာသနံ ဌိတံ’** အရှင်မဟာကဿပ အမှူးရှိတဲ့

သင်္ဂါယနာတင် မထေရ်ရှင်တို့က သာသနာတည်ဖို့အတွက် ဝိနည်းတည်မှ ဖြစ်မယ်။ ဝိနည်းဟာ သိပ်အရေးကြီးတယ်။

ဝိနည်းဆိုတာ ကိုယ်ကျင့်တရား၊ လောကလူတွေမှာလည်း ကိုယ်ကျင့်တရားပျက်ပြားနေလို့ရှိရင် ထိုပုဂ္ဂိုလ်ဟာ လူတော်လူကောင်း မဖြစ်ဘူး။ သာသနာတော်မှာနေတဲ့ ပုဂ္ဂိုလ်တွေလည်းပဲ ကိုယ်ကျင့်တရား ပျက်ပြားနေလို့ရှိရင် ရှင်ကောင်း ရဟန်းကောင်း မဖြစ်နိုင်ဘူး။ သာသနာတော်တည်တံ့ဖို့ဆိုတာ ဝိနည်း အင်မတန်မှ အရေးကြီးတယ်။ ဒါကြောင့်မို့လို့ ရွှေကျင်ဆရာတော်ဘုရားကြီးက ရွှေကျင်ငါးတိုက်မှာ 'ဆရာတော်ရဲ့ အဆုံးအမဩဝါဒနဲ့ လာရောက်ပြီးတော့ သီတင်းသုံးချင်ပါတယ်'ဆိုလို့ရှိရင် ဝိနည်းထဲက နှစ်ရာ့နှစ်ဆယ် ခုနစ်သွယ်သော သိက္ခာပုဒ်ကို အမိကဖော်ပြထားတဲ့ 'ဘိက္ခုပါတိမောက်'ဆိုတာ ရှိတယ်။ အဲဒီပါတိမောက်ရမှ နေခွင့်ပြုတယ်။

ဒီပါတိမောက်ဆိုတဲ့ စကားလုံးကလည်း ပါဠိစကားလုံးကို မြန်မာမှုပြုထားတာ၊ အဓိပ္ပါယ်က အလွန်ကောင်းတယ်။ **"ပါတိ ံ မောက္ခေတီတိ ပါတိမောက္ခံ"** 'ပါတိ'ဆိုတာ ဝိနည်းသိက္ခာပုဒ်အတိုင်း လိုက်နာကျင့်ကြံသူကို ခေါ်တယ်။ ဝိနည်းသိက္ခာပုဒ်အတိုင်း လိုက်နာကျင့်သုံးတဲ့ ရှင်ရဟန်းကို 'မောက္ခ'-ဆင်းရဲဒုက္ခတွေက လွတ်မြောက်စေတယ်'ဆိုတဲ့အဓိပ္ပါယ်၊ လိုက်နာလို့ရှိရင် ဆင်းရဲဒုက္ခတွေက လွတ်မြောက်စေတယ်၊ မလိုက်နာဘူးဆိုရင် ဆင်းရဲဒုက္ခရောက်စေတယ်ဆိုတဲ့ အဓိပ္ပါယ်ကို အပြန်အားဖြင့် သိရမယ်။

ဒါကြောင့်မို့လို့ 'ပါတိမောက္ခ'ဆိုတာ သိပ်ပြီးတော့ အရေးကြီးလို့ ရွှေကျင်ဆရာတော်ဘုရားကြီးက သူ့တိုက်မှာ လာမယ်ဆိုရင် 'ပါတိမောက်မရရင် ငါ့တိုက်မှာ မနေရဘူး'ဆိုတဲ့ စည်းကမ်းချမှတ်ထားတယ်။ ပါတိမောက်မှ မရလို့ရှိရင် ရွှေကျင်ငါးတိုက်မှာ ဘယ်ပုဂ္ဂိုလ်မှ နေခွင့်မပြုဘူးနော်။ အဲဒါကြောင့်မို့လို့ မင်းတုန်းမင်းကြီးကလည်း အလွန်ကို ရွှေကျင်ဆရာတော်ကြီးရဲ့ စည်းကမ်းတကျ ဝိနည်းသိက္ခာပုဒ်အတိုင်း ရွှေကျင်သံဃာတွေဟာ လိုက်နာကြလို့ သိပ်ပြီးတော့ ကြည်ညိုတယ်။ ရွှေကျင်သံဃာတွေ ဖူးလိုက်ရလို့ရှိရင် ဒကာ,ဒကာမများမှာ ကြည်ညိုသဒ္ဓါတွေ အလွန်ပွားလို့ နန်းတော်ထဲမှာ ဆွမ်းကြီး

ခံပွဲတွေ ဘာတွေရှိတယ်။ ဘုရင်ကိုယ်တိုင် ရွှေကျောင်တိုက် သံဃာတွေကို ပင့်လေ့ရှိတယ်။

ရွှေကျောင်တိုက်သံဃာတွေက သက်န်းရမ်းတာကနေ စပြီးတော့ ပရိမဏ္ဍလသိက္ခာပုဒ်အတိုင်း အတိအကျရမ်းကြ ဝတ်ကြတယ်။ **"ပရိမဏ္ဍလံ နိဝါသေဿာမိတိ သိက္ခာကရဏီယာ"** ဆိုတဲ့ ရှင်ကျင့်ဝတ်ထဲမှာ ပါတဲ့အတိုင်း သင်္ကန်းဝတ်လို့ရှိရင် တစ်စထောင် နှစ်စထောင် တိုးလို့တွဲလဲ မဝတ်ရဘူး။ ခြေသလုံးကြွက်သားဖုံးရုံ ညီနေအောင် သင်္ကန်းကို ဝတ်ရမယ်လို့ ထိုသိက္ခာပုဒ်ကို လေးစားလိုက်နာသောအားဖြင့် ရွှေကျောင်ဆရာတော်ဘုရားကြီးက ဆုံးမတာ။ ဒါကြောင့်မို့ ရွှေကျောင်တိုက်က သံဃာတော်လေးတွေဆိုလို့ရှိရင် သင်္ကန်းရမ်းတာ ရုံတာကစ ညီတယ်။ နေကြထိုင်ကြတာ အင်မတန် ဣန္ဒြေရတယ်။ သမာဓိရှိတယ်။ ကြည့်လိုက်ရလို့ရှိရင် အင်မတန်မှ မြင်ရတဲ့ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း စိတ်နှလုံး ကြည်နူးသွားစေတယ်။ ပါသာဒိကဂုဏ်လို့ ခေါ်တယ်။ ပါသာဒိက-ဆိုတာ ကြည်ညိုဖွယ် လူ့ရဲ့စိတ်ကို ကြည်နူးသွားစေတယ်။

မြာဟ္မဏဘာသာဝင်ဖြစ်တဲ့ **အသောကမင်းတရားကြီး**၊ အဲဒီအသောကမင်းတရားကြီးဟာ နိဂြောဓသာမဏေလေး နန်းရင်ပြင်က ဖြတ်ပြီး ဆွမ်းခံကြွလာတာကို ကြည့်လိုက်တယ်။ ကိုရင်လေး ငယ်ငယ်လေးပဲ ဖြစ်ပေမဲ့ သပိတ်ကလေး ပိုက်ပြီးတော့ ကြွသွားလိုက်တာ၊ တကယ့်ဆရာတော်ကြီးဂိုက်၊ မြင်လိုက်တဲ့ အသောကမင်းကြီးဟာ ကြည်ညိုလို့ မဆုံးဘူး။ နန်းတော်ကို ပင့်တယ်။ ပင့်လိုက်တဲ့အခါလည်း တည်တည်ငြိမ်ငြိမ် ကြွလာတယ်။ ဒီကလေးလေး နန်းတော်ရောက်တဲ့အခါ ဘုရင်ကြီးကနေပြီးတော့ နေရာထိုင်ခင်း ညွှန်းလိုက်တဲ့အခါ ကိုရင်လေးက ရာဇပလ္လင်ထိအောင် တက်ထိုင်တယ်။ သူက ကြည့်လိုက်တယ်လေ။ ငါ့ထက်ကြီးတဲ့ သံဃာများ ရှိလားလို့။ မရှိဘူး။ မရှိတော့ ဘုရင်ထိုင်တဲ့အပေါ် တက်ထိုင်တယ်။ အဲဒါနဲ့ အသောကမင်းကြီးဟာ သိပ်ကြည်ညိုမဆုံး ဖြစ်သွားပြီး ဗုဒ္ဓဘာသာ ဖြစ်သွားတယ်။

နိဗ္ဗာနသောမကောလေးရဲ့ ဝိနည်းသိက္ခာပုဒ်ကို လေးစားမှုကြောင့် ဗုဒ္ဓဘာသာအဖြစ် ကူးပြောင်းသွားတာ။

ဒါကြောင့်မို့လို့ ရွှေကျင်ဆရာတော်ကြီးက မိမိရဲ့ တပည့်သားတွေကို ဝိနည်းသိက္ခာပုဒ် အသေးအဖွဲကလေးတွေကနေစပြီး လိုက်နာကျင့်သုံးအောင်လို့ဆိုပြီးတော့ ဆုံးမတော်မူခဲ့တယ်။ 'ငါ့တိုက်မှာ လာနေမယ်ဆိုလို့ရှိရင် ပါတိမောက်မရရင် မနေရဘူး'တဲ့၊ အဲဒီဆရာတော်ရဲ့စည်းမျဉ်းဟာ ဘယ်လောက်ကျယ်ပြန့်သွားသလဲဆိုလို့ရှိရင် ပွဲထဲမှာကတဲ့ လူပျက်တွေကတောင် ပျက်တဲ့အထိ ဖြစ်သွားတယ်၊ လူပျက်စကားပေါ့လေ။ ဘုရားနဲ့ ပတ်သက်ပြီးတော့ မပြောတော့ မပြောသင့်ဘူး။ မပျက်ကောင်းဘူး။ ဒါပေမဲ့ ဗဟုသုတရှိအောင် ပြောရမယ်ဆိုရင် ရွှေကျင်ဆရာတော်ကြီးက မန္တလေးတောင်ရဲ့ မြောက်ဘက်မှာ 'ပါတိမောက်မရရင် ငါ့တိုက်မှာ မနေရဘူး'ဆိုတဲ့ စည်းကမ်းဟာ တော်တော်များများ သိရှိလာတဲ့အခါ မင်းတုန်းမင်းတရားကြီးက ဟိုး . . . စကျင်တောင်က ကျောက်တော်ကြီးကို ထုလုပ်ပြီးတော့ မန္တလေးရဲ့ တောင်ဘက်မှာ အားလုံးသိထားတဲ့ အတိုင်း 'ကျောက်တော်ကြီးဘုရား'ဆိုပြီးတော့ ကိုးကွယ်ထားတယ်။ အဲဒီလို ကိုးကွယ်ထားတော့ အပေါ်မှာ မန္တလေးမြို့ရဲ့ သမိုင်းဝင် မန္တလေးမြို့ကို လက်ညှိုးညွှန်နေတဲ့ ကိုယ်တော်ကြီးက ပြောသတဲ့။ 'ဟေ့-စကျင်တောင်က မောင်ဖြူ! ပါတိမောက်မရရင် ငါ့တောင်ခြေ နေခွင့်မပြုဘူး'လို့-နော်၊ မန္တလေးတောင်ပေါ်က လက်ညှိုးထိုးပြီးတော့ ဗျာဒိတ်ညွှန်ကြားတဲ့ ဗျာဒိတ်ပေးရပ်တော်မူက ပြောသတဲ့။ ဒါ လူပျက်တွေ ပြောတဲ့စကား။ လူပျက်ပြောတာ။ အဲဒါ ရွှေကျင်ဆရာတော်ကြီးရဲ့ စည်းကမ်းကို သူတို့ကြားလို့ ပြောတာ။ ရွှေကျင်ဆရာတော်ကြီးက ပါတိမောက်မရရင် ငါ့ကျောင်းမှာ မနေရဘူးလို့ ပြောတယ်။ အဲဒါကို အတုယူပြီးတော့ လူပျက်တွေက ဗျာဒိတ်ပေး ကိုယ်တော်မြတ်ကြီးက လက်ညှိုးထိုးပြီးတော့ ပြောဟန်နဲ့ပဲ 'ဟေ့ . . . စကျင်တောင်က မောင်ဖြူ! ပါတိမောက်မရရင် ငါ့တောင်ခြေရင်းမှာ နေခွင့်မပြုဘူး'

ဒီလိုပြောသတဲ့၊ အဲဒီလောက်ထိအောင် ရွှေကျင်ဆရာတော်ကြီးက ဝိနည်းသိက္ခာပုဒ်နှင့် ပတ်သက်ပြီးတော့ အလေးထားခဲ့ပါတယ်။

အဲဒီ အလေးထားခဲ့သည့်အတွက်ကြောင့် ရွှေကျင်ဂိုဏ်းမှာ ဝိနည်းစာပြန်ပွဲတွေဟာ ပေါ်ခဲ့တယ်။ ဝိနည်းစာပြန်ပွဲတွေ ပေါ်လာတယ်။ ဘာဖြစ်လို့?၊ ဝိနည်းဟာ အင်မတန်မှ အရေးကြီးလို့။ အဲဒီ ရွှေကျင်ဆရာတော်ဘုရားကြီးရဲ့တပည့် ဝိနည်းလေးစားတဲ့ သံဃာတော်အရှင်မြတ်တွေဟာ စုစုဝေးဝေးနဲ့ ဖြစ်ပြီးတော့ လာကြတယ်။ စုစုဝေးဝေးနဲ့ ဖြစ်လာပြီးတော့ ရွှေကျင်ဆရာတော်ကြီး မရှိတဲ့နောက်မှာ ၁၂၈၂ ခုနှစ် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်မှာ ကျင်းပတဲ့ ပထမအကြိမ် ရွှေကျင်နိကာယသံဃာ့အစည်းအဝေးကြီးက ပြဋ္ဌာန်းပြီး ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ခဲ့ကြတယ်။

အဲဒီအစည်းအဝေးကြီးက ပြဋ္ဌာန်းဆုံးဖြတ်ချမှတ်တဲ့အထဲမှာ ပြဋ္ဌာန်းဆုံးဖြတ်ချက် အမှတ်(၇)မှာ ဒီလို ဖော်ပြထားတယ်။ **"တစ်နယ်လျှင် တစ်ဌာန ဝိနည်းပြန်ပွဲ ကျင်းပလျက် နှစ်စဉ် သံဃာ့အစည်းအဝေးပြုလုပ်၍ အကြီးအကဲ ဥက္ကဋ္ဌ မဟာနာယကထံ တင်ပြရမည်"**ဆိုတဲ့ အဲဒီ ဆုံးဖြတ်ချက်အရ ရွှေကျင်ဂိုဏ်းမှာ ဝိနည်းစာပြန်ပွဲတွေ မြောက်မြားစွာ ပေါ်ထွန်းလာခဲ့တယ်။ ၁၃၂၅ ခုနှစ်က စာရင်းအရ ပြောရမယ်ဆိုလို့ရှိရင် ဝိနည်းပြန်ဌာနပေါင်း ၁၂၀ ဌာန ရှိတယ်။ ခုချိန်မှာဆိုလို့ရှိရင် ၁၅၀ ကျော်၊ တစ်နိုင်ငံလုံး ရွှေကျင်ဂိုဏ်း ကြီးပွားတိုးတက်လာလို့ ဝိနည်းစာပြန်ပွဲပေါင်း ၁၅၀ ကျော် ထင်ရှားဖြစ်ပေါ်လာခဲ့တယ်။ အခု ဒီမတ္တရာမြို့မှာလည်းပဲ **'သာသနဇောတာရုံကျောင်းတိုက်'**ကို ဗဟိုပြုပြီးတော့ ရွှေကျင်နိကာယ ဝိနည်းပြန်ဌာနကြီးတစ်ခု တည်ထောင်ထားတယ်။ အဲဒီ ရွှေကျင်နိကာယ ဝိနည်းပြန်ဌာန ခုနက ဆရာတော် ဦးဩဒါတာဘိဝံသ အမိန့်ရှိသွားတဲ့အတိုင်း ထိုဝိနည်းပြန်ဌာန ဆရာတော်ကြီးများရဲ့ ဆန္ဒ၊ ဒီနေရာမှာ အစဉ်ထာဝရ ဝိနည်းပြန်ဌာနတစ်ခု သတ်မှတ်ပြီးတော့ မတ္တရာ+စဉ့်ကူး နှစ်မြို့နယ် ဝိနည်းစာပြန်ပွဲကြီး ကျင်းပလာခဲ့တာ ယခုနှစ်ဆိုလို့ရှိရင် ၂၅ နှစ်ထိ ရောက်လာခဲ့တယ်။

အဲဒီတော့ ရွှေကျင်ဂိုဏ်းမှာ ဒီဝိနည်းပြန်ဌာနတွေဟာ အလွန်မှ အရေးပါတယ်။ အလွန်ကို အရေးကြီးတယ်။ ရွှေကျင်ဂိုဏ်းကြီးရဲ့ စည်းလုံးညီညွတ်မှုကို ဒီဝိနည်းပြန်ဌာနတွေက ဖြစ်ပွားစေပါတယ်။ ဒါကြောင့်မို့လို့ ဝိနည်းဌာနဝင် ကျောင်းများ သံဃာများအတွင်း အဓိကရုဏ်းမှုများ ပေါ်ပေါက်လာခဲ့လျှင် ဆိုင်ရာဝိနည်းပြန်ဌာန အကြီးအကဲဥက္ကဋ္ဌ မဟာနာယကဆရာတော်ဘုရားကြီးများရဲ့ အဆုံးအမဩဝါဒအတိုင်း ပြေငြိမ်းအောင် ဆောင်ရွက်ရတယ်။ ဒါကြောင့် ရွှေကျင်ဂိုဏ်းမှာ ပြဿနာနည်းတယ်။ မပြေငြိမ်းနိုင်တဲ့ အချို့အမှုများကိုသာ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ရွှေကျင်နိကာယ ဗဟိုဌာနသို့ ပို့ကြရတယ်၊

ဒါကြောင့်မို့လို့ ရွှေကျင်နိကာယ ဝိနည်းပြန်ဌာနဟာ ဝိနည်းစာပြန်ပွဲကျင်းပရာ ဌာနမျှသာ မဟုတ်ပဲ ရွှေကျင်ဂိုဏ်းကြီးရဲ့ အစိတ်အပိုင်း ဒေသဆိုင်ရာအုပ်ချုပ်ရေးဌာနများရဲ့ အသွင်ကိုလည်း ဆောင်နေပါတယ်။ တစ်မြို့နယ်သို့မဟုတ် မြို့နယ်ပေါင်းပြီးတော့ ဝိနည်းစာပြန်ပွဲတွေ ကျင်းပပေးခြင်းအားဖြင့် ဝိနည်းအာဂုံဆောင် ပုဂ္ဂိုလ်များ တိုးတက်များပြားလာတယ်။ မသိလို့ရှိရင် မကျင့်နိုင်ပါဘူး။ သိမှ ကျင့်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဝိနည်းတရားကို သိအောင် ဝိနည်းပြန်ဌာနတွေကနေပြီး ပြန့်ပွားနေအောင် ဆောင်ရွက်နေတာ။

အဲဒီတော့ ဒီလို ဝိနည်းပြန်ပွဲတွေ ကျင်းပနေသဖြင့် ဝိနည်းအာဂုံဆောင် ပုဂ္ဂိုလ်တွေ ပေါ်ထွက်လာတယ်။ ပေါ်ထွက်လာရုံတင် မကဘူး။ ဝိနည်းစာပြန်ဌာနမှာ အချင်းချင်း ဆုံတွေ့ကြရတယ်။ ဆုံတွေ့ကြရတဲ့ သံဃာတော်များဟာ တစ်ပါးနဲ့ တစ်ပါး မေတ္တာကူးတယ်။ အချင်းချင်း ဗဟုသုတ ဖလှယ်ခွင့်ရတယ်။ အကြီးအကဲ မဟာနာယက ဆရာတော်ကြီးများကို စုံညီစွာ ဖူးတွေ့ရတယ်။ အခုမတ္တရာမြို့က ဒကာ,ဒကာမတွေ ဝိနည်းစာပြန်ပွဲကို အကြောင်းပြုပြီးတော့ အခုလို ဆရာတော်ကြီးများကို ဖူးတွေ့ခွင့်ရတာ ဒါလက်တွေ့ အကျိုးတွေပဲ နော်။

အေး . . . အကြီးအကဲ မဟာနာယကဆရာတော်ကြီးများကို စုံညီစွာ ဖူးတွေ့ခွင့်ရပြီး ဆုံးမဩဝါဒတွေ ကြားနာခွင့်ရတယ်။ သံဃာတော်များ

အတွင်း စည်းလုံးညီညွတ်မှုကိုလည်း ပိုပြီးတော့ ရရှိတယ်။ ဒါကြောင့် ရွှေကျင်နိကာယမှာ ဟောဒီဝိနည်းစာပြန်ပွဲများဟာ အသက်သဖွယ် အင်မတန်မှ အရေးပါတဲ့ ပွဲများဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယနေ့ ဆင်ယင်ကျင်းပလျက်ရှိတဲ့ ဝိနည်းစာတော်ပြန်ပွဲကြီးဟာ မတ္တရာမြို့နယ်နှင့် စဉ့်ကူးမြို့နယ်ရှိ ရွှေကျင်ဂိုဏ်းဝင် သံဃာတော်များ ပူးတွဲကျင်းပတဲ့ နှစ်မြို့နယ် ရွှေကျင်နိကာယ ဝိနယပါလစာတော်ပြန်ပွဲကြီးပဲ ဖြစ်ပါတယ်။

မတ္တရာမြို့၊ သာသနဇောတာရုံကျောင်းတိုက်ကို ဝိနည်းပြန်ဌာနအဖြစ် သတ်မှတ်ပြီး နှစ်စဉ်မပျက် ဆင်ယင်ကျင်းပလာခဲ့ရာ ရာစုနှစ်ရဲ့ လေးပုံတစ်ပုံဖြစ်တဲ့ ငွေရတုနှစ်သို့ ဆိုက်ရောက်လာခဲ့ပြီး ဖြစ်ပါတယ်။ ၂၅ နှစ်မြောက်ဖြစ်သည့် ငွေရတုနှစ် ယခုနှစ်မှာ ရွှေကျင်နိကာယ ဝိနယပါလဝိနည်းစာတော်ပြန်ပွဲကြီးကို ၂၅ နှစ်မြောက် ငွေရတု ဝိနယသာသနာ အထူးပူဇော်ပွဲကြီးနဲ့ ပူးတွဲပြီးတော့ ခမ်းနားသိုက်မြိုက်စွာ ဆင်ယင် ကျင်းပလျက် ရှိပါတယ်။ သို့ဖြစ်၍ ထူးကဲစွာ အောင်မြင်လျက်ရှိတဲ့ မတ္တရာ + စဉ့်ကူး နှစ်မြို့နယ် ရွှေကျင်နိကာယ ဝိနည်းပြန်ဌာန **'ဝိနယပါလ ဝိနည်းစာတော်ပြန်ပွဲကြီး'** ဟာ ရွှေကျင်ဂိုဏ်းကြီးရဲ့ ကျစ်လစ်ခိုင်မာပြီး တိုးတက်အောင်မြင်လျက်ရှိသော ဝိနည်းစာတော်ပြန်ပွဲကြီးတစ်ပွဲအဖြစ် သာသနာ့သမိုင်းမှာ သမိုင်းမော်ကွန်းတင် မှတ်တမ်းတင်ရမယ့် ဝိနည်းစာပြန်ပွဲကြီးဖြစ်ပါကြောင်း နိဂုံးချုပ် ပြောကြားအပ်ပါသတည်း။

**သာဓု၊ သာဓု၊ သာဓု**

**(၁၃၆၆ ခုနှစ်ထုတ်၊ မတ္တရာ+စဉ့်ကူး နှစ်မြို့နယ်၊ ရွှေကျင်နိကာယ ဝိနည်းပြန်ဌာန ၂၅ နှစ်မြောက် ငွေရတု ဝိနယသာသနာ အထူးပူဇော်ပွဲ မော်ကွန်းတင်စာစောင်-မှ)**



## အကောင်းဆုံးဆုလာဘ်နှင့် အမြတ်ဆုံးကုသိုလ်

❑ **အရှင်နန္ဒမာလာဘိဝံသ**

ဘဝဆိုသည်မှာ ခန္ဓာငါးပါး၏ ဖြစ်ပေါ်နေမှုတည်း။ ခန္ဓာငါးပါးသည် ဆိုင်ရာအကြောင်းတရားများအပေါ် မှီတည်၍ ဖြစ်ပေါ်တည်တံ့၏။ အကြောင်းတရားတွေက တညီတညွတ်တည်း အထောက်အကူပြုထားသဖြင့် ခန္ဓာငါးပါးတို့၏ တည်ငြိမ်သော ဖြစ်စဉ်ကို **'ကျန်းမာမှု'**ဟု ယူဆနိုင်၏။

ခန္ဓာကိုယ်ကြီးသည် ပင်ကိုယ်သဘာဝအားဖြင့် နေထိုင်ရပါလျက် 'ကျန်းမာတယ်'လို့ ပြောရင် အမှန်မသိလို့ ပြောခြင်းသာ ဖြစ်၏။ သို့သော် နာကျင်ခံခက်မှုတို့ကို တွန်းလှန်ဖယ်ရှား စွမ်းအားရှိနေသေးခြင်းကိုသာ **'ကျန်းမာခြင်း'**ဟု ဆိုရ၏။

ခန္ဓာကိုယ်ရဲ့ဒဏ် ခုခံနိုင်စွမ်းရှိနေသမျှ ဘဝအတွက် လှုပ်ရှားလုပ်ဆောင်နိုင်၏။ ဒုက္ခကြီးမားသည့် ခန္ဓာငါးပါးရရှိသူ အချင်းချင်း ကိုယ်ချင်းစာတရားရှေ့ထားပြီး ကြင်နာသော နှုတ်ဆက်စကားကို ဆိုကြ၏။

**ကစ္စိ ခမနီယံ** = ဘယ့်နှယ်လဲ ကျန်းမာပါစ?၊ ခန္ဓာကိုယ်ရဲ့ ဒုက္ခကြီးကို ခံနိုင်ရည်ရှိသေးရဲ့လား ခံနိုင်ပါသေးတယ်နော်?'ဟု ဆိုလို၏။

**ကစ္စိ ယာပနီယံ** = ဘယ်နှယ်လဲ မျှမျှတတရှိပါလေစ?၊ ဆိုလိုတာက စဉ်ဆက်မပြတ်ဖြစ်နေတဲ့ ဒုက္ခကို ခံရလို့ ပြိုလဲမသွားပဲ ဆက်လက် ထိန်းထားနိုင်ရဲ့လား?တဲ့။

**အပ္ပါဗာဓံ** = နာကျင်တဲ့ ရောဂါဝေဒနာ ကင်းပါရဲ့လား?၊ ဆိုလိုတာက တခါတရံ ဓာတ်လေးပါးမညီညွတ်လို့ ဖျားတာ၊ ခေါင်းကိုက်တာ၊ ဗိုက်နာတာမျိုးစတဲ့ ရောဂါတွေ ကင်းပါရဲ့လားပေါ့?။

**အပ္ပါတင်္ကံ** = နေရေးထိုင်ရေး အခက်အခဲတွေ့စေတဲ့ နာတာရှည်ရောဂါမျိုး ကင်းပါရဲ့လား?။

**လဟုဋ္ဌာနံ** = အထိုင်အထ ပေါ့ပါးသွက်လက်ပါသေးရဲ့လား?၊ ကျန်းမာမှုရဲ့ သင်္ကေတမှာ အထိုင်အထ ပေါ့ပါးခြင်းဖြစ်၏။ မကျန်းမာသူ၊ အသက်အရွယ်ကြီးလာသူများ အထိုင်အထ ပေါ့ပါးမှု မရှိကြ၊ ဒူးလက်ထောက်ပြီးမှ ထနိုင်ကြ၏။ အထိုင်အထ လေးလံကြ၏။

**ဗလံ** = ခန္ဓာကိုယ်အင်အား ရှိပါသေးရဲ့လား?၊ အင်အားဆိုသည်မှာ ခန္ဓာကိုယ်အတွက် အလွန်အရေးပါ၏။ အင်အားကို **'ဗလရုပ်'**ဟု ဆိုကြ၏။ ဗလရုပ်ဆိုသည်မှာ သီးသန့်ရုပ် တစ်မျိုးမဟုတ်ပဲ ဝါယောဓာတ်ကိုသာ ဆိုကြောင်း ရှင်းပြကြ၏။ လေအားကောင်းသည်ဟု ဆိုလို၏။ ဝါယောဓာတ်မျှသာမက ဓာတ်ကြီးလေးပါး၏ စွမ်းဆောင်မှု သန်မာမှုဟုလည်း ဆိုနိုင်၏။

ဘဝအတွက် ကျန်းမာမှု မည်မျှအရေးပါကြောင်း ထင်ရှား၏။ ကျန်းမာမှ စီးပွားဥစ္စာ တိုးတက်အောင် လုပ်နိုင်၏။ အသိပညာ အတတ်ပညာ ရှာဖွေဆည်းပူးနိုင်၏။ အတ္တဟိတ, ပရဟိတအကျိုး သယ်ပိုးနိုင်၏။ တရားဓမ္မကို ပေါက်ရောက် အောင်မြင်သည်အထိ ကျင့်နိုင်၏။ သာသနာပြုလုပ်ငန်းကို ဆောင်ရွက်နိုင်၏။

မကျန်းမာလျှင် လူဖြစ်ရကျိုး မနပ်၊ ဘဝသည် အဓိပ္ပာယ်မဲ့ပြီး ဆင်းရဲဒုက္ခခံရုံ သက်သက်၊ ပတ်ဝန်းကျင် ဝန်တက်ရုံ သက်သက် ဖြစ်နေ၏။ ဆန်ကုန်မြေလေး အရေးမပါ အပိုသက်သက် ပတ်ဝန်းကျင်အတွက် အနှောင့်အယှက်မျှသာ ဖြစ်ပေလိမ့်မည်။

သို့ဖြစ်၍ ကျန်းမာမှုကို **'အကောင်းဆုံးဆုလာဘ်'**ဟု မှတ်ယူကြ၏။ ကျန်းမာမှုစောင့်ရှောက်ခြင်းသည် အကောင်းဆုံး အလုပ် ဖြစ်၏။ အကောင်းဆုံး အလုပ်သည် အကောင်းဆုံး အကျိုးတရားကို ရရှိစေမှာ သေချာလှ၏။

ကျစ္စာဆရာတော် **အရှင်လက္ခဏ** ဦးဆောင်သည့် ဝါးချက် ဇီဝိတဒါန ဆေးရုံအဖွဲ့သည် သံဃာ, သီလရှင် ဦးတည်လျက် မကျန်းမမာသူဟူသမျှ အတွက် ကျန်းမာရေး စောင့်ရှောက်သည့်အဖွဲ့ ဖြစ်၏။ ဝါးချက် ဇီဝိတဒါန သံဃာ့ဆေးရုံ၌ ကျန်းမာမှု၊ ရောဂါကုသမှု အထောက်အကူပြုကိရိယာများ၊ ဆေးဝါးများကို ထားရှိကာ ကျွမ်းကျင်သော ဆရာဝန် သူနာပြုများဖြင့် အကျိုးပြု များဖြင့် ကျန်းမာမှု စောင့်ရှောက်ပေးလျက် ရှိသည်။ သံဃာ, သီလရှင် သူတော်စင် တို့အား အကောင်းဆုံးဆုလာဘ်ကို နှင်းအပ်ကြ၏။

ကျန်းမာမှုသည် ကိုယ်ကျန်းမာမှုနှင့် စိတ်ကျန်းမာမှုဟု နှစ်မျိုးရှိ၏။ ကိုယ်ကျန်းမာမှုအတွက် ဆေးဝါးကုသမှုဖြင့် အကျိုးပြုသလို စိတ်ဓာတ် ကျန်းမာမှုအတွက် ဆရာတော် အရှင်လက္ခဏသည် **'မဟာအတုလရံသီ ဓမ္မရိပ်သာ'** ကမ္မဋ္ဌာန်းဌာန ဖွင့်လှစ်ထား၏။ တရားဟော၊ တရားပြ၊ တရား ကျင့်စေခြင်းဖြင့် စိတ်ကျန်းမာမှု အကျိုးတရားကို ဖြစ်ပွားစေ၏။

ယခုနှစ်တွင် ဆရာတော် **အရှင်လက္ခဏ** ဦးဆောင်သည့် ဇီဝိတဒါန အဖွဲ့၏ သက်တမ်းသည် ငွေရတုနှစ်သို့ ရောက်ရှိလာ၏။ အကောင်းဆုံး ဆုလာဘ်ကို ဖြန့်ဝေကာ အမြတ်ဆုံးကုသိုလ်ကို ဆည်းပူးလျက် ရှိသည်။


ငွေရတုနှစ်တွင် ဆရာတော် အရှင်လက္ခဏ၏ ကိုယ်ကျန်းမာမှုနှင့် စိတ်ကျန်းမာမှု စောင့်ရှောက်ရေး လုပ်ငန်းနှစ်ရပ်ကို သုတသောမဘုရင်ကြီး၏ ဆန္ဒမွန်မျိုးဖြင့် ကြိုဆိုကာ ဆုတောင်းမေတ္တာ ပို့သလိုက်ပါ၏။

# ပသေယျ တံ ဝဿသတံ အရောဂံ

ကျန်းမာလန်းရွှင်
ထေရ်အရှင်ကို
နှစ်တစ်ရာလုံး
ရွှင်ပြုံးကြည်သာ
မြင်ချင်ပါ၏။
မြင်ပါရစေ
တောင်းဆုချွေ၏ ။ ။

အရှင်နန္ဒမာလာဘိဝံသ
(MA. Ph.D၊ အဂ္ဂမဟာပဏ္ဍိတ)
(အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်)
မဟာသုဗောဓာရုံကျောင်းတိုက်၊ စစ်ကိုင်းမြို့
(၁၉၈၄ - ၂၀၀၉)

(၂၀၀၉-နှစ်ထုတ် ဝါးချက် ဇီဝိတဒါန သံဃာ့ဆေးရုံ၊ ငွေရတု မဂ္ဂဇင်းမှ)



သက်တော် (၉၉)နှစ်၊ သိက္ခာတော် (၈၀)ဝါအရ ၁၃၆၆ ခုနှစ်၊ ဝါခေါင်လဆန်း (၁၂)ရက်နေ့တွင်
ဘဝနတ်ထံ ပျံလွန်တော်မူသော နိုင်ငံတော် ဩဝါဒစရိယ
အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
သာသနိကဘွဲ့တံဆိပ်တော်ရ
စစ်ကိုင်းတောင်ရိုး၊ မဟာဂိရိဓမ္မစေတီတော်ကြီးအနီး အနန္တသူရိယကျောင်းတိုက်ကြီး၏ ဝိဟာရာဓိပတိ
ဘဒ္ဒန္တပဏ္ဍိတမဟာထေရ အနန္တသူရိယဆရာတော်ဘုရားကြီး၏

# အဋ္ဌုပ္ပတ္တိကထာ

**အဋ္ဌုပ္ပတ္တိံ ပဝေဒေမိ ၊ အဂ္ဂါဘိဓဇလာဘိနော။**
**အနန္တသူရာဓိပဿ ၊ ဥက္ကဋ္ဌဂဏသာမိနော ။**

**အဂ္ဂါဘိဓဇလာဘိနော** = "အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက" သာသနိကဘွဲ့တံဆိပ်တော် ရရှိတော်မူပြီးသော၊ **ဥက္ကဋ္ဌဂဏသာမိနော** = စစ်ကိုင်းမြို့နယ်လုံးဆိုင်ရာ သုဓမ္မာနိကာယ သံဃာ့အဖွဲ့ကြီး၏ ဦးစီးနာယက ဥက္ကဋ္ဌ ဖြစ်တော်မူထသော၊ **အနန္တသူရာဓိပဿ** = ရစ်ဝိုင်း

ဇရာ တောင်ဇေယျာ၏ လက်ယာထွန်းပေါ် မဏိဂီရိစေတီတော်နှင့် ကျောင်းတော်မှန်လှ အနန္တသူရိယ၏ အဓိပတိနာယက သံဃာ့ဥသျှောင် ဘုန်းရောင်ထိပ်သီး အနန္တသူရိယ ဆရာတော်ဘုရားကြီး၏၊ **အဠပွတ္တိ** = ဘဝသာသနာ အဖြာဖြာ၏ ခြင်းရာစုံလတ် အဌုပ္ပတ်ကို၊ **ပဝေဒေမိ** = နောက်ဆုံးပူဇော်ရည်မြော်ပိုင်းခြား အကျဉ်းအားဖြင့် မှတ်သားရန်ပေ လျှောက်ထားပါရစေဘုရား . . .

❖ ❖ ❖

၁။ နိုင်ငံတော်၏ ဩဝါဒါစရိယ သုဓမ္မာနိကာယ ဥက္ကဋ္ဌ မဟာနာယက၊ ပခုက္ကူ နိကာယ ရတ္တညူ မဟာနာယက ဖြစ်တော်မူ၍ **"အဂ္ဂမဟာပဏ္ဍိတ" "အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက"** သာသနိက ဘွဲ့တံဆိပ်တော်(၂)ရပ် ဆက်ကပ်ပူဇော်ခြင်းကို ခံယူရရှိတော်မူသော ကျေးဇူးတော်ရှင် **အနန္တသူရိယဆရာတော်ဘုရားကြီး**သည် ကျမ်းဂန်နှံ့စပ် တတ်သိလိမ်မာတော်မူသည့်အပြင် အဟောအပြော စေ့စပ်ပီပြင် ပြတ်သားကြည်လင်ခြင်း၊ အနေအထိုင်ကျစ်လစ်၍ ခန့်ငြားတည်ကြည်သော ဥပဓိရုပ်ရည်ရှိတော်မူခြင်း၊ ကိုယ်ကျင့်တရားနှင့် သမာဓိစွမ်းအား အရှိန်အဝါကြီးမားခြင်း၊ မိမိကိုယ်တိုင် စည်းကမ်းစနစ်ရှိ၍ စည်းကမ်းစနစ်ရှိရန် ညွှန်ပြတော်မူတတ်ခြင်း၊ ပြောရေးဆိုခွင့်ရှိလာလျှင် မညှာမထောက် ခြသေ့်ဟောက်သို့ အံ့လောက်ပီပြင်ရဲတင်းစွာ မိန့်ဆိုတတ်ခြင်းကြောင့် နီးဝေးမဟူ ရဟန်းရှင်လူအများ၏ ကျောက်ထီးတန္တု အလေးဂရုပြုကြရသော ဆရာတော်ကြီးဖြစ်ပါသည်။

၂။ အနန္တသူရိယဆရာတော်ဘုရားကြီးသည် လွန်ခဲ့သောနှစ်(၉၀) အချိန် ၁၂၆၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၈)ရက် ကြာသပတေးနေ့တွင် ကျောက်ဆည်မြို့၊ စုကြီးရပ်၊ **ခမည်းတော် ဦးတင် + မယ်တော် ဒေါ်စံတုတ်**တို့မှ ဖွားမြင်ခဲ့သော သားရတနာ ဖြစ်ပါသည်။

၃။ **"မြန်မာအစ ကျောက်ဆည်က"**ဟု သမိုင်းဆရာအချို့က ပြောဆိုကြ

ရသည့် ကျောက်ဆည်မြို့နယ်သည် ဆည်များမှ စီးဆင်းလာသော ရေမြောင်းများဖြင့် စိမ်းလန်းစိုပြေသော မြို့နယ်တစ်နယ် ဖြစ်သည်။ သာယာလှပ အေးမြစိုပြေသောဒေသ၌ လူ့ဘဝရရှိလာသော အနန္တ သူရိယဆရာတော်လျှောင်းလျှာသည် အေးမြချမ်းသာသော မိဘရိပ် ဆွေမျိုးရိပ်၌ ကြီးပြင်းခဲ့ရသောကြောင့် မိမိကိုယ်မိမိ ယုံကြည်ခြင်း, သတ္တိထက်မြက်ခြင်းတို့နှင့် ပြည့်စုံလေ၏။ ဆရာတော်လောင်းလျာ (၁)နှစ်သားအရွယ်တွင် ကျောက်ဆည်မြို့ မြင်းကဘက်ရွာကျောင်း ဆရာတော် **ဘဒ္ဒန္တဉာဏဝံသ**ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ပေ၏။ ဘွဲ့တော်မှာ **"ရှင်ပဏ္ဍိတ"** ဖြစ်ပေသည်။

၄။ ရှင်ပဏ္ဍိတသည် **"သဒ္ဒါတာ ပဏ္ဍာ ယဿာတိ ပဏ္ဍိတော"**-ဟူသော ဝစနတ္ထနှင့်အညီ ပင်ကိုယ်ဉာဏ်ရည် ထက်မြက်သည့်အပြင် ဆရာကောင်း သမားကောင်းများထံ ချဉ်းကပ်ပြီး ကျမ်းဂန်အဖြာဖြာကို တတ်မြောက်လိမ္မာအောင် သင်ယူခဲ့ပေသည်။ ဥပဇ္ဈာယ်ဆရာဖြစ်တော်မူသော မြင်းကဘက်ကျောင်းဆရာတော် ဘဒ္ဒန္တဉာဏဝံသ၊ ကျောက်ဆည်မြို့ တောင်လတ်ကျောင်း ဒီပဲယင်းဆရာတော်၏တပည့် ဦးပဒုမတို့အထံ၌ အခြေခံစာပေများကို သင်ယူခဲ့လေသည်။ ရှင်ပဏ္ဍိတသည် အသက်(၁၆)နှစ်အရွယ်တွင် စစ်ကိုင်းတောင်ရိုး၊ ဇမ္ဗူပတိချောင်သို့ ရောက်ရှိကာ လယ်တီဦးပဒုမအမည်ရသော စာပေအရေးအသား၌လည်းကောင်း၊ အဟောအပြော၌လည်းကောင်း နာမည်ကျော်သော နိုင်ငံကျော်ဓမ္မကထိက ဇမ္ဗူပတိဆရာတော် ဦးပဒုမ၏ ပညာရင်နို့ သောက်စို့ခဲ့ပေသည်။ ဇမ္ဗူပတိချောင်၌ နေထိုင်စဉ် ပထမရေစကြို ဆရာတော်ဘုရားကြီး၏တပည့် ဦးဝိမလ အထံ၌လည်းကောင်း၊ ဇမ္ဗူပတိချောင် စာချဆရာတော်များဖြစ်သည့် ဦးသာဂရ၊ ဦးဥ‌ေယျဓမ္မ၊ ဦးဒီပတို့အထံ၌လည်းကောင်း ပါဠိကျမ်းစာများကို သင်ယူခဲ့ပါသည်။

၆။ ရဟန်းတော် အရှင်ပဏ္ဍိတသည် **"စာသင်ဟူက ကျမ်းထိုမျှကို တွေ့ကမရှောင် ကြောင်ပုဇွန်စား ကျွတ်ကျွတ်ဝါးသို့ လွှသွားပမာ ကျောက်ထက်စာသို့ လိုရာရအောင် ကြံဆောင်လေ့ကျက် အနက်မိပွါယ် နှုတ်ဝယ်ရွရွ ထားချေမှတည့်"** ဆိုသည့်အတိုင်း ကျမ်းဂန်စာပေကို များများလည်း သင်၏၊ မြန်မြန်လည်း သင်၏၊ သင်ပြီးသမျှ မမေ့ရအောင်လည်း ကြိုးစား၏။ စိတ်ဓာတ်ထက်မြက်ပြီး လုံ့လဝီရိယဖက်သော အရှင်ပဏ္ဍိတသည် စာပေသင်ယင်း မကျန်းမမာဖြစ်လာသဖြင့် **"လျှော်ကောင်းတုန်း တက်ကျိုး"** အခြေအနေမျိုးနှင့် ကြုံရလေသည်။ စာပေကျမ်းဂန်သင်ယူရေး၌ **"မှန်းချက်နှင့် နှမ်းထွက် မကိုက်"** ဆိုသလို ဖြစ်ခဲ့ရလေသည်။ သို့ရာတွင် အရှင်ပဏ္ဍိတသည် စိတ်ဓာတ်ပျော့ညံ့သူ မဟုတ်သဖြင့် ဝေဒနာကို ကြိတ်မှိတ်ခံစားကာ စာသင်မှုကိစ္စကို ဆက်လက်ကြိုးပမ်းခဲ့ပေသည်။

၇။ အရှင်ပဏ္ဍိတသည် ရဟန်း(၅)ဝါအရ စာချဆရာဖြစ်သည့် ဦးဥေ ယျမမှ (နောင်တွင် သီရိဟေမာဆရာတော်)၏ အမိန့်အရ ပခုက္ကူသို့ သွားရောက်ကာ ကျမ်းကြီးဖောက် စာသင်နည်းဖြင့် ပိဋကတ်စာပေကို သင်ယူခဲ့ပါသည်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက် ဆရာတော်ဦးပညာ၊ ဆရာတော်ဦးသုန္ဒရ (နောင် အဘိဓဇမဟာ ရဋ္ဌဂုရု)၊ ပဌမစာချ ဆရာတော် ဦးဂန္ဓမာတို့အထံ၌ ဝိနည်းမဟာဝါပါဠိအဋ္ဌကထာကို စာဆိုအဖြစ်ဖြင့် သင်ယူခဲ့ပါသည်၊ အရှင်ပဏ္ဍိတသည် ပခုက္ကူမြို့၌ တစ်ဝါမျှသာဆိုနိုင်ပြီး ဝေဒနာ မသက်သာသဖြင့် စစ်ကိုင်းသို့ ပြန်လာခဲ့ရပါသည်။

၈။ အရှင်ပဏ္ဍိတသည် စစ်ကိုင်းပြန်ရောက်၍ ရောဂါဝေဒနာ အနည်းငယ်သက်သာလာသောအခါ ရဟန်း(၇)ဝါအရ အမရပူရမြို့၊ တူးမောင်းတိုက် စာချဘုန်းကြီး ဦးနန္ဒိယအထံ၌ (၇)လခန့် ပဋ္ဌာန်းကျမ်းကြီးကို သင်ယူခဲ့ပါသည်။ အရှင်ပဏ္ဍိတသည် ပဋ္ဌာန်းကျမ်းကြီး သင်ယူပြီးနောက် မန္တလေးမြို့ရှိ စာချအကျော် ဆရာတော်ကြီးများထံ နည်းခံကာ

မန္တလေးစာသင်နည်းအတိုင်း ရဟန်း(၁၀)ဝါရသည့်အထိ သင်ယူခဲ့ပါသည်၊ မန္တလေးမြို့ စကုတိုက်၌ ဝါဆိုကာ တောင်သမန်ဆရာတော် ဦးဝိမလ၊ မိုးကောင်းတိုက် ညောင်ရမ်းဆရာတော်၊ စကုတိုက် ဆိုင်းတန်းဆရာတော်၊ ချမ်းသာကြီးတိုက် ဆရာတော်ဦးလက္ခဏ၊ ဆရာတော်ဦးမာဃိန္ဒ၊ ခင်မကန်တိုက် သူဌေးဆရာတော်တို့ထံ စာပေကျမ်းဂန်များကို သင်ယူခဲ့ပါသည်။

၉။ အရှင်ပဏ္ဍိတသည် မန္တလေးမြို့ရှိ အကျော်အမော် ဆရာတော်ကြီးများထံ နည်းခံကာ **"အံ့လောက်ဘွယ်သာ ဂါထာပါဌ်သား စကားဝိုက်လည် စဉ်ရှည်ရှေးတီး စကားကြီးက စသည်ထိုထို ဝိဂြိုဟ်ဝစနတ်ဓာတ်ရပစ္စည်း ထုံးနည်းပမာ ဂါထာဆန်းဂိုဏ်း ကရိုဏ်းဌာန်စစ် ဖွင့်လှစ်ဆိုကာ အဌကထာပါဌ် အောက်ထက်ညှိ၍ ကဝိလက္ခဏာ အဖြာဖြာကို"** ရရှိအောင် ကြိုးပမ်းအားထုတ်နေစဉ် စာချဆရာ **အရှင်ဥေ ယျမဓ္ဓ**၏ အမိန့်အရ ကျောင်းသစ်တည်ထောင်ရန် စီမံရလေသည်။ အရှင်ပဏ္ဍိတသည် စာပေသင်ယူမှုကိစ္စ ရပ်နားပြီး ဆရာကို ကျေးဇူးဆပ်သောအားဖြင့် စစ်ကိုင်းတောင်ရိုး **'သီရိဟေမာချောင်'**ကို ကြည့်ကြပ်တည်ထောင်ပေးပြီး ကျောင်းတိုက်တည်တံ့ရန် စီမံရလေသည်။

ထိုစဉ် နိဗ္ဗိန္ဒချောင်၌ နေထိုင်လျက်ရှိသော အမကြီး **ဒေါ်မေဓာ** နှင့် **ဒေါ်တိက္ခ**တို့ မိပေါက်ကြီးခေါ် **သုခေသိတချောင်**သို့ ပြောင်းရွှေ့ရောက်လာကြ၏။ နောင်တွင် မယ်တော်ကြီးပါ ရောက်ရှိလာသည်။ ထိုအခိုက်မှာပင် **'အနန္တသူရိယချောင်'**၌ ဆရာတော်လစ်လပ်မှုကြုံကြိုက်လာသဖြင့် ဆရာကျေးဇူးရှင် **'ဦးဥေ ယျမဓ္ဓ'**၏ အမိန့်အရ သိက္ခာ(၁၁)ဝါအရတွင် အာရာမာဓိပတိ ကျောင်းထိုင်ဆရာတော်အဖြစ်ဖြင့် သာသနာပြု သီတင်းသုံးတော်မူရသည်။ အရှင်ပဏ္ဍိတသည် ဆရာသမားကိုလည်းကောင်း၊ မယ်တော်ကြီးနှင့် အမကြီးကိုလည်းကောင်း ငဲ့ကွက်စောင့်ရှောက်ကာ စစ်ကိုင်းတောင်ရိုး၊ မဏိဂိရိစေတီတော်ကြီးအနီး ယင်းအနန္တသူရိယချောင်ကြီး၌ ဘဝနိဂုံး ဆုံးသည့်

တိုင်အောင် သီတင်းသုံးတော်မူခဲ့ပါသည်။

အနန္တသူရိယချောင်၌ သီတင်းသုံးတော်မူသည်မှစ၍ **"အနန္တသူရိယဆရာတော်"**ဟု ထင်ပေါ်ကျော်ကြားတော်မူခဲ့ပါသည်။ အနန္တသူရိယဆရာတော်သည် ဆရာကောင်းတပည့်ပီသ၍ စာပေအရာအမိများစွာရှိသည့်အပြင် အဟောအပြော ကျွမ်းကျင်လိမ္မာတော်မူပါသည်။ အနန္တသူရိယဆရာတော်၏ စာပေအရည်အချင်း ဂုဏ်သတင်းများသည် စစ်ကိုင်းတောင်ရိုးကြီးကို ဖြတ်ကျော်ပြီး မြန်မာပြည်အနှံ့သင်းပျံ့ခဲ့ပါသည်။

၁၁။ အနန္တသူရိယဆရာတော်ဘုရားကြီးသည် ၁၃၁၆ ခုနှစ်၊ ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသံဂါယနာ ဓမ္မသဘင်၌ မူလဝိသောဓကနှင့် ပဋိဝိသောဓကအဖြစ် ပိဋကတ်စာပေများကို တည်းဖြတ်ရာတွင် ပါဝင်ဆောင်ရွက်တော်မူပါသည်။ ၁၃၄၁ ခုနှစ်၊ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စ၌ စစ်ကိုင်းတိုင်း၊ (၆)မြို့နယ်အခြေခံဒေသ၏ ဝန်ဆောင်ဆရာတော်အဖြစ်လည်းကောင်း၊ ဂိုဏ်းပေါင်းစုံသံဃာ့ညီညွတ်ရေးဆောင်ရွက်ရန် ရွေးချယ်အပ်သော မူလဝန်ဆောင်(၆၆)ပါးတွင် တစ်ပါးအဖြစ်လည်းကောင်း၊ သာသနာဝင်မှတ်တမ်း စီစဉ်ရေးအဖွဲ့၏ ဥက္ကဋ္ဌဆရာတော်အဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခဲ့ပါသည်။

၁၂။ အနန္တသူရိယဆရာတော်ဘုရားကြီး၏ သာသနာတော်အကျိုးအမျိုးဘာသာအကျိုးတို့ကို ဆောင်ရွက်တော်မူခြင်း၊ လဇ္ဇီပေသလသိက္ခာကာမ ဝိနယဂရုကဂုဏ်တို့ကြောင့် ရှင်လူအများ၏ ကြည်ညိုလေးစားမှုကို ခံယူတော်မူရခြင်းကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ၁၃၅၃-ခုနှစ်တွင် **"အဂ္ဂမဟာပဏ္ဍိတ"**ဘွဲ့တံဆိပ်တော်ဖြင့်လည်းကောင်း၊ ၁၃၆၁-ခုနှစ်တွင် **"အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက"** ဘွဲ့တံဆိပ်တော်ဖြင့်လည်းကောင်း ဆက်ကပ်ပူဇော်ခဲ့ပါသည်။

၁၃။ ဤကဲ့သို့ မြန်မာပြည် သာသနာတခွင်မှာ နေအသွင် လအလား ထင်ရှားတော်မူသော အနန္တသူရိယဆရာတော် ဘုရားကြီးသည် ရှင်လူအများ အကျိုးတရားတို့ တိုးပွါးစေရန် ရည်သန်ရိုးရင်း နှလုံးသွင်းတော်မူသဖြင့် အများကိုငဲ့ညှာ ကရုဏာတရား ထားသောအားဖြင့်-

(၁) နိုင်ငံတော် ဩဝါဒါစရိယ၊

(၂) စစ်ကိုင်းတောင်ရိုး၊ မူလဘူတ ဇမ္ဗူဒီပရေစက်အသင်းကြီးနှင့် သီတဂူရေအလှူတော် အဖွဲ့ကြီးတို့၏ ဩဝါဒါစရိယ၊

(၃) သီတဂူအာယုဒါနဆေးရုံတော်နှင့် ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံတို့၏ ဩဝါဒါစရိယ၊

(၄) သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီး၏ ဩဝါဒါစရိယအဖြစ် ဆောင်ရွက်တော်မူယင်း -

၁၃၆၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်နေ့၊ ညနေ(၅)နာရီ (၅၅) မိနစ်အချိန် သီတင်းသုံးတော်မူရာ အနန္တသူရိယ ကျောင်းတော်ကြီး၌ သက်တော်(၉၉)နှစ်၊ သိက္ခာတော် ဝါ(၈၀)အရတွင် စုတိကမ္မဇရုပ် ချုပ်ငြိမ်းလျက် တစ်ဘဝ တစ်ခန္ဓာ တစ်ဇာတ် သိမ်းတော်မူခဲ့ပါသတည်း။

**ဝဿသတံ ပူဇယိတ္ဝါ၊ န လဘာမ ဒိဝင်္ဂတံ ။**
**ထေရံ ဒါနိ ပူဇယာမ ၊ အယံ ပစ္ဆိမပူဇနာ ။**

**ဘန္တေ** - သီလသမာ ပညာဂုဏ်အင် စုံလင်ကြီးမား ကျေးဇူးရှင်ဆရာတော် အရှင်သူမြတ်ကြီးဘုရား ၊

**မယံ** - ဆရာ့ဂုဏ်ရည် ပုံအထည်ကို ယုံကြည်လေးစား တပည့်တော်အများတို့သည် ၊

**ဝဿသတံ**- ကျန်းမာရွှင်လန်း သက်ရာတမ်းသို့ တက်လှမ်းရည်မြော်သက်တော်ရာပြည့်ဖြစ်တော်မူသော ၊

**ထေရံ** - အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက သာသနိကဘွဲ့တံဆိပ်တော် ပူဇော်ဆပ်ကပ် လေးမြတ်ခိုမှီး ကျေးဇူးရှင် အနန္တသူရိယဆရာတော်ကြီးကို ၊

**ပူဇယိတုံ** - သက်တော်ရာမီ အခါညီသဖြင့် သာကြည်ဆင်နွှဲ မွေးနေ့ အခါတော်ပွဲကို အားခဲတူပျော် စုပေါင်း၍ ပူဇော်ခြင်းငှာ ၊

**န လဘာမ-** ထက်နတ်ပြည် အကြွေစောသဖြင့် မရဏာသဘော အသင့် ပြလို့မို့ အခွင့်မရနိုင်ကြတော့ပါဘုရား။

**ဒိဝင်္ဂတံ** - “နတ်ပြည်က သာသနာ ငါဆရာပြုဦးမည်” ဟု ရည်စူးဦးတည် ကြွချီလေပြား ကျေးဇူးရှင်ဆရာတော်ဘုရားကြီးကို ၊

**ဒါနိ** - ၁၃၆၆ ခု ရတုချိန်ခါ ဇာတာစမ်းလင် နှမ်းချက်ကြုံလာ ဝါခေါင်လပြည့်ကျော် (၄)ရက် ယနေ့အခါ၌ ၊

**ပူဇယာမ** - ဝမ်းနည်းပမ်းနည်း စခန်းခွဲလျက် လွမ်းပွဲတူပျော် အန္တိမဈာပန ပွဲကြီးဖြင့် ပူဇော်ကြပါကုန်၏ အရှင်ဘုရား ။

**အယံ ပူဇနာ-** ကြွင်းကျန်ရစ်လတ် ရုပ်ကလာပ်ကို လေးမြတ်ကော်ရော် ဤသာဓုကီဠနဖြင့် ပူဇော်ခြင်းသည် ၊

**ပစ္ဆိမပူဇနာ-** တဘဝ သံသရာ ကြုံကြရာ၌ ရင်မှာလှိုက်ကဲ သောကပွဲမို့ ဝမ်းနဲ့တူပျော် နောက်ဆုံးပူဇော်ခြင်း ဖြစ်ပါတော့သည် အရှင်ဘုရား။ ။

**ရေးသားပူဇော်သူ**
**အရှင်နန္ဒမာလာဘိဝံသ**
**တိုက်အုပ်ဆရာတော်**
**မဟာသုဗောဓာရုံကျောင်းတိုက်**
**စစ်ကိုင်းမြို့။**



# ဥက္ကံဆရာတော်ဘုရားကြီး၏ အ္ဆုပ္ပတ္တိ

**အ္ဆုပ္ပတ္တိံ ပဝေဒေမိ၊ ထေရဂုဏာမနုဿရံ။**
**ဂုရုနော သာဓုကိစ္စာယံ၊ ပူဇိတောပါမိလာဘိနော။**

**ပူဇိတောပါမိလာဘိနော** = ပြည်ပိုင်သနင်း စိုးရမင်းတို့ ဝပ်စင်းတူပျော် ပူဇော်ဆက်သ မြတ်နိုးကြသည့် 'အဂ္ဂမဟာပဏ္ဍိတ' 'အဘိဓဇမဟာရဋ္ဌဂုရု' ပြည့်သူ့ဆရာ ခရာမှတ်နှိပ် ဘွဲ့တံဆိပ်တို့ကို ဂုဏ်ဟိတ်ထူးဘိ လက်ခံရရှိ တော်မူသော၊ **ဂုရုနော** = ရွှေကျင်နိကာယ ရတ္တညူမဟာနာယက နိုင်ငံတော် သြဝါဒါစရိယ သံဃပိတာ ဂုဏ်သိက္ခာနှင့် ရှိန်ဝါမြင့်မား ကျေးဇူးတော်ရှင် ဥက္ကံဆရာတော်ဘုရားကြီး၏။ **သာဓုကိစ္စာယံ** = လောက သဘာဝ ရှုမြင်ကြလျက် သံဝေဂတရား ဖြစ်ပွါးစေရန် ရည်သန်အားထုတ် ပြုလုပ်ဆင်နွှဲ အန္တိမဈာပန သာဓုကိစ္စနသဘင်ပွဲ၌၊ **ထေရဂုဏံ=** သီလ,သမာဓိ,ပညာ သိက္ခာစုံလင် ဂုဏ်အင် ကြီးလတ် မထေရ်မြတ်၏ ဆင့်ထပ်ရင့်ကျူး မြတ်ကျေးဇူးကို၊ **အနုဿရံ** = အဖန်ဖန်အထပ်ထပ် နှလုံးမတတ်၌ ကိန်းဝပ်တည်မွေ့ အလွန်အောက်မေ့သည် ဖြစ်၍၊ **အ္ဆုပ္ပတ္တိံ** = ဖြစ်တော်စဉ်ဘဝ အကျဉ်းမျှကို ဖေါ်ပြစုံစွာ အ္ဆုပ္ပတ္တိ ကထာကို၊ **ပဝေဒေမိ** = ရှင်လူအများ သဒ္ဓါပွါးဘို့ လေးစားကြည်ညို လျှောက်ဆို တင်ပြပါတော့အံ့။

❖ ❖ ❖

ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့၊ ဥက္ကံဘုရားကြီးကျောင်းတိုက်၏ ပဓာနနာယကဖြစ်တော်မူသော ကျေးဇူးတော်ရှင် **'ဥက္ကံဆရာတော်ဘုရားကြီး'**သည် ရွှေကျင်ဂိုဏ်းဝင် သံဃာတော်အရှင်မြတ်တို့က တင်မြှောက် ပူဇော်အပ်သော **"ရွှေကျင်နိကာယ ရဋ္ဌညူမဟာနာယက"** ဂိုဏ်းပေါင်းစုံ သံဃာတော်အရှင်မြတ်တို့က တင်မြှောက်ပူဇော်အပ်သော **"နိုင်ငံတော် ဩဝါဒါစရိယ"** ဌာနန္တရ၊ ဆရာတော်အများနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရမင်းတို့က ဆက်ကပ်ပူဇော်အပ်သော **'အဂ္ဂမဟာပဏ္ဍိတ'** **'အဘိဓဇမဟာရဋ္ဌဂုရု'** ဘွဲ့တံဆိပ်တော်များကို ရရှိတော်မူသည်ဖြစ်၍ လောကသာသနာ နှစ်ဖြာဝေဟင် ထက်ကောင်းကင်၌ နေအသွင်လအလား ထင်ရှားတော်မူသည့်ပြင် လဇ္ဇီပေသလ သိက္ခာကာမ ဝိနယဂရုက ဂန္ထန္တရဗဟုသုတ ဂန္ထကာရကစသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်ကြီး ဖြစ်တော်မူပါသည်။

ကျေးဇူးတော်ရှင် ဥက္ကံဆရာတော်ဘုရားကြီးသည် ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ ကျုံတကင်းရွာ၊ ခမည်းတော် **ဦးဘိုးလေး** + မယ်တော် **ဒေါ်ညီမ** တို့မှ မြန်မာသက္ကရာဇ် ၁၂၆၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၈ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၉ နာရီအချိန်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့သည့် တစ်ဦးတည်းသော သားရတနာ ဖြစ်ပါသည်။

၉ နှစ်သားအရွယ်တွင် တိုက်ကြီးမြို့နယ်၊ ပြေင်းချောင်းရွာ၊ မယ်ဇလီကျောင်းဆရာတော် **အရှင်ဝါသဝ**ထံ၌ အက္ခရာသမယ အခြေခံမှစ၍ သုဝဏ္ဏသာမဇာတ်တော်ကြီး ကုန်သည်အထိ သင်ယူခဲ့ပါသည်။

၁၃ နှစ်သားအရွယ်တွင် တိုက်ကြီးမြို့နယ်၊ ဥက္ကံ ရင်းတိုက်လေးပင် ကျောင်းဆရာတော် **အရှင်ဇာဂရ**ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်၊ ဥပဇ္ဈာယ်ဆရာတော်က ချီးမြှင့်သည့်ဘွဲ့အမည်မှာ **'ရှင်ဝိဇယ'** ဖြစ်ပါသည်။

သာမဏေရှင်ဝိဇယသည် ဥပဇ္ဈာယ်ဆရာတော် အရှင်ဇာဂရထံ၌ သဒ္ဒါ, သင်္ဂဟ, ပါတိမောက္ခစသော အခြေခံကျမ်းစာများကိုဎင်း၊ မန္တလေးမြို့ သက်ျသီဟမဟာစရိယ အရှင်ဝိစိတ္တာထံ၌ ဆန်း, အဘိဓာန်, အလင်္ကာ, ဘေဒစိန္တာ,

ကစ္စာယနသာရစသော ကျမ်းများကိုရင်း၊ ရင်းတိုက်လေးပင်ကျောင်းနေ ဦးဝါယာမအထံ၌ အဘိဓမ္မာ ညဝါကျမ်းများနှင့် ဝိနည်းပါဠိတော် အဋ္ဌကထာ ကျမ်းများကိုရင်း ရှင်သာမဏေဘဝမှာပင် သင်ယူခဲ့ပါသည်။

သာမဏေရှင်ဝိဇယသည် အသက် ၂၀ အတွင်းသို့ ရောက်ရှိသောအခါ ခမည်းတော် + မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဥက္ကံ ရွှေဘိုကျောင်း ဆရာတော် **ဦးခေမိန္ဒ**ကို ဥပဇ္ဈာယ်ပြု၍ ရင်းတိုက်လေးပင်ကျောင်း ခဏ္ဍသိမ်၌ ၁၂၈၀ ပြည့်နှစ် ကဆုန်လဆန်း ၁၄ ရက်နေ့တွင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ရဟန်းတော် ဦးဝိဇယသည် ရဟန်းတစ်ဝါအရတွင် မန္တလေးမြို့သို့ ကြွရောက်ပြီး ညောင်ကန်တိုက် စိန်ကုန်းကျောင်း၌ သီတင်းသုံးနေထိုင်ကာ မန္တလေးမြို့ရှိ စာတတ်အကျော်အမော် ဆရာတော်ကြီးများထံ အထက်တန်း ကျမ်းစာကြီးများကို သင်ယူတော်မူခဲ့ပါသည်။ မအူလေးရွာမှ ပါရာဇိကဏ် အဋ္ဌကထာ မအူနိဿယသစ်ကို ရေးသားပြုစုတော်မူသော ဆရာတော်ကြီးထံ၌ ပါဠိတော်များကို အဋ္ဌကထာ,ဋီကာများနှင့် တွဲဖက်သင်ယူတော်မူခဲ့ပါသည်။ အဋ္ဌကထာ,ဋီကာကျမ်းများ၏ အဆိုအမိန့်များကို ပိုမိုနားလည်နိုင်ရန်အလို့ငှာ သက္ကတဘာသာကိုလည်း လေ့လာသင်ယူလျက် ပါဠိဉာဏ်စွမ်းအား မြင့်မားတိုးတက်စေတော်မူခဲ့ပါသည်။

ရဟန်းတော် ဦးဝိဇယသည် ရဟန်းငါးဝါအရ ပိဋကတ်ဗဟုဿုတ အခိုင် အမာရရှိပြီးဖြစ်၍ ဇာတိဒေသသို့ပြန်လာပြီးလျှင် ဥက္ကံ ရင်းတိုက်လေးပင်ကျောင်း ၌ စာသင်သားများအား ပရိယတ္တိစာပေများကို ဆက်လက် ပို့ချပေးခဲ့ပါသည်။

ရဟန်းတော် ဦးဝိဇယ၏ ပရိယတ္တိစာပေအရည်အချင်းကို သိရှိတော်မူ ကြသည့် ဆရာတော်များက ဦးဝိဇယအား ဥက္ကံ ဘုရားကြီးကျောင်းတိုက်ကို ပရိယတ္တိစာသင်တိုက်အဖြစ် တိုးချဲ့ဖွင့်လှစ်စေတော်မူခဲ့ကြပါသည်၊ ရဟန်း တော် ဦးဝိဇယသည် ကျေးရူးရှင်ဆရာတော်များ၏ တိုက်တွန်းချက်ကို ဦးထိပ်ရွက် ပန်ဆင်ကာ ၁၂၈၆ ခုနှစ်တွင် တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့ တွင် ပရိယတ္တိစာသင်တိုက်အဖြစ် စတင်ဖွင့်လှစ်ခဲ့ပါသည်။

ရဟန်းတော် ဦးဝိဇယသည် ၇ ဝါအရ ပရိယတ္တိစာသင်တိုက် ဖွင့်လှစ်တည်ထောင်ကာ နေ့ဝါညဝါများကို ကြိုးစားပို့ချတော်မူခဲ့ပါသည်။ ဆရာတော် ဦးဝိဇယ၏ ကြိုးမားပြင်းထန် ဖွဲ့သန်လုံ့လ အသုံးချဆောင်ရွက်မှုကြောင့် ကျမ်းဂန်တတ်တပည့်ကြီးများ ထင်ရှားစွာ ထွက်ပေါ်ခဲ့ပါသည်။

မန္တလေးမြို့ မိုးကောင်းတိုက်၊ နိုင်ငံတော်သြဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ဒေဝန်းအုတ်ကျောင်း ဆရာတော် **(အရှင်ဇောတိကာဘိဝံသ)**

ရှမ်းပြည်နယ်၊ညောင်ရွှေမြို့၊ ကန်ကြီးပရိယတ္တိစာသင်တိုက်၊ နိုင်ငံတော်သြဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ရွှေကျင်နိကာယဓိပတိ ဥက္ကဋ္ဌမဟာနာယက တေရသမရွှေကျင်သာသနာပိုင်ဆရာတော် **(ဘဒ္ဒန္တဝိမလာဘိဝံသ)**

ဧရာဝတီတိုင်း၊ ဟင်္သာတမြို့၊ ရတနာ့ဗိမာန်ဆရာတော် **(ဘဒ္ဒန္တလာဘ)** တို့သည် ထင်ရှားကျော်ကြားသည့် တပည့်ကြီးများ ဖြစ်တော်မူကြပါသည်။

ဥက္ကံဆရာတော်ဘုရားကြီးသည် ရဟန်း ၇ ဝါမှစ၍ တည်ထောင်ဖွင့်လှစ်ခဲ့သော ဘုရားကြီးကျောင်းတိုက်မှာပင် ဘဝတစ်သက်တာ သာသနာ့အလုပ် အားထုတ်မြှုပ်နှံကာ သီတင်းသုံး နေထိုင်တော်မူလျက်ရှိရာ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အစိုးရက ၁၃၄၃ ခုနှစ်တွင် **'အဂ္ဂမဟာပဏ္ဍိတ'** ဘွဲ့တံဆိပ်တော်ဖြင့်၎င်း၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ၁၃၅၆ ခုနှစ်တွင် **'အဘိဓဇမဟာရဋ္ဌဂုရု'** ဘွဲ့တံဆိပ်တော်ဖြင့်၎င်း ပူဇော်ဆက်ကပ်ခဲ့ကြပါသည်။

ဥက္ကံဆရာတော်ဘုရားကြီးသည် ဗုဒ္ဓဓမ္မ ပြန့်ပွားတိုးတက်စေရန် ရည်သန်တော်မူလျက် ဝိနယကထာကျမ်း၊ သုတမဥ္ဇရီကျမ်း၊ ဥပါသကဂုဏ်ရည်ကျမ်း၊ ဝိပဿနာအလင်းပြကျမ်းတို့ကို ရေးသားပြုစုတော်မူခဲ့ပါသည်။

လင်္ကာပေသလ သိက္ခာကာမ ဝိနယဂရုက ပိယ ဂရု ဘာဝနီယစသောဂုဏ်တို့ဖြင့် လွှမ်းထုံကျော်ကြား ရှင်လူအများ၏ လေးစားမြတ်နိုးအပ်၊ ချီးကျူး

ပူဇော်အပ်, အားထားကိုးကွယ်အပ်သော ကျေးဇူးတော်ရှင် ဥက္ကံဆရာတော်ဘုရားကြီးသည် သက်တော် ၉၉ နှစ်အရ ၁၃၅၈ ခုနှစ် တပေါင်းလဆန်း ၁-ရက်နေ့ အချိန်တွင် စုတိကမ္မဇရုပ် ငြိမ်းချုပ်တော်မူကာ ဖြပ္ပာနတ်ကျောင်း ရွှေ့ပြောင်း စံနေတော်မူခဲ့ပါသတည်း။

**နိဗ္ဗာယိ မဟုက္ကာ ဒါနိ၊ ဓမ္မုက္ကာ ဓမ္မဇောတိကာ။**
**ဥက္ကာဌာနေ မဟုက္ကာဟိ၊ ဇောတေမ ဓမ္မဇောတိကံ။**

**ဒါနိ-ဣဒါနိ** = ၁၃၅၈-ခု နှစ်ပြုကောဇာ ရှက်ဝါကြွေကျ တပေါင်းလ၏ ဆန်းစတစ်ရက် စဉ်ဆက်ကြုံလာ ယခုအခါ၌၊ **ဓမ္မဇောတိကာ** = ဗုဒ္ဓမြတ်ရှင် ဉာဏ်သဗ္ဗဉ်ဖြင့် သိမြင်ဟောကြား မြတ်တရားကို ပြတ်သားထိန်ဝေ ထွန်းလင်း တောက်ပစေတတ်သော၊ **ဓမ္မုက္ကာ** = အမှောင်ပယ်ခွင်း ရောင်အလင်းကို ဆောင်ကြဉ်းထွန်းပြောင် တရားတည်းဟူသော မီးရှူးတန်ဆောင်ကြီး ဖြစ်တော်မူသော၊ **မဟုက္ကာ** = ဘုရားကြီးကျောင်းတိုက် နှစ်မြိုက်ရွှင်ပျော် သူတော်တရား မြတ်သုံးပါးကို ထွန်းကားရှက်ဆောင် ကျေးဇူးတော်ရှင် ဥက္ကံဆရာတော်ဘုရားကြီးတည်းဟူသော မီးရှူးတန်ဆောင်ကြီးသည်၊ **နိဗ္ဗာယိ** = တဘဝတသက် တာ ဓမ္မတာထုံးပုံ မီးဇာကုန်ဆီခန်းလျက် မလန်းရောင်ဝေ ချုပ်ငြိမ်းတော်မူခဲ့ရ လေပြီတကား။

**မယံ** = ဆရာထေရ်မြတ် ဆည်းကပ်ခိုဝင် ပညာရင်နို့ သောက်စို့ကြငြား တပည့်အများတို့သည်၊ **ဥက္ကာဌာနေ** = ဥက္ကံဘုရားကြီး ဝေးနီးကျော်ကြား မြတ်တရား၏ ထွန်းကားရာမှန် ဇာကန်ဆိုထိုက် မြတ်ကျောင်းတိုက်၌၊ **ဓမ္မဇောတိကံ** = ဆရာတော်ဘုရား ထွန်းညှိထားသည့် ထူးခြားထွန်းပြောင် တရားတည်းဟူသော မီးရှူးတန်ဆောင်တို့ဖြင့်၊ **ဇောတေမ** = အားကြိုးမာန် တက် ဇွဲဉာဏ်ဖက်လျက် မပျက်စဉ်လာ ထွန်းလင်းအောင် ဆောင်ရှက်ကြပါ ကုန်စို့ဘုရား။

**အရှင်နန္ဒမာလာဘိဝံသ**



# Mettā

We have two mental states that opposite to one another. They are Dosa and Mettā. Dosa means anger or hatred in English. Mettā means loving-kindness. Dosa is evil and harmful while Mettā is good and beneficial.

Dosa hinders knowledge. While Dosa pervades one's mind he knows nothing in the correct perspective. The Buddha says, "An angry person knows not the welfare of himself and of others."

People love themselves. But they can commit suicide through Dosa. People love their fathers and mothers. But they can commit matricide and patricide while their minds and full of Dosa. The Buddha says: "An angry person commits matricide; and angry person commits patricide."

Dosa is a powerful destructive vice. It is a great destroyer in the world. Dosa is a mental state which often instigates crime.

Hatred proliferates hatred. One's hatred engenders hatred in another. An angry face cannot soften another's heart. "Hatred never ceases through hatred," says the Buddha.

Through hatred, we cannot construct "peace". Through hatred, we cannot live happy lives. Through hatred, we cannot make friends. Through hatred, we cannot unite a society.

Dosa (hatred), is harmful to peace. It is harmful to society. It is harmful to spiritual progress. This harmful Dosa, hatred, must be expelled from us.

How do we expel that extremely harmful hatred from us?

The Buddha taught us: "Mettā must be developed in order to expel Dosa, hatred."

What is Mettā?

Mettā is a mental state that is non-hatred or loving-kindness. Mettā is defined as the spirit of a true friend. Mettā is the sincere wish for the welfare and happiness of all living beings without exception.

Mettā is compared to a mother's love towards her child. The Buddha says: "Just as a mother protects her only child even at the risk of her life, even so one should cultivate boundless loving-kindness towards all living beings." The mother loves her own child Mettā, however, loves all.

How do you make Mettā grow in your heart?

First of all, you must think thus: You love yourself. So should you love others. You desire happiness and health. So should you think of other people's happiness and health.

To make Mettā grow in your heart, you should always think of the other's lovable qualities. Don't try to find faults with others. Upon the other's lovable qualities make your Mettā grow. Through finding faults, you cannot grow Mettā in your heart. Tolerance and forgiveness fortify Mettā against hatred.

You must keep your Mettā alive in your heart. Try to feel love to all in mind at anytime, anywhere. Show always your Mettā towards others through your physical actions. Show your Mettā towards others through verbal actions. Render good for evil. Render help to those in need.

In the Buddhist way, if you develop your Mettā, you can attain the stage of Jhāna. If you attain Jhāna, the higher concentration, you will experience the eleven consequences of Mettā.

When your heart is full of Mettā:

1. You sleep happily.
2. You awake happily.
3. You never have a nightmare.
4. You are favoured by human beings.
5. You are favoured by non-human beings.
6. You will be guarded by deities.
7. You will not be affected by fire, poisons or weapons.
8. You can easily succeed in attaining concentration.
9. You can keep your face ever serene and lovely.
10. When you die, you die without confusion.
11. If you have not attained the highest knowledge yet, you will be reborn in the Brahma world.

If Mettā prevails in your heart, there is no place for hatred. The Mettā concentration paves the way to achieve insight knowledge. The insight knowledge leads to enlightenment. Through the enlightenment you can attain Nibbāna, the supreme happiness;

**May you all be happy!**
**May you all attain Nibbāna!**

**Ven. Nandamalabhivamsa**

# ROHITASSA SUTTA

## By Rector Sayadaw
## Dr . Ashin Nandamalabhivamsa

Rohitassa is the name of a Devaputta. He approached the Buddha and asked a question. This sutta arose regarding the question of Rohitassa. Therefore Ven. Ananda named this Sutta "Rohitassa Sutta".

In previous life Rohitassa has a very wonderful idea. He wished to know the place where there was no birth, no decay, and no death.

He was a practical man. He earnestly sought such a place.

This sutta is very important 'to find out' the peaceful Nibbana. So this sutta will be a guide to know where the Nibbana is.

Ven. Ananda retold this sutta at the meeting of the first council after the Buddha's parinibbana.

"Evaṁ me sutaṁ. Eka samayaṁ Bhagavā Sāvatthiyaṁ viharati Jetavane Aṇāthapi*n*ḍikassa ārāme."

"Thus I have heard. On one occasion the Master stayed at the Jetavana donated by Anathapindika near Savatthi."

At that time one Devaputta Rohitassa by name, approached the Buddha illuminating the entire Jetavana by his surpassing radiance at deep night. He respectfully saluted the Lord and stood at one side. And so standing he put a question to the Buddha.

"Is it, O Lord, possible to know, to see and to reach the end of Loka (world) by running where there is no birth, no decay, no death, no repeated death and no repeated birth?"

"Friend, I do not address the end of Loka, where there is no birth, no decay, no repeated death and no repeated birth, could be known, be seen and be reached by running."

"Very wonderful O Lord! You are quite right!" Rohitassa exclaimed.

Then Rohitassa talked about his previous life to the Buddha.

"O Lord, I was the son of a hunter, Rohitassa by name, in a previous life. I retired from the world as a hermit and practiced Samatha meditation. I achieved supernatural powers and could go in space.

When I ran in space I had a wonderful speed as that of an arrow thrown by an expert archer.

I stepped as wide as from eastern ocean to western ocean. An idea to reach the end of Loka by running occupied my mind."

"O Lord, at that time human life is a hundred year. I ran in search of the end of Loka the whole time except the time of taking meal, of purging the physical impurities and of resting and sleeping. But I passed away without reaching the end of Loka."

After that the Lord Buddha said:

"Friend, I do not address the end of Loka, where there is no brith, no decay, no death, no repeated death and no repeated birth, could be he seen, and be reached by running. I do not address the Dukkha will end without reaching the end of Loka."

Here we must notice the three Lokas: satta-loka, okasa-loka and sankhara-loka.

Sata-loka means the world of beings.

Okasa-loka means the world of location.

Sankhara-loka means the world of formations.

Rohitassa, the hermit, assumed the place of non-brith, non-decay and non-death would exist in the end of the world of location. So he ran to find that place out. He searched for Nibbana in Okasa-loka.

The place of non-brith is nibbana. The Nibbana exist not in the end of Okasa-loka.

In this Sutta both the Buddha and Rohitassa used the same term "Loka" without the word of epithet. However there is different meaning of the term 'Loka'. Rohitassa wanted to say Okasa-loka. The Buddha wanted to say Sankhara-loka.

The end of Okasa-loka cannot be the end of dukkha. Only the end of Sankhara can be the end of dukkha. The Buddha is very good at preaching Dhamma.

The Buddha says:

" Na ca ham āvuso appatvara Lokassa antaṁ dukkhassa antakiriyaṁ vadāmi."

" Friend, I do not say that there is ending of dukkha without reaching the world's end."

Rohitassa does not know how to go to the end of loka where there is no birth, no decay and no death.

The Buddha made Rohitassa to realize how to go to the end of loka where there is no birth, no decay and no death.

The Lord Buddha says:

"Friend, only in this fathom-long body with its perception and its consciousness I make knowing the loka, the cause of loka, the extinction of loka and the way leading to extinction of loka."

The Buddha preached 'the Four Noble Truths' in this sutta using the word "loka" instead of the word "Dukkha". Because this word 'loka' is more suitable for Rohitassa. He wished to know the end of loka.

In Dhamma-cakka-pavattana sutta and in many other suttas the Buddha explained the four noble truths using the word of 'Dukkha'.

There are:

Dukkha, Dukkha-samudaya, Dukkha-nirodha and Dukkha-nirodha-gamini patipada.

In this sutta the four noble truths are:

Loka, Loka-samudaya, loka-nirodha and Loka-nirodha-gamini patipada.

According to Dhamma the two words 'loka and dukkha' are the same things. Both show the five aggregates of grasping except Lobha. Samudaya is lobha. Nirodha is Nibbana. Nirodha-gamini patipada is the noble eightfold path.

Dukkha means unsatisfactoriness. Dukkha is a compound word of du and kha. Du means to be disgusted. Kha means emptiness. So the meaning of Dukkha is literally, to be disgusted and emptiness.

The five aggregates of grasping should be disgusted. Because they are so harmful. They are empty also. Because they have no stability, no purity, no bliss and no soul as unintelligent persons think.

Loka means the state of ruination. The five aggregates of grasping always rise and fall. So they are called "loka". Whatever may be dukkha or loka they are only the five aggregates of grasping.

How I will explain the four noble trurhs in detail.

1. What is dukkha?

Five aggregates of grasping are Dukkha. Beings are composed of five aggregates. There is no true being. There are only five aggregates. They depend on each other and get a sort of energy. Through this energy they can move and act as an automation.

Five aggregates are only phenomena, not being. There is no being at all.

Bhikkhuni Vajira says:

"Suddha-sankhara puñjoyaṁ , Nayidha sattupalabbhati." — "This so-called being is only a group of sankhara. There cannot be got the true being in this group of sankhara.

Vajira explained more clearly:

" Yathā hi anga-sambā rā, Hoti saddo ratho iti.

Evam khandhesu santesu, Hoti sattoti sammuti."

"As with the assembly of parts, the word 'chariot' is countenanced so, when the aggregates are present. A being is said in common usage."

Five aggregates are only five aggregates, not being. There is no being within and without them.Through mutualization a sort of energy arise, within five aggregates. The energy generates various movements and actions. Because of movements and actions they appear the formation of being.

Then Vippallasa arises. Vippallasa means hallucination or taking that which is true a being false. There are three kinds of Vippallasa, namely;

1. Saññā-vippallasa – hallucination of perception;
2. Citta-vippallasa – hallucination of thoughts;
3. Diṭṭhi-vippallasa – hallucination of views. Of those three each one is fourfold, thus,
    1. Anicca nicca – impermanence as permanence
    2. Asubha subha – impurity as purity
    3. Dukkha sukha – suffering as bliss
    4. Anatta atta – No soul as soul

All together vippallasa is twelve fold.

Because of Vippallasa there is no chance to have right understanding. It is necessary to comprehend five aggregates as they are. It is impossible without Right understanding. So we must try to have Right understanding. Through Right understanding we are able to know thus:

"Dukkhameva hi sambhoti, Dukkham titthati veti ca." – " It is dukkha alone that rises. Dukkha that remains, dukkha that falls."

The Lord Buddha says:

"Yo bhikkhave r*ū*passa uppādo ṭhiti abhinibbatti pātubhāvo. Dukkhasseso uppādo." –

"Yo vedanāya, saññāya, saṅkhārānaṁ viññāṇassa uppādo abhinibbatti pātubhāvo dukkhasseso uppādo."

"O monk, the arising of corporeality, sensation, perception, mental states and consciousness is the arising dukkha. Therefore we must comprehend that the five aggregates are a mass of Dukkha, not being.

**2. What is Dukkha-samudaya?**

According to Buddhism nothing can arise without its cause. There is also no rootcause which is causeless. There is no cause that is only cause and no effect that is only effect.

However, the Buddha mentioned tanha (thirst) as the cause of dukkha in his the four noble truths. Because that tanha plays a major part in generating Dukkha. The Buddha named that tanha the 'carpenter' of the house of khandha.

There are three groups of the continuous vatta (round), namely;

1. Kilesa-vatta; 2. Kamma-vatta and 3. Vipaka-vatta. Kilesa-vatta is the all continuous mental detailments. Kamma-vatta is the all continuous good and evil kamma. Vipaka-vatta is the all continuous fruit of good and evil kamma.

Dependent on kilesa Kamma arises. Dependent on kamma Vipaka arises. Dependent on vipaka Kilesa arises. They are interdependent phenomena. They are similar to three sticks which are raised up dependent each other. Of those three the kilesa plays a major part. Without kilesa any kamma cannot bring about vipaka.

Of those kilesas tanha plays a major part. Avijja only conceals the reality. Then tanha arises. Dependent on tanha kamupadana arises. Dependent on kamupadana kammabhava arises. Dependent on kammabhava Jati arises. So tanha plays a major part to generate this Dukkha. Owing to this reason the Buddha mentioned that tanha as the cause of Dukkha.

We can divide the four noble truths into these two: pavatti and nivatti. Pavatti means becoming samsara. Nivatti means leaving from samsara.

Dukkha and samudaya are the type of becoming (pavatti-sacca). These two are interdependent cause and effect. All beings are composed of these two.

**3. What is Dukkha-nirodha?**

Dukkha-nirodha is Nibbana. All dukkhas become extinct in Nibbana. Everything has negative meaning. Dukkha-nirodha is the negation of dukkha.

Sumedha, the Bodhisatta, thought of Binnana by this negative way.

"Yathāpi dukkhe vijjante, Sukham nāmapi vijjati.

Evam bhave vijjamāne, vibhavopi icchitabbako."

"If dukkha exists sukha also must exist. Like that is bhava exists vibhava also must be wanted."

Here Vibhava is the negation of bhava. Vibhava means non-becoming; that is Nibbana.

The Buddha mentioned Nibbana as 'Dukkhanirodha' in Dhammacakka-ppavattana sutta: as 'Loka nirodha' in this Rohitassa

sutta. Both Dukkha-nirodha and Lokaniroda are the same meaning as extinction of five aggretates.

According to 'Ariya-sacca' method Dukkha is the effect and Tanha is the cause.The Buddha named Nibbana "Dukkha-nirodha" as the extinction of effect. But when he explained Nibbana he metioned 'Tanhaya asesa-viraga-nirodha' as the extinction of cause". Because without extionction of cause effect cannot be extinguished. The extinction of cause comes first and the extinction of effect comes next.

On the other hand Tanha-nirodha is the cause-extinction. Dukkha-nirodha is the effect-extinction. The cause-extinction is sa-upadisesa-nibbanadhatu. The effect extinction is Anupadisesa-nibbanadhatu.

What is Nibbana?

Nibbana is near us or Nibbana is within us according to Rohitassa sutta. But Nibbana is only external; not internal. Because only five aggregates are mentioned as internal phenomena. Nibbana is not included in the five aggregates.

In Dyavatanupassana sutta the Buddha talks about Nibbana thus:

"Santike na vijānanti, Magā dhammassa akovidā. Those who are ignorant and not good at dhamma do not know Nibbana that is near them."

Nibbana is near us. Because the Nibbana is the only complete extinction of our kilesa and the only complete extinction of our five khandhas (Attano khandhanam va nirodhamattato santike Nibbanam).

We can say Nibbana is within us. The Buddha used the word 'Ajjhatta-santi' to describe Nibbana. Ajjhatta-santi means extinction of mental defilements within us. (Ajjhattam ragadinam santibhavena, Ajjhatta-santi samkhatam Nibbanam; Magandiya sutta, Suttanipata Atthakatha).

In brief the complete extinction is Nibbana. Of which complete extinction is Nibbana? The all mental defilements' complete extinction or five khandha's complete extinction is Nibbana.

According to extinction Nibbana is a single dhamma as well as all the same. But Nibbana has different types according to Magga-phala-nana.

Sotapanna's Nibbana is the extinction of Ditthi and Vicikiccha. Sakadagami's Nibbana is the same extinction.

Anagami's Nibbana is the extinction of Kamaraga and Byapada. Arahanta's Nibbana is the extinction of all kilesas.

Nibbana can be known directly through Magga-phala-nana alone. Common people are able to know Nibbana indirectly throuhg book knowledge or Anubodhanana. There are two Nanas to know Nibbana, namely Anubodha-nana and Pativedha-nana.

Anubodha-nana means the knowledge realized dhamma properly.

Pativedha-nana means the knowledge realized dhamma directly.

Some book knowledge is Anubodha-nana. It is able to generate Pativedha-nana. So Anubodha-nana is important to achieve pativedha-nana; that is Maggaphala-nana.

Through Anubodha-nana we, as puthujjanas, are able to know Nibbana. Nibbana has its characteristic. It is extinction of kilesa and khandha (santilakkhana).

Nibbana has its function. It is not to die. Nibbana has its manifestation. It is the singles of sankhara.

**4. What is Dukkha-nirodha-gamini patipada?**

It is the noble eightfold path, namely,

Right view, Right Thought, Right Speech, Right Action, Right Livelihood, Right Effort, Right mindfulness, and Right Concentration.

They are in brief the only three trainings; Sila, Samadhi and Panna.

They are the way leading to the extinction of Dukkha, that is Nibbana.

If you wish to attain the peaceful Nibbana you must cultivate Sila, Samadhi and Panna within you. If you practice Vipassana meditation you will have sila, Samadhi and panna at the same time.

Through vipassana you can achieve the four magga-phala nana step by step. Through Magga-phala nana you can completely wipe out all kilesas within you.

When you have eradicated all kilesas completely within you, your mind is free from kilesas. When your mind is free from kilesas your wholesome or unwholesome kammas have no chance to produce good or bad results in next brith. There is no cause to be reborn again. You will embrace the only results of previous kamma throughout your lifetime. After death your five khandhas will be no more.

You will be neither here nor threr nor between them. This is the end of your khandha or the end of Dukkha. This only your khandha-nirodha is your Nibbana; when you attain the peaceful Nibbana. The Lord Buddha says:

" Nibbanam paramam sukha – Nibbana is supremely blissful."

When someone attains Nibbana nothing will arise. There will be no khandhas. It will be so why the Buddha said that "Nibbanam paramam sukham".

We experience happiness. This happiness is Vedayitasukha. Nibbana sukha is different from Vedayita sukha. It is Avedayita Sukha or santisukha. Nibbana sukha is of a negative nature mentioned against becoming.

"Uppado dukkham, anuppado sukham – Becoming of khandha is dukkha. Non becoming of khandha is sukha."

For instance, there is heat and burning when fire exists. There is no heat and no burning when fire becomes extinct.

Herein arising of fire is similar to arising of khandhas. Heat and burning are similar to dukkha.

Extinction of fire is similar to extinction of khandhas. Non heat and non burning are similar to sukha.

Ven. Sariputta said to Udayi thus:

" Etadeva khvettahavuso sukham. Yadettha natthi vedayitam."

There is no sensation in Nibbana. This state of non sensation is sukha in Nibbana.

May you attain Nibbana which is near you. By saying my wish to you let me conclude my article.



# ကျောက်စာမော်ကွန်းများ



# ဦးမင်းကိုးဆယ်ဘုရား
# စေတိယဌာပနပကာသနီ ကျောက်စာ

## နမော စေတိယာရုဟသတ္တုနော

**သိဒ္ဓမိဒံ ကဒါ ကေန ၊ ကေနာကာရေန ဌာပိတံ။**
**ကေဟိ စ ထမ္ဘိတံ ကတ္ထ ၊ ဌိတံ ကိံနာမ သညိတံ။**

**သိဒ္ဓံ** = ကြံစည်လုပ်ဆောင် အထောင်မက ကိစ္စအထွေထွေ ပြီးစီးအောင်မြင်ပါစေသတည်း။ **ဣဒံ စေတိယံ** = ဥမင်ကိုးဆယ် တန်ခိုးကယ်သည့် ဖြိုးကြွယ်ခိုင်ပြီး ဤစေတီတော်မြတ်ကြီးကို၊ **ကဒါ** = ဘယ်ခါဘယ်ခေတ် အဘယ်နှစ်၌၊ **ကေန** = ဦးဆောင်ညွှန်းဆို အဘယ်ပုဂ္ဂိုလ်သည်၊ **ကေနာကာရေန** - ဘယ်ပုံဘယ်မှာ အဘယ်အခြင်းအရာဖြင့်၊ **ဌာပိတံ** = ခုလိုအများ ကုသိုလ်ပွားအောင် တည်ထားစေအပ်ပါသနည်း?။ **ကေဟိ စ** = ကုသိုလ်ရလို အဘယ်ပုဂ္ဂိုလ်တို့သည်လည်း၊ **ထမ္ဘိတံ** = ကာယ, ဉာဏ မနစုံလင် ပါဝင်အရပ်ရပ် ကူညီထောက်ပံ့အပ်ပါသနည်း ?။ **ကတ္ထ** = စစ်ကိုင်းတောင်ရိုး ကျော်ဟိုးမတ်မတ် အဘယ်တောင်ထွတ်၌၊ **ဌိတံ** = စေတီတော်မြတ် ကိန်းဝပ်ကြည်အိ တည်ရှိပါ

သနည်း။ **ကိ နာမ သညိတံ** = အနွတ္ထရည် ဘယ်အမည်ဖြင့် ဘွဲ့ချီတပ်ဆင် ခေါ်တွင်အပ်ပါသနည်း။ ဤမေးခွန်းခြောက်ဖြာ အဖြေရှာ၍ သမိုင်း ကျောက်စာ ထိုးပေအံ့။

(၁) ဤစေတီတော်မြတ်ကြီးကို အဘယ်အခါ၌ တည်ထားကိုးကွယ် အပ်သနည်း? သာသနာ ၂၄၇၅ ခု၊ မြန်မာ ၁၂၉၃ ခုနှစ်တွင် ဤစေတီတော်မြတ် ကြီးကို တည်ထားကိုးကွယ်အပ်သည်။ ၁၂၉၃ ခုနှစ်တွင် ရွှေထီးအထွတ်တင်၍ ပြီးသည်။ ၁၂၉၄ ခုနှစ်တွင် နှစ်ကျိပ်ရှစ်ဆူ အုဋ်ကျောင်းတော်ကြီး အထက်မှ အတွင်းစေတီရံ ၂၈ ဆူ ထပ်ဖြည့်တည်ထား၍ ပြီးသည်။ ၁၂၉၆ ခုနှစ် တွင် ဂန္ဓကုဋိတိုက်တော်အတွင်းရှိ ရုပ်ပွားတော်ကြီး မျက်နှာတော် ဖွင့်ပြီး သည်။ (၂) အဘယ်ပုဂ္ဂိုလ် တည်ထားစေအပ်သနည်း? စစ်ကိုင်းတောင်ရိုး ပတ္တမြားတောင်ပိုင်းကြီးတောရ ပဌမမဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး၏ ညာလက်ရုံးအလား တပည့်ကြီးတပါး ဖြစ်တော်မူသော စစ်ကိုင်းမြို့၊ စာရေး အရှေ့ရွာဇာတိ ပဌမဝိပဿနာဆရာတော် **အရှင်ကုန္တာသဘာမထေရ်မြတ်** သည် မြန်မာသက္ကရာဇ် ၁၂၇၉ ခုနှစ်တွင် မဟာဂန္ဓာရုံဝိပဿနာချောင်ကို တည်ထောင်တော်မူသည်။ ထိုမဟာထေရ်မြတ်သည်ပင် ဤစေတီတော်မြတ် ကြီးကို တည်ထားစေတော်မူအပ်သည်။

(၃) အဘယ်သို့သော အခြင်းအရာအားဖြင့် တည်ထားစေအပ် သနည်း? မြန်မာ ၁၂၈၈ ခုနှစ်ကို အစပြု၍ မဟာဂန္ဓာရုံဝိပဿနာချောင်၏ အရှေ့တောင်ယွန်း မြင့်လွန်းသော **မြတောင် ထွတ်ဝယ်** (အချို့ပြပုံတောင်ဟု ဆိုကြ၏) ချုံနွယ်ရစ်တက် ပြိုပျက်လျက် ရှိသော ရှေးဟောင်းစေတီရာကို ရှင်းလင်းသုတ်သင် စည်မျတ်နှာပြင်ပမာ ညီညာအောင် ပြုပြင်စေ၍ ၁၂၉၁ ခုနှစ်တွင် ရွှေပန္နတ်ချန်း အုံ့လောက်သည့်ပုံစံဖြင့် ဝေဖန်ပိုင်းခြား စေတီတော်မြတ်ကြီးကို စတင်တည်ထားစေအပ်သည်။ အကျယ်ပေ ၉၀ ပတ်လည်၊ အမြင့် ၁၆ ပေ ရှစ်လက်မရှိ လေးထောင့် အုဋ်ကျောင်းတော်ကြီးကို စေတီတော်မြတ်ကြီး၏ ပဌမဘုံအဖြစ် ရှေးဦးစွာ တည်ထားသည်။ ၎င်းအုဋ်ကျောင်းတော်ကြီး အောက်ထပ် လေးမျက်နှာ၌ တံခါးပေါက်ပေါင်း

၂၈ ပေါက်တပ်ဆင်၍ အတွင်း၌ ၂ ပေ ၉ လက်မရှိ ပလ္လင်တော်များဝယ် ဉာဏ်တော် ၅ ပေ ၄ လက်မရှိ နှစ်ကျိပ်ရှစ်ဆူ ရုပ်ပွားတော်များ တည်ထား ကိုးကွယ်သည်။ ပန်းရံဆရာများ၏ ဟန်ပါသော နိပါတ်ရုပ်ကြွများ, ထူးဆန်း အံ့ဖွယ် ပန်းနွယ်ပန်းညွန့် လူးလွန့်ယှက်တွဲ ပလ္လင်တံကဲများမှာမူ ရှုမရဲအောင် လှပပြိုပြင်ကြသည်။ အုတ်ကျောင်းတော်ကြီး အထောင့်လေးထောင့်၌ ၃၅ ပေ ၅ လက်မ အမြင့်ရှိ နန်းမြင့်စေတီလေးဆူကိုတည်ထား၍ ၎င်းမှ လှေကားဖြင့် အုဋ်ကျောင်းတော်ကြီး အပေါ်ထပ်သို့ မည်သူမဆို တက်ရောက် ကြည်ညိုနိုင်သည်။ အုဋ်ကျောင်းတော်ကြီး အပေါ်ထပ်ဝယ် လေးဖက် လေးတန်မှ ၅ ပေ ၅ လက်မ အမြင့်ရှိ အပြင်စေတီရံအဆူ ၄ ဝ၊ ၁၁ ပေ ၆ လက်မ အမြင့်ရှိ အတွင်းစေတီရံ ၂၈ ဆူ တည်ထားသဖြင့် အုဋ်ကျောင်းတော် ကြီးမှာ ဖူးမြင်၍ မဝအောင် အထူးပင် လှပတင့်တယ်ပါပေသည်။ ၎င်းအလယ် ဗဟိုတွင် အကျယ် ၂၉ ပေ ပတ်လည်ရှိ ဂန္ဓကုဋီတိုက်တော်ကို စေတီတော် မြတ်ကြီး၏ ဒုတိယဘုံအဖြစ်တည်ထား၍ မုခ်ဦးပြာသာဒ်လေးဆောင် ရံထား သည်။ ဂန္ဓကုဋီတိုက်အတွင်း၌ ကျွန်းတိုင်ကြီး လေးလုံးကို ပြဒါးမှန်တို့ဖြင့် အုပ်ဖုံး၍ မျက်နှာကြက်ကို ပန်းနွယ်ပန်းခက် တွယ်ယှက်လူးလွန့် ဖူးညွန့် လန်းဆန်း ကနုတ်ပန်းတို့ဖြင့် အဆန်းတကြယ် ပန်းကွက်လည်အောင် ဖော်ဆောင်ထားသဖြင့် ရွှေရောင်မှန်ရောင် ဝင်းဝင်းပြောင်လျက် ရှိ၏။ ၎င်းအတွင်း ၁၃ ပေ ၄ လက်မအမြင့်ရှိပလ္လင်တော်တွင် သီတင်းသုံးလျက်ရှိသော ဉာဏ်တော်ကိုးပေရှိ ရုပ်ပွားတော်ကြီးမှာ ရောက်လာသူတိုင်း အမောပြေ၍ ဦးတချချဖြင့် ဖူးမဝနိုင်အောင် သပ္ပါယ်လှပါပေသည်။ ၎င်းပလ္လင်တံကဲမှာ (အလယ်ဗဟိုမှ) ၁၂ ပေ ၄ လက်မ အမြင့်ရှိ၍ ပန်းနွယ်ပန်းခက် တွယ်ယှက် လျက်ရှိသော ဥမင်လှိုဏ်မုခ် (၆ဝ) ထည့်သွင်းပြုလုပ်ထားသဖြင့် တမူ ဆန်းလျက် ရှိသည်။ ဂန္ဓကုဋီတိုက်တော်၏ အပေါ်၌ ထောင့်ထောင့်မှာ ၁၁ ပေ ၁၀ လက်မ အမြင့်ရှိ စေတီရံ လေးဆူတည်ထား၍ အလယ်ဗဟိုတွင် (ဘိနပ် တော်မှ စိန်ဖူးအထိ) ၄၈ ပေ ၁၀ လက်မအမြင့်ရှိ စေတီတော်မြတ်ကြီးကို ရှစ်မျက်နှာ ပုံဖော်ကာ အတွင်း၌ သံ, အပြင်၌ သစ်သားများဖြင့် တည်ဆောက်

ထားသည်။ ဤသို့လျှင် တောင်ထွတ်ပေါင်း များစွာရှိသော စစ်ကိုင်း တောင်ရိုးတွင် မြင့်မားလှသော 'မြတောင်ထွတ်'ဝယ် (ရင်ပြင်တော်မှ စိန်ဖူး အထိ) ၈၃ ပေ အမြင့်ရှိသော ဤစေတီတော်မြတ်ကြီးသည် ရွှေရောင် ဝင်းဝင်း တိမ်တောင်နင်းသို့ လွန်မင်းစွာ သပ္ပါယ်ကြည်ညိုဖွယ် ရှိလှပါပေသည်။

**(၄)** အဘယ်ပုဂ္ဂိုလ်များ ကူညီထောက်ပံ့အပ်သနည်း? ဤစေတီတော် မြတ်ကြီး တည်ဆောက်ရာ၌ အောက်ပါစေတနာရှင်များ, အတတ်ပညာရှင် များက ကာယ, ဉာဏ မနအင်အားဖြင့် ထူးခြားစွာ ပါဝင်ကူညီခဲ့ကြသည်။ **(က)** စစ်ကိုင်းတောင်၊ ဝိပဿနာချောင်မှ ရဟန်း ကိုရင် သီလရှင် ယောဂီ သီတင်းသည် ဒကာ ဒကာမများသည် စေတီတော်မြတ် ကိန်းဝပ်မည့်နေရာ သန့်ရှင်းညီညာအောင် လုပ်ဆောင်အား လှူကြသည်။ အုဋ္ဌ်ကျောက်သံထုံး အင်အားသုံးကာ တောင်ထိပ်ရောက်အောင် ပို့ဆောင်သယ်တင်ကြသည်။ **(ခ)** စစ်ကိုင်းမြို့၊ စာရေးအနောက်ရွာ အဘယာရုံကျောင်းသစ် ဒါယကာ ဦးဘိုးဆင် ဒေါ်ဆယ် သားသမီး မြေးတစု၊ ဝါးခယ်မမြို့ လမ်းသမိုင်ရွာ ဝိပဿနာချောင် ဓမ္မာရုံကြီး ဒါယကာ ဦးခင် + ဒေါ်ငြိမ်း သားသမီးမြေးတစု ရန်ကုန်မြို့၊ ၄၅ လမ်း ချပ်သင်းသူဌေး ဦးဘတင် + ဒေါ်သိန်းတင် သားသမီးမြေး တစုတို့က မနအင်အား များပြားစွာ ပါဝင်လှူဒါန်းကြသည်။ **(ဂ)** ထိုထို မြို့ရွာဒေသတို့မှ ပြည်သူအများတို့ကလည်း တတ်အားသမျှ ပါဝင်လှူဒါန်း ကြသည်။ **(ဃ)** ၁၃၁၆ ခုနှစ်မှ စ၍ ဝိပဿနာချောင်ကြီးကို ဦးစီးအုပ်ချုပ် လျက်ရှိသော သက်တော် ၆၁ နှစ်ရှိ နိုင်ငံကျော် ဓမ္မကထိက ဝိပဿနာ ဆရာတော် **အရှင်ဝိမလာစာရထေရ်**သည် (စေတီတော်တည်စ ၁၉ နှစ်ရွယ် ငယ်စဉ်က) ပထမဝိပဿနာဆရာတော်ဘုရားကြီး၏ အမိန့်အရ စေတီ တော်ကြီးပုံစံ ပန်းချီကားချပ် ရေးဆွဲကူညီတော်မူသည်။ **(င)** စစ်ကိုင်းမြို့ ထန်းတောရွာ ဆရာပိန်ဦးဆောင်၍ ဝတ်ချက်ရွာ ဆရာထိုက်, ဆရာမြတို့ ပါဝင်သော ပန်းရန်ပညာရှင်အဖွဲ့က အုတ်ကျောင်းတော်ကြီး ဂန္ဓကုဋိတိုက်နှင့် စေတီရံများကို တည်ဆောက်ကြသည်။ **(စ)** စစ်ကိုင်းမြို့၊ ဝတ်ချက်ရွာ ဆရာပြည့် ဦးဆောင်သော လက်သမားပညာရှင်အဖွဲ့က အတွင်း၌ သံ, အပြင်၌

သစ်သားတို့ဖြင့် ရှစ်မျက်နှာပုံစေတီတော်ကြီးကို တည်ဆောက်ကြသည်။ **(ဆ)** မန္တလေးမြို့ ကျောက်ဆစ်တန်း ဆရာကြိုင်နှင့်အဖွဲ့က ဂန္ဓကုဋီတိုက်တော်၌ သီတင်းသုံးလျက်ရှိသော ရုပ်ပွားတော်ကြီး၏ သလင်းကျောက်ခေါင်းတော်ကို ပုံဖော်၍ မျက်နှာတော် ဖွင့်သည်။ ပန်းရံဆရာ ဆရာပိန်က အင်္ဂတေကိုယ်ထည် ပုံတော်ဖမ်းသည်။ အုတ်ကျောင်းတော်ကြီးအတွင်းရှိ နှစ်ကျိပ်ရှစ်ဆူရုပ်ပွားတော်များကို ဆရာပိန်နှင့် မြင်းမူမြို့ ဝမ်းပြည့်ရွာ ပန်းရံဆရာများ ပုံတော်ဖမ်းကြသည်။ **(ဇ)** မန္တလေးမြို့၊ မှန်စီရွှေချ ဆရာဦးသာထူးနှင့် အဖွဲ့သားများ၊ မုံရွာမြို့၊ ဆားလင်းကြီး မြောက်ရွာ မှန်စီရွှေချ ဆရာဦးထွန်းလှနှင့် အဖွဲ့သားများက ဂန္ဓကုဋီတိုက်တော်အတွင်းရှိ ပလ္လင်တံကဲ ကျွန်းတိုင်လေးလုံးနှင့် မျက်နှာကြက်တို့ကို မှန်စီရွှေချ မွန်းမံကြသည်။

**(၅)** အဘယ်တောင်ထွတ်၌ တည်ရှိသနည်း?တောင်ထွတ်ပေါင်းများစွာ စေတီပေါင်းများစွာ ချောင်ပေါင်းများစွာရှိသော စစ်ကိုင်းတောင်ရိုးသည် ဧရာဝတီမြစ်၏အနောက်ဖက်၊ စစ်ကိုင်းမြို့၏ မြောက်ဖက်၊ မင်းဝံတောင်ရိုး၏ အရှေ့ဖက်၊ မင်းကွန်းတောင်ရိုး၏ တောင်ဖက်၌ တည်ရှိသည်။ ဤစေတီတော်မြတ်သည် စစ်ကိုင်းတောင်ရိုး **'မြတောင်ထွတ်'**၌ ကိန်းဝပ်တည်ရှိတော်မူသည်။ အရှေ့လားသော် မဟာသမယစေတီ၊ ဆင်ဘိုးစေတီ၊ ဇေတဝန်စေတီ။ တောင်လားသော် ရှင်ပင်နံ့ကိုင်းစေတီ၊ ရှစ်ထောင့်စေတီ၊ လွမ်းစေတီ၊ လေးကျွန်းထိပ်တင်စေတီ။ အနောက်လားသော် ပုညရှင်စေတီ၊ ဆီမီးမသေဆီမီးမငြိမ်းစေတီ၊ ရွှေရင်မြော်စေတီ၊ ဥမင်သုံးဆယ်စေတီ။ မြောက်လားသော် ပတ္တမြားစေတီ၊ ရှင်ဖြူ ရှင်လှစေတီ၊ သာယာဝတီစေတီ။ ဤသို့ လေးဖက်လေးတန် စေတီတော်များ ပတ်ရံလျက် တိမ်ယံစွင့်စွင့် မြင့်ထက်မြင့်ကာ ကိန်းဝပ်တည်ရှိပါသတည်း။ **(၆)** ဤစေတီတော်မြတ်၏ ဘွဲ့အမည်ကား အဘယ်ပါနည်း? ဂန္ဓကုဋီတိုက်တော်အတွင်းရှိ ပလ္လင်တံကဲတွင် ဥမင်လိုဏ်မုခ်ပေါင်း (၆၀) အဆန်းတကြယ် ထည့်သွင်းပြုလုပ်ထားသည်ကို အစွဲပြု၍ ဥမင်ခြောက်ဆယ်ဘုရားဟု ထင်ရှားသည်။ တဖန် သုတိမင်္ဂလာရှိစေခြင်းငှာ **'ဥမင်ကိုးဆယ်ဘုရား'**ဟု ပြောင်းလွဲခေါ်ဝေါ်ကြသဖြင့် **'ဥမင်ကိုးဆယ်ဘုရား'** ဟု ဝေးနီး

ကျော်ကြားထင်ရှား ပြန်လေသည်။

## စေတီအတိုင်းအတာ ပမာဏများ

### (အမြင့်ပမာဏ)

| | | | |
|---|---|---|---|
| ၁။ | အုတ်ကျောင်းတော်ကြီး | ၁၆ ပေ | ၈ လက်မ |
| ၂။ | ဂန္ဓကုဋီတိုက်တော် | ၁၇ ပေ | ၆ လက်မ |
| ၃။ | ပဌမပစ္စယံ | ၅ ပေ | |
| ၄။ | ဒုတိယပစ္စယံ | ၃ ပေ | ၈ လက်မ |
| ၅။ | တတိယပစ္စယံ | ၂ ပေ | ၁၀ လက်မ |
| ၆။ | ခေါင်းလောင်း | ၈ ပေ | ၁၀ လက်မ |
| ၇။ | ဖောင်းရစ် | ၄ ပေ | ၉ လက်မ |
| ၈။ | ကြာမှောက်ကြာလှန် | ၅ ပေ | ၆ လက်မ |
| ၉။ | ငှက်ပျောဖူး | ၅ ပေ | ၇ လက်မ |
| ၁၀။ | ထီးတော်(ပဌမဘုံမှ စိန်ဖူးအထိ) | ၁၂ ပေ | ၈ လက်မ |

**စုစုပေါင်း စေတီတော်အမြင့် ၈၃ ပေ ဖြစ်သည်။**

### (လုံးပတ်ပမာဏ)

| | | | |
|---|---|---|---|
| ၁။ | အုတ်ကျောင်းတော်ကြီး | | |
| | အကျယ်စတုရန်း | ပေ ၃၆၀ | |
| ၂။ | ဂန္ဓကုဋီတိုက်တော် | | |
| | အကျယ်စတုရန်း | ပေ ၁၁၆ | |
| ၃။ | ပဌမပစ္စယံ | ၈၉ ပေ | ၃ လက်မ |
| ၄။ | ဒုတိယပစ္စယံ | ၆၂ ပေ | ၃ လက်မ |
| ၅။ | တတိယပစ္စယံ | ၄၃ ပေ | ၅ လက်မ |
| ၆။ | ခေါင်းလောင်း(အလယ်ရစ်) | ၃၂ ပေ | ၄ လက်မ |

| | | |
|---|---|---|
| ၇။ ဖောင်းရစ်(အောက်ဆုံးအရစ်) | ၂၂ ပေ | ၄ လက်မ |
| (အပေါ်ဆုံးအရစ်) | ၁၃ ပေ | ၄ လက်မ |
| ၈။ ကြာမှောက်ကြာလှန် (အောက်စွန်း) | ၁၁ ပေ | |
| (အထက်စွန်း) | ၁၀ ပေ | |
| ၉။ ငှက်ပျောဖူး | ၈ ပေ | |
| ၁၀။ ထီးတော်(ပဉ္စမတုံ) | ၉ ပေ | ၈ လက်မ |

⌘ ⌘ ⌘

၁၂၉၃ ခုနှစ်တွင် ပဉ္စမထီးတော်ကို ပြည်သူအများက လှူဒါန်းကြ၍၊ ၁၃၂၃ ခုနှစ်တွင် ယခုလက်ရှိ ဒုတိယထီးတော်ကို မြင်းခြံမြို့ မြို့လယ်လမ်း ဒေါ်စံမြကလှူဒါန်းသည်။

## စေတီတော်မြတ်ကြီးကို ပြုပြင်စောင့်ရှောက်ကြသော ပုဂ္ဂိုလ်များ

၁၂၉၃ ခုနှစ်မှ ၁၃၀၄ ခုနှစ်အထိ စေတီယဌာပကဖြစ်တော်မူသော ဝိပဿနာဆရာတော် **အရှင်ကုဏ္ဍာသာဘမဟာထေရ်မြတ်** ကြီးမှူးအုပ်ချုပ်တော်မူ၍ အရှင်သုန္ဒရ (ယခုသက်တော် ၈၇ နှစ်ရှိ စာရေးအနောက်ရွာ အဘယာရာမ ဆရာတော်ဘုရား) အရှင်ဝါစက၊ အရှင်ဓမ္မောဘာသ၊ အရှင်အရိန္ဒမ၊ အရှင်ဇနိန္ဒ၊ အရှင်ဝိမလာစာရတို့သည် စေတီတော်မြတ်ကြီးကို ပြုပြင်စောင့်ရှောက်တော်မူခဲ့ကြသည်။ ၁၃၀၄ ခုနှစ်မှ ၁၃၁၅ ခုနှစ်အထိ ရွှေကျင်သာသနာပိုင် စံကင်းဆရာတော် **အရှင်စန္ဒာဘိဝံသမဟာထေရ်မြတ်** ကြီးမှူးအုပ်ချုပ်တော်မူ၍ အရှင်ဓမ္မောဘာသ၊ အရှင်ဝိမလာစာရ၊ အရှင်ဉာဏုတ္တရတို့ ပြုပြင်စောင့်ရှောက်တော်မူခဲ့ကြသည်။ ၁၃၁၅ ခုနှစ်မှစ၍ နိုင်ငံကျော် မဇ္ဈိကထိက ဝိပဿနာဆရာတော် **အရှင်ဝိမလာစာရ** မဟာထေရ်မြတ် ကြီးမှူးအုပ်ချုပ်တော်မူ၍ အရှင်ဉာဏုတ္တရ၊ မဟာသုဒဿနဆရာတော် အရှင်နရိန္ဒ၊ မန္တလေး

ဦးသန့် (ပန်းချီပန်းပုကောင်စီဥက္ကဋ္ဌ)၊ အရှင်ကုန္ဒကာဘိဝံသ၊ အရှင်ဉာဏဝရတို့ ပြုပြင်စောင့်ရှောက်လျက်ရှိကြသည်။

## ပြုပြင်မွမ်းမံမှုနှင့် တိုးချဲ့တည်ဆောက်မှုများ

၁၃၀၈ ခုနှစ်တွင် လျှင်ဒဏ်ကြောင့် အနည်းငယ်ပျက်စီးသွားသဖြင့် ဂန္ဓကုဋိတိုက်တော်အတွင်းရှိ ပလ္လင်တံကဲကြီးကို ပြင်ဆင်ရသည်။ ၁၃၁၂ ခုနှစ်တွင် လျှပ်စစ်မီးစက်ကြီး တည်ထောင်၍ စေတီတော်မြတ်ကြီးကို လျှပ်စစ်မီးဖြင့် ပူဇော်သည်။ ၁၃၁၆ ခုနှစ်တွင် သစ်သားဖြင့် တည်ထားအပ်သော မူလစေတီတော်မြတ်ကြီးကို အတွင်း၌ သံဘောင်များခံ၍ သစ်သားဖြင့် ပုံဖော်ပြီးလျှင် အပြင်၌ ကြေးပြားများ အုပ်ဖုံးကာ ရွှေချမွမ်းမံ အသစ်တဖန်ပြန်လည် ပြုပြင်တည်ဆောက်ခဲ့သည်။ ၁၃၁၇ ခုနှစ်တွင် အုတ်ကျောင်းတော်ကြီး အောက်ထပ်အတွင်းပတ်လည် ၄ မျက်နှာ လှည့်လည်ဖူးမြော်နိုင်ရန် ပတ်လမ်းနှင့် မြောက်ဖက်မှ ဂန္ဓကုဋိတိုက်တော်သို့ တက်ရောက်ရန် အတွင်းဥမင်လမ်းတို့ကို တိုးချဲ့ဖောက်လုပ်သည်။ ၁၃၁၈ ခုနှစ်တွင် လျှင်ဒဏ်ကြောင့် ဂန္ဓကုဋိတိုက်တော်ကြီး ပြိုအက်ပျက်စီးသွားသည်များကို ပြန်လည်ပြုပြင်ခဲ့ရသည်။ အထက်ပါ အားလုံး ပြည်သူပြည်သားအများ၏ ကောင်းမှုဖြစ်သည်။ ၁၃၂၀ ပြည့်နှစ်တွင် (ယခင် ဝါးခယ်မမြို့၊ လမ်းသမိုင်ရွာ ဦးခင် + ဒေါ်ငြိမ်း သားသမီးမြေးတစုတို့၏ ကောင်းမှုဖြစ်သော အနောက်ဖက်အာရုံခံကြီးကို မန္တလေးမြို့ ဈေးချိုတော် အက်ဖ်ရုံ အမှတ် ၁၇, ၁၈ ရွှေမြင်းပိုးထည်ပိုင်ရှင် အမဒေါ်တင်တင်၊ မောင် - ဦးလှမောင်+ဒေါ်ရင် သားသမီးတစုတို့က အသစ်ထပ်မံတည်ဆောက်သည်။ ၁၃၂၃ ခုနှစ်တွင် မော်ဘီမြို့ ဦးဘကျော် + ဒေါ်သိန်းမေ သားသမီးတစု ကောင်းမှုဖြစ်သော လျှင်ဒဏ်ကြောင့် ပျက်စီးသွားသော အာရုံခံ တန်ဆောင်းနေရာတွင် ဥမင်ကိုးဆယ်ဘုရားပြတိုက်ကြီးကိုရင်း၊ ၁၃၂၆ ခုနှစ်တွင် တောင်ဖက်အာရုံခံကြီးကိုရင်း တိုးချဲ့တည်ဆောက်သည်။ မန္တလေးမြို့ ၂၇ လမ်း ဘာဘူတန်း ဦးစကြီး + ဒေါ်ဒေါ်တင် သားသမီးတစု ကောင်းမှု၊ ၁၃၂၈ ခုနှစ်တွင် မြောက်ဖက်အာရုံခံကြီးကို တိုးချဲ့တည်ဆောက်

သည်၊ ပြည်သူပြည်သားအများ ကောင်းမှု။ ရင်းပြင် စေတီတော်မြတ်ကြီးကို ဖူးမြော်ကန်တော့ရန် လာရောက်ကြသည့် ဘုရားဖူးအများ ပြည်သူပြည်သားတို့ မပင်မပန်းချမ်းသာကြစေရန် တောင်ဖက်နှင့် အနောက်ဖက်တို့မှရင်း၊ ဝိပဿနာ ချောင်ဖက်မှရင်း စောင်းတန်းကြီးသုံးသွယ်တိုးချဲ့ ဆောက်လုပ်သည်။ ပြည်သူ ပြည်သားအများကောင်းမှု။ ၁၂၉၂ ခုနှစ်တွင် ဥမင်ကိုးဆယ်ရေကန် ကြီး ပြီးစီးသည်။ ဝါခယ်မမြို့၊ လမ်းသမိုင်ရွာ ဦးခင် + ဒေါ်ငြိမ်း သားသမီး မြေးတစုတို့ကောင်းမှု၊ ၁၂၉၈ ခုနှစ်တွင် ဥမင်ကိုးဆယ်ခေါင်းလောင်းကြီး သွန်းလုပ်သည်။ ၁၂၉၈ ခုနှစ်တွင် မန္တလေးမြို့ အိမ်တော်ရာအရှေ့ပေါက် ထီးကုန်သည်ကြီး ဦးတစ်+ဒေါ်မှုံ သမီး - မဖွားမြ သား- မောင်ဘဖေ တို့က ခေါင်းလောင်းကြီး လှူဒါန်းကြသည်။ ၁၃၃၅ ခု၊ သီတင်းကျွတ်လပြည့်နေ့ တွင် ဤစေတိယဌာပနပကာသနီ ကျောက်စာကို ရေးထိုးသည်။

**နန္ဒမာလာဘိဝံသေန ၊ သုဗောဓာရာမဝါသိနာ။**
**ဝိပဿနာဝံသိကေန ၊ ရစိတာ အယ လေခနာ။**



# ဒက္ခိဏာဝိသောဓနီ
# သိမ်မော်ကွန်း

**ရောဝတီပဒေသမှိ၊**
**ကျောင်းကုန်းဣတိ သုသညိတေ။**
**နဂရေ ဒက္ခိဏာရာမေ၊**
**သီမာ’ယ သုဋ္ဌု သမ္မတာ။**

**ဝိသုဒ္ဓါရာမိကပ္ပမုခ-**
**သံဃေန ဝိနယဓာရိနာ။**
**ဓမ္မရူပေ မြမ္မဝသော၊**
**ဖဂ္ဂုဏေ ဣတိ လက္ခိတာ’တိ။**

မြန်မာသက္ကရာဇ် ၁၂၅၈ ခုနှစ်၊ တပေါင်းလ အခါသမယဝယ် မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး အမှူးရှိသော ဝိနယဓရသံဃာတော်များသည် ရောဝတီတိုင်း၊ ကျောင်းကုန်းမြို့ ဒက္ခိဏာရုံကျောင်းတိုက်၌ ဤ**ဒက္ခိဏာဝိသောဓနီသိမ်**ကို အောင်မြင်စွာ သမုတ်တည်ထောင်အပ်သတည်း ။ ။

# မဟာသုဗောဓာရုံကျောင်းတိုက်
# အာရာမသမုဋ္ဌာပိတဝိညာပနီ

မဟာသုဗောဓာရာမောယံ သမုဋ္ဌာပိတော ၂၅၀၂ သာသနဝဿေ၊ ၁၃၂၀ မရမ္မဝဿေ ဇေဋ္ဌပုဏ္ဏမာယံ၊ ၁၉၅၈ ခရိဋ္ဌဝဿေ ဇူနမာသေ ပဌမဒိဝသေ ဆဟိ ဘာတရေဟိ သဟဇေဟိ ဓမ္မာစရိယောပါဓီဟိ အာယသ္မတာ စ နာရဒေန အာယသ္မတာ စ ဝိမလာဘိဝံသေန အာယသ္မတာ စ ဉာဏဗလေန အာယသ္မတာ စ ဥတ္တရေန အာယသ္မတာ စ ဂန္ဓသာရေန အာယသ္မတာ စ နန္ဒမာလာဘိဝံသေနာ’တိ။

**စိရံ တိဋ္ဌတု အယံ အာရာမော။**

ဤမဟာသုဗောဓာရုံကျောင်းတိုက်ကို သာသနာတော် ၂၅၀၂ ခုနှစ်၊ မြန်မာ ၁၃၂၀ ပြည့်နှစ် နယုန်လပြည့်နေ့၊ ခရစ် ၁၉၅၈ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် အရှင်နာရဒ၊ အရှင်ဝိမလာဘိဝံသ၊ အရှင်ဉာဏဗလ၊ အရှင်ဥတ္တရ၊ အရှင်ဂန္ဓသာရ၊ အရှင်နန္ဒမာလာဘိဝံသ ဓမ္မာစရိယဘွဲ့ရ အရင်းအချာ ညီတော်နောင်တော် ၆ ပါး တို့ စတင်တည်ထောင် အပ်သည်။

ဤကျောင်းတိုက်ကြီး အဓွန့်ရှည်စွာ တည်ပါစေ။

THIS MONASTERY, THE MAHASUBODHA-RAMA WAS FOUNDEDBY SIX DHAMMACARIYA TITLE HOLDING BROTHERS, REVEREND NARADA THERA, REV VIMALABHIVAMSA, REV NANABALA, REV UTTARA, REV GANDHASARA AND REV NAN-DAMALABHIVAMSA ON THE 15 WAXING DAY OF THE M0NTH 0F NAYONE, 1320 B,E (SASANA 2502), JUNE, 1958'

LONG LIFE THIS MONASTERY!

၁၃၄၃ ခု၊ နယုန်လဆန်း ၁၅ ရက်နေ့တွင် ဤကျောက်စာကို ရေးထိုးသည်။



# ငွေရတု ကျောက်စာ (ပါဠိ)

## ဇေယျပုရနဂရေ မဟာသုဗောဓာရာမသမုဋ္ဌာပိတကထာ

နမတ္ထု သုဗောဓကေဿ။ ။မဟာသုဗောဓာရာမောယံ ကဒါ ကေဟိ သမုဋ္ဌာပိတော, ကေဟိ စ ဥပတ္ထမ္ဘိတော, ကသ္မာ စိဒံ နာမံ ကတန္တိ။ ဝုစ္စတေ၊ အယံ ဟိ ဗုဒ္ဓဿ ဘဂဝတော မဟာပရိနိဗ္ဗာနတော ပဉ္စသတာဓိကာနံ ဒွိန္နံ သဟဿာနမုပရိ ဒုတိယေ ဝဿေ မရမ္မဝဿေ စ အရိဂေါပ (၁၃၂၀) သင်္ကေတိတေ ဇေဋ္ဌပုဏ္ဏမာယံ သနိဝါရေ မာတာပိတုပမုခေဟိ ဆဟိ ဘာတရေဟိ သောဒရေဟိ ဘိက္ခူဟိ ဧကာယ သီလဝတိဘဂိနိယာ သဟာဘူတေဟိ သမုဋ္ဌာပိတော၊ သာသနမာမကေဟိ စ သဒ္ဓေဟိ ပသန္နေဟိ ကုလေဟိ ဥပတ္ထမ္ဘိတောတိ အယမေတ္ထ သင်္ခေပေါ။

ဝိတ္ထာရတော ပန ဧဝံ ဝေဒိတဗ္ဗော၊ မန္တလေးဇနပဒေ စဉ့်ကူးနဂရေ ဧရာဝတီနဒိယာ မဇ္ဈေ ဧကသ္မိံ မဟာဒီပေ **‘ညောင်ပင်ရွာ’** ဣတိ ဝေါဟရိတော ဧကော ဂါမော အတ္ထိ၊ သော ဟိ ဗုဒ္ဓဘတ္တိကာနံ နိဝါသဘူတော ချမ်းသာရ, ဆုတောင်းပြည့် ဣတိ ဝိဿုတေဟိ ဒွီဟိ စေတိယေဟိ သံဃာရာမေဟိ စ ဥပသောဘိတော၊ ပါစိနဒိသာဘာဂေ စဿ ဧရာဝတီနဒီ အပါစိနိန္နာ သန္ဒတိ၊ ရတ္တန်းစင်ပဗ္ဗတော စ မဏိရတနာကရော စေတိယေဟိ ဝိဘူသိတော တံ

ဂါမံ အလင်္ကရောန္တော ဝိယ တိဋ္ဌတိ၊ သမန္တာ စဿ ခေတ္တဝတ္ထူနိ အတိဝ ရမဏီယဘာဝံ ဝိဘာဝေန္တိ။

တသ္မိံ ဂါမေ **ဦးစံလှ + ဒေါ်ခင်** ဣတိနာမကာ ဒွေ ဇာယမ္ပတိကာ ဝသိံသု ရတနတ္တယမာမကာ သံဃုပဋ္ဌာကာ၊ တေ ဝါဏိဇ္ဇကသိကမ္မေဟိ ဇီဝိကံ ကပ္ပေန္တာ နဝဟိ စေဝ ပုတ္တေဟိ တီဟိ စ ဓီတူဟိ ဝုဍ္ဎိံသု၊ တေသု ဇေဋ္ဌာ ပုတ္တာ ဒွေ စ ဓီတရော ဒါရကာလေယေဝ မရိံသု၊ ဒွေ ဇေဋ္ဌကပုတ္တာ ဦးဘဟန် ဦးညာဏ်ရွှေဣတိနာမကာ အဂါရံ အဇ္ဈာဝသန္တိ၊ အညေ ပန ဆ ကနိဋ္ဌပုတ္တာ ကုမာရကာလေယေဝ အနဂါရိယံ ပဗ္ဗဇိတွာ တသ္မိံ ဂါမေ ပေါ်တော်မူဝိဟာရေ စ ရတနာပုဏ္ဏနဂရေ အဘိနဝမဟာဝိသုဒ္ဓါရာမေ စ ဓေယျာပုရနဂရေ ဓေယျာပဗ္ဗတေ ဝိပဿနာကန္ဒရေ စ ဝသိတွာ သတ္ထန္တရာနိ ဇိနဝစနောပကာရာနိ တီဏိ စ ပိဋကာနိ သာဋ္ဌကထာဋီကာနိ ပရိယာပုဏိံသု အာစရိယဝရေ ပယိရုပါသိတွာ။ ဇေဋ္ဌာ စ ဓီတာ စုဒ္ဒသဝဿကာလေ သီလဝတီဘာဝံ ဥပါဂမိ ဓေယျာပဗ္ဗတေ ဝိပဿနာကန္ဒရေ။

အပရဘာဂေ ပန မာတာပိတရောပိ ဓေယျာပဗ္ဗတေ ဝိပဿနာကန္ဒရေ အနဂါရိယံ ပဗ္ဗဇိံသု။ ဣတိ ပိတာ ထေရော အာယသ္မာ စ ဂုဏောဒယော, မာတာ သီလဝတီ အယျာ စ ဝံသဂ္ဂီ, တေသံ စ ပုတ္တာ အာယသ္မာ စ နာရဒတ္ထေရော, အာယသ္မာ စ ဝိမလာဘိဝံသော, အာယသ္မာ စ ဉာဏဇဝလော, အာယသ္မာ စ ဥတ္တရော, အာယသ္မာ စ ဂန္ဓသာရော, အာယသ္မာ စ နန္ဒမာလာဘိဝံသော သီလဝတီ အယျာ စ ကဥ္စနာတိ ဣမေ နဝ ပိတာပုတ္တာ သာသနေ အဘိပါကဋာ အဟေသုံ။

ယဒါ ပန ဆ ဘာတရော ဘိက္ခူ ဗုဒ္ဓပါဝစနာနိ ပရိယာပုဏိတွာ ဗျတ္တဘာဝမာဂမ္မ သာသနဓဇ သိရိပဝရဓမ္မာစရိယောပါဓိနာ ဝိရာဇိတာ၊ တဒါ တေ ပိတုထေရေန သမုဿာဟိတာ ဧဝံ သမစိန္တယိံသု စေဝ သမ္မန္တယိံသု စ 'မယံ ဧကံ သံဃာရာမံ သမုဋ္ဌာပေတွာ သာသနပဝေဏိံ ပါလယိဿာမာ'တိ။ တတော သံဃာရာမသမုဋ္ဌာပနတ္ထာယ ဝိဟာရဝတ္ထုံ ဝိစိနန္တာ ထူပစေတိယေဟိ ဥပသောဘိတံ မနောရမ္မံ အန္တရာ စ ဓေယျာပုရနဂရံ အန္တရာ စ ဓေယျာပဗ္ဗတံ

နဂရသ နာတိဒူရ် နစှာသန္တ ဂမနာဂမနသမ္ပန္န ကၠမ် ဘူမိဘာဂ် ပရိဂ္ဂဟောသုံ ဝိဟာရဝတ္ထုဘာဝေန။

တံ သုတ္တာ ရတနာပူ္ဍနဂရဝ္ဂါသိနိယော မာတာပိတုပ္ပမုခါ **ဒေါ်သန်းတင် ဒေါ်သန်းခင်** ကၠတိသညကာ ဥပါသိကာယော စ, တံနဂရဝါသိနော **ဦးမောင်ကြီး + ဒေါ်ခ** ကၠတိသညကာ ဇာနိပတယော စ, မုံရွာနဂရဝါသိနော **ဦးဘဟန် + ဒေါ်စိန်ရင်** ကၠတိသညကာ ဇာနိပတယော စ, တံနဂရဝါသိနော **ဦးအောင်သ + ဒေါ်အေးကြည်** ကၠတိသညကာ ဇာနိပတယော စ ကၠမ် ဝိဟာရဝတ္ထုံ တိသဟာဿကဟာပဏေဟိ ကီဏိတွာ အာယသ္မတော နာရဒတ္ထေရဿ နိယျာတေသုံ သံဃာရာမသမုဋ္ဌာပနတ္ထာယ။

တဒါ နာရဒတ္ထေရပ္ပမုခါ ဆ ဘာတရော ဘိက္ခူ ဝိဟာရဝတ္ထုံ ပရိဂ္ဂဟေတွာ ကၠမ် သံဃာရာမံ သမုဋ္ဌာပေသုံ၊ ကၠမသ္မိံ သံဃာရာမေ ရတနာပူ္ဍနဂရဝါသိနီ မာတာပိတုပ္ပမုခါ **ဒေါ်သန်း**ကၠတိသညကာ ဥပါသိကာ သဗ္ဗပဌမံ သီရိမာလာ မဏ္ဍရီဝိဟာရံ ကာရေသိ၊ မုံရွာနဂရဝါသိနော **ဦးဘဟန် + ဒေါ်စိန်ရင်** ကၠတိသညကာ စ ဇာနိပတယော မာတုသာလန္တိ။

မဟာထေရေန ပန ဆန္န ဘာတရာနံ ဥပဇ္ဈာယေန နဝမဂ္ဂွေကျောင်းနိကာယ ဥက္ကဋ္ဌမဟာနာယကဘူတေန **စံကင်းဆရာတော်**ကၠတိဝိသုတေန အဘိဓေ – မဟာရဋ္ဌဂုရူပါဓိနာ ကထိတံ 'ဗောဓေက္ခံရာ'တိ ဝစနမုပါဒါယ စေဝ ဗုဒ္ဓ သာသနေ ဒွိဟိ မုရေဟိ သုဋ္ဌု ဗုဇ္ဈနတော နိဒ္ဒါဝိဂမနတော သုဗောဓာတိ လဒ္ဓနာမကော ပုဂ္ဂလေ ဥပါဒါယ စ သုဗောဓာနံ အာရာမဘာဝေန သုဗောဓာရာ– မောတိ ကၠဒံ နာမံ ကတန္တိ။

သွာယံ မဟာသုဗောဓာရာမော သီမာဝသထဘောဇနသာလာဂိလာန– သာလာသံဃာဝါသာဒိအနေကဝိဟာရေဟိ စေဝ နာနာပေါက္ခရဏိဥဒပါနေဟိ စ ပါကာရဒွါရကောဋ္ဌကေဟိ စ ပဋိမဏ္ဍိတော ဆာယူဒကသမ္ပန္နော အတိဝ ရမဏီယော နာနာဇနပဒေဟိ အာဂတာဂတာနံ ပိဋကေ ပါဠိဝတ္ထိကာနံ သောတုဇနာနံ ကာသာဝပဇ္ဇောတေန ဇေကပဇ္ဇောတော ဟုတွာ ကၠဒါနိ ပဋ္ဌဝီသတိမသံဝစ္ဆရံ သမ္ပတ္တော။

ဣမသ္မိံ ပဉ္စဝီသတိမသံဝစ္ဆရေ စေတိယဗောဓိရုက္ခေ ပတိဋ္ဌာပေတွာ 'ဌေဝရတု'ဣတိ ဝေါဟာရိတံ ပဉ္စဝီသတိမသံဝစ္ဆရဿ ကရိတွာ ဣမာနိ အာရာမသမုဋ္ဌာပိတဒီပကာနိ အက္ခရာနိ သုပရိမဋ္ဌပါသာဏတလေ လိခါပေတွာ ပတိဋ္ဌာပိတာနီတိ။

စိရဿံ တိဋ္ဌတံ အယံ။ ဗာဟုဇညော ဝိပုလဘာဝမာပန္နောတိ။



# စစ်ကိုင်းမြို့၊ မဟာသုဗောဓာရုံကျောင်းတိုက် သမိုင်းအကျဉ်းကောက်စာ (မြန်မာပြန်)

သိမြင်နိုးကြား မြတ်ဘုရားအား ဝပ်တွားရိုကျိုး ရှိခိုးပါ၏။

ဤမဟာသုဗောဓာရုံကျောင်းတိုက်ကို မည်သည့်နှစ်တွင် မည်သည့်ပုဂ္ဂိုလ်များ တည်ထောင်အပ်သည်၊ မည့်သည့် ပုဂ္ဂိုလ်များက အကူအညီပေးကြသည်၊ မည်သည့်အတွက် ဤအမည်ကို မှည့်ခေါ်အပ်သည်ဟု မေးမြန်းပါမူ ဤသို့ ဖြေဆိုအပ်ပေသည်။

ဤကျောင်းတိုက်ကို သာသနာတော် ၂၅၀၂ ခုနှစ်၊ မြန်မာ ၁၃၂၀ ပြည့်နှစ်၊ နယုန်လပြည့် စနေနေ့တွင် မယ်တော်၊ ခမည်းတော်၊ နှမသီလရှင် အပါအဝင်ဖြစ်သော နောင်ရင်းညီဖွါး ရဟန်းတော် ၆ ပါးတို့ ဦးစီးတည်ထောင်အပ်၏။ သာသနာတော်ကို မြတ်နိုးယုံကြည်သူ ရှင်လူအများက အကူအညီပေးကြသည်။ ဤကား အကျဉ်းချုပ် အဖြေတည်း။

အကျယ်ကို ဤသို့သိအပ်၏၊ မန္တလေးတိုင်း၊ စဥ့်ကူးမြို့နယ်၊ ဧရာဝတီမြစ်အလယ် တခုသော ကျွန်းကြီးတွင် **“ညောင်ပင်ရွာ”**ခေါ် ရွာတရွာ ရှိ၏။ ထိုရွာသည် ဗုဒ္ဓဘာသာဝင်တို့၏ နေထိုင်ရာဖြစ်၍ ချမ်းသာရစေတီ၊ ဆုတောင်းပြည့်စေတီ၊ သံဃာ့အရာမ် ကျောင်းကန်တို့ဖြင့် တင့်တယ်လှပေသည်။ ရွာ၏

အရှေ့ဖက်တွင် ဧရာဝတီမြစ်သည် တောင်အရပ်သို့ နိမ့်ရှိုင်းစီးဆင်းလျက် ရှိ၏၊ ပုထိုးစေတီ အလီလီတို့ဖြင့် တင့်တယ်သော ကျောက်မျက်ရတနာတို့၏တည်ရာ **ယက္ကန်းစင်** တောင်မဟာသည်လည်း ထိုရွာကို အလှဆင်သည့်ပမာ ထူးခြားစွာ တည်ရှိနေပေသည်၊ ရွာ၏ ပတ်ဝန်းကျင်မှ လယ်ယာစိုက်ခင်းများသည်လည်း ရွာ၏ ရမဏီယဂုဏ်ကို တိုးပွါးစေကြပေသည်။

ထိုရွာ၌ ရတနာသုံးရပ် ကြည်ညိုလေးမြတ်လျက် သံဃာကို မြတ်နိုး တတ်ကုန်သော **"ဦးစံလှ+ဒေါ်ခင်"** အမည်ရှိ ဇနီးမောင်နှံနှစ်ဦးတို့ နေထိုင်ကြ ၏။ ကုန်သွယ်လယ်လုပ်အမှုတို့ဖြင့် အသက်မွေးကြ၍ သား ကိုးယောက်၊ သမီး သုံးယောက် ထွန်းကားခဲ့ကြ၏။ ထိုတွင် သားတယောက်နှင့် သမီးနှစ်ယောက် တို့သည် ငယ်စဉ်ကပင် ကွယ်လွန်ကြသည်၊ **ဦးဘဟန်၊ ဦးဉာဏ်ရွှေ** ခေါ် အကြီး ဆုံးသားနှစ်ယောက်သည် အိမ်ရာတည်ထောင် လူ့ဘောင်၌ပင် နေထိုင်ကြ ၏၊ ကျန်သားငယ်ခြောက်ယောက်တို့ကား သက်ရွယ်နုနယ် ငယ်စဉ်မှာပင် သာသနာ့ဘောင်သို့ ဝင်ရောက်ကြပြီး ညောင်ပင်ရွာ ပေါ်တော်မူကျောင်း၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ စစ်ကိုင်းမြို့ စစ်ကိုင်းတောင် ဝိပဿနာ ချောင်တို့၌ နေထိုင်၍ ဆရာမြတ်တို့ထံ ချဉ်းကပ်လျက် ဘုရားစကားတော်အား အထောက်အကူဖြစ်သော ကျမ်းစာများ၊ အဋ္ဌကထာ ဋီကာနှင့်တကွ ပိဋကတ် ကျမ်းစာများကို သင်ယူခဲ့ကြ၏၊ သမီးတဦးသည်လည်း ၁၄ နှစ်အရွယ်၌ပင် စစ်ကိုင်းတောင် ဝိပဿနာချောင်၌ သီလရှင်ဝတ်ခဲ့လေသည်။

နောက်ပိုင်းတွင် မယ်တော်ခမည်းတော်များပါ သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ကြလေသည်၊ ဤသို့လျှင် ခမည်းတော်မထေရ် **အရှင်ဂုဏော ဒယ**၊ မယ်တော်သီလရှင် **ဒေါ်ဝံသဂ္ဂီ၊** သားသမီးများဖြစ်ကြသည့် **အရှင်နာရဒ ထေရ်၊ အရှင်ဝိမလာဘိဝံသ၊ အရှင်ဉာဏဗလ၊ အရှင်ဥတ္တရ၊ အရှင်ဂန္ဓသာရ၊ အရှင်နန္ဒမာလာဘိဝံသ၊** သီလရှင် **ဒေါ်ကဥ္စနာ**အားဖြင့် ဤသားအမိ သားအဘ ကိုးယောက်တို့သည် သာသနာတော်တွင် ပေါ်လွင်ထင်ရှားကြလေပြီ။

ညီနောင်ခြောက်ပါး ရဟန်းတော်များသည် ဗုဒ္ဓဝစနများကို သင်ယူ တတ်မြောက်သဖြင့် "သာသနဓဇသိရီပဝရဓမ္မာစရိယ" ဘွဲ့ကို ရရှိပြီးကြသော

အခါ ခမည်းတော်မထေရ်၏ တိုက်တွန်းချက်အရ 'ငါတို့သည် ကျောင်းတိုက် တတိုက် တည်ထောင်၍ သာသနာ့အန္တယ်အဆက်ကို ထိန်းသိမ်းစောင့်ရှောက် ကြကုန်အံ့' ဟု ကြံစည်ကြ တိုင်ပင်ဆွေးနွေးခဲ့ကြ၏။

ထို့နောက် ကျောင်းတိုက်တည်ရန် ဝိဟာရဝတ္ထုမြေကို ရှာဖွေကြရာ စေတီပုထိုးများဖြင့် တင့်တယ်၍ နှလုံးမွေ့လျော်ဖွယ်ရှိသော စစ်ကိုင်းမြို့နှင့် စစ်ကိုင်းတောင်ရိုးအကြား မြို့နှင့်မနီးလွန်း မဝေးလွန်း သွားလမ်းလာလမ်း ဖြောင့်တန်းသော ဤမြေအရပ်ကို ဝိဟာရဝတ္ထုမြေအဖြစ် သတ်မှတ်လိုက်ကြ၏။

ထိုအကြောင်းကို ကြားသိရ၍ မိဘနှစ်ပါး အမျိုးထားသော မန္တလေးမြို့ **ဒေါ်သန်းတင်၊ ဒေါ်သန်းခင်၊ ဦးမောင်ကြီး + ဒေါ်ခ၊ မုံရွာမြို့ ဦးဘဟန် + ဒေါ်စိန်ရင်၊ ဦးအောင်သ + ဒေါ်အေးကြည်**တို့သည် ဤ ဝိဟာရဝတ္ထုမြေကို ကျပ်ငွေသုံးထောင်ဖြင့် ဝယ်ယူ၍ အရှင်နာရဒထေရ်အား ကျောင်းတိုက်တည် ရန် လှူဒါန်းခဲ့ကြလေသည်။

ထိုအခါ အရှင်နာရဒထေရ်အမှူးရှိသော ညီနောင်ခြောက်ပါး ရဟန်း တော်များသည် ဝိဟာရဝတ္ထုမြေကို ခံယူ၍ ဤကျောင်းတိုက်ကြီးကို စတင် တည်ထောင်ခဲ့ကြပေသည်။ ဤကျောင်းတိုက်၌ မန္တလေးမြို့၊ မိဘနှစ်ပါး အမျိုးထားလျက် ကျောင်းအမ **ဒေါ်သန်း**သည် သီရိမာလာမဥ္စရီကျောင်းကို ပဌမဆုံး ဆောက်လုပ်လှူဒါန်းသည်၊ မုံရွာမြို့ **ဦးဘဟန် + ဒေါ်စိန်ရင်** တို့သည် မယ်တော်ကြီးဇရပ်ကို ဆောက်လုပ်လှူဒါန်းကြသည်၊ ဤသို့ အကျယ်ကို သိအပ် သတည်း။

ထိုမှတပါး ညီနောင်ခြောက်ပါး ရဟန်းတော်များ၏ ဥပဇ္ဈာယ် ဆရာတော် ဖြစ်တော်မူသော "အဘိဓဇ မဟာရဋ္ဌဂုရု" နဝမရွှေကျင်သာသနာပိုင် **စံကင်းဆရာတော်ဘုရားကြီး** မိန့်ကြားတော်မူအပ်သည့် "ဗောဓကုံ့ရ- ဌောင်ပင်ရှာသား အညွန့်အဖူးများ" ဟူသော စကားကို အစွဲပြု၍လည်းကောင်း၊ သာသနာ၀ယ် နှစ်ဖြာမုရ နိုးကြားကြသည့်အတွက် "သုဗောဓ" မည်တွင် အရှင်တို့ကို အစွဲပြု၍လည်းကောင်း သုဗောဓအရှင်တို့၏ အရာမ်တိုက်တာ

ဖြစ်သောကြောင့် **"သုဗောဓာရာမ"**ဟူသော ဤအမည်ကို မှည့်ခေါ်အပ်သတည်း။

ထိုမဟာသုဗောဓာရာမကျောင်းတိုက်သည် သိမ်တိုက်၊ ဆွမ်းစားကျောင်း၊ အာရောဂျသာလာ၊ သံဃာဝါသ အစရှိသော များစွာသော ကျောင်းတို့ဖြင့်လည်းကောင်း၊ အမျိုးမျိုးသော ရေကန်ရေတွင်းတို့ဖြင့်လည်းကောင်း၊ တံတိုင်း၊ တံခါးမုခ်တို့ဖြင့်လည်းကောင်း၊ တန်ဆာဆင်အပ်သည်ဖြစ်၍ အရိပ်, ရေနှင့် ပြည့်စုံလျက် အလွန်မွေ့လျော်ဘွယ် ကောင်းရကား ပြည်နယ်နှင့် တိုင်းအသီးသီးတို့မှ လာရောက်ကြသော ပိဋကတ်၌ တတ်မြောက်လိမ္မာလိုကြသူ စာသင်သားရဟန်းသာမဏေများ၏ သက်နှင်းအရောင် တပြောင်ပြောင် တောက်ပသည်ဖြစ်၍ ယခုအခါ၌ ၂၅ နှစ်မြောက်သို့ ရောက်ရှိလာပေပြီ။

ဤ ၂၅ နှစ်မြောက်နှစ်တွင် ကျောင်းတိုက်အတွင်း ဓာတုစေတီနှင့် မဟာဗောဓိပင်တို့ကို တည်ထားပူဇော်ပြီးလျှင် "ငွေရတု"ခေါ် ၂၅ နှစ်မြောက် အထိမ်းအမှတ်ပွဲ ဆင်နွှဲကျင်းပလျက် ချောမွေ့ဖြူစင် ကျောက်သားအပြင်၌ ဤ ကျောင်းတိုက်သမိုင်းမော်ကွန်းကို ရေးသားအပ်ပေသတည်း။

ဤကျောင်းတိုက်ကြီး နှစ်ပေါင်းရှည်လျား လူသိများ၍ စည်ကားတိုးတက်ပါစေသတည်း။

## မဟာသုဓောဓာရုံ
## နှစ်(၅၀)ပြည့် ရွှေရတုမော်ကွန်း

ဤမဟာသုဓောဓာရုံကျောင်းတိုက်ကို မြန်မာနှစ် ၁၃၂၀ ပြည့်နှစ် နယုန်လပြည့်နေ့ (June 1- 1958)တွင် မန္တလေးတိုင်း၊ စဉ့်ကူးမြို့နယ်၊ ညောင်ပင်ရွာဇာတိ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနာရဒ အမှူးရှိသော မဇ္ဈိမဝစရိယဘွဲ့ရ ညီနောင် ဆရာတော် ၆ ပါးတို့ စတင် တည်ထောင်အပ်သည်။

**"စာပေလဲသင်၊ ကျင့်လဲပြင် မြင့်တင်သာသနာ"** ဟူသော မူဝါဒနှင့်အညီ သာသနာ့ဝန်ထမ်း ရှင်ရဟန်းမျိုးဆက်သစ်များအား ပိဋကစာပေ သင်ကြား ပို့ချ၍ ကိုယ်ကျင့်တရားမြင့်မားအောင် လေ့ကျင့်ပေးသည်။

ဤကျောင်းတိုက်သည် ရွှေကျင်ဂိုဏ်းဝင်ကျောင်းတိုက် ဖြစ်သည်။ ဝိနည်းတရားတော်ကို မြတ်နိုး၍ ရွှေကျင်ဂိုဏ်းကျင့်ထုံးနှင့် ကျောင်းတိုက် ဥပဒေတို့ကို လေးစားလိုက်နာသည့် ရှင်ရဟန်းများကိုသာ နေထိုင်ခွင့်ပြု သည်။

ပဓာနနာယကဆရာတော်သည် ကျောင်းတိုက်၏ အကြီးအချုပ်ဖြစ် သည်။ တိုက်အုပ် တိုက်ကြပ်ဆရာတော်များသည် ကျောင်းတိုက်ကိစ္စများကို ကြီးကြပ်ဆောင်ရွက်ကြရပြီး ဂဏဝါစကဆရာတော်များနှင့်အတူ စာပေ ပို့ချပေးကြရသည်။

သာသနာတော်နှစ် ၂၅၅၂ ခု၊ မြန်မာနှစ် ၁၃၇၀ ပြည့်နှစ် နယုန်လဆန်း ၁၅ ရက်နေ့ (June 18 2008) တွင် နှစ် ၅၀ ပြည့် ကျောင်းတိုက်နေ့ ရွှေရတု သာသနာ့ပူဇာ မဟာဓမ္မသဘင် ဆင်ယင်ကျင်းပ၍ ဤမော်ကွန်း ကျောက်စာတိုင်ကို စိုက်ထူထားအပ်ပေသည်။



**HISTORY OF MAHĀSUBODHĀRĀMA, SAGAING HOMAGE TO THE SUPREMELY ENLIGHTENED ONE!**

WHEN AND BY WHOM WAS THIS MAHĀSUBODHĀRĀMA MONASTERY FOUNDED? WHO WERE THE SUPPORTERS? AND WHY WAS IT NAMED MAHĀSUBODHĀRĀMA?

THESE ARE THE ANSWERS IN A NUTSHELL: THIS MONASTERY WAS FOUNDED ON THE FULL-MOON DAY OF THE MONTH NAYON, IN 1320 MYANMAR ERA, 2501 SĀSANA ERA (ON 1ST JUNE, 1958) BY THE SIX BROTHER MONKS TOGETHER WITH THEIR PARENTS AND A SISTER NUN. THE FAMILIES OF BUDDHIST DEVOTEES WHO WERE ENDOWED WITH CONFIDENCE IN AND ENTHUSIASM FOR SĀSANA WERE THE SUPPORTERS.

THE DETAILS CAN BE KNOWN THUS: THERE IS A VILLAGE NAMED NAUNGBIN YWA ON AN ISLAND OF THE ERAWADY RIVER IN SINGU TOWNSHIP, MANDALAY DIVISION THIS IS A VILLAGE OF BUDDHIST DEVOTEES AND IT IS MADE PLEASANT WITH THE TWO PAGODAS, CHANTHAYA AND HSU TAUNG-PYAE AND MONASTERIES. IN THE EAST OF THAT VILLAGE THE ERAWADY RIVER IS FLOWING DOWN TOWARDS THE SOUTH AND THE YEKKANNSIN HILL DOTTED WITH PAGODAS ON ITS PEAK STANDS BEAUTIFYING THAT VILLAGE. THE SURROUNDING FARMS AND PADDY FIELDS ADDS GRACE TO THE SINGULARITY AND PLEASANTNESS OF THAT VILLAGE.

IN THAT VILLAGE LIVED A PIOUS COUPLE, U SAN HLA AND DAW KHIN, WHO WERE FARMERS BY PROFESSION AND DEVOTED TO THE TRIPLE GEMS: THE BUDDHA, THE DHAMMA AND THE SANGHA. THEY, EARNING THEIR LIVING THROUGH BUYING, SELLING AND FARMING BORE A DOZEN CHILDREN, NINE SONS AND THREE DAUGHTERS. A SON AND TWO DAUGHTERS HAD DIED YOUNG WHILE U HAN AND U NYAN SHWE, THE ELDEST AND SECOND ELDEST, LED THEIR LIVES AS HOUSEHOLDERS. THE REMAINING SIX SONS ENTERED THE BUDDHIST ORDER AT AN EARLY AGE. THE

SIX BROTHER MONKS STUDIED THE PITAKA (BUDDHIST SCRIPTURES), THE COMMENTARIES AND SUB-COMMENTARIES UNDER LEARNED TEACHER SAYADAWS RESIDING AT THE PA  WDA WMU MONASTERY OF THEIR NATIVE VILLAGE, MAHĀVISUDDHĀYON MONASTERY OF MANDALAY AND VIPASSANĀ FOREST MONASTERY OF SAGAING HILL. THE DAUGHTER AT THE AGE OF FOURTEEN ENTERED THE OPDER AT THE VIPASSANĀ FOREST NUNNERY. LATER BOTH PARENTS ENTERED THE BUDDHIST ORDER AT THE SAME MONASTERY AND NUNNERY. THUS THESE NINE MEMBERS OF A FAMILY: THE FATHER NAMING VENERABLE GUNODAYA, THE MOTHER DAW VAMSAGGĪ, THEIR SONS VEN. NĀRADA, VEN. VIMALĀBHIVAMSA, VEN. ÑĀNABALA, VEN. UTTARA, VEN. GHANDHASĀRA, VEN. NANDAMĀLĀ- BHIVAMSA AND THEIR DAUGHTER DAW KAÑCANĀ ARE WELL KNOWN IN SĀSANA.

ACQUIRING THE EDUCATION OF THE BUDDHIST SCRIPTURES THEY BECOME WELL VERSED IN TIPITAKA AND HOLD THE TITLE OF "SĀSANADHAJA SIRĪPAVARA DHAMMĀCARIYA" THEN THE SIX BROTHER MONKS, AT THE URGING OF THE VENERABLE FATHER MONK, HAD A DISCUSSION ABOUT SETTING UP A MONASTERY FOR THE PERPETUATION AND PROPAGATION OF THE SĀSANA.

SEARCHING FOR THE SITE TO ESTABLISH MONASTERY THEY FOUND THE LOCATION DECORATED WITH PAGODAS, BETWEEN SAGAING TOWN AND SAGAING HILL, THAT WAS EASILY ACCESSIBLE, NEITHER TOO FAR NOR TOO NEAR. THAT PLACE WAS FIXED AS THE SITE FOR THE ESTABLISHMENT OF THE MONASTERY.

ON HEARING ABOUT IT, DAW THAN TIN, DAW THAN KHIN LED BY THEIR PARENTS OF MANDALAY: U MAUNG GYI - DAW KHA OF MANDALAY; U BA HAN - DAW SEIN YIN AND U AUNG THA - DAW AYE KYI OF MONYWA PURCHASED THAT LAND FOR THREE THOUSAND KYATS. THEY OFFERED TO VEN. NĀRADA IN ORDER TO ESTABLISH MONASTERY. THE SIX BROTHER MONKS, LED BY VEN. NĀRADA, ACCEPTED THE DONATED LAND AND FOUNDED THE MONASTERY. DAW THAN OF MANDALAY, SEEKING MERIT ON BEHALF OF HER PARENTS, CONSTRUCTED THE FIRST BUILDING, SIRĪMĀLĀMAÑJARĪ, FOR THE MONASTERY, U BA HAN - DAW SEIN YIN OF MONYWA ALSO BUILT THE MAEDAWGYI ZAYAT (HOME FOR MOTHER) IN THE NUNNERY.

THEN THE NEW MONASTERY WAS NAMED SUBODHĀRĀMA, IN REFERENCE TO THE WORD "BODHANKURA" MEANING THE OFFSHOOTS OF

NYAUNGBIN VILLAGE, BASED ON THE BLESSING GIVEN TO THE SIX BROTHER MONKS BY THEIR PRECEPTOR, THE VENERABLE SANKIN SAYADAW, THE NINTH SANGHARĀJĀ OF THE SHWEKYIN SECT THE TITLE HOLDER OF ABHIDDHAJAMAHĀRATTHAGURU. IN ADDITION, THE BROTHER MONKS WHO PERFORM THE TWO DUTIES OF SĀSANA, PARIYATTI AND PATIPATTI, IN CONSTANT VIGILANCE ARE TO BE NAMED SUBODHA. THIS MONASTERY IS NAMED SUBODHĀRĀMA, BECAUSE IT IS THE MONASTERY OF THOSE WHO ARE TO BE SAID SUBODHA.

AS MAHĀSUBODHĀRĀMA MONASTERY WAS MADE PLEASANT WITH THESE: AN ORDINATION (SĪMĀ) HALL, A REFECTORY, A SICK WARD, SANGHA HOSTELS, BRICK FENCE, A HUGE POND, WELL AND SHADY FOLIAGE NOW THIS MONASTERY WAS ILLUMINED WITH THE SHINING LIGHT OF THE SAFFRON ROBES OF MONKS WHO CAME FROM VARIOUS REGIONS TO LEARN AND STUDY THE PITKA LITERATURE AND IT HAS REACHED THE 25$^{TH}$ YEAR OF ITS FOUNDING. LN THIS SOLEMN OCCASION THE CELEBRATION OF ITS TWENTY-FIFTH ANNIVERSARY WAS HELD BY PLANTING OF A MAHĀBODHI BANYAN TREE, NAMING NĀRADABODHI, AFTER THE ABBOT, CONSTRUCTING OF A SILVER JUBILEE PAGODA, AND INSCRIBING THE HISTORY OF THIS MONASTERY ON SLABS OF MARBLE MAY THIS MAHĀSUBODHĀRĀMA MONASTERY LAST LONG.

# မဟာသုဓောဓာရုံသာသနာပြု
# ဥဓယျာဇနကထာ

ဥဘောပိ သာသနကရာ၊
ပါဝစနရတာ သဒါ။
သုဝါစေန္တာ သုဏန္တာ စ၊
ဇောတေန္တု ဇိနသာသနံ။

သာသနာပြု ဆရာတပည့် နှစ်ဦးလုံးတို့သည်
ဗုဒ္ဓစာပေ၌ ထာဝရစိတ်ဝင်စားကြ၍
စာပေပို့ချခြင်း၊ သင်ကြားနာယူခြင်းဖြင့်
ဗုဒ္ဓသာသနာ ထွန်းကားအောင် ဆောင်ရွက်
ကြကုန်လော့။

UBHOPI SĀSANAKARĀ,
PĀVACANARATĀ SADĀ.
SUVĀCENTĀ SUNANTĀ CA,
JOTENTU JINASĀSANAM.
THE TWO SĀSANA WORKERS, TEACHERS AND STUDENTS, MUST BE EVER INTERESTED IN THE SACRED WORDS OF THE BUDDHA. DO PROPAGATE THE TEACHING OF THE BUDDHA BY TEACHING AND LEARNING.

ပဓာန နာယက ဆရာတော်

# မဟာသုဗောဓာရုံကျောင်းတိုက် မော်ကွန်း

သုဋ္ဌု ဗုဇ္ဈန္တိ ဓမ္မေဟိ၊
သုဗောဓာ ဗုဒ္ဓသာသနေ။
သုဗောဓာနံ အာရာမောတိ၊
သုဗောဓာရုံ ပဝုစ္စတိ။

မြတ်ဗုဒ္ဓသာသနာ၌ တရားဓမ္မဖြင့်
လွန်စွာနိုးကြားသည့်အတွက်
သုဗောဓ မည်တွင် ထေရ်အရှင်တို့၏
ကျောင်းတိုက်ဖြစ်သောကြောင့်
"သုဗောဓာရုံ"ဟု ခေါ်ဆိုအပ်၏။

SUṬhṬhHU BUJJHANTI DHAMMEHI,
SUBODHĀ BUDDHASĀSANE.
SUBODHĀNAM ĀRĀMOTI,
SUBODHĀRUM PAVUCCATI.
THIS MONASTERY IS NAMED
"SUBODHĀYON," BECAUSE IT IS A
MONASTERY OF THOSE WHO KEEP
AWAKE TO STUDY DHAMMA IN
THE TEACHING OF THE BUDDHA.

တိုက်အုပ်ဆရာတော်

# ပြည်နဂရေ နဝင်းကွတ်ပဒေသေ ပတိဋ္ဌိတဿ
# ဝိသုဒ္ဓါရုံဗာရာဏသီမဟာဝိဟာရဿ သမုဋ္ဌာပနဗုဒ္ဓိပုဗ္ဗိကာ
# သာသနဝံသဒီပိကာ

## ပဥ္စမုခစေတိယ ပတိဋ္ဌာပနာ

ဇေယျတု။ ။ အနုပုဗ္ဗန္ဓေ ခရိဿေ တေစတ္တာလီသာဓိက စတုသတဝဿပမာဏေ ၁၀၁ ဧကာဓိကသတေ ဗုဒ္ဓဿ ပရိနိဗ္ဗာနဝဿေ စိတ္တမာသဿ ပဉ္စမေ ဒိဝသေ သူရဝါရေ မဟာ သင်္ဃဝစူဠ သင်္ဃဝကုမာရေ ပမုခ **‘ဗေဒါရီ’** ဣတိ နာမိကာယ မဟေသိယာ ဇာတော **‘ဒွတ္တပေါင်’** ဣတိနာမကော ဘူပါလော သီရိခေတ္တနဂရံ မာပေသိ။ သော ဟိ ရာဇာ ကုမာရဘာဝေန ပဥ္စတိံသ ဝဿာနိ ဝသိတွာ သတ္တတိ ဝဿာနိ ရဇ္ဇံ ကာရေသိ၊ တတော တံရညော ဝံသေ ပရမ္ပရာဝသေန အာဂတော သီရိရာဇ်ရာဇာ အန္တိမော ဟုတွာ နဝ ဝဿာနိ အာဏံ ပဝတ္တေသိ (သာသနေ ၄၂၄-၄၃၃)၊ တသ္မိံ ရညော ဒိဝင်္ဂတေ တဿ ဇာမာတာ **“တေပါး”** ဣတိ ဝိဿုတော ရာဇာ အဟောသိ (သာသနေ ၄၃၃-၄၈၄)၊ (သော ဟိ အညကုလေ ဇာတတ္တာ **“တေပါး”** ဣတိ ဝေါဟာရိယတိ)

၄၄၈ သာသနဝသော ကြမသို ဘဒ္ဒကပ္ပေ ဥပ္ပန္နေ ဥပ္ပဇ္ဇမာနေ စ ပဉ္စ သမ္မာသမ္ဗုဒ္ဓေ ဥဒ္ဒိဿ ပဉ္စဟိ မုခေဟိ သမလင်္ကတံ ဥဇ္ဇ္ဝမေန တေသတ္တတိဟတ္ထပ္ပမာဏံ စေတိယံ တေန ရညာ ကာရိတံ စေဝ ပူဇိတံ စ။

(ပြည်နဂရာမ်ပေါ်**"မျက်နှာရှည်"** ကြတိ ဝေါဟရိတော ရာဇာ တံ စေတိယံ ပုန နဝီကတံ စေဝ ပူဇိတံ စ။ တံ ပန စေတိယံ မနုဿလောကေ သဗ္ဗညုသမ္ဗုပ္ပန္နေ ဒုတိယေ ယုဒ္ဓကာလေ ၁၃၀၆ မရမ္မဝသေ သာဝဏာဿ သုက္ကပက္ခေ အင်္ဂါရကဝါရေ (၁၊ ၈၊ ၁၉၄၄ ခရိဿဝသေ) အသနိသမာနသတ္တနိပါတေန ဝိနာသံ ပတ္တံ၊ တဿ စေတိယဿ ပဋိမုတ္တရကောဏော ဝိသေသေန ဝိနာသီကတော အဟောသိ။

ယုဒ္ဓေ ပန ဝူပသမေ **ဘဒ္ဒန္တဉာဏုတ္တမသမဟာထေရ** ပဥမုခဝိဟာရာမ်ပတိ နာယကံ ကတွာ သ**ခင်မကြီး ဒေါ်သိန်းတင်, စောင်း ဦးမောင်ကလေး** ပမုခါ နဝင်းပဒေသဝါသီ ဇနာ စေဝ အညေပိ စ ဗဟူ မနုဿာ တံ စေတိယံ ပဋိသင်္ခရိံသု ပုရာဏသဏ္ဌာနာကာရံ အနုယာယိတွာ။ တံစေတိယသမီပေ အယံ ဝိသုဒ္ဓါရုံဗာရာဏသီမဟာဝိဟာရော ကာရိတောတိ။

တံ ပန ဝိဟာရသမုဋ္ဌာပနံ ကြမ ဧဝံ ဝေဒိတဗ္ဗံ-

## ဝိဟာရသမုဋ္ဌာပနာ

**သခင်မကြီး ဒေါ်သိန်းတင်**ကြတိ နာမိကာ ဥပါသိကာ သဒ္ဓါဂါရာ-မစ္စဘူတာ **'ပြည်သူ့လွှတ်တော်အမတ်'**ကြတိ ဒေသဝေါဟာရေန ဝေါဟရိတာ **ဝဏ္ဏကျော်ထင်, မော်ကွန်းဝင်** (ပဌမအဆင့်), **နိုင်ငံ့ဂုဏ်ရည်**(ဒုတိယအဆင့်) ဥပါမိလာဘိနီ 'ဝိသုဒ္ဓါရုံဗာရာဏသီမဟာဝိဟာရဿ ဒါယိကာ'တိ ဗဟူသု ဂဟဋ္ဌပဗ္ဗဇိတေသု အတီဝ ပါကဋာ အဟောသိ။

သာ ပုရာဏကာလေ သီရိခေတ္တာတိဝေါဟရိတေ ပြည်နဂရေ နဝင်းပဒေသေ ဝသန္တေဟိ **"ဦးဖိုးဆိတ်+ဒေါ်ရွှေထယ်"** ကြတိ နာမကေဟိ မာတာပိတူဟိ မရမ္မဝသေ ဝေသာခဿ ကဏှပက္ခေ ဒုတိယဒိဝသေ သုက္ကဝါရေ

ပုပ္ဖဏ္ဏသမယေ ပဥ္စယင်္ဂိကာယံ ဇာတာ။ သာ ပန အဋ္ဌန္နံ ပုတ္တာဓိတရာနံ ကနိဋ္ဌာ ဒဟရတာရာ အဟောသိ။ ဝယပတ္တကာလေ ပြည်နဂရေ ပန်းဘဲတန်းပဒေသေ ပတိဋ္ဌိတေ ဝိဇ္ဇာလယေ စတ္တာရိ ဝဿာနိ သိပ္ပါနိ အသိက္ခိ။

သောဠသဝဿုဒ္ဒေသိကကာလေ ပန ၁၂၈၃ မရမ္မဝဿေ ရဋ္ဌဟိတကိစ္စံ ကာတုံ အာရဘိ။ ဗုဒ္ဓဘတ္တိကဝံသာနုရက္ခိတသစ္စဝါဒီသင်္ဃါတာ ကုမာရိသ-မိတိယော သမုဿာပေတွာ ပဥ္စသတကုမာရီနံ ဟိတစရဋ္ဌာနန္တရိကာ ဟုတွာ ဥဿာဟံ အကာသိ။

၁၂၉၀ မရမ္မဝဿေ ပန "ဒို့ဗမာအစည်းအရုံး"တ္တိ ဒေသဝေါဟာ ရေန ဝေါဟရိတာယ မရမ္မသာမဂ္ဂိသမိတိယာ သမုဋ္ဌာပိယမာနာယ "သာမိကာ (သခင်မ)"တ္တိ ဝိသေသနာမံ ဂဟေတွာ မူလနာမေန သမ္ဗိဿံ ကတွာ **"သခင်မ မသိန်းတင်"**တ္တိ နာမေန သကလရဋ္ဌဟိတကိစ္စေ ယုတ္တပယုတ္တာ အဟောသိ။ **"ရေနံမြေသပိတ်"**တ္တိ ဝေါဟရိတေ ကမ္မကာရကာနံ ဆန္ဒဝိညာပနကမ္မေ ပုရတော ဟုတွာ ရဋ္ဌဝါသီနံ ဆန္ဒံ ဝိညာပေသိ။

သာ ဟိ တေန ကာရဏေန ရာဇူဟိ ဗန္ဓာပိတာ ဟုတွာ တဒါ ဗန္ဓာပိတာနံ တိဿန္နံ ဣတ္ထီနံ အညတရာ အဟောသိ။ တီသု ဗန္ဓနာဂါရေသု ဝါရေန သင်္ကမာပေတွာ ပက္ခိပိတွာ အနေကကဋ္ဌတ္တံ ရဋ္ဌိဿရေဟိ ဗန္ဓာပိတာ။

အိန္ဒိယရဋ္ဌေ တံရဋ္ဌိကာနံ အဓိပတိဘူတော 'မဟတ္တမဂန္ဓိ'နာမကော ကုလဂါမဏိကော စေဝ 'ဂျဝါဟလာ နေရူး' တ္တိ နာမကော မဟာမတ္တော စ တဿ ဓီတာ 'အင်ဒီရာဂန္ဓီ'တ္တိ နာမိကာ ကုလဇေဋ္ဌိကာ စ တ္တမံ သခင်မကြီး ဒေါ်သိန်းတင်နာမိကံ ဥပါသိကံ ပုပ္ဖဒါမေန အလင်္ကရိတွာ သကရဋ္ဌဟိတာဝဟ-သူရိတ္တိဘာဝေန ပူဇေသုံ။

သာ အပရဘာဂေ **'သခင်သင်'** နာမကဿ ရဋ္ဌဟိတကိစ္စေသု သဟာယ-ဘူတဿ ဂေဟံ ဂန္တွာ တေန သဒ္ဓိံ သံဝါသံ ပဋိစ္စ ပုတ္တာဓိတရေဟိ သံဝဍ္ဎိ။ တတော ပရံ ၁၃၁၀ မရမ္မဝဿေ **'ဂျမ်းကလေး'**တ္တိ နာမိကာ ဇေဋ္ဌဓီတာ မရဏဝသံ ပတ္တာ၊ ၁၃၁၁ မရမ္မဝဿေ **'သခင်သင်'**တ္တိ နာမကော တဿာ သာမိကော စေဝ **'ဖိုးထောင်'**တ္တိ နာမကော **'အောင်သိန်းဌေး'**

အပရန္တာမမေယျော တံပုတ္တော စ ပုဗ္ဗာပရိယာ ဟုတ္ဂာ မရဏာဝသံ ပါပုဏိံသု။ သာ ဧကိကာ ဝိမ္ဓဝါ ဟုတ္ဂာ မူမဝင္ဍာနံ သုပ္ပံ သီသေန ဝဟိတ္ဂာ မူမဝင္ဍေ ဝိက္ကိဏန္တီ ဇီဝိကံ ကပ္ပေသိ။ တတော ပရံ မဟုဿာဟေန မူမဝင္ဍကမ္မဿာလံ သမုဋ္ဌာပေတွာ ပဋ္ဌသတကမ္မကာရကေဟိ 'နဝင်းကျိုးငှက်'က္ကတိ လည္ဍိတော မူမဝင္ဍေ ကတ္ဂာ ဝိက္ကိဏန္တီ မနဝန္တီ ကုမ္ဘုမ္ဗိကာ ဇာတာ။

မရမ္မရဋ္ဌ် ပန တာယ ရဋ္ဌဟိတကိစ္စကတာယ ဆဗ္ဗိသတိဝဿဇာတာယ ပရရဋ္ဌိယာနံ ဟတ္ထတော မုတ္တံ။ တဒါ သာ စတုစတ္တာလီသဝဿဇာတိကာ ဟုတ္ဂာ ဗုဒ္ဓသာသနံ ပဂ္ဂဏှိတုံ အာရဘိ။ တသ္မိံ ကာလေ ပြည်နဂရေ နဝင်းပဒေသေ ပဥ္စမုခစေတိယဋ္ဌာနဘူတေ ပဥ္စမုခဝိဟာရေ **ဘဒ္ဒန္တဥက္ကံသမဟာထေရော** ဝါသံ ကပ္ပေသိ ဧတေန အန္တေဝါသိကဘူတေန ဝုမ္ဗပဗ္ဗဇိတေန သဒ္ဓိံ။ သော ထေရော မရဏာသန္နကာလေ တံ ပဥ္စမုခဝိဟာရံ တံဝိဟာရဒါယိကာဘူတာယ ဗဟူနံ နာဂရိကာနံ ပစ္စယိကာယ **'သခင်မကြီး ဒေါ်သိန်းတင်'**က္ကတိ ဝိဿုတာယ မဟာဥပါသိကာယ သစ္စာပနပဏ္ဏေဟိ သဒ္ဓိံ နိယျာတေသိ။

သာ ဟိ တတော ပဋ္ဌာယ အတ္တာနံ ပုဗ္ဗဂ်မံ ကတ္ဂာ မူမဝင္ဍသမ္ဘာရဝါဏိဇေဟိ မူမဝင္ဍကမ္မကာရကေ စ သမုဿာဟေတွာ ဗဟူနံ ဗလေန ပဥ္စမုခဝိဟာရံ ပဋိသင်္ခရဏံ အကာသိ။ ၁၃၀၉ မရမ္မဝဿေ ပန တံအာရာမဿ မဇ္ဈိမံ မဟာဝိဟာရံ က္ကဋ္ဌကာမယံ ကာရေသိ၊ တဒါတနမူလေန သတသဟဿကဟာ-ပဏာပရိစ္စာဂေန။

တတော သာ ရဋ္ဌဟိတကိစ္စကရဏကာလေ သဟာယဘူတဿ ဝိသာနုရက္ခိတ**ရွှေမျက်မှန်ဆရာတော်**က္ကတိ ဝိဿုတဿ စစ်ကိုင်းပဗ္ဗတေ ကျစ္စာပဗ္ဗာရေ နာယကဘူတဿ **ဘဒ္ဒန္တဝိဇယမဟာထေရဿ** (၁၂၅၀-၁၃၂၉) သန္တိကံ ဒူတံ ပဟိဏိတ္ဂာ ပုဗ္ဗေ သယံ ရဋ္ဌဟိတကိစ္စကရဏကာလေ အညာတကဝေသေန ဝသိတဋ္ဌာနေ ပြင်ဦးလွင်နဂရေ ဝိသုဒ္ဓါရုံရွှေကျောင်မဟာဝိဟာရဿ ပမာနနာယကဘာဝေန ဝသန္တံ ဗာရာဏသီဆရာတော်က္ကတိ အဘိညာတံ **ဘဒ္ဒန္တအာနန္ဒပဏ္ဍိတမဟာထေရံ** နိမန္တယိတုံ သံဝိဒဟိ။

တသ္မိံ ပန ကာလေ ဗာရာဏသီထေရော မန္တလေးနဂရဿ ပစ္ဆိပဒေသေ

နဝမဟာဝိသုဒ္ဓါရာမေ စည်ရှင်ဒေါင်းနိုး ဣဋ္ဌကာလယေ စတုန္နံ စည်ရှင်နာယက ထေရာနံ အညတရော ဟုတွာ ဝိဟာသိ။

ရွှေကျင်နိကာယသကလဂဏာဓိရာဇဟနာယကဘာဝေန စေဝ သကလရွှေကျင်နိကာယဓုရဋ္ဌာနဘူတေ မဟာဝိသုဒ္ဓါရာမေ ပါဠိတက္ကသီလ-သင်္ဂါတဝိဿုဝိဇ္ဇာလယဿ ပဋ္ဌိနိမိပုဂ္ဂလဘာဝေန စ ဆဋ္ဌသံဂါယနသမိတိယံ ပါဠိပဋိဝိသောဓကဘာဝေန စ ဓမ္မပဋိသံယုတ္တကိစ္စာနိ ကရောန္တော သော ထေရော နဝမရွှေကျင်နိကာယာဓိပတိဘူတေန စံကင်းမဟာထေရေန စေဝ အနာဂတေ ရွှေကျင်နိကာယာဓိပတိဘာဝိနာ မြောင်းမြမဟာထေရေန စ အနုညာတော ဟုတွာ ဣမံ ပဋ္ဌမဓမဟာဝိဟာရံ အဇ္ဈာဝသိတုံ သမ္ပဋိစ္ဆိ။

## ထေရပ္ပဝတ္တိကထာ

ဣမဿ ပန ဌာနေ ဗာရာဏသိမဟာထေရဿ ဥပ္ပတ္တိ သင်္ခေပေန ဧဝံ ဝေဒိတဗ္ဗာ-

သော ဟိ မကွေးဇနပဒေ အောင်လံနဂရေ **'ဇီနုံ'**ဣတိ သညိတဂါမေ **ဦးစံထူး+ဒေါ်ဒေါ်ဆေး**ဣတိ နာမိကေဟိ မာတာပိတူဟိ ၁၂၆၄ မရမ္မဝဿေ အာသဠ်ပုဏ္ဏမေ သူရဝါရေ ပုဗ္ဗဏှသမယေ ပုရာရုဏော တိယဋ္ဌိကကာလေ ဇာတော အဟောသိ၊ ဒသန္နံ ပုတ္တဓီတာနံ တတိယပုတ္တော ဟုတွာ နာမေန **'မောင်ကျော်ရှိ'**ဣတိ ပညာယိ။ ၁၂၇၄ မရမ္မဝဿေ ဇီနုံဂါမဿ ဓုရဝိဟာရေ တံဝိဟာရာဓိပတိနော **ဘဒ္ဒန္တသုန္ဒရထေရဿ** သန္တိကေ သိပ္ပံ အသိက္ခိ။ ၁၂၇၇ မရမ္မဝဿေ တဿ မာတုလော **ဘဒ္ဒန္တကုဏ္ဍလာဘိဝံသထေရော** တောင်ငူနဂရေ **'ဝိသုဒ္ဓါရုံ သိမ်ဦး'**ဣတိ ပါကဋဿ မဟာဝိဟာရဿ ပဓာနနာယကဘူတော **'မောင်ကျော်ရှိ'** ဣတိ နာမကံ အတ္တနော ဘာဂိနေယျ-ကုမာရံ မန္တလေးနဂရေ နဝမဟာဝိသုဒ္ဓါရာမေ ဝသန္တဿ စည်ရှင်ဆရာတော် ဣတိ ပညာတဿ ရွှေကျင်နိကာယဥပဥက္ကဋ္ဌဘူတဿ ဘဒ္ဒန္တကောသလ္လာဘိဝံသမဟာထေရဿ သန္တိကံ ပါပေသိ ဗုဒ္ဓဝစနံ ပရိယာပုဏိတုံ။

## ပဗ္ဗဇ္ဇူပသမ္ပဒကထာ

သော ပန **'မောင်ကျော်ရှိ'** ဣတိ ပါကဋော ဒဟရကုမာရော သာမဏေရဘာဝံ ဥပါဂမိ ၁၂၈၀ မရမ္မဝဿေ၊ တတော ၁၂၈၄ မရမ္မဝဿေ အာသဠှိယာ သုက္ကပက္ခဿ တေရသမေ ဂုရုဝါရေ ပုဗ္ဗဏှသမယေ နဝဃဋိကာယံ စတ္တာလီသပီဇနောကာလေ မန္တလေးနဂရေ နဝဝိသုဒ္ဓါရာမေ ခဏ္ဍသီမာယံ တတိယရွှေကျင်နိကာယာဓိပတိဘူတံ **ဒီပဲယင်း** မဟာထေရံ ဥပဇ္ဈာယံ ကတွာ အလဘိ ဥပသမ္ပဒံ နမ္မတူနဂရေ 'ဘားမားမိုင်း ကန်ထရိုက်တာ'ဣတိ သကမ္မုနာ ပညာတေန **ဦးအကောင်းရှုတ်**ဥပါသကေန သဟ ဘရိယာယ **ဒေါ်ဒေါ်သွယ်** ဥပါသိကာယ ပစ္စယေဟိ ပဂ္ဂဟိတော။ ဒဟရကာလတော ပဋ္ဌာယ တံသိက္ခာပကော အာစရိယော စည်ရှင်မဟာထေရော တဿ **'အာနန္ဒပဏ္ဍိတော'** တိနာမံ အကာရိ။

## ဓမ္မုဂ္ဂဟကထာ

သော ဟိ အာနန္ဒပဏ္ဍိတော ဘိက္ခု ဒဟရကာလတော ပဋ္ဌာယ မန္တလေးနဂရေ နဝမဟာဝိသုဒ္ဓါရာမေ ဝသန္တာနံ **စည်ရှင်ဆရာတော်, စံကင်းဆရာတော်, အဘယာရာမဆရာတော်, ဖိုးပင်ဆရာတော်, ဣတိပါကဋာနံ** အဘိညာတာနံ မဟာထေရာနံ သန္တိကေ စေဝ ပခုက္ကူနဂရေ မဟာဝိသုတာရာမေ ဝသန္တာနံ **ဘဒ္ဒန္တသုန္ဒရမဟာထေရ ဘဒ္ဒန္တနန္ဒဝံသ** မဟာထေရ **ဘဒ္ဒန္တကောဏ္ဍညမဟာထေရ**သင်္ခါတာနံ အဘိပါကဋာနံ မဟာထေရာနံ သန္တိကေ စ ဥဂ္ဂဏှိတွာ ပိဋကေသု စေဝ ဂန္ထန္တရေသု စ ပဏ္ဍိဘာဝမုပဂတော။

ပဉ္စာဗျာကရဏသဘာသု စ တေန ဇယပုပ္ဖါနိ ပိဠန္ဓိတာနိ၊ ၁၂၈၀ မရမ္မဝဿေ ဒဟရကုမာရဘာဝေန ပထမငယ်ဣတိ သင်္ခါတေ ပဉ္စာဗျာကရဏေ စေဝ ၁၂၈၁ မရမ္မဝဿေ ပထမလတ်ဣတိသင်္ခါတေ ပဉ္စာဗျာကရဏေ စ ဇယပုပ္ဖံ ပိဠန္ဓိ၊ တတော ၁၂၈၅ မရမ္မဝဿေ ပဉ္စာဗျာကရဏံ နိဿာယ **“ဝိသုဒ္ဓါရုံဝံသာလင်္ကာရသဒ္ဓမ္မပါလပဏ္ဍိတဓဇ ပထမကျော်”** ဥပါဓိံ စေဝ

၁၂၈၇ မရမ္မဝသေ သာဝတ္တိနဂရေ ပုညဝၶနသမိတိယာ ကတေ ပဥ္စာဗျာ-ကရဏေ **"ပထမကျော်"** ဥပါဓိံ စ ၁၂၉၁ မရမ္မဝသေ မန္တလေးနဂရေ ကတာယ သက္ကျသီဟသမိတိပဥ္စာဗျာကရဏသဘာယ **"ပရိယတ္တိသာသန ဟိတဓမ္မာစရိယ"**ဥပါဓိံ ဒုတိယဋ္ဌာနိကဘာဝေန စ ၁၂၉၅ မရမ္မဝသေ ရဋ္ဌိယသရေဟိ ကတာယ ပထမပြန် ပဥ္စာဗျာကရဏသဘာယ **'ပထမကျော်'** တ္ကတိ ဥပါဓိံ စ အလဘိ။

သော ပန ထေရော ၁၂၉၃ မရမ္မဝသေ **မြင်ဦးလွင်**နဂရေ **မေမြို့**က္ကတိ အပရနာမဓေယျေ ဝိသုဒ္ဓါရုံရွှေကျောင်မဟာဝိဟာရံ ပဓာနနာယကဘာဝေန အဇ္ဈာဝသိ၊ ပစ္ဆာ ပန တံ ဝိဟာရံ ကနိဋ္ဌဘာတိကထေရဿ **ဘဒ္ဒန္တမဟောသဓ-ပဏ္ဍိတာဘိဝံသဿ** အဂ္ဂမဟာပဏ္ဍိတောတိ ဥပါဓိလာဘိနော နိယျာဒေသိ။

## ရဋ္ဌန္တရဂမနံ

၁၃၀၂ မရမ္မဝသေ ရန်ကုန်နဂရေ အရိယဓမ္မသမိတိယာ အနုဂ္ဂဟံ ဥပနိဿာယ ဘာရတရဋ္ဌေ အိန္ဒိယက္ကတိ အပရနာမဓေယျေ ဂန္ဓာ ဗာရာဏ-သိနဂရေ ဘီ. အိပ်ချ်. ယူ (BHU) က္ကတိ အပရနာမဓေယျေန ပညာတေ ဗာရာဏသိဟိန္ဒူဝိဿဝိဇ္ဇာလယေ သိပ္ပံ သိက္ခိတွာ "အာစရိယော"တိ သင်္ခါတံ မဟာဝိဇ္ဇာဥပါဓိံ အလဘိ။ သော အိန္ဒိယရဋ္ဌေ ဆဗ္ဗဿာနိ ဝသိ သကလလောကေ ဒုတိယုပ္ပန္နယုဒ္ဓေန အဘိဘူတေ၊ တသ္မိံ ကာလေ သော ထေရော ၁၃၀၄ မရမ္မဝသေ "အဝ"က္ကတိ သညိတေ ဒီပကေ က္ကဒါနိ ဘင်္ဂလဒေသရဋ္ဌပရိယာပန္နေ ပဒေသေ သိမ်တောင်ဂါမေ သီမာသမ္မုတိကမ္မံ အကာသိ သဒ္ဓိံ ဘိက္ခုသံဃေန။

သကလလောကံ အဘိဘဝိတွာ ဥပ္ပန္နေ ဒုတိယေ ယုဒ္ဓေ ဝူပသမေ ၁၃၀၈ မရမ္မဝသေ သဇာတိဘူမိဘူတံ မရမ္မရဋ္ဌံ ပစ္စာဂမိ။ တသ္မိံ ပန ကာလေ သော ထေရော **"ဗာရာဏသိအာစရိယော"**တိ ပညာယိ အာစရိယဿ စည်ရှင်မဟာထေရဿ ဝစနမုပါဒါယ။

## နိကာယဘာရနိတ္ထာရဏံ

၁၃၁၀ မရမ္မဝဿေ စံကင်းမဟာထေရဿ ဩဝါဒံ ဂရုံ ကတွာ မန္တလေးနဂရေ နဝမဟာဝိသုဒ္ဓါရာမေ စည်ရှင် ဒေါင်းရိုးကျွန္ဒကာလယေ နာယကဘာဝေန ဝသိ၊ ၁၃၁၂ မရမ္မဝဿေ နဝမဟာဝိသုဒ္ဓါရာမေ ဝသန္တော ရွှေကျင်နိကာယ =သကလဂဏပမာနဘာရနိတ္ထာရကဘာဝေန နိကာယကိစ္စံ ဝဟိတွာ ၁၃၃၇ မရမ္မဝဿေ တံဘာရာ မုတ္တော နိက္ခိတ္တဓုရော ဟုတွာ ဝိဟာသိ။

၁၃၁၅ မရက်ာဝဿေ ပန သော ရွှေကျင်နိကာယာဓိပတိထေရေန ပဟိတော သီရိလင်္ကဒီပရဋ္ဌံ ဂန္တွာ ကောလမ္ဗနဂရေ မဟာဝိသုဒ္ဓါရာမေ ဝသန္တဿ နာယကတ္ထေရဿ "သီရိလင်္ကာရွှေကျင်နိကာယမဟာနာယကော" တိ ဌာနန္တရနာမလဒ္ဓံ အဒါသိ ရွှေကျင်နိကာယဂဏကိစ္စံ ဝဟန္တော။

## ဝိသုဒ္ဓါရုံဗာရာဏသီ ဝိဟာရသမုဋ္ဌာပနာ

ဗာရာဏသီမဟာထေရော ပြည်နဂရံ ဂန္တွာ သဒ္ဓိံ ဒွိဟိ စေဝ ဂဏဝါစကထေရေဟိ စတုဝီသတိယာ စ သောတုဇနဘိက္ခုသာမဏေရေဟိ ပဉ္စဟိ စ ကပ္ပိယကာရကကုမာရေဟိ ၁၃၂၀ မရမ္မဝဿေ အာသဠှိယာ သုက္ကပက္ခဿ တေရသမေ သုက္ကဝါရေ ပရိယတ္တိမဟာဝိဇ္ဇာလယံ သမုဋ္ဌာပေတုံ အာရဘိ၊ တဒါ ပဉ္စမုခဝိဟာရဿ မူလနာမံ ပဟာယ ဌာနျူပစာရေန ဂုဏဝိသေသနာမံ ဂဟေတွာ တံ ဝိဟာရံ **"ဝိသုဒ္ဓါရုံ ဗာရာဏသီမဟာဝိဟာရော"**တိ သမ္မန္နိ။ ၁၃၂၀ မရမ္မဝဿေ မာဂသိရဿ သုက္ကပက္ခေ စာတုဒ္ဒသိယံ သူရဝါရေ ဝိဟာရမဟံ ကာရေသိ။

## ဝိဟာရဒါယိကာယ ဂုဏသူစနာ

တတော ပဋ္ဌာယ တံဝိဟာရဒါယိကာ မဟာဥပါသိကာ တံအာရာမဿ မဇ္ဈေ ဒွိဘူမိကကုဋ္ဌကာလယသီမာ စေဝ သယနာကာရဗုဒ္ဓပဋိမာ အန္တောပူဇိတာ ဂန္ဓကုဋိသာလာ စ တိဘူမိကသီရိထေရဝိမာနံ စ တိဘူမိကာ မနောရဉ္ဇိတမမ္ဘ-

သာလာ စ ဒွိဘူမိကမ္မောစရိယက္ကဌကာလယေ စ ဒွိဘူမိကဘောဇနသာလာ စ ဒွိဘူမိကမဟာဗကုလသာလာ စ ဒွိဘူမိကဇနသာလာ စ က္ကဌကာမယဥဒကဌာနံ စ သံဃဿ အတ္ထာယ ဆဂဗ္ဘကုဋိ စ ဂိဟီနံ အတ္ထာယ စတုဂဗ္ဘဝစ္စကုဋိ စ က္ကဌကစင်္ကမာနိ စ က္ကဌကပါကာရံ စ ကာရေတွာ အဒါသိ။

ဒေဝသိကံ စ သံဃဿ ဘတ္တံ အဒါသိ၊ ကာလေန ကာလံ ပရိက္ခာရံ ဒတွာ ဒါရကေ ပဗ္ဗဇ္ဇံ စေဝ ဥပသမ္ပဒံ စ အကာသေိ၊ အနုသံဝစ္ဆရံ စ ဝဿာဝါသိကစီဝရာနိ စေဝ ကထိနစီဝရာနိ စ အဒါသိ၊ ဓမ္မဂ္ဂန္ထာနံ စ ကပ္ပိယကာရကဒါရကာနံ ဝတ္ထာနိ အဒါသိ၊ မဟာဝိဟာရေ က္ကဋ္ဌိတိဋ္ဌိတာနိ သေနာသနပရိဘောဂါနိ စေဝ ဘေသဇ္ဇသပ္ပါယဘောဇနာနိ စ သဃမေဝ ဥဿုက္ကံ ကတွာ ဒါပေသိ။

**'သခင်မကြီး ဒေါ်သိန်းတင်'**က္ကတိ ဝိဿုတာ မဟာဥပါသိကာ ဗလေန ရဋ္ဌံ ဂဏ္ဍာနံ က္ကသရာနံ တော်လှန်ရေးအစိုးရ က္ကတိ ဝေါဟရိတာနံ ကာလေ **"ဝဏ္ဏကျော်ထင် (မော်ကွန်းဝင် ပဌမဆင့်)"** ဥပါဓိ စေဝ "သဗ္ဗံ မနံ ရဋ္ဌသန္တကံ ကာတဗ္ဗ"န္တိ ဝါဒီနံ က္ကသရာနံ ဆိုရှယ်လစ်အစိုးရက္ကတိ ဝေါဟရိတာနံ ကာလေ **"နိုင်ငံ့ဂုဏ်ရည် (ဒုတိယဆင့်)"** ဥပါဓိ စ အလဘိ၊ ပြည်နာဂရိကာနံ ပဋ္ဌိနိမိဘာဝေန သန္တာဂါရေ အမစ္စဘူတာ ရဋ္ဌကိစ္စမကာသိ။

သာ နဝသတ္တတိဝဿာယုကကာလေ ဗာဋ္ဌဂိလာနာ ဟုတွာ ရန်ကုန်နဂရေ ရဋ္ဌိကကိစ္စာသာလာယံ ဟဒယရောဂဝိသေသတိကိစ္ဆာဌာနေ ဝဋ္ဋေဟိ ဥပဋ္ဌိတာပိ ၁၃၄၅ မရမ္မဝဿေ မာဂသိရဿ ကဏှပက္ခေ ပဥ္စမေ သနိဝါရေ သာယဏှသမယေ ဆယဋ္ဌိကာယံ ဝိသတိမိနိတဘာဂေ ဝိတိဝတ္တေ မရဏာဝသံ ပတ္တာ။ တဿာ သရီရံ ပြည်နဂရေ 'ကန်သာဦး'သုသာနေ ထူပံ ကတွာ နိက္ခိပိ မာဂသိရကဏှပက္ခဿ နဝမဒိဝသေတိ။

တတော ပရံ ပန တဿာ မဟာဥပါသိကာယ ဉာတိဘူတာ **ဒေါ်အမာ**က္ကတိ နာမိကာ ဒါယိကာ သံယုပဋ္ဌာယိကာ အဟောသိ။ သာ ကောမာရဗြဟ္မစာရိနီ သမဉာတာ ဒွိဘူမိကသာလာ စေဝ မဟာထေရဝိမာနံ စ ကာရာပေတွာ အဒါသိ။ မဟာဥပါသိကာယ ဌာနေ ဌတွာ သံဃဿ ဘတ္တံ

ဒတွာ သံဃဝေယျာဝစ္စမကာသိ။ သာ အဋ္ဌသတ္တတိဝဿာယုကကာလေ ၁၃၅၄ မရမ္မဝဿေ မာဂသိရဿ သုက္ကပက္ခေ ဒိဝသေ စန္ဒဝါရေ မဇ္ဈန္ဟိကသမယဿ ဒွေဃဋိကာယံ မစ္စုဝသံ ဂတော။

## မဟာထေရဂုဏသူစနာ

ဗာရာဏသီမဟာထေရော ပန ၁၃၃၂ မရမ္မဝဿတော ပဋ္ဌာယ ပြည်သရက်သာယာဝတီသင်္ခါတေ တိဇနပဒေသေ သကလရွှေကျင်နိကာယ သံဃံ သမဂ္ဂံ ကတွာ “ရွှေကျင်နိကာယဝိနယဘာဏကာနံ သတံ” သံဝိဒဟိ။ ၁၃၃၇ မရမ္မဝဿေ “ရွှေကျင်နိကာယဂဏ္ဌာနုပါလကသဟာဇေ” အညတရော အဟောသိ၊ ၁၃၄၂ မရမ္မဝဿေ ပန သကလဂဏသံဃသမိတိ ဆသဋ္ဌိယာ ထေရေသု ဥစ္စိနိတေသု ပရိယာပန္နာနံ ပဉ္စန္နံ ရွှေကျင်နိကာယထေရာနံ အညတရော အဟောသိ။

တတော ပန သော မဟာထေရော ရဋ္ဌိကသံဃမဟာနာယကသမာဇေ ဒုတိယဥက္ကဋ္ဌဘာဝေန သံဃကိစ္စမကာသိ၊ ပြည်နဂရေ ရွှေဆံတော် စေတိယဂေါပကာနံ ဩဝါဒါစရိယော ဟုတွာ သာသနိကဘာရံ ဝဟိ။

၁၃၄၃ မရမ္မဝဿေ ဆသု ရဋ္ဌေသု ထိုင်း, မလေးရှား, စင်ကာပူ, နီပေါ, သီရိလင်္ကာ, အိန္ဒိယသင်္ခါတေသု စာရိကံ အစရိ ဓမ္မံ ဒေသေတုံ။ ၁၃၄၂ မရမ္မဝဿေ ပန တောင်ငူနဂရေ ဝိသုဒ္ဓါရုံမြို့ထောင့်ဝိဟာရေ ကတေ ရွှေကျင်နိကာယသကလဂဏသန္နိပါတေ တံ မဟာထေရံ **“ရွှေကျင်နိကာယဥပဥက္ကဋ္ဌ”** ဌာနန္တရေန မာနေသုံ။

၁၃၄၁ မရမ္မဝဿေ ဇေဋ္ဌမာသဿ ကဏှပက္ခေ ဒသမေ အင်္ဂါဝါရေ ရန်ကုန်နဂရေ **“ရှစ်မိုင် မစိုးရိမ်”**ဣတိ ဝိဿုတဿ အာရာမဿ ပဓာနနာယကဘူတော **ဘဒ္ဒန္တဇေယျ**သေနထေရော တံအာရာမံ စတုန္နံ မဟာထေရာနံ နိယျာတေတွာ တေသံ ဘာရမကာသိ၊ တေသု စတူသု မဟာထေရေသု ဗာရာဏသီမဟာထေရော အညတရော အဟောသိ။

ဗာရာဏသီမဟာထေရ်ရဲ ပန မရမ္မရဍ္ဍိသဿရော ၁၃၄၂ မရမ္မဝသေ **'အဂ္ဂမဟာပဏ္ဍိတော'**တိ ဥပါဓိနာ စေဝ ၁၃၅၂ မရမ္မဝသေ **'အဘိဓဇမဟာရဋ္ဌ ဂုရု'**တိ ဥပါဓိနာ စ အပူဇေသုံ၊ မဟာထေရေန ပန ဂန္ထကာရကေန သုတဝမ္ဘကာ နာနာဂန္ထာ ရစိတာ ပါဠိရဝဒပ္ပဏတောလကင္ကာဟနိဿယ ဓွေကျောင်နိကာယဝံသ ဒီပိကာဂ္ဂတျာဒိ။ တထာ ဝိသုဒ္ဓါရုံပိဋ္ကအဘိဓာနဿ ဝိညာပနနိဒါနံ ပါဠိဘာသာယ ဝိရစိ။ တိပိဋကပါဠိမြန်မာအဘိဓာနဂန္ထေ ပန ဒဿိတာ 'ဆိဒ္ဒ'ပဒပဋိသံယုတ္တာ သက္ကဋ္ဌဂန္ထေသု အာဂတာ သံဝဏ္ဏနာယော ဥဒ္ဓရိတွာ တဿ ပဒဿ အတ္ထော ပါကဋိကတော'တိ။

## ဒိဝင်္ဂတဘာဝသူစနာ

ဗာရာဏသီမဟာထေရော ဟိ အသမ္ဘိန္နဓွေကျောင်နိကာယဝံသေ ဇာတော ဟုတွာ ယာဝဇီဝံ ဓွေကျောင်နိကာယဘာရံ မဟုဿာဟေန ဝဟန္တော ဝိနယဂရုကသိက္ခာကာမလဇ္ဇီပေသလဘာဝေန သာသနေ စေဝ သနိကာယေ စ အဘိပါကဋော ဂရုဘာဝနိယာဒိဂုဏေဟိ သမန္နာဂတော အဟောသိ၊ သကာရာမေ ဝသန္တေ သိဿာနုသိဿေ စ ဝိနယဂရုကေ ကတွာ ဓွေကျောင်နိကာယဓမ္မုပဒေသေ မာနေသိ။

တသ္မိံ ဟိ မဟာဝိဟာရေ ဘိက္ခုသာမဏေရာ သာယန္ဟသမယေ စေဝ ပုရာရုဏသမယေ စ ဒွိက္ခတ္တုံ ဗုဒ္ဓဝန္ဒနံ ကရောန္တိ၊ ဒေဝသိကံ စ ပုဗ္ဗဏှသမယေ နေသဇ္ဇိကမုတင်္ဂ သမာဒိယန္တိ။ တသ္မာ တံဝိဟာရုပဒေသဿ ပသတ္ထဘာဝေါ သုန္ဒရဘာဝေါ ပါကဋော အဟောသိ။ တသ္မိံ ဝိဟာရေ ဓွေကျောင်နိကာယဝိနယဘာဏကသဘာပိ အနုသံဝစ္ဆရံ ကတာ'တိ။

## သိဿာနုသိဿသူစနာ

ဗာရာဏသီမဟာထေရေ ပန ဒိဝင်္ဂတေ တဿ ဇေဋ္ဌကသိဿဘူတော ၁၃၂၆ မရမ္မဝဿတော ပဋ္ဌာယ **'တိုက်အုပ်ဆရာတော်'**က္ကတိ ဝေါဟာရိတော ဂဏပါလကော အဂ္ဂမဟာပဏ္ဍိတောတိ ဥပါဓိလာဘီ **'ဘဒ္ဒန္တဝိစိတ္တစာရ'**

ထေရော တံ ဝိသုဒ္ဓါရုံဗာရာဏသီမဟာဝိဟာရံ ပမာနနာယကော ဟုတွာ အဇ္ဈာဝသိ။ သောပိ ထေရော အာစရိယုပဒေသေ ဌတွာ သိဿဂဏံ ပရိဏေန္တော ၁၃၆၁ မရမ္မဝဿေ ဒိဝင်္ဂတော။

ဒုတိယေ ပန တံဝိဟာရပမာနနာယကေ ဒိဝင်္ဂတေ အာရာမသမု- ဋ္ဌာပကမဟာထေရဿ ကာလေ ဂဏာသံဝိဓာယကဌာနန္တရိကော **'တိုက်ကြပ် ဆရာတော်'**က္ကတိ ပညာတော **'ဘဒ္ဒန္တနာဂဝံသ'**ထေရော အဂ္ဂမဟာပဏ္ဍိ တောတိ ဥပါဓိလာဘီ တံဝိဟာရဿ တတိယော ပမာနနာယကော အဟောသိ။ တသ္မိံ ပန ကာလေ ဥပဂဏာသံဝိဓာယကဌာနန္တရိကော 'တွဲဖက်တိုက်ကြပ် ဆရာတော်'က္ကတိ ဝေါဟရိတော **'ဘဒ္ဒန္တနန္ဒောဘာသာဘိဝံသ'**ထေရော တိသု သကျသီဟစေတိယင်္ဂဏရဋ္ဌိဿရသဓ်ါတေဟိ ပုစ္ဆကသဘာသမာဇေဟိ ကတေသု ပဥ္စဗျာကရဏေသု ဓမ္မာစရိယောတိ ဥပါဓိလာဘီ စေဝ ရဋ္ဌိဿရိယေဟိ ပူဇိတော အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတောတိ ဥပါဓိလာဘီ စ တံမဟာဝိဟာရံ **'တိုက်အုပ်ဆရာတော်'**က္ကတိ ဝေါဟရိတေန ဂဏာပါလက- ဘာဝေန အဇ္ဈာဝသတိ။

က္ကမေ ဟိ ထေရာ ၁၃၆၁ မရမ္မဝဿတော ပဋ္ဌာယ အာစရိယ- ပါစရိယထေရာနံ ဥပဒေသာနုသာရိနော ဟုတွာ တံ ဝိဟာရံ အဇ္ဈာဝသန္တိ၊ အယံ ဟိ ဝိသုဒ္ဓါရုံဗာရာဏသီမဟာဝိဟာရော ၁၃၂၁ မရမ္မဝဿေ အာသဠှိမာသဿ ဇုဏှပက္ခေ တေရသမေ သုက္ကဝါရေ သမုဋ္ဌာပိတော ဟုတွာ က္ကမသ္မိံ ၁၃၇၁ မရမ္မသံဝစ္ဆရေ အာသဠှိယာ ဇုဏှပက္ခေ တေရသမေ သနိဝါရေ 'ရွှေရတု'က္ကတိ အဝှနာဝေါဟရိတံ သမပညာသသံဝစ္ဆရံ သမ္ပာ ပုဏိ'တိ။

**စိရဿံ တိဋ္ဌတံ အယံ၊ သဒ္ဓမ္မဿ သုဇောတကော။**
**သုပေသလာန မာဝါသော၊ ဗဟူနံ ဟိတမာဝဟော။**
**က္ကတိ သိဒ္ဓိရတ္ထု။**

⌘ ⌘ ⌘

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်၊ အဘိဓမ္မာမဟာသိပ္ပံတို့၏ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသမှ ပြည်မြို့ ဝိသုဒ္ဓါရုံဗာရာဏသီတိုက် နှစ်(၅၀)ပြည့် "ရွှေရတု သမိုင်းမော်ကွန်း ကျောက်စာ"ကို မြန်မာဘာသာမှ ပါဠိဘာသာသို့ ပြန်ဆိုရေးသားချီးမြှင့်တော်မူသည်။

၁၃၇၁-ခုနှစ်

(ပြည်မြို့၊ နဝင်းရပ်၊ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်၊ နှစ်(၅၀)ပြည့်
ရွှေရတုအထိမ်းအမှတ် မဂ္ဂဇင်းမှ)

ရန်ကုန်မဟာပဒေသေ ပုဇ္ဇန်တောင်နဂရေ ရွှေကျင် အာရာမိကာဓိပတိဘူတဿ

**သပြေကန်ဆရာတော် ဣတိ ဝိဿုတဿ ဝါသေဋ္ဌာဘိဝံသ မဟာထေရဿ**

# အဋ္ဌုပ္ပတ္တိ ဝိဘာဝနာ

**အဋ္ဌုပ္ပတ္တိ နိဝေဒေမိ၊ ပိဋကတ္တယဝေဒိနော။**
**နိရုတ္တိယံ သုဗျတ္တဿ၊ ထေရဿ မမ္ဗကေတုနော။**

အမှာကံ ဟိ မရမ္မရဋ္ဌေ ဗဟူ ဂန္ထန္တရဂ္ဂေဟောဂါဟသမတ္ထာ ပညာဝေယျတ္တိ-သမန္နာဂတာ တိပိဋကပရိယတ္တိမဂ္ဂေ သာဋ္ဌကထေ အပ္ပဋိဟတဉာဏပ္ပဘာဝါ မဟာဝေယျာကရဏိကာ မဟာထေရာ သမ္ဘဝိံသု။ တေသံ မဟာထေရာနံ သမ္ပတိကာလေ အတိဝ ပသတ္ထော ပုဇ္ဇန်တောင် ရွှေကျင်အာရာမိကာ-ဓိပတိဘူတော **သပြေကန်ဆရာတော်** ဣတိ ဝိဿုတော မဟာထေရော အညတရော အဟောသိ။

## ဥပပတ္တိဝိဘာဝနာ

"သကသကကမ္မာနုဘာဝေန သတ္တာ တေသု တေသု ဘဝေသု ဇာယန္တိ"၊ ပုညကမ္မေန ပန ဒုလ္လဘံ မနုဿတ္တံ လဘန္တိ၊ အယံ ပန မဟာထေရော အတ္တနော ပုညကမ္မာနုဘာဝေန မနုဿေသု ဇာတော၊ ရန်ကုန်မဟာပဒေသေ သန်လျှင်နဂရေ ချောင်းဝက္ကတိ သညိတော ဇနော ဂါမော အတ္ထိ၊ တသ္မိံ ဂါမေ အယံ ဗုဒ္ဓိမာ ထေရော ၁၂၇၂ မရမ္မဝဿေ ပေါဋ္ဌပဒမာသဿ သုက္ကပက္ခေ တေရသမေ ဒိဝသေ ဗုဒ္ဓဝါရေ ဇာတော မာတာပိတူဟိ။ တံပိတာ **ဦးဖိုးစိန်** နာမ နာရာယနေ့ာတိစ အပရနာမမေဝယော၊ တံမာတာ ပန **ဒေါ်အိမ်** နာမ အဟောသိ၊ တသ္မိံ ကုလေ သတ္တ သဟဇာ အဟေသုံ။

## ပဗ္ဗဇိတဘာဝ ဝိဘာဝနာ

ဒါရကော ဒဟရောပိ သမာနော ဗျတ္တသမ္ပန္နော အဟောသိ၊ ယထာ ကဏ္ဍကော နာမ ဇာတကာလတော ပဋ္ဌာယ တိခိဏော၊ ဧဝံ ဗုဒ္ဓိမာ ထေရောပိ ဒဟရကာလတော ပဋ္ဌာယ ဗျတ္တော အဟောသိ ပဋိဘာဝလော။

ဗုဒ္ဓိမာ ထေရော နဝဝဿိကဒဟရကာလေယေဝ ပဗ္ဗဇ္ဇံ ဥပလာဘိ အာယသ္မတာ ရေဝတတ္ထေရေန ဥပဇ္ဈာယေန သန်လျှင်နဂရေ မင်္ဂလွှန်း-ဂါမန္တဝိဟာရဝါသိနာ၊ ဗုဒ္ဓိမတော ထေရဿ မာတာပိတရော ပစ္စယဒါယကာ အဟေသုံ၊ ပဗ္ဗဇ္ဇကာလေ ပန နံ **"ဝိမလော"**တိ နာမံ ကရိံသု။

ဗုဒ္ဓိမာ ထေရော သာမဏေရော ဟုတွာ တေပိဋကံ ဗုဒ္ဓပါဝစနံ ဥဂ္ဂဏှိတုံ သပြေကန် ကွတိ ပါကဋေ ဂါမေ မဟာဓမ္မိကာရာမံ အဂမာသိ သကေန ဥပဇ္ဈာယေန ပေသိတော၊ တဒါ 'အဂ္ဂမဟာပဏ္ဍိတော'တိ ဥပါမိလာဘီ **"သပြေကန် သဒ္ဒါကြီးနိဿယော"** ကတ္တာဒိဂန္ထဿ ကာရကော အာကုမာရာ ပတ္ထဋယသော မဟာထေရော မဟာဓမ္မိကာရာမမဇ္ဈာဝသိ ပမာနနာယက-ဘာဝေန၊ သော မဟာထေရော အတ္တနော အန္တေဝါသိကံ သာမဏေရံ **"ဝါသေဋ္ဌော"** ကွတိ နာမံ ကာရေတွာ ဂန္ထန္တရံ ဥဂ္ဂဏှာပေသိ၊ တတော ပဋ္ဌာယ

**“ဝါသေဋ္ဌော”** က္ကတိ နာမေန ပါကဋော။

ဝါသေဋ္ဌော ဗုဒ္ဓိမာ တိက္ခပညော မဟုဿာဟေန ဂန္ထန္တရံ ဥဂ္ဂဏှိ၊ ပန္နရသဝဿကာလတော ပဋ္ဌာယ အနုဝဿံ ‘ပဌမပြန်’က္ကတိ ဝေါဟာရိတ-ပဌမကထနသဘာယံ ဝိဿဇ္ဇိတုံ သက္ကုဏန္တော တီဏိ ဇယပဏ္ဏာနိ အလဘိ နဝမဿ္မိမဇ္ဈေဘူမိဘာဝေန ဝိဘဇိတာနိ။ ဝါသေဋ္ဌော လဟုပညော သာမဏေရဘာဝေန သကလဝိနယပိဋကံ ဝါစုဂ္ဂတံ ကတွာ **“ဝိနယဓရော”** တိ ဥပါဓိမ္ပိ အလဘိ။

## ဥပသမ္ပဒဘာဝဝိဘာဝနာ

ဝါသေဋ္ဌော ဂန္ထန္တရံ သမုဂ္ဂဏှန္တော ဇာတိယာ ဝီသတိဝဿိကော သမဏုဒ္ဒေသော အဟောသိ၊ သော ၁၂၉၂ မရမ္မဝဿေ အာသဠှိပုဏ္ဏမေ ဂုရုဝါရေ မဇ္ဈန္ဟိကသမယေ ဒွိနာဠိကဝေလာယံ ဥပသမ္ပဒမလဘိ မဟာမဋ္ဋိကာရာမိကတ္ထေရေန ဥပဇ္ဈာယေန မဟာမဋ္ဋိကာရာမဿ ခဏ္ဍ-သီမာယံ။ တဒါ ဝါသေဋ္ဌသာမဏေရံ ပစ္စယေန အနုဂ္ဂဟေသုံ ဒွေ ဘဂိနိယော **ဒေါ်မမကြီး၊ ဒေါ်ဒေါင်း** က္ကတိ နာမိကာ သာသနဝိမာနဿ ဝိဟာရဿ ဒါယိကာ မဟာဥပါသိကာယော။

## ဝိသိဋ္ဌပုဂ္ဂလဘာဝဝိဘာဝနာ

အာယသ္မာ ဝါသေဋ္ဌော ဥပသမ္ပန္နဘာဝေန ဧကဝဿိကကာလေ သကလံ သံယုတ္တနိကာယံ ဝါစုဂ္ဂတံ ကတွာ ဘဏန္တော **“ဝါသေဋ္ဌာဘိဝံသ သိရီပဝရ သံယုတ္တဘာဏကော”**တိ ဝိသိဋ္ဌပုဂ္ဂလဘာဝေန ပူဇိတော ရန်ကုန်-နဂရေ စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟသမိတိယာ။

အာယသ္မာ ဝါသေဋ္ဌော ပကတိယာ ဗုဒ္ဓိမာ တိက္ခပညော သမာရဒ္ဓဝီရိယော ဟုတွာ တီဏိ စေဝ ပိဋကာနိ သာဋ္ဌကထာနိ ဂန္ထန္တရာနိ စ ဥဂ္ဂဏှိတုံ မဟုဿာဟံ အကာသိ၊ သော ဥပသမ္ပန္နဘာဝေန ဒွိဝဿိက ကာလေ ပခုက္ကူနဂရေ မဟာဝိဇယာရာမံ ဂန္တွာ အာရာမာဓိပတိဘူတဿ

မဟာထေရဿ အပရကာလေ "အဘိဓဇ မဟာရဋ္ဌဂုရု"တိ ဥပါဓိလာဘိနော သန္တိကာ ဂန္ထန္တရံ သမုဂ္ဂဏှန္တော မာဂဓသက္ကတသတ္ထေသု ဗျတ္တော အဟောသိ။

အာယသ္မာ ဝါသေဋ္ဌော ပခုက္ကူနဂရေ ဝသန္တော ယေဝ မန္တလေးနဂရေ သကျသီဟမဟာဗုဒ္ဓပဋိမာဂန္ဓကုဋိပရိဝေဏေ ကတဿ ပရိယတ္တိ သာသနဟိတသမိတိယာ ပဥ္စကထနသဘာယံ ဒွိသု ဘူမိသု "စာသင်တန်း စာချတန်း" ဣတိ မရမ္မဘာသာယ ဝေါဟရိတာသု ကထယိတုံ သက္ကုဏန္တော ဟုတွာ "**ဝါသေဋ္ဌာဘိဝံသ၊ ပရိယတ္တိသာသနဟိတမမ္မာစရိယော**"တိ ဝိသိဋ္ဌဂုဏေန ပူဇိတော တာယ သမိတိယာ။

မရမ္မရဋ္ဌိဿရေဟိ သာသနပဂ္ဂဟံ ကရောန္တေဟိ ကတာယံ ပဥ္စကထနသဘာယံ မမ္မာစရိယဘူမိယံ နဝဟိ ဂန္ထေဟိ ဥဒ္ဓရိတွာ ပုစ္ဆိတပဥှေ ဗျာကာတုံ သမတ္ထတာယ "**သာသနဓဇသိရိပဝရမမ္မာစရိယော**"တိ ဂုဏနာမေန စ ဇောတဝဿေနေဝ နဝသု ဂန္ထေသု ဥဂ္ဂဟပရိပုစ္ဆာဝသေန ဉာဏပရိစယံ ကတွာ ဗျာကာတုံ သမတ္ထတာယ "**သိရောမဏိ**"တိ ဝိသိဋ္ဌဂုဏနာမေန စ အာယသ္မာ ဝါသေဋ္ဌော မရမ္မရဋ္ဌိဿရေဟိ ပူဇိတော စေဝ အဟောသိ မာနိတော စ။

## ဂန္ထကာရကာဘာဝဝိဘာဝနာ

အာယသ္မာ ဝါသေဋ္ဌတ္ထေရော တိပိဋကဝေဒီ နာနာသတ္ထေသု ဗျတ္တော ပဋိဗလော ဟုတွာ မရမ္မဘာသာယ စေဝ ပါဠိဘာသာယ စ နာနာဂန္ထာနိ ကဝိကတာနိ ဝိစိတြအက္ခရပျူဟနာနိ အကာသိ ဗဟုဇနာနံ ဟိတကာမတာယ။

တေသု ပန ဣမာနိ ဝုစ္စမာနဂန္ထာနိ ကဝိကတာနိ အတီဝ ပါကဋာနိ ဟောန္တိ -

(၁) နဝမဟာပရိတ္တအတ္ထနိဿယော
(၂) ဓမ္မဂုဏပဗန္ဓော
(၃) သရဏဂမနဒေသနာ သဥပါသကဂုဏာ
(၄) နိဗ္ဗာနသုခဒေသနာ
(၅) ဆဆက္ကသုတ္တဒေသနာ

( ၆ )　ဝိသုဒ္ဓိမဂ္ဂနိဒါနာနုဂီတိ သအတ္ထနိဿယာ
( ၇ )　အဘယာရာမိကဂုဏဝဏ္ဏနာ
( ၈ )　ဗောဓ္ဓါဂ်မဗ္ဗရတနဒေသနာ
( ၉ )　သပြေကန်ဒေသနာသင်္ဂဟော (ပထမော)
(၁၀)　ဓမ္မပဒအတ္ထနိဿယော
(၁၁)　စေတိယဒဿနအတ္ထဝိနိစ္ဆယော
ကွစ္စေ့ဝမာဒီ။

## ဘာရနိတ္ထာရကဘာဝဝိဘာဝနာ

အာယသ္မာ ဝါသေဋ္ဌတ္ထေရော သပရကိစ္စကာရကော သာသနမုရဝဟော ဘာရနိတ္ထာရကော အဟောသိ၊ မန္တလေးနဂရေ ဟိ ဝဿန္တကာလေ အဘယာရာမေ ရွှေဂူဝိဟာရေ ဘိက္ခူနံ မာဂဓသက္ကတဂန္ထေ ဝါစေသိ၊ သန်လျှင်နဂရေ သပြေကန်ဂါမေ မဟာဓမ္မိကာရာမေ ဝသန္တော သိဿာနံ တိပိဋကံ ဥဂ္ဂဏှာပေသိ၊ တသ္မိံ စ အာရာမေ နာယကဘာဝေန စိရမာဝသိ။

တတော ပစ္ဆာ ပန ဗဟူနံ ဂဟဋ္ဌပဗ္ဗဇိတာနံ အဇ္ဈေသနံ ဥပါဒါယ ရန်ကုန်နဂရံ ဂန္တွာ ပုဇွန်တောင်ပဒေသေ ရွှေကျင်ဝိဟာရေ ပဓာနနာယက-ဘာဝေန ယာဝတာယုကံ အာဝသိ။ တဒါ အာယသ္မာ ဝါသေဋ္ဌမဟာထေရော သာသနဝုဒ္ဓိကာမော ဗဟုဇနာနံ ဥပကာရကော ဓမ္မဿ သန္တဿကော သမာဒပကော သပြဟ္မစာရီနံ အနုဂ္ဂါဟကော အဟောသိ။

သော ဟိ ဒသဝဿာနိ သကလရဋ္ဌိကသံဃဘာရနိတ္ထာရကဘာဝေန သာသနမုရံ ဝဟိ သဒ္ဓိံ သမဂ္ဂသံဃေန၊ ကျောက်ကုန်းပဒေသေ မဟာဗောဓိ-ဝိဟာရေ ဥပ္ပန္နံ ဝိဝါဒါဓိကရဏံ ဝူပသမေသိ ဝိနယမရော ဟုတွာ ဝိနိစ္ဆယံ ဒေန္တော။

ဗုဒ္ဓသာသနေ ပန ကဒါစိ ကရဟာစိ အဓမ္မံ အဓမ္မောတိ ဒီပယန္တာ မိစ္ဆာဝါဒိနော ပါတုဘဝန္တိ၊ တဒါ တေသံ မိစ္ဆာဝါဒံ နိဂ္ဂဏှတ္ထာယ တဒုပ္ပန္နဿ အဓိကရဏဿ စ ဝူပသမနတ္ထာယ ဝိသုံ ဝိနယမရသံဃသဘာ သမ္မတာ၊

ယဒါ ကျောက်ပုံတောရမိစ္ဆာဝါဒံ ပါတုဘူတံ တဒုပါဒါယ အဓိကရဏံ စ ဥပ္ပန္နံ၊ တဒါ ဝါသေဋ္ဌမဟာထေရော သမ္မတာယ ပါဠိယေဝက္ကဝိနယမရေသဘာယ ဥက္ကဋ္ဌော ပရိဏာယကော အဟောသိ၊ ထေရော ဓမ္မဝိနယံ ပကာသေတွာ ဝိနိစ္ဆယံ ကရောန္တော ဥပ္ပန္နံ မိစ္ဆာဝါဒံ နိဂ္ဂဏှိ၊ အဓိကရဏံ စ ဝူပသမေသိ။

မဟာထေရော ပန ဗဟူနံ သဂဟဋ္ဌပဗ္ဗဇိတာနံ ဩဝါဒဒါယကော ဟုတွာ သာသနေ အတီဝ ပါကဋော အဟောသိ၊ ရန်ကုန်နဂရေ ရွှေတိဂုံစေတိယဿ ဂေါပကသမိတိ မဟာထေရံ ဩဝါဒါစရိယဘာဝေန သမ္မာနေသိ၊ တိပိဋကရေ-သမုစ္စိနနသမိတိယာ စေဝ ပါဠိပိဋကမရမ္မနိရုတ္တိပရိဝတ္တနသမိတိယာ စ တံတံဗုဒ္ဓဘတ္တိကသမိတီနံ စ ဩဝါဒါစရိယော အဟောသိ။

ရန်ကုန်မဟာပဒေသေ ရွှေကျင်နိကာယသံဃဿ ဂဏပါလကော သဟဓမ္မိကာနံ ဟိတကာရကော ဓမ္မဝိနယဓရော သံဃပိတာ သံဃပရိဏာ-ယကော ဟုတွာ မဟာထေရော သပရတ္ထံ အကာသိ၊ တသ္မာ စုဒ္ဒသမ-သကလရွှေကျင်နိကာယသန္နိပါတေ ရွှေကျင်နိကာယသံဃော **"ရွှေကျင်-နိကာယဥပဥက္ကဋ္ဌ မဟာနာယကော"**တိ မဟာထေရံ သမ္မန္နိ။

## ရဋ္ဌဂုရုဘာဝဝိဘာဝနာ

မဟာထေရော ဟိ မဟုဿာဟေန ဗုဒ္ဓသာသနံ ဇောတေသိ၊ သနိကာယဟိတမာဝဟိ၊ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ ဓမ္မံ ဒေသေသိ၊ ဓမ္မဝိနယသူစကသတ္ထာနိ ကရိတွာ သဂဟဋ္ဌပဗ္ဗဇိတာနံ ဟဒယေ ဓမ္မံ ပတိဋ္ဌာပေသိ၊ တသ္မာ မဟာထေရဿ သကလရဋ္ဌဟိတောပကာရဿ ဂုဏံ အနောပမဂုဏံ ဥတွာ မရမ္မရဋ္ဌိဿရာ က္ကမံ သပြေကန် ပုဗ္ဗန်တောင် ရွှေကျင်မဟာထေရံ **"အဘိဓဇ မဟာရဋ္ဌဂုရု"**တိ သာသနိကမဟာဌာနန္တရေန အပူဇယုံ ၁၃၅၄ မရမ္မသံဝစ္ဆရေတိ။

## ဒိဝင်္ဂတဘာဝဝိဘာဝနာ

မဟာထေရော ဗဟူနံ ဥပကာရကော ဟုတွာ ဇာတိယာ အာသီတိကော အဟောသိ၊ ဇိဏ္ဏော ဇရာယ အနုသဋ္ဌော ဟုတွာ အာယုနော ပရိဟာနံ ဇာတံ၊ ပဗ္ဗဇိတဘာဝေန ပန ဝဿေန ပဉ္စသဋ္ဌိကကာလေ ဇာတိယာ စတုရာသီတိဝဿိကကာလေ ၁၃၅၆ မရမ္မဝဿေ မာဃမာသဿ သုက္ကပက္ခေ သတ္တမေ ဒိနေ မဟာထေရော ဧကေဇာတိယာ အန္တမကာသိ။

**ဝိသိဋ္ဌော သ ဝိသိဋ္ဌာနံ၊ မိရာနံ မိရသောခရော။**
**သသတ္တ ပရသတ္တညူ၊ မိရိဋ္ဌော နော ဒိဝင်္ဂတော။**

**နန္ဒမာလာဘိဝံသေန၊ သုဗောဓာရာမဝါသိနာ။**
**ထေရဂုဏံ သရိတွာန၊ ထေရူပွတ္တိ ဝိဘာဝိတာ တိ။**

# မဟာသမယကျောင်းတော်ကြီး
# ဆောက်လုပ်ပြီးစီးခြင်း မှတ်တမ်းမော်ကွန်း

**သာသနာ- ၂၅၄၈** **ကောဇာ- ၁၃၆၆**

**နမော ဗုဒ္ဓါယ သိဒ္ဓမ်။** ။မဟာသုဗောဓာရုံကျောင်းတိုက်ကို မြန်မာသက္ကရာဇ် ၁၃၂၀ ပြည့်နှစ် နယုန်လပြည့် မဟာသမယအခါတော်နေ့တွင် တည်ထောင်ဖွင့်လှစ်ခဲ့သည်။ ဤသို့ မဟာသမယအခါတော်နေ့၌ တည်ထောင်ဖွင့်လှစ်ခဲ့သည်ကို အထိမ်းအမှတ်ပြုလျက် ကျောင်းတိုက်၏ အလယ်ဗဟို မြေကွက်၌ ကျောင်းတော်ကြီး တည်ဆောက်၍ ကပိလဝတ်မြို့ အနီး မဟာဝုန်တောကြီးအတွင်း ရဟန္တာငါးရာနှင့် များလှစွာသော နတ်ဗြဟ္မာတို့ စုဝေးမိရာ မဟာသမယအခါ၌ မဟာသမယသုတ်တို့ကို ဟောကြားတော်မူဟန် ဗုဒ္ဓရုပ်ပွားတော်ကြီး တည်ထားပူဇော်ရန် ပဓာနနာယကဆရာတော် ဘဒ္ဒန္တနာရဒ(အဂ္ဂမဟာပဏ္ဍိတ)က မိန့်ကြားတော်မူခဲ့သည်။ ထိုမိန့်ကြားချက်ကို ဦးထိပ်ရွက်၍ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တနန္ဒမာလာဘိဝံသက ရန်ကုန်မြို့ မြို့တော်စည်ပင် အင်ဂျင်နီယာ ဦးခင်မောင်အား ကျောင်းတော်ကြီးပုံစံကို ရေးဆွဲစေခြင်း၊ ကုန်ကျစာရင်း ခန့်မှန်းတွက်ချက်စေခြင်းတို့ကို ပြုလုပ်စေခဲ့သည်။

၁၃၅၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၅)ရက်နေ့တွင် အလျားပေ (၁၂၀)၊ အနံပေ (၅၉)အကျယ်ရှိ ကျောင်းတော်ကြီး ဆောက်လုပ်ရန် ပန္နက်တင်ပြီး နယုန်လပြည့်နေ့တွင် ပဓာနနာယကဆရာတော်၊ သာသနာနုဂ္ဂဟအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဦးအောင်မိုး၊ အင်ဂျင်နီယာ ဦးခင်မောင်တို့ ဦးဆောင်ကာ အုတ်မြစ်စီ လုပ်ငန်းကို စတင်ခဲ့ကြသည်။ နဝကမ္မသမ္မုတိရ မဟာသုဗောဓာရုံ တိုက်ကြပ်ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓါစာရာဘိဝံသ(မဟာဂန္ထဝါစကပဏ္ဍိတ)က ကျောင်းတော်ကြီးဆောက်လုပ်ရာ၌ ကြည့်ကြပ်စီမံသည်။

ဤမျှ ကြီးမားသော အဆောက်အအုံကြီးကို ဆောက်လုပ်ရာ၌ သဒ္ဓါတရားနှင့် စေတနာစွမ်းအား ငွေကြေးမနေအင်အားအရ လှူဒါန်းကြသော အလှူရှင်ပေါင်း (၄၂၄)ဦးတို့၏ အလှူတော်ငွေပေါင်း (၁၇၄)သိန်းကျော်နှင့် စတုပစ္စယ ငွေပဒေသာပင်မှ စိုက်ထုတ်ငွေပေါင်း(၄၅)သိန်းကျော် နှစ်ရပ်ပေါင်း (၂၁၉)သိန်းကျော်ကို အသုံးပြုခဲ့ကြသည်။ တည်ဆောက်ကာလ ၈ နှစ်မျှကြာ၍ ၁၃၆၅ ခုနှစ်တွင် ပြီးစီးခဲ့သည်။

အများကောင်းမှုဖြင့် တည်ဆောက်အပ်သော ကြီးမားခန့်ထည်သော ဤမဟာသမယကျောင်းတော်ကြီးကို ၁၃၆၅ ခုနှစ်၊ နယုန်လပြည့်နေ့တွင် ကျောင်းဒါယကာ ကျောင်းဒါယိကာမများ ကိုယ်တိုင်ပါဝင်သော ကျောင်းလွှတ်သဘင်ပွဲကြီးဆင်ယင်ပြီးလျှင် ထေရ်ရှင်သံဃာတော်(၁၀၀)ကျော်တို့၏ ရှေ့မှောက်၌ ဝမ်းမြောက်ဝမ်းသာ စာတုဒ္ဒိသ သံဃာအား ရေစက်သွန်းချကာ လှူဒါန်းခဲ့ကြပါသတည်း။

**အများကောင်းမှု၊ နိဗ္ဗာန်ဆု၊ နတ်လူသာစုခေါ် စေသောဝ်။**

# သိရိဝိဇယ ငွေရတုစေတီတော်
# ကမ္ပည်းမော်ကွန်း

မြန်မာသက္ကရာဇ် ၁၃၄၅-ခုနှစ်တွင် ပြည့်မြောက်မည့် စစ်ကိုင်းမြို့၊ မဟာသုဗောဓာရုံကျောင်းတိုက် တည်ထောင်ဖွင့်လှစ်ခြင်း ၂၅-နှစ်ရောက် ငွေရတုနှစ်ကို အထိမ်းအမှတ်ပြုလျက် တပည့်ဒါယကာ ဒါယိကာမများ၏ စုပေါင်းဒါနဖြင့် ဤ**သိရိဝိဇယ ငွေရတုစေတီတော်** ကို အာရာမသမုဋ္ဌာပက အဘိဓဇမဟာရဋ္ဌဂုရု ရွှေကျင် နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက(တွဲဘက်-ရွှေကျင်သာသနာပိုင်) ပဓာနနာယက ဆရာတော် **ဘဒ္ဒန္တ နာရဒ မဟာထေရ်** ဦးစီးလျက် တည်ထားပူဇော်အပ်သည်။

**ပန္နက်တော်တင်မင်္ဂလာ** ။ ။ ၁၃၄၄-ခုနှစ်၊ ဝါခေါင်လဆန်း ၁၂-ရက်၊ အင်္ဂါနေ့၊ နံနက် ၆နာရီ ၆-မိနစ်အချိန်

**အုဋ်မြစ်တော်စီမင်္ဂလာ** ။ ။ ၁၃၄၄-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂-ရက်၊ စနေနေ့၊ နံနက် ၈-နာရီအချိန်

**ဌာပနာတော်သွင်းမင်္ဂလာ**။ ။ ၁၃၄၅-ခုနှစ်၊တန်ဆောင်မုန်းလပြည့်ကျော်၊ ၈-ရက်၊ နံနက် ၇-နာရီ ၄၅-မိနစ် အချိန်။

**ရွှေထီးတော်တင်မင်္ဂလာ** ။ ။ ၁၃၄၅-ခုနှစ်၊ တပို့တွဲလဆန်း ၈-ရက်၊ နံနက် ၈-နာရီ ၁၅-မိနစ် အချိန်

**ဤကောင်းမှု နတ်လူသာဓုခေါ် စေသော်**

# သိရိဝိဇယ ငွေရတုစေတီတော်
# ပြန်လည်ပြုပြင်ခြင်း ပဋိသန်ရဏမင်္ဂလာ
# ကမ္ပည်းမော်ကွန်း

မြန်မာသက္ကရာဇ် ၁၃၇၆-ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ပြည့်မြောက်မည့် မဟာသုဗောဓာရုံကျောင်းတိုက်များ၏ ပဓာနနာယက ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်၏ ပါမောက္ခချုပ် ဆရာတော် **အဂ္ဂမဟာပဏ္ဍိတဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ** ၏ သက်တော် ၇၅နှစ်ပြည့် မွေးနေ့အမှတ်တရ ကုသိုလ်အဖြစ်ဖြင့် ဤသိရိဝိဇယ ငွေရတု စေတီတော်ကို ပြန်လည်ပြုပြင် လှူဒါန်း ပူဇော်သည်။

ထီးတော်၊ စေတီတော်၊ ရုပ်ပွားဆင်းတုတော်၊ ပလ္လင် တံကဲတို့ကို ရွှေချ မွမ်းမံခြင်း၊ **စေတီယင်္ဂဏ** စေတီယင်ပြင်တော်ကို ပြင်ဆင်ကျောက်ပြားခင်းခြင်း၊ စိန်တောင်တံတိုင်း ကာရံခြင်း၊ **ပါသာဏဿတ္တ** ကျောက်ထီး ၄-လက် တည်ထားခြင်း၊ သရက်ကင်း စောင်းတန်းလှေကား ပြင်ဆင်တည်ဆောက်ခြင်း၊ ဆေးသုတ်မွမ်းမံလှူဒါန်းခြင်း စုစုပေါင်းကုန်ကျငွေ (၁၉,၈၅၂,၆၈၆/-) ကျပ်ဖြစ်ပါသည်။

**“ဣဒံ မေ ပုညံ သဗ္ဗညုတဉာဏဿ ပစ္စယော ဟောတု”**

ဤကောင်းမှု နတ်လူသာဓုခေါ်စေသော်



## HISTORICAL MAW-KUN
## TO COMMEMORATE
## THE 50$^{TH}$ ANNIVERSARY (GOLDEN JUBILEE) OF
## SHWEZEDI THATHANA YEIKTHA(MEDITATION CENTRE)
## (1322-1372)

1. The most Venerable Shwezedi Sayadaw named Sundara Mahã Thera was born on Friday, 7$^{th}$ waning day of the Second Waso (about June or July) in 1261 M.E. (C.E. 1899). His parents were U Yan Nyein and Daw Pu who lived at the quarter, Mataungda, in Ywathitkyee village, Sagaing Township.

2. In the Myanma era of 1273 M.E. (C.E. 1911), at the age 12, he became novice under the preceptor Bhaddanta Nãga who was posted as Gaing Choke Sayadaw at the Shwezeditawya monastery, in Ywathitkyee. He received higher ordination under the preceptor Bhaddanta Nãga on 7$^{th}$ waxing day of

Tapotwe (about February) in 1280 M.E. (C.E. 1918). When ordained , he was provided by U Thu Daw and Daw Khwar.

3. He learnt Tripitaka from the following well known masters: Ven. Bhaddanta Nāga, Gaing Choke Sayadaw of Shwezeditawya, Ven. Bhaddanta Nanda, Nāyaka Sayadaw of Shinpindhammasā mi, Ven. Bhaddanta Dīpa, Aggamahāpandita, and the Dhamma teacher monks, at the Dhamma Yon, Chaung Oo, Ven. Nyaung Yann Sayadaw Bhaddanta Revata at the Moekaung Monastery, Mandalay, Ven. Bhaddanta Silācāra, Nāyaka Sayadaw of Makyipin Kyaung, Khinmakan Monastery, Ven. Bhaddanta Revata, Nāyaka Sayadaw of Thu Htay Kyaung, Ven. Bhaddanta Nandimā, Nāyaka Sayadaw of Sankyaung.

4. He learnt Vedic texts, Sanditt·ha, etc., as far as being a master of them, from Ven. Bhaddanta Silavamsa, well versed in Vedic texts, in the Kyauktan of the new Sinde monastery, in west Mandalay. And he also learnt Sanskrit language from Ven. Bhaddanta Paññinda, Nāyaka Sayadaw of Moeda, in South Mandalay and Ven. Bhaddanta Kesara, well known Taungtha Sayadaw (one of disciples of Moeda Sayadaw). He learnt English language at 10th level at the National Education of BBOA School in Civil Lines, Mandalay.

5. He wrote Nissaya translation of the Visuddhimagga (Vol. 1,2,3,4), the Myanma translation of Chachakka Sutta, and Shwezedi

Dhamma Sermons. He edited the Majjhima nikāya in the 6th Buddhist Council. He was honored with the title of "Aggamahā pandita", in 1323 M.E. (C.E. 1961).

6. He became the State Ovādā cariya, since the year of 1342 M.E. (C.E. 1980). Since the year of 1345 M.E. (C.E. 1983) he was paid respect as the president of the Ova¯da¯cariya of Mahasi Thathana Yeiktha, in Yangon. In 1346 M.E. (C.E. 1984) he led the Shweminwun Thathana Yeiktha as Kammatthanacariya (Meditation Master). While staying at the Shwezedi of Ywathitkyee, at Mahasi of Seikkhwun, at the Ratanapon Yeiktha of Mandalay, he taught Yogis the insight meditation technique.

7. Shwezedi Sayadaw founded the following Thathana Yeiktha, meditation centres in various places:
   - (A) Shwezeditawya, in Ywathitkyee, Sagaing, in 1314 M.E.(C.E. 1952).
   - (B) Mahāsatipatt·han Thathana Yeiktha, in Thittaw Street, Pyin-oo-lwin, in 1316 M.E. (C.E. 1954).
   - (C) Mahāsukhitārā ma Thathana Yeiktha, in Shwegu, Bamaw, in 1319 M.E. (C.E. 1957).
   - (D) Shwezedi Thathana Yeiktha, at Myamala quarter, Pyin-oo-lwin, in 1320 M.E. (C.E. 1958).
   - (E) The Shwezedi Thathana Yeiktha, at Sagaing Hills, in 1322 M.E. (C.E. 1961).

8. Shwezedi Sayadaw passed away at the age 87, Vassa 67, leaving many disciples, the laity and clergy, at 11.11 o'clock in the morning on the 11th waxing day of Tabaung (about March), 1347 M.E. (C.E. 1985).

9. There are chief disciples of Ven. Shwezedi Sayadaw. They are Ven. Ariyavansa, Ven. Neminda, Ven. Revata and Ven. Panninda. These 4 Nayaka Sayadaws are conducting and leading the Shwezedi Thathana Yeiktha in Sagaing, keeping the Shwezedi Sayadaw's exhortation alive, Since 1347 M.E. (C.E. 1985).

In 1367 M.E. (C.E. 2005) the present Nāyaka Sayadaws of Shwezedi Thathana Yeiktha, after discussing selected Ven. Sīlānandābhivansa, recipient of the Dhammīcariya title, conferred by Thakyathīha Association and Government, as a Member of Nāyaka Sayadaws.

10. Shwezedi Thathana Yeiktha, founded in 1322 M.E.(C.E. 1960), reached the Golden Jubilee in 1372 M.E.(C.E. 2011) This Stone Inscription (Mawgun) is set up on 8 Waxing Day of Tabaung, in 1372 M.E.(C.E. 2011), to commemorate the Golden Jubilee of the Shwezedi Thathana Yeiktha.

## မဟာသုဗောဓာရာမိက ရဋ္ဌဂုရုဗိမာန် မော်ကွန်း

စစ်ကိုင်းမြို့၊ မဟာသုဗောဓာရုံကျောင်းတိုက်ကြီးကို ဦးစီးတည်ထောင်တော်မူ၍ ၁၃၂၀ ပြည့်နှစ်မှ ၁၃၇၁ ခုနှစ် တိုင်အောင် ၅၁ နှစ်တာ ကာလကြာမျှ ညီတော်(၅)ပါးနှင့်အတူ လောကအကျိုး သာသနာ့အကျိုး ပွါးတိုးအောင် ဆောင်ရွက်တော်မူခြင်းကြောင့် နိုင်ငံတော်အစိုးရ ပူဇော်အပ်နှင်းအပ်သော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်၊ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်တို့ကို ခံယူရရှိတော်မူသော ရွှေကျင်နိကာယသံဃာတို့၏ ဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက်ရွှေကျင်သာသနာပိုင်အဖြစ် ဆောင်ရွက်တော်မူ သော

**ဘဒ္ဒန္တ နာရဒ မဟာထေရ်မြတ်သည်**

၁၃၇၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်နေ့တွင် သက်တော် ၈၅ နှစ်၊ သိက္ခာတော် ၆၅ ဝါအရ လွန်တော်မူခဲ့ပါသည်။ ၁၃၇၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်နေ့တွင် ဤဗိမာန်တည်ရှိရာ အရပ်၌ အန္တိမပူဇာဈာပနသဘင် ဆင်ယင်ကျင်းပ၍ ကြွင်းကျန်ရစ်သော အရိုးဓာတ်တို့ကို ဧရာဝတီမြစ်ကြောတွင် မျှောချခဲ့ကြပါသည်။


**မဟာသုဗောဓာရုံသာသနဝံသသမုဋ္ဌာပက ဇေဋ္ဌဘာတိက သာသနာပြုအကျော် ကျေးဇူးရှင် မဟာသုဗောဓာရုံဆရာတော်ဘုရားကြီး၏** ကျေးဇူးဂုဏ်တို့ကို အာရုံပြုလျက် ကနိဋ္ဌဘာတိက ဇေဋ္ဌသိဿ ဖြစ်သော ပါမောက္ခချုပ်ဆရာတော် **ဒေါက်တာနန္ဒမာလာဘိဝံ**သ ဦးဆောင်သည့် တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့သည် ကမ္ဘာတည်သရွေ့ ရှည်ကြာစွာ အမှတ်တရဖြစ်စေရန် ၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက် ဆရာတော်ဘုရားကြီး၏ နှစ် ၉၀ ပြည့် မွေးနေ့တွင် ဆရာတော်ဘုရားကြီး၏ ပုံတူရုပ်တုနှင့် ဤရဋ္ဌဂုရုဗိမာန်ကို ဖွင့်လှစ်၍တည်ထားပူဇော်အပ်ပါသတည်း။

**"သုဗောဓဝံသိကာ သိဿာ၊ သဒ္ဓါ သာသနကာရကာ။**
**ထေရဂုဏံ သရိတွာန၊ ရက္ခန္တု သာသနံ စိရံ။"**

# မဟာသုဓောစာရာမိက ရဋ္ဌဂုရုဗိမာန် ဆောက်လုပ်မှု မှတ်တမ်း

| | | |
|---|---|---|
| ၁။ | အဆောက်အအုံ အမည် | = ရဋ္ဌဂုရု ဗိမာန် |
| ၂။ | အဆောက်အအုံ တည်နေရာ | = မဟာသုဓောစာရုံကျောင်းတိုက် စစ်ကိုင်းမြို့ |
| ၃။ | အဆောက်အအုံ ခုံတုံးအမြင့် | = (၆) ပေ |
| ၄။ | အဆောက်အအုံ အကျယ်အဝန်း | = အလျား(၅၈)ပေ၊ အနံ(၄၄)ပေ |
| ၅။ | အဆောက်အအုံ အမြင့် | = (၂၀)ပေ (၆)လက်မ |
| ၆။ | အဆောက်အအုံ အမျိုးအစား | = ကွန်ကရိမိုး၊ အုတ်ကာ၊ ကြွေပြားခင်း |
| ၇။ | ပန္နက်တင်မင်္ဂလာနှင့် တွင်းတော်ဝန်မင်္ဂလာရက်စွဲ | = ၁၃၇၅ ခု၊ တော်သလင်းလဆုတ် (၁၄)ရက်၊ ကြာသပတေးနေ့ (၃-၁၀-၂၀၁၃) နံနက် (၉း၀၀) |
| ၈။ | လုပ်ငန်းစတင်မြေတူးသည့် ရက်စွဲ | = (၃-၁၀-၂၀၁၃) ကြာပတေးနေ့ |
| ၉။ | တည်ဆောက်ပြီးစီးသည့်ရက်စွဲ | = ၁၃၇၆ ခု၊ ဝါခေါင်လဆန်း (၄)ရက် ဗုဒ္ဓဟူးနေ့ (၃၀-၇-၂၀၁၄) |
| ၁၀။ | ဗိမာန်ဖွင့်ပွဲနှင့် ရေစက်ချ မင်္ဂလာရက်စွဲ | = ၁၃၇၆ ခု၊ တပို့တွဲလဆန်း (၁)ရက်၊ အင်္ဂါနေ့ (၂၀-၁-၂၀၁၅) |
| ၁၁။ | အဆောက်အအုံ ကုန်ကျတန်ဘိုး | = ကျပ် (၁၀၆၈) သိန်း |
| ၁၂။ | ဆောက်လုပ်သည့် ကုမ္ပဏီ | = EVER UPRIGHT CONSTRUCTION & ENGINEERING CO.,LTD |

ဤကောင်းမှု နတ်လူသာခုခေါ်စေသော်



# ဓမ္မသာကစ္ဆာ
# အင်တာဗျူး



## အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
## အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်
## ပါမောက္ခချုပ်ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ အား
## တွေ့ဆုံမေးမြန်းလျှောက်ထားခြင်း

❑ **BBC ဦးနေဝင်း**

**ဦးနေဝင်း ။ ။** ဆရာတော် ဘယ်ဇာတိဖြစ်ပါသလဲဘုရား။ မယ်တော် ခမည်းတော်များက ဘယ်သူတွေ ဖြစ်ပါသလဲဘုရား?။

**ဆရာတော် ။ ။** ဘုန်းကြီးက မန္တလေးတိုင်း၊ စဉ့်ကူးမြို့နယ်၊ ညောင်ပင်ရွာ ဇာတိဖြစ်ပါတယ်။ ခမည်းတော်၊ မယ်တော်များကတော့ **ဦးစံလှ၊ ဒေါ်ခင်**တို့ ဖြစ်ပါတယ်။

**ဦးနေဝင်း ။ ။** ရှင်သာမဏေဘဝကို ဘယ်အသက်အရွယ်မှာရောက်ခဲ့ပြီး ရှင်သာမဏေဘဝနဲ့ အောင်မြင်ခဲ့တဲ့ စာမေးပွဲများကို တပည့် တော် သိပါရစေ?။

**ဆရာတော် ။ ။** စစ်ကိုင်းတောင်ရိုး ဝိပဿနာချောင်မှာ အသက်ဆယ်နှစ်

အရွယ် ရှင်သာမဏေဖြစ်ခဲ့ပါတယ်။ **စံကင်းဆရာတော်ကြီး** ကို ဥပဇ္ဈာယ်ပြုပြီး ရှင်သာမဏေ ဖြစ်ခဲ့တာပါ။ အဲဒီအချိန်က စပြီးတော့ ဘုန်းကြီးရဲ့နောင်တော်အရင်းဖြစ်တဲ့ ယနေ့ သုဗောဓာရုံပဓာနနာယကဆရာတော် **ဘဒ္ဒန္တနာရဒမထေရ်** ရဲ့ထံမှာ စာပေများကို သင်ကြားလေ့လာပြီး ၁၂ နှစ် အရွယ်မှာ အဘိဓမ္မာစာမေးပွဲသုံးဆင့်ကို စတင်ဖြေပါတယ်။ ၁၃ နှစ်မှာ အငယ်တန်း၊ နောက် ၁၃ နှစ်မှာပဲ အလတ်တန်းက နယုန်လကနေ တပေါင်းလကို ပြောင်းပြီး ကျင်းပတော့ အလတ်မှာလည်း အောင်ပါတယ်။ ၁၅ နှစ်မှာ အကြီးတန်းအောင်ပြီး ၁၆ နှစ်မှာ ဓမ္မာစရိယ ကျမ်းရင်းသုံး ကျမ်း၊ ဂုဏ်ထူးကျမ်းနှစ်ကျမ်း အပါအဝင် ဓမ္မာစရိယစာမေး ပွဲကို အောင်မြင်ခဲ့ပါတယ်။

**ဦးနေဝင်း ။ ။** တင်ပါ့ဘုရား၊ အရှင်ဘုရား တစ်နှစ်ထဲမှာပဲ ပထမငယ်နဲ့ ပထမလတ်တန်း နှစ်ခုလုံးပြီးအောင် ဆောင်ရွက်နိုင်တယ် ဆိုတော့ အဲဒီလို စာမေးပွဲတွေ အောင်မြင်အောင်လုပ်ရတာ ပင်ပန်းပါသလား၊ သို့မဟုတ် မပင်မပန်းဘဲ အောင်မြင် ခဲ့တာပါလားဘုရား?။

**ဆရာတော် ။ ။** မပင်မပန်း အောင်မြင်ခဲ့တယ်လို့ ပြောရမှာပဲ၊ ဘာကြောင့်လဲ ဆိုတော့ ဘုန်းကြီးတို့က ပထမပြန်စာမေးပွဲတွေ မဖြေမီ ကတည်းက သဒ္ဒါနဲ့သင်္ဂြိုဟ်ကို ကျေကျေညက်ညက် သင်ခဲ့ရ တယ်။ ဒီလိုအဓိက အခြေခံကျတဲ့ဘာသာ နှစ်ရပ်ကို ကျေညက်စွာသင်ကြားထားတာ ဖြစ်တဲ့အတွက်ကြောင့် ကျန်တဲ့ဘာသာတွေဟာ သိပ်ပြီး များများစားစား ခက်ခက် ခဲခဲ မရှိတော့ပါဘူး။ နှစ်တန်းစလုံးကို လွယ်လွယ်ကူကူ သက်သက်သာသာနဲ့ပဲ အောင်မြင်ခဲ့ပါတယ်။

**ဦးနေဝင်း ။ ။** အရှင်ဘုရား ၁၆ နှစ်နဲ့ ဓမ္မာစရိယအောင်တယ်ဆိုတော့

အရှင်ဘုရားလို ၁၆ နှစ်နဲ့ ဓမ္မာစရိယအောင်မြင်တဲ့ ပုဂ္ဂိုလ်မျိုး ဘယ်နှပါးလောက် ရှိပါသလဲဘုရား?

**ဆရာတော်** ။ ။ ၁၆ နှစ်နဲ့ အောင်တာတော့ ဘုန်းကြီးမတွေ့ဖူးပါဘူး။ ဘုန်းကြီး ၁၆ နှစ်နဲ့ အောင်တယ်ဆိုတာ စာမေးပွဲဖြေဆိုရမယ့် လတွေက အပြောင်းအလဲဖြစ်သွားတော့ အငယ်တန်းနဲ့ အလတ်တန်းကို တစ်နှစ်ထဲဖြေဆိုလိုက်ရတဲ့အတွက် ၁၆ နှစ်နဲ့ အောင်လို့ရတာပါ။ အမှန်ကတော့ ပုံမှန်က ၁၄ နှစ်မှာ အငယ်တန်းဖြေရတာ။ တစ်နှစ်တစ်တန်း အောင်တယ်ဆိုရင် ၁၄ နှစ် အငယ်တန်း၊ ၁၅ နှစ် အလတ်တန်း၊ ၁၆ နှစ် အကြီးတန်း၊ ၁၇ နှစ်ကျမှ စာချတန်း အောင်ကြပါတယ်။ ဒီလိုတွေတော့ ရှိကြပါတယ်။

**ဦးနေဝင်း** ။ ။ မြင့်မြတ်သော ရဟန်းဘောင်ကို အရှင်ဘုရား ဘယ်တုန်းက ရောက်ခဲ့ပြီး ရဟန်းအဖြစ်နဲ့ ဘာစာမေးပွဲတွေကို ဆက်လက်ဖြေဆို အောင်မြင်ခဲ့ပါသလဲဘုရား?။

**ဆရာတော်** ။ ။ ရဟန်းဘဝကို စံကင်းဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြုပြီးတော့ အသက် ၁၉ နှစ်နဲ့ ၁ လမှာ မြင့်မြတ်တဲ့ ရဟန်းဘဝကို ရရှိခဲ့ပါတယ်။ စံကင်းဆရာတော်ကြီးကတော့ မန္တလေးမှာ သီတင်းသုံးတာပါ။ ဘုန်းကြီးတို့ အဲဒီအချိန်မှာ စစ်ကိုင်းတောင်ရိုး မဟာသုဗောဓာရုံကျောင်းတိုက်ကို စပြီး တည်ထောင်ပါတယ်။ အဲဒီ မဟာသုဗောဓာရုံကျောင်းတိုက်မှာပဲ ရဟန်းဘဝကို ရခဲ့တာပါ။

**ဦးနေဝင်း** ။ ။ ရဟန်းဘဝနဲ့ ဆရာတော် ဘာစာမေးပွဲတွေကို ဖြေဆိုခဲ့သေးပါသလဲ အရှင်ဘုရား?။

**ဆရာတော်** ။ ။ ရဟန်းဖြစ်လာတဲ့အခါကျတော့ ဘုန်းကြီး ရန်ကုန် စေတိယင်္ဂဏစာမေးပွဲ၊ မန္တလေး 'အဘိဝံသ' စာမေးပွဲများကို ဆက်လက်ဖြေဆိုပါတယ်။ ဘုန်းကြီးက သာမဏေ

ဘဝကထဲက သာမဏေသကျသီဟလို့ခေါ်တဲ့ စာမေးပွဲကို ဖြေဆိုခဲ့ပါတယ်။ ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်ဆိုပြီး သုံးဆင့်ဖြေရပါတယ်။ ဘုန်းကြီးက ၁၉ နှစ် အရွယ်မှာအောင်မြင်ပြီး **'သာမဏေကျော်'**ဖြစ်ခဲ့ပါတယ်။ ကိုရင်ဝတ်နဲ့ပဲ သာမဏေကျော်စာမေးပွဲကို အောင်ပြီး **"သာမဏေအလင်္ကာရ"** ဖြစ်ခဲ့ပါတယ်။ ရဟန်းဘဝရောက်တဲ့အခါရန်ကုန်စေတိယင်္ဂဏ စာမေးပွဲ၊ မန္တလေး ပရိယတ္တိသာသနဟိတ သကျသီဟစာမေးပွဲ၊ နောက်နိုင်ငံတော်အစိုးရကကြီးမှူးကျင်းပတဲ့ ဂုဏ်ထူးတန်းစာမေးပွဲတွေနဲ့ ပါဠိပါရဂူစာမေးပွဲတွေကို ဖြေဆိုခဲ့ပါတယ်။

**ဦးနေဝင်း ။ ။** ဆရာတော်ကိုပညာသင်ကြားပေးခဲ့တဲ့ ငယ်ဆရာ၊ ကြီးဆရာများကို သိပါရစေဘုရား?။

**ဆရာတော် ။ ။** ငယ်ငယ်တုန်းက ကျောင်းသားငယ်လေးဘဝ ငယ်ဆရာကဘုန်းကြီးတို့ ဇာတိရွာက ဘုန်းကြီးရဲ့ ဦးလေးတော်တဲ့ပေါ်တော်မူကျောင်းဆရာတော် **'ဦးကေလာသ'**ပါ။ အဲဒီနောက်တော့ ဘုန်းကြီးနဲ့ နောင်တော်အရင်းဖြစ်တဲ့ မဟာသုတောစာရုံပဓာနနာယကဆရာတော် **ဘဒ္ဒန္တနာရဒ**၊ နောက်ပြီးတော့ နောင်တော်များဖြစ်တဲ့ **ဦးဝိမလ၊ ဦးဉာဏဗလ** တို့ဆီမှာ စာပေပရိယတ်များကို သင်ကြားခဲ့ရပါတယ်နောက်ပြီး ရွှေကျင်နိကာယ သာသနာပိုင်ဖြစ်တဲ့ ဝိသုဒ္ဓါရုံဆရာတော် **ဦးအဂ္ဂိယ**ဆီမှာလည်း ပညာသင်ဖူးပါတယ်။နောက် မန္တလေး ရွှေကျင်တိုက်မကြီးမှာ သီတင်းသုံးတော်မူတဲ့ ဆရာတော် **ဦးဝိစိတ္တ**ထံမှာလည်းပဲ ပညာသင်ယူခဲ့ဖူးပါတယ်။ မဟာဝိသုဒ္ဓါရုံတိုက် သံတော်ဆင့်ကျောင်းဆရာတော် **ဦးဝါသဝ**၊ နောက်တော့ ရန်ကုန် ဗဟန်းဝိသုဒ္ဓါရုံကျောင်းတိုက်သစ် တည်ထောင်တဲ့ ဆရာတော်ဘုရားကြီး

ထံမှာလည်း စာလိုက်ဖူးပါတယ်။ မန္တလေး မစိုးရိမ်တိုက်က **ဦးဝိစိတ္တတို့ ဦးရာဇဓမ္မာဘိဝံသ**တို့ဆီမှာလည်း စာလိုက်ဖူးပါတယ်။

**ဦးနေဝင်း** ။ ။ ဆရာတော် စစ်ကိုင်း မဟာသုဗောဓာရုံကျောင်းတိုက်မှာ စာချဆရာတော်အဖြစ် ဆောင်ရွက်ခဲ့ကြောင်း သိရပါတယ်။ အဲဒီတိုက်မှာက သံဃာ ဘယ်လောက်ရှိပါသလဲ ဘုရား?။

**ဆရာတော်** ။ ။ ဘုန်းကြီးတို့ကျောင်းတည်ခါစကတော့ သံဃာ ၂၀ လောက်ပဲ ရှိပါတယ်။ နောက်တော့ သံဃာ ၈၀ လောက်အထိ ရှိလာပါတယ်။ အခုအချိန်မှာတော့ မဟာသုဗောဓာရုံတိုက်မှာ သံဃာ ၁၈၀ လောက်ထိအောင် ရှိနေပါပြီ။

**ဦးနေဝင်း** ။ ။ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှာ ဆရာတော် တာဝန်ယူဆောင်ရွက်ပေးနေတယ်လို့ တပည့်တော်တို့ သိရပါတယ်။ ဘယ်လိုတာဝန်ယူ ဆောင်ရွက်နေပါသလဲ ဘုရား?။

**ဆရာတော်** ။ ။ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှာ ဘုန်းကြီးက ပါမောက္ခချုပ်တာဝန်ယူပြီး ဆောင်ရွက်နေပါတယ်။

**ဦးနေဝင်း** ။ ။ ယခု ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်မှာ ဆရာတော် ပါမောက္ခချုပ်အဖြစ်နဲ့ ဘယ်ဘာသာရပ်တွေကို တာဝန်ယူပို့ချနေပါသလဲ ဘုရား?။

**ဆရာတော်** ။ ။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ကို စတင်ဖွင့်တဲ့အချိန်က ဘုန်းကြီးက (Visiting professor) ဧည့်ပါမောက္ခ sor အနေနဲ့ အဘိဓမ္မာဘာသာရပ်ကို စတင်သင်ကြားပို့ချခဲ့ပါတယ်။ Visiting professor အနေနဲ့ ရှစ်နှစ်လောက် ဒီမှာ ဘုန်းကြီး လစဉ်ပုံမှန်လာပြီး သင်ကြားပို့ချပေးခဲ့ပါတယ်။ နောက် ဒီက ပထမဆုံး ပါမောက္ခချုပ် ဆရာတော်ဘုရားကြီး **ဦးသီလာနန္ဒ** ဘဝနတ်ထံ ပျံလွန်တော်မူသွားတဲ့အခါ

ဘုန်းကြီးက ဒီမှာ ပါမောက္ခချုပ်ရာထူးကို ရခဲ့ပါတယ်။ ပို့ချတဲ့ ဘာသာရပ်ကတော့ ယခင် ပို့ချခဲ့တဲ့ အဘိဓမ္မာ ဘာသာရပ်ကိုပဲ ဆက်လက် သင်ကြား ပို့ချခဲ့ပါတယ်။

**ဦးနေဝင်း ။ ။** တပည့်တော်တို့ ဗုဒ္ဓပိဋကတ်တော်တွေထဲမှာ အဘိဓမ္မာပိဋက၊ အဘိဓမ္မာဘာသာရပ်ဟာ သင်ယူရတာရော ပို့ချရာမှာပါ အခက်ခဲဆုံးဆိုတာ ဟုတ်ပါသလား ဘုရား?။

**ဆရာတော် ။ ။** အဘိဓမ္မာက သဘာဝတရားတွေကို အဓိကထားပြီး ဟောတာဖြစ်တဲ့အတွက်ကြောင့် ခက်ခဲတာ မှန်ပါတယ်။ နားလည်သဘောပေါက်ဖို့ အင်မတန် ခက်ပါတယ်။ မြတ်စွာဘုရားဟာ အဘိဓမ္မာနဲ့ ပတ်သက်လာလို့ရှိရင် သဘာဝတရားတွေဟာ ဘယ်လို ဆိုင်ရာကိစ္စများကို ဆောင်ရွက်တယ်ဆိုတာကို ရှင်းပြပါတယ်။ ဘာလုပ်သင့်တယ်၊ ဘာတွေမလုပ်သင့်ဘူးဆိုတဲ့ ကျင့်စဉ်တွေကို ရှင်းပြတာ မဟုတ်ပါဘူး။ တစ်ခုနဲ့တစ်ခု အပြန်အလှန် ဆက်သွယ်မှု သဘောတရားတွေကို ရှင်းပြတာဖြစ်လို့ အဘိဓမ္မာတရားဟာ ခက်ခဲနက်နဲတာ မှန်ပါတယ်။

**ဦးနေဝင်း ။ ။** ဆရာတော်ဘုရား ပြည်ပနိုင်ငံများကို သွားရောက်ပြီး ဗုဒ္ဓပိဋကတ်တော်များကို သင်ကြားပို့ချပေးကြောင်း တပည့်တော်တို့ သိရပါတယ်။ ဘယ်နိုင်ငံတွေကို ကြွပြီး ဘယ်ဘာသာရပ်တွေကို သင်ကြားပို့ချပေးနေတယ်ဆိုတာကို သိပါရစေ ဘုရား?။

**ဆရာတော်။ ။** ယခင် ၁၉၉၄ ခုနှစ်က အမေရိကန်နိုင်ငံ မေရီလင့်ပြည်နယ် ဆယ်(လ)ဘားစကွန်းမြို့က မင်္ဂလာရာမ ကျောင်းတိုက်မှာ တစ်နှစ်နေခဲ့ဖူးတယ်။ အဲဒီ တစ်နှစ်နေခဲ့တဲ့အချိန်မှာ မြန်မာလူမျိုးတွေကို အဘိဓမ္မာသင်တန်း ပို့ချဖူးပါတယ်။ အမေရိကန်မရောက်ခင်ကလည်း သီရိလင်္ကာနိုင်ငံမှာ

မဟာဝိဇ္ဇာတန်း သင်ကြားနေတဲ့အချိန် ကိုလံဘိုမြို့က ဒေသတစ်ခုမှာ အဘိဓမ္မာသင်တန်းတစ်နှစ် ပို့ချခဲ့ပါတယ်။ ၂၀၀၃ ခုနှစ်ရောက်တဲ့အခါ အမေရိကန်တို့ ဂျာမဏီနိုင်ငံတို့ ဆွစ်ဇာလန်နိုင်ငံတို့က စုပေါင်းပြီး ဓမ္မဘေးအဖွဲ့ သီတဂူကို ရောက်လာပါတယ်။ ရောက်လာတော့ ဘုန်းကြီးက အဘိဓမ္မာသင်တန်း ပို့ချတယ်။ အဲဒီ အဘိဓမ္မာသင်တန်းတက်တဲ့အထဲက ဂျာမန်အမျိုးသမီးကြီးတစ်ယောက်က အစီအစဉ်လုပ်ပြီး အဲဒီ ၂၀၀၃ ခုနှစ်မှာပဲ ဘုန်းကြီးကိုပင့်လို့ ဂျာမဏီနိုင်ငံကိုသွားရောက်ပြီး အဘိဓမ္မာသင်တန်း စတင်ပို့ချခဲ့ရပါတယ်။ဘာလင်မြို့နဲ့ မြူးနစ်မြို့ နှစ်မြို့မှာ အဘိဓမ္မာသင်တန်း ပို့ချခဲ့ပါတယ်။ ဘာလင်မြို့မှာ သင်တန်းသူ၊ သင်တန်းသား ၃၀ လောက်ရှိပြီး၊ မြူးနစ်မြို့မှာက ၂၅ ယောက်လောက်ရှိပါတယ်။ အဲဒီနှစ်ကစပြီးတော့ နောက် ၂၀၀၄၊ ၂၀၀၅၊ ၂၀၀၆ ခုနှစ်တွေကျတော့ နယ်သာလန်နိုင်ငံမှာပါ အဘိဓမ္မာသင်တန်းတွေ ပို့ချပေးရပါတယ်။ နောက်တော့ မလေးရှားနိုင်ငံက ပီနန်မြို့နဲ့ စင်္ကာပူနိုင်ငံတွေမှာပါ အဘိဓမ္မာသင်တန်း ပို့ချခဲ့ပါတယ်။

**ဦးနေဝင်း ။ ။** အရှင်ဘုရား . . . ဂျာမဏီနိုင်ငံက အရှင်ဘုရားကို ပင့်သွားတဲ့ ဒကာမကြီးဆိုတာ နာမည် ဘယ်လိုခေါ်ပါသလဲဘုရား?။

**ဆရာတော် ။ ။** **ခရစ္စတာ**လို့ ခေါ်ပါတယ်။ နောက် သာမဏေဝတ်ပြီးတော့ သူ့ဘွဲ့က **အဂ္ဂနန္ဒီ**လို့ ခေါ်ပါတယ်။

**ဦးနေဝင်း ။ ။** အဲဒီမှာ တပည့်တော်ရဲ့ အသိတစ်ယောက် ဒေါက်တာဥမ္မာခင်ဆိုတာ ရှိပါတယ်။ သူနဲ့များ ဆက်စပ်သလားလို့ပါဘုရား?။

**ဆရာတော် ။ ။** ကြားတော့ ကြားဖူးပါတယ်။ တွေ့တော့ မတွေ့ဖူးပါဘူး။

**ဦးနေဝင်း ။ ။** တင့်ပါ အရှင်ဘုရား။ ခုလက်ရှိကမ္ဘာမှာ ဗုဒ္ဓဘာသာ ပြန့်ပွားမှု

အခြေအနေ ဘယ်လိုရှိပါသလဲဘုရား။ ဆရာတော်ဘုရားလည်း အမေရိကန်တို့, ဂျာမဏီတို့, နယ်သာလန်တို့, နောက် စင်္ကာပူ, မလေးရှားစတဲ့ နိုင်ငံများအပြင် ပြည်ပနိုင်ငံတော်တော်များများ ရောက်ခဲ့တယ်ဆိုတော့ လက်ရှိကမ္ဘာမှာ ဗုဒ္ဓဘာသာပြန့်ပွားမှု အခြေအနေ ဘယ်လိုရှိတယ်ဆိုတာ အမိန့်ရှိတော်မူပါ ဘုရား?။

**ဆရာတော်** ။ ။ ကမ္ဘာမှာ ဗုဒ္ဓဘာသာပြန့်ပွားတယ်ဆိုတဲ့နေရာမှာ ဘုန်းကြီးမြင်သလောက် တိဗက် ဗုဒ္ဓဘာသာက ပိုများတယ်လို့ ထင်ပါတယ်။ တိဗက်က အစပြု ဒလိုင်းလားမားနဲ့ ဆက်နွယ်ပြီး ဗုဒ္ဓဘာသာဖြစ်လာကြတယ်။ အဲဒီ တိဗက် ဗုဒ္ဓဘာသာဝင်တွေကနေ ကမ္မဋ္ဌာန်းတရား အားထုတ်ရာက ထေရဝါဒ ဗုဒ္ဓဘာသာဘက်ကို စိတ်ဝင်စားလာကြတယ်။ ထိုစိတ်ဝင်စားလာတဲ့အထဲမှာ ကမ္မဋ္ဌာန်းတရား အားထုတ်ရာကနေ ဗုဒ္ဓရဲ့ တရားဓမ္မ အဆီအနှစ်တွေကို သိချင်လာလို့ ဗုဒ္ဓတရားတော်များကို သင်ကြတယ်။ အဘိဓမ္မာတရားကို လေ့လာကြတယ်။ အဲဒီ လေ့လာတဲ့အထဲမှာ ဘုန်းကြီးတွေ့ဘူးတာ ဘာလင်မြို့မှာ အဘိဓမ္မာ သင်တန်းပြီးလို့ သင်တန်းဆင်း လက်မှတ်တွေပေးတော့ ဂျာမန်အမျိုးသမီးတစ်ယောက်က 'အရှင်ဘုရား၊ တပည့်တော် ဒီနေ့ကစပြီး တိဗက်ဗုဒ္ဓဘာသာဝင် မဟုတ်တော့ပါဘူး။ ထေရဝါဒ ဗုဒ္ဓဘာသာဝင်ဖြစ်ပါပြီလို့ အဲဒီလို လျှောက်ထားပါတယ်။ ဗုဒ္ဓဘာသာနဲ့ ပတ်သက်ပြီးတော့ စိတ်ဝင်စားမှုတွေ တိုးပွားလာတာတော့ မှန်ပါတယ်။ သိပ်အများကြီးလို့တော့ ဘုန်းကြီး မထင်ပါဘူး။ ဗုဒ္ဓဘာသာ meditation လုပ်ရာကနေ ဆက်နွယ်ပြီးတော့ ဗုဒ္ဓဘာသာကို စိတ်ဝင်စားတဲ့ပုဂ္ဂိုလ်တွေ တစ်စထက်တစ်စ များလာတာတော့ မှန်ပါ

တယ်။

**ဦးနေဝင်း** ။ ။ တင်ပ့ါ။ မြန်မာနိုင်ငံဟာ အခုအခါ ထေရဝါဒဗုဒ္ဓဘာသာရဲ့ အခြေခံနိုင်ငံကြီး ဖြစ်တယ်လို့ တပည့်တော်တို့ ယူဆပါတယ် ဘုရား။ မြန်မာနိုင်ငံထဲ၌ပင် တောင်တန်းနဲ့ နယ်စပ်ဒေသများ၊ နောက် အထူးဒေသများမှာ ဗုဒ္ဓဘာသာ ပြန့်ပွားမှု လိုအပ်နေသေးကြောင်း သိရပါတယ် ဘုရား။ ပြည်တွင်းသာသနာပြုမှုနှင့် ပြည်ပသာသနာပြုမှုနှစ်ခုမှာ ဘယ်ဟာက ပိုပြီးအရေးကြီးတယ်လို့ ဆရာတော် ထင်ပါသလဲ ဘုရား?။

**ဆရာတော်** ။ ။ မြန်မာလူမျိုးတစ်ယောက်အနေနဲ့ ပြောရမယ်ဆိုရင် ပြည်တွင်းသာသနာပြုတာ ပိုပြီးအရေးကြီးတယ်လို့ ဘုန်းကြီးထင်ပါတယ်။ ပြည်ပမှာ သာသနာပြန့်ပွားဖို့ထက် ပြည်တွင်းမှာ သာသနာ အခိုင်အမာ တည်ရှိနေဖို့က ပိုပြီးတော့ အရေးကြီးတယ်။ အဲဒီလို ဘုန်းကြီး ယုံကြည်ပါတယ်။

**ဦးနေဝင်း** ။ ။ သာသနာပြန့်ပွားရေးအတွက် ဘာတွေဟာ အရေးကြီးဆုံး ဖြစ်ပါသလဲ ဘုရား။ ဆရာတော်များအပိုင်းက ဘယ်လို ကျင့်ကြံ ဆောင်ရွက်ဖို့လိုပြီး ဒကာ, ဒကာမတွေအပိုင်းက ဘာတွေလုပ်ကိုင် ဆောင်ရွက်ဖို့လိုပါသလဲ ဘုရား?။

**ဆရာတော်** ။ ။ သာသနာပြန့်ပွားအောင် ဆောင်ရွက်ဖို့ဆိုတဲ့အပိုင်း ရောက်လာတဲ့အခါကျတော့ သံဃာတော်များဘက်က ဆောင်ရွက်စရာရှိသလို ဒကာ, ဒကာမတွေဘက်ကလဲ ဆောင်ရွက်စရာကိစ္စတွေ ရှိပါတယ်။ ပြန့်ပွားတယ်ဆိုတဲ့ စကားရပ်ထဲမှာ ဗုဒ္ဓဘာသာမဟုတ်တဲ့ပုဂ္ဂိုလ်တွေ ဗုဒ္ဓဘာသာတရားတော်ကို ယုံကြည် လက်ခံလာအောင် ဒါကလည်းတစ်ခု၊ နောက် အရေးကြီးတာက မိရိုးဖလာ ဗုဒ္ဓဘာသာဖြစ်နေလို့ ဗုဒ္ဓဘာသာကို လက်ခံထားသော်လည်း ဗုဒ္ဓဘာသာတရားမမှုတွေကို မသိသေးတဲ့ပုဂ္ဂိုလ်တွေကို

ဓမ္မကို သိရှိလာအောင်၊ သူတို့ရဲ့ သန္တာန်မှာ တရားဓမ္မတွေ ရောက်ရှိပြီးတော့ ယုံကြည်မှုနဲ့ အသိပညာ ခိုင်မာလာအောင်၊ ဒီလိုလုပ်ဖို့က ပိုပြီး အရေးကြီးတယ် ထင်ပါတယ်။

**ဆရာတော်** ။ ။ မိရိုးဖလာ ဗုဒ္ဓဘာသာဖြစ်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ဘုရားတရားနဲ့ ပတ်သက်ပြီးတော့ များများစားစား မသိကြပါဘူး။ ဒါကြောင့် သူတို့ရဲ့သဒ္ဓါတရား၊ သူတို့ရဲ့ အခြေအနေတွေဟာ သိပ် မခိုင်မာပါဘူး။ တစ်ဖက်ကလာပြီး စည်းရုံးလိုက်တာနဲ့ တခြားဘာသာဝင်ဖို့ အလွယ်တကူ ဖြစ်သွားတတ်ကြပါတယ်။ ဒီတော့ ဘုန်းကြီးတို့အနေနဲ့ သာသနာပြန့်ပွားဖို့ထက် ခိုင်မာဖို့ကို အရင်လုပ်ဖို့ လိုပါတယ်။ ခိုင်မာဖို့ မိရိုးဖလာ ဗုဒ္ဓဘာသာဖြစ်နေတဲ့ မိမိတို့ မြန်မာလူမျိုးတွေကို အတွင်းမှာပဲ ဘာသာတရားနဲ့ပတ်သက်ပြီး အသေးစိတ် သိရှိနားလည်လာအောင်၊ အခိုင်အမာဖြစ်လာအောင်၊ ယုံကြည်မှုသဒ္ဓါတရားရှိလာအောင် (သဒ္ဓါတရား ဆိုလို့ရှိရင်လည်းပဲ ယုံကြည်မှုဆိုင်ရာမှာ အသိဉာဏ်ပါတဲ့ ယုံကြည်မှု ရရှိလာအောင်) သံဃာတော်များဘက်က အမှန်တရား၊ ဗုဒ္ဓရဲ့ တရားတော်တွေကို ရှင်းရှင်းလေးနဲ့ နားလည်အောင် လက်တွေ့ ကျင့်သုံးတတ်လာအောင် ရှင်းပြ ဟောပြဖို့ လိုပါလိမ့်မယ်။ ဒကာ, ဒကာမများ အပိုင်းကတော့ များများ မလိုဘူးလို့ ထင်ပါတယ်။ ဒကာ, ဒကာမများ အပိုင်းက မြန်မာပြည်မှာ တော်တော်တာဝန်ကျေကြပါတယ်။ သံဃာတော်များဘက်က တရားစစ် တရားမှန်ကို များများ ဟောကြားပေးဖို့က အဓိကဖြစ်ပါတယ်။ ဒီလို ရှင်းရှင်းလင်းလင်း ဟောကြားပေးတဲ့အခါမှာ ဒကာ, ဒကာမများဘက်ကတော့ တချို့ကိစ္စလေးတွေ ပံ့ပိုးပေးဖို့ လိုပါတယ်။ ဒီနေရာမှာ ဘုန်းကြီးပြောချင်တာက ဘာသာ, သာသနာ

ပြန့်ပွားရေးအတွက် ဆောင်ရွက်တဲ့နေရာမှာ စနစ်တကျ ဆောင်ရွက်တတ်ဖို့က အရေးကြီးပါတယ်။ ဘယ်လို စနစ်တကျ ဆောင်ရွက်တာတုံးဆိုတော့ များသောအားဖြင့် မြန်မာလူမျိုးတွေက **'ပုဂ္ဂိုလ်ခင်မှ တရားမင်တယ်'**ဆိုတဲ့ စိတ်မျိုးရှိတယ်။ မိမိ ကြည်ညိုရာ မိမိမြတ်နိုးရာ၊ မိမိနဲ့ ခင်မင်ရာကို အားပေးတတ်တဲ့ အစဉ်အလာက ပိုများပါတယ်။ အဲဒီလိုမဟုတ်ပဲ ကျယ်ကျယ်ပြန့်ပြန့် သဘောထားပြီး၊ ဘာသာ သာသနာကို ဦးတည်ပြီး ထိုဘာသာ, သာသနာ ပြန့်ပွားအောင် ဆောင်ရွက်တဲ့ပုဂ္ဂိုလ်ဆိုရင် မည်သည့် ပုဂ္ဂိုလ်ကိုပဲဖြစ်ဖြစ် အားပေးတတ်ဖို့ လိုလိမ့်မယ်လို့ ဘုန်းကြီး ထင်ပါတယ်။ အဲဒီလို နှစ်ဦးနှစ်ဝ ဘာသာ, သာသနာ ပြည်တွင်းမှာ ခိုင်မာရေးနဲ့ ပြန့်ပွားရေးကို လက်တွဲဆောင်ရွက်သွားကြမယ်ဆိုလို့ရှိရင် ဗုဒ္ဓဘာသာဖြစ်ပြီး ပုဂ္ဂိုလ်တွေက အသိဉာဏ်ပိုပြီး ခိုင်မာလာမယ်။ ဗုဒ္ဓဘာသာ မဖြစ်သေးတဲ့သူတွေက ဗုဒ္ဓဘာသာဘက်ကို စိတ်ဝင်စားလာပြီး ဗုဒ္ဓဘာသာဖြစ်လာမယ်။ အဲဒီလို လုပ်သင့်တယ်လို့ ထင်ပါတယ်။

**ဦးနေဝင်း ॥ ॥** တင်ပ့ါဘုရား။ တပည့်တော် နောက်ထပ် လျှောက်တင်ချင်တာက ပဋိဝေဓတည်းဟူသော အသီးအပွင့်ကို သုံးဆောင်ခံစားဖို့အတွက် ပရိယတ္တိနဲ့ ပဋိပတ္တိ ဘယ်အရာက ပိုပြီး အခြေခံကျပါသလဲ ဘုရား?။

**ဆရာတော် ॥ ॥** ဒီနှစ်ခုကတော့ တညီတည်းသွားရမယ်လို့ ဘုန်းကြီးယူဆပါတယ်။ သင်လည်းသင်၊ ကျင့်လည်းကျင့်၊ ကျင့်ရင်းသင် ဒီနှစ်ခုကတော့ တစ်ခုစီ တစ်ခုစီ ဘယ်ဟာပိုပြီး အရေးကြီးတယ်လို့ ပြောရ ခက်ပါလိမ့်မယ်။ သို့သော် စာပေတွေထဲမှာတော့ **"ပရိယတ္တိယေဝ သာသနဿ မူလံ"** သင်ခြင်းသည်

သာလျှင် သာသနာတော်၏ အခြေခံလို့ ရှိပါတယ်။ ဒါက သင်တာက ပထမလာရမယ်လို့ ဆိုလိုတာဖြစ်ပါတယ်။ သင်တာက ပထမလာ၊ ဒီလို မသင်လို့ရှိရင် သိမှ မသိနိုင်တာကိုး၊ ဒီတော့ လုပ်တတ်အောင် သင်ရတာပေါ့။ သင်တာက ပရိယတ္တိ၊ နောက် လက်တွေ့လုပ်တာက ပဋိပတ္တိ၊ ဒီနှစ်ခုမှာ သင်ခြင်းဟာ မူလလို့ ဆိုပေမယ့် သင်ခြင်းမှာတင် ရပ်နေပြီး လက်တွေ့မပါရင် မဖြစ်ပါဘူး။ ဒီနှစ်ခုက တွဲပြီးတော့ သွားနေရမှာပါ။ တစ်ဖက်က သင်တယ်၊ တစ်ဖက်က လက်တွေ့လုပ်တယ်။ တစ်ဖက်က သင်၊ တစ်ဖက်က လက်တွေ့လုပ်၊ သင်ရင်း ကျင့်၊ ကျင့်ရင်း သင်၊ ဒီလိုပဲ သွားသင့်တယ်လို့ ဘုန်းကြီးတို့ ခံယူပါတယ်။ ဒီနှစ်ခုလုံးဟာ အတူတူ အရေးပါတယ်ပေါ့။ "ပရိယတ္တိယေဝ သာသနမူလံ" ဆိုတဲ့စကားကတော့ သာသနာတော်မြတ်ကြီးရဲ့ အရင်းအမြစ်ကျ ပရိယတ္တိသင်တာ၊ ဒါက ပရိယတ္တိသင်ပြီးတော့ တစ်နေ့ကျင့်လာလိမ့်မယ်လို့ အမိန့်ရှိခဲ့ကြတာလည်း ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ သို့သော် ဒီနှစ်ခုဟာ အမြဲတမ်း ပေါင်းစပ်နေရမယ်လို့ ဘုန်းကြီးတို့တော့ ယူဆပါတယ်။ ဒီ နှစ်ခုဟာ ခွဲလို့မရတဲ့. . . .

**ဦးနေဝင်း** ။ ။ ခေါင်းနဲ့ ပန်းလိုပေါ့ဘုရား။

**ဆရာတော်** ။ ။ ဟုတ်တယ်. . . ခေါင်းနဲ့ ပန်းလိုပဲပေါ့လေ။

**ဦးနေဝင်း** ။ ။ ဆရာတော်ဟာ အဘိဓမ္မာ သင်ကြားပြသရာမှာ အင်မတန်ကျော်ကြားလှပါတယ်ဘုရား။ အဘိဓမ္မာဆိုတာကလည်း ဗုဒ္ဓရဲ့ ပိဋကတော်မှာ အခက်ခဲဆုံးဆိုတော့ တပည့်တော်တို့ ဒကာ၊ ဒကာမများ အနေနဲ့ အဘိဓမ္မာဆိုတဲ့ အသံကြားတာနဲ့ လန့်သွားပြီး မြတ်စွာဘုရား သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ဟောထားတာ တို့ဉာဏ်နဲ့လိုက်လို့ မမီဘူးဆိုပြီး

တွန့်ဆုတ်နေတတ်ကြပါတယ် ဘုရား။ တပည့်တော်တို့ လူ့ပြည် လူ့ဘဝ နေထိုင် သွားလာ လုပ်ကိုင်နေကြရတာတွေမှာ အဘိဓမ္မာတရားကို ဘယ်လို လက်တွေ့ကျင့်ကြံ အသုံးချနိုင်တယ်ဆိုတာ ရှင်းလင်းဟောကြားတော်မူပါ ဘုရား။

**ဆရာတော်** ။ ။ မှန်ပါတယ်၊ လူတွေက အဘိဓမ္မာဆိုတာနဲ့ လန့်သွားတယ်ဆိုတာ၊ ဘုန်းကြီး ဝါရှင်တန်မှာ အဘိဓမ္မာသင်တန်းပို့ချတုန်းက အမျိုးသမီးတစ်ယောက်က ဘုန်းကြီးကို လျှောက်တယ်။"အဘိဓမ္မာသင်တန်းဆိုတာ အင်မတန်ခက်ခဲတယ်၊ တပည့်တော်တို့ နားလည်နိုင်မှာ မဟုတ်ဘူးဆိုပြီး သင်တန်း လာမတက်တာပါ ဘုရား" လို့ ဒီလို လျှောက်ထားဖူးတယ်။ အဲဒီတော့ အဘိဓမ္မာဆိုတာနဲ့ပဲ လူတွေက လန့်နေတာ၊ အမှန်ကတော့ အဘိဓမ္မာဆိုတာ ကိုယ့်အကြောင်း ကိုယ်သိဖို့ သင်ကြားတဲ့ကျမ်းလို့ ဘုန်းကြီးတို့ ယူဆပါတယ်။ လူတွေက များသောအားဖြင့် ကိုယ့်အကြောင်းကိုကိုယ် သိပ်ပြီးတော့ မသိကြဘူး။ သိတယ်လို့ ထင်နေကြတယ်ဆိုပေမယ့် တကယ်တမ်း ကိုယ်ဘယ်ဘဝက လာသလဲ?၊ ဘယ်လို မွေးဖွားလာသလဲ?၊ ကိုယ်ရှင်သန်နေတဲ့အချိန်မှာ ဘယ်လိုနေသလဲ?။ သေတော့ ဘယ်လို သေသလဲ?ဆိုတဲ့ ကိုယ့်ရဲ့သိသင့်သိထိုက်တဲ့ အကြောင်းတွေကို မသိကြတာပါ။ ကိုယ်က ဘယ်မြို့ ဘယ်ရွာမှာ မွေးတယ်၊ ဘယ့်သူ့သား, နာမည်က ဘယ်လို ခေါ်တယ်၊ ဒီလို အပေါ်ယံလေးတွေလောက်သာ သိနေကြတာပါ။ အဘိဓမ္မာဆိုတာ ကိုယ့်အကြောင်းကို အသေးစိတ်သိအောင် ဖော်ပြတဲ့တရား ဖြစ်ပါတယ်၊ ဒါကြောင့် လက်တွေ့ဘဝမှာ ဆိုလို့ရှိရင် အဘိဓမ္မာသင်ထားတဲ့ ပုဂ္ဂိုလ်နဲ့

သင်မထားတဲ့ပုဂ္ဂိုလ်ဟာ အလွန် ကွာခြားပါတယ်။ အဘိဓမ္မာသင်ထားတဲ့, အဘိဓမ္မာကိုလေ့လာထားတဲ့ ပုဂ္ဂိုလ်ဟာ ကိုယ်နေနေတာဟာ ကုသိုလ်စိတ်နဲ့ နေတာလား၊ အကုသိုလ်စိတ်နဲ့ နေတာလား ? ဆိုတာ ကွက်ကွက်ကွင်းကွင်း သိပါတယ်။သိတော့ နေ့စဉ်ဘဝမှာ အင်မတန်မှ တန်ဖိုးရှိပါတယ်။ စိတ်ကို ဖြူစင်အောင် ထားတတ်လာတယ်။ ငါဖြစ်နေတာကုသိုလ်တွေ ဖြစ်နေတာလား၊ အကုသိုလ်တွေဖြစ်နေတာလား ? ကိုယ့်ဟာကိုယ် ရှင်းရှင်းလေး သိပါတယ်။ ဘဝဆိုတာ ဘယ်လိုစလာလဲ ? ဆိုတာလည်း သိတယ်။ ဘယ်လိုအဆုံးသတ်မလဲ ? ဆိုတာလည်း သိတယ်ဆိုတော့ အဘိဓမ္မာဆိုတာ ကိုယ့်ဘဝအတွက် ကိုယ်လျှောက်ရမယ့်လမ်းကို ဖြောင့်ဖြောင့်တန်းတန်း မီးမောင်းထိုးပြတာဖြစ်လို့ အဘိဓမ္မာသင်ကြားတာဟာ သိပ်ပြီးတော့ တန်ဖိုးကြီးလှပါတယ်။ဘာပြုလို့တုံး? ဆိုတော့ အဘိဓမ္မာသင်ထားတဲ့ ပုဂ္ဂိုလ်ဟာ ကိုယ့်စိတ် အခြေအနေကို အများကြီး အကဲခတ်လို့ရတယ်။ သဘောပေါက်တယ်။ ပြောရမယ်ဆိုရင် ကုသိုလ်၊အကုသိုလ် ကွဲတယ်ပေါ့။ ကုသိုလ်, အကုသိုလ် ကွဲတဲ့အခါကျတော့ 'ဒါက ကုသိုလ်, ဒါက အကုသိုလ်'ဆိုတာ သိလာတဲ့အတွက်ကြောင့် အကုသိုလ်ဆို ရှောင်ရမယ်၊ ကုသိုလ်ဆိုရင် ဆောင်ရမယ် ဒီသဘောတွေကို သိပြီးသားဖြစ်တဲ့အတွက် အဘိဓမ္မာတရားကို သိထားတဲ့ပုဂ္ဂိုလ်ဟာ ဘဝမှာနေဖို့ ထိုင်ဖို့အတွက် နေနည်းထိုင်နည်းရပြီးတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်အဝ ရှိလာပါတယ်။

က သံခိပ်စာမေးပွဲတွေ မြန်မာနိုင်ငံမှာ တော်တော် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ခဲ့ပါတယ်။ အဲဒီတုန်းက လူတွေကြားမှာ အဘိဓမ္မာပြန့်ပွားမှုနဲ့ ယခုလက်ရှိလူတွေ ကြားထဲမှာ အဘိဓမ္မာပြန့်ပွားမှု ဘယ်လိုနေတယ်လို့ ထင်ပါသလဲ ဘုရား?။

**ဆရာတော်** ။ ။ လယ်တီဆရာတော်ကြီးခေတ်က အဘိဓမ္မာတွေ သင်ကြားပို့ချခဲ့တဲ့အပိုင်းကိုတော့ ဘုန်းကြီးတို့ ကောင်းကောင်း မသိပါဘူး။ အဲဒီတုန်းက ဘုန်းကြီးတို့ အင်မတန် ငယ်နေပါလိမ့်ဦးမယ်။ ခုကာလ အဘိဓမ္မာ သင်ကြားပို့ချမှု အပိုင်းမှာတော့ ဘုန်းကြီးရန်ကုန်ရောက်လာတဲ့အခါမှာ အဘိဓမ္မာသင်တဲ့သူတွေ တော်တော်များတာကို တွေ့ရပါတယ်။ စိတ်ဝင်စားမှုလည်း တော်တော်များကြပါတယ်။ အရင်တုန်းက အဘိဓမ္မာသင်တယ်ဆိုတာ ဘုန်းကြီးတို့ငယ်ငယ်က ကြားဖူးတာက များသောအားဖြင့် သရုပ်တွေ များများ သင်ကြားကြပါတယ်။ ယခုအခါ သရုပ်ပိုင်း သင်တာထက် အနှစ်သာရပိုင်းကို ပိုသင်လာပါတယ်။ သဘာဝဘက်ကို လိုက်ပြီးတော့ သင်ကြပါတယ်။ အခုအခါ ကမ္မဋ္ဌာန်းရိပ်သာတွေကလည်း ခေတ်စားလာကြတဲ့အခါ ကမ္မဋ္ဌာန်းတရားအားထုတ်ရင်းကနေပြီး ရရှိလာတဲ့ ဝိပဿနာဉာဏ်အသိနဲ့ ဒီအဘိဓမ္မာအသိတွေ ပေါင်းစပ်လာပြီး အခုကျတော့ အနှစ်သာရပိုင်းကို ပိုပြီးရောက်လာတယ်လို့ ထင်ပါတယ်။ သရုပ်ပိုင်းထက် သဘောတရား အနှစ်သာရပိုင်းကို ပိုပြီး သင်ကြတာပေါ့။

**ဦးနေဝင်း** ။ ။ တင်ပါ့၊ အရင်က အဘိဓမ္မာ သင်ကြားရာမှာ သရုပ်ခွဲတာ များတာပေါ့။

**ဆရာတော်** ။ ။ ဟုတ်တယ်၊ သရုပ်ခွဲတာ များပါတယ်။

**ဦးနေဝင်း** ॥ ॥ တင်ပါ့၊ မြတ်စွာဘုရားသခင် ပြုံးရယ်တော်မူတဲ့စိတ်ကို ဟသိတုပ္ပါဒ်စိတ်ထဲမှာ ထည့်ထားပါတယ်။ **'အသောဘဏ စိတ်'**ဆိုတာ မြန်မာလိုတော့ **'မတင့်တယ်တဲ့စိတ်'**ထဲမှာ ထည့်ထားတာပါဘုရား။ အဲဒီတော့ ဘာကြောင့် မြတ်စွာ ဘုရားပြုံးရယ်တော်မူတဲ့စိတ်ကို မတင့်တယ်တဲ့စိတ်ထဲ ထည့်ပြီး ရေတွက်ထားပါသလဲဘုရား?။

**ဆရာတော်** ॥ ॥ အဲဒီ. . . **သောဘဏစိတ်၊ အသောဘဏစိတ်**ဆိုတဲ့ အခွဲက သဒ္ဓါတို့၊ အလောဘ၊ အဒေါသစတဲ့ ကောင်းတဲ့ အခြေအနေ၊ ကောင်းတဲ့ စေတသိက်တွေကို **'သောဘဏ စေတသိက်'**လို့ခေါ်တယ်။ အဲဒီ သောဘဏ စေတသိက်နဲ့ ယှဉ်တဲ့စိတ်တွေကို **'သောဘဏစိတ်'**လို့ ဒီလိုခေါ်တယ်။ သင်္ဂြိုဟ်က အမှန်ကတော့ သရုပ်ခွဲတာ လွယ်အောင်လို့ ပေးထားတဲ့နာမည်ပါ။ အကုသိုလ်စိတ် ၁၂ ခုနဲ့ အဟိတ် စိတ် ၁၈ ခုဟာ အဲဒီ သောဘဏစိတ်ထဲမှာ မပါဘူး။ မပါတော့ သောဘဏ မဟုတ်သည့်အတွက်ကြောင့် သူ့ကို **'အသောဘဏ'**လို့ ခေါ်လိုက်တာ၊ အသောဘဏလို့ ခေါ်လိုက်တော့ 'အ'ဆိုတဲ့ စကားလုံးလေးဟာ Negative အဓိပ္ပါယ်ရှိသလို တစ်နည်းအားဖြင့် ပြောရရင် မတင့်တယ် ဘူး ပြောတာထက် 'သောဘဏ'ဆိုတဲ့ တင့်တယ်တဲ့အထဲ မပါဘူးဆိုတဲ့အဓိပ္ပါယ်ကို ယူလို့ရပါတယ်။ နောက်ပြီး မြတ်စွာဘုရား ပြုံးရယ်တာဟာ ဟသိတုပ္ပါဒ်တင် မကပါဘူး၊ မဟာကိရိယာသောမနဿသဟဂုတ် ဉာဏသမ္ပယုတ် လည်း ရှိတယ်။ အဲဒီ မဟာကိရိယာ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်နဲ့လည်း ပြုံးပါတယ်၊ အဲဒီစိတ်ကျတော့ သောဘဏစိတ်ထဲပါသွားပြီ။ ဟသိတုပ္ပါဒ်က ဘုရားရဟန္တာ တို့ရဲ့ သန္တာန်မှာ ဖြစ်တယ်။ သူက ခုန အသောဘဏ

စာရင်းထဲပါတယ်။ အဲဒီတော့ အသောဘဏစာရင်းထဲ ပါသည့်အတွက်ကြောင့် သူ့ကို 'မတင့်တယ်တဲ့ စိတ်'လို့ ဆိုလိုတဲ့အဓိပ္ပါယ်မျိုး မရှိပါဘူး။ သရုပ်ခွဲတဲ့အခါ သောဘဏ၊ အသောဘဏခွဲတော့ သူက အသောဘဏ စာရင်းထဲပါတယ်။ ဘာ့ကြောင့် အသောဘဏစာရင်းထဲ ပါသွားတုံး ? ဆိုရင် ခုနပြောတဲ့ အလောဘ၊အဒေါသ စတဲ့ အရည်အသွေးရှိတဲ့ စေတသိက်တွေနဲ့ ယှဉ်တွဲမှု မရှိလို့ သူ့ကို 'အသောဘဏ'ခေါ်တာ။ အဲဒီတော့ မြတ်စွာဘုရား သန္တာန်မှာ အဲဒီအသောဘဏစိတ်ထဲက ဟသိတုပ္ပါဒ်တင် ဖြစ်တာ မဟုတ်ဘူး။ စက္ခုဝိညာဏ်စိတ်တို့၊ သောတ ဝိညာဏ်စိတ်၊ ဃာနဝိညာဏ်စိတ်စသည်၊ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ လျက်သိစိတ်၊ ထိသိစိတ်၊ နောက်အာရုံကို လက်ခံတဲ့ သမ္ပဋိစ္ဆိုင်းစိတ်တို့၊ အာရုံကို ဆင်ခြင်တဲ့ ပဉ္စဒွါရာဝဇ္ဇန်းစိတ်တွေတို့၊ နောက် အာရုံကို စုံစမ်းတဲ့သန္တီရဏစိတ်တွေ ဒါတွေကလည်း အားလုံး အသောဘဏထဲမှာ ပါတာပဲ။ ဒီ ဟသိတုပ္ပါဒ်စိတ်ကလေး တင် မဟုတ်ဘူး။ ဒါကြောင့်မို့ဆိုတာ၊ 'မတင့်တယ်တဲ့စိတ်' ဆိုတဲ့ အဓိပ္ပါယ်နဲ့ ပြောတာ မဟုတ်ပါဘူး။

**ဦးနေဝင်း** ။ ။ နောက်တစ်ခု တပည့်တော်ဖြည့်ပြီး လျှောက်ထားချင်တာ ရှိပါတယ်ဘုရား၊ အဲဒါကတော့ တပည့်တော်တို့ ပုထုဇဉ် ပုဂ္ဂိုလ်တွေဟာ အာဟာရသုံးဆောင်ကြတယ်ဆိုရင် ချဉ်တယ်၊ ချိုတယ်၊ အရသာရှိတယ် အရသာမရှိဘူး တပည့်တော်တို့သိပါတယ်။ သိပြီးတော့ စားကြပါတယ်။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ဆိုက်ပြီး ပုဂ္ဂိုလ်တွေကျတော့ ဒီချဉ်တယ်၊ ချိုတယ်၊ အရသာရှိတယ်၊ အရသာမရှိဘူးဆိုတာ သိပါသေးသလား၊ လုံးဝ မသိဘဲ စားနေပါသလား။?

**ဆရာတော်** ။ ။ သိပါတယ်။ သိပြီးတော့ ထိုအာရုံအပေါ်မှာ တပ်မက်တဲ့ လောဘမရှိတော့ပါဘူး၊ appreciate (အရသာခံစားမှု သိမှု)တော့ လုပ်တာပေါ့၊ ကောင်းရင် ကောင်းတယ်ဆိုတဲ့ appreciate ရှိပါတယ်။

**ဦးနေဝင်း** ။ ။ တင်ပါ့၊ တပည့်တော်လည်း အဲဒီလိုပဲ ယူဆပါတယ်။ဒါပေမဲ့ တချို့က ပြောနေတာ၊ ဘုရား ရဟန္တာဆိုရင် ဒါတွေ ကောင်းတာ မကောင်းတာ မသိတော့ဘူးဆိုတဲ့ သဘောမျိုး ပြောနေတာတွေလည်း ရှိနေလို့ အဲဒါလျှောက်ရတာပါ ဘုရား။

**ဆရာတော်** ။ ။ သိတယ်. . . . သိပါတယ်။ ဘုရား၊ ရဟန္တာတွေကျတော့ မျက်စိနဲ့မြင်ရင် လှတယ် မလှဘူး၊ ကောင်းတယ် မကောင်း ဘူးဆိုတဲ့ appreciate အကုန်ရှိတယ်။ နားကလည်း ရှိတယ်။ ဒကာကြီး ဦးနေဝင်း **သက္ကပဥှသုတ်**ကို ကြည့် လိုက်ပေါ့၊ သက္ကပဥှသုတ်မှာ ပဥ္စသိခနတ်သားက မြတ်စွာ ဘုရား အနီးအပါးမှာ စောင်းသွားတီးတယ်။ မြတ်စွာ ဘုရားက မင်းသီချင်းသံနဲ့ စောင်းသံက တော်တော် လိုက်ဖက်တာပဲလို့ မိန့်တဲ့စကားလေး ရှိတယ်။

**ဦးနေဝင်း** ။ ။ တင်ပါ့။

**ဆရာတော်** ။ ။ ဒါ မြတ်စွာဘုရားက ကောင်းတယ်၊ မကောင်းဘူးဆိုတာ appreciate လုပ်တာပဲလေ။

**ဦးနေဝင်း** ။ ။ တင်ပါ့။

**ဆရာတော်** ။ ။ သို့သော် မင်းစောင်းသံလေး ထပ်တီးစမ်းပါဦး၊ ငါနားထောင် ချင်လိုက်တာ ဆိုတာမျိုးတော့ မရှိဘူး။

**ဦးနေဝင်း** ။ ။ တင်ပါ့။

**ဆရာတော်** ။ ။ အဲဒီ စောင်းသံလေးအပေါ်မှာ တပ်မက်နေတဲ့စိတ်တော့ မရှိဘူး။ သာယာတာကို သာယာတယ်လို့ လက်ခံတယ်၊ သိတယ်။ ဒီလိုတော့ ရှိတယ်။

**ဦးနေဝင်း** ။ ။ တင်ပ့ါ။ ရှင်းပါပြီ ဘုရား၊ သက်သတ်လွတ်စားခြင်းနဲ့ ဗုဒ္ဓဘာသာအမြင်ကို မိန့်ကြားပေးတော်မူပါဘုရား။

**ဆရာတော်** ။ အသားနဲ့ ပတ်သက်လာလို့ရှိရင် မြတ်စွာဘုရားဟာ ဝိနည်းမှာ အတိအလင်း ဟောထားတာ ရှိပါတယ်။ မိမိအတွက် ရည်စူးပြီးတော့ တမင်ပေါ်ထားတဲ့ အသား ဆိုတာ ကိုယ်တိုင်မြင်တယ်၊ ကိုယ်တိုင်လည်း သတင်း ကြားထားတယ်၊ ငါ့အတွက် သက်သက် လုပ်ထားတာနေ မှာပဲလို့ သံသယရှိတယ်ဆိုရင် အဲဒီအသားမျိုးကို မစား ထိုက်ဘူး။ ကိုယ့်ကို အကြောင်းပြုပြီးတော့ တဖက်သား သတ္တဝါ အသက်ဆုံးရှုံးရတာ ဖြစ်သည့်အတွက်ကြောင့် မြတ်စွာဘုရားရှင်က အဲဒါမျိုးကိုတော့ လက်မခံဘူး၊ မစား သင့်ဘူးလို့ တားမြစ်တယ်၊ အဲဒီလို မဟုတ်ပဲနဲ့ အစွန်း သုံးပါးလွတ်တယ်ဆိုရင် ကိုယ့်အတွက်သတ်တယ်လို့ ကိုယ်ကိုယ်တိုင်လည်း မမြင်ဘူး၊ ကိုယ်ကိုယ်တိုင်လည်း ကြားတာ မရှိဘူး၊ သံသယဖြစ်စရာလည်း မရှိဘူး၊ အာဟာရ အနေနဲ့ လွတ်လွတ်ကင်းကင်း လှူတာမျိုးကျတော့ အစွန်း သုံးပါးလွတ်တယ်။ အဲဒါမျိုးကျတော့ မြတ်စွာဘုရားက မစားရဘူးလို့လည်း မပြောဘူး၊ စားလို့လည်း မတိုက်တွန်း ဘူး။ နောက် အသားကြီးဆယ်မျိုးနဲ့ ပတ်သက်လာလို့ရှိရင် သူ့အကြောင်းနဲ့သူ မြတ်စွာဘုရားက မစားဖို့. . . ဒါကလည်း သူ့ဆိုင်ရာဆိုင်ရာ အကြောင်းတွေ ရှိပါတယ်။ ဆင်သား၊ မြင်းသား ဘာလို့မစားရသလဲ? ဆိုရင် ဆင်၊ မြင်းဆိုတာ ရှေးခေတ်ဘုရင်တွေက အလွန် တန်ဖိုးထား

တဲ့ တိရစ္ဆာန်တွေ၊ စစ်ရေးစစ်ရာမှာ အသုံးချကြတာ၊ ဒီတော့ လူတွေက ခိုးပြီးသတ်ဖြတ် စားမယ်ဆိုရင် တချို့ ကိစ္စတွေက ရာဇဝတ်မှုဖြစ်တယ်။ ဖြစ်လာရင် အဲဒီအထဲမှာ ပါဝင်ပတ်သက်မှာစိုးလို့ မြတ်စွာဘုရားက ဆင်သား၊ မြင်းသားတော့ မစားတာ ကောင်းတယ်၊ ရာဇဝတ်မှုနဲ့နီးလို့ ရှောင်လိုက်ရင် ကောင်းမယ်လို့ ဒီလိုအကြောင်းကြောင့် မြတ်စွာဘုရားက တားမြစ်တာ။ နောက် ခြသေ့်သားတွေ၊ ကျားသားတွေ၊ အဲဒီလိုသားရဲ တိရစ္ဆာန်တွေရဲ့အသားကို စားပြီးရင် ရဟန်းတော်များဟာ များသောအားဖြင့် တောထဲမှာ နေကြတာဆိုတော့ ဒီတိရစ္ဆာန်တွေဟာ သူတို့ အသားမျိုး စားထားလို့ရှိရင် သူတို့က အနံ့ရတယ်၊ အနံ့ရတော့ အန္တရာယ်ပြုနိုင်တယ်။ လူသားဆိုရင်လည်း ဇာတ်တူသား ဖြစ်နေတယ်။ အဲဒီလို ဆိုင်ရာဆိုင်ရာ အကြောင်းတွေကြောင့် အသားကြီးဆယ်မျိုးကို မစားသင့်ဘူးလို့ မြတ်စွာဘုရားက ဝိနည်းမှာ ပညတ်ထားတယ်။ သက်သတ်လွတ်နဲ့ ပတ်သက်လာလို့ရှိရင်တော့ မြတ်စွာဘုရားကိုယ်တိုင် ဒုက္ကရစရိယာ ၆-နှစ်ကျင့်တဲ့အချိန်မှာ အဲဒီအခါက 'တပအကျင့်' တွေထဲမှာ သားငါးရှောင်တဲ့အကျင့် ပါတယ်။သက်သတ်လွတ်ပဲ စားရမယ်ဆိုတာ ပါတယ်။ တပ အကျင့်ထဲမှာ '**န မံသံ၊ န မစ္ဆံ**'အသားမှန်သမျှ ရှောင်ရမယ်။ မံသဆိုတာ ကုန်းသား၊ ကုန်းပေါ်နေသတ္တဝါအသား မှန်သမျှကို 'မံသ' လို့ခေါ်တယ်။ ရေထဲကအသား၊ ရေနေသတ္တဝါအသား မှန်သမျှကို 'မစ္ဆ'လို့ ခေါ်တယ်။ဒီနှစ်မျိုးလုံးကို ရှောင်တယ် ဆိုတာ ဒါသက်သတ်လွတ်စားဖို့ပဲ. . .။

မြတ်စွာဘုရားက **မဟာသီဟနာဒသုတ္တန်**မှာ တပအကျင့်တွေနဲ့ ပတ်သက်ပြီးတော့ တချို့သမဏ၊

ဗြာဟ္မဏတွေက **အာဟာရေနသုဒ္ဓိ** = အာဟာရနဲ့ ကိလေသာ စင်ကြယ်နိုင်တယ်လို့ သူတို့က ပြောကြတယ်တဲ့။ အာဟာရကို ခြိုးခြံသုံးစွဲတာ ခုန ဟိုဟာရှောင်ဒီဟာရှောင်တာတွေနဲ့ ကိလေသာ စင်ကြယ်နိုင်တယ်လို့ ယူဆတယ်တဲ့။ တကယ်ကတော့ သူ ဒါတွေ လက်တွေ့ ကျင့်သုံးကြည့်ပြီးပြီ၊ ကိလေသာ စင်ကြယ်တဲ့လမ်းနဲ့ တခြားစီပဲတဲ့။ အာဟာရ လျှော့စားလို့လည်း ကိလေသာမစင်ကြယ်ဘူး။ ဘယ်ဟာစား၊ ဘယ်ဟာမစားပဲနေလို့လည်း ကိလေသာ မစင်ကြယ်နိုင်ဘူး။ ကိလေသာ စင်ကြယ်တဲ့လမ်း. . . . ဒီအာဟာရနဲ့ ကိလေသာစင်ကြယ်အောင် မလုပ်နိုင်ဘူးတဲ့။

မြတ်စွာဘုရားက အကြောင်း၊အကျိုး ဆီလျော်တာ၊ တကယ့် လက်တွေ့ကျတဲ့အပိုင်းတွေကို လက်ခံကျင့်သုံးတာ ဖြစ်တယ်။ ဒီအသားစားမှု၊ မစားမှုနဲ့ ပတ်သက်ပြီး မြတ်စွာဘုရားက အသားစားသင့်တယ်လို့လည်း မဟောဘူး၊ မစားသင့်ဘူးလို့လည်း မဟောဘူး။ အာဟာရကို အာဟာရအနေနဲ့ပဲ ထားတယ်။ ထိုအာဟာရ အပေါ်မှာတော့ မတ္တညုတ-အတိုင်းအတာ သိရမယ်။ သို့မဟုတ် ရသတဏှာ မဖြစ်စေရဘူး၊ ဘယ်ဟာပဲစားစား ရသတဏှာ မဖြစ်စေရဘူး။ အဓိကက အာဟာရအပေါ်မှာ တပ်မက်တဲ့ တဏှာကိုသာ ပယ်ရမယ်၊ အာဟာရကို ပယ်ရမှာ မဟုတ်ဘူး။

အဲဒါကြောင့် မြတ်စွာဘုရားက သက်သတ်လွတ်စားဖို့လည်း မတိုက်တွန်းဘူး။ ဘာ့ကြောင့် ထင်ရှားတုံး?ဆိုရင် ရဟန်းတော်များ ကျင့်ရတဲ့ ဓုတင်ထဲမှာ တကယ်လို့ မြတ်စွာဘုရားက သက်သတ်လွတ် စားစေချင်လို့ရှိရင် 'သက်သတ်လွတ်ဓုတင်'ဆိုတာ ထည့်ခဲ့မှာပေါ့။ အခု ဓုတင်အကျင့် ၁၃ ပါးထဲမှာ ဒီသက်သတ်လွတ်ဓုတင် မပါဘူး။ မရှိသည့်

အတွက်ကြောင့် ဒီအာဟာရနဲ့ ကိလေသာစင်ကြယ်တယ် ဆိုတဲ့ လမ်းစဉ်ဟာ မြတ်စွာဘုရား မရွေးချယ်ဘူး။ ဒီဟာမျိုး က သဘာဝကျတယ်လို့ မြတ်စွာဘုရား လက်မခံဘူး။ တပ အကျင့်တွေထဲမှာ သက်သတ်လွတ်စားဖို့ဆိုတာ ဘုရား မပွင့်ခင်ကတည်းက အိန္ဒိယမှာ ခေတ်စားခဲ့တဲ့ အကျင့်တစ်ခု ပဲ။ ဒီအကျင့်ဟာ တန်ဖိုးရှိတဲ့ အကျင့်တစ်ခု၊ ကိုယ်ကျင့်တရား နဲ့ သက်ဆိုင်တဲ့ အကျင့်တစ်ခုဆိုရင် မြတ်စွာဘုရားက လက်ခံကျင့်သုံးမှာပါ။

မြတ်စွာဘုရား သုတ္တန်တစ်ခုမှာ ဟောထားတာ - **'ငါ လောကကြီးနဲ့ မငြင်းခုံဘူးတဲ့။ လောကကြီးကသာ ငါနဲ့ လာငြင်းခုံနေကြတာ'** တဲ့- ပညာရှိတွေက လောကမှာ ရှိတယ် ဆိုရင် ငါလည်း ရှိတယ်လို့ ပြောတာပဲ။ မရှိဘူးဆိုတာကို ငါလည်း မရှိဘူး ပြောတာပဲတဲ့။ သုတ္တန်တစ်ခုမှာ မြတ်စွာ ဘုရားဟောထားတာ ရှိပါတယ်။ အဲဒီတော့ မြတ်စွာဘုရား က ကောင်းတာဆိုလို့ရှိရင် သူလက်ခံတာပဲ။ မလိုအပ်တာ ဆိုရင်တော့ လက်မခံဘူး။ အဲဒီတော့ ဗုဒ္ဓဝါဒအရ သက်သတ်လွတ်က ဒီအသားလွတ် စားသည်ဖြစ်ပါစေ၊ သားလွတ် မစားသည်ဖြစ်စေ၊ အဓိကကတော့ ရသတဏှာ မဖြစ်ဖို့နဲ့ ထိုအစာအာဟာရစားခြင်းဟာ ဘာအတွက် စားတာတုံး ?၊ ပျော်ဖို့စားတာ မဟုတ်ဘူး။ မာန်ယစ်ဖို့ စားတာ မဟုတ်ဘူး။ အဓိက ခန္ဓာကိုယ်တောင့်တင်းလာ အောင်၊ ခန္ဓာကိုယ်တည်တံ့အောင် စားရတယ်။ ခန္ဓာကိုယ် တည်တံ့ပြီးတော့ မြတ်သောအကျင့်ကို ကျင့်နိုင်အောင် စားရ တယ်။ ဒါက အဓိကရည်ရွယ်ချက်တွေပဲ၊ ဒါ့ကြောင့်မို့ မြတ်စွာဘုရားက ဆွမ်းစားတဲ့အခါမှာ ဆင်ခြင်ရမယ်လို့ ဆိုထားတာလေ၊ **ဣမဿ ကာယဿ ဌိတိယာ** - ဤခန္ဓာကိုယ်

တည်တံ့ဖို့၊ **ဖြဟွစရိယ အနုဂ္ဂဟာ** - သာသနာတော်အကျင့်ကို ချီးမြှောက်နိုင်ဖို့ လုပ်နိုင်ဖို့ ဒီရည်ရွယ်ချက်တွေနဲ့ စားရမယ် ဆိုတာဟောထားတာ ဖြစ်တာကြောင့် သက်သတ်လွတ်ရယ် ဘာရယ် ဒီလိုမဟုတ်ဘူး။ ဘယ်အစားမျိုးကိုပဲဖြစ်ဖြစ် မစားမီ လူ့ရဲ့အသက်ရှင် တည်တံ့ရေးအတွက် အစာစားရ တယ်။ အစာမစားလို့ရှိရင် **သဗ္ဗေသတ္တာ အာဟာရ ဋ္ဌိတိကာ**-အာဟာရမပါရင် မတည်တံ့နိုင်ဘူး။ ဒါ့ကြောင့် အာဟာရ၏အဓိက ရည်ရွယ်ချက်သည် အသက်ရှင် ရပ်တည်နိုင်ရေးဟာ အဓိကပဲ။ ဒါ့ကြောင့်မို့ မြတ်စွာဘုရား ရဲ့ အစာအာဟာရနဲ့ ပတ်သက်တဲ့ အယူအဆဟာ အင်မတန် ရှင်းလင်းပါတယ်။

**ဦးနေဝင်း** ။ ။ တင်ပါ့။ အရှင်ဘုရား တပည့်တော်တို့ ဒကာ၊ ဒကာမများ အတွက်ရော ကမ္ဘာသူ ကမ္ဘာသားများအတွက်ရော အဆုံး အမတစ်ခု ပေးသနားတော်မူပါ ဘုရား။

**ဆရာတော်** ။ ။ ဘဝတစ်ခု ရလာတဲ့အခါမှာ နံပါတ်တစ်ကတော့ ကိုယ့်စိတ် စင်ကြယ်အောင် ထားဖို့ပါ။ စိတ်ဖြူစင်အောင်ထားဖို့ဟာ ဒါ လူတွေအတွက် အရေးကြီးတဲ့ အချက်။ နောက် တစ်ခုက လူတိုင်းလူတိုင်းဟာ မိမိတစ်ဦးတည်းနေတာ မဟုတ်တဲ့အတွက်ကြောင့် society (လူ့အဖွဲ့အစည်း)နဲ့ နေတာဖြစ်တဲ့အတွက်ကြောင့် အများကောင်းအောင် လုပ်ဖို့ ဒါက ဒုတိယအချက်။ အဲဒီတော့ ဘုန်းကြီးက ကိုယ့် အတွက်လည်း ဒါလေး လမ်းညွှန်လေးတစ်ခု လုပ်ထား ပါတယ်။ စိတ်ဖြူစင်အောင် ထားရမယ်။ အများကောင်း အောင် ကြိုးစားရမယ်။ Keep your mind pure you do for others. ဒီနှစ်ခုဟာ လုံလောက်တယ် ထင်ပါ တယ်။ ကိုယ်ကိုယ်တိုင် စိတ်ဖြူစင်အောင် ထားမယ်။

သူများကောင်းအောင် ကြိုးစားမယ်ဆိုရင် လောကမှာ ကိုယ့်အကျိုး၊ သူ့အကျိုးနှစ်မျိုးစလုံးကို ဆွမ်းဆောင်နိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်လို့ ဘဝမှာ ကျေနပ်စရာ ရနိုင်ပါလိမ့်မယ်။

**ဦးနေဝင်း ။ ။ သာဓု. . . သာဓု. . . သာဓု။**

**( BBC ဦးနေဝင်း - ဆရာတော်ဘုရားကြီးများနှင့် တွေ့ဆုံမေးမြန်းလျှောက်ထားခြင်း စာအုပ်မှ)**



## (The Voice ဂျာနယ်က ၂၀၁၄ ခုနှစ်တွင် ထူးခြားထင်ရှားပုဂ္ဂိုလ်များကို ရွေးချယ်ခြင်း)

## အရှင်နန္ဒမာလာဘိဝံသ

ဘာသာရေး၊ လူမျိုးရေးကိစ္စများနှင့် ဆက်နွယ်ပြီး အစွန်းရောက်သည့် ဟောကြားမှုများ၊ နိုင်ငံရေး၊ လူမှုရေးလှုံ့ဆော်မှုများ လွှမ်းမိုးထားသည့် တရားပွဲများ အထူးရေပန်းစားနေချိန် ယင်းကဲ့သို့ အကြောင်းအရာများကို ဟောကြားသည့် ပုဂ္ဂိုလ်များ လက်ခုပ်သံအထူးရရှိနေချိန်၌ နိုင်ငံသားများ အသိဉာဏ်မြင့်မားစေမည့် ဗုဒ္ဓ၏စစ်မှန်သော သင်ကြားမှုများ၊ တရားဓမ္မများကိုသာ အလေးအနက်ထားပို့ချ၊ ဟောကြားသူ မြန်မာနိုင်ငံရှိ ရဟန်းတော်များ အသိုင်းအဝိုင်းတွင်သာမက ပြည်တွင်း၊ ပြည်ပရှိ ဗုဒ္ဓဓမ္မ လေ့လာဆည်းပူးသူများပါ **“ပါမောက္ခချုပ်ဆရာတော်အဖြစ်”** လူသိများသူ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် **အရှင်ဒေါက်တာနန္ဒမာလာဘိဝံသ**ကို ၂၀၁၄ ခုနှစ်၏ ထူးခြား၊ ထင်ရှားသူ ပုဂ္ဂိုလ်တစ်ဦးအဖြစ် ရွေးချယ်လိုက်ပါသည်။

စာသင် စာချ အလွန်ကောင်းပြီး ပညာမာနထောင်လွှားမှုမရှိသော ပုဂ္ဂိုလ်အဖြစ်လည်း ကျော်ကြားသူ ဆရာတော်၏ ဟောကြားပို့ချမှုများကို

ကြည့်မည်ဆိုပါက လူသားတိုင်း(လူမျိုး၊ ဘာသာမရွေး) ဓမ္မစက္ခုခေါ် ဓမ္မအမြင် ရရှိရေးကိုသာ အမြဲတစေပင် ရှေးရှုခဲ့သည်ကို တွေ့ရပါသည်။ ဟောကြားသမျှ တရားပွဲတိုင်းတွင် လူအများစစ်မှန်သည့် ငြိမ်းချမ်းမှု ရရှိစေမည့် အကျင့် ကောင်း၊ အကျင့်မှန်များ ကျင့်ကြံနိုင်ရေးကိုသာ ပဓာနထား ထည့်သွင်းဟော ကြားလေ့ရှိသည်မှာလည်း ဆရာတော်၏ ထူးခြားသော အလေ့အထတစ်ခု ဖြစ်သည်။ ဥပမာ- စစ်မှန်သော ငြိမ်းချမ်းရေးသည် မိမိ၏ စိတ်သန္တာန်ထဲတွင် သာရှိပြီး ယင်းငြိမ်းချမ်းမှုရရှိစေရန် 'လေ့ကျင့်မှု' ပြုလုပ်မှသာ ရနိုင်မည်ဟူ သည့် သဘောကို ဆရာတော်၏ တရားတိုင်းလိုလို၌ တွေ့ရမည်ဖြစ် သည်။

ထေရဝါဒဗုဒ္ဓဘာသာဟူသည့် ထီးတစ်ခုတည်း၏ အရိပ်အောက်တွင် ရှိသော မြန်မာဗုဒ္ဓဘာသာ လူ့အဖွဲ့အစည်း၌ သံဃာဂိုဏ်းစွဲများ၊ မိမိမှီခိုရာ ဝိပဿနာကမ္မဋ္ဌာန်းရိပ်သာ အစွဲအလမ်းများဖြင့် ဟောပြောမှုများ များပြားနေ သည့် ခေတ်ကာလတွင် ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲမထားဘဲ ဟောပြောပို့ချလေ့ ရှိသည်မှာ ပါမောက္ခချုပ်ဆရာတော်ကြီး၏ ဝိသေသလက္ခဏာတစ်ရပ်ပင် ဖြစ်သည်။

ဥပမာ-ဝိပဿနာပိုင်းတွင် 'မိုးကုတ်က မှန်သည်၊ မဟာစည်က ပိုကောင်းသည်၊ သဲအင်းဂူနှင့် စွန်းလွန်းတို့က ပိုမှန်သည်'ဟူသော အစွဲအလမ်း များသူများ အထူးများပြားသည့် ဗုဒ္ဓဘာသာ လူ့အဖွဲ့အစည်းများတွင် ဂိုဏ်း ဂဏစွဲသဘောဖြင့် သင်ကြားပို့ချပေးလေ့မရှိဘဲ ယင်းဝိပဿနာရိပ်သာများ၏ ခေါင်းကိုင်ဖခင်ဆရာတော်ကြီးများ၏ သင်ကြားမှုများအားလုံးကို အလေး အနက်ထားဝေဖန်ဆန်းစစ်ပြီးမှ ပြန်လည်ရှင်းလင်းဟောကြားလေ့ရှိသူ လည်း ဖြစ်ပါသည်။

သက်တော် ၇၄ နှစ်ကျော်ပြီဖြစ်သော ပါမောက္ခချုပ်ဆရာတော်သည် ကျန်းမာရေးကောင်းမွန်မှုမရှိသည့်တိုင် မြန်မာဗုဒ္ဓဘာသာလူ့အဖွဲ့အစည်းတွင်း ဓမ္မအသိဖြင့် အကျိုးရှိရှိ နေထိုင်သူများ တိုးပွားများပြားလာရေးအတွက် မြန်မာနိုင်ငံတစ်နံတစ်လျားရှိ ဒေသအသီးသီး၊ မြို့အသီးသီးသို့ သွားရောက်ကာ လောကီလောကုတ္တရာနှစ်ဖြာသောအကျိုးကို ဆောင်စေမည့် တရားများ

ဟောပြောပို့ချခဲ့ရုံမျှမက သီတဂူ ဗုဒ္ဓတက္ကသိုလ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် အပြည်ပြည်ဆိုင်ရာ အဘိဓမ္မ မဟာသိပ္ပံ အစရှိသည့် ဗုဒ္ဓဘာသာဆိုင်ရာ အင်စတီကျူးရှင်းကြီးသုံးခုတွင် ပါမောက္ခချုပ်တာဝန်များကို ထမ်းဆောင်လျက်ရှိသူ ဖြစ်သည်။

၂၀၁၄ ခုနှစ်အတွင်းတွင် ယခင်နှစ်ကဲ့သို့ ဘာသာရေးပဋိပက္ခများ မဖြစ်ပွားစေရန် ဗုဒ္ဓ၏အစစ်အမှန် အဆုံးအမများကို အခြေခံကာ ငြိမ်းချမ်းရေး တရားများဟောကြားခြင်း၊ တပည့် သံဃာတော်များကိုလည်း ဗုဒ္ဓ၏ အဆုံးအမဖြင့် နေထိုင်ကြရန် ဆုံးမလမ်းညွှန်ခြင်း၊ မြန်မာနိုင်ငံတွင်ရှိနေသော ထေရဝါဒဂိုဏ်းများ၊ ဝိပဿနာ ကျင့်စဉ်နည်းနာများအပေါ် အစွဲအလမ်း စိတ်ဖြင့်လည်း မချဉ်းကပ်ကြစေရန် ဝါဒကျင့်စဉ်၊ နည်းနာများအားလုံးကို အလေးအနက်ထား ဝေဖန်ဆန်းစစ်ပြီးမှ ပြန်လည်ရှင်းလင်းဟောကြားခြင်း၊ တရားပွဲပေါင်းများစွာ မနေမနား လက်ခံဟောကြားပေးခြင်းတို့ကြောင့် ပါမောက္ခချုပ်ဆရာတော် အရှင်ဒေါက်တာနန္ဒမာလာဘိဝံသအား ၂၀၁၄ ခုနှစ်၏ ထူးခြား၊ ထင်ရှားပုဂ္ဂိုလ်အဖြစ် ရွေးချယ်ရခြင်းဖြစ်ပါသည်။

**(၅. ၁. ၂၀၁၅ နေ့ထုတ် The Voice ဂျာနယ်မှ ဖော်ပြပါသည်။)**



# စိန်ရတု ဝိဇ္ဇာတပူဇာ မွေစာစောင် ကုသိုလ်ရှင်များ

| | | |
|---|---|---|
| ၁ | ဦးကောဏ္ဍည၊ မစိုးရိမ်တိုက်သစ်၊ မန္တလေး | ၃၀၀,၀၀၀ |
| ၂ | ဦးထေရဝံသ၊ မဟာသန္တာအေးကျောင်းတိုက်၊ စစ်ကိုင်း | ၃၀၀,၀၀၀ |
| ၃ | ဦးစန္ဒာဝရ၊ ရတနာသိမ်ကျောင်း၊ ပဲကတိုး၊ စစ်ကိုင်း | ၃၀၀,၀၀၀ |
| ၄ | ဦးဉာဏောဘာသ၊ မင်းလှကျောင်း၊ စစ်ကိုင်း | ၂၀၀,၀၀၀ |
| ၅ | ဦးမာဃဝံသ၊ မော်လူး | ၁၀၀,၀၀၀ |
| ၆ | ဦးဣန္ဒက၊ မင်းလှရွာ၊ ကလေးမြို့ | ၁၀၀,၀၀၀ |
| ၇ | ဦးဓမ္မောသဓ၊ ဖမ္မုမင်္ဂလာကျောင်း | ၁၀၀,၀၀၀ |
| ၈ | ဦးပညာစက္က၊ ရွှေကျင်မွှာရုံ | ၁၀၀,၀၀၀ |
| ၉ | ဦးအရိယဉာဏ၊ ငွေခြသေ့ကျောင်း၊ ခင်မကန်တိုက် | ၁၀၀,၀၀၀ |
| ၁၀ | ဦးကေတုမာလာ၊ ရန်ကုန် | ၁၀၀,၀၀၀ |
| ၁၁ | ဦးသုမ၊ မစိုးရိမ်တိုက်သစ်၊ လှိုင်ကော် | ၅၀,၀၀၀ |
| ၁၂ | ဦးသေဋ္ဌိလ၊ လောခုန္တော်တန်းသာသနာပြု၊ ဖရွှေဆူမြို့ | ၅၀,၀၀၀ |
| ၁၃ | ဦးကဋ္ဌိဗလ၊ ပန်းတနော် | ၅၀,၀၀၀ |
| ၁၄ | ဦးဉာဏိန္ဒ၊ ကောလင်း | ၃၀,၀၀၀ |

# စာအုပ်အလှူရှင်များ

| | | |
|---|---|---|
| ၁ | ဦးနေဝင်းလှိုင် + ဒေါ်ခင်ထွေးရီ၊ သား - မောင်ထက်အောင်လှိုင်ဝင်း ဝင်းသီတဂူ မိသားစု၊ ရန်ကုန်မြို့ | ၂၀,၀၀၀,၀၀၀ |
| ၂ | ဦးရှိန်းသူအောင် + ဒေါက်တာပြည့်ပြည့်သိမ်း၊ သမီး-လင်းလပြည့်ရှိန်း (Red, Link) အင်တာနက်ဝန်ဆောင်ကုမ္ပဏီ၊ ရန်ကုန်မြို့ | ၁၃,၀၀၀,၀၀၀ |
| ၃ | ဦးအောင်နိုင်ဆွေ + ဒေါ်မြင့်မြင့်နွယ် မိသားစု၊ သီရိရွှေစင်ရွှေဆိုင်၊ မန်းမြို့ဈေး၊ မန္တလေးမြို့ | ၃,၀၀၀,၀၀၀ |
| ၄ | ဦးမြင့်သန်း + ဒေါ်ခင်မမ ပြည့်တော်အေး ရှမ်းဗမာပွဲရုံမိသားစု၊ စစ်ကိုင်းမြို့ | ၁,၀၀၀,၀၀၀ |
| ၅ | ဦးမောင်မောင် + ဒေါ်နန်းစံဖုန်း မိသားစု၊ ရွှေရဲရင့်ကုမ္ပဏီ၊ မုံရွာမြို့ | ၁,၀၀၀,၀၀၀ |
| ၆ | ကိုဆန်းထွန်းအောင် + မသန်းသန်းဦး၊ မောင် - ကိုကျော်မင်းသန်း "ပန်းကုံကော်စတိုး" ဘုရားကြီးရပ်၊ မုံရွာမြို့ | ၁,၀၀၀,၀၀၀ |
| ၇ | ဦးညွန့်လှိုင် + ဒေါ်ခင်ဆွေဝင်း၊ မြတ်သီဂီရွှေဆိုင် မိသားစု၊ စစ်ကိုင်းမြို့ | ၁,၀၀၀,၀၀၀ |
| ၈ | ဦးစန်း + ဒေါ်ခင်မေ ကမ္ဘာစိုးအထည်ဆိုင်၊ မုံရွာမြို့ | ၁,၀၀၀,၀၀၀ |
| ၉ | ပါမောက္ခဒေါက်တာဦးစိန်မြင့် + ဒေါ်အေးအေးသိန်း သား - ကိုစည်သူအောင်၊ သမီး - မမေသူမြင့် မိသားစု | ၁,၀၀၀,၀၀၀ |
| ၁၀ | သံသရာအဆက်ဆက်တွင် တော်စပ်ခဲ့ဖူးသော မိဘ ဘိုးဘွား ဆွေမျိုးများနှင့် ဦးတင်စိုးတို့အား ရည်စူး၍ ဒေါ်လှခင်နှင့် သား သမီး မြေးတစ်စု "ကိုကျော်သင်းဆေးဆိုင်" မင်္ဂလာဈေး၊ ရန်ကုန် | ၁,၀၀၀,၀၀၀ |
| ၁၁ | မင်္ဂလာဈေး "ဆေးရောင်းဝယ်ရေး" မိသားစုများနှင့် ခမ္ဘမိတ်ဆွေများ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ | ၁,၀၀၀,၀၀၀ |
| ၁၂ | ဦးလှရွှင်အား ရည်စူး၍ ဒေါ်ပွေးကျော်သူ မိသားစု၊ စစ်ကိုင်းမြို့ | ၅၀၀,၀၀၀ |

| | | |
|---|---|---|
| ၁၃ | ဦးဘစိန် + ဒေါ်တင်ဝေ မိသားစု ချယ်ရီတည်းခိုခန်း၊ မုံရွာမြို့ | ၅၀၀.၀၀၀ |
| ၁၄ | ဦးတင်အောင် + ဒေါ်တင်ရွှေ မိသားစု<br>ငြိမ်းချမ်းရေးပဲခွဲစက် မုံရွာမြို့ | ၅၀၀,၀၀၀ |
| ၁၅ | ဦးမျိုးမြင့် + ဒေါ်သိန်းသိန်း၊ သမီး - ဒေါ်ချိုချို၊ ဒေါ်စိုးစိုးမြင့်<br>ဝါးတန်းရပ်၊ မန္တလေးမြို့ | ၅၀၀,၀၀၀ |
| ၁၆ | ဒေါ်နှင်း မိသားစု၊ အောင်ရတနာ ပုဂံရောင်းဝယ်ရေး၊ မန္တလေးမြို့ | ၅၀၀.၀၀၀ |
| ၁၇ | ဦးလှလေး + ဒေါ်စန်းစန်းမြင့်<br>"ထက်မြတ်ကျော်" ကျောက်မျက်ရတနာ ရောင်းဝယ်ရေး | ၅၀၀,၀၀၀ |
| ၁၈ | ဦးမျိုးတင် + ဒေါ်တင်တင်အေး၊ ဇာမဏီသက်န်းတိုက် မိသားစု | ၅၀၀.၀၀၀ |
| ၁၉ | မိဘနှစ်ပါးအား ရည်စူး၍ ဒေါ်ခင်ခင်စု မဟာဗောဓိရုပ်သံလိုင်း | ၅၀၀.၀၀၀ |
| ၂၀ | ဒေါ်မြသန်း၊ ဒေါ်လှမြိုင်၊ ဒေါ်မြဝင်း၊ ဒေါ်ခင်စန်းဝင်းနှင့်<br>မောင် ညီမ တူ တူမ မြေးများ မင်္ဂလာဈေး၊ ရန်ကုန်။ | ၅၀၀,၀၀၀ |
| ၂၁ | ဒေါ်အေးအေးမြင့် (သုဓမ္မသိင်္ဂီ) မောင်နှမများ<br>အေးအေး၊ ကြူကြူ မိသားစု၊ မန္တလေး | ၅၀၀,၀၀၀ |
| ၂၂ | ဦးစစ်ထွန်း + ဒေါ်ချိုချိုဝင်း၊ သား သမီး မြေးတစ်စု၊  ရန်ကုန်။ | ၄၀၀.၀၀၀ |
| ၂၃ | ဦးစံထိုက် + ဒေါ်အေးအေးငြိမ်း စစ်ကိုင်းမြို့ | ၃၀၀.၀၀၀ |
| ၂၄ | ပါရမီရှင် ဆွမ်းကပ်အဖွဲ့ မန္တလေးမြို့ | ၃၀၀,၀၀၀ |
| ၂၅ | ဦးငွေးလွင် + ဒေါ်ငွေးငွေးမြင့်<br>"ငွေးမြင့်မော်" ကျောက်မျက်ရတနာရောင်းဝယ်ရေး | ၃၀၀.၀၀၀ |
| ၂၆ | ဦးတင်မောင်ကျော် + ဒေါ်ခင်စန်း မိသားစု<br>"အောင်ချမ်းသာပွဲရုံ" မုံရွာမြို့ | ၃၀၀,၀၀၀ |
| ၂၇ | ဦးတင်လှိုင် + ဒေါ်တင်မာကြည် မိသားစု<br>"ပန်းချယ်ရီအထည်ဆိုင်" မုံရွာမြို့ | ၃၀၀.၀၀၀ |
| ၂၈ | ဒေါ်ကြင်မြင့် "ဟောင်ကောင်စတိုး" မုံရွာမြို့ | ၃၀၀,၀၀၀ |

| | | |
|---|---|---|
| ၂၉ | ဦးထွန်းရှင် + ဒေါ်မမလေး မိသားစု၊ မုံရွာမြို့ | ၂၀၀,၀၀၀ |
| ၃၀ | ဦးရှိန်းမောင် + ဒေါ်တင်တင်ဝင်း၊ စစ်ကိုင်းမြို့ | ၁၀၀,၀၀၀ |
| ၃၁ | ကိုမြင့်ဝေ + မဇင်ဇင်မာ<br>"ပြည့်ဖြိုးအောင်" အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး၊ မုံရွာမြို့ | ၁၀၀,၀၀၀ |
| ၃၂ | မိုးဇာဈေး ဆွမ်းကပ်အဖွဲ့၊ စစ်ကိုင်းမြို့ | ၁၀၀,၀၀၀ |
| ၃၃ | ဦးကျော်ဝင်း + ဒေါ်ကြူကြူ<br>"ရွှေရတနာ"အထည်ရောင်းဝယ်ရေးမိသားစု | ၁၀၀,၀၀၀ |
| ၃၄ | ဦးလှဆောင် + ဒေါ်ထိုက်တင်ထွေး၊ သမီး - ဒေါ်သိန်းသိန်းမြင့်<br>Thor ဆေးရောင်းဝယ်ရေးကုမ္ပဏီ၊ တောင်ကြီးမြို့ | ၁၀၀,၀၀၀ |
| ၃၅ | မခင်ပြုံးကြည်၊ မခင်ပြုံးမေ၊ မဝင်းဝင်းမြိုင် မိသားစု၊ မန္တလေးမြို့ | ၁၀၀,၀၀၀ |
| ၃၆ | ဒေါက်တာထွန်းထွန်း +ဒေါ်သစ်သစ် မိသားစု၊ မုံရွာမြို့ | ၂၅,၀၀၀ |